ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၁၉၉၇ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

တရားရုံးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ဘိုက်စိုင်အမှတ် 34985
ရက်စွဲ
စာကြည့်တိုက်

# တရားစီရင်ထုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

## ၁၉၉၇ ခုနှစ်

တရားရုံးများလက်စွဲ အပိုဒ် ၉၇၂ အရ တင်ပြပြီးငှားရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

ပထမအကြိမ်
၁၉၉၉–ခုနှစ်၊ မေလ
အုပ်ရေ–၆၀၀၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

“တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်”

(ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်မောင်ရွှေ (ခ) မောင်ရှေပါ-၂[၁])

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ်တရားသူကြီးချုပ်နှင့် တရားသူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးအောင်တိုး B.A., B.L. | တရားသူကြီးချုပ် |
| ၂။ | ဦးကျော်ဝင်း B.A. | တရားသူကြီး |
| ၃။ | ဦးအောင်မြင့် B.A., R.L. | တရားသူကြီး |
| ၄။ | ဦးသန်းဖေ B.A., B.L. | တရားသူကြီး |
| ၅။ | ဦးတင်အုံး B.A., B.L. Advocate | တရားသူကြီး |
| ၆။ | ဦးတင်ထွတ်နိုင် B.A., B.L. | တရားသူကြီး |

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့

| | | |
|---|---|---|
| ၁။ | ဦးတင်အုံး B.A., B.L. Advocate<br>တရားသူကြီး၊ တရားရုံးချုပ် | ဥက္ကဋ္ဌ |
| ၂။ | ဦးဘသန်းအောင် B.A., B.L.<br>ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် | အဖွဲ့ဝင် |
| ၃။ | ဦးတင်အေး B.A., H.G.P., R.L.<br>ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန | အဖွဲ့ဝင် |
| ၄။ | ဦးစိုးညွှန့် B.A., R.L.<br>ညွှန်ကြားရေးမှူး၊ တရားမဌာန | အဖွဲ့ဝင် |
| ၅။ | ဦးသက်ထွန်း B.A., B.L.<br>ညွှန်ကြားရေးမှူး၊ စီမံဌာန | အတွင်းရေးမှူး |

# ၁၉၉၇ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

# စီရင်ထုံးပြုသောပြစ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| မောင်ကျော်မင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | | မောင်ကျော်မင်း | |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | | မောင်စိုး | |
| ဒေါ်ခင်ကြီးပါ-၅ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၁၁ |
| မစုစုလှိုင်ပါ-၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၆ |
| ဦးစိုင်းစိုင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၁ |
| ဒေါ်ညွန့်ရီ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၂၅ |
| မောင်ထွန်းမြတ်နိုင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၃၀ |
| ကိုထွန်းသန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၃၇ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | သန်းဦး | ၄၄ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | အောင်ထွန်း | ၅၁ |
| ဦးဘိုကြိုင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ | ၅၈ |
| မူအိလီ (ခ) မူယောဒီးပါ-၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၆၃ |
| ဦးမြင့်အေး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၇၀ |
| ဦးလှရွှေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၇၅ |
| မဝင်းဝင်းနိုင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၃ | ၈၁ |
| ဦးသန်းအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၈၅ |
| အိုက်မတ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၉၃ |

စာမျက်နှာ

## ပြစ်မှုဆိုင်ရာအမှုများ

**ဥပဒေများ–**

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- သက်သေခံဥပဒေ
- ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ
- ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေ
- ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ
- ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ
- ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ

**လိမ်လည်မှုကို ကျူးလွန်သဖြင့် အမှုဖွင့်တိုင်တန်းခဲ့ပြီးနောက်မှသာ တရားခံက သက်သေခံနွားကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများ၏ ညှိနှိုင်းပေးချက်ကို လက်ခံဆောင်ရွက်ခဲ့ခြင်းမှာ ကျူးလွန်ပြီးသောပြစ်မှုမှ ကင်းလွတ်ရနိုင်သောအချက်မဟုတ်**

**ဆုံးဖြတ်ချက်** ။　　။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခြေအနေတွင် ခိုးရာပါပစ္စည်းကို သဘောရိုးဖြင့် လဲလှယ်ထားသူမှာ ယင်းသို့ လဲလှယ်ခွင့် ရောင်းချခွင့်မရှိသူထံမှ လဲလှယ်ထားခြင်းဖြစ်၍ ပိုင်ဆိုင်ခွင့်ရနိုင်မည် မဟုတ်ချေ။ ဦးငယ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးဘိုးစော) အမှုကို ရည်ညွှန်းသည်။ လိမ်လည်ခြင်း ခံရသဖြင့် ရဲစခန်းတွင် သတင်းချက် ရေးဖွင့်ပြီး နောက်ပိုင်းကာလများတွင် ကျေးရွာလူကြီးများ၏ ညှိနှိုင်းပေးချက်အရ ကိုထွန်းသန်း လက်ခံခဲ့သောပစ္စည်းများနှင့် စပ်လျဉ်း၍မူ ကျေးရွာလူကြီးများ၏ စီမံခန့်ခွဲမှုအရဖြစ်စေ၊ ပစ္စည်းပြန်ရလိုကြောင်း လျှောက်ထားတောင်းဆို၍ဖြစ်စေ ရပိုင်ခွင့်ရှိသူက ပြန်လည်တောင်းဆိုရန်သာ ရှိပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသောပစ္စည်း ကို တစ်နည်းနည်းဖြင့် ရယူသူတွင် ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း သဘောရိုးနှင့် ဝယ်ယူ/ရယူခဲ့ခြင်း ထင်ရှားသည့်တိုင် ခိုးရာပါပစ္စည်းလက်ခံမှုနှင့် အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သော်လည်း ပစ္စည်းကို ပြန်ရနိုင်ခွင့်မရှိ။ စာမျက်နှာ

ကိုထွန်းသန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၃၇

**သေစေရန်အကြံဖြင့် တမင်ကားနှင့် တိုက်သတ်ခဲ့ခြင်း မဟုတ်ဘဲ ပေါ့လျော့စွာ နှင့် အရမ်းမောင်းနှင်မှုကြောင့် သေဆုံးထိခိုက်အကျိုးပျက်စီးစေခြင်း မှာ လူသတ်မှုသော်လည်းကောင်း၊ လူသတ်မှုမမြောက်သော လူသေမှု သော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုမဟုတ်**

**ဆုံးဖြတ်ချက်** ။ ။ အားပေးကူညီခြင်းနှင့်အားပေးကူညီသူ၏အဓိပ္ပာယ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂ တွင် ပြစ်မှုဆိုင်ရာဥပဒေတွင် ပါရှိသော "ပြုလုပ်မှု" ကို ရည်ညွှန်းသော စကားရပ်များတွင် ဥပဒေနှင့်မညီသော "ပျက်ကွက်မှု" များလည်း သက်ဆိုင်ပါဝင်ကြောင်း ပြဋ္ဌာန်းထားပြီး ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၀၇ ၏ တတိယအချက်တွင် "အားပေးကူညီခြင်း" ကို ပြုလုပ်မှုဖြင့်သာ လုပ်ဆောင်ကျူးလွန်နိုင်ခြင်းမဟုတ်ဘဲ ဥပဒေနှင့် မညီသော ပျက်ကွက်မှုဖြင့်လည်း လုပ်ဆောင်နိုင်ကြောင်း ပြဋ္ဌာန်းထား ပါသည်။ ထို့ပြင် "အားပေးကူညီသူ" ၏ အဓိပ္ပာယ်ကို ယင်းဥပဒေပုဒ်မ ၁၀၈ ၏ ရှင်းလင်းချက် ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "ရှင်းလင်းချက် ၁။ ပြုလုပ်မှုတစ်ခုကို ပြုလုပ်ရန် ဥပဒေနှင့်မညီ ပျက်ကွက်ခြင်းကို အားပေးကူညီလျှင် · အားပေးကူညီသူသည် မိမိကိုယ်တိုင် ပြုလုပ်မှုကို ပြုရန်တာဝန်မရှိသော်လည်း ပြစ်မှု ကျူးလွန်ရာ ရောက်နိုင်သည်။"

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဥပဒေတွင် တစ်ဦးတစ်ယောက်အား လုပ်ဆောင်ရန် အတိအလင်း တိုက်တွန်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ပျက်ကွက်ခြင်းမျိုးသာလျှင် ဥပဒေနှင့် မညီသော ပျက်ကွက်မှု ဖြစ် ပေသည်။ လူသတ်မှု၊ ယာဉ်တိုက်မှု၊ အပြင်းအထန် နာကျင်စေမှု၊ အကျိုးဖျက်ဆီးမှု ကျူးလွန်နေသူ တရားခံအား မကျူးလွန်ရန်အတွက် တားမြစ်ရမည်ဟူသော ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိသဖြင့် ယင်းသို့

တားမြစ်ရန် ပျက်ကွက်မှုသည် အားပေးကူညီသည်ဟု မည်သို့မျှ ကောက် စာမျက်နှ
ယူခြင်း ပြုနိုင်မည်မဟုတ်ပေ။

မှုအိလိ (ခ) မှုယောဒီးပါ-၃ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ၆၃

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄။ တရားခံက ၎င်း၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၈၄ နှင့် အကျုံးဝင်ပါသည်ဟု မဆိုစေကာမူ အမှု၌ ပေါ် ပေါက်သော အကြောင်းအရာများအရ စိတ်ပေါ့သွပ်နေကြောင်း အထင် အရှားတွေ့ရှိလျှင် ကင်းလွတ်ခွင့်ပြုရမည်သာဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၈၄ တွင် စိတ်ပေါ့သွပ်ခြင်း ကြောင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်း ကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည် ကိုလည်းကောင်း၊ မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ကင်းလွတ်ခွင့်ပြုထားသည်။ ထိုသို့စိတ်ပေါ့သွပ်စဉ် ပြုလုပ်သဖြင့် ပြစ်မှု မမြောက်ကြောင်း ထင်ရှားပြသရန်တာဝန်မှာ တရားခံအပေါ် တည်ရှိသည်။ ထိုသို့ပင် သက်သေခံအက်ဥပဒေပုဒ်မ-၁၀၅ ၌ ပြဋ္ဌာန်းထားသည်။ သို့ရာ တွင် တရားခံက ၎င်း၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၈၄ နှင့် အကျုံးဝင်ပါသည်ဟု မဆိုစေကာမူ အမှု၌ပေါ်ပေါက်သော အကြောင်း အရာများအရ စိတ်ပေါ့သွပ်နေကြောင်း အထင်အရှား တွေ့ရှိလျှင် ကင်းလွတ် ခွင့်ပြုရမည်သာ ဖြစ်သည်။

ဦးလှမြေ့ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၇၅

**ညဉ့်အချိန် သေသူကစတင်ပြီး ဓားရှည်နှင့် နှစ်ချက်ခုတ်၍ ဒဏ်ရာများ ရထားသူက ဓားမြှောင်နှင့်ပြန်ထိုးပြီး လုံးထွေးရာတွင် သေသူထံမှ ဓားရှည်ရရှိပြီးနောက် ဆက်ခုတ်ခြင်းကြောင့် သေဆုံးခဲ့ရမှုတွင် ကာကွယ် ခုခံပိုင်ခွင့် ရှိမရှိ၊ ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်ရာ ရောက်မရောက်။**

**ဆုံးဖြတ်ချက်** ။ ။ ညဉ့်အချိန်တွင် ဓားရှည်ကိုင်၍ စတင်ရန်ပြုလာသူ ဦးလှကျော်နှင့် မိမိအသက်အတွက် ဓားမြှောင်ဖြင့် ခုခံကာကွယ်ရသူ ကိုသန်းအောင်တို့ အပြန်အလှန် ထိုးခုတ်သတ်ပုတ်ကြသည့်ကိစ္စတွင်

လုံးထွေးကြရာမှ အခုတ်ခံထားရသူ ကိုသန်းအောင်၏ လက်ဝယ်သို့ ဓားရှည် ရောက်လာခြင်း၊ တစ်ဘက်လူ ဦးလှကျော်သို့ ခုတ်ခြင်းတို့မှာ တစ်ဆက်တည်း ဆက်တိုက်ဖြစ်ပွားခဲ့သောဖြစ်ရပ်တစ်ခုသာ ဖြစ်သည်။ ဦးလှကျော်က ဓားရှည်နှင့် (၂) ချက် ခုတ်၍ ကိုသန်းအောင်က ဓားမြှောင်နှင့် (၂) ချက် ပြန်ထိုးခြင်း အဖြစ်အပျက်ကတစ်ရပ်၊ လုံးထွေးကြရာ၌ ဦးလှကျော်၏ ဓားရှည် ကိုသန်းအောင်ထံ ရောက်လာပြီး ကိုသန်းအောင်က ဦးလှကျော်အား ဓားနှင့်ခုတ်သည့်အဖြစ်အပျက် သီးခြားကိစ္စတစ်ရပ် မဟုတ်ချေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဘေးအန္တရာယ်ဖြစ်လောက်အောင် စတင် ပြုလုပ်သူ လက်နက်မဲ့ဖြစ်နေသည့်အချိန်တွင် အပြင်းအထန် ဒဏ်ရာရစေပြီး သေဆုံးစေခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုမိုသုံးစွဲခဲ့ခြင်း သာဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ တွင် အကျုံးမဝင်သဖြင့် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်ဒဏ်စီရင်ရမည်ဖြစ်ကြောင်း **ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်** နှင့် **မောင်တင်ရွှေအမှု** တွင်လည်း ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။

ဦးသန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၈၅

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ ။ ။ အတူနေဆွေမျိုးများဖြစ်၍ ပြစ်မှု ကျူးလွန်သည်ဟု ယူဆရန် လုံလောက်သော မရိုးမဖြောင့်သည့်သဘော ပေါ်လွင်ရန် အလှမ်းကွာဝေးခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အတူနေဆွေမျိုးဖြစ်၍ ပြစ်မှုကျူးလွန်သည်ဟု ယူဆရန် လုံလောက်သော မရိုးမဖြောင့်သည့်သဘောပေါ်လွင်ဖို့ အလှမ်း ကွာဝေးသည်။ ထို့ကြောင့်လည်း ဤကဲ့သို့သော ပြစ်မှုမျိုးကို တစိမ်းတရံစာက ကျူးလွန်မှ ပြစ်မှုမြောက်နိုင်သည်ဟု ထုံးဖွဲ့ခဲ့ကြခြင်းကို လက်ခံရပေမည်။ တစိမ်းတရံစာ လူဆိုသည်မှာ အမွေခံမဟုတ်သူသာမက ပစ္စည်းနှင့်လုံးဝ မဆိုင်သူ၊ မပတ်သက်သူဟု ယူဆလျှင် ပို၍ ပြည့်စုံမည်။

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၃၆ ။ ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ–၄၃၆ အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည့် ဆိုင်ရာ၌ နောက်ထပ် ပိုမိုကောင်းမွန်သော သက်သေခံချက် တစ်စုံတစ်ရာ ရနိုင်သည့် အလားအလာ ရှိမရှိကို စစ်ဆေးပြီးသော သက်သေခံချက် များအပေါ် အခြေပြု၍သာ သုံးသပ်ညွှန်ကြားသင့်ကြောင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၃၆ အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည်ဆိုရာ၌ နောက်ထပ် ပိုမိုကောင်းမွန်သော သက်သေခံချက်တစ်စုံတစ်ရာရနိုင်သည့်အလားလာ ရှိမရှိကို စစ်ဆေးပြီးသော သက်သေခံအပေါ် အခြေပြု သုံးသပ်၍ ညွှန်ကြားသင့်သည်။

**ထပ်မံဆုံးဖြတ်ချက် ။** ။ စာချုပ်ပြုလုပ်စဉ်က ပါဝင်ကြသူများ ကိုယ်တိုင် ရုံးရှေ့၌ အစစ်ခံ ထွက်ဆိုထားကြရာ၊ ၎င်းတို့၏ ထွက်ချက်မှာ ယုံကြည်စိတ်ချရခြင်းမရှိဟု ယူဆရန် အကြောင်းမပေါ်ပေါက်လျှင် ၎င်းတို့၏ ထွက်ချက်ကို အလေးထားသင့်သည်။ စာချုပ်ပါ ဒေါ်ကြွေ၏လက်မှတ် ဟုတ် မဟုတ် အဓိကအငြင်းပွား၍ ဒေါ်ညွန့်ရီက ဒေါ်ကြွေ၏လက်မှတ် ကို အတုရေးသားခြင်း ဟုတ် မဟုတ် စိစစ်ရန်ရှိသောအခြေအနေတွင် ဦးသောင်းနှင့်ဒေါ်တင်ညွန့်တို့၏ မျက်မြင်ထွက်ဆိုချက်များမှာ တန်ဖိုးရှိ၍ အရေးပါသည်။ ၎င်းတို့၏ထွက်ဆိုချက်ကို လက်ရေးပါရဂူ၏ ထင်မြင်ချက် တစ်ခုတည်းဖြင့် မည်သို့မျှ ချေဖျက်ခြင်း ပြုနိုင်မည်မဟုတ်ပေ။

ဒေါ်ညွန့်ရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၂၅

**တပြိုင်တည်းကျခံခွင့်ရှိသော ထောင်ဒဏ်သည် မူရင်းချမှတ်သည့် ထောင်ဒဏ်များနှင့်သာ သက်ဆိုင်ခြင်း၊ တရားရုံးက တပ်ရိုက်သော ဒဏ်ငွေကိုမဆောင် ပျက်ကွက်သည့်အတွက် ကျခံရမည့်ထောင်ဒဏ် ကာလကို မူရင်းချမှတ်သည့်ထောင်ဒဏ်နှင့်ဖြစ်စေ၊ သီးခြားဖြစ်သော အမှုမှ ထောင်ဒဏ်နှင့်ဖြစ်စေ တပေါင်းတည်းကျခံစေခြင်း မပြုနိုင်။**

**ဆုံးဖြတ်ချက် ။** ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ ပြဋ္ဌာန်းချက်အရ ထောင်ဒဏ်ကျခံနေဆဲ တရားခံတစ်ဦးအပေါ် ထပ်မံ၍ ထောင်ဒဏ်စီရင်လျှင် ယခင်ထောင်ဒဏ်နှင့် ထပ်မံချမှတ်သော ထောင်ဒဏ် များကို တစ်ခုပြီးမှ တစ်ခုကျခံခွင့်ရှိကြောင်း၊ အတိအလင်းဆုံးဖြတ်ချက် မရှိလျှင် ပြစ်ဒဏ်များကို တစ်ခုပြီးမှ တစ်ခု ကျခံရမည်ဖြစ်ခြင်း။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဤအမှုတွင် တရားခံအပေါ် ယခင်ကျခံ စာမျက်နှာ ပြီး ထောင်ဒဏ်နှင့် ထပ်မံစီရင်သည့် ထောင်ဒဏ်တို့ကို တပြိုင် တည်းကျခံစေခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ အရသာဖြစ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ နှင့် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ တို့အရမဟုတ်ခြင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် သန်းဦး ၄၄

**စီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက် တစ်ကြိမ် စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၂၅၃ (၁) အရ စွဲချက်မတင်မီ လွှတ်ခြင်းခံရသူသည် ၎င်းပြစ်မှုနှင့် ထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးခြင်း ပြုနိုင်၊ မပြုနိုင်**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၁၃ ၏ အဓိပ္ပာယ်ရှင်းလင်းချက်တွင် တရားခံကို စွဲချက်မတင်မီ လွှတ်ထားခြင်းသည် ပုဒ်မ–၄၀၃ ပါ ကိစ္စများအလို့ငှာ အမှုမှ အပြီးပြတ်လွှတ်ခြင်း မဟုတ်ကြောင်း ရှင်းလင်းထားသည်။ တရားခံတစ်ယောက်ကို စွဲချက်မတင်မီ လွှတ်ခြင်းသည် ၎င်းအားအမှုမှ အပြီးအပြတ်လွှတ်ရာမရောက်ပေ။ ပထမအကြိမ် စစ်ဆေးစဉ်က စွဲချက်မတင်မီလွှတ်ခဲ့သော အမှုတစ်မှုတွင် ပထမအစွပ်စွဲခဲ့ရသည့်ပြစ်မှုနှင့်စပ်လျဉ်းပြီး တရားခံကို အသစ်တဖန် စစ်ဆေးခြင်း မပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၌ တားမြစ်ချက်မရှိပေ။ ထို့ကြောင့် စွဲချက်မတင်မီ လွှတ်မိန့်ချမှတ်ခဲ့သော တရားသူကြီးကဖြစ်စေ၊ အခြားအဆင့်တူ တရားသူကြီးကဖြစ်စေ၊ အသစ်ထပ်မံသော တိုက်ရိုက် လျှောက်လွှာကို လက်ခံနိုင်ခွင့်ရှိသည်။ အမှုကို အသစ်တဖန် ဆောင်ရွက်ခြင်းမပြုမီ ယခင်ချမှတ်ခဲ့သည့် စွဲချက်တင်မီလွှတ်သည့်အမိန့်ကို ပယ်ဖျက်ရန် လိုမည် မဟုတ်ပေ။ သို့ဖြစ်၍ မူလတရားရုံး၏အမှုအား ချေဖျက်ပေးရန် အကြောင်း ပေါ်ပေါက်ခြင်း မရှိပေ။

ဦးဘိုကြိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ ၅၈

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၄)၊ စွပ်စွဲခံရသူအပေါ် ပထမအမှုတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ**

**ဥပဒေပုဒ်မ–၁၅ နှင့် ပုဒ်မ ၁၉ (က) အရ စွဲဆိုတင်ပို့ပြီးနောက် တရားရုံးက တရားခံအပေါ် ယင်းဥပဒေပုဒ်မ–၁၅ အရသာ ပြစ်မှုထင်ရှား စီရင်ပြီးပါက ထိုတရားခံအပေါ် ပထမအမှုမှအမှုအဖြစ်အကြောင်း အရာဖြင့်ပင် ယင်းဥပဒေပုဒ်မ–၁၉ (က) အရအမှုသစ်ထပ်မံစွဲဆိုနိုင် ခြင်း ရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ပထမပြစ်မှုတစ်ရပ်အတွက် စစ်ဆေးစီရင်ခဲ့သည့် တရားရုံးနှင့် ထိုစစ်ဆေးစီရင်ခဲ့သည့် ပြစ်မှုကျူးလွန်ရာတွင် ဖြစ်မြောက်သည့် အခြားပြစ်မှုအတွက် နောက်ထပ်စွဲဆိုတင်ပို့သည့်တရားရုံးတို့သည် စီရင်ပိုင်ခွင့်အာဏာမတူညီဘဲ နောက်ထပ်စွဲဆိုသည့်အမှုကို ပထမစစ်ဆေး စီရင်ခဲ့သည့်တရားရုံးက စစ်ဆေးစီရင်ပိုင်ခွင့် မရှိမှသာလျှင် နောက်ထပ် စွဲဆိုသည့်အမှုကို ထိုတရားရုံးက စစ်ဆေးစီရင်နိုင်မည်ဖြစ်သည်။ နောက်ထပ် စွဲဆိုသည့်အမှုမှ အချက်အလက်များနှင့်စပ်လျဉ်း၍ ပထမအကြိမ် စစ်ဆေး စီရင်စဉ်ကပင်သိရှိခဲ့လျှင် ထိုပြစ်မှုအတွက် ဒုတိယအကြိမ် စစ်ဆေးစီရင် ခြင်း မပြုနိုင်တော့ပေ။

ကိုမြင့်အေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်　၇၀

**ပြစ်မှုပြင်ဆင်မှုနှင့်ပြစ်မှုအယူခံမှုတို့ကို တိုင်းတရားရုံးက တစ်ပြိုင်တည်း ကြားနာပြီးနောက်ပြင်ဆင်မှုကိုပလပ်ပြီး အယူခံမှုကို ခွင့်ပြုကာ တရားခံကို အမှုမှ အပြီးအပြတ်လွှတ်လျှင် နစ်နာသူ မူလတရားလိုက ပြင်ဆင်မှုကို တရားရုံးချုပ်သို့ ဆက်လက်တင်သွင်းခွင့်မရှိဘဲ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဥပဒေရုံး အဆင့်ဆင့်သို့ တင်ပြရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်) က လျှောက်ထားသူ မဝင်းဝင်းနိုင် တင်သွင်းသည့်ပြင်ဆင်မှုအမှတ် ၂၃၃/၉၆ နှင့် လျှောက်ထားခံရသူ ဒေါ်စိန်စိန်၊ ကိုခင်စိုးတို့ တင်သွင်းသည့်အယူခံမှု အမှတ် ၃/၉၇ တို့ကို ၁၄–၂–၉၇ နေ့တစ်နေ့တည်း အမိန့်ချမှတ်ရာ၌ ပြင်ဆင်မှုကို ပလပ်ပြီး အယူခံမှုကို ခွင့်ပြု၍ လျှောက်ထားခံရသူတို့ကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၅) တွင် "ဤဥပဒေအရ အယူခံဝင်ခွင့် ရှိပါလျက်

အယူမခံသည့်အချက်တွင် အယူခံဝင်နိုင်သူက ပြင်ဆင်မှုအဖြစ် တင်သွင်း စာမျက်နှာ လာသည့် မှုခင်းကိစ္စများ စဉ်းစားနိုင်ရန် လက်မခံရ” ဟု ပြဋ္ဌာန်းထားသည်။ မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်) က လျှောက်ထားခံရသူများကို အယူခံမှုတွင် အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပြီးဖြစ်၍ လျှောက်ထားသူမူလတရားလိုအနေဖြင့် ယင်းအမိန့်ကို မကျေနပ်ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဥပဒေရုံး အဆင့်ဆင့်သို့ တင်ပြရန်သာ ရှိပေမည်။

မဝင်းဝင်းနိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၃ ၈၁

**ဓာတုဗေဒဝန်၏ အစီရင်ခံစာသည် ဓာတုဗေဒဝန်ကိုယ်တိုင် တရားရုံးသို့ လာရောက်သက်သေမခံဘဲ၊ သက်သေခံဝင်သည်ဆိုသော်လည်း၊ ၎င်းကို သက်သေခံအဖြစ် တင်သွင်းရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ဓာတုဗေဒဝန်၏အစီရင်ခံစာသည် ဓာတုဗေဒဝန်ကိုယ်တိုင် တရားရုံးသို့ လာရောက်သက်သေမခံဘဲ သက်သေခံဝင်သည်ဆိုသော်လည်း ၎င်းကို သက်သေခံအဖြစ်သွင်း၍ သက်သေခံအဖြစ် သုံးရသည်။ သို့မှသာ တရားခံသည် ထိုဓာတုဗေဒဝန်၏အစီရင်ခံစာကို ထည့်သွင်းစဉ်းစားထိုက် မစဉ်းစားထိုက် မေးခွင့်ရနိုင်ပေသည်။ (၂၆ Cr-L Jour ၂၀၀) ဤအမှုတွင် ဓာတုဗေဒဝန်၏အစီရင်ခံစာကို သက်သေခံအဖြစ် တင်သွင်းထားခဲ့ခြင်းမရှိပေ။ မူလတရားရုံးတွင် ဓာတုဗေဒဝန်၏ အစီရင်ခံစာကို တရားလိုဘက်မှ သက်သေခံအဖြစ် တင်သွင်းထားခဲ့ခြင်းမရှိ၍ တရားလိုဘက်မှ အားနည်းချက်များကို အားဖြည့်ရန်အတွက် သော်လည်းကောင်း၊ ကွင်းဆက်ပြတ်နေသည်ကို ဆက်ပေးရန်အတွက် သော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၂၈ က ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲရန် သင့်မည်မဟုတ်ပေ။ မောင်ကံနှင့်နိုင်ငံတော် (၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ-၉၉) အမှုကို ကြည့်ပါ။ သို့ဖြစ်၍ ဤအမှုတွင် ဓာတုဗေဒဝန်၏အစီရင် ခံစာကို ထည့်သွင်းစဉ်းစားနိုင်တော့မည်မဟုတ်ပေ။

<u>မောင်ကျော်မင်း</u> <u>ပြည်ထောင်စုမြန်မာနိုင်ငံတော်</u> ၁
<u>ပြည်ထောင်စုမြန်မာနိုင်ငံတော်</u> နှင့် <u>မောင်ကျော်မင်း</u>
ပြည်ထောင်စုမြန်မာနိုင်ငံတော် မောင်စိုး

စာမျက်နှာ

**၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး ယာယီအက်ဥပဒေ ပုဒ်မ ၃(၁) အရ တားမြစ်ထားသောပစ္စည်းများသည် ပင်လယ်အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ ဖြင့် တားမြစ်ထားသောပစ္စည်းများအဖြစ် အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်** ။ ။ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉ တွင် ပင်လယ်အကောက်ခွန်အက်ဥပဒေမှ အချို့သောပုဒ်မများနှင့်လည်း သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မများကို ကုန်းလမ်းအကောက်ခွန် အက်ဥပဒေ နောက်ဆက်တွဲဇယား (၁) ၌ ဖော်ပြထားရာ ပင်လယ် အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-က ပါဝင်သည်ကို တွေ့ရသည်။ ၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃(၁) အရ တားဆီးကန့်သတ်ထားသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ အတွင်းသို့ သွင်းသည်ဖြစ်စေ၊ မြန်မာနိုင်ငံမှ ထုတ်ယူသည်ဖြစ်စေ၊ ပင်လယ် အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသောပစ္စည်းများ ပင် ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူရသည်။ ထို့ပြင် ပင်လယ်အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈၃ မှတစ်ပါး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ ) အက်ဥပဒေတွင် သက်ရောက်မှုရှိနိုင်သည်ဟု သတ်မှတ်ထားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃(၁) အရ တားမြစ်ထားသောပစ္စည်းများသည် ပင်လယ် အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ဖြင့် တားမြစ်ထားသောပစ္စည်းများအဖြစ် အဓိပ္ပာယ် ကောက်ယူရမည်ဖြစ်ကြောင်း ယင်း အက်ဥပဒေပုဒ်မ ၃(၂) တွင် ဖော်ပြထားသည်။ ထို့ကြောင့် ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-ကနှင့် အကျုံးဝင်သဖြင့် ယင်းပစ္စည်းများနှင့်အတူ ဖမ်းဆီးခံရသော တရားခံကသာလျှင် ပြည်တွင်းသို့ သွင်းယူခြင်း မပြုကြောင်း သက်သေ ထင်ရှားပြသရန် တာဝန်ထားရှိသည်။

ဦးစိုင်းစိုင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၁

**လူတစ်ဦးတစ်ယောက်အပေါ် စွပ်စွဲသော သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်သီးခြားရှိစေရမည်ဖြစ်ပြီး စွဲချက်အရပ်ရပ်ကိုလည်း ပုဒ်မ ၂၃၄၊**

**၂၃၅၊ ၂၃၆ နှင့် ၂၃၉ တို့တွင် ဖော်ပြထားသည့်အမှုများမှတစ်ပါး စာမျက်နှာ ခွဲခြား၍ စစ်ဆေးစီရင်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မိုင်းရှူးရဲစခန်းမှ(ပ) ၁၂၈/၉၅ တွင် အိုက်မတ်အပေါ် စွဲဆိုသည့်အမှုမှာ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ–၁၅၊ ၁၉ (က)၊ ၂၂ (ခ) တို့အရ စွဲဆိုခြင်းဖြစ်သည်။ ၎င်းအမှုမှာ အိုက်မတ်၏ လက်ဝယ်မှ မူးယစ်ဆေးဝါး တွေ့ရှိ၍ စွဲဆိုသောအမှုဖြစ်သည်။ ဤအမှုမှာ မိုင်းရှူးရဲစခန်း (ပ) ၁၄၆/၉၅ ဖြင့် အိုက်မတ်အပေါ် ရှမ်းပြည်နယ်လက်နက်အမိန့် ၁၂ (က) အရ ၎င်း၏နေအိမ်အတွင်းမှလက်ပစ်ဗုံးတွေ့၍ စွဲဆိုသည့်အမှုဖြစ်သည်။ သို့ဖြစ်၍ မိုင်းရှူးရဲစခန်း (ပ)၁၂၈/၉၅ နှင့် (ပ) ၁၄၆/၉၅ အမှုတို့မှာ သီးခြားပြစ်မှုများဖြစ်သည်။ သို့ဖြစ်၍ ဤအမှုစွဲဆိုချက်မှာ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ–၂၂ အရ စွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိပေ။



**"မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ခြင်းတို့ ပေါ်ပေါက်သည့်တိုင် ပြုလုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းအတွက် ပြစ်မှုတစ်ရပ်တည်းဖြင့် စီရင်ခြင်း မှန် မမှန်"**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂ (က) တွင် "ပြစ်မှု" (ACT) ဆိုသော စကားရပ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်သော "ပြုလုပ်မှု" (ACT) သို့မဟုတ် "ပျက်ကွက်မှု" (OMISSION) ကို ရည်ညွှန်းကြောင်း ပြဆိုထားပြီး သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်သီးခြားစီဖြင့် စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ နှင့် ၂၃၅ တို့တွင် ပြဋ္ဌာန်းထားသည်။ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများနှင့် သုံးစွဲသည့်ကိရိယာများ သိမ်းဆည်းရမိခြင်းမှာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆ (ခ) အရ ပြစ်မှုထင်ရှားစီရင်ရမည့် ပြုလုပ်မှုတစ်ခု (ONE ACT)ဖြစ်ပြီး ယင်းမူးယစ်ဆေးဝါးများကို သတ်မှတ်

ထားသော သက်ဆိုင်ရာ မှတ်ပုံတင်ဌာနတွင်မှတ်ပုံမတင်ဘဲ သုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဥပဒေပုဒ်မ ၁၄ (ဃ) ဖြင့် ပြစ်မှုထင်ရှားစီရင်ရမည့် သီးခြားဖြစ်သော ပျက်ကွက်မှု (SEPERATE OMISSION) သာ ဖြစ်သည်။ စာမျက်နှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးအောင်ထွန်း ၅၁

**၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ တည်ထောင်ထားသော မှုလမှုခင်းများကို စစ်ဆေးစီရင်သည့်ရုံး၏ အမိန့်စီရင်ချက်ကို မကျေနပ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အထက်အဆင့်ရုံးဖြစ်သည့် တရားရုံးသို့သာ အယူခံမှု၊ ပြင်ဆင်မှု တင်သွင်းရန် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကလေးသူငယ်တရားရုံး (ရန်ကုန်) သည် ပြည်နယ်၊ တိုင်းအဆင့်တရားရုံးမဟုတ်ဘဲ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ တည်ထောင်ထားသော မူလမှုခင်းများကိုသာ စစ်ဆေးစီရင်သည့်ရုံးဖြစ်သဖြင့် ၎င်းရုံး၏ အမိန့်စီရင်ချက်ကို မကျေနပ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အထက်အဆင့်ရုံးဖြစ်သည့် ရန်ကုန်တိုင်းတရားရုံးသို့သာ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရန် ရှိပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေတွင် ကလေးသူငယ်များ ကျူးလွန်သောမှုခင်းများကို စစ်ဆေးစီရင်နိုင်ရန် အလို့ငှာ ယင်းဥပဒေပုဒ်မ ၄၀ (ခ) အရ မြို့နယ်တရားရုံးများနှင့် ပုဒ်မ ၄၀ (က) အရ သီးခြားတည်ထောင်သော ကလေးသူငယ်တရားရုံးသို့သာလျှင် အပ်နှင်းထားပြီး အခြားမည်သည့်တရားရုံးကိုမျှ ကလေးသူငယ်မှုလမှုများ စစ်ဆေးစီရင်ရန်အာဏာအပ်နှင်းထားခြင်း မရှိချေ။ သို့အတွက် ပြည်နယ်၊ တိုင်းအဆင့် တရားရုံးများက လူသတ်မှုကျူးလွန်သော ကလေးသူငယ်အမှုများကို မိမိတို့တွင် စက်ရှင်အာဏာရှိကြသဖြင့် စီရင်ပိုင်ခွင့်ရှိသည်ဟု လွဲမှားစွာ ကောက်ယူ၍ စီရင်နေကြခြင်းမှာ ဥပဒေနှင့်မညီ မှားယွင်း၍ စီရင်နေကြခြင်းသာ ဖြစ်သည်။

မစုစုလှိုင်ပါ-၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၆

**ရဲအရာရှိ၏ စေခိုင်းချက်အရ ရှာဖွေပုံစံတွင် ပူးတွဲတရားခံနှင့်အတူ** စာမျက်နှာ
**ပေးအပ်သူအဖြစ် လက်မှတ်ရေးထိုးရုံမျှဖြင့် မူးယစ်ဆေးဝါးလက်ဝယ်**
**တွေ့ရှိမှုအတွက် ပြစ်မှုထင်ရှားစီရင်ရန် လုံလောက်မည်မဟုတ်။ ပေးအပ်**
**သည့်ပစ္စည်းနှင့် စပ်လျဉ်း၍ ထိုသူ၏လက်ဝယ်တွင် ထားရှိကြောင်း**
**(သို့မဟုတ်) ထိုသူ အစီအမံဖြင့် ထားရှိကြောင်း တင်ပြရန် လိုအပ်သည်။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ (ဃ) တွင် မူးယစ်ဆေးဝါးကို လူတစ်ဦးဦး၏ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်နှင့်ပစ္စည်းတစ်ခုခု၌ ထားခြင်းဖြစ်ကြောင်းနှင့် တစ်ဦးဦး၏ အစီအမံဖြင့် ထားရှိခြင်းနှင့် ထားရှိစေခြင်းတို့သည် လက်ဝယ်ထားခြင်းဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်အုံးရှေ့တွင်

**မောင်ကျော်မင်း**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်*** + ၁၉၉၇ ဇန်နဝါရီလ ၃၀ ရက်

**မောင်ကျော်မင်း**

**မောင်စိုး**

**ဓာတုဗေဒဝန်၏အစီရင်ခံစာသည် ဓာတုဗေဒဝန်ကိုယ်တိုင်တရားရုံးသို့ လာရောက်သက်သေမခံဘဲ၊ သက်သေခံဝင်သည်ဆိုသော်လည်း၊ ၎င်းကို သက်သေခံအဖြစ် တင်သွင်းရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ဓာတုဗေဒဝန်၏အစီရင်ခံစာသည် ဓာတုဗေဒဝန်ကိုယ်တိုင် တရားရုံးသို့ လာရောက်သက်သေမခံဘဲ သက်သေခံဝင်သည်ဆိုသော်လည်း ၎င်းကိုသက်သေခံအဖြစ်သွင်း၍ သက်သေခံအဖြစ် သုံးရသည်။ သို့မှသာ တရားခံသည် ထိုဓာတုဗေဒဝန်၏အစီရင်ခံစာကို ထည့်သွင်းစဉ်းစားထိုက်၊ မစဉ်းစားထိုက် မေးခွင့်ရနိုင်ပေသည်။ (၂၆ Cr-L-Jour ၂၀၀) ဤအမှုတွင် ဓာတုဗေဒဝန်၏အစီရင်ခံစာကို သက်သေခံအဖြစ် တင်သွင်းထားခြင်း မရှိပေ။ မူလတရားရုံးတွင် ဓာတုဗေဒဝန်၏ အစီရင်ခံစာကို တရားလိုဘက်မှ သက်သေခံအဖြစ် တင်သွင်းထားခဲ့ခြင်း မရှိ၍ တရားလိုဘက်မှ အားနည်းချက်ကို အားဖြည့်ရန်အတွက်သော်လည်းကောင်း၊ ကွင်းဆက်ပြတ်နေသည်ကို ဆက်ပေးရန်အတွက်သော်လည်းကောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ က ပေးအပ်ထားသည့်

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု / ပြင်ဆင်မှု အမှတ် ၈၃ / ၃ (က)၊ ၅(က)

\+ ၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈ တွင် ချမှတ်သော (၂၆-၂-၉၆) ရက်စွဲပါ စစ်ကိုင်းတိုင်း (ရွှေဘိုခရိုင်) တရားရုံး၏ အမိန့်ကိုအယူခံမှု / အမိန့်သည်ဥပဒေနှင့်ညီ မညီပြန်လည်စိစစ်ရန်

၁၉၉၇
မောင်ကျော်မင်း
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မောင်ကျော်မင်း
မောင်စိုး

လုပ်ပိုင်ခွင့်ကို သုံးစွဲရန် သင့်မည်မဟုတ်ပေ။ မောင်ကံနှင့်နိုင်ငံတော် (၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ-၉၉) အမှုကို ကြည့်ပါ။ သို့ဖြစ်၍ ဤအမှုတွင် ဓာတုဗေဒဝန်၏ အစီရင်ခံစာကို ထည့်သွင်းစဉ်းစားနိုင်တော့မည် မဟုတ်ပေ။

အယူခံတရားလိုများအတွက် - ၁။ ဒေါ်သန်းမြင့်၊ တရားရုံးချုပ်ရှေ့နေ
၂။ ဦးကျော်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၃။ ဦးကျော်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် - ၁။ ဦးကျော်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ကျော်မင်းမလာ
၃။ မောင်စိုးမလာ

စစ်ကိုင်းတိုင်းတရားရုံး (ရွှေဘိုခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈/၉၅တွင် တရားခံကျော်မင်းနှင့်မောင် စိုးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ တစ်သက်တစ်ကျွန်းဒဏ်အသီးသီးကျခံစေရန်နှင့် တရားခံကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အလုပ်နှင့်ထောင်ဒဏ် (၃) လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ (၁) တရားခံမောင်ကျော်မင်းက တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်-၈၃/၉၆ ဖြင့် အယူခံတင်သွင်းခဲ့သည်။ ၎င်းအယူခံမှုကို နှစ်ဖက်ကြားနာပြီးနောက် တရားခံကျော်မင်းနှင့်မောင်စိုးတို့၏ ဖြောင့်ချက်အရ ၎င်းတို့နှစ်ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုထင်ရှားစီရင်ရန် သင့်မသင့် စိစစ်နိုင်ရန် ပြင်ဆင်မှု (က) ဖွင့်ရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အရ (၁) တရားခံမောင်ကျော်မင်းနှင့် (၂) တရားခံမောင်စိုးတို့အပေါ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃ (က)/၉၆ နှင့် ၅ (က)/၉၆ တို့ကို ဖွင့်ခဲ့သည်။

၎င်းအယူခံမှုနှင့်ပြင်ဆင်မှု (၂) မှုတို့မှာ မူလပြစ်မှုဆိုင်ရာအမှုကြီးတစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် အဆိုပါအယူခံမှု၊ ပြင်ဆင်မှုများနှင့် အကျုံးဝင် သက်ဆိုင်စေရမည်။

အမှုမှာ ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာ၊ ကျေးရွာငြိမ်ဝပ်ပိပြားမှု

၁၉၉၇
မောင်ကျော်မင်း
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မောင်ကျော်မင်း
မောင်စိုး

တည်ဆောက်ရေးအဖွဲ့၊ အဖွဲ့ဝင်ဦးတင်ဝင်းက ရွှေရှင်ကျေးရွာမှ ဦးဘမောင်၊ ဒေါ်လှဝင်းတို့၏ သမီး မခင်ပြုံးရီ (ခ) မမဲရုံ အသက် (၁၈) နှစ်သည် ၁၅-၁၀-၉၅ ရက်နေ့တွင် ပျောက်ဆုံးသွား၍ ၎င်း၏အလောင်းကို ၁၇-၁၀-၉၅နေ့၊ နေ့လည် ၁ နာရီတွင် ရွာ၏မြောက်ဘက် ၄ ဖာလုံခန့်အကွာ ရွာသုသာန်၏ မြောက်ဘက်အနီးရှိ ချောက်ထဲတွင် အရှေ့မြောက်သို့ ခေါင်းပြုလျက် လည်ပင်းတွင် ဓားဒဏ်ရာဟု ထင်မှတ်ရသော ဒဏ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ အရေးယူဆောင်ရွက်ပေးပါရန် (သက်သေခံ-က-၁) ဖြင့် ကျွန်းလှရဲစခန်းတွင် တိုင်တန်းခဲ့သည့်အမှု ဖြစ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်-၈၃/၉၆ တွင် အယူခံတရားလို မောင်ကျော်မင်း၏ရှေ့နေက မူလရုံးတရားသူကြီးက အယူခံတရားလိုအား အပြစ်ပေးနိုင်ရန် အားထားခဲ့သော ဖြောင့်ချက်သည် မည်မျှခိုင်မာသည်ကို ဆန်းစစ်ရန်လိုကြောင်း၊ အယူခံတရားလိုနှင့် မောင်စိုးတို့ပေးခဲ့သော ဖြောင့်ချက်နှစ်ခုမှာ အကြောင်းအရာအားဖြင့်မတူညီဘဲ ကွဲပြားနေပါကြောင်း၊ အယူခံတရားလို ကျော်မင်းပေးခဲ့သော ဖြောင့်ချက်တွင် သေသူအား မုဒိမ်းပြုကျင့်ခဲ့ကြောင်း ပါဝင်ခြင်းမရှိဘဲ အတူတရားစွဲခံရသော မောင်စိုး၏ဖြောင့်ချက်တွင်မူ သေသူအား ကျော်မင်းရောမောင်စိုးပါ နှစ်ဦးလုံးက မုဒိမ်းပြုကျင့်သည်ဟု ပါဝင်ပါကြောင်း၊ အဓိကအချက်တွင် ဖြောင့်ချက်မှာ ကွဲလွဲနေပါကြောင်း၊ ထို့ပြင်အယူခံတရားလိုက ဖြောင့်ချက်မပေးမီ ဖြောင့်ချက်ယူသူတရားသူကြီးအား ခင်ပြုံးရီ သေရသောကိစ္စတွင် မသက်ဆိုင်သူများ မပါစေလို၍ ဖြောင့်ချက်ပေးပါသည်ဟု ပြောကြောင်း ဦးစိုးသိန်း (လိုပြ-၁၄) ၏ ထွက်ဆိုချက်ကို သုံးသပ်ခြင်းဖြင့် ၎င်း၏အစ်ကို ပူးတွဲတရားခံဖြစ်သူ ကျော်ဝင်းကို အမှုတွင် တရားခံအဖြစ် မပါစေရန် ဖြောင့်ချက်ပေးခြင်းဖြစ်ဟန်တူသည်ကို တွေ့ရှိရပါကြောင်း၊ တဖန် ဦးစိုးသိန်း (လိုပြ-၁၄) ထွက်ချက်အရ ကျော်မင်းဖြောင့်ချက်ပေးစဉ်က သေသူခင်ပြုံးရီ ဝတ်သောအဝတ်အစားနှင့် နားကပ်၊ လက်စွပ်၊ နာရီတို့ကို တင်ပို့ထားကြောင်း၊ ကျော်မင်းက နားကပ်နှင့်လက်စွပ်တို့ကိုသာ သေသူဝတ်ဆင်ခြင်း ဖြစ်သည်ဟု ပြောခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ အမှုတွင် သက်သေခံပစ္စည်း နားကပ်နှင့်လက်စွပ်တို့ကို ၂၈-၁၀-၉၅ နေ့ မောင်စိုးကို ဖမ်းဆီးပြီးချိန်တွင် သိမ်းဆည်းခဲ့ကြောင်း သက်သေခံ (ဈ) ရှာဖွေပုံစံအရ လည်းကောင်း အမှုစစ်ဦးမောင်မောင်ဝင်း ထွက်ချက်အရလည်းကောင်း

ပေါ်ပေါက်နေပါကြောင်း၊ သို့ဖြစ်၍ ဖြောင့်ချက်ပါ စကားရပ်များနှင့်အမှုတွဲပါ ပေါ်ပေါက်ချက်များ ကွဲလွဲနေကြောင်း၊ အယူခံတရားလို ကျော်မင်းပေးခဲ့သော ဖြောင့်ချက်မှာ အလိုအလျောက်ပေးသော ဖြောင့်ချက် မဟုတ်ဘဲ ဖြားယောင်း သွေးဆောင်ရယူခဲ့သည်ဟူ၍ ထင်မြင်ရန် ပေါ်ပေါက်နေပါကြောင်း၊ အယူခံ တရားလို ကျော်မင်းပေးသော ဖြောင့်ချက်သက်သေခံ (ဍ) မှာ သက်သေခံ ဥပဒေပုဒ်မ (၂၄) အရ သက်သေခံမဝင်သောကြောင့် ဖြောင့်ချက်ကို ဖယ် လိုက်လျှင် ကျော်မင်းအား အပြစ်ပေးရန် အထောက်အထား မရှိတော့ကြောင်း၊ သို့ဖြစ်ပါ၍ အယူခံတရားလိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ (၂) အရ တစ်သက်တစ်ကျွန်းဒဏ် အပြစ်ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပြီး တရားသေလွှတ်မိန့်ကို ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့်ဥပဒေအရာရှိက မျက်မြင်သက်သေမရှိသော်လည်း တရားခံကျော်မင်း၊ မောင်စိုးတို့၏ဖြောင့် ချက်၊ သိမ်းဆည်းရမိသည့်သက်သေခံပစ္စည်းနှင့်ပတ်ဝန်းကျင်သက်သေခံ ချက်များအရ တရားခံကျော်မင်းနှင့်မောင်စိုးတို့က ပူးပေါင်းပြီး မမဲရုံ (ခ) မခင်ပြုံးရီကို သတ်ခဲ့သည်မှာ ပေါ်ပေါက်ကြောင်း၊ တရားခံကျော်မင်းနှင့် မောင်စိုးတို့က ရဲကရိုက်နှက်၍ ဖြောင့်ချက်ပေးရကြောင်း အဆိုပြုပြီး ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း ဖြောင့်ချက်ယူသောတရား သူကြီး ဦးစိုးသိန်း (လိုပြ-၁၄) က တရားခံနှစ်ဦးသည် ၎င်းတို့သဘော ဆန္ဒအရ ဖြောင့်ချက်ပေးကြောင်း တွေ့ရ၍ ဖြောင့်ချက်ကို ဥပဒေနှင့်အညီ ရယူထားခြင်းဖြစ်သည်ဟု ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် ရဲက ရိုက်နှက်၍ ဖြောင့်ချက်ပေးရခြင်းမဟုတ်သည်မှာ ပေါ်ပေါက်ကြောင်း အမှုတွင် တရားခံကျော်မင်း၏ ဖြောင့်ဆိုချက်အရ မမဲရုံ (ခ) မခင်ပြုံးရီ ကို မသတ်မီ ၎င်းဝတ်ဆင်ထားသော နားကပ်၊ လက်စွပ်၊ နာရီကို တရားခံမောင်စိုးက ဖြုတ်ယူခဲ့ကြောင်း၊ မောင်စိုးကနားကပ်နှင့်လက်စွပ်ကို ယူပြီး ၎င်းမှနာရီကိုယူကြောင်းဆိုသည့်အချက်၊ တရားခံမောင်စိုး၏ ဖြောင့် ချက်တွင် မမဲရုံ (ခ) မခင်ပြုံးရီအား မသတ်မီ ၎င်းတို့မှသားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်းဆိုသည့်အချက်နှင့် ဓာတုဗေဒဝန်ရုံး၏ ၂၅-၁-၉၆ ရက်စွဲပါ စာအမှတ်-၂၂/၀ထ/၉၆ စာအရ သက်သေခံပစ္စည်း (ခ) မဝတ်လုံချည်၊ (ဂ) ပုဆိုးနှင့် (ဓ) ချည်ချောလုံချည်ပေါ်တွင် သုတ်ရည်နှင့် သုတ်ပိုးတွေ့ရှိသည် ဆိုသည့်အချက်တို့ကို ပေါင်းစပ်သုံးသပ်ကြည့်လျှင် တရားခံများသည် ပစ္စည်းလုယူပြီး လူသတ်ခြင်း၊ မုဒိမ်းပြုကျင့်ပြီး လူသတ်ခြင်း ပြုခဲ့သည်ဟု

ကောက်ယူနိုင်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ– ၃၀၂ (၁) (ဂ) ကို ကျူးလွန်ရာရောက်ကြောင်း၊ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်း တရားရုံး (ရွှေဘိုခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်–၄၈/၉၅ တွင် ၂၆–၂–၉၆ ရက်နေ့က တရားခံကျော်မင်းနှင့် မောင်စိုးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၀၂ (၂) အရ ပြစ်မှုထင်ရှား စီရင်ပြီး တစ်သက် တစ်ကျွန်းဒဏ်အသီးသီးကျခံစေရန်အမိန့်ကို ပယ်ဖျက်ပြီး ၎င်းတို့နှစ်ဦးအပေါ် မူလစွဲချက်တင်ထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုထင်ရှားစီရင်ပြီး ထိုက်သင့်သည့်ပြစ်ဒဏ်ချမှတ် ပေးပါရန် လျှောက်လဲ တင်ပြသည်။

(၁) တရားခံကျော်မင်းက (သက်သေခံ–ဍ) ဖြင့် ဖြောင့်ချက်ပေးရာ တွင် မိမိညီအစ်ကိုဝမ်းကွဲ ကျော်လင်းက သေသူကို သမီးရည်းစားစာ ပေးရာ ၎င်းကယူပြီး အခြားယောကျ်ားများနှင့် မျက်နှာများကြောင်း၊ မိမိက မကျေနပ်၍ မောင်စိုးနှင့်တိုင်ပင်ကြောင်း၊ အချင်းဖြစ်နေ့ ညနေပိုင်း တွင် မိမိထယ်ထိုးနေစဉ် သေသူမမဲရုံသည် သချိုင်းကုန်းမြောက်ဖက်နား တွင် နွားလာချည်သည်ကို တွေ့ရကြောင်း၊ မိမိက မောင်စိုးကိုလှမ်းခေါ် ပြီး သေသူရှိရာသို့သွား၍ ၎င်း၏လည်ပင်းကို အသင့်ယူလာသောဓားချွန်ဖြင့် ထောက်ပြီး ချောက်ကမ်းပါးသို့ ခေါ်သွားကြောင်း၊ မောင်စိုးရောက်လာပြီး သေသူ၏နားကပ်၊ လက်စွပ်နှင့်နာရီတို့ကို ချွတ်ယူကြောင်း၊ မမဲရုံအား မိမိထောက်ထားသည့်ဓားကို မောင်စိုးက လက်ဖနောင့်နှင့်ရိုက်ထည့်လိုက် ကြောင်း၊ ဓားမှာသေသူလည်ပင်းအတွင်း ဝင်သွား၍ လဲကျသွားကြောင်း၊ မိမိကလန့်ပြီး သေသူကို ချောက်ထဲတွန်းချခဲ့ကြောင်း၊ မောင်စိုးက နားကပ် နှင့် လက်စွပ်ကိုယူပြီး မိမိအား နာရီကို ပေးကြောင်း၊ မိမိကနာရီကို အစ်ကိုဖြစ်သူ ကျော်မင်းအား ပေးလိုက်ရာ ၎င်းက သေသူအိမ်တောင်ဘက် သို့ လွှင့်ပစ်ခဲ့ကြောင်း ထွက်ဆိုသည်။

(၂) တရားခံမောင်စိုးက (သက်သေခံ–ပ) ဖြင့် ဖြောင့်ချက်ပေးရာတွင် သေသူကိုသတ်ရန် ကျော်မင်းကပြောကြောင်း၊ အချင်းဖြစ်နေ့က မိမိဝါးရုံပင် နားတွင် စောင့်နေစဉ် ကျော်မင်းက သေသူမမဲရုံအား ဓားဖြင့်ထောက်ပြီး ခေါ်လာကြောင်း၊ ကျော်မင်းကခြေထောက်နှင့်ကန်ပြီး ချောက်ထဲတွန်းချ ကြောင်း၊ ထို့နောက် ကျော်မင်းက သေသူကိုသားမယားအဖြစ် တစ်ကြိမ် ပြုကျင့်ကြောင်း၊ မိမိကလည်း တစ်ကြိမ်ပြုကျင့်ကြောင်း၊ မိမိပြုကျင့်စဉ် ကျော်မင်းက မမဲရုံအား ဓားနှင့် ထောက်ထားကြောင်း၊ မိမိပြုကျင့်သည်

မှာ ၅ မိနစ်ခန့်ကြာပြီး–ပြီးမြောက်သွားကြောင်း၊ မိမိကဓားအရင်းကို လက်ဖဝါးနှင့် ရိုက်လိုက်ကြောင်း မမဲရုံ မသေမည်စိုး၍ ကျော်မင်းက လည်ပင်းကို ဓားနှင့်လှီးကြောင်း၊ သေမသေသိရန် မိမိက မမဲရုံ၏ဝမ်းဗိုက်ကို နားဖြင့် ကပ်နားထောင်ရာ သွေးများဝေါဝေါနှင့် ထွက်သံကြားကြောင်း၊ ရုံးရှေ့သက်သေခံနားကွင်း–၂ ကွင်းကို တရားခံကျော်မင်းက ဖြုတ်ယူပြီး မိမိက ရုံးရှေ့သက်သေခံလက်စွပ်နှင့် နာရီကိုဖြုတ်ယူကြောင်း၊ နားကွင်းနှင့် လက်စွပ်ကို မိမိတို့အိမ်အနီးတွင်မြှုပ်နှံကြောင်း၊ နားကွင်းကို ကျော်မင်းက လည်းကောင်း၊ လက်စွပ်ကိုမိမိကလည်းကောင်း မြှုပ်နှံကြောင်းထွက်ဆိုသည်။

ဓာတုဗေဒဝန်၏အစီရင်ခံစာသည် ဓာတုဗေဒဝန်ကိုယ်တိုင် တရားရုံးသို့ လာရောက်သက်သေမခံဘဲ သက်သေခံဝင်သည်ဆိုသော်လည်း ၎င်းကို သက်သေခံအဖြစ်သွင်း၍ သက်သေခံအဖြစ် သုံးရမည်။ သို့မှသာ တရားခံသည် ဓာတုဗေဒဝန်၏ အစီရင်ခံစာကို ထည့်သွင်းစဉ်းစားထိုက်၊ မစဉ်းစားထိုက်ပေးခွင့်ရနိုင်ပေသည်။[၁] ဤအမှုတွင် ဓာတုဗေဒဝန်၏အစီရင်ခံစာကို သက်သေခံအဖြစ် သွင်းထားခြင်းမရှိပေ။ မူလတရားရုံးတွင် ဓာတုဗေဒဝန်၏ အစီရင်ခံစာကို တရားလိုဘက်မှ သက်သေခံအဖြစ် တင်သွင်းထားခဲ့ခြင်း မရှိ၍ တရားလိုဘက်မှ အားနည်းချက်ကို အားဖြည့်ရန်အတွက်သော် လည်းကောင်း၊ ကွင်းဆက်ပြတ်နေသည်ကို ဆက်ပေးရန်အတွက်သော် လည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၂၈ က ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲရန်သင့်မည်မဟုတ်ပေ။ **မောင်ကံ** နှင့် **နိုင်ငံတော်**[၂] အမှုကိုကြည့်ပါ။ သို့ဖြစ်၍ ဤအမှုတွင် ဓာတုဗေဒဝန်၏အစီရင်ခံစာကို ထည့်သွင်းစဉ်းစားနိုင်တော့မည်မဟုတ်ပေ။

(၂) တရားခံမောင်စိုးက ၎င်းနှင့်ကျော်မင်းတို့ သေသူမခင်ပြုံးရီ (ခ) မမဲရုံအား သတ်ပြီး ဖြုတ်ယူခဲ့သည်ဆိုသော ကျောက်စီနားကွင်း ၁–ရံ နှင့် ကျောက်နီလက်စွပ်–၁ ကွင်းတို့ကို နေအိမ်ခြံဝင်းအတွင်းရှိ ပိန်းနဲ့ပင်ခြေရင်း မြေကြီးတွင် တူး၍ မြှုပ်ထားကြောင်း ပြော၍ သက်သေများရှေ့တွင် တူးဖော်ပေးအပ်ခဲ့သည်။ ၎င်းပစ္စည်းများကို (သက်သေခံ–ဈ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ၎င်းပစ္စည်းများကို အခြားပစ္စည်းများနှင့် တန်းစီပြသရာတွင် သေသူ၏အစ်မ မလှသန်းရီ (လိုပြ–၄) က မှန်ကန်စွာ ခွဲ၍ ပြနိုင်ခဲ့သည်။ သေသူ၏နာရီကို အိမ်နီးချင်းကပ်နေသူ ဒေါ်ဒါးစိန်

၁။ 26 Cr. L. Jour 200.

၂။ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ–၉၉

၁၉၉၇
မောင်ကျော်မင်း
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မောင်ကျော်မင်း
မောင်စိုး

(လိုပြ-၆) ၏သား မျိုးဝင်း (လိုပြ-၈) က * ၎င်း၏အိမ်ရှေ့ခြစည်းရိုး တောင်ဘက်ဘေးက တွေ့ရှိခဲ့သည်။ ၎င်းနာရီကို မလှသန်းရီ (လိုပြ-၄) က ပြန်ယူသွားခဲ့သည်။ ဦးပွဲကျော် (လိုပြ-၁၀) ဦးတင်ဝင်း (လိုပြ-၁) ၏ ထွက်ချက်အရ သေသူ၏လည်ပင်း၌ ဓားဒဏ်ရာ-၂ ချက် တွေ့ရှိခဲ့ သည်ဟု ပေါ်ပေါက်သည်။ ဒေါက်တာလွင်လွင် (လိုပြ-၁၃) က အလောင်းကို စစ်ဆေးသောအခါ ပုပ်ပွနေပြီဖြစ်၍ မူလဒဏ်ရာများကို ကောင်းစွာမသတ်မှတ်နိုင်သည့်အခြေအနေတွင်ရှိကြောင်း၊ မုဒိမ်းပြုကျင့် ထားသည့်လက္ခဏာ တိကျစွာ ထင်မြင်ချက်မပေးနိုင်ကြောင်း၊ သေဆုံးရခြင်း အကြောင်းမှာ ရဲဆေးစာပထမစာမျက်နှာတွင် ဖော်ပြထားသောလည်ပင်း တွင် ၃ လက်မခန့် အကျယ်ဓားဖြင့် လှီးဖြတ်သည်ဟု ထင်ရသော ဒဏ်ရာနှင့် မေးအောက်တွင် ၁ လက်မခန့် အကျယ် ဓားဖြတ်ဒဏ်ရာဟု ထင်ရသောဒဏ်ရာကြောင့် သွေးထွက်လွန်၍ သေဆုံးရခြင်းဖြစ်နိုင်ကြောင်း ထွက်ဆိုထားသည်။

တရားခံကျော်မင်းက သေသူမမဲရုံပျောက်သည့်နေ့က မိမိသည် ဖခင်၏ ကုန်းတွင် ထယ်ထိုးနေကြောင်း၊ မိမိတို့ကုန်းအနီးတွင် ကိုစိုးဝင်းသည် ထယ်ထိုးနေကြောင်း မိမိတို့-၂ ဦး တစ်နေ့လုံး ထယ်ထိုးကြောင်း၊ ဖြောင့် ချက်ပေးရခြင်းမှာ ရဲကရိုက်၍ ၎င်းတို့သင်ပေးသည့်အတိုင်း ပြောခဲ့ရကြောင်း၊ နားကွင်းနှင့် လက်စွပ်ကို မိမိမအပ်ဘဲ မောင်စိုးက အပ်နှံခြင်းသာဖြစ် ကြောင်း ခုခံထွက်ဆိုသည်။ ကိုစိုးဝင်း (ခံပြ-၄) (အဖ-ဦးအောင်တောက်) က မိမိနှင့်ကျော်မင်းသည် မိမိတို့ကုန်းအသီးသီးတွင် ညနေပိုင်းအထိ ထယ်ထိုးကြောင်း၊ ညနေ ၄ နာရီခန့်တွင် မိမိပြန်ခဲ့ကြောင်း ထွက်ဆိုသည်။ ကိုစိုးဝင်း (ခံပြ-၅) (အဖ-ဦးမြသွင်) က သေသူ၏လက်စွပ်နှင့်နားကွင်းကို မောင်စိုးက ပိန္နဲပင်အောက်မှတူး၍ အပ်ကြောင်း၊ ထွက်ဆိုသည်။

တရားခံမောင်စိုးက အချင်းဖြစ်နေ့ ညနေ ၃ နာရီမှ ည ၈ နာရီအထိ ဦးငွေအောင်၏အိမ်တွင် ဗွီဒီယိုကြည့်နေကြောင်း ထွက်ဆိုသည်။ ဦးငွေ အောင် (ခံပြ-၅) က မမဲရုံသေဆုံးသောနေ့ကဟုထင်ကြောင်း၊ ၎င်းနေ့က မောင်စိုးသည် ညနေပိုင်း ထမင်းစားသောအချိန်တွင် လာလည်ပြီး နေဝင်ချိန် လောက်တွင် ပြန်သွားကြောင်း ထွက်ဆိုသည်။

ဒမြမှု၊ လူသတ်မှုစသောအမှုကြီးများနှင့်ပတ်သက်၍ အဖမ်းခံရသော တရားခံများသည် ညှဉ်းပမ်းကလူပြုမှုကြောင့်လည်းကောင်း၊ ဖြားယောင်း သွေးဆောင်မှုကြောင့်လည်းကောင်း၊ ဖြောင့်ချက်ပေးကြသည်ကို တွေ့ကြရ

၁၉၉၇
မောင်ကျော်မင်း
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မောင်ကျော်မင်း
မောင်စိုး

သဖြင့် တရားရုံးများက* ပြန်လည်ရုပ်သိမ်းသော ဖြောင့်ချက်သက်သက် အပေါ်၌ မူတည်၍ တရားခံအား အပြစ်ပေးနိုင်သော်လည်း ယေဘုယျအား ဖြင့် ဖြောင့်ချက်ကို အထောက်အကူပြုသည့်သက်သေခံရှိမှသာ အပြစ်ပေး ကြလေသည်။ **မောင်ပန်းဖုံနှင့်နိုင်ငံတော်**[၁] အမှုကိုကြည့်ပါ။ ဖြောင့်ချက်ကို တရားဝင်ထည့်သွင်းစဉ်းစားရာ၌ ယုံသင့်သည်တို့ကို ထုတ်နုတ်လက်ခံ၍ မယုံထိုက်သောအချက်တို့ကို ဖယ်ရှားရန်ဖြစ်သည်။ **မောင်ဘောပေါ-၃ နှင့် နိုင်ငံတော်**[၂] အမှုကိုကြည့်ပါ။

တရားခံမောင်ကျော်မင်းနှင့်မောင်စိုးတို့၏ ဖြောင့်ချက်တွင် အခြား လွတ်လပ်သော အထောက်အထားများ ရှိနေသည့်အချက်များမှာ (၂) တရားခံ မောင်စိုးက မခင်ပြုံးရီ (ခ) မမဲရုံထံမှ ဖြုတ်ယူခဲ့သည့်နားကွင်းနှင့် လက်စွပ်တို့ကို မြေတွင်မြှုပ်ထားရာမှ တူးဖော်ပေးအပ်ခဲ့ခြင်း၊ (၁) တရားခံ မောင်ကျော်မင်း ယူခဲ့၍ ၎င်းကမောင်ကျော်မင်းအား ပေးခဲ့ပြီး ကျော်မင်းက သေသူ၏အိမ်တောင်ဘက်သို့ လွှင့်ပစ်ခဲ့သည်ဆိုသော သေသူ၏နာရီကို ဒေါ်ဒါးစိန်၏အိမ်ရှေ့ခြံစည်းရိုးဘေးမှ တွေ့ရှိခြင်း၊ မခင်ပြုံးရီ (ခ) မမဲရုံ၏ လည်ပင်းတွင် ဓားဒဏ်ရာ ၂-ချက် တွေ့ရှိခြင်းတို့ဖြစ်သည်။ သို့ဖြစ်၍ တရားခံမောင်ကျော်မင်းနှင့်မောင်စိုးတို့၏ ပြုလုပ်မှုကြောင့် မခင်ပြုံးရီ (ခ) မမဲရုံ သေဆုံးရသည်မှာ ပေါ်ပေါက်သည်။

တရားခံမောင်စိုးက (သက်သေခံ-ဗ) ဖြင့် ဖြောင့်ချက်ပေးရာတွင် မိမိက သေသူ မမဲရုံ သေမသေ ၎င်း၏ဝမ်းဗိုက်ကို ဓားဖြင့် နားထောင်ရာ သွေးများတဝေါဝေါနှင့် ထွက်သံသာကြားကြောင်း၊ ရုံးရှေ့သက်သေခံ နားကွင်း- ၂ ကွင်းကို တရားခံကျော်မင်းက ဖြုတ်ယူပြီး မိမိကရုံးရှေ့၌ သက်သေခံလက်စွပ်နှင့်နာရီကို ဖြုတ်ယူကြောင်း ထွက်ဆိုသည်။ ၎င်းဖြောင့် ချက်အရ မမဲရုံသေပြီးမှ ၎င်း၏နားကွင်း၊ လက်စွပ်နှင့်နာရီတို့ကို တရားခံ တို့က ဖြုတ်ယူခဲ့သည်ဟု ပေါ်ပေါက်သည်။

တရားခံမောင်စိုးက ဖြောင့်ချက်ပေးရာတွင် ၎င်းနှင့်ကျော်မင်းတို့က မမဲရုံအား တစ်ကြိမ်စီ သားမယား ပြုကျင့်ခဲ့ကြကြောင်း ထွက်ဆိုခဲ့သည်။ သို့ရာတွင် တရားခံကျော်မင်း၏ဖြောင့်ချက်တွင် ၎င်းတို့ ၂ ဦးက မမဲရုံအား သားမယားပြုကျင့်ခဲ့ကြသည်ဟု ပါဝင်ခြင်း မရှိပေ။ မောင်စိုး အား ရဲအချုပ်တွင် ၆ ရက် ချုပ်ပြီးမှ တရားရုံးတွင် ၎င်း၏ဖြောင့်ချက်ကို

၁။ ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်ချုပ်) စာ-၁၅။
၂။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (အထူးရာဇဝတ်ရုံးအယူခံအဖွဲ့) စာ-၁၇။

၁၉၉၇
မောင်ကျော်မင်း
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မောင်ကျော်မင်း
မောင်စိုး

ယူခဲ့ခြင်းဖြစ်သည်။ ဖြောင့်ချက်မပေးလျှင် ရိုက်နှက်မည်ဟု ရဲကပြော၍ ဖြောင့်ချက်ပေးရကြောင်း မောင်စိုးက ထွက်ဆို၍ ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ ၎င်းအချက်နှင့်စပ်လျဉ်း၍လည်း ဒုရဲအုပ် ဦးမောင်မောင်ဝင်းစံ (လိုပြ-၁၁) အား စစ်ဆေးစဉ်က ပြန်လှန်မေးမြန်းခဲ့သည်။ တရားခံမောင်စိုး အဖမ်းခံရပြီး ၆ ရက်ကြာမှပေးသော ဖြောင့်ချက်ဖြစ်ခြင်း၊ ပြန်လည်ရုပ်သိမ်းထားသည့်ဖြောင့်ချက်ဖြစ်ခြင်း၊ ဒေါက်တာလွင်လွင် (လိုပြ-၁၃) ကလည်း မုဒိမ်းပြုကျင့်ထားသည့်လက္ခဏာ တိကျစွာ ထင်မြင်ချက်မပေးနိုင်ပါဟု ထွက်ဆိုထားခြင်းတို့ကြောင့် မောင်စိုး၏ဖြောင့်ချက်တွင် ၎င်းနှင့်ကျော်မင်းက မမဲရုံအား သားမယားပြုကျင့်ခဲ့ပါသည်ဆိုသည့်အချက်ကို ဖယ်ရှားရန်သာဖြစ်သည်။ ၎င်းအချက်ကို ဖယ်ရှားလိုက်ပါက ကျော်မင်းနှင့်မောင်စိုးတို့၏ ပြုလုပ်မှုကြောင့် မမဲရုံသေဆုံးခဲ့ရကြောင်း၊ မမဲရုံ သေဆုံးပြီးနောက် ကျော်မင်းနှင့်မောင်စိုးတို့က မမဲရုံဝတ်ဆင်ထားသည့်လက်စွပ်၊ နားကွင်း၊ နာရီတို့ကိုဖြုတ်ယူခဲ့ကြကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ မူလတရားရုံးက တရားခံကျော်မင်းနှင့်မောင်စိုးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်သည်မှာ မှားယွင်းသည်ဟု ဆိုသာမည်မဟုတ်ပေ။

မူလတရားရုံးက တရားခံကျော်မင်းနှင့်မောင်စိုးတို့၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၁) (ဂ) နှင့် ငြိစွန်းကြောင်း၊ တရားခံများမှာ အသက်-၂၀ ခန့်သာရှိသေး၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၂) အရ ပြစ်ဒဏ်လျှော့ပေါ့ပေးလျှင်သင့်မည်ဖြစ်ကြောင်း သုံးသပ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိပေ။ သို့ဖြစ်၍ မူလတရားရုံး၏စီရင်ချက်တွင် ပါရှိသည့် "သေသူပစ္စည်းကိုလုယူပြီး လူသတ်သည်ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၁) (ဂ) နှင့် ငြိစွန်းသည်။ တရားခံများမှာ အသက် (၂၀) ခန့်သာရှိသေး၍ပုဒ်မ-၃၀၂ (၂) အရ ပြစ်ဒဏ်လျှော့ပေါ့ပေးလျှင် သင့်မည်" ဆိုသည့်စကားရပ်များကို ပယ်ဖျက်လိုက်သည်။ စစ်ကိုင်းတိုင်းတရားရုံး (ရွှေဘိုခရိုင်) ဒုတိယတိုင်းတရားသူကြီးအား နောင်အလားတူဥပဒေနှင့် မညီသည့်မှားယွင်းမှုမျိုး မပေါ်ပေါက်စေရန် သတိပေးလိုက်သည်။

ထို့ကြောင့် စစ်ကိုင်းတိုင်းတရားရုံး (ရွှေဘိုခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၄၈/၉၅ တွင် တရားခံမောင်ကျော်မင်းနှင့်မောင်စိုးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၂) အရ တစ်သက်တစ်ကျွန်း ဒဏ်အသီးသီး

၁၉၉၇
မောင်ကျော်မင်း
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
မောင်ကျော်မင်း
မောင်စိုး

ကျခံစေရန် ချမှတ်သည့်အမိန့်ကို အတည်ပြု၍ မောင်ကျော်မင်းတင်သွင်းသည့်အယူခံမှုအမှတ်-၈၃/၉၆ ကို ပလပ်လိုက်သည်။ မောင်ကျော်မင်း၊ မောင်စိုးတို့နှင့် ပတ်သက်၍ ဖွင့်ထားသည့်ပြင်ဆင်မှုအမှတ်-၃ (က)/၉၆ နှင့် ၅ (က)/၉၆ တို့ကို ပိတ်သိမ်းလိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

### တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင့် ရှေ့တွင်

ဒေါ်ခင်ကြီးပါ (၅)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)*

+ ၁၉၉၇
ဖေဖော်ဝါရီလ
၁၀ ရက်

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ ။ ။ အတူနေ ဆွေမျိုးများဖြစ်၍ ပြစ်မှုကျူးလွန်သည်ဟု ယူဆရန်လုံလောက်သော မရိုးမဖြောင့်သည့်သဘော ပေါ်လွင်ရန် အလှမ်းကွာဝေးခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အတူနေ ဆွေမျိုးများဖြစ်၍ ပြစ်မှုကျူးလွန်သည်ဟု ယူဆရန် လုံလောက်သော မရိုးမဖြောင့်သည့်သဘောပေါ်လွင်ဖို့ အလှမ်းကွာဝေးသည်။ ထို့ကြောင့်လည်း ဤကဲ့သို့ ပြစ်မှုမျိုးကို တစိမ်းတရံစာက ကျူးလွန်မှုပြစ်မှုမြောက်နိုင်သည်ဟု ထုံးဖွဲ့ခဲ့ကြခြင်းကို လက်ခံရပေမည်။ တစိမ်းတရံစာလူဆိုသည်မှာ အမွေခံမဟုတ်သူသာမကပစ္စည်းနှင့် လုံးဝမဆိုင်သူ၊ မပတ်သက်သူဟု ယူဆလျှင် ပို၍ပြည့်စုံမည်။

| | | |
|---|---|---|
| လျှောက်ထားသူများအတွက် | – | ဦးမင်းသွင်၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | – | ၁။ ဦးရဲမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| | | ၂။ ဦးဉာဏ်မြင့်၊ တရားရုံးချုပ်ရှေ့နေ |

ဝက်လက်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှုအမှတ် ၄၀၆/၉၆ တွင် ဒေါ်မြသန်းက ဒေါ်ခင်ကြီးပါ (၅) ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူထားသဖြင့် ယင်းအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ်–၃၅။

\+ ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်–၄၀၆ တွင် ချမှတ်သော ဝက်လက်မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၉၇ ဒေါ်ခင်ကြီးပါ-၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂

ပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် ဒေါ်ခင်ကြီးပါ (၅) ဦးက လျှောက်ထားလာသောအမှုဖြစ်သည်။

အမှုမှာ ဝက်လက်မြို့နေ ဒေါ်မြသန်းက ကွယ်လွန်သူ ဦးထွန်းလွင် ကျန်ရစ်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအတွက် အနီးစပ်ဆုံးဆွေမျိုးအဖြစ် အစ်မအရင်းဖြစ်သူ ဒေါ်မြသန်းနှင့် ဒေါ်ရွှေစာင်တို့သာ ကျန်ရစ်ကြောင်း၊ ကွယ်လွန်သူ၏ အစ်ကိုအရင်းဖြစ်သူ ဦးထွန်းခင်၏ဇနီးဖြစ်သူ ဒေါ်ခင်ကြီးနှင့်မိသားစုသည် ဦးထွန်းလွင် မကွယ်လွန်မီက ဦးထွန်းလွင်၏ ခွင့်ပြုချက်အရ လာရောက်နေထိုင်ခဲ့ကြောင်း၊ ဦးထွန်းလွင်ကွယ်လွန်ချိန်တွင် ကျန်ရစ်သောပစ္စည်းများကိုအစ်မအရင်းဖြစ်သူတို့က အမှတ်(၂) နယ်မြေ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရှေ့တွင် ခေါ်ယူညှိနှိုင်းခဲ့ရာ ဦးထွန်းလွင်ပစ္စည်းများ ကျန်ရစ်ကြောင်း ဝန်ခံသော်လည်း ပေးအပ်ရန်ငြင်းဆိုကြောင်း၊ ကွယ်လွန်သူ ဦးထွန်းလွင်၏ ပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် ၎င်းတို့ပိုင်ပစ္စည်းအဖြစ် ပြောင်းလဲသည်ဆိုကာ ဒေါ်ခင်ကြီးနှင့်မိသားစုအားအရေးယူပေးရန် ဒေါ်မြသန်းကဦးတိုက်လျှောက်ထားရာ မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ အရေးယူထားသည်။

အမှုကိုချေဖျက်ပေးရန် လျှောက်ထားရာ၌ မူလရုံးတရားလို ဒေါ်မြသန်း လျှောက်ထားစွဲဆိုသောပစ္စည်းများမှာ ကွယ်လွန်သူဦးထွန်းလွင်၏ ပစ္စည်းမဟုတ်ဘဲ ၎င်းတို့ပိုင်ပစ္စည်းများသာဖြစ်ကြောင်း၊ သူ့ပိုင်ကိုယ်ပိုင် ငြင်းဆိုနေကြသည့်အခြေအနေမျိုးဖြစ်၍ တရားမရုံးကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ကွယ်လွန်သူ ဦးထွန်းလွင်၏ပစ္စည်းများ ဖြစ်ခဲ့ပါလျှင်လည်း ဦးထွန်းလွင်၏အစ်ကို၏ ဇနီးနှင့်သားသမီးများဖြစ်၍ သူတစ်စိမ်းများ မဟုတ်ဘဲ အမွေဆိုင်များဖြစ်သဖြင့် ပုဒ်မ ၄၀၄ နှင့် မသက်ဆိုင်ကြောင်း၊ လျှောက်ထားသူများသည် စွပ်စွဲခံရသောပစ္စည်းများကို နှစ်ပေါင်းများစွာကပင် အနှောက်အယှက်မရှိ လုပ်ကိုင်သုံးစွဲလာခဲ့ကြောင်း၊ ဒေါ်မြသန်းမှာ ကွယ်လွန်သူနှင့် မောင်နှမတော်စပ်သည်မှလွဲ၍ သက်ရှိထင်ရှားရှိစဉ် အဆက်အသွယ်မရှိ၊ သေဆုံးစဉ်ကလည်း မထောက်ပံ့၊ လျှောက်ထားသူများကပင် ဆေးကုသခြင်း၊ မီးသဂြိုဟ်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ကွယ်လွန်သူ ဦးထွန်းလွင်တွင် ပစ္စည်းများကျန်ခဲ့လျှင်လည်း ဒေါ်မြသန်း ရထိုက်ခွင့်ရှိသူမဟုတ်ကြောင်းဖြင့် ၎င်းတို့၏ရှေ့နေက လျှောက်လဲသည်။

လျှောက်ထားခံရသူ ဒေါ်မြသန်း၏ ရှေ့နေက ဤအမှုတွင် မူလရုံးတရားလိုလျှောက်ထားခံရသူ ဒေါ်မြသန်း၏ တိုင်လျှောက်ချက်အတိုင်း

မှန်ကန်လျှင် ပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ စိစစ်သင့်ပါကြောင်း၊ ကွယ်လွန်သူ ဦးထွန်းလွင်၏လက်ရှိဖြစ်သော ပစ္စည်းများမှာ အစ်မအရင်းဖြစ်သူ ဒေါ်မြသန်းနှင့်ဒေါ်ငွေတင်တို့ထံ ဥပဒေနှင့်အညီ မရောက်သေးကြောင်း၊ အမှတ် (၂) ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၌ ဦးထွန်းလွင်၏ ပစ္စည်းအချို့ကို ဝန်ခံခဲ့သော်လည်း ၁၅–၅–၈၆ ရက်စွဲဖြင့် ပြန်ကြားရာတွင် ၎င်းတို့ပိုင်ဖြစ်သည်ဟု ဖော်ပြသောကြောင့် မရိုးမဖြောင့်သောသဘောရှိကြောင်း၊ ၎င်းတို့၏ပစ္စည်းအဖြစ် ပြောင်းလဲကြောင်း ပေါ်ပေါက်၍ ဖြေရှင်းရန် တာဝန်ရှိကြောင်း လျှောက်လဲသည်။ ၁၉၉၇ ဒေါ်ခင်ကြီးပါ–၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း လျှောက်ထားသူများမှာ သူတစ်စိမ်းမဟုတ်ဘဲ ဆွေမျိုးများဖြစ်ပြီး ပစ္စည်းလက်ရှိဖြစ်ကြောင်း၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တွင် အမွေကိစ္စရှင်းလင်းပေးရန် တိုင်ကြားခဲ့ရာ ဝန်မခံ၍ တရားစွဲခြင်းဖြစ်ကြောင်း၊ သင့်တော်သည့်အမိန့်ချရန် တင်ပြသည်။

လျှောက်ထားသူ ဒေါ်ခင်ကြီး၏ခင်ပွန်း ဦးထွန်းခင်သည် လျှောက်ထားခံရသူ ဒေါ်မြသန်း၏အစ်ကိုဖြစ်၍ ဒေါ်ခင်ကြီးနှင့်ဒေါ်မြသန်းမှာ သမီးယောက်မတော်စပ်သည်။ ဦးထွန်းခင်ကွယ်လွန်ပြီးနောက် ဦးထွန်းခင်၏ ညီအရင်း ဦးထွန်းလွင်သည် ဒေါ်ခင်ကြီးတို့မိသားစုနှင့်အတူ နေထိုင်သည်။

ဦးထွန်းလွင်မှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သည်။ ဦးထွန်းလွင် ကွယ်လွန်သောအခါ သီးခြားအိမ်ထောင်ခွဲဖြစ်သော ဦးထွန်းလွင်၏အစ်မဖြစ်သူ ဒေါ်မြသန်းက ဦးထွန်းလွင်၏ပစ္စည်းများကို ၎င်းသာလျှင် အမွေဆက်ခံသူဖြစ်သည်ဟုဆိုသည်။ ဒေါ်ခင်ကြီးတို့က ဦးထွန်းလွင်၏ပစ္စည်းမကျန်ပါဟုငြင်းသည်။ ဦးထွန်းလွင် ကွယ်လွန်ချိန်တွင် ကျန်ရှိသောပစ္စည်းများကို ဦးတိုက်လျှောက်လွှာနှင့်ပူးတွဲတင်ပြထားရာ (၁၉) မျိုး ရှိသည်။ မြေ၊ အိမ်၊ ငါးပုံဆန်စက်နှစ်လုံးနှင့် ဆန်စက်အဆောက်အအုံစသည်တို့အပြင် အခြားပစ္စည်းများ ပါဝင်သည်။ မူလရုံးတွင် ဒေါ်မြသန်းအား တရားခံများ၏ရှေ့နေ ပြန်လှန်စစ်မေးဆဲဖြစ်သည်။

ဒေါ်မြသန်း၏ရုံးရှေ့အစစ်ခံချက်တွင် ကွယ်လွန်သူဦးထွန်းလွင် ကျန်ရစ်သော မိန်းမဝတ်ပစ္စည်းများမှာ ဒေါ်မြသန်း၏ပစ္စည်းဖြစ်ကြောင်း၊ နှစ်ဦးစပ်တူဆန်စက်တည်သော်လည်း မည်သည့်အမျိုးအစား၊ ငွေမည်မျှပေးရသည်ကို မသိကြောင်း၊ စက်တစ်လုံးမှာ ဦးထွန်းလွင်သေပြီးမှ ဝယ်ယူသည်မှာမှန်ကြောင်း၊ အချင်းဖြစ်မြေပေါ်တွင် ဦးထွန်းခင်၊ ဦးထွန်းလွင်၊ အခြား

၁၉၉၇ ဒေါ်ခင်ကြီးပါ–၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂

ညီအစ်ကိုမောင်နှမများနှင့် ဦးထွန်းခင်နှင့်ဒေါ်ခင်ကြီးတို့၏ သားသမီးနှစ်ဦး ကွယ်လွန်ခဲ့ကြောင်း၊ ဦးထွန်းလွင်နှင့်စပ်တူလုပ်ငန်းဖြစ်သော်လည်း စာရင်းရှင်းလင်းစရာမလို၍မရှင်းခဲ့ကြောင်း၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရှေ့တွင် ဦးထွန်းလွင်ပိုင်ပစ္စည်းဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးသည့်အကြောင်း မပါဆိုလျှင်မှန်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဒေါ်မြသန်းမှာ ယခုအခါ အသက် (၆၄) နှစ်ရှိပြီဖြစ်သည်။ အိမ်ထောင်မကျမီက ဦးထွန်းလွင်နှင့်အတူနေခဲ့သည်ဟုဆိုသည်။ မည်သည့်အချိန်ကာလက အိမ်ထောင်ကျကြောင်း မသိရချေ။ ဦးထွန်းလွင်သည် ဒေါ်ခင်ကြီးမိသားစုနှင့်အတူနေထိုင်ရင်း ကွယ်လွန်ခဲ့သည်။ ဦးထွန်းလွင် ကွယ်လွန်သောအခါ ပစ္စည်း (၁၉) မျိုး ကျန်ရစ်ခဲ့သည်ဟု စွပ်စွဲသော်လည်း ဒေါ်ခင်ကြီးတို့က ဝန်မခံခဲ့ပေ။ ဦးထွန်းလွင် ကျန်ရစ်သောပစ္စည်း ဟုတ်မဟုတ်မှာ ဤအမှုတွင် အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်ဟု ယူဆသည်။ သေဆုံးချိန်က သေသူလက်ဝယ်ရှိပစ္စည်းဖြစ်ကြောင်းနှင့် ယင်းပစ္စည်းကို ဥပဒေအရ လက်ဝယ်ထားထိုက်သူလက်သို့ မရောက်သေးကြောင်း သိလျက် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့မဟုတ် မိမိ၏ပစ္စည်းအဖြစ် ပြောင်းလဲလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ ပြစ်မှုမြောက်သည်။ ဒေါ်မြသန်း၏စွပ်စွဲချက်အရဆိုလျှင် သေသူဦးထွန်းလွင်၏ပစ္စည်းကို ၎င်းသာလျှင် အမွေဆက်ခံရရှိထိုက်သူဖြစ်ပါလျက် ဦးထွန်းလွင်နှင့်အတူနေ ဦးထွန်းလွင်၏မရီးဒေါ်ခင်ကြီးနှင့်သားသမီးများက အပိုင်စီးထားသည်ကို မကျေနပ်ကြောင်း ပေါ်လွင်လျက်ရှိသည်။ ဦးထွန်းလွင်သည် လူပျိုကြီးဖြစ်၍ ဒေါ်ခင်ကြီးတို့မိသားစုနှင့်အတူနေခဲ့သူဖြစ်သည်။ ဦးထွန်းလွင် သေခါနီးမှ ဦးထွန်းလွင်နှင့်မရမက ပူးကပ်ပြီး ဦးထွန်းလွင်၏ပစ္စည်းကို အပိုင်စီးသည်ဆိုလျှင် မရိုးမဖြောင့်သောသဘောရှိတန်ရာသည်ဟု ယူဆဖွယ်ရှိသည်။ ယခုအမှုတွင် ထိုသို့မဟုတ်။ ဒေါ်မြသန်းစွပ်စွဲသကဲ့သို့ အပိုင်စီးသည်ဆိုလျှင်လည်း မရိုးမဖြောင့်သောသဘောပါသည်ဟု ယူဆရန် ခဲယဉ်းမည်။ ဒေါ်ခင်ကြီးတို့က မိမိပိုင်ပစ္စည်းအဖြစ်ပြောင်းလဲလိုက်သည်ဟု စွပ်စွဲချက် တစ်စုံတစ်ရာလည်းမရှိ။ ဒေါ်ခင်ကြီးတို့နှင့်ဦးထွန်းလွင်မှာ အတူနေဆွေမျိုးများ ဖြစ်သည်။ ပူးတွဲလက်ရှိထားရာလည်းရောက်သည်။ သူပိုင်သည်ငါပိုင်သည်ဟုလည်း အငြင်းပွားလျက်ရှိသည်။ ထိုအခြေအနေမျိုးတွင် စာရင်းရှင်းလင်းရမည်ဖြစ်သည်။ အမွေပုံပစ္စည်းကို တရားနည်းလမ်းနှင့်အညီ စီမံခန့်ခွဲရမည်ဖြစ်သည်။ အတူနေ

ဆွေမျိုးများဖြစ်၍ ပြစ်မှုကျူးလွန်သည်ဟုယူဆရန် လုံလောက်သော မရိုးမဖြောင့်သည့်သဘောပေါ်လွင်ဖို့ အလှမ်းကွာဝေးသည်။ ထို့ကြောင့်လည်း ဤကဲ့သို့သော ပြစ်မှုမျိုးကို တစိမ်းတရံစာလူက ကျူးလွန်မှ ပြစ်မှုမြောက်နိုင်သည်ဟု ထုံးဖွဲ့ခဲ့ကြခြင်းကို လက်ခံရပေမည်။ တစိမ်းတရံစာလူဆိုသည်မှာ အမွေခံမဟုတ်သူသာမက ပစ္စည်းနှင့်လုံးဝမဆိုင်သူ မပတ်သက်သူဟု ယူဆလျှင် ပို၍ ပြည့်စုံမည်။

၁၉၉၇ ဒေါ်ခင်ကြီး:ပါ-၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ-၂

ယခုအမှုတွင် စွပ်စွဲသောပစ္စည်းများသည် ဒေါ်ခင်ကြီးသည် သေသူနှင့် ပူးတွဲလက်ရှိဖြစ်ဟန်ရှိသောပစ္စည်းဖြစ်၍ ဒေါ်ခင်ကြီးတို့မိသားစုမှာ တစိမ်းတရံစာလူများ မဟုတ်ကြချေ။

ထို့ကြောင့် လျှောက်ထားသူဒေါ်ခင်ကြီးတို့သားအမိတစ်တွေအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူစစ်ဆေးလျက်ရှိသောအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ပယ်ဖျက်ရမည်သာဖြစ်သည်။

ထို့ကြောင့် ဤအထွေထွေလျှောက်ထားမှုကို ခွင့်ပြု၍ ဝက်လက်မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၀၆/၉၆ တွင် လျှောက်ထားသူများအပေါ် အရေးယူစစ်ဆေးလျက်ရှိသောအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+ ၁၉၉၇
ဒီဇင်ဘာလ
၃၁ ရက်

မစုစုလှိုင်ပါ-၃
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

**၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ တည်ထောင်ထားသော မှုလမှုခင်းများကို စစ်ဆေးစီရင်သည့်ရုံး၏ အမိန့်စီရင်ချက်ကို မကျေနပ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အထက်အဆင့်ရုံးဖြစ်သည့်တိုင်းတရားရုံးသို့သာ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရန် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကလေးသူငယ်တရားရုံး (ရန်ကုန်) သည်ပြည်နယ်၊ တိုင်းအဆင့်တရားရုံးမဟုတ်ဘဲ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ တည်ထောင်ထားသော မှုလမှုခင်းများကိုသာ စစ်ဆေးစီရင်သည့်ရုံးဖြစ်သဖြင့် ၎င်းရုံး၏ အမိန့်စီရင်ချက်ကို မကျေနပ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အထက်အဆင့်ရုံးဖြစ်သည့်ရန်ကုန်တိုင်းတရားရုံးသို့သာ အယူခံမှု၊ ပြင်ဆင်မှု တင်သွင်းရန် ရှိပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ **ခုနှစ်**၊ ကလေးသူငယ်ဥပဒေတွင် ကလေးသူငယ်များ ကျူးလွန်သောမှုလမှုခင်းများကို စစ်ဆေးစီရင်နိုင်ရန် အလို့ငှာ ယင်းဥပဒေပုဒ်မ ၄၀ (ခ) အရ မြို့နယ်တရားရုံးများနှင့် ပုဒ်မ ၄၀ (က) အရ သီးခြားတည်ထောင်ထားသော ကလေးသူငယ်တရားရုံးသို့သာလျှင် အပ်နှင်းထားပြီး အခြားမည်သည့်တရားရုံးကိုမျှ ကလေးသူငယ်မှုလမှုများ စစ်ဆေးစီရင်ရန် အာဏာအပ်နှင်းထားခြင်း မရှိချေ။ သို့အတွက် ပြည်နယ်၊ တိုင်းအဆင့်တရားရုံးများက လူသတ်မှုကျူးလွန်သော ကလေး

* ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၁၃

\+ ၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄၉၂ တွင် ချမှတ်သော ၁၀-၅-၉၆ ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အထူးအယူခံမှု

၁၉၉၇
မစုစုလှိုင်
ပါ-၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

သူငယ်အမှုများကို မိမိတို့တွင် စက်ရှင်အာဏာရှိကြသဖြင့် စီရင်ပိုင်ခွင့်ရှိသည်ဟု လွဲမှားစွာ ကောက်ယူ၍ စီရင်နေကြခြင်းမှာ ဥပဒေနှင့်မညီမှားယွင်း၍ စီရင်နေကြခြင်းသာ ဖြစ်သည်။

အယူခံတရားလိုများအတွက် – ဦးတင်မင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် – ဦးစံသာကျော်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ကလေးသူငယ်တရားရုံး (ရန်ကုန်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၂၅၆/၉၅ တွင် မစုစုလှိုင်၊ မငြိမ်းငြိမ်းလှိုင်နှင့် မခင်စန္ဒာလှိုင်တို့အား ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၇ (ခ) အရ ကျပ်ငါးသောင်းတန် ခံဝန်ချုပ်ချုပ်ဆို၍ မိဘထံ ပြန်လည်အပ်နှံစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို မစုစုလှိုင်ပါ (၃) ဦးတို့က မကျေနပ်၍ တရားရုံးချုပ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၄၉၂/၉၅ ကို တင်သွင်းခဲ့သော်လည်း အကျဉ်းနည်း ပလပ်ခြင်းခံရသဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် အထွေထွေလျှောက်လွှာအမှတ် ၁၈၀/၉၆ ကို တင်သွင်းခဲ့ရာ အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာစီရင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

> "ကလေးသူငယ်တရားရုံး (ရန်ကုန်) ၏ အမိန့်အပေါ် လျှောက်ထားသူများက တင်သွင်းခဲ့သော တရားရုံးချုပ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၄၉၂/၉၅ တွင် အကျဉ်းနည်းဖြင့် ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မှု ရှိမရှိ။"

ဗဟန်းမြို့နယ်အမှတ် ၇၀ (က)/သာသနာ့ရိပ်သာလမ်းနေ ဒေါ်ခင်မာသင်းက အိမ်နီးချင်းဖြစ်သူ မစုစုလှိုင်အပါအဝင် ညီမတစ်စုတို့မှာ ညစ်ညမ်းစွာဆဲဆိုပြီး၊ ထမီများစကပ်များလှန်ပြကြသည့်အပြင် အိမ်ခေါင်မိုးပေါ်သို့ ခဲများဖြင့် ပေါက်ကြကြောင်း ဒေါ်ခင်မာသင်းက ဗဟန်းရဲစခန်းတွင် တိုင်ကြားခဲ့သည့်အမှုဖြစ်သည်။

မစုစုလှိုင်ပါ (၃) ဦးတို့၏အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာ၌ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ ကလေးသူငယ်တရားရုံး (ရန်ကုန်) အား ဖွဲ့စည်းတည်ထောင်ထားသော ရုံးဖြစ်ပါက လက်ထောက်တိုင်းတရားသူကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ တင်သွင်းမှုဖြစ်သဖြင့် တရားရုံးချုပ်သို့ အယူခံတင်သွင်းခွင့်ရှိကြောင်းနှင့် အကယ်၍ ယင်းဥပဒေပုဒ်မ ၄၀ (ခ) အရ တည်ထောင်သော ကလေးသူငယ်တရားရုံး

၁၉၉၇
မစစလှိုင်
ပါ--၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

များရှိ မြို့နယ်တရားသူကြီးများနှင့် စီရင်ပိုင်ခွင့် တူညီသည်ဟု ယူဆပါက တိုင်းတရားရုံးသို့သာ အယူခံတင်သွင်းနိုင်မည်ဖြစ်ကြောင်း သို့အတွက် ယင်းအချက်ကို ဦးစွာအဆုံးအဖြတ်ပေးပါရန် တင်ပြလျှောက်လဲသည်။ တစ်ဆက်တည်းမှာပင် နုနယ်ငယ်ရွယ်သော ကလေးသူငယ်များအပေါ် ကောင်းမွန်စွာ နေထိုင်စေရန် ခံဝန်ချုပ်စေသော အမိန့်မှာလည်း အမှုတွဲရှိ သက်သေခံချက်များအရ မှားယွင်းနေသဖြင့် အပြီးအပြတ် လွှတ်ပေးပါရန်ကိုလည်း တင်ပြလျှောက်လဲသွားသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးမှ အဓိကထား၍ တင်ပြရာ၌ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ တည်ထောင်ထားသော ကလေးသူငယ်တရားရုံး (ရန်ကုန်) သည် ယင်းဥပဒေပုဒ်မ ၄၀ (ခ) အရ ကလေးသူငယ်အမှုများကို စစ်ဆေးစီရင်ရန် အပ်နှင်းခြင်းခံရသော မြို့နယ်တရားသူကြီးများ၏ မူလစီရင်ပိုင်ခွင့်အာဏာနှင့်တန်းတူသာလျှင် စီရင်ပိုင်ခွင့်ရှိသဖြင့် ကလေးသူငယ်တရားရုံး (ရန်ကုန်) ၏ အမိန့်စီရင်ချက်အပေါ် တင်သွင်းသည့်အယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းခြင်းမှာ မှားယွင်းနေကြောင်း ရေးသားတင်ပြလျှောက်လဲသွားသည်။

ကလေးသူငယ်တရားရုံး (ရန်ကုန်) အား ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် (၂၀) တို့တွင် ဖြစ်ပွားသော ကလေးသူငယ်မူလမှုများကို စစ်ဆေး စီရင်နိုင်ရန်အလို့ငှာ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ ဖွဲ့စည်းတည်ထောင်ထားပြီး လက်ထောက်တိုင်းတရားသူကြီးတစ်ဦးအား စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည်။ ရန်ကုန်တိုင်းအတွင်းရှိ အခြားသောမြို့နယ်များနှင့် တစ်နိုင်ငံလုံးရှိ မြို့နယ်များတွင် ဖြစ်ပွားသည့် ကလေးသူငယ်မူလမှုများကိုမူ သက်ဆိုင်ရာမြို့နယ်တရားရုံးများ၏ မြို့နယ်တရားသူကြီးများအား အဆိုပါဥပဒေပုဒ်မ ၄၀ (ခ) အရ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ ပုဒ်မ ၄၀ (က) နှင့် ၄၀ (ခ) တို့အရ ကလေးသူငယ်မူလမှုများအား စစ်ဆေးစီရင်ရန် အာဏာအပ်နှင်းထားသည့် ကလေးသူငယ်တရားရုံး (ရန်ကုန်) နှင့် ရန်ကုန်တိုင်းအတွင်းရှိ အခြားသောမြို့နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာမှာ ဥပဒေပြဋ္ဌာန်းချက်သဘောအရ တန်းတူရည်တူသာ စီရင်ပိုင်ခွင့်ရှိခြင်းမှာ ယုံမှားဖွယ် မရှိချေ။

ကလေးသူငယ်တရားရုံး (ရန်ကုန်) ၏ စီရင်ချက်အမိန့်ကို မကျေနပ်

၁၉၅၇
မစုစုလှိုင်
ပါ–၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

သဖြင့် အယူခံတရားလို မစုစုလှိုင်ပါ (၃) ဦးတို့၏ အကျိုးဆောင်ကတရားရုံးချုပ်သို့ အယူခံတင်သွင်းခဲ့ခြင်းမှာ ဖျက်သိမ်းပြီးဖြစ်သော ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များ အက်ဥပဒေပါပြဋ္ဌာန်းချက်နှင့် ရောထွေးပြီး မှားယွင်းတင်သွင်းခဲ့ခြင်းဖြစ်ဟန်ရှိသည်။ ၁၉၅၅ ခုနှစ်က ကလေးသူငယ်များအက်ဥပဒေတွင် ကလေးသူငယ်မှုများအား စီရင်နိုင်ရန်အတွက် စီရင်ပိုင်ခွင့်အမျိုးမျိုးရှိသော တရားသူကြီးများနှင့်တရားရုံးများအား ယင်းအက်ဥပဒေပုဒ်မ ၄ တွင် ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) နှင့် (င) ဟု သီးခြားပြဋ္ဌာန်းထားပြီး ယင်းပြဋ္ဌာန်းချက်နှင့်အညီ ကလေးသူငယ်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခဲ့သည်။ ဖျက်သိမ်းပြီးဖြစ်သော အဆိုပါ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များအက်ဥပဒေအရ ပထမတန်း ရာဇဝတ်အာဏာရရှိထားပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၆၀ အရ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သော တရားသူကြီးများ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများနှင့် စက်ရှင်တရားသူကြီးများသာမက တရားလွှတ်တော်ချုပ်အထိပင်လျှင် စီရင်ပိုင်ခွင့်ရှိကြသည်။

သို့အတွက် ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်များအက်ဥပဒေအရ ကိုယ်ပိုင်စီရင်ပိုင်ခွင့်အာဏာအမျိုးမျိုးရှိသော တရားသူကြီးများက ကလေးသူငယ်မူလမှုများကို စစ်ဆေးစီရင်ကြခြင်းမှာ အဆိုပါအက်ဥပဒေက အပ်နှင်းထား၍ ဖြစ်သည်။ ယင်းသို့စီရင်ပိုင်ခွင့်အမျိုးမျိုးရှိသော တရားသူကြီးများက ချမှတ်ခဲ့သော မူလရုံး၏ စီရင်ချက်အမိန့်ကို မကျေနပ်လျှင်လည်း အဆိုပါ တရားသူကြီးအသီးသီး၏ အထက်အဆင့်ဖြစ်သော တရားရုံးအသီးသီးသို့ အယူခံမှု၊ ပြင်ဆင်မှု တင်သွင်းနိုင်ခွင့် ရှိပေသည်။

၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေတွင် ကလေးသူငယ်များ ကျူးလွန်သော မူလမှုခင်းများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ ယင်းဥပဒေပုဒ်မ ၄၀ (ခ) အရ မြို့နယ်တရားရုံးများနှင့် ပုဒ်မ ၄၀ (က) အရ သီးခြားတည်ထောင်ထားသော ကလေးသူငယ်တရားရုံးသို့သာလျှင် အပ်နှင်းထားပြီး အခြားမည်သည့်တရားရုံးကိုမျှ ကလေးသူငယ်မူလမှုများ စစ်ဆေးစီရင်ရန် အာဏာအပ်နှင်းထားခြင်း မရှိချေ။ သို့အတွက် ပြည်နယ်၊ တိုင်းအဆင့်တရားရုံးများက လူသတ်မှုကျူးလွန်သောကလေးသူငယ်အမှုများကို မိမိတို့တွင် စက်ရှင်အာဏာရှိကြသဖြင့် စီရင်ပိုင်ခွင့်ရှိသည်ဟု လွဲမှားစွာ ကောက်ယူ၍ စီရင်နေကြခြင်းမှာ ဥပဒေနှင့်မညီ မှားယွင်း၍ စီရင်နေကြခြင်းသာဖြစ်ကြောင်းကိုလည်း အလျဉ်းသင့်သဖြင့် မှတ်ချက်ပြုလိုက်သည်။

၁၉၉၇
မစုစုလှိုင်
ပါ-၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

၁၉၉၃ ခုနှစ်၊ ဥပဒေအရ ပြစ်မှုကျူးလွန်သော ကလေးသူငယ်မှုလမှု၏ စီရင်ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် ယင်းဥပဒေပုဒ်မ ၄၉ (က) အရ အဆင့်မြင့်သော တရားရုံးအဆင့်ဆင့်သို့ အယူခံမှု၊ ပြင်ဆင်မှုများကို တင်သွင်းနိုင်ကြောင်း ပုဒ်မ ၄၉ (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "၄၉ (က) ။ ။ ကလေးသူငယ်တရားရုံးက ဤဥပဒေအရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခွင့် ရှိစေရမည်။"

သို့ဖြစ်ရာ ပြည်နယ်၊ တိုင်းတရားရုံးများနှင့် အထက်အဆင့်ဖြစ်သော တရားရုံးချုပ်သည် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်တရားစီရင်ရေးဥပဒေတို့အရ အဆင့်ဆင့်သောအယူခံနှင့် ပြင်ဆင်ရုံးများဖြစ်ကြောင်း ထင်ရှားသည်။

ဤအမှုတွင် ကလေးသူငယ်တရားရုံး (ရန်ကုန်) သည် ပြည်နယ်၊ တိုင်းအဆင့်တရားရုံးမဟုတ်ဘဲ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၄၀ (က) အရ တည်ထောင်ထားသောမူလမှုခင်းများကိုသာ စစ်ဆေးစီရင်သည့်ရုံးဖြစ်သဖြင့် ၎င်းရုံး၏ အမိန့်စီရင်ချက်ကို မကျေနပ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အထက်အဆင့်ရုံးဖြစ်သည့် ရန်ကုန်တိုင်းတရားရုံးသို့သာ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းရန် ရှိပေသည်။ ယင်းသို့တင်သွင်းခြင်းမရှိဘဲ မစုစုလှိုင်ပါ (၃) ဦးတို့က တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းလာခဲ့ခြင်းအပေါ် တရားရုံးချုပ်က လက်ခံ၍ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မှုရှိသည်ဟု မဆိုနိုင်ချေ။

သို့အတွက် အယူခံမှုအမှတ် ၁၄၉၂/၉၅ တွင် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သည့်အမိန့်အား ပယ်ဖျက်၍ စီရင်ပိုင်ခွင့်ရှိသော ရန်ကုန်တိုင်းတရားရုံးသို့ ဥပဒေနှင့်အညီ အယူခံမှုတင်သွင်းရန် မစုစုလှိုင်ပါ (၃) ဦးတို့အား ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင် ရှေ့တွင်

ဦးစိုင်းစိုင်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+ ၁၉၉၇
ဇူလိုင်လ
၁၆ ရက်

**၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး ယာယီအက်ဥပဒေပုဒ်မ ၃ (၁) အရ တားမြစ်ထားသောပစ္စည်းများသည် ပင်လယ်အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ ဖြင့် တားမြစ်ထားသောပစ္စည်းများအဖြစ် အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉ တွင် ပင်လယ်အကောက်ခွန်အက်ဥပဒေမှ အချို့သောပုဒ်မများနှင့်လည်း သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မများကို ကုန်းလမ်းအကောက်ခွန် အက်ဥပဒေ နောက်ဆက်တွဲဇယား (၁) ၌ ဖော်ပြထားရာ ပင်လယ် အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇–က ပါဝင်သည်ကို တွေ့ရသည်။ ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃ (၁) အရ တားဆီးကန့်သတ်ထားသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ အတွင်းသို့သွင်းသည်ဖြစ်စေ၊ မြန်မာနိုင်ငံမှထုတ်ယူသည်ဖြစ်စေ၊ ပင်လယ် အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသောပစ္စည်းများပင် ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူရသည်။ ထို့ပြင် ပင်လယ်အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈၃ မှတစ်ပါး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေတွင် သက်ရောက်မှု ရှိနိုင်သည်ဟု သတ်မှတ်ထားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃ (၁) အရ တားမြစ်ထားသောပစ္စည်းများသည် ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ဖြင့် တားမြစ်ထားသော

---

* ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၆ (ခ)

+ ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်–၁၃ တွင် ချမှတ်သော (၂၀–၁၂–၉၆) ရက်စွဲပါ ရှမ်းပြည်နယ် (တာချီလိတ်ခရိုင်) တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

ပစ္စည်းများအဖြစ် အခိုပွာယ်ကောက်ယူရမည်ဖြစ်ကြောင်း ယင်းအက်ဥပဒေပုဒ်မ ၃ (၂) တွင် ဖော်ပြထားသည်။ ထို့ကြောင့် ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇–က နှင့်အကျုံးဝင်သဖြင့် ယင်းပစ္စည်းများနှင့်အတူ ဖမ်းဆီးခံရသော တရားခံကသာလျှင် ပြည်တွင်းသို့ သွင်းယူခြင်းမပြုကြောင်း သက်သေထင်ရှားပြသရန် တာဝန်ထားရှိသည်။

လျှောက်ထားသူအတွက် – ဦးသိန်းရွှေ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် – ဦးသိန်းထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

တာချီလိတ်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းအောင်၊ အတွင်းရေးမှူး ဦးအောင်မြင့်ကျော်၊ ရဲစခန်းမှူးရဲအုပ်ဦးတင်ရွှေတို့သည် သက်သေများနှင့်အတူ သတင်းအရရှာဖွေရာ မူလရုံး အပြစ်ကျတရားခံမောင်သက်ထွန်း၏ဆန်ကိုဒေါင်ဟောင်းအတွင်းမှ အကောက်ခွန်မဲ့ခိုးသွင်းထားသော မော်တော်ယာဉ် (၆) စီးကို သိမ်းဆည်းရမိသည်။ အဆိုပါယာဉ်များမှာ လျှောက်ထားသူ ဦးစိုင်းစိုင်းပိုင်ဖြစ်ကြောင်း မောင်သက်ထွန်း၏ ပြောကြားချက်အရ ဦးစိုင်းစိုင်း၏နေအိမ်၌ ဆက်လက်ရှာဖွေရာ မော်တော်ယာဉ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ထိုင်းဘတ်ငွေ ၁၄၅၀၀/– တို့ကို တွေ့ရှိရသည်။ မူလရုံးက ဦးစိုင်းစိုင်းအပေါ် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ ထောင်ဒဏ် (၁၅) ရက်နှင့်ဒဏ်ငွေကျပ် ၁၀၀၀၀/– ပေးဆောင်ရန်၊ ဒဏ်ငွေမဆောင်လျှင် ထောင်ဒဏ် (၆) လ ကျခံစေရန် အမိန့်ချသည်။ ပူးတွဲတရားခံမောင်သက်ထွန်းကိုလည်း ယင်းအက်ဥပဒေပုဒ်မ ၅ (၃) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ဦးစိုင်းစိုင်းက ရှမ်းပြည်နယ်တရားရုံး (တာချီလိတ်ခရိုင်) သို့ အယူခံဝင်ရောက်သော်လည်း ပလပ်ခံရသဖြင့် ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းလာသည်။

လျှောက်ထားသူ၏ရှေ့နေက ယာဉ် (၆) စီးအနက် (၂) စီးမှာ အပေါင်ခံထားသော အခြားသူပိုင်ကားဖြစ်ကြောင်း၊ အကောက်ခွန်မဲ့ သွင်းယူထားသော ကားဖြစ်သည်ဟု တရားလိုဘက်မှ သက်သေထင်ရှားမပြနိုင်ကြောင်း၊ အကောက်ခွန်အရာရှိက တရားစွဲဆိုခြင်း မဟုတ်သောကြောင့် ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် မသိမ်းနိုင်ကြောင်း၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေမှာ အထူးဥပဒေဖြစ်၍ ဆန်စပါးများကိုသာ ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ

ပုဒ်မ ၅၁၇ နှင့် မသက်ဆိုင်ကြောင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့်သာ သက်ဆိုင်ကြောင်း စသည်ဖြင့် လျှောက်လဲသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သောဥပဒေအရာရှိက မော်တော်ယာဉ်များကို တစ်ဖက်နိုင်ငံမှ သွင်းယူခဲ့ခြင်းဖြစ်ကြောင်း၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရသက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းရန် အာဏာမရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲနိုင်ခွင့်ရှိသည်ဟု ယူဆကြောင်း လျှောက်လဲသည်။

ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၉ တွင် ပင်လယ်အကောက်ခွန်အက်ဥပဒေမှ အချို့သောပုဒ်မများနှင့်လည်း သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မများကို ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနောက်ဆက်တွဲဇယား (၁) ၌ ဖော်ပြထားရာ ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇–က ပါဝင်သည်ကို တွေ့ရသည်။ ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃ (၁) အရ တားဆီးကန့်သတ်ထားသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းသို့ သွင်းသည်ဖြစ်စေ၊ မြန်မာနိုင်ငံမှထုတ်ယူသည်ဖြစ်စေ၊ ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသော ပစ္စည်းများပင် ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူရသည်။ ထို့ပြင် ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ မှတစ်ပါး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေတွင် သက်ရောက်မှုရှိနိုင်သည်ဟု သတ်မှတ်ထားသည်။ သို့ဖြစ်ရာ လျှောက်ထားသူ၏ရှေ့နေတင်ပြသော ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့်သာ သက်ဆိုင်သဖြင့် စီရင်ပိုင်ခွင့်အာဏာ ကျော်လွန်၍ မူလရုံးက အမိန့်ချမှတ်ကြောင်း တင်ပြချက်မှာ မမှန်ချေ။

လျှောက်ထားသူ၏ ရှေ့နေတင်ပြသကဲ့သို့ အကောက်ခွန်မဲ့ တင်သွင်းသော မော်တော်ယာဉ်များဖြစ်ကြောင်း၊ တရားလိုဘက်မှ သက်သေမပြနိုင်ဟု တင်ပြချက်ကို မည်သို့မျှ လက်ခံရန်အကြောင်းမရှိ။ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၃ (၁) အရ တားမြစ်ထားသောပစ္စည်းများသည် ပင်လယ်အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ဖြင့် တားမြစ်ထားသောပစ္စည်းများအဖြစ် အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ကြောင်း ယင်းအက်ဥပဒေပုဒ်မ ၃ (၂) တွင် ဖော်ပြထားသည်။ ထို့ကြောင့် ပင်လယ်

အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇–က နှင့် အကျုံးဝင်သဖြင့် ယင်းပစ္စည်းများနှင့်အတူ ဖမ်းဆီးခံရသော တရားခံကသာလျှင် ပြည်တွင်းသို့သွင်းယူခြင်းမပြုကြောင်း သက်သေထင်ရှားပြသရန် တာဝန်ထားရှိသည်။ **မေဂျာစံအောင်နှင့် နိုင်ငံတော်အမှု**[၁] နှင့် **မိုဟာမက်ဟူစိန် (သောင်း) ပါ ၂ နှင့် နိုင်ငံတော်အမှု**[၂] တို့ကို ရည်ညွှန်းသည်။

ဤအမှုတွင် လျှောက်ထားသူက သက်သေခံမော်တော်ယာဉ် (၆) စီးအနက် (၂) စီးမှာ အပေါင်ခံထားသော အခြားသူများ၏ ပစ္စည်းဖြစ်သည်ဟုဆိုသည်။ အဆိုပါ အခြားသူနှစ်ဦးမှာ မည်သူမှန်း မသိရပေ။ ဥပဒေနှင့်အညီ လက်ရှိထားသော မော်တော်ယာဉ်များဖြစ်ကြောင်း သက်သေထင်ရှားပြသနိုင်ခြင်းလည်းမရှိ။ ကျူးလွန်သောပြစ်မှုအရဆိုလျှင် (၇) နှစ်ထိ ထောင်ဒဏ်နှင့်ငွေဒဏ်ကိုပါ ချမှတ်နိုင်သဖြင့် ပြစ်ဒဏ်ကို လျှော့ပေါ့ရန်လည်း အကြောင်းမရှိချေ။ ထို့ကြောင့် လျှောက်ထားသူအား ပြစ်မှုထင်ရှားစီရင်ထားခြင်းနှင့်ပြစ်ဒဏ်စီရင်ချက်တို့ကိုလည်းကောင်း၊ သက်သေခံ မော်တော်ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောအမိန့်များသည်လည်းကောင်း မှားယွင်းကြောင်း မတွေ့ရပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သည်။

---

၁။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ရုံးချုပ်) စာ–၁၈။
၂။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ရုံးချုပ်) စာ–၁၅၀၉။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင့် ရှေ့တွင်

ဒေါ်ညွန့်ရီ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂*

+ ၁၉၉၇
ဇူလိုင်လ
၁၇ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၃၆ ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၃၆ အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည်ဆိုရာ၌ နောက်ထပ်ပိုမိုကောင်းမွန်သော သက်သေခံချက် တစ်စုံတစ်ရာ ရနိုင်သည့်အလားအလာ ရှိမရှိကို စစ်ဆေးပြီးသော သက်သေခံချက်များအပေါ် အခြေပြု၍သာ သုံးသပ်ညွှန်ကြားသင့်ကြောင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၄၃၆အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည်ဆိုရာ၌ နောက်ထပ်ပိုမို ကောင်းမွန်သော သက်သေခံချက်တစ်စုံတစ်ရာရနိုင်သည့် အလားအလာ ရှိမရှိကို စစ်ဆေးပြီးသော သက်သေခံအပေါ် အခြေပြုသုံးသပ်၍ ညွှန်ကြားသင့်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ စာချုပ်ပြုလုပ်စဉ်က ပါဝင်ကြသူများကိုယ်တိုင် ရုံးရှေ့၌ အစစ်ခံထွက်ဆိုထားကြရာ၊ ၎င်းတို့၏ထွက်ချက်မှာ ယုံကြည်စိတ်ချရခြင်းမရှိဟု ယူဆရန်အကြောင်း မပေါ်ပေါက်လျှင် ၎င်းတို့၏ ထွက်ချက်ကို အလေးထားသင့်သည်။ စာချုပ်ပါ ဒေါ်ကြွေ၏လက်မှတ် ဟုတ်မဟုတ် အဓိကအငြင်းပွား၍ ဒေါ်ညွန့်ရီက ဒေါ်ကြွေ၏လက်မှတ်ကို အတုရေးသားခြင်း ဟုတ်မဟုတ် စိစစ်ရန်ရှိသော အခြေအနေတွင် ဦးသောင်းနှင့်ဒေါ်တင်ညွန့်တို့၏ မျက်မြင်ထွက်ဆိုချက်များမှာ တန်ဖိုးရှိ၍ အရေးပါသည်။ ၎င်းတို့၏ထွက်ဆိုချက်ကို လက်ရေးပါရဂူ၏ ထင်မြင်ချက်တစ်ခုတည်းဖြင့် မည်သို့မျှ ချေဖျက်ခြင်း ပြုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် – ဦးမြင့်ဆွေ၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်–၂၅၂ (ခ)

\+ ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်–၈၃ တွင် ချမှတ်သော ၇–၁၁–၉၆ ရက်စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၊ မုံရွာခရိုင်၏အမိန့်ကို ပြင်ဆင်မှု။

၁၉၉၇
ဒေါ်ညွန့်ရီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

လျှောက်ထားခံရသူများအတွက် – (၁) ဦးသိန်းထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
(၂) ဦးသန်းထွန်း၊ တရားရုံးချုပ်ရှေ့နေ

မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ အောင်ရိပ်သာလမ်းရှိ အချင်းဖြစ်ဥပစာကို ကွယ်လွန်သူဒေါ်ကြွေက လျှောက်ထားသူ ဒေါ်ညွန့်ရီအား စာချုပ်ဖြင့် ပေးအပ်ခဲ့ကြောင်း စာချုပ်အတု ပြုလုပ်သည်ဆိုကာ ဦးကျော်မောင်က ဒေါ်ညွန့်ရီအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ အရ တရားစွဲဆိုတင်ပို့ခဲ့ရာ မူလရုံးက ဒေါ်ညွန့်ရီအား စွဲချက်မတင်မီ လွှတ်ခဲ့သည်။ ဦးကျော်မောင်က မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး (မုံရွာခရိုင်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၃/၉၆ ဖြင့်တင်သွင်းခဲ့ရာ စွဲချက်မတင်မီလွှတ်သည့်မူလရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ အမှုကို ဆက်လက်စစ်ဆေးဆောင်ရွက်ရန် မြို့နယ်တရားရုံးအား ညွှန်ကြားခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ညွန့်ရီက မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

လျှောက်ထားသူဒေါ်ညွန့်ရီ၏ရှေ့နေက ဒေါ်ညွန့်ရီအား ပေးကမ်းသည့် စာချုပ်တွင် ပေးကမ်းသူဒေါ်ကြွေ၏လက်ရေးလက်မှတ်မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု အင်းစိန်မှုခင်းတပ်ဖွဲ့မှူးရုံး၏ထင်မြင်ချက်သာလျှင် ရှိကြောင်း၊ ဒေါ်ညွန့်ရီက ဒေါ်ကြွေ၏လက်ရေးလက်မှတ်ကို အတုရေးထိုးသည်ဟု ဖော်ပြထားခြင်းမရှိကြောင်း၊ စာချုပ်ပါသက်သေများက ဒေါ်ကြွေကိုယ်တိုင် လက်မှတ်ရေးထိုးပါသည်ဟု ထွက်ဆိုထားသဖြင့် လက်ရေးပါရဂူ၏ ထင်မြင်ချက်ကို လက်ခံရန်အကြောင်းမရှိကြောင်း၊ သို့ဖြစ်၍ တိုင်းတရားရုံးက မူလရုံး၏စွဲချက်မတင်မီလွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားခြင်းမှာ မှားယွင်းနေသဖြင့် ပယ်ဖျက်ပေးရန် လျှောက်လဲသည်။

လျှောက်ထားခံရသူ ဦးကျော်မောင်၏ရှေ့နေက လျှောက်ထားသူ ဒေါ်ညွန့်ရီသည် ၎င်းအား အပိုင်ပေးသည်ဆိုသောစာချုပ်ကို လက်ဝယ်ထားရှိသူဖြစ်ကြောင်း၊ ယင်းစာချုပ်အရ အကျိုးရှိသူလည်း ဒေါ်ညွန့်ရီပင်ဖြစ်ကြောင်း၊ ထို့ကြောင့်စာချုပ်တွင်ပါသောလက်မှတ်မှာ ဒေါ်ကြွေ၏လက်ရေးလက်မှတ် မဟုတ်ကြောင်း ထင်ရှားနေခြင်းတွင် ဒေါ်ညွန့်ရီ

၁၉၉၇
ဒေါ်ညွန့်ရီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

တာဝန်မကင်းသဖြင့် အမှုကို ဆက်လက်ဆောင်ရွက်ရန် တိုင်းတရားရုံးက ညွှန်ကြားခြင်းသည် မှန်ကန်ပါသည်ဟု လျှောက်လဲသည်။

မူလမြို့နယ်တရားရုံးက စာချုပ်ပေါ်ရှိလက်မှတ်မှာ ဒေါ်ကြွေ၏လက်မှတ် မဟုတ်သော်လည်း ဒေါ်ညွန့်ရီသည် ယင်းစာချုပ်ကို အတုပြုလုပ်ခြင်း ဟုတ်မဟုတ် ထင်ရှားစေရန် ဒေါ်ညွန့်ရီ၏လက်ရေးလက်မှတ် နမူနာများကို ရယူခဲ့သင့်ကြောင်း၊ ထို့ကြောင့် ဒေါ်ညွန့်ရီက စာချုပ်ကို လိမ်လည်အတု ပြုလုပ်သည်ဟု မဆိုနိုင်ကြောင်း သုံးသပ်ထားသည်ကိုတွေ့ရသည်။ တိုင်းတရားရုံးကမူ စာချုပ်မှာ ဒေါ်ညွန့်ရီလက်ဝယ်၌ရှိပြီး စာချုပ်အရ အကျိုးခံစားခွင့်ရှိသူမှာ ဒေါ်ညွန့်ရီပင်ဖြစ်ကြောင်း၊ စာချုပ်တွင်ပါရှိသော လက်မှတ်မှာ ပေးကမ်းသူ ဒေါ်ကြွေ၏လက်ရေးလက်မှတ်မဟုတ်ဟု ထင်မြင် ချက်ပေးထားကြောင်း၊ ထို့ကြောင့် ဒေါ်ညွန့်ရီသည် စာချုပ်အတုပြုလုပ် လက်မှတ်ရေးထိုးသည်ဟု မဆိုနိုင်ကြောင်းဖြင့် သုံးသပ်၍ စွဲချက်မတင်မီ လွှတ်ရန် ချမှတ်သည့်မူလရုံး၏အမိန့်မှာ မှန်ကန်သည်ဟု မယူဆနိုင်ကြောင်း သုံးသပ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ဆက်လက်ဆောင် ရွက်ရန် ညွှန်ကြားသည်။

ဤအမှုတွင် ဒေါ်ကြွေက ဒေါ်ညွန့်ရီအား ပေးကမ်းသည့်စာချုပ် ပြုလုပ်ရာ၌ သိရှိကြသူများမှာ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသောင်း (လိုပြ-၁၀) နှင့် ရုံးခေါ်သက်သေ ဒေါ်တင်ညွန့် တို့ ဖြစ်ကြသည်။ ဦးသောင်းအား နောက်တိုးသက်သေအဖြစ် တရားလို ဘက်မှ တင်သွင်းခြင်း ဖြစ်သည်။ ဦးသောင်း၏ထွက်ချက်တွင် ဒေါ်ကြွေ နှင့်ဒေါ်ညွန့်ရီတို့က ၎င်းတို့ပြုလုပ်ထားသော စာချုပ်ကို လာရောက်ပြသ ကြောင်း၊ ဒေါ်ကြွေအား ၎င်း၏ဆန္ဒအလျောက် ပေးကမ်းခြင်း ဟုတ်မဟုတ် မေးမြန်းစုံစမ်းခဲ့ပြီးနောက် အမှန်တကယ်ပေးကမ်းခြင်းဖြစ်ကြောင်း ပြောပြ ကြသဖြင့် ၎င်း၏ရှေ့မှာပင် ဒေါ်ကြွေ၊ ဒေါ်ညွန့်ရီနှင့်သက်သေ ဦးတင်ဝေတို့ လက်မှတ်ရေးထိုးကြကြောင်း၊ ဒေါ်တင်ညွန့်မှာ ဆေးကုသွားနေသဖြင့် လက်မှတ်မပါကြောင်း ထွက်ဆိုသည်။ ရုံးခေါ်သက်သေဒေါ်တင်ညွန့်က လည်း စာချုပ်ပါ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြောင်း၊ စာချုပ်ကို ဒေါ်ကြွေကိုယ်တိုင်ယူလာခြင်းဖြစ်ကြောင်း၊ စာချုပ်ပါ ဒေါ်ကြွေ၏ လက်မှတ်မှာ ဒေါ်ကြွေမကွယ်လွန်မီက ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ထွက် ဆိုထားသည်။ ဦးသောင်းနှင့်ဒေါ်တင်ညွန့်တို့မှာ မူလရုံးတရားလို ဦးကျော် မောင်နှင့် ရန်ငြိုးရှိသူများလည်းမဟုတ်၊ ဦးသောင်းမှာ တရားလို ဦးကျော်

၁၉၉၇
ဒေါ်ညွန့်ရီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂

မောင်၏ရှေ့နေက နောက်တိုးသက်သေအဖြစ် ထပ်မံတင်ပြ၍ စစ်ဆေးရသော သက်သေဖြစ်သဖြင့် ဦးသောင်းသည် ဒေါ်ကြွေကိုယ်တိုင် လက်မှတ်ရေးထိုးပါသည်ဟု မဟုတ်မတရားထွက်ဆိုခြင်းဖြစ်ကြောင်း ယူဆရလောက်သည့် အကြောင်းပြချက် တစ်စုံတစ်ရာ မတွေ့ရချေ။

ဒေါ်ညွန့်ရီတင်ပြသောစာချုပ်ပါ ဒေါ်ကြွေ၏လက်မှတ်မှာ ဒေါ်ကြွေရေးထိုးသောလက်မှတ်များနှင့်မတူကြောင်း အင်းစိန်မှုခင်းတပ်ဖွဲ့မှူးရုံး၏ ထင်မြင်ချက်သာရှိသည်။ လက်ရေးလက်သားနှင့်စပ်လျဉ်း၍ လက်ဗွေပုံစံကို ခွဲခြားသည့်အတတ်ပညာကဲ့သို့ တိကျခြင်းမရှိဟု **တင်ရွှေနှင့်နိုင်ငံတော်အမှု**[၁] တွင်လည်းကောင်း၊ ထို့အပြင် လက်ရေးပါရဂူ၏ ထင်မြင်ချက်ကို အခြားလွတ်လပ်သော သက်သေခံအထောက်အထားမရှိလျှင် ယင်းထင်မြင်ချက်တစ်ရပ်တည်းကို အခြေခံထား၍ အမှုကို ဆုံးဖြတ်ရန် ခဲယဉ်းကြောင်း၊ ထင်မြင်ချက်တို့သည် လွဲမှားနိုင်ကြောင်း စသည်ဖြင့် **ဘာလ်ဗဟာဒူးနှင့် နိုင်ငံတော်အမှု**[၂] ၌လည်းကောင်း ဆုံးဖြတ်ထားသည်။

ဤအမှုတွင်စာချုပ်၌ပါရှိသော ဒေါ်ကြွေ၏လက်ရေးလက်မှတ်မဟုတ်ကြောင်းကိုသာ လက်ရေးပါရဂူက ထင်မြင်ချက်ပေးထားသော်လည်း အဆိုပါစာချုပ်ပေါ်ရှိ ဒေါ်ကြွေဟူသောလက်မှတ်ကို ဒေါ်ညွန့်ရီက ရေးထိုးထားသည်ဟု ဖော်ပြမထားချေ။ တစ်ဖက်တွင် ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်း (လိုပြ-၁၀) နှင့် ရုံးခေါ်သက်သေ ဒေါ်တင်ညွန့်တို့က ဒေါ်ကြွေကိုယ်တိုင်လက်မှတ်ရေးထိုးကြောင်း၊ ယင်းစာချုပ်ပေါ်၌ ၎င်းတို့ကိုယ်တိုင်လည်း လက်မှတ်ရေးထိုးထားကြောင်း ထွက်ဆိုကြသည်။ စာချုပ်ပြုလုပ်စဉ်က ပါဝင်ကြသူများကိုယ်တိုင် ရုံးရှေ့၌ အစစ်ခံထွက်ဆိုထားကြရာ ၎င်းတို့၏ထွက်ချက်မှာ ယုံကြည်စိတ်ချရခြင်းမရှိဟု ယူဆရန် အကြောင်းမပေါ်ပေါက်လျှင် ၎င်းတို့၏ထွက်ချက်ကို အလေးထားသင့်သည်။ စာချုပ်ပါ ဒေါ်ကြွေ၏လက်မှတ် ဟုတ်မဟုတ် အဓိကအငြင်းပွား၍ ဒေါ်ညွန့်ရီက ဒေါ်ကြွေ၏လက်မှတ်ကို အတုရေးသားခြင်း ဟုတ်မဟုတ် စိစစ်ရန်ရှိသောအခြေအနေ တွင် ဦးသောင်းနှင့် ဒေါ်တင်ညွန့်တို့၏ မျက်မြင်ထွက်ဆိုချက်များမှာ တန်ဖိုးရှိ၍ အရေးပါသည်။ ၎င်းတို့၏ထွက်ချက်ကို လက်ရေးပါရဂူ၏ထင်မြင်ချက်တစ်ခုတည်းဖြင့် မည်သို့မျှ ချေဖျက်ခြင်း ပြုနိုင်မည်မဟုတ်ပေ။ မျက်မြင်သက်သေများ

---

၁။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (လွှတ်တော်)၊ စာ-၃၈၅။

၂။ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (အထူးရာဇဝတ်အယူခံ)၊ စာ-၁၉။

၁၉၉၇ ဒေါ်ညွန့်ရီ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ-၂

ဖြစ်ကြသော ဦးသောင်းနှင့်ဒေါ်တင်ညွန့်တို့၏ သက်သေခံချက်ထက်ပို၍ ကောင်းမွန်သော အခြားသက်သေခံ အထောက်အထားရနိုင်လိမ့်မည်ဟု မျှော်လင့်ရန် အကြောင်းလည်း မမြင်ပေ။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသည်ဆိုရာ၌ နောက်ထပ်ပိုမိုကောင်းမွန်သော သက်သေခံချက် တစ်စုံတစ်ရာရနိုင်သည့်အလားအလာ ရှိမရှိကို စစ်ဆေးပြီးသော သက်သေခံချက်များအပေါ် အခြေပြုသုံးသပ်၍ ညွှန်ကြားသင့်သည်။ ဤအမှုတွင် အမှုကို ဆက်လက်စုံစမ်းစစ်ဆေးမည်ဆိုလျှင်လည်း ဦးသောင်း၊ ဒေါ်တင်ညွန့်တို့၏သက်သေခံချက်အပြင် အခြားသာလွန်သော သက်သေခံ အထောက်အထားများကို မည်သည့်ဘက်ကမျှ ရနိုင်မည်ဟုမထင်ပေ။ ယုတ်စွအဆုံး ဒေါ်ညွန့်ရီ၏လက်ရေးနမူနာကိုယူ၍ ထင်မြင်ချက် တောင်းခံပါကလည်း ထင်မြင်ချက်အနေဖြင့်သာ ရနိုင်သည်။ ဤအခြေအနေတွင် အမှုကို ဆက်လက်စစ်ဆေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားရန်လိုမည်မဟုတ်တော့သဖြင့် တိုင်းတရားရုံး၏အမိန့်မှာ မှန်ကန်သည်ဟုဆိုရန် ခဲယဉ်းသည်။

ထို့ကြောင့် မြို့နယ်တရားရုံး၏စွဲချက်မတင်မီလွှတ်သည့်အမိန့်ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားသည့် တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံးက စွဲချက်မတင်မီလွှတ်သည့်အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံး နှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+ ၁၉၉၇
ဖေဖော်ဝါရီလ
၁၃ ရက်

မောင်ထွန်းမြတ်နိုင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

**ရဲအရာရှိ၏ စေခိုင်းချက်အရ ရှာဖွေပုံစံတွင် ပူးတွဲတရားခံနှင့်အတူ ပေးအပ်သူအဖြစ် လက်မှတ်ရေးထိုးရုံမျှဖြင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုအတွက် ပြစ်မှုထင်ရှားစီရင်ရန် လုံလောက်မည်မဟုတ်။ ပေးအပ်သည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ထိုသူ၏လက်ဝယ်တွင် ထားရှိကြောင်း (သို့မဟုတ်) ထိုသူအစီအမံဖြင့် ထားရှိကြောင်း တင်ပြရန် လိုအပ်သည်။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂ (ဃ) တွင် မူးယစ်ဆေးဝါးကို လူတစ်ဦးဦး၏ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်နှင့်ပစ္စည်း တစ်ခုခု၌ထားခြင်းဖြစ်ကြောင်းနှင့် တစ်ဦးဦး၏ အစီအမံဖြင့် ထားရှိခြင်းနှင့် ထားရှိစေခြင်းတို့သည် လက်ဝယ်ထားခြင်းဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုသည်။

အယူခံတရားလိုအတွက် – ဦးထွန်းဝေ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် – ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ရခိုင်ပြည်နယ်တရားရုံး (သံတွဲခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီး၊ အမှတ် ၂၄/၉၄ တွင် တရားခံမောင်ကျော်လွင်၊ မောင်ထွန်းမြတ်နိုင်နှင့် အတာ (ခ) စိုးဝင်းလှိုင်တို့ (၃) ဦးလုံးအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်–၁၃

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်–၆၉၄ တွင် ချမှတ်သော ၃၁–၃–၉၅ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

အလုပ်နှင့်ထောင် (၈၀) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ အမိန့်ကို မောင်ကျော်လွင်နှင့်မောင်ထွန်းမြတ်နိုင်တို့က မကျေနပ်၍ တရားရုံးချုပ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆၉၃/၉၄ နှင့် ၆၉၄/၉၄ တို့ကို တင်သွင်းခဲ့ကြရာ တရားရုံးချုပ်က တစ်ပေါင်းတည်းကြားနာပြီးနောက် အယူခံမှု (၂) မှုလုံးကို ပလပ်ခဲ့သည်။

တရားရုံးချုပ်၏အမိန့်ကို မောင်ထွန်းမြတ်နိုင်က မကျေနပ်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံခွင့်ရရန် အထွေထွေလျှောက်လွှာ ၁၉၉/၉၅ ကို တင်သွင်းခဲ့ရာ အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"ပူးတွဲတရားခံကျော်လွင်နှင့်လျှောက်ထားသူ ထွန်းမြတ်နိုင်တို့သည် ကျောက်ဖြူမြို့မှအတူလာပြီး တည်းခိုခန်းတွင် တစ်ခန်းတည်း အတူတည်းခိုရုံမျှဖြင့် ပူးတွဲတရားခံကျော်လွင်၏ကုတင်အောက်ရှိ ကျော်လွင်၏ကျောပိုးအိတ်အတွင်းမှ တွေ့ရှိသောဆေးခြောက်မှာ လျှောက်ထားသူ ထွန်းမြတ်နိုင်၏လက်ဝယ်ရှိသည့်ပစ္စည်းဟု ကောက်ယူရန် မှန်ကန်ခြင်း ရှိမရှိ"

အမှုမှာ တောင်ကုတ်ရဲစခန်းမှ ဒုရဲအုပ်ယဉ်ထွေးနှင့်အဖွဲ့သည် အမှတ် (၁၈) ထောက်လှမ်းရေးတပ်ဆွယ်မှူး လိုက်ပါလျက် တောင်ကုတ်မြို့ရှိ "ထိပ်တန်း" တည်းခိုရိပ်သာသို့ ၅–၄–၉၄ နေ့ ည (၂၁:၄၅) နာရီအချိန်ခန့်တွင် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အခန်းအမှတ် (၂၁) တွင် တည်းခိုနေသော မောင်ထွန်းမြတ်နိုင်နှင့် မောင်ကျော်လွင်တို့အခန်းမှ အလေးချိန် ၃၀ိ/သားခန့်ရှိ ဆေးခြောက်တစ်ထုပ်၊ ဆေးထိုးအပ်တစ်ချောင်း၊ ဆေးထိုးပိုက်တစ်ချောင်းနှင့်အဖြူရောင်ဆေးပြား (၄) ပြား အပါအဝင်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ဒုရဲအုပ်ယဉ်ထွေးက သတင်းချက်ရေးဖွင့်တိုင်ကြားခဲ့မှုဖြစ်သည်။

အယူခံတရားလိုမောင်ထွန်းမြတ်နိုင်၏ အကျိုးဆောင်က မူလရုံးအမှုတွဲရှိ သက်သေခံချက်များအရ ဆေးခြောက်ထုပ်ကို မောင်ကျော်လွင်၏ ကုတင်အောက်ရှိ မောင်ကျော်လွင်၏ပစ္စည်းများထည့်သောအိတ်အတွင်းမှ တွေ့ရခြင်းဖြစ်သည့်အပြင် ရှာဖွေတွေ့ရှိစဉ်ကပင် မောင်ကျော်လွင်နှင့် မောင်ထွန်းမြတ်နိုင်တို့၏ အစစ်ခံပြောဆိုချက်များအရ မောင်ထွန်းမြတ်နိုင်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်ထင်ရှားသဖြင့် မောင်ထွန်းမြတ်နိုင်အား အမှုမှအပြီးအပြတ် လွှတ်ပေးသင့်ကြောင်း ရေးသားတင်ပြ

လျှောက်လဲသွားသည်။ ထို့ပြင် ပူးတွဲတရားခံ မောင်ကျော်လွင်နှင့် ဆက်စပ်သော စိုးဝင်းလှိုင် (ခ) အတာကိုလည်း မူလရခိုင်ပြည်နယ်တရားရုံး (သံတွဲခရိုင်) က ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ရာ၌ မောင်ထွန်းမြတ်နိုင်သည် အဆိုပါသိမ်းဆည်းရမိသော ဆေးခြောက်နှင့်ပတ်သက်ကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိကြောင်း ထင်ရှားနေသဖြင့်လည်း မောင်ထွန်းမြတ်နိုင်အား အမှုမှ အပြီးအပြတ်လွှတ်ပေးရန် လျှောက်လဲသွားသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ဆေးခြောက်ထုပ်ကို သိမ်းဆည်းစဉ်ကပင် ကျော်လွင်က ၎င်း၏ပစ္စည်းဖြစ်ကြောင်း ပြောဆို၍ မောင်ထွန်းမြတ်နိုင်က ၎င်း၏ပစ္စည်းမဟုတ်ဟု ပြောဆိုကြောင်း ဒုရဲအုပ်ယဉ်ထွေး (လိုပြ-၄) နှင့် ရှာဖွေသက်သေ ရ-ဝ-တ ဥက္ကဋ္ဌ ဦးမောင်မောင်ဆင့် (လိုပြ-၅)၊ အတွင်းရေးမှူး ဦးကျော်သာထွန်း (လိုပြ-၆) တို့၏ ထွက်ဆိုအစစ်ခံချက်များအရလည်းကောင်း၊ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များတွင် မောင်ကျော်လွင်ထံမှ သိမ်းဆည်းရမိသော ဆေးခြောက်ထုပ်နှင့်စပ်လျဉ်း၍ မောင်ထွန်းမြတ်နိုင်ပါ ပူးတွဲပိုင်ဆိုင်ပတ်သက်ကြောင်း မောင်ထွန်းမြတ်နိုင်ကိုယ်တိုင် သိရှိလက်ခံထားကြောင်း၊ တစ်စုံတစ်ရာ ထွက်ဆိုနိုင်ခြင်းမရှိသဖြင့်လည်းကောင်း၊ သိမ်းဆည်းရမိသောဆေးခြောက်ထုပ်သည် မောင်ကျော်လွင်၏လက်ဝယ်ရှိပစ္စည်းဖြစ်သည်ဟုသာ ကောက်ယူသင့်ကြောင်း တင်ပြရေးသားလျှောက်လဲသွားသည်။

ကျောက်ဖြူမြို့တွင် "ခွန်နောက်ခွန် (၃)" ကုမ္ပဏီကို ဦးထွန်းရှင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ဖွင့်လှစ်ထားပြီး ငါးများဝယ်ယူ၍ ရန်ကုန်မြို့မှ တစ်ဆင့် နိုင်ငံခြားသို့ပို့သောလုပ်ငန်း လုပ်ကိုင်သည်။ ဦးထွန်းရှင်၏ သားမှာ မောင်ထွန်းမြတ်နိုင်ဖြစ်ပြီး မောင်ကျော်လွင်မှာ အဆိုပါကုမ္ပဏီရုံး၏ရုံးအကူဖြစ်သည်။ မောင်ထွန်းမြတ်နိုင်နှင့် မောင်ကျော်လွင်တို့သည် ရန်ကုန်မြို့မှ ရောက်လာကြမည့် နိုင်ငံခြားသားဧည့်သည်များကို စောင့်ကြိုကြရန်အတွက် ၂-၄-၉၄ နေ့တွင် ကျောက်ဖြူမြို့မှ တောင်ကုတ်မြို့သို့ အတူသွားရောက်ခဲ့ကြခြင်း ဖြစ်သည်။

တောင်ကုတ်မြို့သို့ ရောက်သည့်အခါ "ထိပ်တန်း" တည်းခိုရိပ်သာရှိ အခန်းအမှတ် (၂၁) နှစ်ယောက်ခန်းတွင် ကုတင်သီးခြားဖြင့် တည်းခို

နေထိုင်ကြသည်။ တည်းခိုရိပ်သာပိုင်ရှင်မှာ ဦးစိန်မောင် (လိုပြ–၃) ဖြစ်သည်။ အချင်းဖြစ်ပွားသည့် ၅–၄–၉၄ နေ့ ည (၉) နာရီခန့်တွင် တောင်ကုတ်ရဲစခန်းမှ ရဲတပ်ကြပ်မြသာ (လိုပြ–၁) နှင့် ရဲတပ်သားဟန်ဝင်းအောင် (လိုပြ–၂) တို့သည် အမှတ် (၁၀) ထောက်လှမ်းရေးတပ်ဆွယ်မှူး ဦးချမ်းမြေ့၏ စိစဉ်ချက်အရ "ထိပ်တန်း" တည်းခိုရိပ်သာသို့ သွားရောက်ပြီး အခန်းများကို တစ်ခန်းစီဝင်ရောက်စစ်ဆေးကြသည်။ ထိုအချိန်က လျှပ်စစ်မီးပျက်နေချိန်ဖြစ်၍ ဖယောင်းတိုင်များဖြင့် စစ်ဆေးကြခြင်း ဖြစ်သည်။

အခန်းအမှတ် (၂၁) သို့ ရောက်သည့်အခါ အယူခံတရားလို မောင်ထွန်းမြတ်နိုင်နှင့် မောင်ကျော်လွင်တို့ အိပ်နေကြသဖြင့် နှိုးပြီးစစ်ဆေးကြရာတွင် မောင်ကျော်လွင်၏ ကုတင်အောက်၌ရှိသော ဂျင်းကျောပိုးအိတ်အတွင်းမှ ဆေးထိုးပိုက်တစ်ချောင်း၊ အပ်တစ်ချောင်း၊ အဖြူရောင်ဆေးပြား (၄) ပြား၊ စာရွက်ညိုတစ်ရွက်နှင့် ပလပ်စတစ်ဖြင့်ထုတ်ထားသော ဆေးခြောက်တစ်ထုပ်ကို တွေ့ရသဖြင့် ဆေးခြောက်ထုပ်ကို တည်းခိုရိပ်သာအနီးရှိ ရွှေဆိုင်မှ ချိန်ခွင်ဖြင့် ချိန်တွယ်ကြည့်ရာ (၃) ကျပ်သားခန့်ရှိကြောင်း တွေ့ရသည်။ ပစ္စည်းများ သိမ်းဆည်းရန်အတွက် ရဲတပ်သားဟန်ဝင်းအောင် (လိုပြ–၂) က ရဲစခန်းသို့ပြန်ပြီး ဒုရဲအုပ်ယဉ်ထွေး (လိုပြ–၄) ကို သတင်းပို့သဖြင့် ယဉ်ထွေးလိုက်လာကာ ပစ္စည်းများကို ရှာဖွေပုံစံ (သက်သေခံ–ခ) ဖြင့် သိမ်းဆည်းရာ၌ မောင်ကျော်လွင်နှင့် မောင်ထွန်းမြတ်နိုင်တို့နှစ်ဦးလုံးကို လက်မှတ်ရေးထိုးစေခဲ့သည်။ သက်သေအဖြစ် ရ–ဝ–တ ဥက္ကဋ္ဌ ဦးမောင်မောင်ဆင့် (လိုပြ–၅) နှင့် အတွင်းရေးမှူး ဦးကျော်သာထွန်း (လိုပြ–၆) တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဘိန်းဖြူ (၃) ကျပ်သားမှာ ၄၁.၉၀၇၉၉ ဂရမ်အလေးချိန်ရှိ၍ (၂၅) ဂရမ်ထက် ပိုမိုနေသဖြင့် ယင်းဆေးခြောက်လက်ဝယ်ထားခြင်းသည် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်းသာဖြစ်ကြောင်း၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂၆ အရ မှတ်ယူရပေမည်။ အဆိုပါ ဆေးခြောက်ထုပ်၊ ဆေးထိုးအပ်နှင့် ဆေးထိုးပိုက်တို့ပါသောအိတ်ကို ရှာဖွေတွေ့ရှိပုံနှင့်စပ်လျဉ်းပြီး မောင်ကျော်လွင်က အဓိကစစ်မေးချက်တွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်ကို တွေ့ရသည်–

"ထွန်းမြတ်နိုင်အိတ်မှ ဘာမှမတွေ့ပါ။ ကျွန်တော်အိတ်ထဲမှအထုပ်တစ်ထုပ်ကို တွေ့ပါသည်။ ထိုအထုပ်ကိုဖြန့်ကြည့်ရာ ဆေးခြောက်ဟု

ပြော၍ သိမ်းဆည်းပါသည်။ X X X X ရဲစခန်းတွင် ကျွန်တော့်အား မေးရာ၌ ဒီပစ္စည်းများမှာ ကျွန်တော့်အိတ်ထဲမှ ရကြောင်း ကျွန်တော်ဖြေလိုက်ပါသည် "X X X X အဆိုပါအထုပ်ကို ကျွန်တော့် ကျောပိုးအိတ်ထဲမှ ထုတ်ယူ၍ သိမ်းဆည်းခြင်းသာ ဖြစ်ပါသည်။"

ထို့ပြင် ကျောက်ဖြူမြို့မှ တောင်ကုတ်မြို့သို့ ထွက်လာကြစဉ်ကလည်း မောင်ထွန်းမြတ်နိုင်နှင့် မောင်ကျော်လွင်တို့သည် မိမိတို့ပစ္စည်းများကို မိမိတို့၏ အိတ်အတွင်း၌သာ သီးခြားစီ ထည့်သွင်း ယူဆောင်ခဲ့ကြပုံကို မောင်ကျော်လွင်က အဓိက စစ်မေးချက်တွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်–

"ကျောက်ဖြူမြို့မှ တောင်ကုတ်မြို့သို့ မော်တော်ဖြင့်လာကြခြင်း ဖြစ်ပါသည်။ ကျွန်တော့်ပစ္စည်းများကို မိမိအိတ်တွင်ထည့်ပြီး ထွန်းမြတ်နိုင်တွင် ၎င်းပစ္စည်းများထည့်သည့် သီးခြားအိတ်တစ်အိတ်စီ ပါပါသည်။ တစ်ယောက်ပစ္စည်းကိုတစ်ယောက်အိတ်များတွင် ရောနှောထည့်ခြင်း မရှိပါ။"

ရှာဖွေပုံစံတွင် အိတ်ပိုင်ရှင် မောင်ကျော်လွင်အပြင် မောင်ထွန်းမြတ်နိုင်ပါ လက်မှတ်ရေးထိုးပေးအပ်ခဲ့ရခြင်းနှင့်စပ်လျဉ်း၍ မောင်ထွန်းမြတ်နိုင်က သိမ်းဆည်းသောပစ္စည်းများမှာ ၎င်း၏ပစ္စည်းမဟုတ်ကြောင်း ရဲစခန်းတွင် ပြောဆိုခဲ့သော်လည်း အခန်းထဲတွင် အတူနေ၍ လက်မှတ်ထိုးရန် ပြောသဖြင့်သာ ရှာဖွေပုံစံ၌ လက်မှတ်ရေးထိုးခဲ့ရကြောင်း ထွက်ဆိုသည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ ပစ္စည်းသိမ်းဆည်းသူ ဒုရဲအုပ်ယဉ်ထွေးက ပြန်လှန်စစ်မေးရာ၌ အောက်ပါအတိုင်း ထွက်ဆိုထားသည်–

"ရှာဖွေပုံစံတွင် (သက်သေခံ–ခ) တွင် ၎င်းတို့ ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း ပြောဆိုပြီးဟု ဖော်ပြထားသော်လည်း ကျော်လွင်တစ်ဦးတည်းကသာ သက်သေခံပစ္စည်းများမှာ ၎င်း၏ ပစ္စည်းဖြစ်ကြောင်း ပြောဆိုပြီး ထွန်းမြတ်နိုင်မှ ၎င်း၏ပစ္စည်းများ မဟုတ်ဟု ပြောဆိုခဲ့ပါသည်"

သို့ဖြစ်ရာ ဆေးခြောက်အပါအဝင် သိမ်းဆည်းရမိသောပစ္စည်းများမှာ မောင်ထွန်းမြတ်နိုင်နှင့် စပ်ဆိုင်ခြင်းမရှိကြောင်း ပေါ်လွင်သည်။ ရှာဖွေပုံစံ (သက်သေခံ–ခ) ပါ ရေးသားဖော်ပြချက်များသည်ပင်လျှင် မှန်မှန်ကန်ကန် ရေးသွင်းခဲ့ခြင်းမဟုတ်ကြောင်း ရှာဖွေသူရဲအရာရှိ ဒုရဲအုပ်ယဉ်ထွေး၏ ထွက်ဆိုအစစ်ခံချက်အရ ထင်ရှားနေသည့်အခြေအနေတွင် အယူခံတရားလို

မောင်ထွန်းမြတ်နိုင်အား ပစ္စည်းရှင် မောင်ကျော်လွင်နှင့်အတူ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

မောင်ထွန်းမြတ်နိုင်အား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင် (၁၀) နှစ်ကျခံစေရန် ချမှတ်ခဲ့သောရခိုင်ပြည်နယ်တရားရုံး (သံတွဲခရိုင်) ၏ အမိန့်ကို အတည်ပြုရာ၌ တရားရုံးချုပ်က မောင်ကျော်လွင်နှင့် မောင်ထွန်းမြတ်နိုင်တို့နှစ်ဦးလုံးသည် ကျောက်ဖြူမှအတူလာကြပြီး တည်းခိုခန်းတွင် အတူနေကြသူများဖြစ်သည့်အပြင် ရှာဖွေပုံစံတွင်လည်း အတူလက်မှတ်ရေးထိုးပေးအပ်ခဲ့ကြသူများဖြစ်သည်ဟု သုံးသပ်၍ အတည်ပြုခဲ့ခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂ (ဃ) တွင် မူးယစ်ဆေးဝါးကို လူတစ်ဦးဦး၏ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်နှင့်ပစ္စည်းတစ်ခုခု၌ထားခြင်းဖြစ်ကြောင်းနှင့် တစ်ဦးဦး၏အစီအမံဖြင့် ထားရှိခြင်းနှင့် ထားရှိစေခြင်းတို့သည် လက်ဝယ်ထားခြင်းဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ သို့ဖြစ်ရာ မူးယစ်ဆေးဝါးဖြစ်သော ဆေးခြောက်ကို မောင်ကျော်လွင်၏အိတ်အတွင်းမှ တွေ့ရှိခြင်းကိစ္စ၌ ရှာဖွေပုံစံတွင် ရဲအရာရှိ၏စေခိုင်းချက်အရ အတူလက်မှတ်ရေးထိုးရုံမျှနှင့် မောင်ထွန်းမြတ်နိုင်ကိုပါ ပြစ်မှုထင်ရှားစီရင်ရန် လုံလောက်မည်မဟုတ်ပေ။ ဆေးခြောက်သည် မောင်ထွန်းမြတ်နိုင်နှင့် ဆက်စပ်ပတ်သက်နေကြောင်း၊ မောင်ထွန်းမြတ်နိုင်၏အစီအမံဖြင့် မောင်ကျော်လွင်က ထားရှိခြင်းဖြစ်ကြောင်း သက်သေခံချက်ကို အမှုစစ်အရာရှိက တင်ပြရန် လိုအပ်သည်။

ယခုအမှုတွင် သိမ်းဆည်းရမိသော မောင်ကျော်လွင်၏အိတ်အတွင်းမှ ဆေးခြောက်နှင့် မောင်ထွန်းမြတ်နိုင် ဆက်စပ်ပတ်သက်မှုရှိကြောင်း တရားလိုရဲတပ်ဖွဲ့က ခိုင်ခိုင်လုံလုံဆက်စပ်တင်ပြနိုင်ခြင်းမရှိသောအခြေအနေမျိုးတွင် ထင်ကြေးဖြင့် မောင်ထွန်းမြတ်နိုင်ကိုပါ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိချေ။

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြု၍ အယူခံတရားလို မောင်ထွန်းမြတ်နိုင်အား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ရခိုင်ပြည်နယ်တရားရုံး (သံတွဲခရိုင်) ၏အမိန့်နှင့် ပြစ်ဒဏ်သတ်မှတ်ချက်

၁၉၉၇
မောင်ထွန်း
မြတ်နိုင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်

တို့ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏ အမိန့်ကိုပယ်ဖျက်၍ မောင်ထွန်းမြတ်နိုင်အား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

သက်သေခံဆေးခြောက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်စေရန်နှင့် ဆေးထိုးပိုက်နှင့်အပ် အပါအဝင် ကျန်သက်သေခံပစ္စည်းများကို ဖျက်ဆီးစေရန် ချမှတ်ခဲ့သော မူလရုံး၏ အမိန့်ကို အတည်ပြုသည်။

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

ကိုထွန်းသန်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂*

+ ၁၉၉၇
ဧပြီလ
၁ ရက်

**"လိမ်လည်မှုကိုကျူးလွန်သဖြင့် အမှုဖွင့်တိုင်တန်းခဲ့ပြီးနောက်မှသာ တရားခံက သက်သေခံနွားကို ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်လူကြီးများ၏ညှိနှိုင်းပေးချက်ကို လက်ခံဆောင်ရွက်ခဲ့ခြင်းမှာ ကျူးလွန်ပြီးသော ပြစ်မှုမှ ကင်းလွတ်ရနိုင်သောအချက်မဟုတ်"**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခြေအနေတွင် ခိုးရာပါပစ္စည်းကိုသဘောရိုးဖြင့် လဲလှယ်ထားသူမှာ ယင်းသို့လဲလှယ်ခွင့် ရောင်းချခွင့်မရှိသူထံမှ လဲလှယ်ထားခြင်းဖြစ်၍ ပိုင်ဆိုင်ခွင့်ရနိုင်မည် မဟုတ်ချေ။ **ဦးငယ် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးဘိုးစော) အမှု** ကို ရည်ညွှန်းသည်။ လိမ်လည်ခြင်းခံရသဖြင့် ရဲစခန်းတွင် သတင်းချက်ရေးဖွင့်ပြီးနောက်ပိုင်းကာလများတွင် ကျေးရွာလူကြီးများ၏ ညှိနှိုင်းပေးချက်အရ ကိုထွန်းသန်းလက်ခံခဲ့သောပစ္စည်းများနှင့် စပ်လျဉ်း၍မူ ကျေးရွာလူကြီးများ၏ စီမံခန့်ခွဲမှုအရဖြစ်စေ၊ ပစ္စည်းပြန်ရလိုကြောင်း လျှောက်ထားတောင်းဆို၍ဖြစ်စေ ရပိုင်ခွင့်ရှိသူက ပြန်လည်တောင်းဆိုရန်သာ ရှိပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ခိုးရာပါပစ္စည်း သို့မဟုတ်အလွဲသုံးစားသောပစ္စည်းကို တစ်နည်းနည်းဖြင့် ရယူသူတွင် ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း သဘောရိုးနှင့်ဝယ်ယူ/ရယူခဲ့ခြင်း ထင်ရှားသည့်တိုင် ခိုးရာပါပစ္စည်း

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၁၇

\+ ၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၁၁၅ (ခ) တွင် ချမှတ် သော (၁၀-၁၁-၉၅) ရက်စွဲပါ တရားရုံးချုပ်မန္တလေးရုံးထိုင်၏ အမိန့်ကို အထူးအယူခံလျှောက်ထားမှု။

၁၉၉၇
ကိုထွန်းသန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

လက်ခံမှုနှင့် အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရမည်ဖြစ်သော်လည်း ပစ္စည်းကို ပြန်ရနိုင်ခွင့်မရှိ။

အယူခံတရားလိုအတွက် – ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ ကိုယ်စား၊ ဦးစိုးမြင့်၊ တရားရုံးချုပ် ရှေ့နေမှ ရေးသားလျှောက်လဲချက် တင်သည်။

အယူခံတရားခံများအတွက် – ၁။ ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး။
၂။ ကိုယ်တိုင် (မလာ)

မတ္တရာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၆၁၃/၉၄ တွင် မောင်ကိုကြီးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ထောင်ဒဏ် (၁) ရက်နှင့် ငွေဒဏ်ကျပ် (၁၀၀၀) ပေးဆောင်စေရန်၊ မဆောင်ပျက်ကွက်က ထောင် (၆) လ ကျခံစေရန်နှင့် သက်သေခံနွား (၂) ကောင်အား ကိုထွန်းသန်းသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ကိုကျော်ညွှန့်က သက်သေခံပစ္စည်းနှင့်စပ်လျဉ်းသည့်အမိန့်ကို မကျေနပ်၍ မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃/၉၅ ကို တင်သွင်းခဲ့သော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၅ (ခ) ၉၅ ကို ဆက်လက်တင်သွင်းခဲ့ရာ မြို့နယ်နှင့်တိုင်းတရားရုံး၏အမိန့်များကို ပယ်ဖျက်ပြီး သက်သေခံနွား (၂) ကောင်အား ကိုကျော်ညွှန့်သို့ ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်ကို ကိုထွန်းသန်းက မကျေနပ်သဖြင့် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာအမှတ် ၂၅၅/၉၅ ကို တင်သွင်းခဲ့ရာ အောက်ပါအရေးယူ လောက်သော ပြဿနာကို နှစ်ဘက်ပြန်လည်ကြားနာရန် အထူးအယူခံဝင် ခွင့်ပြုခဲ့သည်-

> "သက်သေခံနွား (၂) ကောင်ကို၊ ကိုကျော်ညွှန့်အား ပေးအပ်စေရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သည်မှာ အမှုတွင် ပေါ်ပေါက်ချက်များအရ မှုတမှန်ကန်မှု ရှိမရှိ"

အမှုမှာ မတ္တရာမြို့နယ်အောက်ကင်းကျေးရွာနေ ကိုထွန်းသန်းက ၎င်း၏ နွားတစ်ရှဉ်းကို ငွေကျပ် ၆၀၀၀၀/- ဖြင့် ရောင်းပေးမည်ဟု တောပု ကျေးရွာနေ မောင်ကိုကြီးက ပြောသဖြင့် ၁၇-၁၂-၉၃ နေ့က ကိုထိန်ဝင်း

၁၉၉၇ ကိုထွန်းသန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ-၂

နှင့်ကိုမြင့်သိန်းတို့၏ရှေ့တွင် ပေးအပ်လိုက်ရာ ငွေပေးခြင်းလည်းမပြု နွားလည်းပြန်မရသောကြောင့် အရေးယူပေးရန် ရဲစခန်းတွင် တိုင်ကြားခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို ကိုထွန်းသန်း၏အကျိုးဆောင်မှာ အဓိကထား၍ တင်ပြရာ၌ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၅ (ခ) ၉၅ တွင် တရားခံမောင်ကိုကြီး အလွဲသုံးစားပြုခဲ့သောပစ္စည်းမှာ ကိုထွန်းသန်းပိုင်နွား (၂) ကောင် ဖြစ်သည်မှာ မှန်သော်လည်း အဆိုပါနွား (၂) ကောင်မှာ ကိုကျော်ညွန့်ထံမှ သိမ်းဆည်းသော နွား (၁) ကောင် နှင့် ၎င်း၏ညီ မောင် သန်းထံမှ သိမ်းဆည်းသောနွား (၁) ကောင်ဖြစ်သည်ဟု မဆိုနိုင်ကြောင်း သုံးသပ်ချက်အရပင်လျှင် မူလမှုတရားလို ကိုထွန်းသန်းထံမှ နွား (၂) ကောင်ကို မောင်ကိုကြီးက အလွဲသုံးစားပြုခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် အဆိုပါနွား (၂) ကောင်သည် ခိုးရာပါပစ္စည်းဖြစ်ကြောင်း၊ ထို့ပြင် တရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ အပြစ်ပေးထားသည့်အခြေအနေတွင် သက်သေခံခိုးရာပါပစ္စည်းဖြစ်သော နွား (၂) ကောင်ကို လဲလှယ်ထားသည်ဟုဆိုသူတို့တွင်လည်း ပိုင်ဆိုင်ခွင့်ရှိနိုင်မည်မဟုတ်သဖြင့် မူလမှုတရားလို ကိုထွန်းသန်းသာ လက်ရှိပိုင်ဆိုင်ခွင့်ရထိုက်ကြောင်း ရေးသားတင်ပြလျှောက်လဲသွားသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သောရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက မောင်ကိုကြီးနှင့်ကိုကျော်ညွန့်၊ ၎င်း၏ညီမောင်သန်းတို့ နွားများ အလဲအလှယ် ပြုလုပ်ရာတွင် ကိုထွန်းသန်းကိုယ်တိုင် ရှိနေသည့်အပြင် သက်သေခံ (၁)စာချုပ်အရ တရားခံမောင်ကိုကြီးထံမှ နွားဖိုးငွေ အချို့အဝက် အဖြစ် ငွေကျပ် ၂၀၀၀၀/-နှင့် ငွေကျပ် တစ်သော့င်းတန်နွား (၁)ကောင်ကို လက်ခံရပြီးကြောင်း ပေါ်ပေါက်နေ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော နွား (၂)ကောင်သည် ခိုးရာပါပစ္စည်းဟု မဆိုနိုင်ကြောင်း တရားရုံးချုပ်က သုံးသပ်ပြီး တရားလို ကိုထွန်းသန်း မရထိုက်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းမှု မရှိကြောင်း၊ သို့ရာတွင် ကိုကျော်ညွန့်ထံမှ ရှာဖွေပုံစံ (သက်သေခံ-ဂ) ဖြင့် သိမ်းဆည်းခဲ့သော နွား(၁) ကောင် အပြင် ၎င်းထံမှ သိမ်းဆည်းခဲ့ခြင်း မရှိသော နွားပြာထီး (၁) ကောင်ကိုပါ ပေးအပ်ခဲ့သည့် အမိန့်ကိုမူ ပြန်လည် သုံးသပ်ကြောင်း ရေးသားတင်ပြ လျှောက်လဲသွားသည်။

အမှတ် (၂) အယူခံတရားခံတရားခံမောင်ကိုကြီး (ကိုယ်တိုင်) လာရောက် တင်ပြလျှောက်လဲခြင်း မရှိချေ။

၁၉၉၇
ကိုထွန်းသန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ-၂

မတ္တရာမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်) တို့က သက်သေခံနွား(၂)ကောင်ကို တရားလို ကိုထွန်းသန်းသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ရာ၌ တရားခံမောင်ကိုကြီးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ အတည်ဖြစ်လျက်ရှိသော အခြေအနေတွင် အမှုနှင့်စပ်လျဉ်း၍ သိမ်းဆည်းထားသော၊ သက်သေခံနွား (၂) ကောင်ကို တရားလိုသို့သာ ပေးအပ်ထားသင့်ကြောင်း သုံးသပ်၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) ကမူ တရားလို ကိုထွန်းသန်းက တရားခံမောင်ကိုကြီးအား အကြွေးနှင့်ရောင်းလိုက်သောနေ့မှာပင် ကိုကျော်ညွန့်၏နွား (၂) ကောင်နှင့် မောင်သန်း၏နွား (၁) ကောင်၊ စစုပေါင်း (၃) ကောင်ကို ငွေကျပ် ၂၀၀၀/- အလိုက်ပေးပြီး မောင်ကိုကြီးနှင့် လဲလှယ်ခဲ့ကြောင်း၊ လဲလှယ်ရာတွင် တရားလို ကိုထွန်းသန်းကိုယ်တိုင် သဘောတူပါဝင်ခဲ့ကြောင်း၊ ထို့အပြင် ၂၉-၅-၉၄ ရက်စွဲပါစာချုပ် (သက်သေခံ-ခ) အရ တရားလို ကိုထွန်းသန်းသည် တရားခံမောင်ကိုကြီးထံမှ ငွေကျပ် ၂၀၀၀၀/- နှင့် ကျပ် ၁၀၀၀၀/- တန် နွားတစ်ကောင်ကိုလည်း ပြန်ရထားပြီးဖြစ်ကြောင်း၊ ယင်းအခြေအနေများကို အထောက်အထားပြု၍ မူလမြို့နယ်တရားရုံးနှင့်အယူခံရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး၊ သက်သေခံနွား(၂)ကောင်ကို သဘောရိုးဖြင့် လဲလှယ်ဝယ်ခဲ့သော ရာဇဝင်ပုံစံနှင့်ပေးအပ်သူကိုကျော်ညွန့်သို့ပြန်လည်ပေးအပ်ထားစေရန်ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရသည်။

မူလမတ္တရာမြို့နယ်တရားရုံး အမှုတွဲရှိ သက်သေခံချက်များအရ တရားလို ကိုထွန်းသန်းထံမှ နွား (၂) ကောင်ကို မောင်ကိုကြီးက ငွေကျပ် ၆၀၀၀၀/- နှင့် ၁၈-၁၂-၉၃ နေ့က အရောင်းအဝယ်ကတိစာချုပ် (သက်သေခံ-ခ) ကို ချုပ်ဆို၍ ဝယ်ယူပြီး နွားဘိုးငွေကို ၁၃၅၆ ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်နေ့တွင် မောင်ကိုကြီးက အပြေအကြေပေးဆပ်ရန် သဘောတူခဲ့ကြောင်း ပေါ်ပေါက်သည်။ အဆိုပါ နွားနှစ်ကောင်အနက် တစ်ကောင်ကို ကိုကျော်ညွန့် (လိုပြ-၄) ထံမှ ရာဇဝင်ပုံစံ (သက်သေခံ-ဂ) ဖြင့်လည်းကောင်း၊ ကျန်တစ်ကောင်ကို ကိုကျော်ညွန့်၏ညီမောင်သန်း (လိုပြ-၅) ထံမှ ရာဇဝင်ပုံစံ (သက်သေခံ-ဃ) ဖြင့်လည်းကောင်း ပြန်လည် သိမ်းဆည်းရမိသည်။

ရာဇဝင်ပုံစံနှင့် နွားများအပ်ကြသော ကိုကျော်ညွန့်နှင့်မောင်သန်းတို့က အဆိုပါနွားများကို တရားခံမောင်ကိုကြီးထံမှ ၎င်းတို့ပိုင်နွားများနှင့် လဲခဲ့ကြ

၁၉၉၇
ကိုထွန်းသန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော် ပါ–၂

ခြင်းသာဖြစ်ကြောင်း၊ တရားလို ကိုထွန်းသန်းနှင့် တရားခံမောင်ကိုကြီး တို့နှစ်ဦး အတူလာရောက်ကြပြီး လဲလှယ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ရုံးရှေ့တွင် ထွက်ဆိုကြသည့်အပြင် ရှာဖွေပုံစံများတွင် လက်မှတ်ရေးထိုးပေးအပ်ရာ၌လည်း မောင်ကိုကြီးထံမှ နွားနှင့်လဲခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ နွား၏မူလပိုင်ရှင် တရားလို ကိုထွန်းသန်းမှာ အောက်ကင်းကျေးရွာမှဖြစ်ပြီး တရားခံမောင်ကိုကြီးသည် တောပုရွာမှဖြစ်သည်။ ကိုကျော်ညွန့်နှင့်ညီမောင်သန်းတို့သည် အောက်ကင်းရွာသားများ ဖြစ်ကြသဖြင့် အချင်းဖြစ် နွား (၂) ကောင်၏ မူလပိုင်ရှင်သည် တစ်ရွာတည်းသား ကိုထွန်းသန်းဖြစ်ကြောင်း သိခဲ့ပြီး ဖြစ်ပေမည်။ ယင်းသို့ သိရှိပါလျက် အချင်းဖြစ် နွား (၂) ကောင်ကို ၎င်းတို့၏နွားများနှင့်လဲလှယ်ခဲ့ရာ၌ ကိုထွန်းသန်းကိုယ်တိုင်လည်း လိုက်ပါလာခဲ့ပါလျက်၊ အဘယ်ကြောင့် တရားခံမောင်ကိုကြီးထံမှ နွားများနှင့်လဲလှယ်ခဲ့ကြကြောင်း အစစ်ခံကြသည့်အပြင် ရှာဖွေပုံစံ၌လည်း အလားတူဖော်ပြပေးအပ်ခဲ့ကြသနည်းဆိုသည့်အချက်မှာ စဉ်းစားဘွယ်ရာဖြစ်သည်။ ယင်းအချက်ကပင်လျှင် ပိုင်ရှင်ကိုထွန်းသန်းထံမှ နွားနှစ်ကောင်ကို တရားခံမောင်ကိုကြီးက အရောင်းအဝယ်ကတိစာချုပ် (သက်သေခံ–ခ) အရ ငွေကျပ် ၆၀၀၀၀/– တန်ဖိုးထား၍ လွှဲပြောင်းယူခဲ့သည့်အချက်ကို ကိုကျော်ညွန့်နှင့် ညီမောင်သန်းတို့ သိရှိလက်ခံထားကြသဖြင့်သာ မောင်ကိုကြီးနှင့် အလဲအထပ်လုပ်ခဲ့ကြခြင်းဖြစ်သည်မှာ ထင်ရှားနေသည်။

တရားလို ကိုထွန်းသန်းမှာမူ ယင်းသို့ တရားခံမောင်ကိုကြီးနှင့် ကိုကျော်ညွန့်၊ ဦးမောင်သန်းတို့ နွားများ အလဲအထပ်ပြုနေချိန်အထိ တရားခံ မောင်ကိုကြီးက ၎င်းအားလိမ်လည်နေပြီဆိုသည်ကို မရိပ်မိသေးဘဲ တရားခံမောင်ကိုကြီးက ၎င်းလဲရသောနွားများကို ရောင်းပြီးဖြစ်သည့်အပြင် နွားဖိုးငွေကို အပြေအ[illegible]ပေးဆပ်ရန်အချိန် ကျော်လွန်သည်အထိ မပေးဆပ်တော့မှသာ အလိမ်[illegible]ကြောင်းသိရသဖြင့် အမှုကို တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားခံမောင်ကိုကြီးသည် ကိုကျော်ညွန့်နှင့် မောင်သန်းထံမှ လဲ၍ရသောနွား (၃) ကောင်နှင့်စပ်လျဉ်း၍ တစ်ကောင်ကို အမည်မသိသူသို့လည်းကောင်း၊ တစ်ကောင်ကို ကိုသန်းဝင်းဆိုသူသို့လည်းကောင်း၊ ရောင်းချပြီး ကျန်တစ်ကောင်ကို သားသတ်ရုံသို့ ရောင်းခဲ့ပြီး ရောင်းရငွေများကို တရားလို ကိုထွန်းသန်းသို့ မပေးခဲ့ဘဲ ၎င်းသုံးစားခဲ့ကြောင်း ပြန်လှန်စစ်မေး

ရာ၌ ဝန်ခံထွက်ဆိုထားသည်။ သို့ဖြစ်ရာ တရားခံ မောင်ကိုကြီးသည် တရားလို ကိုထွန်းသန်းအား ရောင်းပေးမည်ဟု ယုံကြည်အောင်ပြောပြီး နွား (၂) ကောင်ကို လိမ်လည်ရယူသွားခြင်းမှာ ပေါ်လွင် ထင်ရှားသဖြင့် မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်း ဖြစ်သကဲ့သို့ လိမ်လည်ရယူသွားသော နွားနှစ်ကောင်မှာလည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၄၁၀ အရ ခိုးရာပါပစ္စည်းပင်ဖြစ်သောကြောင့် တရားခံမောင်ကိုကြီး ထံမှတစ်ဆင့် လဲလှယ်ရယူထားသည်ဟုဆိုသော ကိုကျော်ညွန့်နှင့်မောင်သန်း တို့အား ပြန်ပေးရန် လျှောက်ထားမှုကို မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင် ခရိုင်) က ငြင်းပယ်ခဲ့ခြင်းမှာ တစ်စုံတစ်ရာ မှားယွင်းမှုမရှိချေ။

တရားလို ကိုထွန်းသန်းက ရဲစခန်းတွင် ၁၂-၅-၉၄ နေ့က အမှုဖွင့် တိုင်ကြားခဲ့ပြီးနောက် ၂၉-၅-၉၄ နေ့တွင် ကိုထွန်းသန်းသို့ တရားခံမောင်ကို ကြီးက ကျပ်တစ်သောင်းတန်နွားတစ်ကောင်နှင့်ငွေသားကျပ် ၂၀၀၀၀/- ကိုပေးခဲ့ကြောင်း၊ ၂၉-၅-၉၄ ရက်စွဲပါစာချုပ် (သက်သေခံ-၁) ကို ရ-ဝ-တ အဖွဲ့ဝင်များဖြစ်ကြသော ဦးပေါ်ငြိမ်း (ခံပြ-၄) နှင့် ဦးကျော် သန်းတို့၏ရှေ့တွင် ချုပ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။ သို့ရာတွင်အဆိုပါ ငွေကျပ် ၂၀၀၀၀ နှင့် တစ်သောင်းတန်နွား (၁) ကောင်တို့ကို အမှုစစ် အရာရှိက ဤအမှုတွင် ရှာဖွေပုံစံနှင့် သိမ်းဆည်းတင်ပြခဲ့ခြင်း မရှိချေ။ သို့အတွက် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးက စီမံခန့်ခွဲသည့် အမိန့်တစ်ရပ်ကိုဖြစ်စေ၊ ယင်းသို့စီမံခန့်ခွဲရာရောက်သော အမိန့်တစ်ရပ်ကို ဖြစ်စေ ချမှတ်ရန် အကြောင်းမရှိပေ။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အဆိုပါအချက်ကိုအခြေခံ၍ရှာဖွေ ပုံစံနှင့်သိမ်းခဲ့သော တရားလို ကိုထွန်းသန်းပိုင် သက်သေခံ နွား (၂)ကောင် အား ကိုကျော်ညွန့်သို့ ပြန်လည်ပေးအပ်စေခဲ့ကြောင်း စိစစ်တွေ့ရသည်။ အမှန်မှာ လိမ်လည်မှုကျူးလွန်ပြီးနောက်မှသာ တရားခံ မောင်ကိုကြီးက ရ-ဝ-တ လူကြီးများရှေ့တွင် လူကြီးများ၏ ညှိနှိုင်းပြီးချက်အရ ဆောင်ရွက် ခဲ့ခြင်းမှာ ကျူးလွန်ပြီးသော ပြစ်မှုမှ ကင်းလွတ်ခွင့် ရနိုင်သောအချက် မဟုတ်ပေ။ နစ်နာသောငွေကြေးရလိုမှုတွင်သာ ယင်းအချက်ကို တင်ပြ ခုခံခွင့်ရှိနိုင်သော်လည်း ကျူးလွန်ပြီးသော ပြစ်မှုမှ ကင်းလွတ်ခွင့်မရသဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် အခြေအနေတွင် ခိုးရာပါပစ္စည်းကို သဘောရိုးဖြင့် လဲလှယ်ထားသူမှာ ယင်းသို့လဲလှယ်ခွင့် ရောင်းချခွင့်မရှိသူထံမှ လဲလှယ်ထားခြင်းဖြစ်၍ ပိုင်ဆိုင်ခွင့်ရနိုင်မည်မဟုတ်ချေ။ **ဦးငယ်** နှင့်

**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးဘိုးစော)**[၁] အမှုကို ရည်ညွှန်းသည်။ လိမ်လည်ခြင်းခံရသဖြင့် ရဲစခန်းတွင် သတင်းချက် ရေးဖွင့်ပြီး နောက်ပိုင်းကာလများတွင် ကျေးရွာလူကြီးများ၏ ညှိနှိုင်း ပေးချက်အရ ကိုထွန်းသန်း လက်ခံခဲ့သောပစ္စည်းများနှင့် စပ်လျဉ်း၍မှု ကျေးရွာလူကြီးများ၏ စီမံခန့်ခွဲမှုအရဖြစ်စေ၊ ပစ္စည်းပြန်ရလိုကြောင်း လျှောက်ထားတောင်းဆို၍ဖြစ်စေ၊ ရပိုင်ခွင့်ရှိသူက ပြန်လည်တောင်းဆို ရန်သာ ရှိပေသည်။

၁၉၉၇ ကိုထွန်းသန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော် ပါ-၂

အလားတူပင် ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသောပစ္စည်းကို တစ်နည်းနည်းဖြင့်ရယူသူတွင် ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း သဘောရိုးနှင့် ဝယ်ယူ/ရယူခဲ့ခြင်း ထင်ရှားသည့်တိုင် ခိုးရာပါပစ္စည်းလက်ခံမှုနှင့် အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သော်လည်း ပစ္စည်းကို ပြန်ရနိုင်ခွင့်မရှိ ကြောင်း **ဦးမောင်ကို နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အမှု**[၂] တွင်လည်း လမ်းညွှန်ဆုံးဖြတ်ထားမှုရှိပြီး ဖြစ်ပေသည်၊

ပြစ်မှုထင်ရှားစီရင်ခံသူ တရားခံထံမှ ငွေကြေးတစ်စုံတစ်ရာ သိမ်းဆည်း ရမိခဲ့လျှင်မူကား သဘောရိုးဖြင့် ဝယ်ယူခဲ့သူ ဆုံးရှုံးခဲ့သောတန်ဘိုးထက် မပိုသော ငွေကြေးကိုသာ အဆိုပါသဘောရိုးနှင့်ဝယ်ယူသူသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၉ အရ တရားရုံးက ပေးအပ်နိုင်ခွင့် ရှိပေမည်။

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ် (မန္တလေး ရုံးထိုင်) က သက်သေခံနွား (၂) ကောင်အား ကိုကျော်ညွှန့်သို့ ပေးအပ် စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီး သက်သေခံနွား (၂) ကောင်အား မူလမှု တရားလို ကိုထွန်းသန်းသို့ ပေးအပ်စေခဲ့သည့် မတ္တရာမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်) တို့၏အမိန့်ကို ပြန်လည်အတည် ပြုလိုက်သည်။

---

၁။ ၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံးများ စာ-၂၆။

၂။ ၁၉၇၅ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံးများ စာ-၇၇။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊**
**တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊**
**ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်**

+ ၁၉၉၇
နိုဝင်ဘာလ
၆ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
သန်းဦး*

**"တပြိုင်တည်းကျခံခွင့်ရှိသော ထောင်ဒဏ်သည် မူရင်းချမှတ်သည့် ထောင်ဒဏ်များနှင့်သာ သက်ဆိုင်ခြင်း၊ တရားရုံးက ထပ်ရိုက်သောဒဏ်ငွေကိုမဆောင် ပျက်ကွက်သည့်အတွက် ကျခံရမည့် ထောင်ဒဏ်ကာလကို မူရင်းချမှတ်သည့် ထောင်ဒဏ်နှင့်ဖြစ်စေ၊ သီးခြားဖြစ်သော အမှုမှ ထောင်ဒဏ်နှင့်ဖြစ်စေ တပေါင်းတည်းကျခံစေခြင်း မပြုနိုင်။"**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၉၇ ပြဋ္ဌာန်းချက်အရ ထောင်ဒဏ်ကျခံနေဆဲ တရားခံတစ်ဦးအပေါ်ထပ်မံ၍ ထောင်ဒဏ်စီရင်လျှင် ယခင်ထောင်ဒဏ်နှင့် ထပ်မံချမှတ်သော ထောင်ဒဏ်တို့ကို တပြိုင်တည်းကျခံခွင့်ရှိကြောင်း အတိအလင်းဆုံးဖြတ်ချက် မရှိလျှင် ပြစ်ဒဏ်များကို တစ်ခုပြီးမှ တစ်ခုကျခံရမည်ဖြစ်ခြင်း။

**ထပ်မံဆုံးဖြတ်ချက်။** ဤအမှုတွင် တရားခံအပေါ် ယခင်ကျခံပြီး ထောင်ဒဏ်နှင့် ထပ်မံစီရင်သည့် ထောင်ဒဏ်တို့ကို တပြိုင်တည်းကျခံစေခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ အရသာဖြစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ နှင့် ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ တို့အရ မဟုတ်ခြင်း။

အယူခံတရားလိုအတွက် – ဦးစံသာကျော်၊ ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး
အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

---

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၁

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉၈၄၊ ၉၈၅ တွင် ချမှတ်သော (၄–၉–၉၅) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

တနင်္သာရီတိုင်း တရားရုံး (ကော့သောင်းခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၄/၉၄ တွင် တရားခံသန်းဦးအား နိုင်ငံခြားငါးဖမ်း ရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ အလုပ်နှင့် ထောင် (၇) နှစ်ကျခံစေရန်နှင့် ဒဏ်ငွေကျပ်ငါးသောင်းပေးဆောင်စေရန် မဆောင် ပျက်ကွက်က နောက်ထပ်ထောင် (၁) နှစ်ထပ်မံကျခံစေရန်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၅/၉၄ တွင် တရားခံ သန်းဦးအား လူဝင်မှု ကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အလုပ်နှင့် ထောင် (၅) နှစ်ကျခံစေရန်နှင့် ဒဏ်ငွေကျပ်တစ်သောင်း ပေးဆောင်စေရန် မဆောင်ပျက်ကွက်က နောက်ထပ်ထောင် (၁) နှစ် (၃) လ ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်ခဲ့သည်။

အဆိုပါအမှုနှစ်မှု၏ အမိန့်များကို တရားခံ သန်းဦးက မကျေနပ်၍ တရားရုံးချုပ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၉၈၄/၉၃ နှင့် ၉၈၅/၉၄ တို့ကို တင်သွင်းရာ တရားရုံးချုပ်က တပေါင်းတည်းကြားနာ၍ တရားခံ သန်းဦးအပေါ် နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) နှင့် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်လော ပြဋ္ဌာန်းချက်များ) အက်ဥပစေပုဒ်မ ၁၃ (၁) အရ ပြစ်မှုထင်ရှားတွေ့ရှိ ခဲ့သည့်အမိန့်များကို အတည်ပြုပြီး ပြစ်ဒဏ်များကို တပေါင်းတည်းသာ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

တရားရုံးချုပ်၏ အမိန့်သည် ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီ မညီကို စိစစ်နိုင်ရန်အတွက် စုံညီခုံရုံးဖြင့် ရုံးထိုင်စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းအပိုဒ် ၁၇ အရ တရားသူကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ဤ အထူးအယူခံမှုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အမှတ် ၂၆၂ ခြေလျင်တပ်ရင်းမှ လုံခြုံရေးတစ်စု (၂)သည် ၁၉-၇-၉၄ နေ့ (၂၀း၀၀) နာရီခန့်က သစ်နှင့် ငါးပုစွန်ခိုးထုတ်မှု ပိတ်ဆို့တားဆီးရေး တာဝန်ဆောင်ရွက်နေစဉ် ဇင်မင်းထွင့် (၁၅) အမည်ရှိ ငါးခိုးစက်လှေအား တွေ့ရှိဖမ်းဆီးပြီး စက်လှေပေါ်တွင်ပါသော ပွဲနင်း ကံချွန် (ထွက်ပြေးတရား ခံ) နှင့် လှေသား (၇) ဦး (တစ်ဦးမှာ အသက် ၁၆ နှစ် မပြည့်သေးသော ကလေးငယ် မောင်နေဦး) တို့အပေါ် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါး လုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ အရေးယူပေးရန်ကော့သောင်း ခရိုင် ငါးလုပ်ငန်းဦးစီးဌာနခရိုင် ဦးစီးမှူး ဦးမျိုးအောင်က တိုင်ကြားခဲ့ရာ တနင်္သာရီတိုင်း တရားရုံး (ကော့သောင်းခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီး

၁၉၉၇
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
သန်းဦး

အမှတ် ၇၄/၉၄ အဖြစ် ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

ဇင်မင်းထွန်း (၁၅) စက်လှေပေါ်မှ ဖမ်းဆီးရမိသော တရားခံ သန်းဦးပါ (၆) ဦး (ကလေးသူငယ်မောင်နေဦး မပါ) တို့သည် ခွင့်ပြုချက် မရှိဘဲ တစ်ဖက်နိုင်ငံ ရနောင်းမြို့သို့သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ ပြန်လည် ခိုးဝင်လာကြသူများဖြစ်သဖြင့် ၎င်းတို့အား ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အရေးယူပေးရန် ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှူး ဦးတင်ထွန်းအုန်းက တရားစွဲဆိုခဲ့ရာ တနင်္သာရီတိုင်း တရားရုံး (ကော့သောင်းခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၅/၉၄ အဖြစ် ပေါ်ပေါက်လာသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးကလည်း ဒဏ်ငွေပေးဆောင်ရန် ချမှတ်သည့် အမိန့်ကို မလိုက်နာသည့်အတွက် ကျခံရမည့် ထောင်ဒဏ်များကို တစ်မှုတည်းတွင်ရှိသောအခြားထောင်ဒဏ်နှင့်ဖြစ်စေ သီးခြားဖြစ်သောအမှုမှ ထောင်ဒဏ်နှင့်ဖြစ်စေ တပေါင်းတည်းကျခံစေခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိကြောင်း အဓိကထား၍ ရေးသားတင်ပြလျှောက်လဲသွားသည်။

တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ အယူခံအမှုအမှတ် ၉၈၄/၉၄ နှင့် ၉၈၅/၉၄ တို့တွင် ပြစ်ဒဏ်များကို တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၇၁ နှင့် ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ ၂၂ တို့ကို ရည်ညွှန်းကိုးကား၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ပြဋ္ဌာန်းချက်မှာ တည်ဆဲဥပဒေအရ တရားခံ၏ ပြုလုပ်မှုတစ်ရပ်သည် သီးခြားပြစ်မှုနှစ်မျိုးသော်လည်းကောင်း၊ နှစ်မျိုးထက်ပို၍သော် လည်းကောင်း၊ ပြစ်မှုမြောက်နိုင်သည့်အခါ၌ ဖြစ်စေ၊ ပြစ်မှုတစ်ရပ်တွင် တစ်ခုစီခွဲယူလျှင် ပြစ်မှုတစ်ခုမြောက်ပြီး၊ တစ်ခုထက်ပိုမှ ပြစ်မှုတစ်ခုမြောက်ပြီး စုပေါင်းယူလျှင် အခြားပြစ်မှုတစ်ခုမြောက်သည့် အခြေအနေမျိုးတွင် တရားခံအား ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက်ပိုမိုပြင်းထန်သော ပြစ်ဒဏ်မပေးရကြောင်း ပြဋ္ဌာန်းထားခြင်းသာဖြစ်သည်၊

၁၉၇၃ ခုနှစ် စကားရပ်များအနက် အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး အက်ဥပဒေ ပုဒ်မ ၂၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"ပုဒ်မ ၂၂ ။ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုသည် ဥပဒေနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ယင်းဥပဒေများအနက် ဥပဒေတစ်ရပ်ရပ်ဖြင့်သာ တရားစွဲဆို အပြစ်ပေးရမည်။ ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ်တစ်ကြိမ်ထက်ပို၍ မခံစေရ"

ဤပြဋ္ဌာန်းချက်မှာ တရားခံ၏ ပြုလုပ်မှုတစ်ခု (ONE ACT) ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး တစ်ခုထက်များသော ပြုလုပ်မှုများ (SEVERAL ACTS) နှင့် စပ်ဆိုင်ခြင်းမရှိချေ။ ဤအမှုတွင် တရားခံ သန်းဦးသည် ပြုလုပ်မှုတစ်ရပ် (ONE ACT) တည်းကိုသာ ပြုလုပ်ခဲ့ခြင်း မဟုတ်ဘဲ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ခဲ့သည့်အပြင် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) ပါ တားမြစ်ချက်ကိုလည်း ချိုးဖောက်ခဲ့သည့်အတွက် ပြုလုပ်မှုများ (SEVERAL ACTS) ကို ကျူးလွန်ခဲ့သူဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ အရလည်း တရားခံ ကျူးလွန်သော သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်အသီးသီးတင်၍ ခွဲခြားစစ်ဆေးစီရင်ရမည်သာဖြစ်သည်။ သို့ဖြစ်ရာ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ နှင့် ၁၉၇၃ ခုနှစ်စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ တို့ကို ရည်ညွှန်းပြီး မူလတနသ်ာရီတိုင်း တရားရုံး (ကော့သောင်းခရိုင်) က တရားခံ သန်းဦးအပေါ် ပြစ်မှု (၂) ရပ်ကို ကျူးလွန်မှုအတွက် သီးခြားပြစ်မှုကြီးနှစ်မှုမှ ပြစ်ဒဏ်နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန်ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းဒဏ်ကျခံနေရဆဲ တရားခံတစ်ဦးအပေါ် တရားရုံးတစ်ရုံးက နောက်ထပ် ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းပို့ဒဏ် ချမှတ်သည့်အခါတွင် မူရင်းပြစ်ဒဏ်နှင့် နောက်ထပ်ချမှတ်သည့် ပြစ်ဒဏ်တို့ကိုသာ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ် ၃၉၇ အရ အမှု၏ အနေအထားကို လိုက်၍ ဆင်ချင်တုံတရားကို သုံးစွဲပြီး တပေါင်းတည်း (တပြိုင်တည်း) ကျခံစေနိုင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"၃၉၇ ။ ။ ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ကျခံနေဆဲဖြစ်သူ တစ်ဦးအပေါ် ထောင်ဒဏ်ဖြစ်စေ၊ တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ချမှတ်

သည့်အခါ **အကယ်၍ ထိုတရားရုံးက နောက်ထပ်ချမှတ်သည့် ပြစ်ဒဏ်ကိုဆိုခဲ့သည် ယခင်ပြစ်ဒဏ်နှင့် တပြိုင်တည်း ကျခံစေရမည်ဟု ဆင့်ဆိုထားခြင်းမရှိလျှင်** အဆိုပါ နောက်ထပ်စီရင်သည့် ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းပို့ဒဏ်သည် ထိုသူ ယခင်စီရင်ခြင်း ခံထားပြီးဖြစ်သော ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းပို့ဒဏ်ကို ဆုံးခန်းတိုင်အောင် ကျခံပြီးနောက်မှ အစပြုရမည်။"

ဤပြဋ္ဌာန်းချက်အရ ထောင်ဒဏ်ကျခံရဆဲ တရားခံတစ်ဦးအပေါ် ထပ်မံ၍ ထောင်ဒဏ်စီရင်လျှင် စီရင်သော တရားရုံးက ယခင်ထောင်ဒဏ်နှင့် ထပ်မံချမှတ်သော ထောင်ဒဏ်တို့ကို တပြိုင်တည်းကျခံခွင့်ပြုကြောင်း အတိအလင်း ဆုံးဖြတ်ချက် မရှိလျှင် ပြစ်ဒဏ်များကို တခုပြီးမှ တစ်ခုသာ ကျခံစေရမည်ဖြစ်ကြောင်း ထင်ရှားသည်။

အလားတူပင် စစ်ဆေးစီရင်သော အမှုတစ်မှုတည်းရှိ ပြစ်မှုနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပြစ်မှုများဖြင့် တရားရုံးက ပြစ်မှုထင်ရှားစီရင်၍ ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းပို့ ဒဏ်ချမှတ်သော ကိစ္စ၌လည်း ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေရမည်ဟု အမှုစစ်တရားရုံးက အတိအလင်းဆုံးဖြတ်ချက်မရှိခဲ့လျှင် ပြစ်မှုအသီးသီးအတွက် ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်းပို့ဒဏ်များကို တစ်ခုပြီးမှ တစ်ခုခံစေရမည်ဖြစ်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၅ တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ထောင်ဒဏ် သို့မဟုတ် တစ်ကျွန်း ပို့ဒဏ်များကို တရားခံ ကျူးလွန်သော ပြစ်မှုအသီးသီးအတွက်ဖြစ်စေ၊ သီးခြားစီဖြစ်သော အမှုများတွင် ဖြစ်စေ ထောင်ဒဏ်များကို တစ်ခုပြီးမှ တစ်ခု ကျခံစေရခြင်းမှာမူ တစ်ရပ်ဖြစ်ပြီး တစ်ပြိုင်တည်း (တပေါင်းတည်း) ကျခံစေရန် အမှုစစ် တရားရုံးက ဆုံးဖြတ်နိုင်ခြင်းမှာ ချွင်းချက်သာဖြစ်သည်။

တရားရုံးက ထပ်ရိုက်သော ဒဏ်ငွေကိုမဆောင် ပျက်ကွက်သည့်အတွက် ကျခံရမည့် ထောင်ဒဏ်ကာလကိုမူရင်းချမှတ်သည့် ထောင်ဒဏ်နှင့် ဖြစ်စေ၊ သီးခြားဖြစ်သောအမှုမှ ထောင်ဒဏ်နှင့်ဖြစ်စေ တပေါင်းတည်းကျခံစေခြင်း မပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"ပုဒ်မ ၆၄။ ။ ထောင်ဒဏ် ငွေဒဏ်နှစ်ရပ်လုံး ချမှတ်ထိုက်သည့် ပြစ်မှုတိုင်းအတွက် ပြစ်မှုကျူးလွန်သူအား ငွေဒဏ်ချမှတ်ရာ၌ လည်းကောင်း၊ ထောင်ဒဏ်သို့တည်း မဟုတ် ငွေဒဏ်သော်လည်း

ကောင်း၊ ငွေဒဏ်သက်သက်သော်လည်းကောင်း ချမှတ်ထိုက်သည့် ပြစ်မှုတိုင်းအတွက် ပြစ်မှုကျူးလွန်သူအား ငွေဒဏ်သက်သက်ချမှတ်ရာ၌သော်လည်းကောင်း ငွေဒဏ်မဆောင်လျှင် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူအား ပြစ်ဒဏ်ချမှတ်သည့် တရားရုံးက ထောင်ဒဏ်ချမှတ်ခွင့်ရှိစေရမည်။ ထိုထောင်ဒဏ်ကို ချမှတ်ပြီးဖြစ်သော အခြားထောင်ဒဏ်၌သော်လည်းကောင်း၊ ပြောင်းလဲပေးသည့် အခြားထောင်ဒဏ်၌သော်လည်းကောင်း ထည့်ပေါင်းရမည်။"

တစ်မှုတည်းတွင်ရှိသော ပြစ်မှုတစ်ရပ်ထက်များသော ပြစ်မှုများအတွက်ဖြစ်စေ အမှုအသီးသီးရှိ ပြစ်မှုများအတွက်ဖြစ်စေ တရားခံအပေါ် ငွေဒဏ်သတ်မှတ်စီရင်ရာ၌ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်သူ တရားခံအား ကျခံစေရမည့် ထောင်ဒဏ်ကာလများကို တစ်ပြိုင်တည်း (တပေါင်းတည်း) ကျခံစေနိုင်သော စီရင်ပိုင်ခွင့်အာဏာကို တရားရုံးများသို့ အပ်နှင်းထားခြင်း မရှိချေ။ နှစ်မှုလုံးတွင် မူရင်းပြစ်ဒဏ်နှင့် ငွေဒဏ်မဆောင်ပျက်ကွက်သည့် ထောင်ဒဏ်တို့ကို တပေါင်းတည်း ချမှတ်နိုင်ခွင့် မရှိကြောင်း **Union of Burma Vs Aye Mg** အမှု[၁] နှင့် **Union of Burma Vs Mg Ko Lay** အမှု[၂] တို့တွင် ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့အတွက် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၄/၉၄ တွင် ချမှတ်သော နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ အလုပ်နှင့် ထောင် (၇) နှစ်နှင့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၅/၉၄ တွင် ချမှတ်ခဲ့သည့် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ်တို့ကိုသာ တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်နိုင်ခွင့်ရှိပြီး၊ အဆိုပါ အမှုအသီးသီးတွင် ထပ်ရိုက်သော ငွေဒဏ်များ မဆောင်သဖြင့် ပျက်ကွက်သော ထောင်ဒဏ်ကာလများကိုမူ တပေါင်းတည်း ကျခံစေရန် ချမှတ်နိုင်ခွင့်မရှိသဖြင့် အမှုနှစ်မှုမှ ပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေရန် ဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏ အမိန့်မှာ ရှင်းလင်းပြတ်သားမှု မရှိသည့်အပြင် ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။ တစ်မှုချင်းစီတွင်ရှိနေသော မူရင်း ထောင်ဒဏ်နှင့် ငွေဒဏ်မဆောင် ပျက်ကွက်သည့်အတွက် ကျခံရမည့် ထောင်ဒဏ်တို့ကို တပေါင်း

---

၁။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၃၆၂။

၂။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၅၂၂။

တည်း ကျခံစေနိုင်ခွင့် မရှိသကဲ့သို့၊ အခြားအမှုမှ ငွေဒဏ်မဆောင် ပျက်ကွက်သောကြောင့် ကျခံရမည့် ထောင်ဒဏ်တို့ကို တပေါင်းတည်း ကျခံစေရန် စီရင်ပိုင်ခွင့် မရှိချေ။

ထို့ကြောင့် တရားရုံးချုပ်၏ အမိန့်ကို ပယ်ဖျက်၍ အယူခံ တရားခံ သန်းဦးအပေါ် မူလ တနင်္သာရီတိုင်း တရားရုံး (ကော့သောင်းခရိုင်) က ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၄/၉၄ နှင့် ၇၅/၉၄ တို့တွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ ကျခံရမည့် မူရင်း ပြစ်ဒဏ်ဖြစ်သော အလုပ်နှင့် ထောင် (၇) နှစ်နှင့် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ကျခံရမည့် မူရင်း ပြစ်ဒဏ်ဖြစ်သော အလုပ်နှင့် ထောင် (၅) နှစ်တို့ကို တပေါင်းတည်း ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

အဆိုပါ အမှုများတွင် တနင်္သာရီတိုင်း တရားရုံး (ကော့သောင်းခရိုင်) က တပ်ရိုက်သည့် ဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်ပါက ကျခံရမည့် သတ်မှတ်ထားသော ထောင်ဒဏ်ကာလများကိုမူ သီးခြားသာ ကျခံစေရမည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ဦးအောင်ထွန်း*

+ ၁၉၉၇
အောက်တိုဘာလ
၁၄ ရက်

**"မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ခြင်း တို့ ပေါ်ပေါက်သည့်တိုင် ပြုလုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းအတွက် ပြစ်မှုတစ်ရပ်တည်းဖြစ် စီရင်ခြင်း မှန်မမှန်"**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂ (က) တွင် "ပြစ်မှု" (ACT) ဆိုသော စကားရပ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်သော "ပြုလုပ်မှု" (ACT) သို့မဟုတ် "ပျက်ကွက်မှု" (OMISSION) ကို ရည်ညွှန်းကြောင်း ပြဆိုထားပြီး သီးခြားပြစ်မှု အရပ်ရပ်အတွက် ခွဲချက်သီးခြားစီဖြင့် စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ နှင့် ၂၃၅ တို့တွင် ပြဋ္ဌာန်းထားသည်။ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများနှင့် သုံးစွဲသည့် ကိရိယာများ သိမ်းဆည်းရမိခြင်းမှာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ ပြစ်မှုထင်ရှားစီရင်ရမည့် ပြုလုပ်မှုတစ်ခု (ONE ACT) ဖြစ်ပြီး ယင်း မူးယစ်ဆေးဝါးများကို သတ်မှတ်ထားသော သက်ဆိုင်ရာ မှတ်ပုံတင်ဌာနတွင် မှတ်ပုံမတင်ဘဲ သုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဥပဒေပုဒ်မ ၁၄ (ဃ) ဖြစ် ပြစ်မှုထင်ရှားစီရင်ရမည့် သီးခြားဖြစ်သော ပျက်ကွက်မှု (SEPERATE OMISSION) သာဖြစ်သည်။

---

* ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၆

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံအမှုအမှတ်၈၁၂တွင် ချမှတ်သော ၇-၁၀-၉၄ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

အယူခံတရားလိုအတွက် – ဦးစံသာကျော်၊ ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

ကျွန်းလှမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၉/၉၂တွင် ဦးအောင်ထွန်းအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းသောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ၁၄ (ဃ) တို့အရ စွဲချက်တင်ခဲ့ပြီးနောက် ပုဒ်မ ၁၄ (ဃ) အရ အလုပ်နှင့် ထောင် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ပုဒ်မ ၆ (ခ) အရ အပြစ်မရှိဟု သုံးသပ်၍ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်။ အဆိုပါ အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တရားရုံးချုပ်သို့ အယူခံမှုအမှတ် ၈၁၂/၉၃ ကို တင်သွင်းသော်လည်း မအောင်မြင်သဖြင့် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် ဆက်လက် လျှောက်ထားခဲ့ရာ အောက်ပါ အရေးယူလောက်သော ပြဿနာကို စုံညီရုံးဖြင့် ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

> "မူးယစ်ဆေးဝါးသုံးစွဲသူထံမှ ၎င်းသုံးစွဲသော မူးယစ်ဆေးဝါးပမာဏကို မူးယစ်ဆေးဝါးသုံးစွဲသည့် ကိရိယာနှင့်တကွ ဖမ်းဆီးရမိသော အမှုတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ မှတ်ပုံတင်ရန် ပျက်ကွက်သည့် ပြစ်မှုနှင့်သာ အပြစ်ပေး၍ လက်ဝယ်ထားသည့် ပြစ်မှုဖြင့် အပြစ်မပေးခြင်းမှာ ဥပဒေအရ မှန်မမှန်"

အမှုမှာ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် မော်ကယ်အရှေ့ရွာနေ ဦးအောင်ထွန်း၏နေအိမ်သို့ စခန်းမှူး ဒုရဲအုပ်ထွန်းထွန်းဝင်းနှင့်အဖွဲ့က ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များနှင့်အတူ ၂၀-၇-၉၂ နေ့ ည (၁၀:၅၀) နာရီခန့်တွင် သတင်းအရ ဝင်ရောက် ရှာဖွေကြရာ အလေးချိန် ဘိန်းမဲတစ်ပြားသားခန့် တစ်ထုပ်နှင့် ဘိန်းရှူပြွန် အပါအဝင် ဘိန်းရှူရာတွင် အသုံးပြုသော ပစ္စည်းကိရိယာ စုစုပေါင်း (၁၂) မျိုးကိုတွေ့ရသဖြင့် တိုင်ချက်ရေးဖွင့်ခဲ့သော အမှုဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက အဓိကထား၍ တင်ပြရာ၌ အယူခံ တရားခံ ဦးအောင်ထွန်းသည် မူးယစ်ဆေးဝါး သုံးစွဲသူဖြစ်ကြောင်း ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာ (သက်သေခံ–ခ) အရ ပေါ်ပေါက်သည့်အပြင် ၎င်း၏ နေအိမ်မှ ဘိန်းမဲတစ်ပြားသားခန့်နှင့် ဘိန်းရှူကိရိယာများ တွေ့ရှိခဲ့ကြောင်းလည်း ထင်ရှား

သောကြောင့် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ၁၄ (ဃ) တို့အရ သီးခြားစွဲချက် နှစ်ရပ်ဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၅ (ခ) နှင့်အညီ ပြစ်မှုထင်ရှားစီရင်ရန် သင့်ကြောင်း ရေးသားတင်ပြ လျှောက်လဲသွားသည်။

တရားခံ ဦးအောင်ထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခြင်းမှာ ညအချိန်ဖြစ်သဖြင့် နည်းဥပဒေအရ ရှာဖွေဝရမ်းလိုအပ်သည့်အပြင် ရှာဖွေသက်သေ ဦးစံကျော်နှင့် ဦးဖဲမောင်တို့မှာ ရှာဖွေပြီးနောက်မှ ရောက်လာကြသူများဖြစ်သောကြောင့် ရှာဖွေခြင်းမှာ နည်းဥပဒေနှင့် မညီဟု ဆုံးဖြတ်၍ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ စွဲချက်နှင့် စပ်လျဉ်းပြီး ကျွန်းလှမြို့နယ်တရားရုံးက အမှုမှ အပြီး အပြတ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ရှေ့နေချုပ်ရုံးက တင်သွင်းသော အယူခံအမှုအမှတ် ၈၁၂/၉၃ တွင် တရားရုံးချုပ်က မြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြု၍ အယူခံမှုကို ပလပ်ရာ၌ အောက်ပါအတိုင်း သုံးသပ်ထားသည်။

> "ဦးအောင်ထွန်းမှာ ဆေးသုံးစွဲသူဖြစ်သည်မှာ ပေါ်ပေါက်ခြင်း၊ ဘိန်းရှူကိရိယာများ ၎င်းထံမှ တွေ့ရှိခြင်း၊ ၎င်းထံမှ ဘိန်းမဲတစ်ပြားသားတွေ့ရှိခြင်းတို့ကြောင့် ၎င်းသည် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ၁၄ (ဃ) တို့တွင် အကျုံးဝင်သော ပြုလုပ်မှု တစ်ခုတည်းကိုသာ ပြုလုပ်ခဲ့သည်ဟု ယူဆရမည်ဖြစ်သည်"

သို့ဖြစ်ရာ တရားခံ ဦးအောင်ထွန်း၏ နေအိမ်သို့ ညအချိန်ဝင်ရောက်ရှာဖွေခြင်းမှာ နည်းဥပဒေနှင့်အညီ မဟုတ်၍ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးပစ္စည်းများနှင့် စပ်လျဉ်းပြီး ဦးအောင်ထွန်းတွင် တာဝန်မရှိကြောင်း မြို့နယ်တရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်ကို တရားရုံးချုပ်က အယူခံမှုတွင် လက်ခံခဲ့ခြင်း မဟုတ်ဘဲ ဦးအောင်ထွန်းထံမှ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိခြင်းနှင့် ဦးအောင်ထွန်းသည် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ခြင်းတို့ ပေါ်ပေါက်သည့်တိုင် ဦးအောင်ထွန်းသည် ပြုလုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်သောကြောင့် ပုဒ်မ ၁၄ (ဃ) ပါ ပြစ်မှုတစ်ရပ်တည်းဖြင့် စီရင်ခြင်းမှာ လုံလောက် မှန်ကန်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။

သို့အတွက် နေအိမ် ဥပစာအတွင်းမှ မူးယစ်ဆေးဝါးများ တွေ့ရှိရမှုနှင့် မှတ်ပုံတင်မတင်ဘဲ မူးယစ်ဆေးဝါးသုံးစွဲမှုတို့ကို ဦးအောင်ထွန်းသည် ပြုလုပ်မှု (ACT) တစ်ခုတည်း ပြုလုပ်ခြင်းဖြင့် ကျူးလွန်ခြင်း ဟုတ်မဟုတ် ဆိုသော အချက်ကိုလည်း စိစစ်သုံးသပ်ရန်ရှိပေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂ (က) တွင် "ပြစ်မှု (OFFENCE) ဆိုသော စကားရပ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်သော "ပြုလုပ်မှု" (ACT) သို့မဟုတ် "ပျက်ကွက်မှု" (OMISSION) ကို ရည်ညွှန်းကြောင်းပြဆိုထားပြီး သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်သီးခြားစီဖြင့် စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ နှင့် ၂၃၅ တို့တွင် ပြဋ္ဌာန်းထားသည်။

ဤအမှုတွင် ဦးအောင်ထွန်းထံမှ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများနှင့် သုံးစွဲသည့် ကိရိယာများ သိမ်းဆည်းရမိခြင်းမှာ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၉ (ခ) အရ ပြစ်မှုထင်ရှားစီရင်ရမည့် ပြုလုပ်မှုတစ်ခု (ONE ACT) ဖြစ်ပြီး ယင်းမူးယစ်ဆေးဝါးများကို သတ်မှတ်ထားသော သက်ဆိုင်ရာ မှတ်ပုံတင်ဌာနတွင် မှတ်ပုံမတင်ဘဲ သုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဥပဒေပုဒ်မ ၁၄ (ဃ) ဖြင့် ပြစ်မှုထင်ရှားစီရင်ရမည့် သီးခြားဖြစ်သော ပျက်ကွက်မှု (SEPERATE OMISSION) သာဖြစ်သည်။ မှတ်ပုံမတင်ဘဲ မူးယစ်ဆေးဝါးသုံးစွဲသည့် ပြစ်မှုကို မူးယစ်ဆေးဝါး တရားမဝင်လက်ဝယ်ထားရှိရုံမျှဖြင့် ကျူးလွန်ခြင်း မရှိသေးချေ။ မူးယစ်ဆေးဝါးကို တရားမဝင်လက်ဝယ်ထားရှိခဲ့သော ပြစ်မှုကို ကျူးလွန်ပြီးနောက်မှသာ ထိုမူးယစ်ဆေးဝါးကို သုံးစွဲသည့် သီးခြားဖြစ်သောပြစ်မှု (SEPERATE OFFENCE) ကို ထပ်မံကျူးလွန်ခြင်းသာ ဖြစ်ပေသည်။

သီးခြားစီဖြစ်သော ပြစ်မှုနှစ်ရပ်ကို ဦးအောင်ထွန်းက ကျူးလွန်ခဲ့ခြင်း ဖြစ်သဖြင့် ၎င်းအပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ၁၄ (ဃ) တို့အရ ပြစ်မှုနှစ်ရပ်ဖြင့် ကျွန်းလှမြို့နယ် တရားရုံးက စွဲချက်တင်စစ်ဆေးခဲ့ခြင်းမှာ အထက်တွင် ဆိုခဲ့သည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ၂ (ဏ)၊ ပုဒ်မ၂၃၃ နှင့် ၂၃၅ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှန်ကန်သည်။

ပြစ်မှုထင်ရှားစီရင်ရာ၌လည်း ဘိန်းအပါအဝင် ဘိန်းရှုကိရိယာများ လက်ဝယ်တွေ့ရှိခြင်းနှင့် ဘိန်းသုံးစွဲခြင်းအတွက် ပြစ်မှုနှစ်ရပ်လုံးကို ပြုလုပ်မှု

တစ်ခုတည်းဖြင့်သော ပြုလုပ်ကျူးလွန်နိုင်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်ကို အထောက်အထားပြု၍ ဦးအောင်ထွန်းအား လက်ဝယ်ထားရှိသော ပြစ်မှုတစ်ရပ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်မပေးဘဲ စီရင်ပိုင်ခွင့်ရှိမည်ဖြစ်ပေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ နှင့် ဥပမာ (က) တွင် အောက်ပါ အတိုင်းပြဋ္ဌာန်းထားပါသည်–

"၇၁ ။ ။ တစ်ခုစီပြစ်မှုမြောက်သော အစိတ်အပိုင်းများပေါင်းနေသည့် ပြစ်မှုကို ကျူးလွန်သူအား အတိအလင်းပြဋ္ဌာန်းချက် မရှိပါက၊ ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများအနက်၊ ပြစ်မှုတစ်ခုခုအတွက်ပေးနိုင်သော ပြစ်ဒဏ်ထက်ပို၍ မပေးရ။

x x x x x x x x

x x x x သို့တည်းမဟုတ်

တစ်ခုစီ ခွဲယူလျှင် ပြစ်မှု တစ်ခုမြောက်သည်လည်း ဖြစ်၍သို့တည်းမဟုတ် တစ်ခုထက်ပိုမှ ပြစ်မှုမြောက်သည်လည်း ဖြစ်၍ စုပေါင်းယူလျှင် အခြားပြစ်မှု တစ်ခုလည်း မြောက်သော ပြုလုပ်မှု အမျိုးမျိုးကို ကျူးလွန်သူအား၊

စစ်ဆေးသော တရားရုံးက အထက်ပါ ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကိုမပေးရ၊

**ဥပမာများ**

(က) မောင်ဖြူက မောင်နီကို တုတ်နှင့် အချက်ငါးဆယ်ရိုက်၏။ ရိုက်နှက်သည့်အချက်များကို စုပေါင်း၍ လည်းကောင်း၊ တစ်ချက်စီခွဲ၍လည်းကောင်း၊ မောင်နီအား နာကျင်စေရန် မိမိအလိုအလျောက် ပြုလုပ်သော ပြစ်မှုကို မောင်ဖြူကျူးလွန်ရာရောက်သည်။ မောင်ဖြူသည် အချက်တိုင်းအတွက် ပြစ်ဒဏ်ထိုက်သင့်ရမည်ဆိုပါက၊ တစ်ချက်လျှင် တစ်နှစ်ကျ နှစ်ပေါင်းငါးဆယ်ထောင် အကျဉ်းခံရမည် ဖြစ်သည်။ သို့ရာတွင် မောင်ဖြူသည် ရိုက်နှက်သော အချက်အားလုံး အတွက် ပြစ်ဒဏ်တစ်ရပ်တည်းအတွက်သာ ချမှတ်ခြင်းခံရမည်။"

သို့ဖြစ်ရာ မူးယစ်ဆေးဝါးနှင့် သုံးစွဲကိရိယာများ လက်ဝယ်ထားခဲ့သော ဦးအောင်ထွန်း၏ ပြုလုပ်မှုနှင့် အဆိုပါ မူးယစ်ဆေးဝါးကို မှတ်ပုံမတင်ဘဲ သုံးစွဲသော ပြုလုပ်မှုများမှာ စုပေါင်းယူမှ ပြစ်မှုတစ်ရပ်မြောက်သည့် ပြုလုပ်မှုများ မဟုတ်သည့်အပြင် ပြုလုပ်မှု တစ်ရပ်စီအတွက် သီးခြား ပြစ်မှု အသီးသီးကို ကျူးလွန်ခြင်းဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ

၇၁ တွင် ပြဋ္ဌာန်းထားသည့် ပြုလုပ်မှုများကို တစ်ခုစီခွဲယူလျှင် ပြစ်မှုများ မြောက်ပြီး ပြုလုပ်မှုများကို စုပေါင်းယူသည့်အခါ အခြားပြစ်မှုတစ်ခု မြောက်သည့် ပြုလုပ်မှုများ မဟုတ်ကြောင်း ထင်ရှားသည်။

သို့အတွက် ဘိန်းမဲနှင့် ဘိန်းရှူကိရိယာများတွေ့ရှိ သိမ်းဆည်းရမိခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို ပြုလုပ်ခဲ့သော ဦးအောင်ထွန်း၏ ပြုလုပ်မှုများ သည် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ၁၄ (ဃ) တို့တွင် အကျုံးဝင်သော ပြုလုပ်မှု တစ်ခုတည်းကိုသာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်၏ သုံးသပ်ချက် မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂ (က)၊ ယင်း ဥပဒေပုဒ်မ ၂၃၃၊ ၂၃၅ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ် မှန်ကန်သည်ဟု မဆိုင်နိုင်ချေ။

အများပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော အိမ်အတွင်းသို့ သတင်းအရ ဒုရဲအုပ်အဆင့်ထက် မနိမ့်သော ရဲတပ်ဖွဲ့ဝင်က နေ့အချိန် (နေထွက်ချိန်နှင့် နေဝင်ချိန်ကြားကာလ) တွင် ဝရမ်းမပါဘဲ ဝင်ရောက် ရှာဖွေနိုင်သော်လည်း ညအချိန် (နေဝင်နှင့် နေထွက်ချိန်ကြားကာလ) ဖြစ်လျှင်မူ ရှာဖွေရန် အမိန့်ဝရမ်းပါမှသာ ဝင်ရောက်ရှာဖွေနိုင်ခွင့်ရှိကြောင်း ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ ပုဒ်မ ၄၉ (က) တွင် ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် ဦးအောင်ထွန်း၏ နေအိမ်သို့ ဒုရဲအုပ် ထွန်းထွန်းဝင်းနှင့်အဖွဲ့က ရှာဖွေရန် အမိန့်မပါဘဲ ညအချိန်ဝင်ရောက် ရှာဖွေခြင်းကြောင့်လည်းကောင်း၊ ရှာဖွေ သက်သေများမှ ရှာဖွေပြီးမှ ရောက်လာကြခြင်းကြောင့်လည်းကောင်း၊ နည်းဥပဒေနှင့် မညီညွတ်သဖြင့် တွေ့ရှိ သိမ်းဆည်းခဲ့သော မူးယစ်ဆေးဝါး ပစ္စည်းများနှင့် ပတ်သက်ပြီး ဦးအောင်ထွန်းအား လက်ဝယ်တွေ့ရှိမှုနှင့် အပြစ်ပေးရန်အားနည်းနေသည်ဟု မြို့နယ်တရားရုံးက သုံးသပ်၍ အပြီးအပြတ် လွှတ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် မူလရုံးအမှုတွဲရှိ ရှာဖွေပုံစံ (သက်သေခံ-က) တွင် ရှာဖွေ သက်သေ (၃) ဦး လက်မှတ်ရေးထိုးထားပြီး ယင်းသို့ အထက်မှ အဓိက သက်သေဖြစ်သော ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစမောင် (လိုပြ ၁) က ဘိန်းမဲပါသော ပလစ်စတစ်အထုပ်တစ်ထုပ်ကို ၎င်းကိုယ်တိုင် ဦးအောင်ထွန်း၏ နေအိမ်တံစက်မြိတ်အောက်မှ တွေ့ရပြီး မေးမြန်းရာ ဦးအောင်ထွန်းက ၎င်း၏ ပစ္စည်းဖြစ်သည်ဟု ဝန်ခံကြောင်း

၁၉၉၇
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးအောင်ထွန်း

ဘိန်းရှုကိရိယာများကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း ရုံးရှေ့တွင် ထွက်ဆိုခဲ့သည်။ အဆိုပါ ထွက်ဆိုချက်အပေါ် ဦးအောင်ထွန်းက တစ်စုံတစ်ရာ ပြန်လှန်မေးမြန်းထားခြင်း မတွေ့ရချေ။ သို့ဖြစ်ရာ မူးယစ်ဆေးဝါးပစ္စည်းများ အမှန်တကယ် တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း အငြင်းမပွားသဖြင့် မူးယစ်ဆေးဝါးအမှန်တကယ်တွေ့ခဲ့ခြင်း ဟုတ်မဟုတ် သိသာထင်ရှားစေရန် ပြုလုပ်ထားသော နည်းဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာတွင် လိုအပ်ချက်အနည်းငယ်ရှိခဲ့ခြင်းဖြင့် အမှုတစ်ခုလုံး ပျက်ပြယ်ခြင်း မရှိနိုင်ပေ။ အဆိုပါ မူသဘောကို **ဒေါ်သိန်းကြည် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] နှင့် **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် မောင်တင်ညွန့် အမှု**[၂] တို့တွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ဦးအောင်ထွန်းအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် စပ်လျဉ်း၍ အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော ကျွန်းလှမြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏ အမိန့်တို့ကို ပယ်ဖျက်ပြီး ဦးအောင်ထွန်းအား အဆိုပါ ဥပဒေပုဒ်မ ၆ (ခ) အရ အလုပ်နှင့် ထောင် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ဤအပြစ်ဒဏ်နှင့် ပုဒ်မ ၁၄ (ဃ) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရမည့် ပြစ်ဒဏ်တို့ကို တပေါင်းတည်းကျခံစေရမည်။

---

၁။ ၁၉၇၈ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံးများ၊ စာ ၁၁၃

၂။ ၁၉၈၀ ပြည့်နှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံး၊ စာ–၃၆။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

## တရားရုံးချုပ်၊ တရားသူကြီး ဦးတင်အုံး ရှေ့တွင်

+ ၁၉၉၇
နေနဝါရီလ
၇ ရက်

ဦးဘိုကြိုင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂*

**စီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက် တစ်ကြိမ်စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ–၂၅၃ (၁) အရ စွဲချက်မတင်မီ လွှတ်ခြင်းခံရသူသည် ၎င်းပြစ်မှုနှင့် ထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးခြင်းပြုနိုင်၊ မပြုနိုင်**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ–၄၀၃ ၏ အဓိပ္ပာယ် ရှင်းလင်းချက်တွင် တရားခံကို စွဲချက်မတင်မီ လွှတ်ထားခြင်းသည် ပုဒ်မ–၄၀၃ ပါ ကိစ္စများအလို့ငှာ အမှုမှ အပြီးအပြတ်လွှတ်ခြင်း မဟုတ်ကြောင်း ရှင်းလင်းထားသည်။ တရားခံတစ်ယောက်ကို စွဲချက်မတင်မီ လွှတ်ခြင်းသည် ၎င်းအား အမှုမှအပြီးအပြတ် လွှတ်ရာမရောက်ပေ။ ပထမအကြိမ် စစ်ဆေးစဉ်က စွဲချက်မတင်မီလွှတ်ခဲ့သော အမှုတစ်မှုတွင် ပထမအစွပ်စွဲခံရသည့် ပြစ်မှုနှင့် စပ်လျဉ်းပြီး တရားခံကို အသစ်တဖန် စစ်ဆေးခြင်းမပြုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၌ တားမြစ်ချက် မရှိပေ။ ထို့ကြောင့် စွဲချက်မတင်မီ လွှတ်မိန့်ချမှတ်ခဲ့သော တရားသူကြီးကဖြစ်စေ၊ အခြားအဆင့်တူ တရားသူကြီးကဖြစ်စေ၊ အသစ်ထပ်မံတင်သော တိုက်ရိုက်လျှောက်လွှာကို လက်ခံနိုင်ခွင့်ရှိသည်။ အမှုကို အသစ်တဖန်ဆောင်ရွက်ခြင်း မပြုမီ ယခင်ချမှတ်ခဲ့သည် စွဲချက်မတင်မီ လွှတ်သည့် အမိန့်ကို ပယ်ဖျက်ရန် လိုမည်မဟုတ်ပေ။ သို့ဖြစ်၍ မူလတရားရုံး၏ အမှုအား ချေဖျက်ပေးရန် အကြောင်းပေါ်ပေါက်ခြင်း မရှိပေ။

---

* ၁၉၉၆ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၃၄

\+ ၁၉၉၆ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇ ဝမ်းတွင်းမြို့နယ် တရားရုံး၏ အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးပါရန် လျှောက်ထားမှု

လျှောက်ထားသူအတွက် - ဒေါ်လှလှမြင့်၊
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ၁။ ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးကောင်းမြင့်၊ တရားရုံးချုပ်ရှေ့နေ

ဝမ်းတွင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇/၉၆ တွင် မူလရုံးက ဦးဘိုကြိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူစစ်ဆေးလျက်ရှိရာ ၎င်းအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် ဦးဘိုကြိုင်က တရားရုံးချုပ်သို့ အထွေထွေ လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ဝမ်းတွင်းမြို့နယ် ပျားစွဲကျေးရွာနေ ဦးလှိုင်က မိမိသည် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ လူခင်အုပ်စု ကျေးရွာငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်၍ ဦးဘိုကြိုင်သည် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သူဖြစ်ကြောင်း၊ ၁၉၉၂ ခုနှစ်အတွင်း၌ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ တာဝန်ပေးချက်အရ ဘုရားဖြူရွာနှင့် ရွှေပေါက်ကျွန်းလမ်းဖောက်လုပ်ရေးလုပ်ငန်းကို ဥက္ကဋ္ဌဦးဘိုကြိုင်က ဦးစီးပြီး ဖောက်လုပ်ခဲ့ကြောင်း၊ ထိုသို့ လမ်းဖောက်ရာတွင် ကျေးရွာအုပ်စုရှိလူများ ထံမှ ငွေကြေးကောက်ခံ၍လည်းကောင်း၊ လုပ်အားပေးစေခြင်းဖြင့် လည်းကောင်း ဖောက်လုပ်ခဲ့ကြောင်း၊ ၁၇-၆-၉၂ နေ့တွင် ဦးဘိုကြိုင်၏ အိမ်၌ ဦးလှိုင်၊ ဦးဘိုခင်၊ ဦးသိန်းမော်တို့ရှိနေစဉ် ဦးဘိုကြိုင်မှ တံတား အတွက် သစ်ဝယ်ရန်ငွေလို၍ ငွေခေတ္တအကူအညီပေးပါရန် ပြောကြောင်း၊ ၂၇-၆-၉၂ နေ့တွင် ပထမအကြိမ် ငွေကျပ် ၁၅၀၀၀/- ကို မိမိက ဦးဘိုကြိုင်သို့ ပေးခဲ့ကြောင်း၊ ထိုသို့ ပေးသည်မှာ ဦးထွန်းရွှေ၏ ရှေ့တွင် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၈-၆-၉၂ နေ့တွင် ကိုမဲထမင်းဆိုင်၌ ငွေကျပ် ၅၀၀၀/-ကို မိမိက ဦးဘိုကြိုင်သို့ ပေးခဲ့ကြောင်း၊ ဦးထွန်းရွှေ၏ ရှေ့တွင် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၃၀-၆-၉၂ နေ့တွင် မိမိက ဦးဘိုကြိုင်သို့ ငွေကျပ် ၂၀၀၀၀/- ပေးခဲ့ကြောင်း၊ ကျေးရွာမှ ငွေများကောက်ခံရရှိပြီး ဖြစ်သောအခါ ထိုငွေကျပ် ၄၀၀၀၀/-ကို ပြန်တောင်းရာ ဦးဘို ကြိုင်က အကြောင်းအမျိုးမျိုးပြ၍ ပြန်မပေးသောကြောင့် ၎င်းအပေါ် အရေးယူပေးပါ ရန် ဝမ်းတွင်းမြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသည့် အမှုဖြစ်သည်။

လျှောက်ထားသူက အမှုချေဖျက်ပေးရန် အဓိကအကြောင်းပြချက်အဖြစ် လျှောက်ထားသူ ဦးဘိုကြိုင်အပေါ် ဒုတိယမြို့နယ် တရားသူကြီးရုံး၌ လျှောက်ထားခံရသူ ဦးလှိုင်က ပထမအကြိမ် အရေးယူပေးပါရန် လျှောက်ထားခဲ့ရာ တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူ စစ်ဆေးခဲ့ကြောင်း၊ ၎င်းအမှုမှာ ဝမ်းတွင်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉၆/၉၆ ဖြစ်ကြောင်း၊ ၎င်းအမှုတွင် တရားလိုပြသက်သေများမှာ ဦးသောင်းနှင့် ဦးပေါရှောင်တို့ဖြစ်ကြောင်း၊ တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် တရားရုံးက လျှောက်ထားသူ ဦးဘိုကြိုင်အား တရားရှင်လွှတ်ခဲ့ကြောင်း၊ ၂၇-၆-၉၆ နေ့တွင် ဦးလှိုင်က လျှောက်ထားသူအပေါ် ထပ်မံ၍ ဒုတိယအကြိမ်စွဲဆိုရာ ဝမ်းတွင်းမြို့နယ် တရားရုံးက လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ထပ်မံ၍ အရေးယူစစ်ဆေးခဲ့ကြောင်း၊ ၎င်းအမှုမှာ ဝမ်းတွင်းမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇/၉၆ ဖြစ်ကြောင်း၊ ဒုတိယစွဲဆိုသည့် အမှုတွင် တရားလိုပြသက်သေများအဖြစ် ဦးထွန်းရွှေ၊ ဦးဘိုခင်၊ ဦးဝင်းကြိုင်၊ ဦးသိန်းမောင်တို့ကို သက်သေအသစ်များအဖြစ် တင်ခဲ့ကြောင်း၊ လျှောက်ထားသူသည် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း မရှိဘဲ ထပ်မံ၍ စွဲဆိုသည်မှာ ဥပဒေအရ မှားယွင်းကြောင်း၊ သို့ဖြစ်ပါ၍ ဒုတိယစွဲဆိုသည့် အမှုကို ပယ်ဖျက်ပေးပါရန် တင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက လျှောက်ထားသူ ဦးဘိုကြိုင်ကို ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉၆/၉၆ တွင် တရားရှင်လွှတ်ပေးခဲ့ခြင်းသည် တရားလိုပြ သက်သေများတွင် မူလတရားရုံး တရားလို ဦးလှိုင်က မူလရုံး တရားခံ ဦးဘိုကြိုင်သို့ ငွေ ၄၀၀၀၀/-ကျပ်ကို ပေးခြင်း မဟုတ်ဘဲ သစ်အဝယ်တော် ဦးထွန်းရွှေသို့ ပေးခဲ့ခြင်းဖြစ်သည်ဟု မူလရုံးကကောက်ယူသုံးသပ်ဆုံးဖြတ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူ ဦးလှိုင်မှ လျှောက်ထားသူ ဦးဘိုကြိုင်အပေါ်သို့ ဝမ်းတွင်းမြို့နယ် တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇/၉၆ ဖြင့် ထပ်မံတရားစွဲဆိုခဲ့ခြင်းကို မူလရုံးက လက်ခံပြီး စစ်ဆေးနေခြင်းမှာ ဥပဒေအရ လွဲမှားမှုမရှိကြောင်း၊ မူလရုံးတရားလို ဦးလှိုင်သည် မူလရုံးတရားခံ ဦးဘိုကြိုင်အပေါ် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆၈၇/၉၆ ဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုခဲ့ရာတွင် ပြစ်မှုကြောင်းဖြင့် အရေးယူရန် မလုံလောက်သော ဥပဒေအကြောင်းခြင်းရာများဖြင့် တရားစွဲဆိုခဲ့ခြင်း မဟုတ်ဘဲ တိကျသော

အကြောင်းအချက်များကို အခြေခံ၍ တရားစွဲဆိုခဲ့ခြင်းဖြစ်သောကြောင့် မူလရုံးက (၂၇-၆-၉၆) နေ့တွင် အမှုကို လက်ခံပြီး မူလရုံးတရားလို ဦးလှိုင်ကိုပင် စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ ဦးဘိုကြိုင်၏ အထွေထွေမှု အမှတ် ၃၄/၉၆ အား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိက ဦးဘိုကြိုင်အား ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉၆/၉၆ အမှုတွင် တရားရှင် လွှတ်ခဲ့ပြီးနောက် တရားလို ဦးလှိုင်က ဦးဘိုကြိုင်အား အဆိုပါ ပြစ်မှုကိုပင် တရားလိုပြသက်သေများ ပြောင်းလဲထည့်သွင်းပြီး ထပ်မံတိုက်ရိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက (၂၇-၆-၉၆) နေ့တွင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇/၉၆ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ ဖြင့် အရေးယူရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ ထို့ကြောင့် မူလရုံးတရားခံ - ဦးဘိုကြိုင်က မိမိအပေါ် တရားလို စွဲဆိုခဲ့သော အမှုနှင့် ယခုထပ်မံစွဲဆိုသော အမှုတို့၏ မှုပြစ်ကြောင်းခြင်းရာတူညီခြင်း၊ စွဲဆိုသော ဥပဒေပုဒ်မ တူညီနေခြင်း ဖြစ်ပါလျက် လက်ခံကြားနာစစ်ဆေးခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း၊ တရားခံများစွာ နစ်နာစေမှုဖြစ်ပေါ်စေခဲ့ကြောင်း အကြောင်းပြ၍ အချင်းဖြစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇/၉၆ အမှုတွဲကို ချေဖျက်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ကြောင်း၊ ယခင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉၆/၉၆ အမှုတွဲရှိ (သက်သေခံ-က) စာအရ အချင်းဖြစ်ငွေများနှင့် ပတ်သက်ပြီး တရားခံက ပြန်လည်ပေးဆပ်နိုင်မှု အခြေအနေများကို ရေးသားထားချက်အရ တရားခံသည် ယင်းငွေများကို တာဝန်ယူထားသူဖြစ်သည်ဟု ပေါ်ပေါက်နေကြောင်း၊ တရားလို ဦးလှိုင် အနေဖြင့် တရားခံထံ ယုံကြည်၍ ခေတ္တချေးခဲ့သော ကျပ်ငွေ ၄၀၀၀၀/- နှင့် ပတ်သက်၍ ကျေးရွာမှ ငွေများ ကောက်ခံရရှိပြီး ဖြစ်သော်လည်း တရားခံက ပြန်မပေးဘဲ ၎င်း၏ ငါးပုံဆန်စက်နှင့် အဝီစိတွင်းတွင် သုံးစွဲထားသည့်ဟု၊ တရားလိုနှင့် လိုပြသက်သေ ဦးထွန်းရွှေတို့၏ ထွက်ဆိုချက်အရ ငြိစွန်းပေါ်ပေါက်နေကြောင်း၊ တရားလို ဦးလှိုင်အနေဖြင့် မူလပထမစွဲဆိုခဲ့သော အမှုတွင် သက်သေများ၏ ဘက်လိုက်ထွက်ဆိုမှုကြောင့် တရားခံအား တရားရှင်လွှတ်ခဲ့ရာတွင် တရားလိုက ခိုင်မာသော သက်သေများကို ထပ်မံပြသပြီး ထိုအမှုကိုပင် ထပ်မံတရားစွဲဆိုခြင်းကို ဥပဒေက ပိတ်ပင်တားမြစ်ထားခြင်း မရှိကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ

ဦးဘိုကြိုင်၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ အမှုချေဖျက်ပေးရန် လျှောက်ထားမှုအား ပလပ်ရန်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

ဤအမှုတွင် ပေါ်ပေါက်သည့် ပြဿနာမှာ စီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက် တစ်ကြိမ်စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၁) အရ စွဲချက် မတင်မီလွှတ်ခြင်း ခံရသူသည် ၎င်းပြစ်မှုနှင့် ထပ်တူပြစ်မှုဖြင့် ထပ်မံစစ်ဆေးစီရင်ခြင်း ပြုနိုင်၊ မပြုနိုင်ပင်ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ၏ အဓိပ္ပာယ် ရှင်းလင်းချက်တွင် တရားခံကို စွဲချက်မတင်မီ လွှတ်ထားခြင်းသည် ပုဒ်မ ၄၀၃ ပါ ကိစ္စများအလို့ငှာ အမှုမှ အပြီးအပြတ်လွှတ်ခြင်း မဟုတ်ကြောင်း ရှင်းလင်းထားသည်။ တရားခံတစ်ယောက်ကို စွဲချက်မတင်မီ လွှတ်ခြင်းသည် ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်ရာမရောက်ပေ။ ပထမအကြိမ် စစ်ဆေးစဉ်က စွဲချက်မတင်မီ လွှတ်ခဲ့သော အမှုတစ်မှုတွင် ပထမအစွပ်စွဲခံရသည့် ပြစ်မှုနှင့် စပ်လျဉ်းပြီး တရားခံကို အသစ်တဖန်စစ်ဆေးခြင်း မပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၌ တားမြစ်ချက် မရှိပေ။ ထို့ကြောင့် စွဲချက်မတင်မီ လွှတ်မိန့်ချမှတ်ခဲ့သော တရားသူကြီးက ဖြစ်စေ၊ အခြားအဆင့်တူ တရားသူကြီးကဖြစ်စေ၊ အသစ်ထပ်မံတင်သော တိုက်ရိုက်လျှောက်လွှာကို လက်ခံနိုင်ခွင့်ရှိသည်။ အမှုကို အသစ်တဖန်ဆောင်ရွက်ခြင်း မပြုမီယခင် ချမှတ်ခဲ့သည့် စွဲချက်မတင်မီ လွှတ်သည့် အမိန့်ကို ပယ်ဖျက်ရန်လိုမည်မဟုတ်ပေ။ သို့ဖြစ်၍ မူလတရားရုံး၏ အမှုအား ချေဖျက်ပေးရန်အကြောင်းပေါ်ပေါက်ခြင်း မရှိပေ။

ထို့ကြောင့် ဝမ်းတွင်းမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၈၇/၉၆ အမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် လျှောက်ထားသည့် ဤအထွေထွေမှုကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

မှုအိလိ (ခ) မှုယောဒီးပါ–၃
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+ ၁၉၉၇
နိုဝင်ဘာလ
၆ ရက်

**"သေစေရန် အကြံဖြင့် တမင်ကားနှင့် တိုက်သတ်ခဲ့ခြင်းမဟုတ်ဘဲ ပေါ့လျော့စွာနှင့် အရမ်းမောင်းနှင်မှုကြောင့် သေဆုံးထိခိုက် အကျိုးပျက်စီးစေခြင်းမှာ လူသတ်မှုသော်လည်းကောင်း၊ လူသတ်မှု မမြောက်သော လူသေမှုသော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှု မဟုတ်"**

**ဆုံးဖြတ်ချက်** ။ ။ "အားပေးကူညီခြင်း" နှင့် "အားပေးကူညီသူ" ၏ အဓိပ္ပာယ်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂ တွင် "ပြုလုပ်မှု" ကို ရည်ညွှန်းသော စကားရပ်များ၌ ဥပဒေနှင့် မညီသော "ပျက်ကွက်မှု"များလည်း သက်ဆိုင်ပါဝင်ကြောင်း ပြဋ္ဌာန်းထားပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၇ ၏ တတိယအချက်တွင် "အားပေး ကူညီခြင်း" ကို ပြုလုပ်မှုဖြင့်လည်း လုပ်ဆောင် ကျူးလွန်နိုင်ခြင်း မဟုတ်ဘဲ ဥပဒေနှင့်မညီသော ပျက်ကွက်မှုဖြင့်လည်း လုပ်ဆောင်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် "အားပေးကူညီသူ" ၏ အဓိပ္ပာယ်ကို ယင်းဥပဒေပုဒ်မ ၁၀၈ ၏ ရှင်းလင်းချက် ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "**ရှင်းလင်းချက် ၁။** ပြုလုပ်မှုတစ်ခုကို ပြုလုပ်ရန် ဥပဒေနှင့်မညီ ပျက်ကွက်ခြင်းကို အားပေးကူညီလျှင် အားပေးကူညီသူသည် မိမိကိုယ်တိုင် ထိုပြုလုပ်မှုကို ပြုရန် တာဝန်မရှိသော်လည်း ပြစ်မှု ကျူးလွန်ရာရောက်နိုင်သည်။"

---

* ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၇

\+ ၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄ တွင် ချမှတ်သော (၂၀–၃–၉၆) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု

**ထပ်မံဆုံးဖြတ်ချက်။** ဥပဒေတွင် တစ်ဦးတစ်ယောက်အား လုပ်ဆောင်ရန် အတိအလင်း တိုက်တွန်းသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို တမင်ပျက်ကွက်ခြင်းမျိုးသာလျှင် ဥပဒေနှင့် မညီသော ပျက်ကွက်မှုဖြစ်ပေသည်။ လူသတ်မှု ယာဉ်တိုက်မှု၊ အပြင်းအထန် နာကျင်စေမှု၊ အကျိုးဖျက်ဆီးမှု ကျူးလွန်နေသူ တရားခံအား မကျူးလွန်ရန်အတွက် တားမြစ်ရမည်ဟူသော ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိသဖြင့် ယင်းသို့ တားမြစ်ရန် ပျက်ကွက်မှုသည် အားပေးကူညီသည်ဟု မည်သို့မျှ ကောက်ယူခြင်း ပြုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုများအတွက် -ဦးအေးသောင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် - ဦးစံသာကျော်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ကချင်ပြည်နယ် တရားရုံး (မြစ်ကြီးနားခရိုင်/ခုံရုံး) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၀၂/၉၅ တွင် အာဆာဂျိုင်းအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့် ထောင် (၁၀) နှစ်၊ ပုဒ်မ ၃၂၅ အရအလုပ်နှင့် ထောင် (၇) နှစ်၊ ပုဒ်မ ၄၂၇ အရ အလုပ်နှင့် ထောင် (၂)နှစ် တို့ကို သီးခြားစီ ကျခံစေရန်နှင့် မူအိလီ (ခ) မူယောဒီး၊ ခီလဲဒူ (ခ) စဲလီဒွေးနှင့် ဆိလဲဒူ (ခ) တီလေးသူတို့ (၃) ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂)/၁၁၄ အရ အလုပ်နှင့် ထောင် (၁၀) နှစ်၊ ပုဒ်မ ၃၂၅/၁၁၄ အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ပုဒ်မ ၄၂၇/၁၁၄ အရ အလုပ်နှင့် ထောင် (၂) နှစ်တို့ကို တပေါင်းတည်းကျခံ စေရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ အမိန့်ကို အာဆာဂျိုင်းက မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၇၂/၉၅ ကိုလည်းကောင်း၊ မူအိလီ (ခ) မူယောဒီးပါ (၃) ဦးတို့က ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၇၄/၉၅ ကို လည်းကောင်း တင်သွင်းခဲ့ကြရာ၊ တရားရုံးချုပ်က တပေါင်းတည်း ကြားနာ၍ အာဆာဂျိုင်းအား ကျခံစေသော ပြစ်ဒဏ်များကို တပေါင်းတည်းကျခံစေရန်နှင့် မူအိလီ (ခ) မူယောဒီးပါ (၃) ဦးတို့အပေါ် ပြစ်မှုထင်ရှား တွေ့ရှိခြင်းကို အတည်ပြုသော်လည်း ပြစ်ဒဏ်ကိုမူ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄ အရ အလုပ်နှင့် ထောင် (၇) နှစ် ပုဒ်မ ၃၂၅/၁၁၄ အရ အလုပ်နှင့် ထောင် (၅) နှစ်နှင့် ပုဒ်မ ၄၂၇/၁၁၄ အရ အလုပ်နှင့်ထောင် (၁) နှစ်တို့ကို တပေါင်းတည်းကျခံစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။

မူအီလီ (ခ) မူယောဒီးပါ (၃) ဦးတို့က တရားရုံးချုပ်၏ အမိန့်ကို မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် အထွေထွေလျှောက်လွှာအမှတ် ၁၆၀/၉၆ ကို တင်သွင်းခဲ့ကြရာ အောက်ပါအရေးယူလောက်သော ပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"ကားဖြင့်တိုက်၍ လူသေအောင်ပြုမှု၊ ဒဏ်ရာရစေမှု၊ အကျိုးပျက်စီးစေမှုတွင် ကျူးလွန်သူ တရားခံနှင့်အတူ ကားပေါ်တွင် ပါရှိသူများသည် တရားခံအား မတားမြစ်မှုကြောင့် ၎င်းတို့အား အဓိကတရားခံကျူးလွန်သည် ဆိုသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄၊ ပုဒ်မ ၃၂၅/၁၁၄ နှင့် ပုဒ်မ ၄၂၇/၁၁၄ တို့အရ ပြစ်မှုထင်ရှားစီရင်ရန် သင့်မသင့်"

အမှုမှာ ၅-၈-၉၅ နေ့ ညနေ (၅) နာရီခန့်တွင် မြစ်ကြီးနား ဒီကရိကောလိပ်မှ ကျောင်းသူ မခင်မာတင်နှင့် မစိန်တို့နှစ်ဦးသည် မြစ်ကြီးနားမြို့ထဲသို့ စက်ဘီးတစ်စီးနှင့်လာရောက်ကြရာ စီတာပူဈေးအလွန် မောင်အိုက်သစ်စက်နှင့် မျက်စောင်းထိုးနေရာအရောက်၌ အာဆာဂျိုင်းမောင်းနှင်လာသော ခဲရောင်တိုယိုတာဘင်ကား အမှတ် အ/၆၆၇ က နောက်မှ နေ၍ တိုက်ခဲ့ကြောင်း ကားမှာ ဆက်လက်မောင်းနှင်သွားပြီး မောင်မြင့်ဌေးနင်းလာသော ဆိုက္ကားအမှတ် ၇၈၈ နှင့် အထက်တန်းကျောင်းသူ မဂျာဘုစီးလာသော စက်ဘီးကိုပါ တစ်ဆက်တည် တိုက်ခဲ့ပြီး လမ်းဘေးချောက်ထဲသို့ ကားထိုးကျကာ မီးလောင်သွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် စက်ဘီးတွင် နောက်မှထိုင်လာသော ပထဝီနောက်ဆုံးနှစ်ကျောင်းသူ မခင်မာတင်သေဆုံး၍ စက်ဘီးစီးသူ ဓာတုဗေဒနောက်ဆုံးနှစ်ကျောင်းသူ အပြင်းအထန်ဒဏ်ရာရရှိကာ၊ မောင်မြင့်ဌေး၏ ဆိုက္ကားပျက်စီးသွားကြောင်း ဒုရဲအုပ်စခန်းမှူးလှဦးက တိုင်ချက်ရေးဖွင့်ခဲ့သော အမှုဖြစ်သည်။

အယူခံတရားလိုများ၏ အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာ၌ ယာဉ်မောင်းသူသာလျှင် အဓိကတာဝန်ရှိသူဖြစ်ပြီး မည်သည့် တရားလိုပြသက်သေကမျှလည်း အယူခံတရားလိုများ၏ အားပေးကူညီမှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားခဲ့ရကြောင်း ထွက်ဆိုချက်မရှိသဖြင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၇ ပါ အားပေးကူညီမှု၏ အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် အကြုံးမဝင်သဖြင့်လည်းကောင်း၊ ကျောင်းသားအရွယ် ငယ်ရွယ်သူများဖြစ်သဖြင့်လည်းကောင်း၊ အယူခံတရားလိုများအား အမှုမှ အပြီးအပြတ်

၁၉၉၇
မှုအိလီ (ခ)
မှုယောဒီးပါ-၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လွှတ်ပေးသင့်ကြောင်း ရေးသားတင်ပြလျှောက်လဲသွားသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ယာဉ်မောင်း အာဆာဂျိုင်းနှင့် အယူခံတရားလိုများသည် အရက်အတူ သောက်ခဲ့ကြပြီး အာဆာဂျိုင်း မောင်းနှင်သော ကားတွင် လိုက်ပါစီးနင်းသွားစဉ် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းနှင့် ယင်းသို့ မဖြစ်ပွားစေရန် အယူခံတရားလိုများက တစ်စုံတစ်ရာ တားမြစ်ခဲ့ခြင်း မရှိကြောင်း အငြင်းမပွားသော်လည်း ယင်းသို့ပျက်ကွက်ခြင်းမှာ ဥပဒေအရ သတ်မှတ်ထားသော ပျက်ကွက်ခြင်း မဟုတ်သဖြင့် ၎င်းအပေါ် အားပေးကူညီမှုများဖြင့် ပြစ်မှုထင်ရှားစီရင်ထားခြင်းမှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း ရေးသားတင်ပြလျှောက်လဲသွားသည်။

ကချင်ပြည်နယ် တရားရုံး (မြစ်ကြီးနားခရိုင်/ခုံရုံး) က တရားခံ မှုအိလီ (ခ) မှုယောဒီးပါ (၃) ဦးတို့သည် ယာဉ်မောင်းသူ အာဆာဂျိုင်းကို အားပေး ကူညီသူများဖြစ်ကြောင်း သုံးသပ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄၊ ၃၂၅/၁၁၄ နှင့် ၄၂၇/၁၁၄ တို့အရ ပြစ်မှုထင်ရှား စီရင်ရာ၌ အောက်ပါအတိုင်း သုံးသပ်ထားသည်။

> "အယူခံတရားလို မှုအိလီပါ (၃) ဦးသည် အချင်းဖြစ်စဉ်က အယူခံတရားလို အာဆာဂျိုင်းနှင့်အတူ ကားပေါ်တွင်ရှိနေကြသူများ ဖြစ်သည်။ အယူခံတရားလို အာဆာဂျိုင်းက ကားကို အရှိန်ပြင်းစွာ မောင်းနှင်ပြီး ယာဉ်တိုက်မှု တစ်ဆက်တည်းဖြစ်ပွားနေစဉ်အချိန်က ၎င်းတို့သည် ယာဉ်မောင်းသူအား အချိန်မီ တားဆီးခဲ့ကြခြင်း မရှိပေ။"

သို့ဖြစ်ရာ အရှိန်ပြင်းစွာ မဆင်မချင် မောင်းနှင်သော တိုယိုတာ ဘင်ကား၏ နောက်ခန်းတွင် စီးနင်းလိုက်ပါခဲ့ကြသူများက ယာဉ်တိုက်မှုများ ဆက်တိုက်မဖြစ်စေရန် ယာဉ်မောင်းသူအား အချိန်မီ မတားဆီးခဲ့ခြင်းသည် ယာဉ်တိုက်မှုဖြစ်စေရန်အတွက် ယာဉ်မောင်းသူအား အားပေးကူညီခြင်း မြောက်မမြောက်ဆိုသော အချက်ကို စိစစ်ရန်ရှိပေသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂ တွင် ပြစ်မှုဆိုင်ရာ ဥပဒေတွင်ပါသော "ပြုလုပ်မှု" ကို ရည်ညွှန်းသော စကားရပ်များတွင် ဥပဒေနှင့်မညီသော "ပျက်ကွက်မှု" များလည်း သက်ဆိုင်ပါဝင်ကြောင်း ပြဋ္ဌာန်းထားပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၇ ၏ တတိယအချက်တွင် "အားပေးကူညီခြင်း" ကို ပြုလုပ်မှုဖြင့်သာ လုပ်ဆောင်ကျူးလွန်နိုင်ခြင်း မဟုတ်ဘဲ ဥပဒေနှင့်

၁၉၉၇
မှုအိလီ (ခ)
မှုယောဒီးပါ-၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မညီသော ပျက်ကွက်မှုဖြင့်လည်း လုပ်ဆောင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် "အားပေးကူညီသူ" ၏ အဓိပ္ပာယ်ကို ယင်းဥပဒေပုဒ်မ ၁၀၈ ၏ ရှင်းလင်းချက် ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "**ရှင်းလင်းချက် ၁**။ ပြုလုပ်မှုတစ်ခုကို ပြုလုပ်ရန် ဥပဒေနှင့် မညီ ပျက်ကွက်ခြင်းကို အားပေးကူညီလျှင် အားပေးကူညီသူသည် မိမိကိုယ်တိုင် ထိုပြုလုပ်မှုကို ပြုရန် တာဝန်မရှိသော်လည်း ပြစ်မှုကျူးလွန်ရာရောက်နိုင်သည်။"

သို့ဖြစ်ရာ အယူခံတရားလို မှုအိလီ (ခ) မှုယောဒီးပါ (၃) ဦးတို့အား ယာဉ်မောင်း အာဆာဂျိုင်း ကျူးလွန်ခဲ့သော ယာဉ်တိုက်မှုတွင် အားပေးကူညီကြသူအဖြစ် ပြစ်မှုထင်ရှားစီရင်နိုင်ရန်မှာ ၎င်းတို့၏ ပျက်ကွက်မှုသည် "ဥပဒေနှင့် မညီသော ပျက်ကွက်မှု" ဖြစ်ရန်လိုအပ်သည်။ ယခုအမှုတွင် အယူခံတရားလိုများက ယာဉ်တိုက်မှုများ မဖြစ်ပွားရအောင် ယာဉ်မောင်း အာဆာဂျိုင်း အားတားမြစ်ရန် ပျက်ကွက်ခဲ့သည်ဟုပင်ဆိုစေဦး အဆိုပါ ပျက်ကွက်မှုသည် "ဥပဒေနှင့် မညီသော ပျက်ကွက်မှု" ဖြစ်သည်ဟု ကောက်ယူရန်အကြောင်း မရှိပေ။ ဥပဒေတွင် တစ်ဦးတစ်ယောက် အား လုပ်ဆောင်ရန် အတိအလင်း တိုက်တွန်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ပျက်ကွက်ခြင်းမျိုးသာလျှင် ဥပဒေနှင့် မညီသော ပျက်ကွက်မှုဖြစ်ပေသည်။ လူသတ်မှုယာဉ်တိုက်မှု၊ အပြင်းအထန် နာကျင်စေမှု၊ အကျိုးဖျက်ဆီးမှု ကျူးလွန်နေသူ တရားခံအား မကျူးလွန်ရန်အတွက် တားမြစ်ရမည်ဟူသော ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိသဖြင့် ယင်းသို့ တားမြစ်ရန် ပျက်ကွက်မှုသည် အားပေးကူညီသည်ဟု မည်သို့မျှ ကောက်ယူခြင်း ပြုနိုင်မည်မဟုတ်ပေ။ အဆုံးစွန်အားဖြင့် ယာဉ်မောင်းသူ အာဆာဂျိုင်း ကျူးလွန်ခဲ့သော ယာဉ်တိုက်မှုများ တဆက်တည်းဖြစ်ပွားခဲ့ခြင်းကို သိလျက်နှင့် သတင်းပေးရန် တမင်ပျက်ကွက်ခဲ့သည်ဟုသာ ကောက်ယူနိုင်ခွင့်ရှိပေသည်၊

ထို့ပြင် အာဆာဂျိုင်း ကျူးလွန်ရာတွင် အယူခံတရားလိုများသည် အနီးအနားကားထဲတွင်ရှိနေခဲ့ကြသော်လည်း ပြစ်မှုကျူးလွန်ရာ၌ ၎င်းတို့ကိုယ်တိုင် ပါဝင်ခြင်း မရှိသောကြောင့် အားပေးကူညီကြသည်ဟု ကောက်ယူခြင်း မပြုနိုင်ချေ။ **မောင်နွယ်ပါ-၂** နှင့် **မောင်ဘိုးလှအမှု**[၁] ကို ရည်ညွှန်းသည်။

၁။ ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာ-၂၄၆။

တဆက်တည်းမှာ ပင်ယာဥ်မောင်း အာဆာဂျိုင်းသည် ကားကိုမူးနေစဉ် အရမ်းမဆင်မခြင်မောင်းနှင်ခဲ့သဖြင့် လူတစ်ဦးသေ၊ တစ်ဦး အပြင်းအထန် ဒဏ်ရာရပြီး စက်ဘီးဆိုက္ကားတို့ပျက်စီးစေခဲ့ခြင်းအတွက် အာဆာဂျိုင်းအား မူလကချင်ပြည်နယ် တရားရုံး (ခုံရုံး) နှင့် တရားရုံးချုပ် က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)၊ ၃၂၅ နှင့် ၄၂၇ တို့အရ ပြစ်မှု ထင်ရှားစီရင်ခဲ့ခြင်းမှာလည်း ဥပဒေပြဋ္ဌာန်းချက်များ ကိုက်ညီခြင်း မရှိချေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က နှင့် ၃၃၈ တို့အရသာ ပြစ်မှုထင်ရှား စီရင်ရမည်ဖြစ်သည်။ သေစေရန် အကြံဖြင့် တမင်ကားနှင့် တိုက်သတ်ခဲ့ခြင်း မဟုတ်ချေ။ ပေါ့လျော့စွာနှင့် အရမ်းမောင်းနှင်မှုကြောင့် သေဆုံး၊ ထိခိုက်၊ အကျိုးပျက်စီးစေခဲ့ခြင်းဖြစ်သောကြောင့် လူသေမှုသော်လည်းကောင်း၊ လူသတ်မှုသော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှုမဟုတ်ချေ။

ယာဉ်မောင်း အာဆာဂျိုင်းအား မူလအမှုစစ် ကချင်ပြည်နယ် တရားရုံး (ခုံရုံး) က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)၊ ၃၂၅ နှင့် ၄၂၇ တို့အရ စွဲချက်တင်ရာ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည့်အပြင် အထူး အယူခံတင်သွင်းခဲ့ခြင်း မရှိသဖြင့် အာဆာဂျိုင်းအား အဆိုပါ ဥပဒေပုဒ်မများဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း မပြုဘဲ ဤအထူးအယူခံမှုတွင် တရားရုံးချုပ်က ယင်းဥပဒေပုဒ်မ ၃၀၄-က နှင့် ၃၃၈ တို့အရ ပြောင်းလဲပြီးပြစ်မှု ထင်ရှားစီရင်ခြင်း ပြုနိုင်၊ မပြုနိုင်ကို ဆက်လက်သုံးသပ်ရန်ရှိပေသည်။

စုံညီခုံရုံးသည် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ တရားရုံးချုပ် တရားသူကြီးများအားလုံး ပါဝင်သော ခုံရုံးဖြစ်သဖြင့် ယင်းဥပဒေ၏ ပုဒ်မ ၄ ပါ စီရင်ပိုင်ခွင့်များနှင့် စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးခြင်းဆိုင်ရာ လုပ်လုံး လုပ်နည်းများအပိုဒ် ၂၂ တို့အရ အယူခံရုံးနှင့် ပြင်ဆင်မှု တရားရုံးများ က ချမှတ်နိုင်ခွင့်ရှိသော စီရင်ပိုင်ခွင့် အာဏာများကို သုံးစွဲခွင့်ရှိသည် ဆိုခြင်းမှာ ယုံမှားဘွယ်မရှိချေ။ မူလအမှုစစ် တရားရုံးက တရားခံတစ်ဦး အပေါ် ပြစ်မှုထင်ရှား တွေ့ရှိခဲ့သည့် အမိန့်တစ်ရပ်နှင့် စပ်လျဉ်း၍ အဆိုပါ တရားခံအား ထိခိုက်နစ်နာခြင်း မဖြစ်စေသော အမိန့်တစ်ရပ်ကို အဆိုပါ တရားခံက အယူခံ၊ ပြင်ဆင်မှု မတင်သွင်းစေကာမူ ပြင်ဆင်မှု တရားရုံးကပင် လျှင် အမိန့်ချမှတ်နိုင်ခွင့်ရှိကြောင်း **ဒေါ်မြနု** နှင့် **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၂] တွင် စီရင်ထုံးပြုခဲ့ပြီးဖြစ်ပေသည်။

---

၂။ ၁၉၈၃ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံးများ စာ-၆၉။

၁၉၉၇
မှုအီလီ (ခ)
မှုယောဒီးပါ–၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြု၍ အယူခံတရားလို မှုအီလီ (ခ) မှုနယောဒီး၊ ခိလဲဒူ (ခ) စီလီဒွေးနှင့် ဆိလဲဒူ (ခ) တီလေး သူတို့ (၃) ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄၊ ပုဒ်မ ၃၂၅/၁၁၄ နှင့် ၄၂၇/၁၁၄ တို့အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး ပြစ်ဒဏ်စီရင်ခဲ့သော ကချင်ပြည်နယ် တရားရုံး (ခုံရုံး) နှင့် တရားရုံးချုပ်တို့၏ အမိန့်များကို ပယ်ဖျက်ပြီး ၎င်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၂ အရသာ အလုပ်နှင့် ထောင် (၆) လစီ ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

ထို့ပြင် အခိက တရားခံ အာဆာဂျိုင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)၊ ၃၂၅ နှင့် ၄၂၇ တို့အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ချက်တို့ကို ပယ်ဖျက်၍ အာဆာဂျိုင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄–က အရ အလုပ်နှင့် ထောင် (၇) နှစ် ကျခံစေရန်နှင့် ယင်းဥပဒေပုဒ်မ ၃၃၈ အရ အလုပ်နှင့် ထောင် (၃) နှစ်တို့ကို သီးခြားစီ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

အမှုတွင်း အချုပ်ကာလများကို ထောင်ဒဏ်မှ ထုတ်နှုတ်ခံစားခွင့်ပြုသည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

+ ၁၉၉၇
မတ်လ
၃၁ ရက်

### တရားရုံးချုပ်၊ တရားသူကြီး ဦးတင်အုံး ရှေ့တွင်

ကိုမြင့်အေး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၄)၊ စွပ်စွဲခံရသူအပေါ် ပထမအမှုတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၅ နှင့် ပုဒ်မ ၁၉ (က) အရ စွဲဆိုတင်ပို့ပြီးနောက် တရားရုံးက တရားခံအပေါ် ယင်းဥပဒေပုဒ်မ-၁၅ အရသာ ပြစ်မှု ထင်ရှားစီရင်ပြီးပါက ထိုတရားခံအပေါ် ပထမအမှုမှ အမှုအဖြစ် အကြောင်းအရာဖြင့်ပင် ယင်းဥပဒေပုဒ်မ-၁၉ (က) အရ အမှုသစ် ထပ်မံစွဲဆိုနိုင်ခြင်း ရှိ-မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ပထမပြစ်မှုတစ်ရပ်အတွက် စစ်ဆေးစီရင်ခဲ့သည့် တရားရုံးနှင့် ထိုစစ်ဆေးစီရင်ခဲ့သည့် ပြစ်မှုကျူးလွန်ရာ ဖြစ်မြောက်သည့် အခြားပြစ်မှုအတွက် နောက်ထပ်စွဲဆို တင်ပို့သည့် တရားရုံးတို့သည် စီရင်ပိုင်ခွင့် အာဏာမတူညီဘဲ နောက်ထပ် စွဲဆိုသည့် အမှုကို ပထမစစ်ဆေး စီရင်ခဲ့သည့် တရားရုံးက စစ်ဆေးစီရင်ပိုင်ခွင့်မရှိမှသာလျှင် နောက်ထပ်စွဲဆို သည့်အမှုကို ထိုတရားရုံးက စစ်ဆေးစီရင်နိုင်မည်ဖြစ်သည်။ နောက်ထပ် စွဲဆိုသည့် အမှုမှ အချက်အလက်များနှင့် စပ်လျဉ်း၍ ပထမအကြိမ် စစ်ဆေးစီရင်စဉ်ကပင် သိရှိခဲ့လျှင် ထိုပြစ်မှုအတွက် ဒုတိယအကြိမ် စစ်ဆေး စီရင်ခြင်း မပြုနိုင်တော့ပေ။

လျှောက်ထားသူအတွက် - ဦးအောင်ကျော်ဦး၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဦးသိန်းထွန်း၊ လက်ထောက်ညွှန်ကြား ရေးမှူး (ရှေ့နေချုပ်ရုံး)

---

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၄၈

\+ ၁၉၉၆ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၁ တွင် ချမှတ်သော စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်) အမှုတွဲကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

စစ်ကိုင်းတိုင်း (ကလေးခရိုင်) တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၁/၉၆ တွင် ကိုမြင့်အေးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ စွဲဆိုတင်ပို့သည်။ ကိုမြင့်အေးက ၎င်းအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် ဤအထွေထွေ လျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ကလေးမြို့ရဲစခန်းမှ ဒုရဲအုပ် သန်းထွန်းအောင်က ၁၂-၉-၉၅ နေ့တွင် သတင်းအရ ကလေးမြို့နယ် သာစည်ကျေးရွာနေ ဦးအောင်ခင်၏ သား ကိုကျော်ဝင်း၏ နေအိမ်ကို သက်သေလူကြီးများနှင့် ဝင်ရောက် ရှာဖွေရာ ကိုကျော်ဝင်း၏ အိမ်ဝင်းအတွင်း အိမ်အတက်လှေခါးခုံအနီးတွင် မြှုပ်ထားသော ဘိန်းမဲဟု ယူဆရသော အလေးချိန် (၉၀) ကျပ်သားခန့်ကို ရှာဖွေတွေ့ရှိ၍ အရေးယူပေးပါရန် သက်သေခံ (က) ဖြင့် ကလေးရဲစခန်း တွင် တိုင်တန်းသည့် အမှုဖြစ်သည်။

လျှောက်ထားသူက အဓိက အကြောင်းပြချက်အဖြစ် စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉/၉၅ တွင် လျှောက်ထားသူအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၉ (က) တို့အရ စွဲဆိုခဲ့ရာ တိုင်းတရားရုံးက တရားလိုပြ သက်သေများ စစ်ဆေးပြီး နောက် လျှောက်ထားသူအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ တစ်ခုတည်းဖြင့် စွဲချက်တင်ခဲ့ကြောင်း၊ ၎င်းအမိန့်ကို မကျေနပ်၍ ဥပဒေအရာရှိက မူလရုံးတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ မောင်မြင့်အေးအပေါ် မူးယစ် ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ စွဲချက်ကို ထပ်မံဖြည့်သွင်းပေးရန် လျှောက်ထားခဲ့သော်လည်း မူလရုံးက ပလပ်ခဲ့ကြောင်း၊ ယခုတစ်ဖန်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/၉၆ ဖြင့် လျှောက်ထားသူအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) ဖြင့် ထပ်မံ၍ တရားစွဲဆိုခဲ့ကြောင်း၊ ယခင်ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၉/၉၅ တွင် ဖော်ပြထားသည့် အကြောင်းအရာများအရပင် လျှောက်ထားသူအပေါ် ထပ်မံတရားစွဲခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူအပေါ် စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉/၉၅ တွင်

၁၉၉၇
ကိုမြင့်အေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တရားစွဲဆို အရေးယူစစ်ဆေးကာ အပြစ်ပေးပြီးနောက်မှ ၎င်းအမှုဖြစ် အကြောင်းအရာဖြင့်ပင် ထပ်မံစွဲဆိုသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/၉၆ ကို ချေဖျက်ပေးပါရန် တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိက မူလတိုင်း တရားရုံးက လျှောက်ထားသူအပါအဝင် တရားခံ ကျော်ဝင်းပါ (၅) ဦးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉ (က)၊ ၂၀ (က)၊ ၂၁၊ ၂၅ တို့ အရ စွဲဆိုစစ်ဆေးခဲ့ပြီးနောက် လျှောက်ထားသူအပေါ် ၎င်းဥပဒေပုဒ်မ ၁၅ အရ ၁၀–၆–၉၆ ရက်နေ့က စွဲချက်တင်ခဲ့ကြောင်း၊ ယင်းစွဲချက် အမိန့်ကို မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ စွဲချက်ကို ထပ်မံဖြည့်သွင်းပေးရန် ၁၃–၈–၉၆ နေ့က မူလတရားရုံးတွင် လျှောက်ထားခဲ့သော်လည်း မူလရုံးက ပလပ်ခဲ့ကြောင်း မူလရုံးအနေဖြင့် တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးခဲ့ပြီးနောက် စွဲချက် တင်ခဲ့ခြင်းဖြစ်ပြီး အမှုကို ဆက်လက်စစ်ဆေးကာ ၁၅–၁၀–၉၆ ရက်နေ့က တရားခံ မြင့်အေးအပေါ် ပြစ်မှုထင်ရှားသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ–၁၅ အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန်အပြီးသတ် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း တရားလို ဒုရဲအုပ်သန်းထွန်းအောင်က မူလစွဲဆိုသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉/၉၅ မှ ပထမသတင်းပေးတိုင်ချက်နှင့်ပင် ထောင်ဒဏ် ၅ နှစ်ကျသွားသူ ယခုလျှောက်ထားသူ မြင့်အေးကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ–၁၉ (က) အရ ထပ်မံ၍ အဆိုပါ တရားရုံးတွင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/ ၉၆ ဖြင့် ၁၄–၁၀–၉၆ ရက်နေ့က တရားစွဲဆိုစစ်ဆေးနေသည်ကို တွေ့ရ ကြောင်း၊ လျှောက်ထားသူအား စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်) တွင် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၉/၉၅ တွင် တရားလိုနှင့် တရားလိုပြ သက်သေများ စစ်ဆေးပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ–၁၅ အရ ပြစ်ဒဏ်ကျခံနေဆဲတွင် ဥပဒေပုဒ်မ–၁၉ (က) အရ ထပ်မံတရားစွဲဆို စစ်ဆေးနေခြင်းသည် ဥပဒေနှင့်အညီဆောင်ရွက်ခြင်းဖြစ်သည်ဟု ယူဆရန် မသင့်ဟု ထင်မြင်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ၏ လျှောက်ထားချက်အပေါ် သင့်မြတ်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်ပါရန် လျှောက်လဲတင်ပြသည်။

၁၉၉၇
ကိုမြင့်အေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၉/၉၅ တွင် တရားခံ ကျော်ဝင်း၊ ဖေကြီး၊ မောလိန်း၊ လှဆင်း၊ မြင့်အေး တို့အနက် ကျော်ဝင်း၊ ဖေကြီး၊ မောလိန်းနှင့် လှဆင်းတို့အပေါ် မူးယစ်ဆေးဝါး နှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၉ (က) တို့အရ စွဲချက် (၂) ရပ်စီဖြင့် တင်ကာ မြင့်အေးအပေါ် ၎င်းဥပဒေပုဒ်မ ၁၅ အရ စွဲချက် (၁) ရပ်တည်းဖြင့် မူလရုံးက တင်ခဲ့ သည်။ ခရိုင်ဥပဒေအရာရှိက သက်ဆိုင်ရာတွင် စစ်ကြောချက်အရ မြင့်အေးက မူးယစ်ဆေးဝါးဝယ်သည်ဟု ပါရှိခဲ့ခြင်းကို အခြေပြု၍ မြင့်အေး အပေါ် ၎င်းဥပဒေပုဒ်မ ၁၉ (က) အရ စွဲချက်ဖြည့်စွက်၍ တင်ပေးရန် လျှောက်ထားခဲ့သည်။ မူလရုံးက ပုဒ်မ ၁၉ (က) အရ စွဲချက်ကို ယခင် ဒုတိယတိုင်း တရားသူကြီး လက်ထက်က စွဲချက်ပြင်ဆင်ထည့်သွင်းပေးရန် မလျှောက်ထားခဲ့ဘဲ နောက် ၃/၄ လကြာရှိပြီးနောက် လက်ထောက်တိုင်း တရားသူကြီး လက်ထက်ရောက်မှ ပုဒ်မ–၁၉ (က) ဖြင့် ပြင်ဆင်ထည့်သွင်း စွဲချက်တင်ပေးရန် လျှောက်ထားခြင်းမှာ စွဲချက်ကို ပြင်ဆင်ရန် မသင့်လျော် သဖြင့် အဆင့်မြင့် တရားရုံးသို့ လျှောက်ထားသင့်ကြောင်း ထည့်သွင်း သုံးသပ်၍ လျှောက်ထားချက်ကို ပလပ်ခဲ့သည်။ စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်)၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၉/၉၅ တွင် ၁၅–၁၀–၉၅ ရက်နေ့၌ မြင့်အေးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်–၁၅ အရ ထောင်ဒဏ် (၅) နှစ်ချမှတ်ခဲ့သည်။ ဤသို့အမိန့်ချမှတ်ပြီး ၁၄–၁၀–၉၆ ရက်နေ့တွင် ယခင်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉/၉၅ မှ ပထမသတင်းပေးတိုင်ချက်ကို အခြေပြု၍ မြင့်အေးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ ထပ်မံ၍ စွဲဆိုခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၄) တွင်–

**"ပြုလုပ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်ရပ်အတွက် အမှုမှ အပြီးအပြတ်လွတ်ခြင်း သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်း ပြုလုပ်ခဲ့စေကာမူ ၎င်းအမှုများ ပြုလုပ်ရာ၌ ဖြစ်မြောက်သည့် အခြားပြစ်မှုအတွက် ၎င်းအပေါ် နောက်ထပ် စွဲချက်တင်၍ စစ်ဆေး စီရင်နိုင်ရန်မှာ အကယ်၍ ပထမစစ်ဆေးစီရင်ခဲ့သည့် တရားရုံးက နောက်ထပ် စွဲချက်တင်သည့် ပြစ်မှုကို စစ်ဆေးစီရင်ပိုင် ခွင့်မရှိလျှင် ၎င်းကို နောက်ထပ် စွဲချက်တင်၍ စစ်ဆေးစီရင်နိုင်သည်"**

၎င်းပြဋ္ဌာန်းချက်အရ ပထမပြစ်မှုစစ်ရပ်အတွက် စစ်ဆေးစီရင်ခဲ့သည့် တရားရုံးနှင့် ထိုစစ်ဆေးစီရင်ခဲ့သည့် ပြစ်မှုကျူးလွန်ရာတွင် ဖြစ်မြောက်သည့် အခြားပြစ်မှုအတွက် နောက်ထပ်စွဲဆိုတင်ပို့သည့် တရားရုံးတို့သည် စီရင်ပိုင်ခွင့်အာဏာ မတူညီဘဲ နောက်ထပ်စွဲဆိုသည့်အမှုကို ပထမစစ်ဆေးစီရင်ခဲ့သည့် တရားရုံးက စစ်ဆေးစီရင်ပိုင်ခွင့် မရှိမှသာလျှင် နောက်ထပ်စွဲဆိုသည့် အမှုကို ထိုတရားရုံးက စစ်ဆေးစီရင်နိုင်မည်ဖြစ်သည်။ နောက်ထပ်စွဲဆိုသည့် အမှုမှ အချက်အလက်များနှင့် စပ်လျဉ်း၍ ပထမအကြိမ် စစ်ဆေးစီရင်စဉ်ကပင် သိရှိခဲ့လျှင် ထိုပြစ်မှုအတွက် ဒုတိယအကြိမ် စစ်ဆေးစီရင်ခြင်း မပြုနိုင်တော့ပေ။ မောင်မြင့်အေးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူပေးပါရန် စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်) တွင် စွဲဆိုခဲ့သည်။ ပထမစွဲဆိုသည့်အမှုတွင် ခရိုင်ဥပဒေအရာရှိက မောင်မြင့်အေးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရပါ ဖြည့်စွက်၍ စွဲချက်တင်ပေးပါရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၂၂၇ အရ လျှောက်ထားခဲ့ရာ ပလပ်ခြင်းခံခဲ့ရသည်။ သို့ဖြစ်၍ မောင်မြင့်အေးအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၉ (က) အရ နောက်ထပ်တစ်မှု စွဲဆိုခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၃ (၄) နှင့် ညီညွတ်သည်ဟု မဆိုသာပေ။

ထို့ကြောင့် စစ်ကိုင်းတိုင်း တရားရုံး (ကလေးခရိုင်) ၏ စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်-၄၁/၉၆ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၆၁-က အရ ချေဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင့် ရှေ့တွင်

ဦးလှရွှေ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+ ၁၉၉၇
ဇန်နဝါရီလ
၈ ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄။ တရားခံက ၎င်း၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၈၄ နှင့် အကျုံးဝင်ပါသည်ဟု မဆိုစေကာမူ အမှု၌ ပေါ်ပေါက်သော အကြောင်းအရာများအရ စိတ်ပေါ့သွပ်နေကြောင်း အထင်အရှား တွေ့ရှိလျှင် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သည်။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၈၄ တွင် စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့ သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကို လည်းကောင်း မသိနိုင်သော သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ကင်းလွတ်ခွင့်ပြုထားသည်။ ထိုသို့ စိတ်ပေါ့သွပ်စဉ် ပြုလုပ်သဖြင့် ပြစ်မှုမမြောက်ကြောင်း ထင်ရှားပြသရန် တာဝန်မှာ တရားခံအပေါ်တည်ရှိသည်။ ထိုသို့ပင် သက်သေခံ အက်ဥပဒေပုဒ်မ–၁၀၅ ၌ ပြဋ္ဌာန်းထားသည်။ သို့ရာတွင် တရားခံက ၎င်း၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၈၄ နှင့် အကျုံးဝင်ပါသည်ဟု မဆိုစေကာမူ အမှု၌ ပေါ်ပေါက်သော အကြောင်းအရာများအရ စိတ်ပေါ့သွပ်နေကြောင်း အထင်အရှား တွေ့ရှိလျှင် ကင်းလွတ်ခွင့် ပြုရမည်သာဖြစ်သည်။

အယူခံတရားလိုအတွက် – သရက်အကျဉ်းထောင်မှတဆင့် တင်သွင်းသည်။

အယူခံတရားခံအတွက် – ဒေါ်ခင်လှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။

မကွေးတိုင်း တရားရုံး (သရက်ခရိုင်) ပြစ်မှုကြီးအမှုအမှတ် ၃၁/၉၅

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၃၈

\+ ၁၉၉၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၁ တွင် ချမှတ်သော (၅–၁–၉၆) ရက်စွဲပါ မကွေးတိုင်း တရားရုံး၊ သရက်ခရိုင်၏ အမိန့်ကို အယူခံမှု

၁၉၉၇
ဦးလှရွှေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တွင် အယူခံတရားလို ဦးလှရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆိုတင်ပို့ခဲ့ရာ ယင်းဥပဒေပုဒ်မ ၃၀၄ အရ ထောင်ဒဏ် (၄) နှစ် ကျခံစေရန် ချမှတ်သည့် အမိန့်ကို မကျေနပ်၍ ဦးလှရွှေက သရက်မြို့ အကျဉ်းထောင်တာဝန်ခံအရာရှိမှ တစ်ဆင့် ဤအယူခံမှုကို တင်သွင်းသည်။

မင်းတုန်းမြို့နယ်၊ ယင်းကျေးရွာတွင် အချင်းဖြစ်နေ့က အယူခံတရားလို ဦးလှရွှေသည် ဇနီးဖြစ်သူဒေါ်ခင်ညွန့် (သေဆုံး) နှင့် သမီး မလုံးချော၊ သားမောင်သိန်းရွှေတို့အပြင် ပေါက်ကိုင်းရွာနေ ဆေးဆရာ ဦးအောင်ထွန်းတို့နှင့် အတူရှိခဲ့သည်။ ဆေးဆရာဦးအောင်ထွန်းသည် ဦးလှရွှေ၏ စိတ်မတည်မငြိမ်ဖြစ်နေသဖြင့် ဆေးကုသပေးလျက်ရှိသည်။ အချိန်မှာ မွန်းလွဲ ၁ နာရီခန့်ဖြစ်သည်။ သမီးဖြစ်သူ မလုံးချောသည် စပါးမောင်း ထောင်းလျက်ရှိပြီး သားမောင်သိန်းရွှေမှာ အိမ်လှေခါးအောက်တွင် နီးဖြာ နေသည်။ နေအိမ်ကြမ်းပြင်ပေါ်တွင် ၎င်းတို့ မိခင် ဒေါ်ခင်ညွန့်က စပါးလှမ်းနေသည်။ ထိုစဉ် ဒေါ်ခင်ညွန့်က အမလေး သေပါပြီဟု အော်သံတစ်ချက်ကြားလိုက်ရသည်။ မောင်သိန်းရွှေသည် အိမ်ပေါ်သို့ ပြေးတက်သွားသောအခါ ဖခင်ဦးလှရွှေအား လက်တွင် ဓားရှည်ကိုင်လျက် တွေ့ရသည်။ မိခင် ဒေါ်ခင်ညွန့်မှာမူ စပါးလှန်းသည့်နေရာတွင်ပင်ထိုင်လျက် ဦးခေါင်းယိုင်နေပြီး ဒေါ်ခင်ညွန့်၏ ယာဘက်လက်တစ်ဖက်မှာ ပြတ်တောက် ၍ စပါးလှန်းသော ဖျာပေါ်သို့ကျနေသည်။ မောင်သိန်းရွှေသည် ဖခင်၏ လက်ဝယ်ရှိ ဓားကို အတင်းလုယူပြီး အမေကို ဓားနှင့် ခုတ်လို့လာကြပါ အုံးဟု အော်သည်။ ထိုအခါမှ ရွာသားများဖြစ်ကြသော ဦးမြမောင်၊ ဦးပိုက်ရ၊ ဦးတင်ထွန်း၊ ဦးမောင်ကောင်းတို့ အိမ်ပေါ်သို့ ပြေးတက်လာကြ သည်။ ဒေါ်ခင်ညွန့်သည် ဓားခုတ်ခံရပြီးနောက် ချက်ခြင်းပင် သေဆုံးသည်။ ဒေါ်ခင်ညွန့်၏ အလောင်းကို မောင်သိန်းရွှေက ဆေးရုံသို့ပို့၍ ရဲစခန်းသို့ အကြောင်းကြားသည်။

အယူခံတရားခံဦးလှရွှေက အချင်းဖြစ်ပွားစဉ် စိတ်လွတ်ကိုယ်လွတ် ဖောက်ပြန်ခဲ့သဖြင့် ဇနီးဖြစ်သူအား ဓားနှင့်ခုတ်မိခဲ့ရကြောင်း၊ ရဲစခန်းမှ တရားရုံးသို့ ပို့သည်ကို မှတ်မိကြောင်း၊ သေစေလိုသော ဆန္ဒမရှိပါကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သောဥပဒေအရာရှိက အယူခံ တရားလို ဦးလှရွှေက ဓားနှင့် ခုတ်စဉ် မျက်မြင်သက်သေမရှိကြောင်း၊ ရှာဖွေပုံစံ၌ ဓားကို လက်မှတ်ရေးထိုးပေးထားကြောင်း၊ ဦးလှရွှေသည်

တစ်ခါတစ်ရံ စိတ်ဖောက်ပြန်တတ်သော်လည်း ပြစ်မှုကျူးလွန်စဉ် ဖောက်ပြန်နေသည့် သက်သေခံချက် မတွေ့ရကြောင်း၊ အယူခံကို ပလပ်သင့်ပါသည်ဟု လျှောက်လဲသည်။

ဤအမှုတွင် အယူခံတရားလိုသည် ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်အား ဓားနှင့် ခုတ်၍ သေဆုံးရကြောင်း အလျဉ်းပင် အငြင်းမထွက်ချေ။ အကြောင်းမဲ့ စိတ်ဖောက်ပြန်ပြီး ပြုလုပ်မိသဖြင့် အပြစ်မရှိကြောင်းကို အယူခံမှု၏ အဓိကအကြောင်းပြချက်အဖြစ် တင်ပြထားသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့ သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်သော သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ကင်းလွတ်ခွင့်ပြုထားသည်။ ထိုသို့ စိတ်ပေါ့သွပ်စဉ် ပြုလုပ်သဖြင့် ပြစ်မှုမမြောက်ကြောင်း ထင်ရှားပြသရန် တာဝန်မှာ တရားခံ အပေါ် တည်ရှိသည်။ ထိုသို့ပင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၅ ၌ ပြဋ္ဌာန်းထားသည်။ သို့ရာတွင် တရားခံက ၎င်း၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ နှင့် အကျုံးဝင်ပါသည်ဟု မဆိုစေကာမူ အမှု၌ ပေါ်ပေါက်သော အကြောင်းအရာများအရ စိတ်ပေါ့သွပ်နေကြောင်း အထင်အရှား တွေ့ရှိလျှင် ကင်းလွတ်ခွင့် ပြုရမည်သာဖြစ်သည်။

အယူခံတရားလိုက ဇနီးဖြစ်သူအား ဓားနှင့် ခုတ်စဉ် မမြင်လိုက်ရသော်လည်း အခင်းဖြစ်ပွား၍ အော်သံကြားလိုက်သည်နှင့် တစ်ပြိုင်နက် တစ်အိမ်ဝင်းနေကြသော သားဖြစ်သူ မောင်သိန်းရွှေ (လိုပြ-၁)၊ သမီးဖြစ်သူ မလုံးချော (လိုပြ-၂) တို့ချက်ခြင်း ရောက်ရှိကြသည်။ မောင်သိန်းရွှေ၏ ထွက်ချက်တွင် ၎င်း၏ မိဘနှစ်ပါးမှာ စကားအကြီးအကျယ် မများခဲ့ဘူးကြောင်း၊ ဖခင်အား အဘယ်ကြောင့် အမေ ဒေါ်ခင်ညွန့်ကို ဓားနှင့် ခုတ်ရတာလဲဟု မေးသောအခါ ဘာမျှပြန်မပြောဘဲ မျက်လုံးပြူးပြီး ကြည့်နေကြောင်း ထွက်ဆိုထားသည်။ ဦးလှရွှေစိတ်ဖောက်ပြန်နေသဖြင့် ပေါက်ကိုင်းရွာမှ ဆေးဆရာဦးအောင်ထွန်းအား ပင့်ခေါ်၍ ဆေးဝါးကုသနေဆဲမှာပင် ဖြစ်ပွားသည်။ ဦးအောင်ထွန်းသည် ဦးလှရွှေအား အချင်းမဖြစ်ပွားမီ ၁၀-နှစ်ခန့်ကစ၍ ကုသပေးသူဖြစ်သည်။ မောင်သိန်းရွှေက ထွက်ဆိုရာတွင် အချင်းမဖြစ်မီ ၄-နှစ်ခန့်က ဦးလှရွှေ စိတ်ဖေါက်ပြန်ပြီး တစ်ရွာလုံးရှိ ကောက်ရိုးပုံများကို မီးရှို့ခဲ့ဖူးကြောင်း၊ ဥက္ကဋ္ဌ ဦးရွှေစန်းအား လှည်းအိမ်တန်နှင့် ရိုက်ခဲ့ဖူးကြောင်း၊ အိမ်ပေါ်မှ မကြာခဏခုန်ချခဲ့ဘူး

ကြောင်း ထွက်ဆိုထားသည်။ မလုံးချော (လိုပြ–၂) ကလည်း ဖခင်ဖြစ်သူအား အိမ်ရှေ့ကပြင်တွင် သွေးပေနေသော ဓားကိုင်လျက်တွေ့ရပြီး မိခင်ဖြစ်သူမှာ စပါးလှန်းသည့်နေရာတွင် ငုတ်တုတ်ထိုင်လျက် တွေ့ရကြောင်း ထွက်ဆိုသည်။ ကျန် (လိုပြ) သက်သေများဖြစ်ကြသော ဦးပိုက်ရ၊ ဦးမြမောင်၊ ဦးမောင်နှကောင်း၊ ဦးစံသောင်းတို့ကလည်း ဦးလှရွှေ စိတ်ဖောက်ပြန်တတ်ကြောင်း တစ်ညီတစ်ညွတ်တည်း ထောက်ခံထွက်ဆိုကြသည်။ ဦးအောင်ထွန်း (လိုပြ–၉) သည် ပေါက်ကိုင်းရွာမှ ယင်းရွာသို့ လာရောက်၍ အယူခံတရားလို ဦးလှရွှေအား ဆေးကုသပေးသည့် ဆေးဆရာဖြစ်သည်။ ဦးအောင်ထွန်း၏ ထွက်ချက်တွင် အယူခံတရားခံ ဦးလှရွှေ စိတ်ဖောက်ပြန်နေသဖြင့် လွန်ခဲ့သော ၁၀–နှစ်ခန့်ကစ၍ ဆေးကုသခဲ့ကြောင်း ဦးလှရွှေအိမ်သို့ တစ်ခေါက်သွားလျှင် ၇–ရက်ခန့်ကြာမျှ ဆေးကုသပေးရကြောင်း၊ အချင်းဖြစ်နေ့က ဦးလှရွှေမှာ အအေးဓာတ်လွန်ကဲပြီး ခြေထောက်များ အေးစက်နေသဖြင့် ဝမ်းပုတ်ချဆေးတိုက်ထားကြောင်း၊ ဝမ်းတစ်ခါသွားသော်လည်း ဦးလှရွှေမှာ ထမင်းမစားကြောင်း၊ ဦးလှရွှေ၏ ဘေးတွင် အိပ်ပျော်နေရာ အမေရေဟု မခင်ညွန့်အော်သံကြားမှ လန့်၍ နိုးကြောင်း၊ မောင်သိန်းရွှေက ဦးလှရွှေအား ဆွဲခေါ်လာပြီး အမေ့ကို ဓားနှင့် ခုတ်လို့ ထိန်းပါအုံးဟု ပြောသဖြင့် ဦးလှရွှေ၏ ဆံပင်ကိုဆွဲပြီး နှိမ်ထားကြောင်း၊ သမီးဖြစ်သူ မလုံးချောက မိခင်ဒေါ်ခင်ညွန့်ကို ပွေ့ချီထစဉ် ပြတ်ထွက်နေသော လက်နေရာကို ဦးအောင်ထွန်းက ဆုတ်၍ အိပ်ခန်းထဲသို့ သွင်းကြကြောင်း၊ လည်ပင်းတွင်လည်း ဓားဒဏ်ရာတစ်ချက်တွေ့ရပြီး လေထွက်နေကြောင်း ဒဏ်ရာများကို ကြည့်ပြီး ကြောက်၍ ထွက်ပြေးခဲ့ကြောင်း ထွက်ဆိုထားသည်။ ယခုရုံးရှေ့တွင် ဦးလှရွှေနေကောင်းနေသည်ကို တွေ့ရပြီး ၎င်းက စကားပြောနိုင်ကြောင်း၊ မောင်သိန်းရွှေတို့မှာ အလှူပွဲလုပ်ရန်ရှိနေသဖြင့် ဦးလှရွှေအား ထိန်းပေးရန် ရောက်ရှိခဲ့သော်လည်း ဒေါ်ခင်ညွန့် သေဆုံးသဖြင့် အလှူပွဲပျက်ရကြောင်း ဆက်လက်ထွက်ဆိုထားသည်။

အယူခံတရားလို ဦးလှရွှေသည် ဖြောင့်ချက်သက်သေခံ (င) ကို ပေးထားသည်။ ရုံးရှေ့၌ အစစ်ခံရာတွင် ဇနီးဖြစ်သူနှင့် ခိုက်ရန် ဒေါသမရှိခဲ့ကြောင်း၊ သားသမီး (၈) ဦးရှိပြီး အကြီးနှစ်ဦးသာလျှင် အိမ်ထောင်ကျကြောင်း၊ ကျန်သားသမီး (၆) ဦးနှင့်အတူ နေထိုင်ကြောင်း၊ ဆေးဆရာ ဦးအောင်ထွန်း ဆေးကုသပေးသည့်ကိုသိပြီး ၎င်းပြုလုပ်သည့် ကိစ္စရပ်များကို မမှတ်မိကြောင်း ထွက်ဆိုထားသည်။ တရားလိုပြ သက်သေများ၏

ထွက်ချက်အရဆိုလျှင် ဦးလှရွှေ စိတ်ပုံမှန်ရှိသူမဟုတ်ချေ။ အမြဲတမ်း ရူးသွပ်ခြင်းလည်းမရှိ၊ စိတ်ဖောက်ပြန်သည့်အခါ ဆေးကုသမှုခံရသည်။ လွန်ခဲ့သော ၁၀–နှစ်ခန့်မှစ၍ ဆေးဆရာဦးအောင်ထွန်း ကုသခဲ့ရာအချင်း ဖြစ်ပွားစဉ်လည်း စိတ်မတည်ငြိမ်သဖြင့် ဦးအောင်ထွန်းကိုယ်တိုင်အိမ်၌ နေထိုင်ပြီး ဆေးကုသပေးနေရဆဲအချိန်ဖြစ်သည်။ အချင်းမဖြစ်ပွားမီကလည်း ဇနီးဖြစ်သူနှင့် မပြေမလည်ဖြစ်ခဲ့သည်ဟု ထွက်ဆိုခြင်း မရှိ။ ယခင်ကလည်း ရွာရှိ ကောက်ရိုးပုံကို မီးရှို့ခြင်း၊ ရွာလူကြီးကို ရိုက်ဖူးခြင်းများရှိသည်။ အိမ်ပေါ်မှလည်း ခုန်ချတတ်သည်။ ထိုပြုလုပ်ချက်အားလုံးမှာ စိတ်ပုံမှန် မရှိသောကြောင့် ဖြစ်သည်ဟု အများက နားလည်လက်ခံထားကြသည်။ အလှူပွဲပြုလုပ်မည့်ဆဲဆဲတွင် ယခုကဲ့သို့ဖြစ်ပွားခဲ့ရသဖြင့် အလှူပွဲပျက်ခဲ့သည်။ ခြုံ၍ဆိုလျှင် ဦးလှရွှေ၏ ပြုမှုချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ တွင် အကျုံးဝင်ကြောင်း တွေ့ရသည်။

မူလရုံးတွင် အယူခံတရားလို ဦးလှရွှေနှင့် ပတ်သက်၍ ၎င်း၏ စိတ်အခြေအနေပုံမှန်အတိုင်း ရှိမရှိကို ခရိုင်ဆရာဝန်အား စစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်ရယူပြီးမှ စစ်ဆေးရမည်ဖြစ်သည်။ အယူခံတရားလိုသည် ရူးသွပ်နေပါက မည်သို့မျှ ထုချေနိုင်မည်မဟုတ်ပေ။ ၎င်းအား ကျူးလွန်သော ပြစ်မှုအတွက် ထုချေနိုင်ရန် လူကောင်းကဲ့သို့ ပကတိစိတ်အခြေအနေရှိမှ သာလျှင် အမှုကို စစ်ဆေးနိုင်သည်။ ထိုသို့ စစ်ဆေးနိုင်ရန်အတွက် ဦးလှရွှေကိုလည်း ဆေးစစ်ချက်ရယူရန်လိုခြင်းဖြစ်သည်။ သို့ရာတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဦးလှရွှေသည် အမြဲတမ်း စိတ်ဖောက်ပြန်နေသူ တစ်ဦးကား မဟုတ်ချေ။ ရံဖန်ရံခါ စိတ်ဖောက်ပြန်ခြင်းသာဖြစ်သည်။ အမှုစစ်ဆေးသည့်အခါ၌ ဦးလှရွှေသည် စိတ်ဖောက်ပြန်နေကြောင်း အမှုတွဲ၌ ရေးမှတ်ထားခြင်းလည်း မရှိ။ ဆေးဆရာဦးအောင်ထွန်း၊ အယူခံ တရားလို နှင့် သေသူဒေါ်ခင်ညွန့်တို့၏ သားသမီးများဖြစ်သော မောင်သိန်းရွှေ၊ မလုံးချောတို့၏ ထွက်ချက်မှာလည်း ဦးလှရွှေသည် အမှုစစ်ဆေးစဉ် စိတ်မတည်မငြိမ်ဖြစ်နေပါသည်ဟု ထွက်ချက်မရှိ။ ယင်းအချက်တို့ကို စုပေါင်း၍ကြည့်လျှင် ဦးလှရွှေသည် အမှုကို ကောင်းစွာထုချေနိုင်သည့် စိတ်အခြေအနေရှိသည်ဟု ယူဆသည်။ ထို့ကြောင့် ဦးလှရွှေအား စစ်ဆေးခြင်း မရှိသော်လည်း ၎င်း၏ထုချေချက်ကို လက်ခံစဉ်းစားနိုင်သည်။ **ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မောင်သံချောင်းအမှု**[၁] တွင် မောင်သံချောင်းအား ဆေးစစ်ဆေး

၁။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ–၁၃၂။

ခဲ့ခြင်းမရှိသော်လည်း သတိလစ်ဟင်း၍ မိမိ၏စိတ်ကို မိမိမနိုင်စိတ်ပေါ် သွပ်သည့် သဘောမျိုးရောက်ခဲ့သည်ဟု ယူဆလက်ခံကာ ကင်းလွတ်ခွင့် ပြုခဲ့ကြောင်း တွေ့ရသည်။ ထိုသို့ပင် **မောင်ကုတ်ချို့နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံအမှု**(၁) တွင် အမှုစစ်ဆေးနေစဉ်အတွင်း စိတ်မနှံ့သူတစ်ဦးအနေဖြင့် မိမိ၏ အမှုကို ကာကွယ်ထုချေနိုင်သည့် အရည်အချင်း ရှိ မရှိ တရားရုံး က ဖော်ပြမထားကြောင်း၊ အကယ်၍ မိမိ၏အမှုကို ခုခံနိုင်သည့် အခြေအနေမရှိလောက်အောင် ဖောက်ပြန်နေပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၆၄ အရ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မဆောင်ရွက်လျှင်၊ အမှုတစ်ခုလုံး ပျက်မည်ဖြစ်ကြောင်း မှတ်ချက်ပြုထားသည်။ ယင်းအချက်များ ကို ထည့်သွင်းစဉ်းစား၍ အမှုကို လေ့လာသောအခါ အယူခံတရားလိုသည် ၎င်းအပေါ် စွပ်စွဲချက်ကို ကောင်းစွာ နားလည်၍ ထုချေနိုင်သော အခြေအနေမျိုးရှိကြောင်းတွေ့ရသည်။

ထို့ပြင် မူလတိုင်းတရားရုံးက ဦးလှရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းမှာလည်း မှန်ကန်ခြင်း မရှိချေ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၉ တွင် နှစ်ပိုင်းခွဲခြားထားသည်။ မည်သည့် အချက်နှင့် အကျုံးဝင်ကြောင်း ဖော်ပြသုံးသပ်ထားခြင်းမပြုဘဲ ပြစ်မှုမကင်း သော လူသေမှုဟု ဆုံးဖြတ်ထားသည်။ အမှုတွင် ပေါ်ပေါက်နေသော အကြောင်းအရာများအရဆိုလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ကင်းလွတ်ခွင့် မရပါက လူသတ်မှုဖြစ်ကြောင်း ပေါ်ပေါက်သည်။

အထက်ပါအကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ မကွေးတိုင်း တရားရုံး (သရက်ခရိုင်) မှ အယူခံတရားလို ဦးလှရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်သည့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ကင်းလွတ်ချက်အရ ဦးလှရွှေအား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။ ထို့ပြင် ဒေါ်ခင်ညွန့်အား အယူခံ တရားလိုက ဓားဖြင့် ခုတ်သတ်ခဲ့သည်မှာလည်း မှန်ကြောင်းဖော်ပြလိုက်သည်။ အယူခံ တရားလိုနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၇၁ နှင့် အညီ ဆက်လက်ဆောင်ရွက်စေရန် မူလရုံးအား ညွှန်ကြားလိုက်သည်။

---

၁။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၀၉၆။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

မဝင်းဝင်းနိုင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၃*

+ ၁၉၉၇
စက်တင်ဘာလ
၂၅ ရက်

**ပြစ်မှုပြင်ဆင်မှုနှင့် ပြစ်မှုအယူခံမှုတို့ကို တိုင်းတရားရုံးက တစ်ပြိုင်တည်း ကြားနာပြီးနောက် ပြင်ဆင်မှုကို ပလပ်ပြီး အယူခံမှုကို ခွင့်ပြုကာ တရားခံကို အမှုမှ အပြီးအပြတ်လွှတ်လျှင် နစ်နာသူ မူလတရားလိုက ပြင်ဆင်မှုကို တရားရုံးချုပ်သို့ ဆက်လက်တင်သွင်းခွင့် မရှိဘဲ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဥပဒေရုံး အဆင့်ဆင့်သို့ တင်ပြရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က လျှောက်ထားသူမဝင်းဝင်းနိုင်တင်သွင်းသည့် ပြင်ဆင်မှုအမှတ် ၂၃၃/၉၆ နှင့် လျှောက်ထားခံရသူ ဒေါ်စိန်စိန်၊ ကိုခင်စိုးတို့ တင်သွင်းသည့် အယူခံမှုအမှတ် ၃/၉၇ တို့ကို ၁၄-၂-၉၇ နေ့တစ်နေ့တည်း အမိန့်ချမှတ်ရာ၌ ပြင်ဆင်မှုကို ပလပ်ပြီး အယူခံမှုကို ခွင့်ပြု၍ လျှောက်ထားခံရသူတို့ကို အမှုမှအပြီးအပြတ်လွှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၅) တွင် "xxxx ဤဥပဒေအရ အယူခံဝင်ခွင့်ရှိပါလျက် အယူမခံသည့်အချက်တွင် အယူခံဝင်နိုင်သူက ပြင်ဆင်မှုအဖြစ် တင်သွင်းလာသည့် မှုခင်းကိစ္စများ စဉ်းစားနိုင်ရန် လက်မခံရဟု ပြဋ္ဌာန်းထားသည်။ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) ကလျှောက်ထားခံရသူများကို အယူခံမှုတွင် အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်၍ လျှောက်ထားသူ မူလတရားလိုအနေဖြင့် ယင်းအမိန့်ကို မကျေနပ်ပါက ပြစ်မှုဆိုင်ရာကျင့်ထုံး

---

* ၁၉၉၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၂ (ခ)

\+ ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု / ၁၉၉၇ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၃၃ / ၃ တွင် ချမှတ်သော (၁၄-၂-၉၇) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ဥပဒေပုဒ်မ ၄၁၇ အရ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဥပဒေရုံးအဆင့်ဆင့်သို့ တင်ပြရန်သာရှိပေမည်။

လျှောက်ထားသူအတွက် – ဦးစိန်ရွှေ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် – ၁။ ဦးမြင့်သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ၃။ ဦးမင်းကျော်၊ တရားရုံးချုပ်ရှေ့နေ

အမရပူရမြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် ၄၅၂/၉၆ တွင် တရားခံ ဒေါ်စိန်စိန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ လည်းကောင်း၊ တရားခံ ကိုခင်စိုးအပေါ် ယင်းဥပဒေပုဒ်မ ၄၂၀/၁၀၉ အရ လည်းကောင်း ရုံးတက်ရုံးဆင်း ထောင်ဒဏ် (၁) ရက် စီ ကျခံကြစေရန် အပြစ်ဒဏ်ငွေ ၁၀၀၀ိ/–စီပေးဆောင်ကြစေရန် ဒဏ်ငွေမဆောင်က ထောင်ဒဏ် (၆) လစီ ကျခံကြစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်အပေါ် ဒေါ်စိန်စိန်နှင့် ကိုခင်စိုးတို့က အယူခံအမှုအမှတ် ၃/၉၇ အရ လည်းကောင်း၊ မူလတရားလို မဝင်းဝင်းနိုင်က ပြင်ဆင်မှုအမှတ် ၂၃၃/၉၆ အရလည်းကောင်း တင်သွင်းကြရာ မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်) က ပြင်ဆင်မှုအမှတ် ၂၃၃/၉၆ ကို ပလပ်ပြီး အယူခံမှုအမှတ် ၃/၉၇ ကို ခွင့်ပြုကာ ဒေါ်စိန်စိန် နှင့် ကိုခင်စိုးတို့ကို အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) ၏ အမိန့်ကို မူလရုံးတရားလို ဒေါ်ဝင်းဝင်းနိုင်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်သည်။

အမရပူရမြို့နေ မူလရုံးတရားခံ ဒေါ်စိန်စိန်နှင့် ကိုခင်စိုးတို့မှာ သားနှင့် မိခင်အရင်းများဖြစ်ပြီး မူလရုံးတရားလို မဝင်းဝင်းနိုင်မှာ ကိုခင်စိုး၏ ဇနီး ဖြစ်သည်။ ၎င်းတို့သည်တစ်အိမ်တည်းအတူ နေထိုင်ကြရာ ၂၁–၁၁–၉၅ ရက်နေ့က မဝင်းဝင်းနိုင်သည် ခင်ပွန်း ကိုခင်စိုးကို ငွေ ၅၀၀ိ/– ပေးပြီး ထီထိုးခိုင်းရာ ယင်းထီ (၁၂) စောင်အနက်မှ (၈၃) ကြိမ်မြောက်ထီဖွင့်သည့် နေ့တွင် ထီ (၄) စောင်သည် (၆) သိန်းဆုပေါက်ခဲ့သည်။ (၄–၁၂–၉၅) နေ့ ည (ထီပေါက်သည်ကို သိရှိသည့်ည) က ယောက္ခမ ဒေါ်စိန်စိန်က ယောက္ခမ ဦးကျော်ဟန်ကို ပြသလိုကြောင်း ပြောသဖြင့် ဒေါ်ဝင်းဝင်းနိုင်က ထီလက်မှတ်ကို ခေတ္တပေးလိုက်ရာမှ ပြန်မရတော့ဘဲ ဒေါ်စိန်စိန်နှင့် ၎င်း၏ သားဖြစ်သူ ကိုခင်စိုးတို့သည် ယင်းထီလက်မှတ်ဖြင့် လိမ်လည်ပြီး

ငွေထုတ်ယူကြ၍ ဥပဒေအရ အရေးယူရန် မဝင်းဝင်းနိုင်က အမရပူရရဲစခန်းသို့ တိုင်တန်းရာမှ အမှုပေါ်ပေါက်သည်။

မဝင်းဝင်းနိုင်၏ ရှေ့နေက အဓိအကြောင်းပြချက်များအဖြစ် မူလရုံးတရားလို မဝင်းဝင်းနိုင်၏ တိုင်ချက်နှင့် ထွက်ဆိုချက်တွင် (၂၁-၁၁-၉၅) ရက်နေ့က ၎င်း၏ ခင်ပွန်းဖြစ်သူ ကိုခင်စိုးအား အောင်ဘာလေထီထိုးပေးရန် ငွေ (၅၀၀/-) တန် တစ်ရွက်ထုတ်ပေးခဲ့ရာ ကိုခင်စိုးက အမရပူရမြို့ သူဌေးမင်း ထီဆိုင်မှ ထီထိုးလာပြီး ထီလက်မှတ်များကို ၎င်းအား ပေးအပ်ခဲ့ကြောင်း၊ (၃-၁၂-၉၅) ရက်နေ့ ည (၇) နာရီအချိန်ခန့်တွင် "သူဌေးမင်း" ထီဆိုင်ပိုင်ရှင် ကိုသိန်းထွန်းဦးက မဝင်းဝင်းနိုင်ထံလာပြီး ထီပေါက်ကြောင်း ပြောကြားသဖြင့် ဗွီဒီယိုကြည့်နေသူ ကိုခင်စိုးအား သွားရောက်ပြောကြားကာ ညတွင်းချင်းပင် ပေါက်စဉ်ဝယ်၍ တိုက်ကြည့်ကြရာ ထီလက်မှတ်အမှတ် ကခ-၈၄၁၈၂၅ မှ (၃) သိန်း တ-၈၄၁၈၂၅၊ ဒဂ-၈၄၁၈၂၅၊ ကဂ-၈၄၁၈၂၅ လက်မှတ်တို့မှ ကျပ် (၁) သိန်းစီ ပေါက်သဖြင့် (၃) သိန်း၊ စုစုပေါင်း ထီ (၆) သိန်းပေါက်သည်ကို သိရှိရကြောင်း၊ ယင်းသို့ ထီတိုက်နေစဉ် ကိုခင်စိုး၏ မိခင်ဖြစ်သူ ဒေါ်စိန်စိန်ရောက်လာပြီး ထီလက်မှတ်များကို ပြရန် ပြောသဖြင့် ခေတ္တပေးအပ်လိုက်သောအခါ အဖိုးကိုပြရအောင်ဟုဆိုကာ သားဖြစ်သူ ကိုခင်စိုးအားခေါ်ပြီး ထီလက်မှတ်များကိုပါ ယူဆောင်သွားသည်မှာ ထင်ရှားကြောင်း၊ လင်မယားတို့သည် ပစ္စည်းနှင့် စပ်လျဉ်း၍ အတူတကွ ပိုင်ဆိုင်မှုရှိသဖြင့် ယင်းငွေကျပ် (၆) သိန်းအနက် (၃) သိန်းကို မဝင်းဝင်းနိုင်အနေဖြင့် ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ယခုအမှုတွင် အချင်းဖြစ်ထီလက်မှတ်များသည် အဖိုးတန်စာတမ်း အမှတ်အသားအဖြစ် ပြောင်းလဲကြောင်း သိသည့်အချိန်၌ ယင်းထီလက်မှတ်များသည် ကိုခင်စိုးနှင့် မဝင်းဝင်းနိုင်တို့၏ လက်ဝယ်ရှိနေခဲ့သည်မှာ ပေါ်လွင်ကြောင်းနှင့် ထီလက်မှတ်ပြသူတို့သာငွေထုတ်ယူခွင့်ရှိသည်ဟူသောစည်းကမ်းချက်ဖြင့် ငွေထုတ်ယူခဲ့သူမှာ ဒေါ်စိန်စိန်ဖြစ်ကြောင်း မူလရုံး၏ သုံးသပ်ချက်ကို လစ်လျူရှုကာ မန္တလေးတိုင်းရုံး (မန္တလေးခရိုင်) က ပြင်ဆင်မှုလျှောက်ထားသူ၏ လျှောက်လွှာအား ပလပ်ခဲ့ခြင်းမှာ ဥပဒေအရ လည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းကြောင်း တင်ပြသည်။

လျှောက်ထားခံရသူများ၏ ရှေ့နေက မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က လျှောက်ထားခံရသူများ တင်သွင်းခဲ့သည့် အယူခံအမှုအမှတ် ၃/၉၇ တွင် ၎င်းတို့အား အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊

ယင်းရုံးက ပြင်ဆင်မှုအမှတ် ၂၃၃/၉၆ တွင် လျှောက်ထားသူ တင်သွင်းသည့် ပြင်ဆင်မှုကို ပလပ်ခဲ့ကြောင်း၊ လျှောက်ထားခံရသူများအား တိုင်းတရားရုံးက အပြီးအပြတ်လွှတ်သည့် အမိန့်မှာ အတည်ဖြစ်လျက်ရှိသဖြင့် လျှောက်ထားသူသည် ပြင်ဆင်မှုအမှတ် ၉၂ (ခ)/၉၇ ကို လျှောက်ထားခွင့်မရှိကြောင်း စီရင်ထုံးများကို ကိုးကားတင်ပြလျှောက်လဲသည့်အပြင် မဝင်းဝင်းနိုင်နှင့် ကိုခင်စိုးတို့မှာ သီးခြားဝင်ငွေမရှိ၍ ကိုခင်စိုး၏ မိခင် ဒေါ်စိန်စိန်အိမ်၌ မှီခိုစားသောက်နေရသူများသာဖြစ်သောကြောင့် မိခင်ဖြစ်သူ ဒေါ်စိန်စိန်ပေးလိုက်သော ငွေဖြင့် ကိုခင်စိုးက ထိထိုးသည်ဆိုသည့်အချက်ကို လက်ခံရန် သဘာဝယုတ္တိရှိကြောင်း၊ ယင်းအချက်ကို အောင်ကိုကို (လိုပြ-၉) နှင့် ဦးကျော်ဆွေ (လိုပြ-၁၀) တို့ကလည်း ထောက်ခံထွက်ဆိုကြောင်း အဓိတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က အယူခံမှုအမှတ် ၃/၉၇ တွင် လျှောက်ထားခံရသူများကို အပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်၍ ယင်းအမိန့်အပေါ် ရှေ့နေချုပ်ရုံးကသာ အယူခံဝင်ခွင့်ရှိ၍ ပြင်ဆင်မှုအမှတ် ၉၂ (ခ)/၉၇ ကို ပလပ်သင့်ကြောင်း တင်ပြသည်။

မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က လျှောက်ထားသူ မဝင်းဝင်းနိုင် တင်သွင်းသည့် ပြင်ဆင်မှုအမှတ် ၂၃၃/၉၆ နှင့် လျှောက်ထားခံရသူ ဒေါ်စိန်စိန်၊ ကိုခင်စိုးတို့ တင်သွင်းသည့်အယူခံမှုအမှတ် ၃/၉၇ တို့ကို ၁၄-၂-၉၇ နေ့က တစ်နေ့တည်း အမိန့်ချမှတ်ရာ၌ ပြင်ဆင်မှုကို ပလပ်ပြီး အယူခံမှုကို ခွင့်ပြု၍ လျှောက်ထားခံရသူတို့ကို အမှုမှအပြီးအပြတ် လွှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၅) တွင် "ဤဥပဒေအရ အယူခံဝင်ခွင့်ရှိပါလျက် အယူမခံသည့်အချက်တွင် အယူခံဝင်နိုင်သူက ပြင်ဆင်မှုအဖြစ် တင်သွင်းလာသည့် မှုခင်းကိစ္စများကို စဉ်းစားနိုင်ရန် လက်မခံရ " ဟု ပြဋ္ဌာန်းထားသည်။ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က လျှောက်ထားခံရသူများကို အယူခံမှုတွင် အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်၍ လျှောက်ထားသူ မူလတရားလိုအနေဖြင့် ယင်းအမိန့်ကို မကျေနပ်ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇အရ ဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာဥပဒေသရုံးအဆင့်ဆင့်သို့တင်ပြရန်သာရှိပေမည်။

အထက်ပါအကြောင်းများကြောင့် လျှောက်ထားသူ မဝင်းဝင်းနိုင် တင်သွင်းသည့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဦးသန်းအောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+ ၁၉၉၇

မေလ

၆ ရက်

**"ညဥ့်အချိန် သေသူကစတင်ပြီး ဓားရှည်နှင့် နှစ်ချက်ခုတ်၍ ဒဏ်ရာများ ရထားသူက ဓားမြှောင်နှင့် ပြန်ထိုးပြီး လုံးထွေးရာတွင် သေသူထံမှ ဓားရှည်ရရှိပြီး နောက်ဆက်ခုတ်ခြင်းကြောင်း သေဆုံးခဲ့ရမှုတွင် ကာကွယ်ခုခံပိုင်ခွင့် ရှိမရှိ၊ ကာကွယ်ခုခံပိုင်ခွင့်ကို ကျော်လွန်ရာရောက် မရောက်။**

**ဆုံးဖြတ်ချက်** ။ ။ ညဥ့်အချိန်တွင် ဓားရှည်ကိုင်၍ စတင်ရန်ပြုလာသူ ဦးလှကျော်နှင့် မိမိအသက်အတွက် ဓားမြှောင်ဖြင့် ခုခံကာကွယ်ရသူ ကိုသန်းအောင်တို့ အပြန်အလှန် ထိုးခုတ်သတ်ပုတ်ကြသည့် ကိစ္စတွင် လုံးထွေးကြရာမှ အခုတ်ခံထားရသူ ကိုသန်းအောင်၏ လက်ဝယ်သို့ ဓားရှည်ရောက်လာခြင်း၊ တစ်ဖက်လူ ဦးလှကျော်သို့ ခုတ်ခြင်းတို့မှာ တစ်ဆက်စပ်တည်း ဆက်တိုက်ဖြစ်ပွားခဲ့ သောဖြစ်ရပ်တစ်ခုသာဖြစ်သည်။ ဦးလှကျော်က ဓားရှည်နှင့် (၂) ချက် ခုတ်၍ ကိုသန်းအောင်က ဓားမြှောင် နှင့် (၂) ချက်ပြန်ထိုးခြင်း အဖြစ်အပျက်တစ်ရပ်၊ လုံးထွေးကြရာ၌ ဦးလှကျော်၏ ဓားရှည် ကိုသန်းအောင်ထံရောက်လာပြီး ကိုသန်းအောင်က ဦးလှကျော်အား ဓားနှင့်ခုတ်သည့် အဖြစ်အပျက်ကသီးခြားကိစ္စတစ်ရပ် မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ သေးအန္တရာယ်ဖြစ်လောက်အောင် စတင်ပြုလုပ်သူ လက်နက်မဲ့ဖြစ်နေသည့်အချိန်တွင် အပြင်းအထန် ဒဏ်ရာရစေပြီး

---

* ၁၉၉၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၂၂

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၈၁ တွင် ချမှတ်သော (၂၃-၁၁-၉၄) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

သေဆုံးစေခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကိုလိုသည်ထက် ပိုမိုသုံးစွဲခဲ့ခြင်းသာဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် အကျုံးမဝင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်ဒဏ်စီရင်ရမည်ဖြစ်ကြောင်း **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် မောင်တင်ရွှေအမှု** တွင်လည်း ဆုံးဖြတ်ထားပြီးဖြစ်ပေသည်။

အယူခံတရားလိုအတွက် – ဦးကျော်မြင့်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် – ဦးဇော်ဝင်း၊ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ရခိုင်ပြည်နယ် တရားရုံး (သံတွဲစရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၀/၉၃ တွင် အယူခံတရားလို ကိုသန်းအောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့် ထောင် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ အမိန့်ကို ကိုသန်းအောင်က မကျေနပ်၍ တရားရုံးချုပ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၈၁/၉၄ ကို တင်သွင်းသော်လည်း မအောင်မြင်သဖြင့် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ရရန် အထွေထွေလျှောက်လွှာအမှတ် ၁၇၁/၉၅ ကို ဆက်လက်တင်သွင်းခဲ့ရာ အောက်ပါအရေးယူလောက်သော ပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"မူလရုံးက လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှား မစီရင်ဘဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့် ယင်းအမိန့်ကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းမှာ အမှုတွင် ပေါ်ပေါက်နေသော သက်သေခံချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ"

အမှုမှာ သံတွဲမြို့နယ် သစ်ငုတ်တိုကျေးရွာနေ ဒေါ်အေးသန်းက ၁၄–၁၀–၉၃ နေ့ ညနေ ၁၉း၀၀ နာရီခန့်တွင် ခင်ပွန်းဖြစ်သူ ဦးလှကျော်သည် ထမင်းစားပြီးနောက် နွားမီးထည့်ရန်အတွက် ထင်းခုတ်ရန်ထွက်သွားကြောင်းနှင့် ခဏအကြာတွင် ရ–ဝ–တ ဥက္ကဋ္ဌဦးထင်ကျော်နှင့်အဖွဲ့ရောက်လာပြီး ခင်ပွန်း ဦးလှကျော်အား ကိုသန်းအောင်က ဓားဖြင့်ခုတ်၍ သေဆုံးကြောင်း ပြောပြ၍ သိရသဖြင့် ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို ကိုသန်းအောင်၏ အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာ၌ နှစ်ဖက်သက်သေခံချက်များနှင့်ဖြောင့်ချက်(သက်သေခံ–စ) အရ သေသူ ဦးလှကျော်က ဦးစွာ ဓားနှင့်ခုတ်သောကြောင့် ကိုသန်းအောင်မှ မိမိအသက်အတွက် ပြန်လည် ကာကွယ်ခုခံရာတွင် ဦးလှကျော်သေဆုံး

ခဲ့ခြင်းဖြစ်သောကြောင့် ခုခံကာကွယ်ပိုင်ခွင့်ထက် ကျော်လွန်ခြင်းသာဖြစ်၍ လူသတ်မှုဖြင့် အပြစ်မပေးသင့်ဘဲ လူသေမှုဖြင့်သာ အပြစ်ပေးသင့်ကြောင်း ရေးသားတင်ပြလျှောက်လဲသွားသည်။

နိုင်ငံတော်အတွက် လိုက်ပါ ဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ဦးလှကျော် သေဆုံးရခြင်းမှာ အယူခံတရားလို ကိုသန်းအောင်နှင့် အပြန်အလှန်သတ်ပုတ်ကြပြီးနောက် ဦးလှကျော်လဲကျခဲ့ရာ၌ ဦးလှကျော်၏ ထံတွင် မည်သည့်လက်နက်မျှ မရှိတော့သည်ကို သိပါလျှက် ကိုသန်းအောင်က ထပ်မံ၍ ဓားနှင့် ခုတ်ခဲ့သည့်အတွက် ရခဲ့သော အမှတ် (၃) ဒဏ်ရာကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းမှာ မှားယွင်းမှုမရှိကြောင်း ရေးသားတင်ပြ လျှောက်လဲသွားသည်။

မူလရခိုင်ပြည်နယ် တရားရုံး (သံတွဲခရိုင်) က ကိုသန်းအောင်သည် ဒဏ်ရာဖြင့်လဲနေသူ ဦးလှကျော်အား သေစေလောက်သော ဒဏ်ရာများကို ရရှိအောင်ပြုခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းအပေါ် တရားရုံးချုပ်ကလည်း အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ရခိုင်ပြည်နယ် တရားရုံး (သံတွဲခရိုင်) အမှုတွဲရှိ သက်သေခံချက်များအရ ၎င်း၏ ခင်ပွန်းသေသူ ဦးလှကျော်သည် ညနေ (၆) နာရီခန့်တွင် နေအိမ်မှ ထွက်သွားကြောင်းနှင့် ည (၈) နာရီခန့်တွင် ကိုသန်းအောင်က ဓားနှင့် ခုတ်၍ သေပြီးဖြစ်ကြောင်း ရ-ဝ-တ အတွင်းရေးမှူး ဦးသန်းထွန်း (လိုပြ-၄) တို့လာပြော၍ သိရကြောင်း ဖနီးဒေါ်အေးသန်း (လိုပြ-၁) က ထွက်ဆိုထားမှုတွေ့ရသည်။

ဤမှုတွင် သေသူ ဦးလှကျော်နှင့် အယူခံတရားလို ကိုသန်းအောင်တို့ နှစ်ဦးအချင်းဖြစ်ပွားမှုကို မျက်မြင်သက်သေမရှိသော်လည်း အချင်းဖြစ်ပွားမည့် နေ့ညနေပိုင်းက ဦးလှကျော်သည် ၎င်း၏ နှမဝမ်းကွဲတော်သူ ဒေါ်အေးသိန်း (ခံပြ-၂) ၏ အိမ်သို့ အရက်မူးပြီး ရောက်လာကြောင်း ကိုသန်းအောင်၏ နွားများ သူ၏ ခြံအတွင်း မကြာခဏဝင်၍ ကိုသန်းအောင်အား နံတော်တောင်အနီးရှိ သင်္ချိုင်းကုန်းကို ပို့ရမည်ဖြစ်ကြောင်း ပြောပြီး ထွက်သွားခဲ့သည်ဟု ဒေါ်အေးသိန်းက ထွက်ဆိုသည်။ ထို့ပြင် အချင်းဖြစ်ပွားရာနေရာမှာ ဦးထွန်းမြင့် (လိုပြ-၂)၏ အိမ်အနီးတွင် ဖြစ်ပြီး ဦးထွန်းမြင့်သည် ဖနီးနှင့်အတူ ညစာထမင်းစားနေစဉ် သေသူဦးလှကျော်၏ "လူမိုက်

တွေ့ပြီ၊ လူမိုက်တွေ့ပြီ" ဟူသော အသံ ၃/၄ ခွန်း ခန့်ကြားရပြီး ရိုက်သံ ခုတ်သံများကြားရကြောင်း၊ ဦးထွန်းမြင့်သည် ရ-ဝ-တ အဖွဲ့ဝင် ဦးတင်လှ (လိုပြ-၅) အိမ်သို့ ဦးသန်းထွန်း (လိုပြ-၄) နှင့်အတူ သွားရောက်၍ ကြည့်သည့်အခါ အယူခံတရားလို ကိုသန်းအောင်ကို ဓားမတစ်ချောင်း ကိုင်လျက် တွေ့ရပြီး၊ ၎င်းအား သေသူ ဦးလှကျော်က ဓားနှင့် ခုတ်သဖြင့် ဓားကိုလုပြီး ပြန်ခုတ်ခဲ့သည်ဟု ပြောကြောင်း၊ ဦးထွန်းမြင့်နှင့် ဦးသန်းထွန်း တို့က ထွက်ဆိုကြသည်။ ထိုစဉ်က ကိုသန်းအောင်တွင်လည်း ဓားဒဏ်ရာများ ရထားပြီး သွေးများထွက်နေသည်ကို တွေ့ရကြောင်း ထွက်ဆိုကြသည်။ ကိုသန်းအောင်က ၎င်းအား ဆေးရုံပို့ရန် ပြောသည့်အပြင် ထိုညကပင် ကျောက်ကြီး ရဲစခန်းသို့သွားရောက်ပြီး ၎င်း၏ လက်တွင်ရောက်နေသော သေသူဦးလှကျော်၏ ဓားကိုအပ်၍ အဖမ်းခံခဲ့ကြောင်းလည်း သက်သေများက ဆက်လက်ထွက်ဆိုထားသည်။

အယူခံတရားလို ကိုသန်းအောင်က မြို့နယ်တရားသူကြီး ဦးစိန်သာထွန်း (လိုပြ-၉) ထံတွင် ပေးခဲ့သော ဖြောင့်ချက် (သက်သေခံ-စ) တွင်လည်း လိုပြသက်သေများ၏ ထွက်ဆိုချက်ကဲ့သို့ပင် ဖြောင့်ဆိုထားသည်ကို တွေ့ရ သည်။ သေသူ ဦးလှကျော်တွင် ရရှိသော ဓားဒဏ်ရာများနှင့် စပ်လျဉ်း၍ ဒေါက်တာနီနီမော် (လိုပြ-ရ) က သေသူရသော ဒဏ်ရာ (၅)ချက် အနက် ဦးခေါင်း၊ ဝဲမေးရိုး ရင်ပတ်တို့တွင်ရသော ဒဏ်ရာမှာ ပြတ်ရှ ဒဏ်ရာများ ဖြစ်ပြီး ဝဲနို့အုံအထက်နှင့် အောက်တွင်ရသော ဒဏ်ရာမှာ ထိုးသွင်းဒဏ်ရာ ဖြစ်ကြောင်းနှင့် အစာအိမ်မှလည်း အရက်နံ့ရကြောင်း ဆေးစာ (သက်သေခံ-ခ) တင်သွင်း၍ ထွက်ဆိုသွားသည်။

အချင်းဖြစ်ပွားပုံကို ကြားသိယုံမျှမကဘဲ အချင်းဖြစ်ပွားပြီးလျှင် ပြီးချင်း ကိုသန်းအောင်အား ကိုယ်တိုင်မြင်တွေ့ခဲ့ရသူ ဦးထွန်းမြင့် (လိုပြ-၂) က ပြန်လှန် စစ်မေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်-

> "လူမိုက်တွေ့ပြီ၊ လူမိုက်တွေ့ပြီဟု အော်သံကြားပြီးနောက် ဦးလှ ကျော်၏ ဆဲဆိုသံများနှင့်အတူ ဖောင်း၊ ဖောင်းအသံများ ကြားရ ပါသည် x x x x ကိုတင်လှအိမ်တွင် ကိုသန်းအောင်ကို ဓား တစ်လက်နှင့် တွေ့သည်ဆိုသည်မှာ ဓားသည် ဦးလှကျော်၏ ဓားဖြစ်ပြီး ထိုဓားဖြင့် ဦးလှကျော်က ၎င်းကို စတင်ခုတ်၍ ကိုသန်းအောင်က ဓားလုပြီး ပြန်ခုတ်သည်ဟု ပြောပါသည်။ ကိုတင်လှအိမ်တွင် ကိုသန်းအောင်ကို တွေ့ရစဉ်က ၎င်းမှာလည်း

ဒဏ်ရာများနှင့် သွေးများထွက်နေသည်ကို တွေ့ရပါသည်"

အယူခံတရားလို ကိုသန်းအောင်က ဦးလှကျော်က ၎င်းအား လှမ်းကြိုး တွေ့ပြီဟု ပြောပြီး ဓားနှင့် စတင်ခုတ်၍ ဦးခေါင်းထိခဲ့ကြောင်း၊ ဒုတိယ အချက် ဆက်ခုတ်ရာဝင်လုံးသဖြင့် လက်ဝဲတခေါင်ကိုထိခဲ့ကြောင်း၊ လုံးရင်း ဖြင့် ၎င်းတွင်ပါလာသော ဓားမြှောင်နှင့် ထိုးခဲ့ကြောင်း ၎င်းက ဦးလှကျော် ၏ ဓားကိုလုသကဲ့သို့ ဦးလှကျော်ကလည်း ၎င်း၏ ဓားမြှောင်ကိုလုရာ၊ အပြန်အလှန်ဓားများ ရခဲ့ကြောင်း ဓားရပြီးနောက် ဦးလှကျော် ဆက်ခုတ်ခဲ့ ကြောင်း ဦးလှကျော်လဲ ကျန်ရစ်ပြီး ၎င်းလည်း ထွက်လာခဲ့ကြောင်း အယူခံတရားလို ကိုသန်းအောင်က ရုံးရှေ့တွင် ထွက်ဆိုသည်။

ကိုသန်းအောင်အား ဥပဒေအရာရှိက ပြန်လှန်စစ်မေးရာ၌ အောက်ပါ အတိုင်း ထွက်ဆိုထားသည်-

"ဦးလှကျော်က ကျွန်တော့်အား ဓားဖြင့် (၂) ချက် လောက်ခုတ်ပြီး သည့်အခါ ကျွန်တော်က အသင့်ပါလာသော ဓားဖြင့် ပြန်ခုတ်ခဲ့ သည်ဆိုလျှင် မှန်ပါသည်။ ဦးလှကျော်ဓား ကျွန်တော်လက်ထဲ ရောက်ပြီးသည့်အခါ ဦးလှကျော်လဲသွားခဲ့သည်ဆိုလျှင် မှန်ပါသည်။ ဦးလှကျော်သည် လဲကျသွားပြီးဖြစ်သည့်အပြင် ကျွန်တော့်လက်ထဲ တွင်လည်း သူကိုင်သော ဓားရှိပြီးဖြစ်၍ ကျွန်တော့်အား ဘာမျှ ဆက်လက်ပြီး လုပ်နိုင်ခြင်းမရှိဆိုလျှင် မှန်ပါသည်။ ကျွန်တော်နှင့် ဦးလှကျော်တို့ လုံးထွေးနေစဉ် ကျွန်တော်တွင်ပါသော ဓားမြှောင် ဖြင့် ထိုးခဲ့သည်ဆိုလျှင် မှန်ပါသည်။ ထိုးသွင်းဒဏ်ရာမှာ ထိုစဉ်က ကျွန်တော်ထိုးသဖြင့် ရရှိခဲ့သည်ဆိုလျှင် မှန်ပါသည်။ ဦးလှကျော်တွင် ရရှိသော ပြတ်ရှဒဏ်ရာမှာ ဦးလှကျော်လဲနေစဉ် ကျွန်တော်ထပ်မံခုတ် သဖြင့် ရရှိခဲ့ခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်"

သို့ဖြစ်ရာ သက်သေခံချက်များအရ သေသူဦးလှကျော်နှင့် အယူခံတရား လို ကိုသန်းအောင်တို့ တွေ့ဆုံရာတွင် ဦးလှကျော်က စတင်ပြီး ဓားရှည်နှင့် ခုတ်၍ ကိုသန်းအောင်က ဓားမြှောင်နှင့်ထိုးခဲ့ခြင်းဖြစ်သည့်အပြင် သေသူလဲနေ သည့်အချိန်တွင်လည်း သေသူထံမှ လုယူရထားသည့် ၎င်း၏ ဓားမဖြင့် ဆတ်ခုတ်ခဲ့ကြောင်း ပေါ်ပေါက်နေသည်။ ယင်းသို့သော အခြေအနေတွင် အယူခံတရားလို ကိုသန်းအောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းသည် ဥပဒေနှင့် ညီမညီကို စိစစ်ရန်ရှိ ပေသည်။

သေသူဦးလှကျော်က ကိုသန်းအောင်အား ဓားရှည်ဖြင့် (၂) ချက် စတင်ခုတ်၍သာ ကိုသန်းအောင်က ပြန်လည်ခုခံခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မိမိအသက်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ အရ ကာကွယ်နိုင်ခြင်းမှာ အငြင်းပွားဘွယ်ရာ မရှိချေ။ ယင်းသို့ ကာကွယ်ခုခံခြင်းတွင် ပုဒ်မ ၁၀၂ အရ မကာကွယ် မခုခံလျှင် သေဘေးရောက်ခြင်းအတွက် စိုးရိမ်ဘွယ်ရာဖြစ်လောက်သော အခြေအနေဖြစ်ပေါ်နေသည့်အချိန်ကာလ အထိ ခုခံကာကွယ်ခွင့် ဆက်လက်ရှိနေပေသည်။

သေသူဦးလှကျော်သည် အချင်းဖြစ်မည့်နေ့ ညနေပိုင်းကပင် အရက်များ သောက်စားထားပြီး ကိုသန်းအောင်အား အပြတ်ရှင်းရမည်ဟု ပြောဆိုကြုံးဝါးသည့်အတိုင်းပင် ၎င်းက စတင်၍ ကိုသန်းအောင်အား ဓားရှည်နှင့် (၂) ချက်ခုတ်ရာ ကိုသန်းအောင်၏ ဦးခေါင်းနှင့် တဒေါင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ကိုသန်းအောင်က ဓားမြှောင်ဖြင့် ပြန်ထိုးသည်။ ယင်းသို့ ကိုသန်းအောင် ပြန်ထိုးခြင်းကိစ္စတွင် မကာကွယ် မခုခံလျှင် သေစေသည်အထိ သို့မဟုတ် အပြင်းအထန် နာကျင်စေသည်အထိ စိုးရိမ်ဘွယ်ရာ အခြေအနေဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၇ နှင့် ၁၀၀ တို့အရ ခုခံကာကွယ်ပိုင်ခွင့်ရှိသည်မှာ အငြင်းပွားဘွယ်ရာ မရှိချေ။

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ကိုသန်းအောင်၏ အထက်ပါပြုလုပ်မှုမှာ ခုခံကာကွယ်ပိုင်ခွင့်အတွင်း ကျရောက်သော်လည်း နှစ်ဦးသား အပြန်အလှန်လုံးထွေးကြရာ၌ သေသူဦးလှကျော်၏ ဓားရှည်မှာ ကိုသန်းအောင်လက်ဝယ်ရောက်ရှိလာပြီး ဦးလှကျော်လက်တွင် ဘာမျှမရှိတော့သည့် အခြေအနေ၌ ကိုသန်းအောင်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၂ အရ ခုခံကာကွယ်ပိုင်ခွင့် မရှိတော့ဘဲ ကိုသန်းအောင်က ဦးလှကျော်အား ဓားနှင့် ဆက်ခုတ်ခဲ့ခြင်းမှာ လူသတ်မှုသာဖြစ်သည်ဟု တင်ပြသွားသည့် အချက်ကို သုံးသပ်ရန်ရှိပေသည်။

ညဦးအချိန်တွင် ဓါးရှည်ကိုင်၍ စတင်ရန် ပြုလာသူ ဦးလှကျော်နှင့် မိမိအသက်အတွက် ဓားမြှောင်ဖြင့် ခုခံကာကွယ်ရသူ ကိုသန်းအောင်တို့ အပြန်အလှန် ထိုးခုတ်သတ်ပုတ်ကြသည့်ကိစ္စတွင် လုံးထွေးကြရာမှ အခုတ်ခံထားရသူ ကိုသန်းအောင်၏ လက်ဝယ်သို့ ဓားရှည်ရောက်လာခြင်း၊ တစ်ဖက်လူဦးလှကျော်သို့ ခုတ်ခြင်းတို့မှာ တစ်ဆက်စပ်တည်း ဆက်တိုက်ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုသာဖြစ်သည်။ ဦးလှကျော်က ဓားရှည်နှင့် (၂) ချက်ခုတ်၍ ကိုသန်းအောင်က ဓားမြှောင်နှင့် (၂) ချက် ပြန်ထိုးခြင်း

အဖြစ်အပျက်က တစ်ရပ်၊ လုံးထွေးကြရာ၌ ဦးလှကျော်၏ ဓားရှည် ကိုသန်းအောင်ထံရောက်လာပြီး ကိုသန်းအောင်က ဦးလှကျော်အား ဓားနှင့် ခုတ်သည့်အဖြစ်အပျက်က သီးခြားကိစ္စတစ်ရပ် မဟုတ်ချေ။ ဖြစ်ပျက်တတ်သော သဘောသဘာဝအရလည်း မိမိအား သေအောင် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရအောင် အခုတ်ခံထားရသူတစ်ဦးအနေဖြင့် တစ်ဖက်ရန်သူ၏ ဓားကို ရချိန်တွင် မိမိသည် ခုခံကာကွယ်ပိုင်ခွင့်အရ ရန်သူကို ခုတ်ခွင့်မရှိတော့ဟု စဉ်းစားချင့်ချိန်နိုင်မည် မဟုတ်ဘဲ ရန်သူက မိမိအား ရန်ပြုထားပြီးဖြစ်ခြင်းကို အထောက်အထားပြု၍ ရန်သူက ဆက်လက်ရန်မပြုနိုင်အောင် ကာကွယ်ခုခံရလိမ့်မည်သာ ဖြစ်ပေသည်။

ယင်းအချက်များကို ပေါင်းရုံးသုံးသပ်လျှင် အယူခံတရားလိုကိုသန်းအောင်၏ ပြုမှုသည် အချင်းစတင်ဖြစ်ပွားစဉ်က ကိုသန်းအောင်ရခဲ့သော ခုခံကာကွယ်ပိုင်ခွင့်မှာ ကုန်ဆုံးရပ်စဲသွားပြီး ကိုသန်းအောင်တွင် ခုခံကာကွယ်နိုင်ခွင့် ဆက်လက်မရရှိတော့ဟူသော ရှေ့နေချုပ်ရုံး၏ တင်ပြချက်ကို လက်ခံနိုင်ဘွယ်ရာ မရှိပေ။

သို့ရာတွင် အယူခံတရားလို ကိုသန်းအောင်သည် သေသူဦးလှကျော် လက်နက်မဲ့ဖြစ်နေချိန်တွင် ဓားနှင့်ခုတ်ခဲ့ခြင်းမှာ ကာကွယ်ခုခံရာတွင် ကာကွယ်ခုခံသော သဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက်ပို၍ မပြုရန် တားမြစ်ထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉ ပါ ပြဋ္ဌာန်းချက်ကို ကျော်လွန်လုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်ရမည်သာဖြစ်ပေသည်။ **ဦးဘိုလေး** နှင့် **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] နှင့် **မောင်ညွန့်စိန်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၂] တို့ကိုရည်ညွှန်းသည်။

ဘေးအန္တရာယ်ဖြစ်လောက်အောင် စတင်ပြုလုပ်သူ လက်နက်မဲ့ဖြစ်နေသည့်အချိန်တွင် အပြင်းအထန်ဒဏ်ရာရစေပြီး သေဆုံးစေခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုမိုသုံးစွဲခဲ့ခြင်းသာဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် အကျုံးမဝင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်ဒဏ်စီရင်ရမည်ဖြစ်ကြောင်း **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်** နှင့် **မောင်တင်ရွှေအမှု**[၃] တွင်လည်း ဆုံးဖြတ်ထားပြီးဖြစ်ပေသည်။

---

(၁) ၁၉၇၆ခုနှစ်၊ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်စီရင်ထုံး စာ-၁၀၈
(၂) ၁၉၇၈ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်စီရင်ထုံး စာ-၃၀
(၃) ၁၉၈၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်စီရင်ထုံးစာ-၈၄။

သို့အတွက် ဤအထူးအယူခံမှုကို ခွင့်ပြု၍ အယူခံတရားလို ကိုသန်းအောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အလုပ်နှင့် ထောင် (၁၀) နှစ်ကျခံစေရန် ပြစ်မှုထင်ရှားစီရင်ခဲ့သော ရခိုင်ပြည်နယ် တရားရုံး (သံတွဲခရိုင်) ၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏ အမိန့်ကို ပယ်ဖျက်၍ ကိုသန်းအောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ အလုပ်နှင့် ထောင် (၅) နှစ်ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးတင်အုံး ရှေ့တွင်

အိုက်မတ်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+ ၁၉၉၇
ဇန်နဝါရီလ
(၇) ရက်

**လူတစ်ဦးတစ်ယောက်အပေါ် စွပ်စွဲသော သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်သီးခြားရှိစေရမည့်ဖြစ်ပြီး စွဲချက်အရပ်ရပ်ကိုလည်းပုဒ်မ−၂၃၄၊ ၂၃၅၊ ၂၃၆ နှင့် ၂၃၉ တို့တွင် ဖော်ပြထားသည့်အမှုများမှ တစ်ပါးခွဲခြား၍ စစ်ဆေးစီရင်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မိုင်းရှူးရဲစခန်းမှ (ပ) ၁၂၈/၉၅ တွင် အိုက်မက်အပေါ် စွဲဆိုသည့်အမှုမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅၊ ၁၉ (က)၊ ၂၂ (ခ) တို့အရ စွဲဆိုခြင်းဖြစ်သည်။ ၎င်းအမှုမှာ အိုက်မတ်၏ လက်ဝယ်မှ မူးယစ်ဆေးဝါးတွေ့ရှိ၍ စွဲဆိုသော အမှုဖြစ်သည်။ ဤအမှုမှာ မိုင်းရှူး ရဲစခန်း (ပ) ၁၄၆/၉၅ ဖြင့် အိုက်မတ် ပေါ် ရှမ်းပြည်နယ် လက်နက်အမိန့် ၁၂ (က) အရ ၎င်း၏ နေအိမ်အတွင်းမှ လက်ပစ်ဗုံးတွေ့၍ စွဲဆိုသည့်အမှုဖြစ်သည်။ သို့ဖြစ်၍ မိုင်းရှူးရဲစခန်း (ပ) ၁၂၈/၉၅ နှင့် (ပ) ၁၄၆/၉၅ အမှုတို့မှာ သီးခြားပြစ်မှုများဖြစ်သည်။ သို့ဖြစ်၍ ဤအမှုစွဲဆိုချက်မှာ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ−၂၂ အရ စွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိပေ။

အယူခံတရားလိုအတွက် − ဦးတင်အောင်ဝင်း၊ တရားရုံးချုပ်ရှေ့နေ (မလာ)

အယူခံတရားခံအတွက် − ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

ရှမ်းပြည်နယ် တရားရုံး (လွိုင်လင်ခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၆၃/၉၅ တွင် တရားခံအိုက်မတ်အပေါ် ရှမ်းပြည်နယ် လက်နက်

---

* ၁၉၉၆ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် − ၁၈၂

+ ၁၉၉၅ ခုနှစ်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၃ တွင် ချမှတ်သော (၃၀−၄−၉၆) ရက်စွဲပါ ရှမ်းပြည်နယ် (လွိုင်လင်ခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

အမိန့် ၁၂ (က) အရ ထောင်ဒဏ် (၁) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို မကျေနပ်၍ အိုက်မတ်က တရားရုံးချုပ်သို့ အယူခံတင်သွင်းခြင်းဖြစ်သည်။

အမှုမှာ မိုင်းရှူးရဲစခန်းမှ ရဲအုပ်(စခန်းမှူး) စံထူးအောင်က ၁၅-၇-၉၅ နေ့ ၁၅:၃၀ နာရီအချိန်တွင် မိမိသည် ဗိုလ်ကြီး မင်းထိုက်၊ အရာခံဗိုလ်တင်အုန်း၊ ရဲတပ်ကြပ်ရဲရွှေတို့အဖွဲ့နှင့်အတူ ဖိုက်ဆမ်းကျေးရွာနေ အိုက်မတ်၏ အိမ်ကို သက်သေလူကြီးများနှင့် အတူရှာဖွေကြောင်း၊ ၎င်းနေအိမ်မှ သံဖူးနှင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော စက္ကူထုပ်ငယ် (၁၁၃) ထုပ်၊ အလေးချိန် (၀.၀၀၈၄၇၅) ကီလိုဂရမ်ခန့်သံဖူးပြာနှင့်ထည့်လျက် ဘိန်းစိမ်းဟု ယူဆရသော ပလပ်စတစ်နှင့် ထုပ်လျက် အထုပ်ငယ် ၃၂ ထုပ်၊ အလေးချိန် (၀.၀၀၉၆) ကီလိုဂရမ်၊ ပလပ်စတစ်ဖူးစိမ်းနှင့်ထည့်လျက် ဘိန်းဖြူမှုန့် (၀.၀၀၁)ကီလိုဂရမ်ခန့်၊ငွေစက္ကူရောရော ၂၉၆၈၆/-၅၀ါး၊ တရုတ်လက်ဗစ်ဖုံး အစိမ်းရောင်တစ်လုံးတို့ကို တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ အိုက်မတ်အပေါ် ရှမ်းပြည်နယ် လက်နက်အမိန့် ၁၂ (က) ဖြင့် အရေးယူ ပေးပါရန် သက်သေခံ (က) ဖြင့် မိုင်းရှူး ရဲစခန်းတွင် တိုင်တန်းခဲ့သည့်အမှုဖြစ်သည်။

အယူခံတွင် အဓိကအကြောင်းပြချက်အဖြစ် အိုက်မတ်အား မိုင်းရှူးရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉ (က)၊ ၂၂ (ခ) အရ အရေးယူ တရားစွဲဆိုတင်ပို့ပြီးဖြစ်ကြောင်း၊ ယခုတဖန် ရှမ်းပြည်နယ် လက်နက်အမိန့်အရ ထပ်မံစွဲဆိုခြင်းမှာ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ သက်သေခံပစ္စည်း လက်ပစ်ဗုံးကို အယူခံတရားလို ကိုင်ဆောင်ထားသည်ဟု လည်းကောင်း၊ အယူခံတရားလိုပိုင် နေအိမ်အတွင်းမှ ဖမ်းဆီးရမိသည်ဟုလည်းကောင်း၊ တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ချက်များအရ ပေါ်လွင်ခြင်း မရှိကြောင်း၊ အမှုတွင် တရားလို ဦးစံထူးအောင် ရုံးရှေ့တွင် လာရောက်ထွက်ဆိုခြင်း မရှိဘဲ ရှမ်းပြည်နယ် တရားရုံး (လွိုင်လင်ခရိုင်)၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၈/၉၅ အမှုတွဲမှ သက်သေခံချက်များကို မိတ္တူကူးပြီး ထည့်သွင်းဆုံးဖြတ်ခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း၊ သို့ဖြစ်ပါ၍ အယူခံတရားလိုအား အပြီးအပြတ် လွှတ်ပေးပါရန် တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိက အမှုတွင် ဒုရဲအုပ်ကျော်ဇေယျ၊ ဒုရဲအုပ် မောင်မောင်အောင် (အမှုစစ်တရား လို ရဲအုပ်စံထူးအောင် ကိုယ်စားတိုင်ချက်သက်သေခံခဲ့ သူ) နှင့် ဦးဆန်လျန် ရှာဖွေသက်သေ (ဝင်္ခြမ်းချမ်းရေးအဖွဲ့တာဝန်ခံ) (လိုပြ–၁၊ ၂၊ ၃) တို့ကို စစ်ဆေးထားကြောင်း၊ တရားလိုဘက်မှ တင်ပြချက်အရ တရားခံအိုက်မတ် ၏ နေအိမ်မှ ဘိန်းဖြူ ဘိန်းမဲထုပ်များနှင့်အတူ သက်သေခံ တရုတ်လက်ပစ် ဗုံးတစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိကြောင်း၊ အိုက်မတ် ရှာဖွေပုံစံပေါ်တွင် လက်ဗွေနှိပ်၍ အပ်ပေးခဲ့ကြောင်း၊ ရှာဖွေပုံစံ မူရင်းမှာ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၈/၉၅ တွင်ရှိပြီး ရှာဖွေပုံစံ မိတ္တူမှန်ကို (သက်သေခံ–ခ) အဖြစ် တင်သွင်းထားသည်ကို တွေ့ရှိရကြောင်း၊ တရားခံ အိုက်မတ်က အချင်းဖြစ် အိမ်တွင် နေထိုင်သူ မဟုတ်ကြောင်း၊ သက်သေခံပစ္စည်းများနှင့် မိမိသက်ဆိုင် မှု မရှိကြောင်း ငြင်းကွယ်ထုချေထားသော်လည်း တရားလိုဘက်မှ စွပ်စွဲ ချက်ကို လွှမ်းမိုးချေဖျက်နိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် မူလတရားရုံးက တရားခံနေထိုင်သည့် အိမ်မှာ တရုတ်လက်ပစ်ဗုံးတစ်လုံးတွေ့ရှိရ၍ တရားခံ၏ လက်ဝယ်ရှိ ပစ္စည်းဟု သုံးသပ်ရရှိကြောင်း၊ ထိုပစ္စည်းနှင့် ပတ်သက်၍ တရားခံသည် တစ်စုံတစ်ရာ ထုချေခဲ့ခြင်းမရှိကြောင်း၊ အိမ်အတွင်း တွေ့ရှိရသော လက်ပစ်ဗုံးအပါအဝင် (ဘိန်းဖြူ ဘိန်းစိမ်း) ပစ္စည်းများမှာ ၎င်းနှင့် မသက်ဆိုင်ကြောင်း ငြင်းဆိုခဲ့သည်မှလွဲ၍ ၎င်း၏ ငြင်းဆိုချက်သည် တရားလိုဘက် ထွက်ချက်ကို ချေဖျက်နိုင်ခြင်း မရှိကြောင်း စသည်ဖြင့် သုံးသပ်ကာ တရားခံအပေါ် ရှမ်းပြည်နယ် လက်နက်အမိန့် ၁၂ (က)အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အယူခံကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ ၂၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တခုခုသည် ဥပဒေနှစ်ရပ်၊ သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှု ကျူးလွန်သူကို ယင်းဥပဒေများအနက် ဥပဒေတရပ်ရပ်ဖြင့်သာ တရားစွဲအပြစ်ပေးရမည် ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ် တစ်ကြိမ်ထက်ပို၍ မခံစေရ။"

၎င်းပြဋ္ဌာန်းချက်မှာ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုသည် ဥပဒေနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင်

ပြစ်မှုကျူးလွန်သူကို ဥပဒေတစ်ရပ်ဖြင့်သာ တရားစွဲဆို အပြစ်ပေးရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"လူတစ်ဦးတစ်ယောက်အပေါ် စွပ်စွဲသော သီးခြားပြစ်မှုအရပ်ရပ်အတွက် စွဲချက်သီးခြားရှိစေရမည်။ ထို့ပြင် အဆိုပါ စွဲချက်အရပ်ရပ်ကိုလည်း ပုဒ်မ ၂၃၄၊ ၂၃၅၊ ၂၃၆ နှင့် ၂၃၉ တို့တွင် ဖော်ပြထားသည့် အမှုများမှတစ်ပါးခွဲခြား၍ စစ်ဆေးစီရင်မည်။"

မိုင်းရှူးရဲစခန်းမှ (ပ) ၁၂၈/၉၅ တွင် အိုက်မတ်အပေါ် စွဲဆိုသည့်အမှုမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉ (က)၊ ၂၂ (ခ) တို့အရ စွဲဆိုခြင်းဖြစ်သည်။ ၎င်းအမှုမှာ အိုက်မတ်၏ လက်ဝယ်မှ မူးယစ်ဆေးဝါးတွေ့ရှိ၍ စွဲဆိုသော အမှုဖြစ်သည်။ ဤအမှုမှာ မိုင်းရှူးရဲစခန်း (ပ) ၁၄၆/၉၅ ဖြင့် အိုက်မတ်အပေါ် ရှမ်းပြည်နယ် လက်နက်အမိန့် ၁၂ (က) အရ ၎င်း၏ နေအိမ်အတွင်းမှ လက်ဗစ်ဖုံးတွေ့၍ စွဲဆိုသည့်အမှုဖြစ်သည်။ သို့ဖြစ်၍ မိုင်းရှူးရဲစခန်း (ပ) ၁၂၈/၉၅ နှင့် (ပ) ၁၄၆/၉၅ အမှုတို့မှာ သီးခြားပြစ်မှုများဖြစ်သည်။ သို့ဖြစ်၍ ဤအမှုစွဲဆိုချက်မှာ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၂၂ အရ စွဲဆိုခြင်းကို ပိတ်ပင်ခြင်းမရှိပေ။

ဒုရဲအုပ် ကျော်ဇေယျ (လိုပြ–၁) က အိုက်မတ်၏ နေအိမ်ကို သက်သေများနှင့် ရှာဖွေရာ အိမ်အတွင်း နံရံရှိ ကြွက်လျှောက်တန်းပေါ်မှ တရုတ်လက်ပစ်ဖုံးတစ်လုံးကို တွေ့ရှိကြောင်း၊ ၎င်းအိမ်မှာ အိုက်မတ်၏ အိမ်ဖြစ်သည်ဟု ဦးဆန်လိန်နှင့် ဦးဆန်လျှံတို့က ပြောပြကြောင်း ထွက်ဆိုသည်။ ဦးတင်ရွှေ (လိုပြ–၂) က အချင်းဖြစ်တဲမှာ မအေးထွန်း၏ တဲဖြစ်ကြောင်း၊ အိုက်မတ်မှာ မအေးထွန်း၏ မောင်ဖြစ်ကြောင်း ထွက်ဆိုသည်။ ဦးဆန်လျင် (လိုပြ–၃) က အိုက်မတ်၏ အိမ်မှာ တစ်အိမ်လုံးပေါင်းမှ တစ်ခန်းသာရှိကြောင်း၊ ထိုအိမ်ကို ရှာဖွေရာ မူးယစ်ဆေးဝါးများနှင့် လက်ပစ်ဖုံးတစ်လုံးကို တွေ့ရှိကြောင်း ထွက်ဆိုသည်။ တရားခံ အိုက်မတ်က မိမိသည် ဖိုက်ဆန်းရွာသို့ ဘီယာနှင့် ဆေးလိပ်ဝယ်ရန် သွားခဲ့ကြောင်း၊ အိမ်တစ်အိမ်တွင် မြန်မာစစ်သားများနှင့် ရဲများဝင်ရောက်သွားသည်ကို တွေ့သဖြင့် မိမိက ရပ်ကြည့်ခဲ့ကြောင်း၊ ထိုသို့ ရပ်ကြည့်နေစဉ် ရဲများက မိမိအား လာရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ အချင်းဖြစ်အိမ်မှာ မိမိတည်းခိုနေ

သည့် အစ်မဖြစ်သူ၏ အိမ်မဟုတ်ကြောင်း၊ မည်သူ့အိမ်ဖြစ်သည်ကို မသိကြောင်း၊ ထိုအိမ်မှ အိမ်သူအိမ်သားများနှင့် ဆွေမျိုးမတော်ကြောင်း၊ သက်သေခံပစ္စည်းများမှာ မိမိထံမှ သိမ်းဆည်းရမိခြင်း မဟုတ်ကြောင်း၊ ရှာဖွေပုံစံတွင် မိမိလက်ဗွေနှိပ်မပေးခဲ့ကြောင်း ထွက်ဆိုသည်။

တရားခံ အိုက်မတ်က အချင်းဖြစ်နေအိမ်တွင် နေထိုင်ခြင်း မရှိကြောင်း ငြင်းဆိုသော်လည်း အချင်းဖြစ်အိမ်တွင် တရားခံ၏ ဓာတ်ပုံများကို တွေ့ရှိခဲ့ရသည်။ ဦးတင်ရွှေ (လိုပြ–၂) ကလည်း အချင်းဖြစ်အိမ်မှာ အိုက်မတ်၏ အစ်မ မအေးထွန်း၏ အိမ်ဖြစ်သည်ဟု ထွက်ဆိုခဲ့သည်။ အချင်းဖြစ်စဉ်က အိုက်မတ်အား နေအိမ်အနီးတွင် တွေ့ရှိခဲ့ရသည်။ ၎င်းနေအိမ်အတွင်းမှ တရုတ်လက်ပစ်ဗုံးတစ်လုံး တွေ့ရှိခဲ့သည်။ သို့ဖြစ်၍ မူလတရားရုံးက အိုက်မတ်သည် ရှမ်းပြည်နယ် လက်နက်အမိန့် ၁၂ (က) ကို ကျူးလွန်ကြောင်း ဆုံးဖြတ်သည်မှာ မှားယွင်းသည်ဟု ဆိုသာမည်မဟုတ်ပေ။

ထို့ကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

# ၁၉၉၇ ခုနှစ်

# တရားမဆိုင်ရာအမှုများ

# စီရင်ထုံးပြုသော တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကျော်ငွေ | နှင့် | ဦးမြင့်မောင် (ခ) ပီတာရမ်ပါ-၄ | ၁ |
| ဦးကြင်မြပါ - ၅ | နှင့် | ဒေါ်စောတင် | ၆ |
| ဒေါ်ကြည်ပါ-၃ | နှင့် | ဦးမောင်မောင်လှ | ၁၂ |
| ဒေါ်ကြည်ကြည်ဖေ (ခ) ဝိုင်အိုလက်လင်း | နှင့် | ဒေါ်ကြူကြူလင်းပါ-၂ | ၁၆ |
| ဦးခင်မောင်ကြည်ပါ-၂ | နှင့် | ဒေါ်အောင်စောနု | ၂၃ |
| ဒေါက်တာစန်းရီရီ | နှင့် | ဦးဘန်နီတင်ထွန်း | ၂၉ |
| ဦးငွေအောင် | နှင့် | ဒေါ်တင်စိန် | ၃၇ |
| ဒေါ်တင်မြ | နှင့် | ဦးမောင်စော | ၄၄ |
| ဦးနယား (ခ) ဦးမောင်မောင်ပါ-၂ | နှင့် | ဦးကိုလေးပါ-၂ | ၅၀ |
| ဦးမာမက်ဆာလီ | နှင့် | ဦးအဒ္ဒမန်းပါ-၈ | ၅၇ |
| ဒေါ်မိ | နှင့် | ဦးအောင်သန်း | ၆၃ |
| ဦးမောင်ဖြူပါ-၂ | နှင့် | ဒေါ်အေးရင် | ၆၉ |
| ဒေါ်မြသန်းတင် | နှင့် | ဒေါ်ကြူကြူ | ၇၆ |
| ဒေါ်မြမြ | နှင့် | ဦးမောင်မောင်ရွှေ | ၈၅ |
| ဦးမြဝေပါ-၂ | နှင့် | ဒေါ်တင်မြင့်မော် | ၉၁ |
| ဒေါ်မြသိန်းပျို-၃ | နှင့် | ဒေါ်တင်တင်မာပါ-၅ | ၉၇ |
| ဦးမှတ်ပါ-၂ | နှင့် | ဦးပီတာပါ-၂ | ၁၀၁ |
| ဒေါ်ရင်ရင် | နှင့် | ဦးလှသောင်းပါ-၄ | ၁၀၄ |
| ဒေါ်လှတင်ပါ-၂ | နှင့် | ဦးအောင်မြင့်ပါ-၃ | ၁၀၈ |
| ဦးဝင်း | နှင့် | ဦးဖြူပါ-၂ | ၁၁၄ |
| ဒေါ်သစ်သစ် | နှင့် | ဒေါ်ရီရီမြင့် (ခ) မချိုပါ-၅ | ၁၂၁ |
| ဦးသိန်း | နှင့် | ဒေါ်ခင်သန်းထွေးပါ-၁၅ | ၁၂၉ |
| ဒေါ်သိန်းပါ-၆ | နှင့် | ဒေါ်သိန်းဆင် | ၁၃၅ |

## စီရင်ထုံးပြုသော တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဒေါ်အမ | နှင့် | ဒေါ်ခင်လှစိန် | ၁၄၀ |
| ဦးအောင်ဒင်ပါ-၅ | နှင့် | ဦးဝေလွင် (ခ) ဦးမောင်ကို | ၁၄၈ |
| SHANGRI - LA YANGON CO. LTD | | MASTER OF M.V. AKADEMIK E. PATON ပါ-၁ | ၁၅၁ |
| ဆေးသိပ္ပံ ဦးစိုးဌာန | နှင့် | WOO CHANG CHARTERING AGENCY CO. LTD ပါ-၁ | |
| နယူးဂိုးဒင်း ရန်ကုန် လီမိတက် | | MR. M. POCHTER ရေယာဉ်မှူး M.V. AKADEMIK E. PATON | |

## တရားမမှုဆိုင်ရာအမှုများ

ဥပဒေများ –

- ကာလစည်းကမ်းသတ်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- တရားစီရင်ရေးဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ
- ပဋိညာဉ်ဥပဒေ
- မြန်မာစလေ့ထုံးတမ်းဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- သက်သေခံဥပဒေ
- အောက်မြန်မာပြည်မြို့ရွာနှင့်ကျေးရွာများအက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ
- ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေ

**ကျူးကျော် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အဆောက်အအုံများအား ဖယ်ရှား ပေးစေပြီးနောက် ကျူးကျော်ခံရသောမြေကို လက်ရောက်ရလိုမှု– နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် မြေများတွင် သူတစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ၊ သို့မဟုတ် မပိုင်မှန်း သိလျက်နှင့် တမင်ကျူးကျော်လိုသောဆန္ဒနှင့်ဖြစ်စေ မိမိပိုင် မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်ဘက် လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မြေကို သာမန် လက်ရှိထားခြင်းနှင့် ပိုင်ရှင်အား ဆန့်ကျင်လက်ရှိထားခြင်းမှာ ခြားနားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၄၄ တွင် သာမန် လက်ရှိထားခြင်းမျိုးမဟုတ်ဘဲ တရားလိုအား ဆန့်ကျင်၍ လက်ရှိထားခြင်း မျိုးကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ **ဦးချစ်ထွန်းနှင့် ဒေါ်ငွေသောင် နှင့် မမြငွေအမှု** ကိုကြည့်ပါ။ **ဦးသန်းငွေပါ ၃ နှင့် ဦးဘအေး (ခေါ်)**

**ဆရာအေးပါ ၄ အမှု** တွင် နယ်နိမိတ်ခြင်း ဆက်စပ်လျက်ရှိသော စာမျက်နှာ မြေများတွင် သူတစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက် ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်းသိလျက်နှင့် တမင်ကျူးကျော်လိုသော ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် ဆန့်ကျင်ဘက်လက်ရှိ ရရှိခဲ့သည်ဟု ယူဆရမည် ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။ အဆိုပါအမှု၌ ကိုးကားခဲ့သည့် **မရှမ်းမ** နှင့် **ဆိုမာထွန်ဒရမ်ချစ်တီးယားအမှု** တွင်အောက်ပါအတိုင်း ဆုံးဖြတ်ထား သည်ကို တွေ့မြင်နိုင်သည်-

'Possession of Land by adjoining owner, a result of a mistake as to the bounderies, is nevertheless adverse to the owner."

**ဦးသန်းငွေပါ (၃) နှင့် ဦးဘအေး (ခ) ဆရာအေးပါ ၄ အမှုစီရင်ထုံးကို ဦးစိုးပါ ၃ နှင့် ဦးဥာဏ်ကျယ်ပါ ၄ အမှု** တွင် လိုက်နာသည်။ သို့ဖြစ်၍ ယင်းမူသဘောမှာ အတည်တကျဖြစ်နေပြီးဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရား ပြိုင် ဦးဘန်နီတင်ထွန်းက နယ်နိမိတ်ဆက်စပ်နေသည့် ဦးပိုင်အမှတ် ၂၄ မြေကွက်အတွင်း ကျူးကျော်ပြီး အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့သည် ယင်းမြေကွက်ပိုင်ရှင် ဒေါက်တာစန်းရီရီကို ဆန့်ကျင်လက်ရှိထားခြင်းဖြစ်သည်။

ဒေါက်တာစန်းရီရီ နှင့် ဦးဘန်နီတင်ထွန်းပါ (၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းနှင့် ၁၂ (၁) (ဂ) တို့အရ အငှားချထားသည့် ဥပစာမှ အိမ်ငှားအားနှင်လိုမှု၊ မြို့ပြဒေသ၌ တည်ရှိသော အငှား ချထားသည့် ဥပစာမှ အိမ်ငှားအားနှင်လိုမှုနှင့် မြို့ပြဒေသမဟုတ်သည့် ကျေးရွာ၌ တည်ရှိသော အငှားချထားသည့်ဥပစာမှ အိမ်ငှားအား နှင်လိုမှုတို့၏ အမှုဖြစ်အကြောင်းအရာ မြို့ပြဒေသအတွင်းရှိ ဥပစာတစ်ခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုနှင့် သက်ဆိုင်သည့် ကာလစည်းကမ်းသတ်ဥပဒေ။ ၂၉

**ဆုံးဖြတ်ချက်** ။ ။မြို့ပြဒေသ၌တည်ရှိသော အငှားချထားသည့်ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ

နှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေတို့နှင့် သက်ဆိုင်သည်။ မြို့ပြဒေသမဟုတ်သည့် ကျေးရွာတွင်တည်ရှိသော အငှားချထားသည့်ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေသက်သက်နှင့်သာ သက်ဆိုင်သည်။ သို့ဖြစ်ရာ ယင်းအမှုအမျိုးအစား နှစ်မျိုးတို့၏ အမှုဖြစ်အကြောင်းအရာမှာ ကွဲပြားခြားနားသည်။ စာမျက်နှာ

မြို့ပြဒေသ၌တည်ရှိသော အငှားချထားသည့်ဥပစာမှ အိမ်ငှားအား နှင်လိုမှု၌ အမှုဖြစ်အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) တရားပြိုင်သည်တရားလို၏အိမ်ငှားဖြစ်ခြင်း

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း

(၃) တရားပြိုင်သည် အငှားချထားသည့်ဥပစာမှ ဖယ်ရှားမပေးခြင်း

(၄) ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) မှ (စ) ပါ ကိစ္စတစ်ရပ်ရပ် သို့မဟုတ် ကိစ္စရပ်များ ပေါ်ပေါက်ခြင်း

မြို့ပြဒေသမဟုတ်သည့်ကျေးရွာတွင် တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှု၌ အမှုဖြစ်အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) တရားပြိုင်သည် တရားလို၏အိမ်ငှားဖြစ်ခြင်း

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း

(၃) တရားပြိုင်သည် အငှားချထားသည့်ဥပစာမှ ဖယ်ရှားမပေးခြင်း

အထက်ဖော်ပြပါ နှင်လိုမှုနှစ်မျိုးအနက် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့်သက်ဆိုင်သည့် အငှားချထားသော ဥပစာမှ အိမ်ငှားအား နှင်လိုမှုတွင် ပေါ်ပေါက်သောအမှုဖြစ် အကြောင်းခြင်းရာမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေသက်သက်နှင့်သက်ဆိုင်သည့် အငှားချထားသောဥပစာမှ အိမ်ငှားအား နှင်လိုမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာထက် ပိုမိုကျယ်ဝန်းကြောင်း ပေါ်ပေါက်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၉ နှင့် သက်ဆိုင်သည်ဆိုခြင်းမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ မှန်ကန်သည်။ အကယ်၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ

ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) စာမျက်နှာ သို့မဟုတ် ၁၂ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိခဲ့လျှင် အိမ်ရှင်သည် အိမ်ငှားအား ငှားရမ်းခြင်းကို ရပ်စဲပြီးနောက် ၁၂ နှစ်အတွင်း တရားစွဲဆိုခွင့်ရှိသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) အရ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ခွင့်ကို ကန့်သတ်လိုက်ရာ ပုဒ်မ ၁၂ (၁) (က) မှ (စ) တွင် ဖော်ပြထားသောကိစ္စ တစ်ရပ်ရပ်အတွက်မှတစ်ပါး အိမ်ငှားအား ဖယ်ရှားခွင့်မရှိသည်မှာ ပြဋ္ဌာန်းချက်အရ ထင်ရှားသောအချက်ဖြစ်သည်။ မြို့ပြဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုရာ၌ အိမ်ရှင်မှ အိမ်ငှားရမ်းခြင်း ရပ်စဲလိုက်ရုံမျှဖြင့် မလုံလောက်ပေ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ) တွင် ဖော်ပြထားသည့်ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ရန် လိုသေးသည်။

ယင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပြီးနောက် မည်သည့်ကာလအတွင်း ယင်းကိစ္စအတွက် (၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) သို့မဟုတ် ၁၂ (၁) (ဂ) ပါကိစ္စ) အိမ်ငှားအား တရားစွဲဆိုနှင်ထုတ်ရမည်ကို ကာလစည်းကမ်းသတ် ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ယေဘုယျပြဋ္ဌာန်းချက်ဖြစ်သည့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်ကြောင်း ယုံမှားသွယ်မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မြို့ပြဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၂၀ နှင့်လည်း သက်ဆိုင်သည်ဟု ကောက်ယူရာ၌ကာလစည်းကမ်းအက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၉ တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ချုပ်ခြင်း မဟုတ်ပေ။ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁)ပါ ပြဋ္ဌာန်းချက်များကအိမ်ငှားအားနှင်ထုတ်ခွင့်ကန့်သတ်လိုက်ရာ၌ ယင်းကန့်သတ်ချက်များအတွက် စည်းကမ်းသတ် ကာလကို သတ်မှတ်ရခြင်းကြောင့် ဖြစ်သည်။

ဒေါ်မြသန်းတင် (ကိုယ်စားလှယ်၊ ဒေါက်တာတင်အုံး) နှင့် ဒေါ်ကြူကြူ (ကွယ်လွန်သူ ဒေါ်မြစိန်၏တရားဝင်ကိုယ်စားလှယ်) ၎င်း၏ကိုယ်စားလှယ် ဦးကျော်ဇင် ၇၆

**အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၁၈ အရအမွေထိန်းလက်မှတ်စာလျှောက် ထားမှု တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ တွင် ပြဋ္ဌာန်းထားသော အငြင်းပွားပစ္စည်းသည် အမွေဆက်ခံခြင်းဥပဒေအရ အမွေထိန်းစာ လျှောက်ထားသည့်အမှုနှင့် အကျုံးဝင်သက်ဆိုင်ခြင်း ရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အမှုတစ်မှုတွင် အငြင်းပွားသော ပစ္စည်းသည့် ပျက်စီးယိုယွင်းမည် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည် သို့မဟုတ် လွှဲပြောင်း ပေးခြင်းခံရမည့်အန္တရာယ် ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသော ပစ္စည်းနှင့် စပ်လျဉ်း၍ ယာယီတားဝရမ်း ထုတ်ဆင့်နိုင်သည်။

ယာယီတားဝရမ်းထုတ်ဆင့်စေလိုသည့်ပစ္စည်းသည် အမှုတွင် အငြင်းပွား သည့် ပစ္စည်းမဟုတ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ အရ ယာယီတားဝရမ်း ထုတ်ဆင့်နိုင်မည်မဟုတ်ကြောင်း စီရင်ထုံးများတွင် ထုံးဖွဲ့ထားသည်။

**ဦးကျော်ဇော်ပါ ၂ နှင့် ဦးခင်မောင်ဗိုလ်အမှု၊ ဦးတင့်ဆွေပါ ၂ နှင့် ဒေါ်အမာ** အမှုတို့ကို ကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမွေထိန်းလက်မှတ်စာလျှောက်ထားမှုတွင် မည်သူသည် အမွေပုံကို စီမံခန့်ခွဲခွင့်ရှိသည်ဆိုသောအချက်ကိုသာ အဆုံး အဖြတ်ပေးရန် ဖြစ်သည်။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်တို့ကို အဆုံးအဖြတ်ပေးခွင့် မရှိချေ။

သို့ဖြစ်ရာ အမွေထိန်းလက်မှတ်စာလျှောက်ထားမှုမျိုးတွင် ပစ္စည်း ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုမရှိသဖြင့် အငြင်းပွားပစ္စည်း (property in dispute) မရှိဟု ဆိုရပေမည်။

ဒေါ်ကြည်ပါ ၃ နှင့် ဦးမောင်မောင်လှ ၁၂

**တရားနိုင်က အိမ်ကို လက်ရောက်ရရှိသည့် အနိုင်ဒီကရီကို အတည်ပြု ရာတွင် တရားရုံးက မြေမပါဘဲ အိမ်ကိုသာ လက်ရောက်အပ်ရန် မဖြစ်နိုင်ဟု သုံးသပ်ပြီး တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၃၆ အရ အိမ်ကို စတိလက်ရောက်ပေးအပ်ခြင်းမှာ မှန်ကန်မှု ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေက မရွှေ့မပြောင်းနိုင်သော ပစ္စည်း၏ ဟူသည့် စကားရပ်ကိုသာ အနက်

အဓိပ္ပာယ် ဖွင့်ဆိုခြင်း ဖြစ်သည်။ အိမ်ဆိုလျှင် ထိုအိမ်တည်ရှိရာ မြေကိုလည်း ပါရမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမဟုတ်ပေ။ အိမ်ပိုင်သူသည် အိမ်တည်ရှိရာ မြေကိုပါ ပိုင်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။ အိမ်ကို ပုဂ္ဂိုလ်တစ်ဦးက ပိုင်ပြီး၊ အိမ်တည်ရှိမြေကို အခြားတစ်ယောက်က ပိုင်ဆိုင်ခြင်းလည်း ဖြစ်နိုင်သည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၃၅ တွင် ဒီကရီမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်ကို ပေးအပ်ရန်အတွက်ဖြစ်လျှင် ထိုဒီကရီရရှိသူအား လက်ရောက်ပေးအပ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားနိုင်ဒေါ်အေးမေသည် အချင်းဖြစ်အိမ်ကို လက်ရောက်ဒီကရီ ရရှိခဲ့သည်ဖြစ်ရာ ယင်းအိမ်ကို လက်ရောက်ရခွင့်ရှိသည်။ ဒီကရီတွင် လက်ရောက်ပေးအပ်ရန် ဖော်ပြထားပါလျက် မြို့နယ်တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၃၆ အရ စတိလက်ရောက်သာ ပေးအပ်ခြင်းမှာ မှားယွင်းသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၃၆ အရ ဒီကရီမှာ အိမ်ငှား သို့မဟုတ် အခြားနေထိုင်ခွင့်ရှိသူ လက်ရှိနေထိုင်လျက်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရောက်ပေးအပ်ရန်ဖြစ်ပြီး ယင်းဒီကရီအရ ထိုသူမှာ မိမိ၏ လက်ရှိနေထိုင်ခွင့်ကို စွန့်လွှတ်ရန် တာဝန်မရှိမှသာလျှင် စတိလက်ရောက် ပေးအပ်ရမည်ဖြစ်သည်။

ဦးငွေအောင် (ကွယ်လွန်သူ ဒေါ်အေးမေ၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်တင်စိန် ၃၇

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ စွဲဆိုမှု အိမ်ရှင် (၇) ဦးက တရားလိုပြုလုပ်၍ အိမ်ငှားများအပေါ် အိမ်နှင်လိုမှု စွဲဆိုခြင်း၊ မူလမှု အတောအတွင်း တရားလိုအိမ်ရှင်တစ်ဦး ကွယ်လွန်သွားရာ ၎င်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းမှု မပြုခဲ့ခြင်း၊ အိမ်ငှားများအပေါ် တရားစွဲဆိုခွင့်သည် ကျန်တရားလိုများ အတွက်သာ ကျန်ရှိခြင်း ရှိ မရှိ၊ သေသူတရားလိုနှင့်စပ်လျဉ်း၍ အမှုရပ်စဲခြင်းကြောင့် အမှုတစ်မှုလုံးအပေါ်တွင် မည်ကဲ့သို့အကျိုးသက်ရောက်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမှုမပြီးပြတ်မီ အမှုသည်တစ်ဦးကွယ်လွန်လျှင် ဆုံးဖြတ်ရန် ပထမပြဿနာမှာ တရားစွဲဆိုခွင့် ကျန်ရှိခြင်း ရှိ မရှိ

ဖြစ်သည်။ ယေဘုယျ ဥပဒေသမှာ ထိုသူကွယ်လွန်စဉ်က ၎င်းအကျိုးငှာ ကာမျက်နှာ တည်ရှိခဲ့သော တရားစွဲဆိုခွင့်အရပ်ရပ်၊ တောင်းဆိုခွင့်အရပ်ရပ်သည် ၎င်း၏ အခွင့်အရေးကို ဆက်ခံသူအတွက် ကျန်ရှိသည်။ ခြွင်းချက်အနေဖြင့် ကွယ်လွန်သူ၏ ပုဂ္ဂလိကကိစ္စများနှင့် ဆက်နွယ်သော အခွင့်အရေးများသည် ကျန်ရှိမည်မဟုတ်ပေ။

သို့ဖြစ်ရာ ကွယ်လွန်သူ ဦးသန်းဖေက အိမ်ငှားများအပေါ် အိမ်ရှင်အဖြစ် တရားစွဲဆိုခွင့်သည် ၎င်း၏အခွင့်အရေးကို ဆက်ခံသူအပေါ် ကျန်ရှိကြောင်း ထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဒုတိယဆုံးဖြတ်ရမည့်ပြဿနာမှာ ထိုတရားစွဲဆိုခွင့်သည် ကျန်တရားလိုများအတွက်သာ ကျန်ရှိခြင်း ရှိ မရှိဖြစ်သည်။ ယခုအမှုမှာဦးကိုလေးတို့အိမ်ရှင် ၄ ဦးက အိမ်ငှားကို နှင်ထုတ်ပေးရန် တရားစွဲဆိုသည့်အမှုဖြစ်သည်။ အိမ်ရှင်သည် တစ်ဦးထက်ပိုလျှင် အိမ်ရှင်အားလုံးက အိမ်ငှားအား နို့တစ်စာပေးရန် လိုသည်။ ယင်းဥပဒေသကို တရားရုံးများက အစဉ်တစိုက် လိုက်နာခဲ့ကြသည်။ **ဦးလှမြင့် နှင့် ဒေါ်တင်တင်ဝင်းပါ (၈) အမှု** ကို ကြည့်ပါ။ သို့ဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား နှင်လိုမှုတွင် အိမ်ရှင် တစ်ဦးထက်ပိုလျှင် အိမ်ရှင် အားလုံးသည် တရားလိုများအဖြစ် ပါဝင်ရန်လိုအပ်ကြောင်း မြင်သာသည်။

အိမ်ရှင်တစ်ဦးဖြစ်သူ ဦးသန်းဖေ သေဆုံးသွားရာတွင် အမွေစား အမွေခံများ ကျန်ရစ်ခဲ့သည်ဖြစ်၍ ထိုသူတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (၈) အရ အိမ်ရှင်များ ဖြစ်လာကြသည်။ ထိုသူတို့သည် အိမ်ငှားအား နှင်လိုမှု၌ တရားလိုများအဖြစ် မပါမဖြစ် ပါဝင်ရမည့်သူများဖြစ်သည်။ သို့ဖြစ်ရာ ဦးသန်းဖေ သေဆုံးသွားသည့်အခါ တရားစွဲဆိုခွင့်သည် ကျန်တရားလိုများအတွက်သာ ကျန်ရစ်ခဲ့ခြင်း မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃ အရ တရားလိုများအနက် တစ်ဦးသေဆုံးရာတွင် တရားစွဲဆိုခွင့်မှာ ကျန်တရားလိုများအတွက်သာ ကျန်ရှိမည်မဟုတ်လျှင် သတ်မှတ်ထားသည့် အချိန်အတွင်း သေသူတရားလို၏ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် လျှောက်ထားခြင်း မပြုပါက သေသူ တရားလိုနှင့် စပ်လျဉ်းသမျှ အမှု ရပ်စဲသွားပြီ ဖြစ်သည်။

ထိုသို့ ရပ်စဲခြင်းကြောင့် အမှုတစ်မှုလုံးအပေါ်တွင်ဖြစ်စေ၊ အခြားအမှုသည် တို့၏ အခွင့်အရေးများအပေါ်တွင်ဖြစ်စေ မည်သို့ အကျိုးသက်ရောက်သည် ဆိုသောအချက်မှာ အမှု၏ သဘောသဘာဝ၊ အမှုဖြစ်ရပ်နှင့် တောင်းဆိုသော သက်သာခွင့်အပေါ်တည်သည်။ စာမျက်နှာ

သေသူနှင့်စပ်လျဉ်း၍ တစ်ပိုင်းတစ်စရပ်စဲခြင်းကြောင့် တရားမကြီးမှုကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်လျှင် အမှုတစ်ခုလုံး ရှုံးနိမ့်မည်ဖြစ်သည်။ သို့ရာတွင် သေသူတရားလိုမပါဝင်ဘဲအမှုကို ဆုံးခန်းတိုင် ဆက်လက်ဆောင်ရွက်နိုင်လျှင် တစ်ပိုင်းတစ်စရပ်စဲခြင်းသည် အမှုတစ်မှုလုံးကို ထိခိုက်စေမည်မဟုတ်၊ သေသူဦးသန်းဖေသည် ပူးတွဲအိမ်ရှင်တစ်ဦးဖြစ်ရာ ၎င်းမပါဝင်ဘဲ အမှုကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်နိုင်မည်မဟုတ်၍ သေသူဦးသန်းဖေနှင့်စပ်လျဉ်းသမျှ အမှုရပ်စဲခြင်းသည် အမှုတစ်မှုလုံးကို ထိခိုက်စေသည်။

ဦးနယား (ခ) ဦးမောင်မောင်ပါ (၂) နှင့် ဦးကိုလေးပါ (၂) ၅၀

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၆ –**

**အမှုကြားနာခြင်း အဆုံးသတ်ပြီးနောက် စီရင်ချက်မချမီ တစ်ဘက်ဘက်သောအမှုသည် သေဆုံးခြင်းကြောင့်အမှုရပ်စဲမှုမရှိခြင်း၊ အမိန့် ၄၇၊ နည်း ၂၇ (၁)(ခ) အရ နောက်ထပ်သက်သေခံချက် ရယူတင်ပြစေရန် အမိန့်ချမှတ်လိုက်သည့်အခါ အမှုကြားနာခြင်း အဆုံးသတ်ပြီဟု မဆိုနိုင်တော့ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၆ တွင် အမှုကြားနာခြင်း အဆုံးသတ်ပြီးနောက် စီရင်ချက်မချမီအတွင်း တစ်ဘက်ဘက်သောအမှုသည် သေဆုံးခြင်းကြောင့် အမှုရပ်စဲခြင်း မရှိစေရကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များသည် အမှုကြားနာခြင်းပြီးပြတ်သည့်နေ့နှင့် ဆုံးဖြတ်ချက်ချသည့်ကြားကာလတွင် အမှုသည်တစ်ဦး သေဆုံးခြင်းနှင့်သက်ဆိုင်သည်၊ မသေဆုံးမီ "ကြားနာခြင်း" မပြီးပြတ်သေးလျှင် ဤနည်းဥပဒေပါမှုနှင့် မသက်ဆိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှန်စင်စစ်မူလရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇ နည်း ၂၇ (၁) (ခ) အရ နောက်ထပ် သက်သေခံချက် ရယူပြီး

ပြန်လည် တင်ပြလာသည့်အခါ အယူခံရုံးက ယင်းသက်သေခံချက်များ အပေါ် သုံးသပ်ဝေဖန်ပြီး အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်၍ ထပ်မံပြီး နှစ်ဖက်လျှောက်လဲချက် ကြားနာရန် မလွှဲမသွေ လိုအပ်မည် ဖြစ်သည်။ စာမျက်နှာ

နှစ်ဖက်အမှုသည်များက ပထမအကြိမ်ပေးခဲ့သည့် လျှောက်လဲချက် မှာ အမှုတွဲတွင် ရှိပြီးသောသက်သေခံ အထောက်အထားများအပေါ် အခြေခံသည်။ နောက်ထပ် သက်သေခံချက်များ ရရှိလာသည့်အခါတွင်မူ ပထမ ပေးခဲ့သည့် လျှောက်လဲချက်သည် အမှုကို မှန်ကန် ပြည့်စုံစွာ အဆုံးအဖြတ် ပြုရန် လုံလောက်မည် မဟုတ်တော့ပေ။ နှစ်ဖက်အမှုသည် များအနေဖြင့် နောက်ထပ် ရရှိသည့် သက်သေခံချက်များကိုပါ ဝေဖန်သုံးသပ် ပြီး ပြည့်စုံစွာ ထပ်မံ လျှောက်လဲတင်ပြရန် လိုပေသည်။

အမှုကြားနာခြင်း အဆုံးသတ်သည်ဆိုသည်မှာ အမှုကြားနာပြီးနောက် စီရင်ချက်မချမီအတွင်း မယ်မယ်ရရ တစ်စုံတစ်ရာ ဆောင်ရွက်ရန်မရှိခြင်း ကို ဆိုလိုသည်။ လျှောက်လဲချက် ကြားနာပြီးနောက် စီရင်ချက်ချမှတ်ရန် သီးသန့်ထားလျှင် အမှုကြားနာခြင်း ပြီးဆုံးပြီဖြစ်သည်။

ပထမအကြိမ်ကြားနာပြီးနောက် သက်သေခံချက်များ ရယူရန်ရှိနေလျှင် အမှုကြားနာခြင်း အဆုံးမသတ်သေးကြောင်း ထင်ရှားမြင်သာသည်။

ထို့ကြောင့်တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ နောက်ထပ်သက်သေခံချက်များ ရယူတင်ပြစေရန် အမိန့်ချမှတ် လိုက် သည့်အခါ အမှုကြားနာခြင်း အဆုံးသတ်ပြီဟု မဆိုနိုင်တော့ပေ။

အမှုကြားနာခြင်း အဆုံးမသတ်မီ အယူခံတရားလို ကွယ်လွန်သွားရာ တွင် စည်းကမ်းသတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်း ခြင်းမရှိလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃ (၂) အရ ကွယ်လွန်သူ အယူခံတရားလိုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲမည် ဖြစ်သည်။

(ဒေါ်မိ ကွယ်လွန်သူ ဦးမျိုး၏ တရားဝင်ကိုယ်စားလှယ်) ၆၃
နှင့်
(ဦးအောင်သန်း ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးတင်ဝင်း)

**တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၅၊ အယူခံဝင်ခွင့်မရှိသော ပဏာမ ငြင်းချက်အပေါ် ဆုံးဖြတ်ချက်ကို ပြင်ဆင်မှု မတင်သွင်းလင့်ကစား**

**အပြီးသတ် ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု တင်သွင်းရာတွင် စာမျက်နှာ တင်ပြခွင့် ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကာလစည်းကမ်းသတ်နှင့်သက်ဆိုင်သော ပဏာမငြင်းချက်ကို မူလရုံးက ဦးစွာကြားနာ၍ ၂၇-၉-၉၃ နေ့ကပင် တရားလိုဘက်သို့ အသာပေး ဖြေဆို၍ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဆိုခြင်း မမှန်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ တရားပြိုင်များက အထက်ရုံးသို့တက်၍ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်း မရှိသဖြင့် အဆိုပါဆုံးဖြတ်ချက်မှာ ယနေ့တိုင် အတည်ဖြစ်လျက် ရှိကြောင်း၊ အငြင်းမထွက်ချေ။ သို့သော်ယခုပြင်ဆင်မှုတွင် အဆိုပါ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှန်ကန်မှုမရှိကြောင်း ပြင်ဆင်မှု အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြထားသဖြင့် ယင်းအချက်ကို လက်ခံစိစစ်ဆုံးဖြတ်ပိုင်ခွင့် ရှိမရှိ ဦးစွာစိစစ်ဖို့ လိုမည်ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် တရားရုံးချုပ်သည် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးရုံးက ဆုံးဖြတ်ခဲ့၍ မိမိ တရားရုံးသို့ အယူခံဝင်ခွင့် မရှိသော အမှုတစ်မှု၏ အမှုတွဲကို တောင်းယူ၍ လက်အောက်ခံ တရားရုံးသည်-

(က) ယင်းတရားရုံးအား ဥပဒေကအပ်နှင်းခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးခဲ့ကြောင်း သို့မဟုတ်

(ခ) ထိုသို့ အပ်နှင်းထားသောစီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုခဲ့ကြောင်း သို့မဟုတ်

(ဂ) မိမိ၏စီရင်ပိုင်ခွင့်ကို ဥပဒေနှင့်ဆန့်ကျင်လျက်ဖြစ်စေ၊ အရေးကြီးသော ကျင့်ထုံးနည်းလမ်းကျနခြင်းမရှိဘဲဖြစ်စေ ပြုလုပ်ခဲ့ကြောင်း

တွေ့ရှိပါက တရားရုံးချုပ်အနေဖြင့် ထိုအမှုတွင် မိမိသင့်သည့်ထင်မြင်ရာ အမိန့်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ဆိုလျှင် တရားရုံးချုပ်သည် မိမိလက်အောက်ခံတရားရုံးတစ်ရုံးက စီရင်ဆုံးဖြတ်ခဲ့သော အယူခံ ဝင်ခွင့်မရှိသည့် မည်သည့် အမှုတွဲကိုမဆို တောင်းယူ၍ အထက်ပါအချက် (၃) ချက်အရ စိစစ် တင်ပြင်ဆင်ခွင့် ရှိကြောင်း ထင်ရှားသည်။ "အမှုတွဲ" ဟု သုံးနှုန်းထားသော စကားရပ်အရ အပြီးသတ် စီရင် ဆုံးဖြတ်ချက်ကိုသာမက အမှုတွဲတစ်ခုလုံးရှိ အမိန့်၊ စီရင်

ဆုံးဖြတ်ချက် မှန်သမျှကို စိစစ် ပြင်ဆင်ခွင့်ရှိသဖြင့် မူလမှုတွင် ကနဦး ချမှတ်ခဲ့သော ၂၇-၉-၉၃ နေ့စွဲပါ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သည့် ငြင်းချက် အမှတ် (၁) အပေါ် ဆုံးဖြတ်ချက်ကို ဤ ပြင်ဆင်မှု၌ စိစစ်ခွင့် ရှိမည်ဖြစ်သည်။ စာမျက်နှာ

ဦးမြဝေပါ (၂) နှင့် ဒေါ်တင်မြင့်မော် ၉၁

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ အရ လျှောက်ထားရာတွင် တရားရုံးက စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ချမှတ်သည့်အမိန့်ကို အယူခံဝင်ခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ တရားနိုင်က အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရယူရာ၌ တရားရှုံး သို့မဟုတ် ပစ္စည်းလက်ရှိဖြစ်သူ တစ်စုံတစ်ဦးက ခုခံတားဆီးနှောင့်ယှက်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၇ အရ လျှောက်ထားရာတွင် တရားရုံးက စုံစမ်းစစ်ဆေးမည် ဖြစ်ကြောင်း ချမှတ်သည့် အမိန့်ကို အယူခံဝင်ခွင့်မရှိပေ။ **ဒေါ်ဆင့်နှင့် မောင်မြရှိန်းပါ-၂** အမှုတွဲကို ရည်ညွှန်းသည်။ ပြင်ဆင်မှု ဝင်ရောက်ရမည့်အစား အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းသည်။

ဒေါ်မြသိန်းပါ-၃ နှင့် ဒေါ်တင်တင်မာပါ-၅ ၉၇

**မမှန်သက်သေခံဖန်တီးမှု၊ ဖွင့်လှစ်ဆောင်ရွက်ရမည့်အမှုအမျိုးအစား**

**ဆုံးဖြတ်ချက်** ။ ။ ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသည့်အချက်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၁၉၃ အရ မမှန်သက်သေခံဖန်တီးမှုဖြင့် အရေးယူပေးရန် လျှောက်ထားသည့်ကိစ္စကို မူလတရားမကြီးမှုတွင် မှားယွင်းဆောင်ရွက်ခဲ့သည့်အချက်ဖြစ်သည်။ ယင်းလျှောက်ထားမှုသည် မူလရုံးတရားမကြီးမှုအမှတ် ၃၄/၉၃ တွင် တရားပြိုင်များက အမျိုးမျိုး အဖုံဖုံ တင်ပြနေသည်ဆိုသောအချက်အပေါ် အခြေခံသည်မှန်သော်လည်း မမှန်သက်သေခံဖန်တီးမှုဖြင့် အရေးယူဆောင်ရွက်ရန်ကိစ္စမှာ သီးခြားဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ တရားမအထွေထွေမှုဖွင့်လှစ်ဆောင်ရွက်မှသာ နည်းလမ်းမှန်ကန်မည်ဖြစ်သည်။

ဦးမှတ်ပါ (၂) နှင့် ဦးပိတာပါ (၂)* ၁၀၁

**ယာယီတားဝရမ်းဖောက်ဖျက်မှု၊ ဖွင့်လှစ်ဆောင်ရွက်ရမည့်အမှုအမျိုးအစား**          စာမျက်နှာ

**ဆုံးဖြတ်ချက်** ။    ။ ယာယီတားဝရမ်းဖောက်ဖျက်မှုဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၂ (၁) နှင့် (၄) တို့အရ အရေးယူရန်ကိစ္စမှာ ဒီကရီအတည်ပြုဆောင်ရွက်မှုတွင် အကျုံးမဝင်သဖြင့် ဇာရီမှုတွင် ဆောင်ရွက်ခြင်းမပြုနိုင်ပေ။ တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်မှသာ နည်းလမ်းမှန်ကန်မည်ဖြစ်သည်။

ဒေါ်ရင်ရင် နှင့် ဦးလှသောင်းပါ (၄)*                                                    ၁၀၄

**ဒီကရီကို ဇာရီပြုလုပ်ရာတွင် အိမ်နှင့်မြေကို လေလံတင်ရောင်းချခြင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၀ အရ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၀ အရ လျှောက်ထားခွင့်ရှိသူ၊ ထိုပုဒ်မအရ လျှောက်ထားရာတွင် မည်သည့်အချက်အပေါ် အခြေခံရန်လိုအပ်ခြင်း**

**ဆုံးဖြတ်ချက်** ။    ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၈၉ သည် ဒီကရီအတည်ပြုရေးအတွက်ပစ္စည်းရောင်းချခြင်းကို အတည်မပြုမီ တရားရှုံးအား ဒီကရီကျငွေနှင့်လေလံဆွဲဝယ်သူကို လျော်ကြေးပေးခြင်းဖြင့် ရောင်းချမှုကို ပယ်ဖျက်ခွင့်ရရန် နောက်ဆုံးအခွင့်အရေးပေးသည့်အနေဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

**အေအိုင်အာပီစီ ၂၉** အမှုကို ကြည့်ပါ။

ယခုအမှုတွင် အယူခံတရားလိုဦးသိန်းသည် တရားရုံးက လေလံတင်ရောင်းချရန် ကြော်ငြာခဲ့သည့်ပစ္စည်းကို ဝယ်ယူထားပြီးသူအနေဖြင့်သာ ဖော်ပြလျှောက်ထားခြင်းဖြစ်၍ ဦးသိန်း၏ လျှောက်ထားချက်မှာ ယင်းပြဋ္ဌာန်းချက်တွင် အကျုံးမဝင်ချေ။

**ထပ်မံဆုံးဖြတ်ချက်** ။    ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၀ အရ ဒီကရီအတည်ပြုရာ၌ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချထားလျှင် တရားနိုင်ကဖြစ်စေ၊ ရောင်းရငွေများတွင် အချိုးကျ ဝေစုရပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ၊ ရောင်းချခြင်းကြောင့် အကျိုးသက်ဆိုင်ခွင့်ကို ထိခိုက်နစ်နာသူကဖြစ်စေ ရောင်းချရန် ကြော်ငြာရာတွင်လည်းကောင်း

ဆောင်ရွက်ရာတွင်လည်းကောင်း၊ အရေးကြီးသည့်ချွတ်ယွင်းချက်ကြောင့် စာမျက်နှာ ဖြစ်စေ၊ လိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ ရောင်းချမှုကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၀ အရ လျှောက်ထားခွင့်ရှိသူများတွင် ရောင်းချခြင်းကြောင့် အကျိုးသက်ဆိုင်ခွင့် ထိခိုက်နစ်နာရသူ အကျိုးဝင်လျက်ရှိရာ ယင်းသို့နစ်နာသူများနှင့် တရားရုံးထံမှ အမှုအတောအတွင်း ဝယ်ယူသူလည်း ပါဝင်သည်။

**အေအိုင်အာ ၁၉၂၇ မဒရပ် ၇၈၃** အမှုကို ရည်ညွှန်းသည်။ အယူခံတရားလို ဦးသိန်းသည်အချင်းဖြစ်ပစ္စည်းကို တရားရုံးတို့ထံမှ အမှုအတောအတွင်း ဝယ်ယူထားသူဖြစ်၍ ယင်းပြဋ္ဌာန်းချက်အရ လျှောက်ထားခွင့်ရှိသူတစ်ဦး ဖြစ်ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သို့ရာတွင် လျှောက်လွှာသည် အရောင်း ကြော်ငြာရာတွင် ဝယ်ယူထားသူဖြစ်စေ၊ ရောင်းချရန်ဆောင်ရွက်ရာတွင် ဖြစ်စေ၊ ချွတ်ယွင်းခြင်း သို့မဟုတ် လိမ်လည်ခြင်းအပေါ်အခြေခံရမည်။ **အေအိုင် အာ ၁၉၂၆ ကလကတ္တား ၈၂၉** အမှုကို ရည်ညွှန်းသည်။ ထို့အပြင် လျှောက်လွှာသည် အကြီးအကျယ်ထိခိုက်နစ်နာရကြောင်းလည်း ပေါ်လွင် ထင်ရှားစေရမည်။ **အေအိုင်အာ ၁၉၄၅ ပီစီ ၁၇၈** အမှုကို ရည်ညွှန်းသည်။

အယူခံတရားလို ဦးသိန်း၏လျှောက်လွှာတွင် ၎င်းသည်အချင်းဖြစ်မြေနှင့် အိမ်ကို တရားရုံးမှလေလံကြော်ငြာမဟုတ်မီကတည်းက နှစ်ဦးသဘောတူ အိမ်ခြံအရောင်းအဝယ်ကတိစာချုပ်အရ လက်ရောက်ဝယ်ယူ၍ လက်ရှိ ပိုင်ဆိုင်သောအိမ်ခြံဖြစ်ကြောင်းသာ ဖော်ပြထားသဖြင့် အယူခံတရားလို ဦးသိန်း၏လျှောက်လွှာအပေါ် လက်ခံစဉ်းစားရန် အကြောင်းမရှိချေ။

ဦးသိန်း နှင့် ဒေါ်ခင်သန်းထွေးပါ ၁၅ ၁၂၉

**တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ အယူခံမှုများတွင် အမှုသည်တို့သည် နောက်ထပ်သက်သေတင်ပြရန် အခွင့်အရေးမရှိခြင်း၊ တရားရုံးက လိုအပ်သည်ဟု ထင်မြင်ပါက နောက်ထပ် သက်သေ အစစ်ခံချက် သို့မဟုတ် လိုအပ်သည့် စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့် အခွင့်အရေးရှိခြင်း၊ အယူခံမှုကို မကြားနာမီ အမှုသည်**

**တစ်ဦး၏ လျှောက်ထားချက်အရ ဤလုပ်ပိုင်ခွင့်ကို ကျင့်သုံးမှု မပြု နိုင်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ အရ အယူခံမှုများတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် နောက်ထပ်သက်သေတင်ပြရန် မည်သို့မျှအခွင့်အရေး မရှိပေ။ အယူခံမှုကို ကြားနာသည့်ရုံးမှ လိုအပ်သည်ဟု ထင်မြင်ပါက နောက်ထပ်သက်သေ အစစ်ခံချက် သို့မဟုတ် လိုအပ်သည့် စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့်အခွင့်အရေးသာရှိသည်။

အယူခံရုံးက အမှုတွဲရှိသက်သေခံချက်များကို စိစစ်ပြီးနောက် သက်သေခံချက်မှာ အရှိအတိုင်းဆိုလျှင် ပင်ကိုအားဖြင့် ချို့ယွင်းနေသည်ဟု ကောက်ယူဆုံးဖြတ်မှသာလျှင် သို့မဟုတ် အမှုတွဲကို ကြည့်ရှုရုံမျှဖြင့် ယိုယွင်းချက် သို့မဟုတ် ဟာကွက်ရှိကြောင်း ပေါ်လွင်မှသာလျှင် နောက်ထပ်သက်သေခံချက် ယူနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် အယူခံရုံးသည် အမှုတွဲရှိ သက်သေခံချက်များကို စိစစ်ပြီးနောက် လက်ရှိသက်သေခံချက်အရ စီရင်ချက် မချမှတ်နိုင်ဟုသဘောရရှိမှသာလျှင် နောက်ထပ်သက်သေခံချက်ယူနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အရေးကြီးဆုံးအချက်မှာ အယူခံမှုကို မကြားနာမီ အမှုသည်တစ်ဦး၏လျှောက်ထားချက်အရ ဤလုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုနိုင်ပေ။ အယူခံရုံးသည် အယူခံမှုကို အမှုသွား အမှုလာ အရ ကြားနာခြင်း မပြုမီ ဤလုပ်ပိုင်ခွင့်ကို မကျင့်သုံးနိုင်၊ **ဒေါ်လှရင် နှင့် ဦးမောင်စိန်အမှု** ကို ကြည့်ပါ။

ဦးအောင်ဒင်ပါ (၅) နှင့် ဦးဝေလွင် (ခ) ဦးမောင်ကို ၁၄၈

**တရားစီရင်ရေးဥပဒေပုဒ်မ ၄ (ဈ)–ပင်လယ်ရေကြောင်းအမှုစီရင်ပိုင်ခွင့် သင်္ဘောကုန်တင်တန်ဆာလက်မှတ်စည်းကမ်းနည်းလမ်း လုပ်ထုံးလုပ်နည်း ကျနမှုမရှိခြင်း၊ ရေယာဉ်မှူးနှင့်သင်္ဘောပိုင်ရှင်တို့၏ LIEN ကျင့်သုံးပိုင်ခွင့်ရှိခြင်းတို့မှာ ပင်လယ်ရေကြောင်းအမှုစီရင်ပိုင်ခွင့်နှင့် မသက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ပမှ ပင်လယ်ရေကြောင်းဖြင့် သယ်ဆောင်လာသောကုန်စည်များကို သင်္ဘောပေါ်မှ ချပေးရန် ငြင်းဆန်မှုသည်

ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်မှုဆိုင်ရာ အငြင်းပွားမှုဖြစ်၍ ထိုပစ္စည်းများ ရရှိရေးနှင့် ထိုက်သင့်သည့် နစ်နာကြေးကို ရရှိရန် တရားစွဲဆိုတောင်းခံမှုမှာ ပင်လယ်ရေကြောင်းမှုတွင် အကျုံးဝင်သည်ဟု ဆိုရမည်ဖြစ်သည်။ သင်္ဘော ကုန်တင်တန်ဆာလက်မှတ် စည်းကမ်း နည်းလမ်း လုပ်ထုံးလုပ်နည်း ကျနမှုမရှိခြင်း၊ ရေယာဉ်မှူးနှင့် သင်္ဘောပိုင်ရှင်တို့၏ လက်ဝယ်ထားပိုင်ခွင့် (LIEN) အရ ကုန်စည်များ ထိန်းချုပ်ထားပိုင်ခွင့် ရှိခြင်းတို့မှာ အမှုစစ်ဆေးမှသာ ထင်ရှားပေါ်ပေါက်လာမည့် ကိစ္စရပ်များဖြစ်သည့်အပြင် တရားလိုများ စွဲဆိုတောင်းခံသော သက်သာခွင့်ကို ပေးသင့် မသင့် စဉ်းစားရာ၌ ချင့်ချိန် ရမည့်အချက်များသာဖြစ်၍ စီရင်ပိုင်ခွင့်နှင့် မသက်ဆိုင်ပေ။ စာမျက်နှာ

| | | |
|---|---|---|
| SHANGRI-LA YANGON CO. LTD ဆေးသိပ္ပံဦးစီးဌာန (၎င်း၏ ကိုယ်စားလှယ်ဦးနှင်းဦး) နှင့် နယူးဂိုးဒင်း၊ ရန်ကုန်လီမိတက် (ကိုယ်စားလှယ်ကုမ္ပဏီဒါရိုက်တာ ဦးသန်းထွန်း) | MASTER OF MV. AKADEMIK E.PATON ပါ-၅ WOO CHANG CHARTERING & AGENCY CO. LTD ပါ-၅ MR. M. POCHTER ရေယာဉ်မှူး၊ MV. AKADEMIK E. PATON. | ၁၅၁ |

**အခမဲ့ခွင့်ပြုချက်ဖြင့်နေထိုင်ခွင့်ပြုထားသောဥပစာမှနှင်လိုမှု –**
**မိဘများက ၎င်းတို့မပိုင်သည့်မြေတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိဘများ ကွယ်လွန်သည့်အခါ သားသမီးများက ထိုသူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ **ဦးသိန်းအောင် နှင့် ဒေါ်ဝင်းအမှု ဦးစံသောင်းနှင့် ဒေါ်အေးအမှု** တို့တွင် ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူအမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိကြောင်း ထုံးဖွဲ့ထားသည်။

ပစ္စည်းကို အမွေဆက်ခံခွင့်ရရှိသူသည် ကွယ်လွန်သူအမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကို အမွေဆက်ခံခွင့်မရလျှင်မူ ယင်းအခွင့်အရေးကို မရနိုင်။

မိဘများက ၎င်းတို့မပိုင်သည့်မြေတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိဘများ ကွယ်လွန်သည့်အခါ သားသမီးများက ထိုသူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားနိုင်မည်မဟုတ်ပေ။ စာမျက်နှာ

ဒေါ်သိန်းပါ (၆) နှင့် ဒေါ်သိန်းဆင် ၁၃၅
(အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခင်ဝင်း)

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရစွဲဆိုမှု– အိမ်ရှင်က အိမ်ငှားများ ငှားရမ်းနေထိုင်သည့်နေအိမ်နှင့်မြေကို မှတ်ပုံမတင်သည့် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချသည်၊ ထို့နောက် အိမ်ရှင်ကအိမ်ငှားများအား ငှားရမ်းထားသည့်ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုသည်၊ အိမ်ငှားများသည်ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃–က ၏ အကာအကွယ် ပိုရနိုင် မရနိုင်။**

**ဆုံးဖြတ်ချက်** ။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃–က တွင် "လွှဲပြောင်းပေးသူ သို့မဟုတ် ၎င်းမှတဆင့် အကျိုးခံစားခွင့်ရှိသူသည် လွှဲပြောင်းရယူသူ သို့မဟုတ် ၎င်းမှတစ်ဆင့်အကျိုးခံစားခွင့် ရှိသူအပေါ် ပဋိညာဉ်၌ အတိအလင်း ဖော်ပြထားသည့် အခွင့်အရေးမှတစ်ပါး ပစ္စည်းနှင့် စပ်လျဉ်းသော အခွင့်အရေး တစ်ရပ်ရပ်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်း မပြုရ။" ဟု တားမြစ်ထားသည်။

ပုဒ်မ ၅၃–က အရ လွှဲပြောင်းသူအား အရေးယူဆောင်ရွက်ခြင်းမှ ပိတ်ပင်ထားချက်သည် ပဋိညာဉ်၌ အတိအလင်းဖော်ပြထားသည့် အခွင့်အရေးမှအပ လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေး တစ်ရပ်ရပ် (any right in respect of the property) နှင့် ဆိုင်သည်။ "any" ဟူသော စကားလုံးကို သတိချပ်ရန်ဖြစ်သည်။ အရောင်းအဝယ် ပဋိညာဉ်အရ သတ်မှတ်ထားခြင်းမရှိလျှင် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် စပ်လျဉ်းသော မည်သည့် အခွင့်အရေးကိုမျှ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သည့်သဘောဖြစ်သည်။ ထို့ကြောင့် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃–ကရှိ (any right in respect of the property) ဟူသောစကားရပ်ပါ "any right" ဆိုသော စကားရပ်

တွင် အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ခွင့်လည်း အကျုံးဝင်သည်ဟု စာမျက်နှာ ကောက်ယူရ ပေမည်။ သို့ဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ရာတွင် ငှားရမ်းသည့် ဥပစာကို ဝယ်ယူ ထားသူအိမ်ငှားသည် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃–က ၏ အကာ အကွယ်ကို ရထိုက်ကြောင်း ထင်ရှားသည်။

ဦးမောင်ဖြူပါ ၂ နှင့် ဒေါ်အေးရင်* ၆၉

**တိုက်မြေအရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက် ပေးစေရန်နှင့်တိုက်မြေကို လက်ရောက်ပေးအပ်စေရန် တရားစွဲဆိုခြင်း**

**တရားလိုက တရားပြိုင်အပေါ် သက်သာခွင့်နှစ်ရပ် တောင်းဆိုရာ၌ဒုတိယ တောင်းဆိုသည့်သက်သာခွင့်သည် ပထမသက်သာခွင့်အပေါ် တည်မှီ နေပြီး၊ ပထမသက်သာခွင့်အတွက် တရားစွဲဆိုရန်ကာလစည်းကမ်း သတ် ကျော်လွန်ခဲ့သော ဒုတိယသက်သာခွင့်ကို မရနိုင်တော့သဖြင့် တရားလိုစွဲဆိုသည့်အမှုတစ်ခုလုံးကို ပလပ်ရန်သာရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေး စေရန် စွဲဆိုသောအမှုတွင် ပေါ်ပေါက်သောတရားစွဲဆိုရန်အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သောပစ္စည်းကို လက်ရောက်ပေးအပ်စေရန် စွဲဆိုသော အမှု၌ ပေါ်ပေါက်သောတရားစွဲဆိုရန်အကြောင်းနှင့်မတူပေ။ အရောင်း အဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုအမှုမှ ပစ္စည်းရောင်းချရန် ပဋိညာဉ်အပေါ်အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက်ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်းစာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။

သို့ရာတွင်လက်ရောက်ပေးအပ်ခြင်းသည် အရောင်းစာချုပ်ကို ချုပ်ဆို ခြင်းမှ အကျိုးသင့်ကြောင်းသင့် ဆက်စပ်ပေါ်ပေါက်လာသည့်ကိစ္စ ဖြစ်သဖြင့် ယင်းတရားစွဲဆိုရန်အကြောင်းနှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေး စီရင်နိုင်ခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဒေါ်ခင်စောမြင့် တောင်းဆိုသည့်တိုက်မြေ ကို လက်ရောက်ပေးအပ်စေရန် သက်သာခွင့်သည် အရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုအပေါ် တည်နေသည်။ ဒေါ်ခင် စောမြင့်နှင့် ဦးစောသာထွန်းတို့သည် တိုက်မြေ အရောင်းအဝယ် စာချုပ်

ကို ဥပဒေနှင့်အညီ မှတ်ပုံတင် ချုပ်ဆိုပြီးမှသာလျှင် ဒေါ်ခင်စောမြင့်တို့ အနေဖြင့် တိုက်မြေကို ပိုင်ဆိုင်ခွင့် ရရှိမည်ဖြစ်သည်။ ယင်းသို့ ပိုင်ဆိုင်ခွင့် ရရှိမှသာလျှင် လက်ရောက်ရခွင့်လည်း ရှိမည်ဖြစ်သည်။ အချင်းဖြစ် တိုက်မြေကို ပိုင်ဆိုင်ခွင့် မရှိလျှင် လက်ရောက်လည်း ရနိုင်မည် မဟုတ်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက် ။** ။ ဒေါ်ခင်စောမြင့်တို့ စွဲဆိုသည့်တိုက်မြေလက်ရောက်ပေးဆပ်စေလိုမှုမှကာလစည်းကမ်းသတ်မကျော်လွန်သေးသော်လည်း တရားလိုက တရားပြိုင်အပေါ် သက်သာခွင့်နှစ်ရပ်တောင်းဆိုရာ၌ ဒုတိယတောင်းဆိုသည့်သက်သာခွင့်သည် ပထမသက်သာခွင့်အပေါ် တည်မှီနေပြီး ပထမသက်သာခွင့်အတွက် တရားစွဲဆိုရန်ကာလစည်းကမ်းသတ် ကျော်လွန်ခဲ့သော် ဒုတိယသက်သာခွင့်ကို မရနိုင်တော့သဖြင့် တရားလို စွဲဆိုသည့် အမှုတစ်ခုလုံးကို ပလပ်ရန်သာ ရှိသည်။

ဦးခင်မောင်ကြည်ပါ ၂ နှင့် ဒေါ်အောင်စောနု* ၂၃
(ကိုယ်တိုင်နှင့်ကွယ်လွန်သူဦးစောသာထွန်း၏ တရားဝင်ကိုယ်စားလှယ်)

**ကိတ္တိမသားသမီးမွေးစားခြင်း၊ နောက်ခင်ပွန်းဖြင့် ပေါင်းသင်းနေစဉ် ယခင်ခင်ပွန်းဟောင်းနှင့်ပူးတွဲ၍ ကိတ္တိမသမီးမွေးစားခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားသည့်အပြုအမူဟု ဆိုနိုင် မဆိုနိုင် မွေးစားခြင်း၊ ပျက်ပြယ်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက် ။** ။ ဦးကျော် (ခ) ဦးဖိုးကျော်နှင့် ဒေါ်လှတင်တို့ ပေါင်းသင်းနေထိုင်စဉ်တွင် ဦးအောင်စိန်နှင့်ဒေါ်လှတင်တို့နှစ်ဦး ပူးတွဲ၍ မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှာ ဒေါ်လှတင်သည် တရားဝင်ခင်ပွန်းရှိနေပါလျက် ဦးအောင်စိန်အား ခင်ပွန်းနေရာထားပြီး မွေးစားမိဘပြုလုပ်ခြင်းဖြစ်သောကြောင့် အများပြည်သူ့အမြင်တွင် ကိုယ်ကျင့်တရားပျက်ပြားသည့်အပြုအမူ ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက် ။** ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မွေးစားခြင်းသည် ပဋိညာဉ်ပြုလုပ်ခြင်းဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ–၂၃ တွင် ကတိညီညွတ်ချက် သို့မဟုတ် သဘောတူညီချက်၏ ရည်ရွယ်ချက်သည် အောက်ပါအချက်အလက်တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့်

ညီကြောင်း ပြဌာန်းထားသည်– စာမျက်နှာ

(၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်

(၂) အကယ်၍ခွင့်ပြုလျှင် တရားဥပဒေပါပြဌာန်းချက်များကို ပျက်ပြားစေမည့်အချက်

(၃) လိမ်လည်လှည့်ဖြားရာရောက်သည့်အချက်

(၄) သူတစ်ပါး၏ကိုယ် (သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်

(၅) ကျင့်ဝတ်တရားပျက်ပြားသည့် (သို့မဟုတ်) အများပြည်သူ့ဆိုင်ရာဝါဒ public policy နှင့်ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့်အချက် တရားဥပဒေနှင့် မညီသော ကတိညီညွတ်ချက် သို့မဟုတ် ရည်ရွယ်ချက်ပါရှိသည့် သဘောတူညီချက်ဟူသရွေ့သည် ပျက်ပြယ်၍ ပဋိညာဉ်မမြောက်ပေ။

သို့ဖြစ်၍ ဦးအောင်စိန်နှင့်ဒေါ်လှတင်တို့လင်မယား ကွာရှင်းပြီးနောက် ၁၉၆၀ ခုနှစ်တွင် မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားသည့်စာချုပ်ပြုလုပ်ခြင်းမှာ ဥပဒေနှင့် မညီသဖြင့် ပျက်ပြယ်ကြောင်း ယခုကြားနာလျက်ရှိသည့် ပြဿနာကို ဖြေကြားလိုက်သည်။

ဒေါ်လှတင်ပါ–၂ (ကွယ်လွန်သူ ဒေါ်ဖွားစိန် (ခ) ဒေါ်တင်ရီ၏တရားဝင်ကိုယ်စားလှယ်) နှင့် ဦးအောင်မြင့်ပါ–၃ ၁၀၈

**သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ တရားလိုပိုင်အိမ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု–**

**လက်ရှိထားပိုင်ခွင့် (possessory title) ကို တရားရုံးများက အသိအမှတ်ပြုခြင်း၊ မြေလက်ရှိဖြစ်သူသည် သီးခြားသက်သာခွင့်အက်ဥပဒေအရ လက်ရောက်ရလိုမှု စွဲဆိုနိုင်ခြင်း၊ ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုလည်း စွဲဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မြန်မာနိုင်ငံရှိ တရားရုံးများသည် လက်ရှိထားပိုင်ခွင့် (possessory title) ကို တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြောင်း ၁၉၂၂ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည် **မစော** နှင့် **မောင်ငွေဂန်အမှု**ဒ်

ဖော်ပြခဲ့ပြီး ယင်းမှုကို အစဉ်တစိုက် လိုက်နာခဲ့ကြသည်။ **အဒမ်မီးယားရား** စာမျက်နှာ နှင့် **အိဆွတ်အမှု မောင်မြသန်းပါ ၂** နှင့် **ဦးထွန်းတင်အမှု ဒေါ်တင်ကြည်ပါ ၆** နှင့် **ဦးစိုးဝင်းအမှု** တို့ကို ကြည့်ပါ။

ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ ပစ္စည်းလက်ရှိဖြစ်သူသည် ထိုပစ္စည်းတွင် ဆိုင်ရေးဆိုင်ခွင့် (interest)ရှိ၍ ထိုဆိုင်ရေးဆိုင်ခွင့်ကို အမွေဆက်ခံရရှိသည်။ ထိုဆိုင်ရေးဆိုင်ခွင့်မှာ ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သောသူတို့အပေါ် ခိုင်မာသည်။ မစောနှင့် မောင်ရွှေဂန်မှု (၅) ကို ရည်ညွှန်းသည်။

ပိုင်ရှင်အသွင်ဖြင့် မြေလက်ရှိဖြစ်ပြီး ပိုင်ရှင်၏သာမန်အခွင့်အရေးကို သုံးစွဲနေထိုင်သူတစ်ဦးသည် ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သောသူတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်အခိုင်အမာရှိသည်။ ပိုင်ရှင်မဟုတ်သောအခြားသူက ထိုသို့လက်ရှိထားခြင်းကို အနှောင့်အယှက်ပြုလာလျှင် လက်ရှိထားသူသည် သီးခြားသက်သာခွင့်အက်ဥပဒေအရ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့်အခွင့်အရေးကို ရထိုက်ခွင့်ရှိသူတစ်ဦးသည် မိမိ၏အခွင့်အရေးကို ငြင်းဆိုသူအပေါ် တရားစွဲဆိုနိုင်ကြောင်း၊ တရားရုံးသည် ထိုသို့ ရထိုက်ခွင့်ရှိကြောင်း၊ မိမိသဘောအတိုင်း မြွက်ဟကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပစ္စည်းကို လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုသည် ပစ္စည်းနှင့် ပတ်သက်ရာအခွင့်အရေး (right in relation to the property)ဖြစ်၍ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ နှင့် အကျုံးဝင်သည်။

သို့ဖြစ်ရာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုနိုင်သည်ဟု ကြားနာလျက်ရှိသည့်ပြဿနာ၏ တစ်စိတ်တစ်ပိုင်းကို ဖြေဆိုလိုက်သည်။

ဒေါ်မြမြ နှင့် ဦးမောင်မောင်ရွှေ* ၈၅

**သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခြင်းအချိန်သည် အဓိက**

**ဟုတ် မဟုတ် ပြဿနာပေါ်ပေါက်ခြင်း** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ တွင် ဖော်ပြထားသောစာဖြင့် ရေးသားသည့်ပဋိညာဉ်နှင့်စပ်လျဉ်း၍ အချိန်သည် အဓိကဟုတ် မဟုတ်ဟူသော ပြဿနာကို စာချုပ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင် အကြောင်းချက်များအရ ဆုံးဖြတ်ရသည်။ ကာယကံရှင်တို့၏ ရည်ရွယ်ချက်ကို သက်သေထူရန် နှုတ်သက်သေခံချက်သည် သက်သေခံ မဝင်ပေ။ **မဖွားရှင် နှင့် အက်(စ်)အမ်၊ အေ၊ ရာမ့ချစ်တီးအမှု** ကို ကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ၃၁–၈–၈၇ နေ့တွင် နောက်ဆုံးထားပြီး မပျက်မကွက် အကြေပေးချေရမည်ဆိုသည့် စကားရပ်သည် ယင်းသို့ သတ်မှတ်သည့်အချိန်အတွင်း အရောင်းအဝယ်ကိစ္စကို အပြီးဆောင်ရွက်ရန် ကာယကံရှင်တို့က ကြံရွယ်ကြကြောင်း၊ ကာယကံရှင်တို့သည် အချိန်ကာလ သတ်မှတ်ချက်ကို လိုက်နာကြရန် ရည်ရွယ်ကြောင်း အထင်အရှား ညွှန်ပြနေသည်။ အချိန်ကာလသတ်မှတ်ခြင်းမှာ လုပ်ရိုးလုပ်စဉ်သဘောမဟုတ်ဘဲ အဓိကထား၍သတ်မှတ်ခြင်းဖြစ်ကြောင်း စကားအသုံးအနှုန်းအရ ပေါ်လွင်ထင်ရှားနေသည်။

ဒေါ်အမ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်ဦး) နှင့် ၁၄၀
ဒေါ်ခင်လှစိန်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမျိုးဝင်းအောင်)

**သက်သေခံဥပဒေပုဒ်မ ၁၇ တွင် အဓိပ္ပာယ်ဖော်ပြထားသည့်ဝန်ခံချက်– သက်သေခံဥပဒေပုဒ်မ ၂၁ အရ ဝန်ခံချက်ကို ဝန်ခံသူအပေါ်တွင်ဖြစ်စေ ထိုသူ၏အကျိုးဆက်ခံသူအပေါ်တွင်ဖြစ်စေသက်သေထင်ရှားပြသနိုင်ခြင်း။ အခွင့်အမိန့်ဖြင့် နေထိုင်သူအား နှင်လိုမှုတွင် မည်သည့်အခါ အမွေဆက်ခံမှုကိစ္စကို အဆုံးအဖြတ်ပေးရန်လိုခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ဦးကြီးဖြန့်က ၎င်းနေထိုင်သည့်အိမ်ကို ပြည်သူပိုင်သိမ်းလိုက်သဖြင့် သမီးနှင့်သားမက်ထံ နေထိုင်ခွင့်တောင်းပြီး အချင်းဖြစ်နေအိမ်တွင်နေထိုင်ခြင်းဖြစ်ကြောင်းပြောသည်ဟု ဦးကျော်ညွန့် (လိုပြ–၂) ဦးစန်းအောင် (လိုပြ–၄)၊ ဦးညွန့်အောင် (လိုပြ–၅) တို့က ထွက်ဆိုကြသည်။ သမီး၏ခွင့်ပြုချက်အရနေခြင်းဖြစ်ပါသည်ဟု ဦးကြီးဖြန့်၏ ပြောဆိုချက်မှာ

မိမိအကျိုးကို ဆန့်ကျင်ပြောဆိုနေခြင်းဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၁၇ စာချက်နှာ တွင် အဓိပ္ပာယ်ဖော်ပြထားသည့်ဝန်ခံချက်ဖြစ်သည်။ ဝန်ခံချက်များကို ဝန်ခံသူ အပေါ်တွင်ဖြစ်စေ၊ ထိုသူ၏အကျိုးကိုဆက်ခံသူအပေါ်တွင်ဖြစ်စေ သက်သေခံ ဥပဒေပုဒ်မ ၂၁ အရ သက်သေထင်ရှားပြသနိုင်သည်။

**ဆုံးဖြတ်ချက်** ။ ။ အခွင့်အမိန့်ရ နေထိုင်သူအား နှင်လိုမှုတွင် အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ တစ်ဖက်တွင် တရားပြိုင်သည် အခွင့်အမိန့်အရ နေထိုင်သူဖြစ်သလား သို့တည်းမဟုတ် မိမိ၏ဆိုင်ရေးဆိုင်ခွင့်အရ နေထိုင်သူဖြစ်သလားဟူသော ပြဿနာကို စိစစ်ဆုံးဖြတ်ရာ၌ အခြေအမြစ်ရှိသော အထောက်အထားများ အရ အချင်းဖြစ်ဥပစာတွင် အမွေဆက်ခံသူအဖြစ်ဖြင့်နေထိုင်သူ ဟုတ် မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရန် လိုအပ်သည်။ သို့မှသာ အခွင့်အမိန့်အရ နေထိုင်သူ ဟုတ် မဟုတ်ကို ပြည့်ပြည့်စုံစုံ အဆုံးအဖြတ် ပေးရာ ရောက်ပေလိမ့်မည်။

အမှတ် (၁) တရားပြိုင်ဒေါ်ကြူကြူသင်းသည် မိဘများအသက်ထင် ရှား ရှိနေစဉ်တွင် အမွေဆက်ခံခွင့်မရှိသည်မှာ အငြင်းပွားဘွယ်မရှိသည့် ဥပဒေအချက်ဖြစ်သည်။ ဤအခြေအနေတွင် အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု၌ အမွေဆက်ခံမှုကို နက်နက်နဲနဲအဆုံးအဖြတ်ပေးရန် မလိုချေ။ အမွေဆက်ခံမှုပြဿနာကို အမွေမှုတွင်သာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား ဆုံးဖြတ်ရန်ဖြစ်သည်။

ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်း (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူဦးမြစိန်)— နှင့် ဒေါ်ကြူကြူလင်းပါ ၂ ၁၆

**သက်သေခံဥပဒေပုဒ်မ ၉၂—**

**ပဋိညာဉ်စာချုပ်ပါစည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် နှုတ်ပယ်ရန်အလို့ငှာ နှုတ်သက်သေခံချက် တင်ပြခြင်းကို လက်မခံရခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံဥပဒေပုဒ်မ ၉၂ တွင် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် နှုတ်ပယ်ရန်အလို့ငှာ နှုတ်ဖြင့်ပြုလုပ်ထားသော သဘောတူညီချက် ပြောဆို

ချက်နှင့်စပ်လျဉ်း၍ တင်ပြသောသက်သေခံကို လက်မခံရကြောင်း ပြဋ္ဌာန်း စာမျက်နှာ ထားသည်။

သက်သေခံ (ခ) အိမ်ရှင်အိမ်ငှား နှစ်ဦးသဘောတူကတိစာချုပ်တွင် စည်းကမ်းချက် ၅ ရပ် ပါရှိသည်။ အဆိုပါစည်းကမ်းချက်များတွင် အချင်းဖြစ်ဥပစာကို လူနေထိုင်ရန်သက်သက်အတွက်သာ ငှားရမ်းခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ လူနေထိုင်ရန်နှင့် ကားစက်ပြင်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း ဖော်ပြထားခြင်း မရှိပေ။ အချင်းဖြစ် ဥပစာကို လူနေထိုင်ရန်သက်သက်အတွက်သာ ငှားရမ်းသည် သို့မဟုတ် ကားစက်ပြင်လုပ်ငန်းကိုလည်း လုပ်ကိုင်ခွင့်ရှိသည်ဆိုသည့်အချက်မှာ ငှားရမ်း ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်ဖြစ်သည်။ ယင်းစည်းကမ်းချက် ရှိကြောင်း၊ နှုတ်သက်သေခံချက်ကို လက်ခံခွင့်ပြုမည်ဆိုပါက သက်သေခံ (ခ) ပင်္ဂညာဉ်ပါစည်းကမ်းချက်များကို ဖြည့်စွက်ရာ ရောက်ပေလိမ့်မည်။ ယင်းကဲ့သို့ ဖြည့်စွက်ခြင်းကို သက်သေခံဥပဒေပုဒ်မ ၉၂က တားမြစ် ထားသည်။

ပုဒ်မ ၉၂ ၏ခြွင်းချက်များတွင်လည်း ခွင့်ပြုထားခြင်း မရှိပေ။

ဒေါ်တင်မြ နှင့် ဦးမောင်စော ၄၄

**မြေလက်ရောက်ရလိုမှု၊ အောက်မြန်မာပြည် မြို့ရွာနှင့်ကျေးရွာများအက် ဥပဒေ ပုဒ်မ ၁၅ (၁)၊ မြေနှင့်စပ်လျဉ်း၍ လက်ရှိထားပိုင်ခွင့် (land-holder's right) ရရှိပြီး ပြဿနာပေါ်ပေါက်ပါက တရားရုံးက ဆုံးဖြတ်ရမည့်အချက် လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီးကြောင်း မှတ်တမ်းတင်ရန် လုပ်ထုံးလုပ်နည်း။**

**ဆုံးဖြတ်ချက်** ။ ။ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများအက်ဥပဒေ ပုဒ်မ ၁၅ (၁) တွင် တစ်ဦးတစ်ယောက်သူသည် မြေတစ်ခုခုနှင့် စပ်လျဉ်း ပြီး လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီးမပြီး တရားရုံး တွင် ပြဿနာပေါ်ပေါက်လာပါက ထိုသို့သော အခွင့်အရေးရရှိပြီးဖြစ် ကြောင်း အမှုမဖြစ်မီ ၅ နှစ်ထက်မနည်းသောကာလက အခွန်အရာရှိက ကြေညာပြီး မှတ်တမ်းတင်ထားပြီးဖြစ်သည့်အပြင် ပယ်ဖျက်ခြင်းလည်း မရှိသေးပါက တရားရုံးက ယင်းကြေညာချက်နှင့်အညီ အဆုံးအဖြတ် ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းကဲ့သို့ လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီးဖြစ် ကြောင်း အခွန်အရာရှိက ကြေညာ၍ မှတ်တမ်းတင်ထားရန် လုပ်ထုံးလုပ်နည်းကို အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများ အက်ဥပဒေပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့တွင် ပြဋ္ဌာန်းထားသည်။ စာမျက်နှာ

မြေကိုလက်ရှိထားသူတစ်ဦးတစ်ယောက်သည် မြေကိုလက်ရှိထားပိုင်ခွင့်ကို ရလိုပါက အထက်ပါဥပဒေပုဒ်မ ၁၂ အရ အခွန်အရာရှိထံ လျှောက်ထားလိုသည်။ အခွန်အရာရှိက လျှောက်ထားမှုကို လက်ခံရရှိသည့်အခါ ပုဒ်မ ၁၃ အရ ပြဋ္ဌာန်းထားသည့်စည်းမျဉ်းနှင့်အညီ အများပြည်သူ သိရှိရန် ကြေညာရသည်။

ထို့နောက်စုံစမ်းမှုပြုလုပ်၍ လျှောက်ထားသူသည် မြေကိုလက်ရှိထားပိုင်ခွင့်ရှိကြောင်း ကျေနပ်ပါက ထိုသို့သောအခွင့်အရေးရရှိပြီးဖြစ်ကြောင်း ကြေညာချက်ကို မှတ်တမ်းတင်ရသည်။ ပုဒ်မ ၁၃ အရ ကြေညာပြီး ၅ နှစ်အတွင်း မှားယွင်းမှုရှိကြောင်းသိလျှင် ပုဒ်မ ၁၄ အရ ပယ်ဖျက်နိုင်သည်။ ပယ်ဖျက်ခြင်းမရှိပါက ထိုကြေညာချက်နှင့်မကိုက်ညီသည့် နောက်ထပ်ကြေညာချက်ကို မှတ်တမ်းတင်ခြင်းဖြင့် မပြုနိုင်တော့ပေ။

ပုဒ်မ–၁၅ တွင် ဖော်ပြထားသည့်အမှုမဖြစ်မီ ၅ နှစ်ထက် မနည်းသောကာလက အခွန်အရာရှိက မှတ်တမ်းတင်ထားသည့်ကြေညာချက်ဆိုသည်မှာ ပုဒ်မ ၁၂ မှ ၁၄ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ထားသည့် ကြေညာချက်ကို ဆိုလိုသည်။

ဦးပိုင်အတ္တုပ္ပတ္တိမြေပုံတို့တွင်အမည်ပေါက်ခြင်းသည် အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများအက်ဥပဒေပုဒ်မ ၁၅ တွင် ပြဋ္ဌာန်းထားသည့် အခွန်အရာရှိက ဥပဒေနှင့်အညီ စုံစမ်းမှုပြုပြီး မှတ်တမ်းတင်ထားသည့် ကြေညာချက်မဟုတ်ပေ။

သို့ဖြစ်၍ အချင်းဖြစ်မြေကို ဦးမာမက်ဆာလီသည် ၁၉၅၄ ခုနှစ်ခန့်ကစ၍ နှစ်ပေါင်း ၄၀ ခန့် ဦးပိုင်အမည်ပေါက်ခဲ့သော်လည်း ယင်းမြေကို ပိုင်ဆိုင်ခွင့်မရှိဟု ဆုံးဖြတ်သည့်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် မှားယွင်းခြင်းမရှိဟု ကြားနာလျက်ရှိသည့် ပြဿနာကို ဖြေဆိုလိုက်သည်။

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂** 　　စာမျက်နှာ
**(၁) (ဂ) အရ စွဲဆိုမှု-**
**အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်း အဆို အချေအပေါ် မူတည်၍ အမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရခြင်း၊ အဆိုအချေ တွင် တင်ပြထားသည့်အကြောင်းအရာဆိုသည်မှာ မည်သည့်အကြောင်း အရာဖြစ်သနည်း။**

**ဆုံးဖြတ်ချက်** ။　　။ အဆိုအချေအပေါ် အမှု၏ အနိုင်အရှုံးကို ဆုံးဖြတ် ရမည်ဆိုရာ၌ အဆိုအချေတွင် တင်ပြထားသော အမှုအကြောင်းအရာ သို့မဟုတ် အဆိုအချေပါအမှုအကြောင်းအရာနှင့် ညီညွတ်သော သို့မဟုတ် ယင်းအကြောင်းအရာတွင် အကျုံးဝင်သော အကြောင်းအရာအပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရသည်။

**ထပ်မံဆုံးဖြတ်ချက်** ။　　။ တရားပြိုင်က တရားလိုသည် အောက်ထပ် အခြားအခန်းများကို အမွေရကြောင်း ချေပခဲ့ခြင်း မရှိစေကာမူ အချင်းဖြစ် အခန်းများကို တရားလိုက သဘောရိုးဖြင့် ပြန်လည်ရယူလိုခြင်းမဟုတ် ကြောင်း ချေပခဲ့သည်ဖြစ်ရာ တရားရုံးချုပ်က "တရားလိုသည် အချင်းဖြစ် ဥပစာ၏အောက်ထပ်အခြားအခန်းများကို အမွေရပိုင်ဆိုင်ကြောင်း ပေါ်ပေါက် သဖြင့် တရားပြိုင်နေထိုင်သည့်အခန်းကို သဘောရိုးဖြင့် ရယူလိုသည် ဆို ခြင်းမှာ မမှန်" ဟု ဆုံးဖြတ်ခြင်းသည် အဆိုအချေမပါသည့်အချက်ကို ချဲ့ထွင်ဆုံးဖြတ်ခြင်းမဟုတ် အဆိုအချေပါအကြောင်းအရာတွင် အကျုံး ဝင်သော အချက်အပေါ် မူတည်ဆုံးဖြတ်ခြင်းဖြစ်သည်။

ဦးကျော်ဌေး နှင့် ဦးမြင့်မောင် (ခ) ပီတာရမ်းပါ ၄* 　　၁

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂**
**(၁) (ခ) တို့အရ စွဲဆိုမှု-**
**ပြည်သူ့ဝန်ထမ်းတစ်ဦး ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး နောက် ဇာတိရပ်ရွာတွင် ညီအစ်ကိုမောင်နှမများနှင့်အတူနေထိုင်လိုခြင်း သဘောရိုးဖြင့် နေထိုင်လိုခြင်း ဟုတ် မဟုတ်။**

**ဆုံးဖြတ်ချက်** ။　　။ ဝန်ထမ်းတစ်ဦးသည် ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးနောက် မိဘများခေါင်းချရာအရပ် မိမိ၏ဇာတိချက်ကြွေ

မွေးရပ်မြေတွင် ညီအစ်ကိုမောင်နှမများနှင့် အတူနေထိုင်လိုခြင်းမှာ အကြောင်း စာမျက်နှာ
အားလျော်စွာ ရိုးဖြောင့်သောသဘောရိုးဖြင့် နေထိုင်လိုခြင်းဖြစ်သည်ဟု
ဆိုရပေမည်။ သမီးဖြစ်သူ၏နေအိမ်တွင် နေထိုင်လျက်ရှိခြင်း သဘောရိုးဖြင့်
ရယူလိုခြင်း မဟုတ်ဟု မဆိုနိုင်ပေ။

ဦးကြင်မြပါ-၅ ၆
**(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးကြည်ဝင်း)**
ဦးကြင်မြပါ-၅
နှင့်
ဒေါ်စောတင်
**(၎င်း၏အထွေထွေကိုယ်စားလှယ်မခင်ဌေးမြင့်)**
ဒေါ်စောတင်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ ငှားရမ်းထားသည့်ဥပစာမှအိမ်ငှားအား နှင်ထုတ်လိုမှု- အဆောက်အအုံ ဆောက်လုပ်ရာ၌ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် ရယူခဲ့ခြင်းမရှိသဖြင့် စည်ပင်သာယာဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခံရခြင်းသည် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သောကိစ္စအလို့ငှာ အသုံးပြုသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဟု မှတ်ယူခြင်း ပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်** ။ ။ ဦးဖြူတို့သည် မြူနီစပါယ်ဥပဒေပုဒ်မ ၂၇၂ အရ ပြစ်မှုထင်ရှားစီရင်ခံရခြင်းသည် ငှားရမ်းထားသည့်ဥပစာ၌ အဆောက်အအုံ ဆောက်လုပ်ခြင်းကြောင့်မဟုတ်ပေ။ အဆောက်အအုံဆောက်လုပ်ရာ၌မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်ကိုရယူခဲ့ခြင်းမရှိခြင်းကြောင့်သာဖြစ်သည်။

ထို့ကြောင့် ငှားရမ်းထားသည့် ဥပစာ၌ နေထိုင်ရန် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ဥပစာကို ပြစ်မှုကျူးလွန်ရန်အတွက် အသုံးပြုသည်ဟု မဆိုနိုင်ပေ။

အဆောက်အအုံ ဆောက်လုပ်ရာ၌ စည်ပင်သာယာရေးအဖွဲ၏ ခွင့်ပြုချက် ရယူခဲ့ခြင်း မရှိသဖြင့် စည်ပင်သာယာဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခံရခြင်းသည် ဥပစာကို တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှာ အသုံးပြုသည့်ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်ဟု မှတ်ယူခြင်း မပြုနိုင်ပေ။

ဦးဝင်း နှင့် ဦးဖြူပါ ၂* ၁၁၄

**အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု** စာမျက်နှာ
**မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့က နေရာချထားပေးခြင်း၊**
**အမွေဆိုင်မြေအဖြစ်မှ ပြောင်းလဲသွားခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၆၁ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၉ (၁၀) တွင် စုံစမ်းရေးကော်မတီသည် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း မီးလောင်ခြင်းခံရသော အဆိုပါပစ္စည်းနှင့်ပစ္စည်းတည်ရာ မြေကို ပိုင်ရှင်အား ပြန်ပေးရန် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်မှာ မီးလောင်ခြင်းခံရသော ပစ္စည်းတည်ရာမြေကို ပိုင်ရှင်အား ပြန်ပေးခြင်းသာ ဖြစ်သည်။ မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့မှ နေရာချထားခြင်းကြောင့် ထိုသူသည် ထိုနေရာချထားသည့် မြေ၏ပိုင်ရှင်ဖြစ်လာသည်ဟု ပြဋ္ဌာန်းထားခြင်း မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၉ (၂) တွင် သက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့်ကြီးကြပ်ရေးအဖွဲ့သည် ထိုမီးလောင်သည့်အချိန်မှစ၍ ထိုမီး စတင်လောင်ခြင်းခံရသည့်ပစ္စည်း တည်ရှိရမြေနှင့် ထိုမြေရှိ ပစ္စည်းအားလုံးကို အစိုးရပိုင်ဆိုင်ရမည်ဟု ကြေညာရမည်။ ထိုသို့ကြေညာသည့်အချိန်မှစ၍ ထိုမြေနှင့်လည်းကောင်း၊ ထိုပစ္စည်းများနှင့်လည်းကောင်း၊ စပ်လျဉ်း၍ မူလပိုင်ရှင်၏ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အားလုံး ရုပ်စဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်မှာ မီးစတင်လောင်ခြင်းခံရသည့်ပစ္စည်း တည်ရှိရာ မြေနှင့်သက်ဆိုင်သည်။ ယခုအမှုတွင် အချင်းဖြစ်မြေမှ စတင်၍ မီးလောင်ကျွမ်းကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ အဆိုပါပြဋ္ဌာန်းချက်နှင့် သက်ဆိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ဒေါ်သစ်သစ်သည် မီးမလောင်မီက အချင်းဖြစ် မြေတွင် အမွေဆိုင်တစ်ဦးအဖြစ် နေထိုင်သည်ဖြစ်ရာ မီးလောင်ပြီးနောက် မီးလောင်မြေနေရာချထားရေးအဖွဲ့က ပြန်လည်နေရာချထားပေးခြင်းကြောင့် ပိုင်ရှင်အဖြစ် ပြောင်းလဲသွားခြင်း မရှိပေ။

ဒေါ်သစ်သစ် နှင့် ဒေါ်ရီရီမြင့် (ခ) မချိုပါ ၅* ၁၂၁
(ကွယ်လွန်သူဦးမောင်မောင်လေး၏တရားဝင်ကိုယ်စားလှယ်များ)

## တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

ဦးကျော်ဌွေး
နှင့်
ဦးမြင့်မောင် (ခ) ပီတာရမ်းပါ ၄*

+ ၁၉၉၇
ဖေဖော်ဝါရီလ
၁၃ ရက်

**၁၉၆၀ ပြည့်နှစ် ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ စွဲဆိုမှု။**
**အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်း၊ အဆိုအချေအပေါ်မူတည်၍ အမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရခြင်း၊ အဆိုအချေတွင် တင်ပြထားသည့်အကြောင်းအရာဆိုသည်မှာ မည်သည့် အကြောင်းအရာ ဖြစ်သနည်း။**

**ဆုံးဖြတ်ချက်** ။ ။ အဆိုအချေအပေါ် အမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဆိုရာ၌ အဆိုအချေတွင် တင်ပြထားသော အမှုအကြောင်းအရာ သို့မဟုတ် အဆိုအချေပါ အမှုအကြောင်းအရာနှင့်ညီညွတ်သော သို့မဟုတ် ယင်းအကြောင်းတွင် အကျုံးဝင်သော အကြောင်းအရာအပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားပြိုင်က တရားလိုသည် အောက်ထပ် အခြားအခန်းများကို အမွေရကြောင်းချေပခဲ့ခြင်းမရှိစေကာမူအချင်းဖြစ်အခန်း များကို တရားလိုက သဘောရိုးဖြင့်ပြန်လည်ရယူလိုခြင်းမဟုတ်ကြောင်း ချေပခဲ့သည်ဖြစ်၍ တရားရုံးချုပ်က "တရားလိုသည် အချင်းဖြစ် ဥပစာ၏ အောက်ထပ် အခြားအခန်းများကို အမွေရပိုင်ဆိုင်ကြောင်းပေါ်ပေါက်သဖြင့် တရားပြိုင် နေထိုင်သည့်အခန်းကို သဘောရိုးဖြင့် ရယူလိုသည် ဆိုခြင်းမှာ

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်–၉၅

\+ ၁၉၉၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်–၃၂၁ တွင် ချမှတ်သော (၁၆–၁၁–၉၂) ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံ ဝင်ရောက်မှု။

၁၉၉၇
ဦးကျော်ဌေး
နှင့်
ဦးမြင့်မောင်
(ခ) ပီတာ
ရမ်းပါ ၄

မမှန်" ဟု ဆုံးဖြတ်ခြင်းသည် အဆိုအချေတွင် မပါသည့် အချက်ကို ချဲ့ထွင် ဆုံးဖြတ်ခြင်းမဟုတ်၊ အဆိုအချေပါ အကြောင်းအရာတွင် အကျုံးဝင်သောအချက်အပေါ် မူတည်ဆုံးဖြတ်ခြင်း ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးအေးမောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးဇမာ၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်းတရားရုံး ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၇၈ (အရှေ့မြောက်) တွင် အယူခံတရားလို ဦးကျော်ဌေးက ၎င်း၏ကိုယ်စားလှယ်စာရသူ ဦးမောင်မောင်လတ်နှင့်ဦးခင်မောင်ဌေးတို့မှတစ်ဆင့် ဦးရှမ်းမလားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) နှင့် ၁၂ (၁) (စ) တို့အရ အချင်းဖြစ်ဥပစာမှ နှင်ထုတ်ပေးရန် တရားစွဲဆိုရာပုဒ်မ ၁၂ (၁) (စ) အရ အနိုင်ဒီကရီ ရရှိသည်။ ဦးရှမ်းမလားက တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ် ၃၂၁/၉၁ တွင် အယူခံဝင်သည့်အခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဦးကျော်ဌေး စွဲဆိုသည့်အမှုကို ပလပ်သည်။ ဦးကျော်ဌေးက တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၁၆ တွင် လျှောက်ထားသောအခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့်ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

> "၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုသောအမှုတွင် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်း ဟုတ်မဟုတ် သုံးသပ်ရာ၌ ပထမအယူခံရုံးသည် အဆိုလွှာတွင် အကြောင်းပြထားခြင်းမရှိသောအချက်များကို ထည့်သွင်းစဉ်းစား ဆုံးဖြတ်သင့်မသင့်"

အထူးအယူခံမှုအတောအတွင်း ကွယ်လွန်သူဦးရှမ်းမလား၏ တရားဝင်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်ကုလားဝသီ ကွယ်လွန်ခဲ့သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၄ အရ ဦးမြင့်မောင် (ခ) စီတာရမ်းပါ ၄ ဦးတို့က ကွယ်လွန်သူဒေါ်ကုလားဝသီ၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ဆောင်ရွက်သည်။

၁၉၉၇
ဦးကျော်ဌေး
နှင့်
ဦးမြင့်မောင်
(ခ) ပိတာ
ရမ်းပါ ၄

အယူခံတရားလို၏ရှေ့နေက "သို့ရာတွင် ၎င်းတို့၏ ထွက်ဆိုချက်အရ ပင် အချင်းဖြစ်ဥပစာ၏ အောက်ထပ်အခြားအခန်းများကို ဦးကျော်ဌေးက အမွေရပိုင်ဆိုင်ကြောင်း ပေါ်ပေါက်သဖြင့်ဦးရှမ်းမလားနေထိုင်သည့်အခန်းကို သဘောရိုးဖြင့် ရယူလိုသည်ဆိုခြင်းမှာ မှန်ကန်ခြင်း မရှိကြောင်း တွေ့ရသည်" ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်ခြင်းသည် မူလရုံးတရားပြိုင်က ထုချေခြင်းမရှိသည့်အချက်အပေါ် အခြေခံသဖြင့် ဥပဒေအရ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက အခြားအခန်းများကိုတရားလိုအမွေ ရပိုင်ဆိုင်သည်ဟု အဆိုအချေတွင် အတိအလင်းမပါရှိသော်လည်း အဆို အချေပါစာပိုဒ်များကို ဆက်စပ်ဖတ်ရှုပါက ထိုသို့အဓိပ္ပာယ်ရရှိကြောင်း၊ ထို့ကြောင့် ပထမအယူခံရုံးသည် အဆိုအချေတွင် အကြောင်းပြထားခြင်း မရှိသော အခြားအချက်များဖြင့် ဆုံးဖြတ်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးတရားလို ဦးကျော်ဌေးက သူ၏အဆိုလွှာတွင် အခြားအချက် အလက်များအပြင် မန္တလေးမြို့ချမ်းအေးသာဇံအလယ်ရပ်အကွက်နံပါတ် ၅၉၈ ဦးပိုင်နံပါတ် ၁၇၊ တိုက်၏မြောက်ဘက်အောက်ထပ် ၂ ခန်း X၄ခန်း ကို အမွေရပိုင်ဆိုင်ပြီး တရားပြိုင်အားတစ်လလျှင် ၅၀ဝိ/– နှုန်းဖြင့်အငှား ချထားခဲ့ကြောင်း၊ တရားလို၏ ကျန်းမာရေးအခြေအနေအရ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးဖြင့် ပြန်လည်ရယူလိုကြောင်း အဆိုပြုခဲ့သည်။

မူလရုံးတရားပြိုင်ဦးရှမ်းမလားက ချေလွှာတွင် အခြားအချက်အလက်များ အပြင် တရားလို၏ကျန်းမာရေးအခြေအနေအရ မိမိကိုယ်တိုင်နေထိုင်ရန် အတွက် သဘောရိုးဖြင့် ပြန်လည်ရယူလိုသည်ဆိုခြင်း မှန်ကန်မှုမရှိကြောင်း ထိုအခန်း ၂ ခန်းသာမကဘဲ အောက်ထပ်တွင် အခြားအငှားနေသူများ လည်း ရှိနေကြောင်း၊ တရားလိုနေထိုင်သောအဆောက်အဦး၏အပေါ်ထပ် မှာ တရားလိုနေထိုင်ရန်အတွက် လုံလောက်မှုရှိကြောင်း၊ တရားလိုသည် အချင်းဖြစ်အခန်းများကို ဈေးကောင်းကောင်းဖြင့်ရောင်းစားလို၍ သဘောရိုး ဖြင့် ပြန်လည်ရယူလိုသည်ဟု လုပ်ကြံတင်ပြခြင်းဖြစ်ကြောင်း ချေပသည်။

ပထမအယူခံရုံးဖြစ်သောတရားရုံးချုပ်က တရားလိုသည် အချင်းဖြစ် အခန်းများကို ရယူလိုခြင်းမှာ သဘောရိုးမဟုတ်ကြောင်း အောက်ပါအတိုင်း သုံးသပ်သည်–

"ဦးမောင်မောင်လတ်နှင့်ဦးခင်မောင်ဌေးတို့က အချင်းဖြစ် အောက်

၁၉၉၇
ဦးကျော်ဒွေး
နှင့်
ဦးမြင့်မောင်
(ခ) ပီတာ
ရမ်းပါ ၄

ဘက်အခန်းကို ကျန်းမာရေးချို့ယွင်းနေသော ဦးကျော်ဒွေးကိုယ်တိုင် နေထိုင်ရန် ရယူလိုခြင်းဖြစ်ကြောင်း ထွက်ဆိုကြသည်။ သို့ရာတွင် ၎င်းတို့၏ ထွက်ဆိုချက်အရပင် အချင်းဖြစ်ဥပစာ၏ အောက်ထပ် အခြားအခန်းများကို ဦးကျော်ဒွေးအမွေရပိုင်ဆိုင်ကြောင်း ပေါ်ပေါက် သဖြင့် ဦးရှမ်းမလား နေထိုင်သည့်အခန်းကို သဘောရိုးဖြင့် ရယူလိုသည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။"

တရားမမှုများ တွင် အမှုသည်များ၏ အဆိုအချေအပေါ်တွင် အမှု၏ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း မူလရုံးအနေဖြင့်သော်လည်းကောင်း အယူခံရုံးအနေဖြင့်သော်လည်းကောင်း အဆိုအချေ၌မပါဝင် ဆန့်ကျင်ကွဲလွဲ သည့် ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်ပေးခြင်း မပြုရသေးကြောင်း။ **အေအက်စ်၊ ပီ၊ အက်စ်ကေအာရ်၊ ကရုပန်ချစ်တီးယားနှင့်အေချက်ကလင် ဂန်ချစ်တီးယားအမှု**[၁] တွင် ထုံးပြုထားသည်။

တရားလိုကအချင်းဖြစ်အခန်းများကို ရယူလိုခြင်းသည် သဘောရိုး ဟုတ်မဟုတ်တို့နှင့်စပ်လျဉ်း၍ တရားလိုနှင့်တရားပြိုင်တို့၏ အဆိုအချေ များတွင် အငြင်းပွားနေသည်မှာ မြင်သာသည်။

သို့ဖြစ်၍ တရားရုံးချုပ်က တရားလိုသည် အချင်းဖြစ်အခန်းများကို ရယူ လိုခြင်းမှာသဘောရိုးမဟုတ်ဟု ဆုံးဖြတ်ခြင်းမှာ အဆိုအချေတွင် မပါဝင်ဘဲ ဆုံးဖြတ်ခြင်းမဟုတ်ပေ။

သို့ရာတွင် ဤကဲ့သို့အချင်းဖြစ်အခန်းများကို ရယူ လိုခြင်းမှာသဘောရိုး ဟုတ်မဟုတ် သုံးသပ်ရာ၌ တရားရုံးချုပ်က အဆိုအချေတွင် အကြောင်း ပြထားခြင်းမရှိသော အခြားအချက်များကို ထည့်သွင်းဆုံးဖြတ်ထားရာ ရောက်မရောက် စိစစ်ရန်လိုသည်။

အဆိုအချေအပေါ် အမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဆိုရာ၌ အဆိုအချေတွင် တင်ပြထားသောအမှုအကြောင်းအရာ သို့မဟုတ် အဆို အချေပါ အမှုအကြောင်းအရာနှင့် ညီညွတ်သော သို့မဟုတ် ယင်းအကြောင်း တွင် အကျုံးဝင်သော အကြောင်းအရာအပေါ်အခြေခံ၍ အဆုံးအဖြတ်ပေး ရသည်။ ABDUL JALIL KHAN နှင့် MUNTAZ BHAN အမှု[၂] တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်။

The determination of a suit should be founded upon a case, either to be found in the pleadings or involved

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၄၆ (လွှတ်ချုပ်)
(၂) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၂၁၉ (ရုံးချုပ်)

or consistent with the case thereby made.

တရားပြိုင်က တရားလိုသည်အောက်ထပ်အခြားအခန်းများကို အမွေရကြောင်း ချေပခဲ့ခြင်း မရှိစေကာမူ အချင်းဖြစ်အခန်းများကို တရားလိုက သဘောရိုးဖြင့် ပြန်လည်ရယူလိုခြင်း မဟုတ်ကြောင်း ချေပခဲ့သည်ဖြစ်၍ တရားရုံးချုပ်က "တရားလိုသည်အချင်းဖြစ်ဥပစာ၏အောက်ထပ်အခြားအခန်းများကို အမွေရပိုင်ဆိုင်ကြောင်း ပေါ်ပေါက်သဖြင့် တရားပြိုင်နေထိုင်သည့်အခန်းကို သဘောရိုးဖြင့် ရယူလိုသည်ဆိုခြင်းမှာမမှန်" ဟု ဆုံးဖြတ်ခြင်းသည် အဆိုအချေတွင်မပါသည့်အချက်ကို ချဲ့ထွင်ဆုံးဖြတ်ခြင်းမဟုတ်၊ အဆိုအချေပါအကြောင်းရာတွင် အကျုံးဝင်သောအချက်အပေါ် မူတည်ဆုံးဖြတ်ခြင်း ဖြစ်သည်။

တရားလိုကသဘောရိုးဖြင့်ရယူလိုသည်ဟု အဆိုပြုသည်ကို တရားပြိုင်က တရားလိုသည် သဘောရိုးဖြင့် ရယူလိုခြင်းမဟုတ်ပါဟု ချေပလျှင် တရားပြိုင်၏ ချေပချက်သည် လုံလောက်ပြီဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၆ နည်း ၂ ၌ အဆိုအချေအသီးသီးတွင် အမှုသည်၏တောင်းဆိုချက် သို့မဟုတ် ခုခံချေပချက်အတွက် အမှုသည်က အားကိုး အားထားပြုသော အရေးပါသည့် အကြောင်းအချက်များ အကျဉ်းချုပ်သာ ပါရှိစေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းသည်။

တရားပြိုင်က တရားလိုသည် အချင်းဖြစ်အခန်းများကို သဘောရိုးဖြင့် ရယူလိုခြင်း မဟုတ်ပါဟု ချေပခြင်းသည် အရေးပါသည့် အဓိကအချက်ကို ချေပခြင်းဖြစ်သည်။

တရားရုံးချုပ်က မည်သည့်အတွက် သဘောရိုးမဟုတ်ကြောင်း သုံးသပ်ခြင်းမှာ သဘောရိုးမဟုတ်ဆိုသည့်ချေပချက်မှ သွေဖီသွားခြင်းမဟုတ်ပေ။ အဆိုအချေတွင်ပါဝင်သည့်အကြောင်းအရာအပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းသာ ဖြစ်သည်။

သို့ဖြစ်၍ ပထမအယူခံရုံးသည် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောရိုးဖြင့် ရယူလိုခြင်း ဟုတ်မဟုတ် သုံးသပ်ရာ၌ အဆိုအချေတွင် အကြောင်းပြထားခြင်းမရှိသောအချက်များကို ထည့်သွင်းစဉ်းစားဆုံးဖြတ်ခြင်း မဟုတ်ကြောင်း ယခုကြားနာသည့်ပြဿနာအား ဖြေဆိုလိုက်သည်။

ထို့နောက် ဤအထူးအယူခံကို တရားရုံးအဆင့်အဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

ဦးကြင်မြပါ-၅
**(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးကြည်ဝင်း)**
ဦးကြင်မြပါ-၅
နှင့်
ဒေါ်စောတင်*
**(၎င်း၏အထွေထွေကိုယ်စားလှယ်မခင်ဌေးမြင့်)**
ဒေါ်စောတင်

+ ၁၉၉၇
မေလ
၆ ရက်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တို့အရ စွဲဆိုမှု - ပြည်သူ့ဝန်ထမ်းတစ်ဦးပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးနောက် ဇာတိရပ်ရွာတွင် ညီအစ်ကို မောင်နှမများနှင့်အတူ နေထိုင်လိုခြင်း၊ သဘောရိုးဖြင့် နေထိုင်လိုခြင်း ဟုတ်မဟုတ်။**

**ဆုံးဖြတ်ချက်** ။ ။ ဝန်ထမ်းတစ်ဦးသည် ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးနောက် မိဘများခေါင်းချရာအရပ် မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေတွင် ညီအစ်ကိုမောင်နှမများနှင့်အတူ နေထိုင်လိုခြင်းမှာ အကြောင်း အားလျော်စွာ ရိုးဖြောင့်သောသဘောရိုးဖြင့် နေထိုင်လိုခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သမီးဖြစ်သူ၏နေအိမ်တွင် နေထိုင်လျက်ရှိခြင်း၊ သဘောရိုးဖြင့် ရယူလိုခြင်းမဟုတ်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် - ဦးသန်းအောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် - မခင်ဌေးမြင့်၊ ကိုယ်တိုင် (မလာ)

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၁၂၀ နှင့် ၁၂၁

\+ ၁၉၉၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၁၂၉ နှင့် ၁၅၅ တို့တွင် ချမှတ်သော (၁၀-၈-၉၃) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံ ဝင်ရောက်မှု။

၁၉၉၇
ဦးကြင်မြပါ-၅
နှင့်
ဒေါ်စောတင်

ရောဝတီတိုင်း၊ ပုသိမ်အနောက်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၄၉/၉၀ တွင် အယူခံတရားလို ဦးကြင်မြ၊ ဒေါ်ကြင်တင်နှင့်ဦးငွေသန်း တို့က ၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဦးကြည်ဝင်းမှတစ်ဆင့်အယူခံတရား ပြိုင် ဒေါ်စောတင်အပေါ် ငှားရမ်းထားသည့်ပုသိမ်မြို့၊ ငှက်ပျောတန်းလမ်း၊ အိမ်အမှတ် ၃၂ ဘယ်ဘက်အိမ်ခန်း ၂ ခန်း အပေါ်ထပ်အောက်ထပ်မှ ဖယ်ရှားထွက်ခွာပေးစေလိုမှု စွဲဆိုသည်။ မြို့နယ်တရားရုံးက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ပုဒ်မ ၁၂ (၁) (စ) တို့အရ ဒီကရီချမှတ်ပေး သည်။ ဒေါ်စောတင်က ရောဝတီတိုင်းတရားရုံးသို့ အယူခံဝင်ရောက်သည့် အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံးမှ ချမှတ်သည့်ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီကို ပယ်ဖျက်ပြီး ပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီကို အတည်ပြုသည်။ တိုင်းတရားရုံး၏ပုဒ်မ ၁၂ (၁) (စ) အရ ချမှတ်သည့် ဒီကရီကို မကျေနပ်သဖြင့် ဒေါ်စောတင်က တရားရုံးချုပ်သို့ တရားမဒုတိယအယူခံမှုအမှတ် ၁၂၉/၉၂ အရလည်းကောင်း၊ ဦးကြင်မြ တို့ကလည်း ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီကို ပယ်ဖျက်လိုက်ခြင်းအား မကျေနပ်သဖြင့် တရားရုံးချုပ်သို့ တရားမ ဒုတိယအယူခံမှုအမှတ် ၁၅၅/၉၂ အရလည်းကောင်း၊ အသီးသီးအယူခံဝင် ခဲ့ကြသည်။ အယူခံမှုများ အတောအတွင်း ဒေါ်ကြင်တင် ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ကိုယ်စားလှယ်များအဖြစ် ဒေါ်ရှုရီ၊ ဒေါ်ရှုကြည်နှင့် ဦးကြည်ဝင်းတို့ကို ထည့်သွင်းခဲ့သည်။ တရားရုံးချုပ်က ဒေါ်စောတင်၏ အယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံးနှင့်မြို့နယ်တရားရုံးတို့၏ စီရင်ချက် နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ ဦးကြင်မြတို့စွဲဆိုသောအမှုကို ပလပ်သည်။ ဦးကြင်မြတို့၏အယူခံကိုလည်း ပလပ်ခဲ့သည်။ ဦးကြင်မြတို့က တရား ရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၄၉၂ နှင့် ၄၉၃ တို့တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ်အယူခံရုံးက အယူခံမှုနှစ်မှုလုံးတွင် အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"တရားရုံးချုပ်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းဒီကရီကို မချမှတ် ပေးခဲ့ခြင်းနှင့်ပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီကို ပယ်ဖျက်လိုက်

ခြင်းတို့မှာ ဥပဒေအရ မှန်ကန်မှုရှိမရှိ”

အယူခံတရားလိုတို့၏ရှေ့နေက အယူခံတရားပြိုင်သည် အိမ်ရှင်၏ သဘောတူညီချက်မရှိဘဲ အုတ်တံတိုင်းကာရံခြင်း၊ အမိုးကိုဖောက်၍ အင်တီနာ ခေါ် တယ်လီဗွီးရှင်းတိုင်ထောင်ခြင်းတို့သည် အိမ်ငှားတာဝန်ဖောက်ဖျက် ရာ ရောက်ကြောင်း၊ အမှတ် ၅ အယူခံတရားတရားလို ဦးဌေးသန်းသည် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီးနောက် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်းရှိ သမီးဖြစ်သူ မလှဲလှဲရီအိမ်တွင် မှီခိုနေထိုင်ရ ခြင်း၊ အသက်အရွယ်ကြီးရင့်သူတို့၏ သဘာဝအတိုင်း ပုသိမ်မြို့ရှိညီအစ်ကို မောင်နှမသားချင်းများနှင့် နီးနီးကပ်ကပ် နေထိုင်လိုခြင်းတို့ကြောင့် ကိုယ်တိုင် နေထိုင်ရန်ကိစ္စသက်သက်အတွက် အိမ်ခန်းကို သဘောရိုးဖြင့် ပြန်လည် ရယူလိုခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ဒေါ်စောတင်လာရောက်လျှောက်လဲတင်ပြခြင်း မပြုချေ။

ပုသိမ်မြို့အမှတ် ၄ ရပ်ကွက်၊ ငှက်ပျောတန်းလမ်း၊ အမှတ် ၃၂ နေ အိမ်ကို တရားလို ကြင်မြတို့၏မိဘများဖြစ်ကြသော ဦးထောက်ဖန်၊ ဒေါ်စိန် လျှံတို့က ၁၉၃၇ ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ ဦးထောက်ဖန်၊ ဒေါ်စိန်လျှံတို့တွင် သား ၃ ဦး ထွန်းကားခဲ့သည်။ အမှတ် ၁ တရားလို ဦးကြင်မြ၊ အမှတ် ၂ တရားလို ဒေါ်ကြင်တင်၏ခင်ပွန်း ဦးမွန်ဝမ်နှင့် အမှတ် ၃ တရားလို ဦးဌေးသန်းတို့ ဖြစ်ကြသည်။ အချင်းဖြစ်အိမ်ကို ဦးထောက်ဖန်နှင့် ဒေါ်စိန်လျှံတို့ ကွယ်လွန်ပြီးနောက် တရားလိုတို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့သည်။

အချင်းဖြစ်အိမ်သည် ၅ ပင် ၄ ခန်းအပေါ်ထပ် အောက်ထပ်ပါရှိသည်။ အပေါ်ထပ်အောက်ထပ်အိမ်ခန်း ၂ ခန်းကို ၁၉၅၇ ခုနှစ်ကစ၍ တရားပြိုင် ဒေါ်စောတင်တို့ မိသားစုကို ငှားရမ်းခဲ့သည်။

အထက်ပါအိမ်၌ အမှတ် ၁ တရားလိုဦးကြင်မြမိသားစုသည် အောက် ထပ် ၂ ခန်းတွင် နေထိုင်ပြီး အမှတ် ၂ တရားလို ဒေါ်ကြင်တင်မိသားစု သည် အပေါ်ထပ် ၂ ခန်းတွင် နေထိုင်သည်။အမှတ် ၃ တရားလို ဦးဌေး သန်းသည် နိုင်ငံ့ဝန်ထမ်းတာဝန်ဖြင့် အခြားဒေသများတွင် သွားရောက်တာဝန် ထမ်းဆောင်နေရသည်။

တရားလိုတို့က တရားပြိုင်သည် အိမ်ငှားတာဝန် ချိုးဖောက်၍ အိမ်ခန်းများ၏ အစိတ်အပိုင်းအချို့ကို ဖျက်ဆီးပြောင်းလဲခြင်း ပြုလုပ်သဖြင့်

အိမ်၏အခြေအနေ ဆိုးဝါးသွားစေခဲ့ကြောင်း အဆိုပြုခဲ့သော်လည်း ဥပစာ၏ မည်သည့်အစိတ်အပိုင်းကို မည်သည့်နေ့က ပြောင်းလဲဖျက်ဆီးခဲ့ကြောင်း တိကျစွာ ဖော်ပြခဲ့ခြင်း မရှိပေ။ ဒုတိယအယူခံရုံးဖြစ်သော တရားရုံးချုပ်က အိမ်ငှားက သွပ်ပြားများအစား အုတ်နံရံကာရံခဲ့ရာ၌ အိမ်ရှင်တို့သဘော မတူခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ထိုစဉ်ကပင် သဘောတူခဲ့သည် ဟူ၍သာ မှတ်ယူရန်ရှိကြောင်း ဆုံးဖြတ်သည်။

တရားရုံးချုပ်သည် ထိုသို့ဆုံးဖြတ်ရာ၌ မူလရုံးတရားလိုများ၏ ကိုယ်စားလှယ်ဦးကြည်ဝင်း၏ထွက်ဆိုချက် တရားပြိုင်ဒေါ်စောတင်၏ အခွင့်ရကိုယ်စားလှယ်မခင်ဌေးမြင့်တို့၏ထွက်ဆိုချက်များကို သုံးသပ်၍ ဆုံးဖြတ်ခြင်း ဖြစ်သည်။ တရားရုံးချုပ်က အထောက်အထားမဲ့ ကောက်ယူ ဆုံးဖြတ်ခြင်း မဟုတ်ချေ။ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် အထောက်အထား လုံးဝမရှိမှသာ သို့မဟုတ် အလွန့်အလွန် မှားယွင်းပြီး တရားမျှတမှုလွန်စွာကင်းမဲ့နေမှသာ ဤအထူးအယူခံတွင် ပြင်ဆင်ပြောင်းလဲ ခြင်း ပြုလုပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားရုံးချုပ်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီ ချမှတ်မပေးခဲ့ခြင်းမှာ မှန်ကန်ကြောင်း ကြားနာလျက်ရှိသည့် ပြဿနာပ ထမပိုင်းကို ဖြေဆိုလိုက်သည်။

တရားရုံးချုပ်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီရရှိရန်မှာ ပိုင်ရှင်က အကြောင်း အားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် ပြန်လည်နေထိုင် ရန်ကိစ္စသက်သက်အတွက်သာလျှင် ဒီကရီရရှိနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ် တရားရုံးနှင့်တိုင်းတရားရုံးတို့က ယင်းအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီချမှတ်ခဲ့ရာ၌ ရိုးဖြောင့်သောသဘောရှိမရှိကို ပေါ်ပေါက်နေ သည့် သက်သေခံချက်များအရ သုံးသပ်ခဲ့ခြင်း မရှိသောကြောင့် ဒုတိယ အယူခံရုံးတွင် ဝင်ရောက်စွက်ဖက်ခွင့်ရှိကြောင်း သုံးသပ်ပြီးနောက် မြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီများကို ပယ်ဖျက် ခဲ့သည်။

အချင်းဖြစ်အိမ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးဌေးသန်းသည် သမဝါယမ ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ဒုတိယညွှန်ကြား ရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက်တွင်

၁၉၉၇
ဦးကြင်မြပါ-၅
နှင့်
ဒေါ်စောတင်

လည်း ဦးငွေသန်းအား ကျွမ်းကျင်အဆင့်ဖြင့် ရွေးချယ်တာဝန်ပေးအပ်ခဲ့သည့်အတွက် ယင်းဌာနတွင် ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဦးငွေသန်းသည် သမီးမလဲ့လဲ့ရီပိုင်သည့် ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်း၊ အမှတ် ၆၇ နေအိမ်တွင် သမီးများနှင့်အတူ နေထိုင်လျက်ရှိသည်။

ဦးငွေသန်းသည် ပင်စင်စားဘဝဖြင့် ရန်ကုန်မြို့၌ သမီး၏နေအိမ်တွင် နေထိုင်ရခြင်းမှာ စားဝတ်နေရေး၊ လူမှုရေး၊ သွားလာရေး အခက်အခဲများ ကြုံတွေ့ရသဖြင့်လည်းကောင်း၊ အသက်အရွယ်ကြီးရင့်လာသည့်အခါ မိဘများ ခေါင်းချရာအရပ်၌ ညီအစ်ကိုမောင်နှမများနှင့်အတူတကွနေထိုင်လို၍လည်းကောင်း၊ အချင်းဖြစ် အိမ်ခန်းကို သဘောရိုးဖြင့် ရယူလိုခြင်း ဖြစ်ကြောင်း အကြောင်းပြသည်။

**ဆင်ယုံထောင်နှင့်ဦးဘညာဏ်ပါ ၂ အမှု**[၁] တွင် စစ်မဖြစ်မီက ပိုင်ရှင်သည် အချင်းဖြစ်အိမ်တွင် နေထိုင်ခဲ့သည်။ သားဖြစ်သူအငြိမ်းစားယူလာ၍ သူ့သားနှင့်မိသားစုနှင့်အတူတကွနေထိုင်လိုသည့်အလျှောက် ပိုင်ရှင်က အိမ်တွင် နေထိုင်လိုသည့်ဆန္ဒသည် သဘောရိုးဖြစ်ကြောင်း၊ ယခင်က ပိုင်ရှင်သည် အခြားအိမ်တွင် နေထိုင်ခဲ့သည်ကို အကြောင်းပြုပြီး သူ၏ဆန္ဒသည် အကြောင်းအားလျော်စွာ သဘောရိုးမဟုတ်ဟု မဆိုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

ဝန်ထမ်းတစ်ဦးသည် ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးနောက် မိဘများ ခေါင်းချရာအရပ်၌ မိမိ၏ဇာတိချက်ကြွေမွေးရပ်မြေတွင် ညီအစ်ကိုမောင်နှမများနှင့်အတူနေထိုင်လိုခြင်းမှာ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် နေထိုင်လိုခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သမီးဖြစ်သူ၏နေအိမ်တွင် နေထိုင်လျက်ရှိခြင်းကြောင့်သဘောရိုးဖြင့် ရယူလိုခြင်း မဟုတ်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ တရားရုံးချုပ်က မူလရုံးနှင့်ပထမအယူခံရုံးသို့ တစ်သဘောတည်းဆုံးဖြတ်ထားသော ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီကို ပယ်ဖျက်ခြင်းမှာ မှန်ကန်မှုမရှိဟု ပြဿနာ၏ဒုတိယပိုင်းကို ဖြေဆိုလိုက်သည်။

---

(၁) ၁၉၅၀ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၃၉၂ (လွှတ်တော်)

၁၉၉၇
ဦးကြင်မြပါ-၅
နှင့်
ဒေါ်စောတင်

ထို့ကြောင့် အထူးအယူခံမှုအမှတ် ၁၂၀/၉၄ အမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) နှင့် သက်ဆိုင်သည့် စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

အထူးအယူခံမှုအမှတ် ၁၂၁/၉၄ အမှုကို ပလပ်သည်။

စရိတ်မသတ်မှတ်။

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+ ၁၉၉၇ နိုဝင်ဘာလ ၆ ရက်

ဒေါ်ကြည်ပါ ၃
နှင့်
ဦးမောင်မောင်လှ*

**အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၁၈ အရ အမွေထိန်းလက်မှတ်စာလျှောက်ထားမှု တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ တွင် ပြဋ္ဌာန်းထားသော အငြင်းပွားပစ္စည်းသည် အမွေဆက်ခံခြင်းဥပဒေအရ အမွေထိန်းစာ လျှောက်ထားသည့်အမှုနှင့်အကျုံးဝင် သက်ဆိုင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း၁ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အမှုတစ်မှုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီးယိုယွင်းမည် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည် သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့်အန္တရာယ်ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသောပစ္စည်းနှင့်စပ်လျဉ်း၍ ယာယီ တားဝရမ်းထုတ်ဆင့်နိုင်သည်။

ယာယီတားဝရမ်း ထုတ်ဆင့်စေလိုသည့် ပစ္စည်းသည် အမှုတွင် အငြင်းပွားသည့် ပစ္စည်းမဟုတ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ အရ ယာယီ တားဝရမ်း ထုတ်ဆင့်နိုင်မည်မဟုတ်ကြောင်း စီရင်ထုံးများတွင် ထုံးဖွဲ့ထားသည်။

**ဦးကျော်ဇော်ပါ ၂ နှင့် ဦးခင်မောင်ဖိုလ်အမှု၊ ဦးတင့်ဆွေပါ ၂ နှင့် ဒေါ်အမာအမှု** တို့ကိုကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမွေထိန်းလက်မှတ်စာလျှောက်ထားမှုတွင် မည်သူသည် **အမွေပုံကို** စီမံခန့်ခွဲခွင့်ရှိသည်ဆိုသောအချက်ကိုသာ

---

* ၁၉၉၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်–၄

\+ ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၆ တွင် ချမှတ်သော ၂၅–၁–၉၄ ရက်စွဲပါ တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံဝင်ရောက်မှု

အဆုံးအဖြတ်ပေးရန်ရှိသည်။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်တို့ကို အဆုံးအဖြတ်ပေးခွင့်မရှိချေ။

သို့ဖြစ်ရာ အမွေထိန်းလက်မှတ်စာ လျှောက်ထားမှုမျိုးတွင် ပစ္စည်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုမရှိသဖြင့် အငြင်းပွားပစ္စည်း (property in dispute) မရှိဟု ဆိုရပေမည်။

အယူခံတရားလိုများအတွက် – ဦးကြည်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးသန်းအောင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး ၁၉၉၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃၆ တွင် ဦးမောင်မောင်လှက အဒေါ်ဖြစ်သူကွယ်လွန်သူ ဒေါ်ပန်းကျန်ရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၁၈ အရ အမွေထိန်းလက်မှတ်စာထုတ်ပေးရန် လျှောက်ထားရာ ဒေါ်ကြည်၊ ဒေါ်ခလေးမနှင့် ဒေါ်ရီရီမြင့်တို့က ကန့်ကွက်သဖြင့်တရားမကြီးမှုအမှတ် ၁၂၁/၉၂ အရ ပြောင်းလဲဖွင့်လှစ်သည်။ အဆိုပါအမှုအတောအတွင်း မူလရုံးတရားပြိုင် ဒေါ်ကြည်တို့က အချင်းဖြစ်မြေနှင့်အိမ်ကို ရောင်းချရန် စီစဉ်နေသည်ဟု ဆိုကာ ဦးမောင်မောင်လှက တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ အရ ယာယီတားဝရမ်းလျှောက်ထားသည်။ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ အရ တောင်ဥက္ကလာပမြို့၊ ၁၀ ရပ်ကွက်၊ ဓမ္မရာဇာ ၁ လမ်း၊ အမှတ် ၂ ရှိ အချင်းဖြစ် အဆောက်အအုံကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း၊ မပြုလုပ်ရန် ယာယီတားဝရမ်း ထုတ်ပေးသည်။ ယင်းသို့ ယာယီတားဝရမ်းထုတ်ပေးသည့်အမိန့်ကို ဒေါ်ကြည်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အထွေထွေအယူခံမှု တင်သွင်းခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ထို့ကြောင့် ဒေါ်ကြည်တို့က တရားရုံးချုပ်၏ အဆိုပါအမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၅၆ တွင် လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

> "တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ တွင် ပြဋ္ဌာန်းထားသော အငြင်းပွားပစ္စည်း (property in dispute in a suit) သည် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းစာလျှောက်ထားသည့်အမှုနှင့် အကျုံးဝင်သက်ဆိုင်ခြင်း ရှိမရှိ"

၁၉၉၇
ဒေါ်ကြည်ပါ၃
နှင့်
ဦးမောင်မောင်လှ

အယူခံတရားလိုတို့၏ရှေ့နေက အမွေထိန်းလက်မှတ်စာလျှောက်ထားမှုတွင် အငြင်းပွားသောပစ္စည်းမရှိကြောင်း ပေါ်ပေါက်နေသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ အရ ယာယီတားဝရမ်းထုတ်ဆင့်စေရန် ချမှတ်သည့်အမိန့်သည် ဥပဒေနှင့်ဆန့်ကျင်သည်ဟု ကောက်ယူဆုံးဖြတ်ထိုက်ပါလျက် တရားရုံးချုပ်သည် မူလရုံးက မိမိ၏ဆင်ခြင်တုံတရားနှင့်အညီ ဝရမ်းထုတ်ဆင့်ခဲ့ခြင်းကို ဝင်ရောက်စွက်ဖက်ရန်မရှိဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ဤအမှုတွင် ပေါ်ပေါက်သည့် အချက်အလက်များအရ အချင်းဖြစ်မြေနှင့်အိမ်တွင် မူလကအယူခံတရားလိုများနေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် အငြင်းပွားပစ္စည်းသည် ဖော်ပြပါမြေနှင့်အိမ်ဖြစ်ကြောင်း၊ လက်ရှိနေထိုင်သူများက အလွဲသုံးစားပြုလျှင် လက်လွှတ်ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်သည့် ပစ္စည်းလည်းဖြစ်ကြောင်း၊ ယင်းအခြေအနေတွင် အချင်းဖြစ်ပစ္စည်းသည် အငြင်းပွားပစ္စည်းဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ အငြင်းပွားပစ္စည်းဖြစ်လျှင် ယာယီတားဝရမ်းထုတ်ဆင့်ပေးခြင်းသည် မှန်ကန်ကြောင်း လျှောက်လဲတင်ပြသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အမှုတစ်မှုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီးယိုယွင်းမည် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည် သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့်အန္တရာယ်ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသောပစ္စည်းနှင့်စပ်လျဉ်း၍ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည်။

ယာယီတားဝရမ်းထုတ်ဆင့်စေလိုသည့်ပစ္စည်းသည် အမှုတွင် အငြင်းပွားသည့်ပစ္စည်းမဟုတ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ အရ ယာယီတားဝရမ်း ထုတ်ဆင့်နိုင်မည် မဟုတ်ကြောင်း စီရင်ထုံးများတွင် ထုံးဖွဲ့ထားသည်။ **ဦးကျော်ဇော်ပါ** ၂ နှင့် **ဦးခင်မောင်မိုလ်အမှု**[၁]၊ **ဦးတင့်ဆွေပါ** ၂ နှင့် **ဒေါ်အမာအမှု**[၂] တို့ကိုကြည့်ပါ။

အယူခံတရားပြိုင် ဦးမောင်မောင်လှ လျှောက်ထားသည့် အမှုမှာ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ အရ အမွေထိန်းလက်မှတ်စာရလိုမှုဖြစ်သည်။

---

(၁) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁

(၂) ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၆၄

၁၉၉၇
ဒေါ်ကြည်ပါ၃
နှင့်
ဦးမောင်မောင်လှ

အမွေထိန်းလက်မှတ်စာလျှောက်ထားမှုတွင် မည်သူသည် အမွေပုံကိုစီမံခန့်ခွဲခွင့်ရှိသည်ဆိုသောအချက်ကိုသာ အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ဤလျှောက်ထားမှုမျိုးတွင် ပိုင်ရေးပိုင်ခွင့်တို့ကို အဆုံးအဖြတ်ပေးခွင့် မရှိချေ။

သို့ဖြစ်ရာ အမွေထိန်းလက်မှတ်စာလျှောက်ထားမှုမျိုးတွင် ပစ္စည်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုမရှိသဖြင့် အငြင်းပွားပစ္စည်း (property in dispute) မရှိဟု ဆိုရပေမည်။

အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရာတွင် အဓိကဆုံးဖြတ်ရမည့်အချက်မှာ လျှောက်ထားသူသည် သေသူ၏ကြွေးမြီများကို ကောက်ခံသိမ်းဆည်းခွင့်ရှိသူဟုတ်သည်မဟုတ်သည်ဆိုခြင်းသာ ဖြစ်သည်။ ထိုလျှောက်ထားမှုမျိုးတွင်လည်း ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ လုံးဝဆုံးဖြတ်ခြင်း မပြုရပေ။

**ဒေါ်စိုးစိုးရီပါ ၅** နှင့် **ဒေါ်သန်းညွန့်အမှု**[၁] တွင် အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားသည့်အမှုမျိုးတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ နည်း ၁ တွင် ရည်ညွှန်းသည့် "အငြင်းပွားသည့်ပစ္စည်းတစ်ရပ်ရပ်" ရှိသည်ဟု မဆိုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားမှုကဲ့သို့ပင် အမွေထိန်းလက်မှတ်စာ လျှောက်ထားမှုတွင်လည်း ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရခြင်းမရှိသောကြောင့် ထိုအမှုမျိုးတွင် အငြင်းပွားသည့်ပစ္စည်း မရှိဟု ဆိုရပေမည်။

သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ တွင် ပြဋ္ဌာန်းထားသော အငြင်းပွားပစ္စည်း (property in dispute in a suit) သည် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းစာလျှောက်ထားသည့်အမှုနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိကြောင်း ကြားနာလျက်ရှိသည့် ပြဿနာကို ဖြေဆိုလိုက်သည်။

အမှုတွင် အငြင်းပွားသည့်ပစ္စည်းမရှိဘဲ နှင့် မူလရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ အရ ယာယီတားဝရမ်းထုတ်ဆင့်ခဲ့သည်ကို တရားရုံးချုပ်က ဝင်ရောက်စွက်ဖက်မှုမပြုခဲ့ခြင်းမှာ မှားယွင်းသည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်နှင့်တိုင်းတရားရုံးတို့၏အမိန့်များကို ပယ်ဖျက်၍ တိုင်းတရားရုံးက ထုတ်ဆင့်ခဲ့သည့် ယာယီတားဝရမ်းအမိန့်ကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀ိ/- သတ်မှတ်သည်။

---

(၁) ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၀

## တရားမအထူးအယူခံမှု

### တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

+ ၁၉၉၇ မတ်လ ၇ ရက်

ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်း
(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးမြစိန်)
နှင့်
ဒေါ်ကြူကြူလင်းပါ ၂*

**သက်သေခံဥပဒေပုဒ်မ ၁၇ တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ဝန်ခံချက် သက်သေခံဥပဒေပုဒ်မ ၂၁ အရ ဝန်ခံချက်ကို ဝန်ခံသူအပေါ်တွင် ဖြစ်စေ၊ ထိုသူ၏ အကျိုးဆက်ခံသူအပေါ်တွင်ဖြစ်စေ သက်သေထင်ရှား ပြသနိုင်ခြင်း။**
**အခွင့်အမိန့်ဖြင့် နေထိုင်သူအားနှင်လိုမှုတွင် မည်သည့်အခါ အမွေဆက်ခံမှုကိစ္စကို အဆုံးအဖြတ်ပေးရန်လိုခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ဦးကြီးဖြန်က ၎င်းနေထိုင်သည့် အိမ်ကို ပြည်သူပိုင် သိမ်းလိုက်သဖြင့် သမီးနှင့်သားမက်ထံ နေထိုင်ခွင့်တောင်းပြီး အချင်းဖြစ်နေအိမ်တွင် နေထိုင်ခြင်းဖြစ်ကြောင်း ပြောသည်ဟု ဦးကျော်ညွန့် (လိုပြ-၂) ဦးစန်းအောင် (လိုပြ-၄) ဦးညွန့်အောင် (လိုပြ-၅) တို့က ထွက်ဆိုကြသည်။ သမီး၏ ခွင့်ပြုချက်အရ နေခြင်းဖြစ်ပါသည်ဟု ဦးကြီးဖြန်၏ ပြောဆိုချက်မှာ မိမိအကျိုးကို ဆန့်ကျင် ပြောဆို နေခြင်းဖြစ်၍ သက်သေခံ ဥပဒေပုဒ်မ ၁၇ တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ဝန်ခံချက် ဖြစ်သည်။ ဝန်ခံချက်များကို ဝန်ခံသူအပေါ်တွင်ဖြစ်စေ၊ ထိုသူ၏ အကျိုးကို ဆက်ခံသူအပေါ်ဖြစ်စေ သက်သေခံဥပဒေပုဒ်မ ၂၁ အရ သက်သေ ထင်ရှား ပြသနိုင်သည်။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၃၆

\+ ၁၉၉၁ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ်၄၈၂ တွင် ချမှတ်သော (၃၀-၁၂-၉၃) ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံ ဝင်ရောက်မှု

၁၉၉၇
ဒေါ်ကြည်ကြည်
ဇင်
(ခ)
ဝိုင်အိုလက်လင်း
နှင့်
ဒေါ်ကြူကြူလင်း

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ တစ်ဘက်တွင် တရားပြိုင်သည် အခွင့်အမိန့်အရ နေထိုင်သူဖြစ်သလား သို့တည်းမဟုတ် မိမိ၏ ဆိုင်ရေးဆိုင်ခွင့်အရ နေထိုင်သူဖြစ်သလား ဟူသော ပြဿနာကို စိစစ်ဆုံးဖြတ်ရာ၌ အခြေအမြစ်ရှိသော အထောက် အထားများအရ အချင်းဖြစ် ဥပစာတွင် အမွေဆက်ခံသူအဖြစ်ဖြင့် နေထိုင်သူ ဟုတ်မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရန် လိုအပ်သည်။ သို့မှသာ အခွင့်အမိန့်အရ နေထိုင်သူ ဟုတ်မဟုတ်ကို ပြည့်ပြည့်စုံစုံ အဆုံးအဖြတ်ပေး ရာ ရောက်ပေလိမ့်မည်။

အမှတ် (၁) တရားပြိုင် ဒေါ်ကြူကြူလင်းသည် မိဘများ အသက် ထင်ရှားရှိနေစဉ်တွင် အမွေဆက်ခံခွင့် မရှိသည်မှာ အငြင်းပွားဘွယ်မရှိ သည့် ဥပဒေအချက်ဖြစ်သည်။ ဤအခြေအနေတွင် အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု၌ အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ် ပေးရန်မလိုချေ။ အမွေဆက်ခံမှု ပြဿနာကို အမွေမှုဘွင်သာ ကျယ်ကျယ် ပြန့်ပြန့် စဉ်းစားဆုံးဖြတ်ရန်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးမြစိန်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးခင်မောင်အေး၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၂၄၄တွင် အယူခံ တရားလို ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်းက ၎င်း၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးမြစိန်မှ တစ်ဆင့် အယူခံတရားပြိုင် များဖြစ်ကြသော ဒေါ်ကြူကြူလင်းနှင့် ဦးမျိုးလွင်တို့အပေါ် မန္တလေးမြို့၊ ပတ်ကုန်းဝန်းကျင်ရပ် အကွက်အမှတ် ၇၃၅၊ ဦးပိုင်အမှတ် ၄/က (၂၉ လမ်း၊ အိမ်အမှတ် ၂၆ ဟု ခေါ်တွင်သည့်) မြေနှင့် အဆောက်အအုံမှ အခမဲ့ခွင့်ပြုချက်ဖြစ် နေထိုင်သူအဖြစ် ဖယ်ရှားပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်း စွဲဆိုသည့်အမှုကို ပလပ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်းက မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်မှု မရရှိသဖြင့် တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၄ ခုနှစ် တရားမအထွေထွေ

၁၉၉၇
ဒေါ်ကြည်ကြည်
ဇင်
(ခ)
ဝိုင်အိုလက်လင်း
နှင့်
ဒေါ်ကြူကြူလင်း

လျှောက်လွှာ (အထူး) အမှုအမှတ် ၂၀ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူး အယူခံဝင်ခွင့်ပြုခဲ့သည်–

(က) ပြည်သူ့ပိုင်သိမ်းခံရပြီး နေစရာမရှိသဖြင့် မန္တလေးတွင် သူ့သမီးကိုပေးထားသောနေအိမ် ခဏပေးပါဟု ပြော၍ နေထိုင်ရကြောင်း ဦးကြီးဖြန်က ပြောပြသည်ကို ကြားသိရသော သက်သေတို့၏ ထွက်ဆိုချက်များကို သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၀ အရ သက်သေခံမဝင်ဟု သုံးသပ်ပြီး တရားရုံးချုပ်က ခွင့်ပြုချက်ဖြင့် ထားသူအား နှင်လိုသော ဤအမှုတွင် ထည့်သွင်းမစဉ်းစားခြင်းမှာ မှန်မမှန်။

(ခ) ဤအမှုတွင် ပေါ်ပေါက်နေသော အခြေအနေနှင့် သက်သေခံ ချက်များအရ တရားလိုအား ဒီကရီချမပေးခြင်းမှာ မှန်မမှန်။

အယူခံတရားလို၏ ရှေ့နေက ဒေါ်ကြည်ကြည်ဇင်မှ ဖခင် ဦးကြီးဖြန် အား အချင်းဖြစ်အိမ်တွင် အခမဲ့နေထိုင်ခွင့်ပြုထားကြောင်း ထွက်ဆိုသည့် တရားလိုပြသက်သေ ၅ ဦးတို့၏သက်သေခံချက်များမှာ ဦးကြီးဖြန်၏ပြောပြ ချက်အရသာ သိရှိသူများသာဖြစ်သောကြောင့် တစ်ဆင့်ကြားသာဖြစ်၍ သက်သေခံမဝင်ဟု တစ်ခုတည်းသော အကြောင်းပြချက်ဖြင့် တရားရုံးချုပ်က အယူခံမှုကို ပလပ်ခြင်းသည် မှားယွင်းကြောင်း၊ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များသည် တစ်ဆင့်ကြား သက်သေခံချက် မဟုတ်ကြောင်း သမီးက ဖခင်အား အခမဲ့ထားသည့် အမှုတွင် တိုက်ရိုက်သက်သေခံချက် သော်လည်းကောင်း၊ သွယ်ဝိုက်သည့် သက်သေခံချက် သော်လည်းကောင်း တင်ပြနိုင် ကြောင်း၊ အခမဲ့ နေထိုင်ခွင့်ပြုသည့်ကိစ္စကို ရင်းချာသော ဆွေမျိုးများအနေဖြင့် သက်သေများရှေ့မှောက်၌ ပြုလုပ်ရန် အကြောင်းမရှိ သည်ကို တရားရုံးချုပ်က ထည့်သွင်းစဉ်းစားမှု မပြုလုပ်ခဲ့ခြင်းမှာ မှားယွင်း ကြောင်း တင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက တရားလိုပြ သက်သေ ၅ ဦးတို့၏ ထွက်ဆိုချက်များမှာ တစ်ဆင့်ကြားသက်သေခံချက်များသာဖြစ်၍ သက်သေခံ ဥပဒေပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်များအရ သက်သေခံမဝင်ဟု သုံးသပ်လျက် တရားရုံးချုပ်က အယူခံကို ပလပ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းခြင်း မရှိကြောင်း၊ ခွင့်ပြုချက်မရှိကြောင်း မူလရုံးနှင့် အယူခံရုံးတို့က တစ်သဘော တည်းသုံးသပ်ခဲ့ကြပြီးဖြစ်ကြောင်း၊ တရားလို တောင်းဆိုထားသည့် သက်သာ

၁၉၉၇
ဒေါ်ကြည်ကြည်ဇင်
(ခ)
ဝိုင်အိုလက်လင်း
နှင့်
ဒေါ်ကြူကြူလင်း

ခွင့်ကို ပေးအပ်ရန် အခြေအနေမရှိသောကြောင့် တရားလိုအား ဒီကရီချမပေးခြင်းမှာ မှန်ကန်ကြောင်း လျှောက်လဲတင်ပြသည်။

မန္တလေးမြို့၊ ပါတ်ကုန်းဝန်းကျင်ရပ်၊ အကွက် အမှတ် ၇၃၅၊ ဦးပိုင် အမှတ် ၄/က (၂၉ လမ်း၊ အိမ်အမှတ် ၂၆ ဟု ခေါ်တွင်သည့်) မြေနှင့် အဆောက်အအုံကို မူလက ဦးကြီးဖြန်ပိုင်ဆိုင်သည်။ ဦးကြီးဖြန်၏ ပထမဇနီးမှာ ဒေါ်ချိုတ်ခင်ဖြစ်ပြီး တရားလို ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်း သည် ဦးကြီးဖြန်နှင့် ဒေါ်ချိုတ်ခင်တို့၏ သမီးဖြစ်သည်။

အမှတ် (၁) တရားပြိုင် ဒေါ်ကြူကြူလင်းသည် ဦးကြီးဖြန်နှင့် ဒုတိယဇနီး ဒေါ်ဝိကြိမ်တို့၏ သမီးဖြစ်သည်။ အမှတ် (၂) တရားပြိုင် ဦးမျိုးလွင်မှာ ဒေါ်ကြူကြူလင်း၏ ခင်ပွန်းဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် ဦးကြီးဖြန်က အချင်းဖြစ်မြေနှင့် နေအိမ်ကိုလင်အိန်လျှံ (ခ) ဝိုင်အိုလက်လင်းသို့ မှတ်ပုံတင် စွန့်လွှတ်စာချုပ် ပြုလုပ်၍ အဆုံးအပိုင် ပေးကမ်းစွန့်လွှတ်ခဲ့သည်။ လင်အိန်လျှံ (ခ) ဝိုင်အိုလက်လင်းမှာ တရားလို ဒေါ်ကြည်ကြည်ဇင် (ခ) ဝိုင်အိုလက်လင်းဖြစ်ကြောင်း အငြင်းမပွားချေ။

ဦးကြီးဖြန်သည် အချင်းဖြစ် မြေနှင့် နေအိမ်ကို စွန့်လွှတ်ခဲ့သဖြင့် ယင်းပစ္စည်းတွင် ၎င်း၏ ရပိုင်ခွင့်များ လက်လွှတ်ဆုံးရှုံးသွားသည်။ **ဦးယုကြည်နှင့် ဦးအောင်ခင်ဦးပါ (၄) အမှု**[၁] ကိုကြည့်ပါ။

ဦးကြီးဖြန်က အချင်းဖြစ်မြေနှင့် နေအိမ်တို့ကို သမီးဖြစ်သူ လင်အိန်လျှံ (ခ) ဝိုင်အိုလက်လင်းအား မှတ်ပုံတင်စာချုပ်ပြုလုပ်၍ ပေးကမ်းစွန့်လွှတ်ခဲ့သဖြင့် ဦးပိုင်မှတ်ပုံတင်စာရင်းစာအုပ် ၁–က တွင် အချင်းဖြစ်မြေ၏ ပိုင်ရှင် ဦးကြီးဖြန်အမည်မှ လင်အိန်လျှံ (ခ) ဝိုင်အိုလက်လင်းအမည်သို့ ပြောင်းလဲခဲ့သည်။ ယခုအခါ ဦးပိုင်မှတ်ပုံတင် **စာရင်းစာအုပ် ၁–က** နှင့် ဦးပိုင်မြေပုံတို့တွင် အချင်းဖြစ်မြေနှင့်အိမ်၏ ပိုင်ရှင်**အဖြစ် လင်အိန်လျှံ** (ခ) ဝိုင်အိုလက်လင်းအမည်ပေါက်လျက်ရှိသည်။

အထက်ပါ အထောက်အထားများအရ **ဒေါ်ကြည်ကြည်ဇင်** (ခ) ဝိုင်အိုလက်လင်းသည် အချင်းဖြစ် မြေနှင့်နေအိမ်**ကို စီမံခန့်ခွဲခွင့်ရှိ**သူတစ်ဦး ဖြစ်လာသည်မှာ အငြင်းပွားဘွယ်မရှိပေ။

**ဦးဘခင် (ခ) ဦးအဒုဆိုလ်ပါ ၃ နှင့် ဦးအဒု (ခ) ဦးထွန်းလှပါ ၂ အမှု**[၂] တွင် ဥပစာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် ယင်းဥပစာကို စီမံခန့်ခွဲခွင့်

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ ၃၀၈
(၂) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ ၁၉၆

၁၉၉၇
ဒေါ်ကြည်ကြည်ဇင်
(ခ)
ပိုင်အိုလက်လင်း
နှင့်
ဒေါ်ကြူကြူလင်း

ရှိသူကသာ အခြားသူတစ်ဦးအား ယင်းဥပစာ၌ နေထိုင်ခွင့်ပြုရန် ခွင့်ပြုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

ဒေါ်ကြည်ကြည်ဇင် (ခ) ပိုင်အိုလက်လင်းသည် အချင်းဖြစ် ဥပစာကို စီမံခန့်ခွဲခွင့်ရှိသူဖြစ်၍ ယင်းဥပစာ၌ ဒေါ်ကြူကြူလင်းတို့အား နေထိုင်ခွင့်ပြုနိုင်သူဖြစ်သည်။

ခွင့်ပြုချက်ဖြင့် နေထိုင်သူအား နှင်လိုမှုမျိုးတွင် ပိုင်ဆိုင်ခွင့်သည် အဓိကမဟုတ်ပေ၊ အခမဲ့ခွင့်ပြုချက်ဖြင့် ထားကြောင်း ထင်ရှားလျှင် ခွင့်ပြုသော သူက ပိုင်ရှင်မဟုတ်စေကာမူ ခွင့်ပြုခြင်း ခံရသူကို ပေးထားသည့် ခွင့်ပြုချက်အား ရုပ်သိမ်းပြီး နှင်ထုတ်ပိုင်ခွင့်ရှိပေသည်။ **ဒေါ်တင်ရီနှင့် ဒေါ်နှင်းစိန်အမှု**(၁) ကိုကြည့်ပါ။

> ဒေါ်ကြင်ရွှေ (လိုပြ ၁) က အောက်ပါအတိုင်း ထွက်ဆိုသည်-
> "ပြည်သူ့ပိုင်သိမ်းသည့် ရက်ပိုင်းတွင် ဦးကြီးဖြန်အား ဦးမြစိန်အိမ်၌ တွေ့ပါသည်။ ဦးကြီးဖြန်က ဦးမြစိန်၏ ဇနီး ၎င်း၏သမီးဖြစ်သူ ဒေါ်ကြည်ကြည်ဇင်အား ၎င်း၏ လုပ်ငန်းများ ပြည်သူ့ပိုင်သိမ်းခံရ၍ နေအိမ်လည်းပါသွားကြောင်း နေစရာမရှိသောကြောင့် ၎င်းက ပေးထားသည့် အိမ်တွင် ၎င်းမိသားစုနေထိုင်ရန်အတွက် ပေးရန်ပြောပါသည်။ ဒေါ်ကြည်ကြည်ဇင်က သဘောတူလိုက်ပါသည်။ ထိုစဉ်က ကျွန်မ ဒေါ်ကြည်ကြည်ဇင်တို့အိမ်တွင် ရှိပါသည်။"

ဒေါ်ကြည်ရွှေ (လိုပြ ၁) ၏ ထွက်ဆိုချက်မှာ တိုက်ရိုက်သက်သေခံချက်ဖြစ်သည်။ တစ်ဆင့်ကြား သက်သေခံချက် မဟုတ်ပေ။

ဦးကြီးဖြန်က ၎င်းနေထိုင်သည့် အိမ်ကို ပြည်သူ့ပိုင်သိမ်းလိုက်သဖြင့် သမီးနှင့်သားမက်ထံ နေထိုင်ခွင့်တောင်းပြီး အချင်းဖြစ်နေအိမ်တွင် နေထိုင်ခြင်း ဖြစ်ကြောင်း ပြောသည်ဟု ဦးကျော်ညွန့် (လိုပြ ၂)၊ ဦးစန်းအောင် (လိုပြ ၄)၊ ဦးညွန့်အောင် (လိုပြ ၅) တို့က ထွက်ဆိုကြသည်။ သမီး၏ ခွင့်ပြုချက်အရ နေခြင်းဖြစ်ပါသည်ဟု ဦးကြီးဖြန်၏ ပြောဆိုချက်မှာ မိမိအကျိုးကို ဆန့်ကျင်ပြောဆိုခြင်းဖြစ်၍ သက်သေခံ ဥပဒေပုဒ်မ ၁၇ တွင် အဓိပ္ပာယ် ဖော်ထားသည့် ဝန်ခံချက်ဖြစ်သည်။ ဝန်ခံချက်များကို ဝန်ခံသူအပေါ်တွင်ဖြစ်စေ၊ ထိုသူ၏ အကျိုးကို ဆက်ခံသူအပေါ်ဖြစ်စေ သက်သေခံ ဥပဒေပုဒ်မ ၂၁ အရ သက်သေထင်ရှားပြသနိုင်သည်။

---

(၁) ၁၉၈၄ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၂၆၄

၁၉၉၇
ဒေါ်ကြည်ကြည်
ဇင်
(ခ)
ပိုင်အိုလက်လင်း
နှင့်
ဒေါ်ကြူကြူလင်း

တရားရုံးချုပ်က ဒေါ်ကြည်ကြည်ဇင် တင်ပြသည့် သက်သေများသည် အချင်းဖြစ် ကိစ္စနှင့် စပ်လျဉ်းပြီး ကိုယ်တိုင်သိရှိသူများမဟုတ် ကွယ်လွန်သွားပြီးဖြစ်သော ဦးကြီးဖြန်၏ ပြောပြချက်အရသာဖြစ်၍တစ်ဆင့်ကြားသက်သေခံချက်ဖြစ်သောကြောင့် သက်သေခံမဝင်ဟု သုံးသပ်ခြင်းသည် မှန်ကန်မှုမရှိပေ။

အောက်ရုံးနှစ်ရုံးလုံးက အကြောင်းခြင်းရာအပေါ်တွင် တစ်သဘောတည်း အမိန့်ချမှတ်ထားသော်လည်း သက်သေခံချက်တို့ကို စိစစ်ရာ၌ ဥပဒေအချက်အလက်တစ်ရပ်ကို အလွဲလွဲအမှားမှား ကောက်ယူသုံးသပ်ခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် ဒုတိယအယူခံရုံးက ဝင်ရောက် စွက်ဖက်နိုင်သည်။

ထို့ကြောင့် ကြားနာလျက်ရှိသည့် အမှတ် (၁) ပြဿနာနှင့် စပ်လျဉ်း၍ ဦးကြီးဖြန် ပြန်ပြောသည်ကို ကြားသိရသည့် သက်သေတို့၏ ထွက်ဆိုချက်များသည် သက်သေခံ ဥပဒေပုဒ်မ ၆၀ အရ သက်သေခံမဝင်ဟုသုံးသပ်ပြီး ထည့်သွင်း မစဉ်းစားခြင်းမှာ မှန်ကန်ခြင်း မရှိကြောင်း ဖြေဆိုလိုက်သည်။

အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ တစ်ဘက်တွင် တရားပြိုင်သည် အခွင့်အမိန့်အရ နေထိုင်သူဖြစ်သလား သို့တည်းမဟုတ် မိမိ၏ ဆိုင်ရေးဆိုင်ခွင့်အရ နေထိုင်သူဖြစ်သလားဟူသော ပြဿနာကို စိစစ်ဆုံးဖြတ်ရာ၌ အခြေအမြစ်ရှိသော အထောက်အထားများအရ အချင်းဖြစ် ဥပစာတွင် အမွေဆက်ခံသူအဖြစ်ဖြင့် နေထိုင်သူဟုတ်မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရန် လိုအပ်သည်။ သို့မှသာ အခွင့်အမိန့်အရ နေထိုင်သူ ဟုတ်မဟုတ်ကို ပြည့်ပြည့်စုံစုံ အဆုံးအဖြတ်ပေးရာရောက်ပေလိမ့်မည်။

အမှတ် (၁) တရားပြိုင် ဒေါ်ကြူကြူလင်းသည် မိဘများ အသက်ထင်ရှားရှိနေစဉ်တွင် အမွေဆက်ခံခွင့်မရှိသည်မှာ အငြင်းပွားဘွယ်မရှိသည့် ဥပဒေအချက်ဖြစ်သည်။ ဤအခြေအနေတွင် အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု၌ အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးရန် မလိုချေ။ အမွေဆက်ခံမှု ပြဿနာကို အမွေမှုတွင်သာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆုံးဖြတ်ရန်ဖြစ်သည်။

ဒေါ်ကြူကြူလင်းနှင့် ဦးမျိုးလွင်တို့သည် အချင်းဖြစ် ဥပစာတွင် ဦးကြီးဖြန်နှင့်အတူ နေထိုင်သူများဖြစ်ကြသည်။

**ဒေါ်ခင်ညွန့်နှင့် ဦးသိန်းဟန်အမှု**[၁] တွင် "အခွင့်အမိန့်အရ အခမဲ့ နေထိုင်သူအား နှင်ထုတ်လိုမှုများတွင် အခွင့်အမိန့်အရ နေသူနှင့်အတူနေထိုင်

(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၂၉

၁၉၉၇ ဒေါ်ကြည်ကြည်ဇင် (ခ) ဗိုင်အိုလက်လင်း နှင့် ဒေါ်ကြူကြူလင်း

သူတို့သည်လည်း မူလခွင့်ပြုသူ၏ အခွင့်အမိန့်အရ နေထိုင်သူများပင်ဖြစ်၍ ထိုသူတို့ကိုလည်း အခွင့်အမိန့်အရ အခမဲ့နေထိုင်သူအဖြစ် တရားစွဲဆိုနိုင်ထုတ်ခွင့်ရှိကြောင်း" ထုံးဖွဲ့ထားသည်။

သို့ဖြစ်ရာ အမှုတွင် ပေါ်ပေါက်နေသည့် အခြေအနေနှင့် သက်သေခံချက်များအရ ဒေါ်ကြည်ကြည်ဇင် (ခ) ဗိုင်အိုလက်လင်းသည် ၎င်းတောင်းဆိုသည့် သက်သာခွင့်အတိုင်း အနိုင်ဒီကရီရထိုက်ကြောင်း ကြားနာလျက်ရှိသည့် အမှတ် (၂) ပြဿနာကို ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤအထူး အယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ မူလရုံးတရားလို ဒေါ်ကြည်ကြည်ဇင် (ခ) ဗိုင်အိုလက်လင်း စွဲဆိုသည့်အတိုင်း တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/-သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဦးခင်မောင်ကြည်ပါ ၂

နှင့်

ဒေါ်အောင်စောနု*

(ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးစောသာထွန်း၏ တရားဝင် ကိုယ်စားလှယ်)

+၁၉၉၇ အောက်တိုဘာလ ၁၄ ရက်

**တိုက်မြေအရောင်းအဝယ် စာချုပ်ပါ ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်ပေးစေရန်နှင့် တိုက်မြေကို လက်ရောက်ပေးအပ်စေရန် တရားစွဲဆိုခြင်း တရားလိုက တရားပြိုင်အပေါ် သက်သာခွင့်နှစ်ရပ် တောင်းဆိုရာ၌ ဒုတိယ တောင်းဆိုသည့် သက်သာခွင့်သည် ပထမသက်သာခွင့်အပေါ် တည်မှီနေပြီး၊ ပထမသက်သာခွင့်အတွက် တရားစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ခဲ့သော် ဒုတိယသက်သာခွင့်ကို မရနိုင်တော့သဖြင့် တရားလို စွဲဆိုသည့် အမှုတစ်ခုလုံးကို ပလပ်ရန်သာရှိခြင်း**

**ဆုံးဖြတ်ချက်** ။ ။ အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် စွဲဆိုသော အမှုတွင် ပေါ်ပေါက်သော တရားစွဲဆိုရန်အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းကို လက်ရောက်ပေးအပ်စေရန် စွဲဆိုသော အမှု၌ ပေါ်ပေါက်သော တရားစွဲဆိုရန်အကြောင်းနှင့် မတူပေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပစ္စည်း ရောင်းချရန် ပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက် ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်းစာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်း ဖြစ်သည်။

သို့ရာတွင် လက်ရောက်ပေးအပ်ခြင်းသည် အရောင်းစာချုပ်ကို ချုပ်ဆိုခြင်းမှ အကျိုးသင့်အကြောင်းသင့် ဆက်စပ်ပေါ်ပေါက်လာသည့်

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံအမှတ် ၁၅၁

\+ ၁၉၉၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၈၉ တွင် ချမှတ်သော (၃-၃-၉၄) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

ကိစ္စဖြစ်သဖြင့် ယင်းတရားစွဲဆိုရန်အကြောင်း နှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေးစီရင်နိုင်ခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်ခင်စောမြင့် တောင်းဆိုသည့် တိုက်မြေကို လက်ရောက်ပေးအပ်စေရန် သက်သာခွင့်သည် အရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုအပေါ် တည်နေသည်။ ဒေါ်ခင်စောမြင့်နှင့် ဦးစောသာထွန်းတို့သည် တိုက်မြေ အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ မှတ်ပုံတင်ချုပ်ဆိုပြီးမှသာလျှင် ဒေါ်ခင်စောမြင့်တို့အနေဖြင့် တိုက်မြေကို ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။ ယင်းသို့ ပိုင်ဆိုင်ခွင့်ရရှိမှသာလျှင် လက်ရောက်ရခွင့်လည်း ရှိမည်ဖြစ်သည်။ အချင်းဖြစ် တိုက်မြေကို ပိုင်ဆိုင်ခွင့်မရှိလျှင် လက်ရောက်လည်း ရနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်ခင်စောမြင့်တို့ စွဲဆိုသည့် တိုက်မြေလက်ရောက်ပေးအပ်စေလိုမှုမှာ ကာလစည်းကမ်းသတ် မကျော်လွန်သေးသော်လည်း တရားလိုက တရားပြိုင်အပေါ် သက်သာခွင့်နှစ်ရပ် တောင်းဆိုရာ၌ ဒုတိယတောင်းဆိုသည့် သက်သာခွင့်သည် ပထမသက်သာခွင့်အပေါ် တည်မှီနေပြီး ပထမသက်သာခွင့်အတွက် တရားစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ခဲ့သော် ဒုတိယသက်သာခွင့်ကို မရနိုင်တော့သဖြင့် တရားလို စွဲဆိုသည့်အမှုတစ်ခုလုံးကို ပလပ်ရန်သာရှိသည်။

အယူခံတရားလိုများအတွက် — ဦးတင်ထူး၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် — ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး (မြောက်ပိုင်းခရိုင်) ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ် ၅၁ တွင် ဒေါ်ခင်စောမြင့်နှင့် ဦးမြင့်အေးတို့က ဦးစောသာထွန်းနှင့် ဒေါ်အောင်စောနုတို့အပေါ် တိုက်မြေအရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်းသီးခြားဆောင်ရွက်ပေးစေရန်နှင့် တိုက်မြေကို လက်ရောက်ပေးအပ်စေရန် တရားစွဲဆိုရာ ကာလစည်းကမ်းသတ်ကျော်လွန်သဖြင့် ပလပ်ခြင်းခံရသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်ခင်စောမြင့်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်သည်။ အယူခံမှု အတောအတွင်း အယူခံတရားပြိုင်တစ်ဦးဖြစ်သူ ဦးစောသာထွန်း ကွယ်လွန်သွား

ရာ ကျန်အယူခံတရားပြိုင် ဒေါ်အောင်စောနုနှင့် အယူခံမှုကို ဆက်လက်ဆောင်ရွက်သည်။ တရားရုံးချုပ်က ဒေါ်ခင်စောမြင့်တို့၏ အယူခံမှုကို ပလပ်သည်။ ထို့ကြောင့် ဒေါ်ခင်စောမြင့်တို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ်၁၅၁တွင်လျှောက်ထားသောအခါတရားရုံးချုပ်အထူးခုံရုံးကအောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံခွင့်ပြုကြောင်း အမိန့်ချမှတ်သည်–

"ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် မြေနှင့်အိမ်လက်ရောက်ရလိုမှု ပူးတွဲစွဲဆိုရာတွင် ၃ နှစ် ကျော်လွန်သဖြင့် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁၃ အရ အမှုကို ပလပ်ခဲ့ခြင်း သည် လက်ရောက်ရလိုမှုအပေါ် အကျိုးသက်ရောက်မှုရှိမရှိ"

အထူးအယူခံမှု အတောအတွင်း အမှတ် (၁) အယူခံတရားလိုဒေါ်ခင်စောမြင့် ကွယ်လွန်သွားရာ ဦးခင်မောင်ကြည်ကို ကွယ်လွန်သူဒေါ်ခင်စောမြင့်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။

အယူခံတရားလိုတို့၏ ရှေ့နေက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုတို့ကို တစ်ပြိုင်တည်း စွဲဆိုခွင့်ရှိကြောင်း တရားရုံးများက အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့ပါလျက် တရားရုံးချုပ်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု ဆောင်ရွက်ပြီးမှ လက်ရောက်ရလိုမှုကို စွဲဆိုခွင့်ရှိကြောင်း စီရင်ချက်ချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း အယူခံတရားလိုများသည် အချင်းဖြစ် အိမ်အောက်ထပ်ကို လက်ရောက်ရရှိပြီးမှ အယူခံတရားပြိုင်များ၏ အဓမ္မကျော်နင်းမှုကြောင့် လက်လွတ်ရခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေ အပိုဒ် ၁၄၄ အရ လက်လွတ်ခဲ့ရသည့်နေ့မှ ၁၂ နှစ်အတွင်း စွဲဆိုနိုင်သောကြောင့် ကာလစည်းကမ်းသတ် မကျော်လွန်သေးကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အယူခံတရားလိုတို့ စွဲဆိုသော အမှုမှာ အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်စေလိုမှုဖြစ်ကြောင်း၊ လက်ရောက်ရရှိရန်အတွက် ရှေးဦးပထမ အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေသည့် ဒီကရီရရှိရမည်ဖြစ်ကြောင်း၊ ထိုဒီကရီရမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ ထို့နောက်မှသာ အယူခံတရားလိုတို့သည် အချင်းဖြစ် မြေနှင့် တိုက်ကို လက်ရောက်ရခွင့်ရှိမည်ဖြစ်ကြောင်း၊ လက်ရောက်ရရန် ဒီကရီသည် အရောင်း

အဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေသည့် ဒီကရီအပေါ် အမိုသဟဲပြု နေကြောင်း အယူခံတရားလိုတို့ စွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအပိုဒ် ၁၁၃ အရ ကာစည်းကမ်းသတ်ကျော်လွန်နေကြောင်း လျှောက်လဲတင်ပြသည်။

ဦးစောသာထွန်းနှင့် ဒေါ်အောင်စောနုတို့အပေါ် ဒေါ်ခင်စောမြင့်နှင့် ဦးမြင့်အေး မောင်နှမနှစ်ဦးတို့အား သဃ်န်းကျွန်းမြို့နယ်၊ ၁၆ ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ် ၉၅၁ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အအုံကို တန်ဖိုးငွေကျပ် ၃ သိန်းဖြင့် ရောင်းချရန် သဘောတူပြီး ၁၀–၉–၈၅ ရက်စွဲပါ တိုက်မြေအရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်–က) ကို ချုပ်ဆိုခဲ့ကြသည်။

စာချုပ်ချုပ်ဆိုသည့်နေ့တွင် ဝယ်သူဒေါ်ခင်စောမြင့်တို့က ရောင်းသူ ဦးစောသာထွန်းတို့အား ငွေကျပ် ၂၃၆၀၀၀ ပေးချေခဲ့သည်။ ရောင်းသူတို့ ကလည်း ရောင်းချသည့်နေအိမ် အဆောက်အအုံအောက်ထပ်ကို ပေးအပ်သဖြင့် ဝယ်သူ ဒေါ်ခင်စောမြင့်တို့ လက်ရောက်ရရှိခဲ့သည်။ ၃–၁၀–၈၅ နေ့တွင် ဝယ်သူတို့က ဒုတိယအရစ်ငွေကျပ် ၅၀၀၀၀ ကို ရောင်းသူတို့အား ပေးချေသည်။

ဝယ်သူတို့က ကျန်ငွေ ၁၄၀၀၀ ကျပ်ကို ၁၀–၃–၈၆ နေ့တွင် ပေးချေရန်နှင့် ထိုနေ့တွင် ရောင်းသူတို့က အဆောက်အအုံမှ ပြောင်းရွှေ့ဖယ်ရှားပေးရန်ကိုလည်း ရောင်းသူနှင့် ဝယ်သူတို့နောက်ထပ်သဘောတူညီခဲ့ကြသည်။

၁၀–၃–၈၆ နေ့တွင် ရောင်းသူတို့က ဝယ်သူတို့ထံမှ ကျန်ငွေကို လက်ခံခြင်း မပြုတော့သည့်အပြင် အဆောက်အအုံမှ ဖယ်ရှားမပေးနိုင်ကြောင်း ငြင်းဆိုခဲ့ကြသည်။ ဝယ်သူတို့လက်ဝယ်ရရှိထားသည့် အောက်ထပ်အခန်းကိုလည်း ရောင်းသူတို့က ပြန်လည်ဝင်ရောက်နေထိုင်ကြသည်။

ထို့ကြောင့် ဒေါ်ခင်စောမြင့်တို့က ဦးစောသာထွန်းတို့အပေါ် အရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် တိုက်မြေကို လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုခြင်းဖြစ်သည်။

အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန်စွဲဆိုသော အမှုတွင် ပေါ်ပေါက်သော တရားစွဲဆိုရန်အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းကို လက်ရောက်ပေးအပ်စေရန် စွဲဆိုသော အမှု၌ ပေါ်ပေါက်သော တရားစွဲဆိုရန် အကြောင်းနှင့် မတူပေ။ အရောင်းအဝယ် ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပစ္စည်းရောင်းချရန် ပဋိညာဉ်

အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက် ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်းစာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။

သို့ရာတွင် လက်ရောက်ပေးအပ်ခြင်းသည် အရောင်းစာချုပ်ကို ချုပ်ဆိုခြင်းမှ အကျိုးသင့်အကြောင်းသင့် ဆက်စပ်ပေါ်ပေါက်လာသည့် ကိစ္စဖြစ်သဖြင့် ယင်းတရားစွဲဆိုရန်အကြောင်း နှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေးစီရင်နိုင်ခြင်းဖြစ်သည်။

ဒေါ်ခင်စောမြင့် တောင်းဆိုသည့် တိုက်မြေကို လက်ရောက်ပေးအပ်စေရန် သက်သာခွင့်သည် အရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုအပေါ် တည်နေသည်။ ဒေါ်ခင်စောမြင့်နှင့် ဦးစောသာထွန်းတို့သည် တိုက်မြေအရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ မှတ်ပုံတင်ချုပ်ဆိုပြီး မှသာလျှင် ဒေါ်ခင်စောမြင့်တို့အနေဖြင့် တိုက်မြေကို ပိုင်ဆိုင်ခွင့်ရရှိမည် ဖြစ်သည်။ ယင်းသို့ ပိုင်ဆိုင်ခွင့်ရရှိမှသာလျှင် လက်ရောက်ရခွင့်လည်း ရှိမည်ဖြစ်သည်။ အချင်းဖြစ်တိုက်မြေကို ပိုင်ဆိုင်ခွင့် မရှိလျှင် လက်ရောက်လည်း ရနိုင်မည် မဟုတ်ပေ။

ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁၃ အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုကို တရားပြိုင်က ပဋိညာဉ်အတိုင်း မဆောင်ရွက်ငြင်းပယ်သည်ကို တရားလိုသိသည့်နေ့မှစ၍ ၃ နှစ်အတွင်း တရားစွဲဆိုရသည်။

ဦးစောသာထွန်းတို့က ပဋိညာဉ်အတိုင်း မဆောင်ရွက်ငြင်းပယ်သည့်နေ့မှာ ၁၀-၃-၈၆ နေ့ဖြစ်သဖြင့် ၈-၅-၉၀ နေ့တွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် ဒေါ်ခင်စောမြင့်တို့ စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း တွေ့ရှိရသည်။

ဒေါ်ခင်စောမြင့်တို့ စွဲဆိုသည့် တိုက်မြေလက်ရောက်ပေးအပ်စေလိုမှုမှာမူ ကာလစည်းကမ်းသတ် မကျော်လွန်သေးသော်လည်း တရားလိုက တရားပြိုင်အပေါ် သက်သာခွင့်နှစ်ရပ် တောင်းဆိုရာ၌ ဒုတိယတောင်းဆိုသည့် သက်သာခွင့်သည် ပထမသက်သာခွင့်အပေါ် တည်မှီနေပြီး ပထမသက်သာခွင့်အတွက် တရားစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ခဲ့သော် ဒုတိယသက်သာခွင့်ကို မရနိုင်တော့သဖြင့် တရားလိုစွဲဆိုသည့် အမှုတစ်ခုလုံးကို ပလပ်ရန်သာရှိသည်။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာနှင့် စပ်လျဉ်း၍ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် မြေနှင့်အိမ်လက်ရောက်ရလိုမှု ပူးတွဲ

၁၉၉၇
ဦးခင်မောင်ကြည်
နှင့်
ဒေါ်အောင်စောနု

စွဲဆိုရာတွင် ပထမအမှုကို ပလပ်ခဲ့ခြင်းသည် ဒုတိယအမှုအပေါ် အကျိုး သက်ရောက်မှုရှိကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဒေါက်တာစန်းရီရီ
နှင့်
ဦးဘန်နီတင်ထွန်း ပါ၂*

+ ၁၉၉၇
မေလ
၂၂ ရက်

**ကျူးကျော်စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အဆောက်အအုံများအား ဖယ်ရှားပေးစေပြီးနောက် ကျူးကျော်ခံရသော မြေကို လက်ရောက်ရလိုမှု- နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် မြေများတွင် သူတစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ၊ သို့မဟုတ် မပိုင်မှန်းသိလျက်နှင့် တမင်ကျူးကျော်လိုသော ဆန္ဒနှင့်ဖြစ်စေ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်ဘက် လက်ရှိ ထားခဲ့သည်ဟု ယူဆရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မြေကိုသာမန်လက်ရှိထားခြင်းနှင့် ပိုင်ရှင်အား ဆန့်ကျင်လက်ရှိထားခြင်းမှာ ခြားနားသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအပိုဒ် ၁၄၄ တွင် သာမန်လက်ရှိထားခြင်းမျိုး မဟုတ်ဘဲ တရားလိုအား ဆန့်ကျင်၍ လက်ရှိ ထားခြင်းမျိုးကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ **ဦးချစ်ထွန်းနှင့် ဒေါ်ငွေသောင်နှင့် မမြငွေအမှုကိုကြည့်ပါ။ ဦးသန်းငွေပါ၃ နှင့် ဦးဘအေး (ခေါ်) ဆရာအေးပါ ၄ အမှု**တွင် နယ်နိမိတ်ခြင်း ဆက်စပ်လျက်ရှိသော မြေများတွင် သူတစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျှက် ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်း သိလျှက်နှင့် တမင်ကျူးကျော်လိုသော

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၈၅

\+ ၁၉၉၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၅ တွင်ချမှတ်သော(၃၀-၁၀-၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် ဆန့်ကျင်ဘက်လက်ရှိရရှိခဲ့သည်ဟု ယူဆရမည် ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။ အဆိုပါ အမှု၌ ကိုးကားခဲ့သည် **မရှမ်းမ** နှင့် **ကိုမာဆွန်ဒရမ် ချစ်တီးယားအမှု**တွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်သည်-

"Possession of land by an adjoining owner, a result of a mistake as to the bounderies, is nevertheless adverse to the owner."

**ဦးသန်းဌွေပါ (၃) နှင့် ဦးဘအေး (ခ) ဆရာအေးပါ၄ အမှု**စီရင်ထုံးကို **ဦးစိုးပါ ၃ နှင့် ဦးဉာဏ်ကျယ်ပါ၄ အမှု**တွင် လိုက်နာသည်။ သို့ဖြစ်၍ ယင်းမူသဘောမှာ အတည်တကျဖြစ်နေပြီးဖြစ်သည်။ သို့ဖြစ်ရာ အယူခံ တရားပြိုင် ဦးဘန်နီတင်ထွန်းက နယ်နိမိတ်ဆက်စပ်နေသည့် ဦးပိုင်အမှတ် ၂၄ မြေကွက်အတွင်း ကျူးကျော်ပြီး အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့သည် ယင်းမြေကွက်ပိုင်ရှင် ဒေါက်တာစန်းရီရီကို ဆန့်ကျင်လက်ရှိထားခြင်းဖြစ်သည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးတင်ဝင်း၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - ဦးမြတ်လှဦး၊ တရားရုံးချုပ်ရှေ့နေ |

အင်းစိန်မြို့နယ် တရားရုံး ၁၉၉၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၄ တွင် အယူခံတရားလို ဒေါက်တာစန်းရီရီက ၎င်း၏ အထွေထွေ ကိုယ်စားလှယ် ဦးသန်းထွဋ်မှ တစ်ဆင့် အယူခံတရားပြိုင်များဖြစ်ကြသော ဦးဘန်နီတင်ထွန်းနှင့် ဒေါ်တင်မိတို့အပေါ် ကျူးကျော်ထားသည့် မြေပေါ်တွင် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းများအား ဖယ်ရှားပေးစေပြီးနောက် ကျူးကျော်ခံရသော မြေအား လက်ရောက်ရလိုမှု စွဲဆိုရာ ပလပ်ခြင်းခံရသည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါက်တာစန်းရီရီက မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်ရောက်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါက်တာစန်းရီရီစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးဘန်နီတင်ထွန်းနှင့် ဒေါ်တင်မိတို့က မကျေနပ်သောကြောင့်

၁၉၉၇
ဒေါက်တာ
စန်းရီရီ
နှင့်
ဦးဘာန်နီတင်ထွန်း

တရားရုံးချုပ်သို့ ဒုတိယအယူခံမှုတင်သွင်းသည်။ အယူခံမှု အတောအတွင်း ဒေါ်တင်မို ကွယ်လွန်သွားသောကြောင့် ဦးဒီကပ်ကျင့်ထန်အား ကွယ်လွန်သူ ဒေါ်တင်မို၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပြီး အမှုကိုဆက်လက် ဆောင်ရွက်သည်။ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီးမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုသည်။ ဒေါက်တာစန်းရီရီက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စစ်ဆေး စီရင်ပေးရန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ၁၉၉၃ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၂၈ တွင် လျှောက်ထားရာ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါ ပြဿနာကို ကြားနာရန် အထူး အယူခံဝင်ခွင့်ပြုလိုက်သည်-

> "ဤအမှုတွင် ပေါ်ပေါက်နေသော သက်သေခံချက်များအရ တရားပြိုင်သည် ကျူးကျော်ထားသော မြေအစိတ်အပိုင်း ပိုင်ရှင်အား ပွင့်ပွင့်လင်းလင်း ဆန့်ကျင်လက်ရှိထားသည်ဟု ယူဆရန် သင့်မသင့် နှင့် ဦးသန်းငွေပေါ် ၃ နှင့် ဦးဘအေး (ခ) ဆရာအေးပေါ် ၄ အမှု စီရင်ထုံးကို မှီငြမ်းပြု၍ တရားရုံးချုပ်က ဆုံးဖြတ်ထားခြင်းမှာ မှန်မမှန်"

ဤအထူးအယူခံတွင် အောက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ နောက်ထပ် သက်သေခံချက်များ ရယူတင်ပြရန် မြို့နယ်တရားရုံးအား တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်း ၂၇ နှင့် ၂၈ တို့အရ ညွှန်ကြားခဲ့သည်-

(က) ဦးပိုင်အမှတ် ၂၄၊ ၂၅ နှင့် ၂၆ တို့၏ မြေဧရိယာအကျယ်အဝန်း အသီးသီးနှင့် ဦးပိုင်အမှတ် ၂၄ မြေကွက်အတွင်းသို့ ဦးပိုင်အမှတ် ၂၆ က တစ်စုံတစ်ရာ ကျူးကျော်ခြင်း ရှိမရှိ။

(ခ) အချင်းဖြစ် မီးဖိုကို မည်သည့်ခုနှစ်က ဆောက်လုပ်ခဲ့သည်၊ ယင်းသို့ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ စည်ပင်သာယာသို့ ဆောက်လုပ်မည့် ပုံစံကို တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ ဆောက်လုပ်ခဲ့ခြင်း ဟုတ်မဟုတ်။

အယူခံတရားလို၏ ရှေ့နေက တရားရုံးချုပ်သည် **ဦးသန်းငွေပေါ်၃ နှင့် ဦးဘအေး (ခ) ဆရာအေးပေါ်၄ အမှု** ၌ "နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြေများတွင် သူတစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်း ယူဆလျှက်ဖြစ်စေ သို့မဟုတ် မပိုင်မှန်းသိလျှက်နှင့် တမင်

ကျူးကျော်လိုသည့် ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးပြုခဲ့လျှင် သူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် ဆန့်ကျင်ဘက် လက်ရှိရခဲ့သည်ဟု ယူဆရမည်ဖြစ်သည်” ဟု ထုံးဖွဲ့ထားမှုကို ကိုးကား၍ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ယခုအမှုမှ အယူခံတရားပြိုင်တို့သည် ၎င်းတို့ မြေဝယ်သည့် ၁၉၅၂ ခုနှစ် နောက်ပိုင်းတွင် အချင်းဖြစ် မြေကို တစ်ကြိမ်တစ်ခါမျှ ၎င်းတို့ ပိုင်အဖြစ် လက်ရှိရယူအသုံးချခြင်း မပြုခဲ့ကြောင်း အယူခံတရားလို အိမ်ဆောက်၍ ၂ လခန့်ကြာသည့် ၃၀-၅-၈၇ နေ့ကျမှ ခြံစည်းရိုးကို ထင်ထင်ပေါ်ပေါ် ကာရံ၍ လက်ရှိရယူခြင်းဖြစ်ကြောင်း ပေါ်ပေါက်လျက် တရားရုံးချုပ်က အယူခံတရားပြိုင်သည် အချင်းဖြစ်မြေကို ၁၉၅၂ ခုနှစ်မှ စတင်၍ ဆန့်ကျင်လက်ရှိရယူခဲ့ကြောင်း ကောက်ယူခဲ့ခြင်းမှာ မှားယွင်းကြောင်း တင်ပြသည်။

အယူခံတရားလို၏ ရှေ့နေက မူလရုံးတော်မှ သက်သေအဖြစ် ထပ်မံခေါ်ယူစစ်ဆေးသည့် မြေစာရင်း အရာရှိက ထွက်ဆိုရာတွင် ဦးပိုင် အမှတ် ၂၄ အတွင်းသို့ ဦးပိုင်အမှတ် ၂၆ က ကျူးကျော်ကြောင်းကို ယခင်က တိုင်းထွာခဲ့ဘူးသည့် အတိုင်းသာ ယေဘူယျဆန်ဆန် ထွက်ဆို အစစ်ခံခဲ့ကြောင်း၊ သက်သေခံချက် အသစ်ထပ်မံရယူရာတွင် ကျရောက်ကြောင်း၊ အချင်းဖြစ် မီးဖိုးအပါအဝင် လက်ရှိအဆောက်အဦးမှာ ၁၉၅၂ ခုနှစ်ကပင် အယူခံတရားပြိုင်မိသားစုတို့လက်ရှိနေထိုင်ခဲ့သည်မှာ ယနေ့အထိဖြစ်သည် ဟူသော အချက်ကိုမူ အယူခံတရားလိုတို့က မည်သို့မျှငြင်းဆိုနိုင်ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ အချင်းဖြစ် မီးဖိုသည် ၁၂ နှစ်ကျော်ပြီးဖြစ်၍ ပိုင်ရှင်အား ပွင့်ပွင့်လင်းလင်း ဆန့်ကျင်လက်ရှိထားသည်ဟု တရားရုံးချုပ်က ဆုံးဖြတ်ထားခြင်းမှာ မှန်သည်ဟု ကောက်ယူဆုံးဖြတ်ထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြေတိုင်း ရပ်ကွက်အမှတ် ၁၀ အက်ဖ် (ရွာမ)၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ ၁.၁၀၄ ဧကရှိ မြေကွက်ကြီးအနက်မှ အလျား ၁၆၀ ပေ / ၁၄၅ ပေ X အနံ ၁၀၀ ပေ / ၈၈ ပေ ရှိ မြေကွက်ကို မူလပိုင်ရှင် ဦးကျော်စိန် (က) ဦးကျော်သိန်း၊ ဒေါ်ခင်သူ (ခ) ဒေါ်ခင်သိန်း (ခ) ဒေါ်သန်းဌေးတို့ထံမှ ဦးသန်းထွင်နှင့်ဒေါက်တာစန်းရီရီတို့က ၁၁-၂-၈၇ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၇၉/၈၇ ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ ယင်းမြေကွက်နှင့် နယ်နမိတ်ချင်း ဆက်စပ်လျက်ရှိသော ဦးပိုင်အမှတ်

၂၆၊ ဧရိယာ ၀.၉၂ ရှိ မြေကွက်ကို ဦးဘန်နီတင်ထွန်းတို့က ၅-၂-၅၂ နေ့စွဲပါ မှတ်ပုံတင်စာချုပ်ဖြင့် ပိုင်ဆိုင်သည်။

၁၉၉၇
ဒေါက်တာ
စန်းရီရီ
နှင့်
ဦးဘန်နီတင်ထွန်း

ဒေါက်တာစန်းရီရီက ၎င်းဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားသည့် ဦးပိုင်အမှတ် ၂၄ မြေကွက်အတွင်းသို့ ၎င်း၏ ခွင့်ပြုချက်မရဘဲ တရားပြိုင် ဦးဘန်နီတင်ထွန်းတို့သည် ၃၀-၅-၈၇ နေ့က ကျူးကျော်ဝင်ရောက်ပြီး တိုင်များစိုက်ထူခြင်း၊ ဝါးခြမ်းပြားများနှင့် ကာရံခြင်း ပြုလုပ်ကြောင်း၊ တရားလို၏ လျှောက်ထားချက်အရ အိုးအိမ်ဦးစီးဌာန (မြေတိုင်းအဖွဲ့) က ၂၂-၂-၈၈ နေ့က တိုင်းတာခဲ့ရာ တရားလိုပိုင် ဦးပိုင်အမှတ် ၂၄ အတွင်းသို့ တရားပြိုင်တို့၏ မီးဖိုဆောင်တစ်ပိုင်း၊ အိမ်သာအညစ်အကြေးလှောင်သည့် အုတ်ကန်၊ အုန်းပင်ကြီးတစ်ပင်၊ အုန်းပင်ငယ်တစ်ပင်၊ သရက်ပင်တစ်ပင်၊ ရှောက်ပင်တစ်ပင် ကျူးကျော်နေပြီး ယင်းပစ္စည်းများကို ခြိုင့်၍ အလျား ၅၅ ပေ အနံ ၆ ပေ ခြံစည်းရိုးကာရံထားကြောင်း အဆိုပြုသည်။

ဦးဘန်နီတင်ထွန်းတို့က တရားလိုသည် တရားပြိုင်၏ မြေကွက်ကို ကျူးကျော်ခဲ့ခြင်းမရှိကြောင်း၊ အဆိုလွှာပါ ပစ္စည်းများသည် အချင်းဖြစ်မြေကို တရားလိုပိုင်ဆိုင်ခြင်းမရှိမီ နှစ်ပေါင်း ၄၀ ကျော်ကပင် တရားပြိုင်ပိုင်မြေပေါ်တွင် တည်ရှိခဲ့ကြောင်း ခြံစည်းရိုးမှာလည်း လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က တည်ရှိခဲ့သော ခြံစည်းရိုးဖြစ်ကြောင်း၊ အငြင်းပွားမြေကွက်မှာ နှစ်ပေါင်း ၄၅ ကျော် ကာလကပင် တရားပြိုင်လက်ရှိပိုင်ဆိုင် အကျိုးခံစားခဲ့သည့် မြေကွက်ဖြစ်၍ တရားလိုစွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေပြီး ဖြစ်ကြောင်း ချေပသည်။

ဤအထူး အယူခံတွင် ဆုံးဖြတ်ရမည့် ပြဿနာမှာ ဦးဘန်နီတင်ထွန်းတို့သည် ပိုင်ရှင် ဒေါက်တာစန်းရီရီကို ဆန့်ကျင်ပြီးအချင်းဖြစ် မြေအစိတ်အပိုင်းကို လက်ရှိထားခြင်းဟုတ်မဟုတ်ဖြစ်သည်။

မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန မြေတိုင်းစာရေး ဦးထွန်းဟံ (ရုံးခေါ်သက်သေ) က တိုင်းတာချက်အရ ဦးပိုင်အမှတ် ၂၆ ပိုင်ရှင်က ဦးပိုင်အမှတ် ၂၄ မြေကွက်အတွင်း မီးဖိုဆောင်အလျား ၉ ပေ အနံထိပ်ပိုင်း ၂ ပေ၊ အောက်ပိုင်း ၁ ပေ၊ အိမ်သာအုတ်ကန်အလျား ၆ ပေ၊ အနံ ၁ ပေ၊ စည်းရိုးအလိုက် ကျူးကျော်နေကြောင်း ပေါ်ပေါက်သည်။ ကျူးကျော်နေသည့် မြေအစိတ်အပိုင်းအတွင်း ဦးဘန်နီတင်ထွန်းတို့ စိုက်ပျိုးထားသည့် အုန်းပင်ကြီးတစ်ပင်၊ အုန်းပင်ငယ်တစ်ပင်၊ သရက်ပင်တစ်ပင်နှင့် ရှောက်ပင်တစ်ပင်တို့ ပေါက်ရောက်နေကြောင်း အငြင်းမပွားချေ။

၁၉၉၇
ဒေါက်တာ
စန်းရီရီ
နှင့်
ဦးဘန်နီတင်ထွန်း

မြေကို သာမန်လက်ရှိထားခြင်းနှင့် ပိုင်ရှင်အား ဆန့်ကျင့်လက်ရှိထား ခြင်းမှာ ခြားနားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၄ တွင် သာမန် လက်ရှိထားခြင်းမျိုး မဟုတ်ဘဲ တရားလိုအား ဆန့်ကျင်၍ လက်ရှိထားခြင်းမျိုးကိုသာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ **ဦးချစ်ထွန်းနှင့် ဒေါ်ငွေသောင်နှင့် မမြငွေအမှု**[၁] ကို ကြည့်ပါ။ **ဦးသန်းငွေပါ၃ နှင့် ဦးဘအေး (ခ) ဆရာအေးပါ၄အမှု**[၂] တွင် နယ်နိမိတ်ခြင်း ဆက်စပ်လျက်ရှိသော မြေများတွင် သူတစ်ပါး၏ မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျှက်ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်းသိလျှက် တမင် ကျူးကျော်လိုသော ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိ အသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် ဆန့်ကျင်ဘက်လက်ရှိ ရရှိခဲ့သည်ဟု ယူဆရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

အဆိုပါ အမှု၌ ကိုးကားခဲ့သည့် **မရှမ်းမနှင့် ကိုမာဆွန်ဒရမ်ချစ်တီးယား အမှု**[၃] တွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့မြင်နိုင်သည်–

> "Possession of land by an adjoining owner, a result of a mistake as to the bounderies, is nevertheless adverse to the owner"

**ဦးသန်းငွေပါ (၃) နှင့် ဦးဘအေး (ခ) ဆရာအေးပါ ၄ အမှု**[၂] စီရင်ထုံးကို **ဦးစိုးပါ ၃ နှင့် ဦးဉာဏ်ကျယ်ပါ၄အမှု**[၄] တွင် လိုက်နာသည်။ သို့ဖြစ်၍ ယင်းမှုသဘောမှာ အတည်တကျဖြစ်နေပြီးဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားပြိုင် ဦးဘန်နီတင်ထွန်းတို့က နယ်နိမိတ်ချင်း ဆက်စပ်နေသည့် ဦးပိုင် အမှတ် ၂၄ မြေကွက်အတွင်း ကျူးကျော်ပြီး အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့သည် ယင်းမြေကွက်ပိုင်ရှင် ဒေါက်တာစန်းရီရီကို ဆန့်ကျင်လက်ရှိထားခြင်းဖြစ်သည်။

ယင်းကဲ့သို့ ဦးဘန်နီတင်ထွန်းတို့က ဦးပိုင်အမှတ် ၂၄ မြေ၏ တစ်စိတ် တစ်ဒေသကို ဆန့်ကျင်လက်ရှိထားခဲ့ရာ မည်မျှကြာပြီကို စိစစ် ရန် လိုသည်။

---

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၄၂
(၂) ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၂၀၃
(၃) အတွဲ ၁၊ ရန်ကုန် ၄၉၂
(၄) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၃၉

မူလရုံးတရားလို ဒေါက်တာစန်းရိရိအား ပြန်လှန်မေးရာတွင် "အဆိုပါ လွှာအပိုဒ် ၄ ပါ အချက်အလက်များသည် လွန်ခဲ့သော အနှစ် ၄၀ ခန့် ကတည်းက ရှိခဲ့သည်ဆိုလျှင် အုန်းပင်ကြီးတစ်ပင်နှင့် မီးဖိုဆောင်သာရှိပါ သည်" ဟု ထွက်ဆိုသည်။

ဒေါက်တာစန်းရိရိပြသည့် သက်သေ ဦးသန်းဝင်း (လိုပြ ၂) ကလည်း အုန်းပင်ကြီးရှိနေသည်မှာ ကြာပါပြီ။ မီးဖိုစွန်းကလည်း တရားလိုများ မြေမဝယ်ခင်ကပင်ရှိနေပြီး အိမ်သာအုတ်ကန်မှာ နောက်ကျမှ ပြုလုပ်ခြင်း ဖြစ်ပါသည်ဟု ထွက်ဆိုသည်။

ဒေါက်တာစန်းရိရိနှင့် ၎င်းပြသည့် သက်သေဦးသန်းဝင်း (လိုပြ ၂) တို့၏ ထွက်ဆိုချက်အရပင်လျှင် အုန်းပင်ကြီးတစ်ပင်နှင့် မီးဖိုစွန်းမှာ ဦးပိုင်အမှတ် ၂၄ မြေပေါ်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်ကတည်းက တည်ရှိနေခြင်းကို အငြင်းမပွားပေ။

အမှုတွင် ပေါ်ပေါက်သည့် သက်သေခံ အထောက်အထားများအရ အိမ်သာကန်၊ အုန်းပင်ငယ်၊ သရက်ပင်၊ ရှောက်ပင်နှင့် ဝါးစည်းရိုးတို့ ပြုလုပ်စိုက်ပျိုးသည်မှာ ၁၂ နှစ်မကျော်လွန်သေးကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ဦးဘန်နီတင်ထွန်းသည်၎င်းအမှန်တကယ် လက်ရှိထားသည့် အုန်းပင်ကြီးတစ်ပင်နှင့် မီးဖိုစွန်းတို့ တည်ရှိရာ မြေကို ဆန့်ကျင်လက်ရှိထား ခြင်းသည် ၁၂ နှစ်ကျော်ပြီးဖြစ်သော်လည်း အိမ်သာကန်၊ အုန်းပင်ငယ်၊ သရက်ပင်၊ ရှောက်ပင်နှင့် ဝါးစည်းရိုးတို့ တည်ရာ မြေကို ဆန့်ကျင်လက် ရှိထားခြင်းသည် ၁၂ နှစ် မကျော်လွန်သေးချေ။

ဤအထူး အယူခံတွင် ကြားနာလျက်ရှိသော ပြဿနာနှင့် စပ်လျဉ်း၍ တရားပြိုင်သည် မီးဖိုစွန်းနှင့် အုန်းပင်ကြီးတစ်ပင်တည်ရှိသည့် မြေကိုသာ ၁၂ နှစ်ကျော် ဆန့်ကျင်လက်ရှိဖြစ်ပြီး အခြား မြေအစိတ်အပိုင်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်အား ဆန့်ကျင်လက်ရှိထားသည့် ကာလသည် ၁၂ နှစ် မကျော်လွန်သေးကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်၊ အမှတ် ၁၀–အက်ဖ် (ရွာမ) ဦးပိုင်အမှတ် ၂၄ အတွင်း အယူခံတရားပြိုင် ဦးဘန်နီတင်ထွန်းတို့ ကျူးကျော်ဆောက်လုပ် စိုက်ပျိုးထားသည့် အိမ်သာ ကန်၊ အုန်းပင်ငယ်တစ်ပင်၊ သရက်ပင်တစ်ပင်၊ ရှောက်ပင်တစ်ပင်နှင့် ခြံစည်းရိုး (မီးဖိုစွန်း၊ အုန်းပင်ကြီးတစ်ပင်မပါ) တို့ကို ဖျက်သိမ်းဖယ်ရှားပြီး

၁၉၉၇
ဒေါက်တာ
စန်းရီရီ
နှင့်
ဦးဘာန်နီတင်ထွန်း

ကျူးကျော်ထားသည့် မြေကို အယူခံတရားလို ဒေါက်တာစန်းရီရီအား လက်ရောက်ပေးအပ်စေရန် တိုင်းတရားရုံး၏ ဒီကရီကို ပြင်ဆင်၍ ဒီကရီချမှတ်လိုက်သည်။

စရိတ်မသတ်မှတ်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဦးဌေးအောင်
(ကွယ်လွန်သူ ဒေါ်အေးမေ၏ တရားဝင်ကိုယ်စားလှယ်)
နှင့်
ဒေါ်တင်စိန်*

+၁၉၉၇
ဒီဇင်ဘာလ
၁၄ ရက်

**တရားနိုင်က အိမ်ကိုလက်ရောက်ရရှိသည့် အနိုင်ဒီကရီကို အတည်ပြုရာတွင် တရားရုံးက မြေမပါဘဲ အိမ်ကိုသာ လက်ရောက်အပ်ရန် မဖြစ်နိုင်ဟု သုံးသပ်ပြီး တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၃၆ အရ အိမ်ကို စတီလက်ရောက်ပေးအပ်ခြင်းမှာ မှန်ကန်မှု ရှိမရှိ။**

**ဆုံးဖြတ်ချက်** ။ ။ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေက မရွှေ့မပြောင်းနိုင်သော ပစ္စည်းဟူသည့် စကားရပ်ကိုသာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။ အိမ်ဆိုလျှင် ထိုအိမ်တည်ရှိရာ မြေကိုလည်း ပါရမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခြင်း မဟုတ်ပေ။ အိမ်ပိုင်သူသည် အိမ်တည်ရှိရာ မြေကိုပါ ပိုင်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ အိမ်ကို ပုဂ္ဂိုလ်တစ်ဦးကပိုင်ပြီး၊ အိမ်တည်ရှိရာ မြေကို အခြားတစ်ယောက်က ပိုင်ဆိုင်ခြင်းလည်းဖြစ်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၃၅ တွင် ဒီကရီမှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို ပေးအပ်ရန်အတွက်ဖြစ်လျှင် ထိုဒီကရီရရှိသူအား လက်ရောက်ပေးအပ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

---

* ၁၉၉၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄

\+ ၁၉၉၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၉၄ တွင် ချမှတ်သော ၁၅-၇-၉၄ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

၁၉၉၇
ဦးဗွေးအောင်
နှင့်
ဒေါ်တင်စိန်

တရားနိုင် ဒေါ်အေးမေသည် အချင်းဖြစ် အိမ်ကို လက်ရောက် ဒီကရီ ရရှိခဲ့သည်ဖြစ်ရာ ယင်းအိမ်ကို လက်ရောက်ရခွင့်ရှိသည်။ ဒီကရီတွင် လက်ရောက်ပေးအပ်ရန် ဖော်ပြထားပါလျက် မြို့နယ်တရားရုံးက တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၆ အရ စတိလက်ရောက်သာ ပေးအပ်ခြင်းမှာ မှားယွင်းသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၃၆ အရ ဒီကရီမှာ အိမ်ငှား သို့မဟုတ် အခြားနေထိုင်ခွင့်ရှိသူ လက်ရှိနေထိုင် လျက်ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက်ပေးအပ်ရန် ဖြစ်ပြီး ယင်းဒီကရီအရ ထိုသူမှာ မိမိ၏ လက်ရှိနေထိုင်ခွင့်ကို စွန့်လွှတ်ရန် တာဝန်မရှိမှသာလျှင် စတိလက်ရောက်ပေးအပ်ရမည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးကျား (တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ဦးအုန်းမောင် (တရားရုံးချုပ်ရှေ့နေ)

မိုးကုတ်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၁၁/၇၈ မှ အဆင့်ဆင့် အယူခံဝင်ရောက်ခဲ့သည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမ ဒုတိယအယူခံမှုအမှတ် ၇၇/၉၁ တွင် ချမှတ်သည့် ဒီကရီကို တရားရှုံး ဒေါ်တင်စိန်အပေါ် အတည်ပြုပေးရန် တရားနိုင်ဒေါ်အေးမေက မိုးကုတ် မြို့နယ် တရားရုံးဓာရီအမှုအမှတ် ၁/၉၂ တွင် လျှောက်ထားသည်။ မြို့နယ်တရားရုံးက အချင်းဖြစ်နေအိမ်ကို မြေမပါဘဲ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၃၆ အရ တရားနိုင်သို့ စတိလက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်သည်။ အဆိုပါ အမိန့်ကို ဒေါ်အေးမေက မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး တရားမ အယူခံမှုအမှတ် ၃၀/၉၂ (မန္တလေးရုံး ထိုင်) တွင် အယူခံဝင်ရောက်သော်လည်း မအောင်မြင်ချေ။ တစ်ဖန် ကွယ်လွန်သူ ဒေါ်အေးမေ၏ တရားဝင်ကိုယ်စားလှယ် ဦးဗွေးအောင်က တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားရာတွင်လည်း ပြင်ဆင်မှုကို ပလပ်ခြင်းခံရသည်။ ဦးဗွေးအောင်က တရားရုံးချုပ်၏ အမိန့်ကို တရားစီ ရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၁၃ တွင် လျှောက်ထား သောအခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို စုံညီခုံရုံး ဖြင့် စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

(၁) အိမ်ကို အမွေအဖြစ် ရထိုက်သူတရားနိုင်အနေဖြင့် အနိုင်ဒီကရီ

ရရှိပြီးမှ ယင်းအိမ်ဆောက်ထားသောမြေကို တရားရုံးအား အငှား ဂရန်ထုတ်ပေးခြင်းမှာ တရားမျှတ မှန်ကန်မှုရှိမရှိ။

(၂) တရားရုံးအဆင့်ဆင့်တွင် ယှဉ်ပြိုင်ဒီကရီရရှိပြီးကာမှ ယင်း ဒီကရီကို အဟောသိကံဖြစ်စေသည့် အခြေအနေမျိုး ပေါ်ပေါက်လာလျှင် တရားနိုင်အတွက် မည်သည့်သက်သာခွင့်မျိုး ရရှိထိုက်သည်။

အယူခံ တရားလို၏ ရှေ့နေက မူလမြို့နယ်တရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၃၅ အရ လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ရမည့် အမှုတွင် အမိန့် ၂၁ နည်း ၃၆ အရ စတိလက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း၊ ယင်းအမိန့်ကို အတည်ပြုသည့် တရားရုံးချုပ်၏ အမိန့်သည်လည်း မှားယွင်းကြောင်း၊ အတည်မပြုနိုင်သော အမိန့်ကို ချမှတ်မည့်အစား လျော်ကြေးဖြစ်စေ၊ အခြားသင့်လျော်သော အမိန့်တစ်ရပ်ရပ်ဖြစ်စေ ချမှတ်ခြင်း မပြုသဖြင့် တရားမျှတမှု မရှိကြောင်း တရားနိုင်သည် မည်သည့်အခွင့်အရေးမျှ မရရှိပါဘဲလျက် ဓာရီမှုကို ပိတ်သည်မှာ တရားမျှတမှုကင်းမဲ့ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ဒီကရီတွင် ပါဝင်ခြင်း မရှိသော အချင်းဖြစ် မြေသည် နိုင်ငံပိုင်မြေဖြစ်နေစဉ်အတွင်း စီမံခန့်ခွဲရေး အာဏာပိုင်မှ လက်ရှိဖြစ်သူအား ဂရန်ချထားပေးသည့် မြေဖြစ်ကြောင်း၊ အယူခံ တရားလိုတို့က အဆင့်ဆင့် အယူခံဝင်ရောက်ပြီး ဖြစ်သော်လည်း အောင်မြင်ခြင်း မရှိကြောင်း အချင်းဖြစ်အိမ်နှင့် ပတ်သက်၍ စည်ပင်သာယာရေး အဖွဲ့၏ စီမံခန့်ခွဲမှုအမိန့်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းအပေါ် ထိခိုက်နစ်နာမှုရှိသည်ဆိုကာ သက်သာခွင့်ရထိုက်ခွင့် မရှိကြောင်း လျှောက်လဲတင်ပြသည်။

မိုးကုတ်မြို့နယ်တရားရုံး ၁၉၇၈ ခုနှစ်တရားမကြီးမှု အမှတ် ၁၁ တွင် ဦးအောင်ချိန်က ဒေါ်တင်စိန်အပေါ် အချင်းဖြစ်နေအိမ်အားပေးခဲ့သည်ဆိုသော စာချုပ်ကို ပျက်ပြယ်ကြောင်း ကြေညာပေးရန်နှင့် မိသားစု စီမံမှုအရ ၎င်းရရှိထားပြီးဖြစ်သော အချင်းဖြစ် ဥပစာကို လက်ရောက်ပေးအပ်ရန် တရားစွဲဆိုရာ ပလပ်ခံရသည်။ အမှုအတွင်း တရားလို ဦးအောင်ချိန် ကွယ်လွန်သွားသဖြင့် ဇနီး ဒေါ်မြသင်က တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်မြသင်က မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံးသို့ အယူခံဝင်သည့်အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍

အချင်းဖြစ် အိမ်ကို တရားလို ဦးအောင်ချိန်စွဲဆိုသည့်အတိုင်း လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်သည်။ အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍မူ စီမံခန့်ခွဲရေး အာဏာပိုင်များ၏ အမိန့်အတိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မူလရုံး တရားပြိုင် ဒေါ်တင်စိန်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်သည်။ အယူခံအတွင်း ဒေါ်မြသင် ကွယ်လွန်သွားသဖြင့် တရားဝင်ကိုယ်စားလှယ်အဖြစ် သမီး ဒေါ်အေးမေကို ထည့်သွင်းသည်။ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုသည်။

တရားနိုင်က ၎င်းရရှိသည့် အနိုင် ဒီကရီကို အတည်ပြုနေစဉ်အတွင်း မန္တလေးမြို့နယ်စု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ကော်လိပ်တော်အရာရှိ) က အချင်းဖြစ် မြေကို တရားရှုံးအား ဂရန်ထုတ်ပေးခဲ့သည်။

အစိုးရပိုင်မြေနှင့် စပ်လျဉ်း၍ မည်သူ့အား ဂရန်လွှဲပြောင်းပေးသင့်ကြောင်းကို ဆုံးဖြတ်ခြင်းမှာ တရားစီရင်ရေး အာဏာအရ ဆောင်ရွက်ခြင်းမဟုတ်၊ အုပ်ချုပ်ရေး အာဏာအရ ဆောင်ရွက်ခြင်းဖြစ်သည်။ **အဇစ်ခန် နှင့် ဘဏ္ဍာတော်မင်းကြီးပါ၄ အမှု**[၁] ကို ကြည့်ပါ။ ဂရန်ထုတ်ပေးသည့်ကိစ္စမှာ အခွန်တော်အရာရှိများက ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သဖြင့် အောက်မြန်မာပြည်မြို့ပြနှင့် ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄၁ အရ တရားမရုံးများက ဝင်ရောက်ဆုံးဖြတ်ခွင့်မရှိကြောင်း **စတီနာဘီဘီ (ခ) မသေးသေးနှင့် ကိုထွန်းရင်ပါ၂ အမှု**[၂] တွင် ထုံးဖွဲ့ထားသည်။ **ဒေါ်ရွှေညွန့်ပါ၃ နှင့် ဘဏ္ဍာရေးနှင့်အခွန်ဌာန ရန်ကုန်မြို့အမှု**[၃] တွင် အောက်ပါအတိုင်း ညွှန်ပြသည်-

"မြေဂရန်ထုတ်ပေးခြင်းသည် အဓိကအားဖြင့် အုပ်ချုပ်ရေး ကိစ္စဖြစ်၏၊ တရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေး သဘောပါသောကိစ္စအကျုံးဝင်သည်ဟုပင် မဆိုသာချေ။ အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရသော ကိစ္စဖြစ်၏။ ဤကိစ္စမျိုးတွင် မကျေနပ်သူက အုပ်ချုပ်မှု အာဏာပိုင်အဆင့်ဆင့်သို့ အယူခံတင်ခြင်း ပြင်ဆင်ရန် လျှောက်ထားခြင်း ပြုနိုင်ရန် ဥပဒေက ပြဋ္ဌာန်းပေးထား

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၇၃၅ (ရုံးချုပ်)
(၂) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၉၅၃
(၃) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၉၆ (ရုံးချုပ်)

၏၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စသာဖြစ်၍ ဤရုံးစာချွန်တော် အာဏာ စက်အောက်သို့ မရောက်"

သို့ဖြစ်ရာ အိမ်ကို အမွေအဖြစ်ရထိုက်သူ တရားနိုင်အနေဖြင့် အနိုင် ဒီကရီရရှိပြီးမှ ယင်းအိမ်ဆောက်ထားသော မြေကို တရားရွှံ့အား အငှားဂရန်ထုတ်ပေးခြင်းမှာ တရားမျှတမှု မှန်ကန်မှု ရှိမရှိဆိုသည့် အမှတ် (၁) ပြဿနာကို ဖြေဆိုရန်လိုအပ်မည် မဟုတ်ပေ။

တရားရုံးချုပ်၏ ဒီကရီအရ တရားနိုင်ဒေါ်အေးမေသည် အချင်းဖြစ်အိမ် ကိုသာ လက်ရောက်ရရှိသည်။ ဒေါ်အေးမေက ၎င်းအနိုင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်သည့်အခါ မြို့နယ်တရားရုံးက တရားရွှံ့သည် အချင်းဖြစ် အိမ်တည်ရှိရာ မြေအတွက် ဒီကရီကို လိုက်နာရန် တာဝန်မရှိကြောင်း၊ အချင်းဖြစ်မြေမှာ တရားရွှံ့ လက်ရှိ ဖြစ်နေသည်ဖြစ်၍ မြေမပါဘဲ အိမ်ကိုသာ လက်ရောက်အပ်ရန် မဖြစ်နိုင်ကြောင်း သုံးသပ်၍ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၃၅ အရ လက်ရောက်ပေးအပ်ခြင်း မပြုနိုင်သဖြင့် ယင်းဥပဒေအမိန့် ၂၁ နည်း ၃၆ အရ မြေမပါဘဲ အိမ်ကိုသာ တရားနိုင်အား စတိလက်ရောက် ပေးအပ်ရန် အမိန့်ချမှတ်သည်။

မြို့နယ်တရားရုံးက ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅ (၂) အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဆိုသော စကားရပ်တွင် မြေနှင့် မြေမှဖြစ်ထွန်းလာသော အကျိုးခံစားခွင့်များ၊ မြေ၌ စိုက်ထားသော အရာဝတ္ထုများ ပါဝင်သည်ဟု ပြဋ္ဌာန်းထား၍ အိမ်နှင့် မြေကို ခွဲခြား မရကြောင်း သုံးသပ်ထားသည်။

စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေက မရွှေ့မပြောင်းနိုင် သော ပစ္စည်းဟူသည် စကားရပ်ကိုသာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။ အိမ်ဆိုလျှင် ထိုအိမ်တည်ရှိရာ မြေကိုလည်း ပါရမည်ဟု အဓိပ္ပာယ်ဖွင့်ဆို ထားခြင်း မဟုတ်ပေ။ အိမ်ပိုင်သူသည် အိမ်တည်ရှိရာ မြေကိုပါ ပိုင်သည်ဟု ယူဆခြင်း မပြုနိုင်ပေ။ အိမ်ကို ပုဂ္ဂိုလ်တစ်ဦးက ပိုင်ပြီး၊ အိမ်တည်ရှိရာ မြေကို အခြားတစ်ယောက်က ပိုင်ဆိုင်ခြင်းလည်းဖြစ်နိုင်သည်။

**မောင်ရာကျော်နှင့် မငွေအမှု**[၁] တွင် ဥပဒေအရ မြေပိုင်ဆိုင်မှုနှင့် ယင်းမြေပေါ်ရှိ ပစ္စည်းပိုင်ဆိုင်မှုတို့မှာ ခွဲခြားနိုင်ကြောင်း အောက်ပါအတိုင်း ထုံးဖွဲ့သည်–

"Ownership of land and ownership of property on

(၁) အောက်မြန်မာပြည် စီရင်ထုံး အတွဲ ၂ စာ ၅၆

the same land are legally distinguishable"

ယင်းအမှုတွင် မြေကို မပိုင်စေကာမူ မြေပေါ်ရှိ အရာဝတ္ထုပစ္စည်းများအား ပိုင်ဆိုင်မှုကို ဥပဒေက တားမြစ်ထားခြင်း မရှိကြောင်း သုံးသပ်ထားသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၃၅ တွင် ဒီကရီမှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို ပေးအပ်ရန်အတွက်ဖြစ်လျှင် ထိုဒီကရီရရှိသူအား လက်ရောက်ပေးအပ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားနိုင် ဒေါ်အေးမေသည် အချင်းဖြစ်အိမ်ကို လက်ရောက်ဒီကရီ ရရှိခဲ့သည်ဖြစ်ရာ ယင်းအိမ်ကို လက်ရောက်ရခွင့်ရှိသည်။ ဒီကရီတွင် လက်ရောက်ပေးအပ်ရန် ဖော်ပြထားပါလျက် မြို့နယ်တရားရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၃၆ အရ စတိလက်ရောက်သာ ပေးအပ်ခြင်းမှာ မှားယွင်းသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၃၆ အရ ဒီကရီမှာ အိမ်ငှား သို့မဟုတ် အခြားနေထိုင်ခွင့်ရှိသူ လက်ရှိနေထိုင်လျက်ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက်ပေးအပ်ရန်ဖြစ်ပြီး ယင်းဒီကရီအရ ထိုသူမှာ မိမိ၏ လက်ရှိနေထိုင်ခွင့်ကို စွန့်လွှတ်ရန် တာဝန်မရှိမှသာလျှင် စတိလက်ရောက်ပေးအပ်ရမည်ဖြစ်သည်။

ယခုအမှုတွင် အချင်းဖြစ် အိမ်၌ အိမ်ငှား သို့မဟုတ် ဒီကရီအရ လက်ရှိနေထိုင်ခွင့်ကို စွန့်လွှတ်ရန် တာဝန်မရှိသူတစ်ဦးဦး နေထိုင်ကြောင်း မပေါ်ပေါက်သည့်အတွက် တရားနိုင်အား အချင်းဖြစ် အိမ်ကို အမိန့် ၂၁ နည်း ၃၅ အရ လက်ရောက်ပေးအပ်ရမည်ဖြစ်သည်။

မြို့နယ် တရားရုံးက ဓာရီမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၃၆ အရ စတိအပ်ဝါးရမ်းထုတ်ပေးပြီးနောက်တွင် စည်ပင်သာယာရေးအဖွဲ့၏ အမိန့်အရ အချင်းဖြစ်အိမ်ကို တရားရုံးက ဖျက်လိုက်သည်။

အချင်းဖြစ်အိမ်ကို ဖျက်ရန် စည်ပင်သာယာရေးအဖွဲ့က အကြောင်းကြားစေကာမူ တရားရုံးသည် အချင်းဖြစ် အိမ်ကို ပိုင်ဆိုင်သူမဟုတ်၍ ဖျက်ခွင့်ရှိသူ မဟုတ်ပေ။ လက်ရောက် ဒီကရီရရှိထားသည့် တရားနိုင်သာလျှင် ဖျက်လိုက ဖျက်နိုင်မည်ဖြစ်သည်။ တရားရုံး၏ ဆောင်ရွက်မှုအတွက် ဆုံးရှုံးမှုရှိပါက တရားနိုင်အနေဖြင့် တရားရုံးအပေါ် မိမိရရှိလိုသည့် သက်သာခွင့်ကို ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခွင့်ရှိသည်။

သို့ဖြစ်၍ ကြားနာလျက်ရှိသည့် အမှတ် (၂) ပြဿနာနှင့် စပ်လျဉ်း၍ တရားနိုင်သည် တရားမကျင့်ထုံးအမိန့် ၂၁ နည်း ၃၅ အရ အချင်းဖြစ်

အိမ်ကို လက်ရောက်ရထိုက်သည်။ တရားရှုံးက အချင်းဖြစ်အိမ်ကို ဖျက်လိုက်သည့်အတွက် တရားနိုင်အတွက် နစ်နာဆုံးရှုံးမှုရှိလျှင် တရားရှုံး အပေါ် မိမိရထိုက်သည့် သက်သာခွင့်ကို ရရှိရန် ဥပဒေအတိုင်း တရားစွဲဆို နိုင်သည်ဟု ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးအဆင့်ဆင့်၏ အမိန့်များကို ပယ်ဖျက်၍ မူလရုံးတရားနိုင်အား တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အချင်းဖြစ်အိမ်ကို လက်ရောက်ပေးအပ်သည့် ဝါးရမ်းထုတ် ဆင့်ပေးစေရန် တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။

ရှေ့နေခကျပ် ၃၀ဝိ– သတ်မှတ်သည်။

**တရားမအထူးအယူခံမှု**

**တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊**
**တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊**
**ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်**

+ ၁၉၉၇
နွန်လ
၅ ရက်

ဒေါ်တင်မြ
နှင့်
ဦးမောင်စော*

**သက်သေခံဥပဒေပုဒ်မ ၉၂ –**
**ပဋိညာဉ် စာချုပ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန် ဖြည့်စွက်ရန် သို့မဟုတ် နုတ်ပယ်ရန် အလို့ငှာ နှုတ်သက်သေခံချက် တင်ပြခြင်းကို လက်မခံရခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ သက်သေခံဥပဒေပုဒ်မ ၉၂ တွင် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် နုတ်ပယ်ရန်အလို့ငှာ နှုတ်ဖြင့် ပြုလုပ်ထားသော သဘောတူညီချက် ပြောဆိုချက် နှင့် စပ်လျဉ်း၍ တင်ပြသော သက်သေခံကို လက်မခံရကြောင်း ပြဋ္ဌာန်းထားသည်။

သက်သေခံ (ခ) အိမ်ရှင်အိမ်ငှားနှစ်ဦး သဘောတူ ကတိစာချုပ်တွင် စည်းကမ်းချက် ၅ ရပ်ပါရှိပါသည်။ အဆိုပါ စည်းကမ်းချက်များတွင် အချင်းဖြစ် ဥပစာကို လူနေထိုင်ရန်သက်သက်အတွက်သာ ငှားရမ်းခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း၊ လူနေထိုင်ရန်နှင့် ကားစက်ပြင်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်ဟူ၍ လည်းကောင်း ဖော်ပြထားခြင်း မရှိပေ။ အချင်းဖြစ် ဥပစာကို လူနေထိုင်ရန် သက်သက်အတွက်သာ ငှားရမ်းသည် သို့မဟုတ် ကားစက်ပြင်လုပ်ငန်းကိုလည်း လုပ်ကိုင်ခွင့်ရှိသည်ဆိုသည့် အချက်မှာ ငှားရမ်းခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်ဖြစ်သည်။

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၂၄

\+ ၁၉၉၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၀၇ တွင်ချမှတ်သော (၁၂-၃-၉၂) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူး အယူခံဝင်ရောက်မှု။

ယင်းစည်းကမ်းချက်ရှိကြောင်း နှုတ်သက်သေခံချက်တို့ လက်ခံခွင့်ပြုမည်ဆိုပါက သက်သေခံ (ခ) ပဋိညာဉ်ပါ စည်းကမ်းချက်များကို ဖြည့်စွက်ရာရောက်ပေလိမ့်မည်။ ယင်းကဲ့သို့ဖြည့်စွက်ခြင်းကို သက်သေခံဥပဒေပုဒ်မ ၉၂ က တားမြစ်ထားသည်။ ပုဒ်မ ၉၂ ၏ ခြွင်းချက်များတွင်လည်း ခွင့်ပြုထားခြင်း မရှိပေ။

အယူခံတရားလိုအတွက် – ဦးသိန်းစိန်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးမျိုးတင့်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း မြို့နယ်တရားရုံး (တရားမ) ၏ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၃ တွင် အယူခံတရားလို ဒေါ်တင်မြက အယူခံတရားပြိုင် ဦးမောင်စောအပေါ် ငှားရမ်းထားသည့် ဥပစာမှ နှင်ထုတ်ပေးစေရန် ၁၉၆၀ ပြည့်နှင့် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) ဒုတိယပိုင်းနှင့် ပုဒ်မ ၁၂ (၁) (ဂ) တို့အရ စွဲဆိုသည်။ မြို့နယ်တရားရုံးက ဒေါ်တင်မြ စွဲဆိုသည့် အမှုကို ပလပ်သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်တင်မြက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်သည့်အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်တင်မြ အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ အနိုင် ဒီကရီချမှတ်ပေးသည်။ ထိုသို့ ပုဒ်မ ၁၂ (၁) (ဂ) အရ ဒီကရီချမှတ်ပေးသဖြင့် ဦးမောင်စောကလည်းကောင်း၊ ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီချမှတ်ပေးခြင်း မရှိသဖြင့် ဒေါ်တင်မြကလည်းကောင်း၊ တရားရုံးချုပ် တရားမ ဒုတိယအယူခံမှု အမှတ် ၁၀၇/၉၂ တွင် အပြန်အလှန် အယူခံမှုများ တင်သွင်းကြသည်။ တရားရုံးချုပ်က တိုင်းတရားရုံးမှ ချမှတ်သည့် ပုဒ်မ ၁၂ (၁) (ဂ) အရ ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်တင်မြ စွဲဆိုသည့်အမှုကို ပလပ်သည်။ ဒေါ်တင်မြက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၃ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၃၄ တွင် လျှောက်ထားသောအခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုကြောင်း အမိန့်ချမှတ်သည်–

"သက်သေခံ-ခ" အိမ်ရှင် အိမ်ငှားကတိစာချုပ်တွင် မိသားစုနေထိုင်ရန်အတွက်ဟူသော စည်းကမ်းချက် မပါရှိယုံမျှဖြင့် လူနေထိုင်ရန် သက်သက်အတွက် ငှားပါသည်ဟု နှုတ်သက်သေခံ တင်ပြခြင်းကို သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ က ပိတ်ပင်ထားသည်ဟု တရားရုံးချုပ်က ဆုံးဖြတ်၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ တရားရုံးချုပ်က ဒီကရီ ချမပေးခြင်းမှာ မှန်ကန်မှုရှိမရှိ"

စုံညီခုံရုံးက အောက်ပါ ပြဿနာကိုလည်း တစ်ပါတည်း လျှောက်လဲ တင်ပြရန် နှစ်ဖက်ရှေ့နေများအား ညွှန်ကြားခဲ့သည်-

"တရားရုံးချုပ်သည် တိုင်းတရားရုံးက ချမှတ်သည့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဂ) အရ ဒီကရီကို ပယ်ဖျက်ခဲ့ခြင်းမှာ မှန်ကန်မှု ရှိမရှိ"

အယူခံတရားလို၏ ရှေ့နေက သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ တွင် ခြွင်းချက် ၆ ရပ် ပါရှိရာ ခြွင်းချက် အမှတ် ၅ အရ ပဋိညာဉ်တွင် ပူးတွဲပါရှိလေ့ဖြစ်သော အလေ့အထ သို့မဟုတ် ထုံးစံဓလေ့ဖြစ်သည်ကို သက်သေခံတင်ပြနိုင်သည်ဟု ဖော်ပြထားကြောင်း မိသားစုနေထိုင်ရန်သာလျှင် ငှားရမ်းခြင်းဖြစ်ပါမူ လူနေထိုင်ရန်သက်သက်အတွက် အိမ်ငှားခြင်းဖြစ်သည်မှာ လူတိုင်း နားလည်ပြီးဖြစ်ကြောင်း၊ သက်သေခံ (ခ) အိမ်ငှားစာချုပ်တွင် လူနေထိုင်ရန်သက်သက်ဟူသော စကားလုံးမပါရှိ၍ အခြားလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်ဟု သဘောအဓိပ္ပာယ်ကောက်ယူခြင်းမှာ ကျဉ်းမြောင်းသော အဓိပ္ပာယ်ဖော်ဆောင်ချက်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားလို၏ ရှေ့နေသည် စုံညီခုံရုံးက ထပ်မံထုတ်နှုတ်ပေးသည့် ပြဿနာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ လျှောက်လဲ တင်ပြခြင်း မရှိချေ။

အယူခံတရားပြိုင်၏ ရှေ့နေက အမှုတွင် တင်ပြထားသော သက်သေခံ (ခ) အိမ်ရှင်အိမ်ငှား ကတိစာချုပ်ပါ စည်းကမ်းချက်များတွင် မပါရှိသည့် လူနေထိုင်ရန်သက်သက်အတွက် ငှားခြင်းဖြစ်ကြောင်း နှုတ်သက်သေခံချက် တင်ပြခြင်းမှာ စာချုပ်ပါ စည်းကမ်းချက်ကို ထပ်မံဖြည့်စွက်ခြင်းဖြစ်သဖြင့် သက်သေခံ ဥပဒေပုဒ်မ ၉၂ အရ ပိတ်ပင်ပြီးဖြစ်သည်မှာ ထင်ရှားကြောင်း စာဖြင့်ရေးသားပြီးလျှင် ပဋိညာဉ်စာချုပ်စာတမ်းတွင် မပါသည့် အကြောင်းအချက်ကို နောက်ထပ် တင်ပြခြင်းကို ခွင့်မပြုရန်

ဥပဒေက တားမြစ်ထားခြင်းဖြစ်ကြောင်း၊ တရားရုံးချုပ်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ ဒီကရီချမှတ်မပေးခြင်းမှာ မှန်ကန်ပါကြောင်း၊ အယူခံတရားပြိုင်၏ ပြုလုပ်မှုကြောင့် အချင်းဖြစ် ဥပစာ၏ အခြေအနေ ဆိုးဝါးပျက်စီးကြောင်း သက်သေထင်ရှားမရှိ၍ တရားရုံးချုပ်က တိုင်းတရားရုံးက ချမှတ်ခဲ့သည့် ပုဒ်မ ၁၂ (၁) (ဂ) အရ ဒီကရီကို ဖျက်ခဲ့ခြင်းမှာလည်း မှန်ကန်ကြောင်း လျှောက်လဲတင်ပြသည်။

ဗဟန်းမြို့နယ်၊ တာမွေလမ်း၊ အမှတ် ၉၁၊ ခြံဝင်းအတွင်း မြောက်ဘက်ရှိ ၃ ခန်းတွဲမှ ၂ ခန်းကို ဒေါ်တင်မြက ဦးမောင်စောအား ၁၆–၁–၈၄ နေ့စွဲပါ အိမ်ရှင်အိမ်ငှားနှစ်ဦးသဘောတူစာချုပ် (သက်သေခံ–ခ) အရ ငှားရမ်းခဲ့သည်။

ဒေါ်တင်မြက အိမ်ငှားဦးမောင်စောသည် ငှားရမ်းနေထိုင်သည့် ဥပစာကို စက်ပြင်အလုပ်ရုံအဖြစ် ပြောင်းလဲ၍ စက်ပြင်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အငှားချထားမှု ပဋိညာဉ်ကို ဖောက်ဖျက်ကြောင်း တရားပြိုင်၏ ပြုလုပ်မှုကြောင့် ဥပစာ၏ အခြေအနေ ဆိုးရွားယုတ်လျော့သွားစေခဲ့ကြောင်း အဆိုပြု၍ အငှားချထားသည့် ဥပစာမှ တရားပြိုင်အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှု စွဲဆိုသည်။

တရားပြိုင် ဦးမောင်စောက တရားပြိုင်သည် ကားစက်ပြင်လုပ်ငန်းကို အငှားချထားသည့် ဥပစာအတွင်း လုပ်ကိုင်ခြင်း မရှိဘဲ ဥပစာရှေ့ မြေကွက်လပ်တွင် မူလစတင်ငှားရမ်းစဉ်ကပင် လုပ်ကိုင်ခဲ့ကြောင်း၊ တရားပြိုင်သည် အငှားချထားမှု ပဋိညာဉ်ကိုသော်လည်းကောင်း၊ ဥပဒေအရ တာဝန်တစ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း တရားပြိုင်၏ ပြုလုပ်မှုကြောင့် ဥပစာ၏ အခြေအနေဆိုးရွားပျက်စီးသည်ဆိုသည်မှာ မမှန်ကြောင်း ချေပသည်။

တရားရုံးချုပ်က ဒေါ်တင်မြနှင့် ဦးမောင်စောတို့ ပြုလုပ်သည့် သက်သေခံ (ခ) ကတိစာချုပ်သည် "မိသားစုနေထိုင်ရန်အတွက်" ဟူသော စကားရပ်ကို ဖော်ပြထားခြင်း မရှိ၍ နေထိုင်ရန်ကိစ္စအတွက် သက်သက်ငှားရမ်းခြင်းဖြစ်သည်ဟု ယူဆရန် သင့်မြတ်မည်မဟုတ်ကြောင်း သက်သေခံ အက်ဥပဒေ ပုဒ်မ ၉၂ အရ ပဋိညာဉ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန်သော်လည်းကောင်း ပြောင်းလဲရန်သော်လည်းကောင်း၊ ဖြည့်စွက်ရန်သော်လည်းကောင်း၊ နှုတ်သိမ်းရန်သော်လည်းကောင်း၊ နှုတ်သက်သေခံချက် တင်ပြခွင့် မရှိ

ကြောင်း၊ ထို့ကြောင့် အချင်းဖြစ် ဥပစာကို လူနေထိုင်ရန်အတွက်သာ ငှားရမ်းခြင်းဖြစ်ပါသည်ဟု နှုတ်သက်သေခံချက် တင်ပြခွင့်ရှိမည် မဟုတ်ကြောင်း ဦးမောင်စော၏ ဖြုန်းတီးမှု ပေါ့လျော့မှု၊ ပျက်ကွက်မှုကြောင့် ဥပစာ၏အခြေအနေ ပျက်စီးယိုယွင်းခဲ့သည်ဟု ယူဆရန် အထောက်အထား ပြည့်စုံခိုင်လုံသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်၍ ဒေါ်တင်မြ စွဲဆိုသည့်အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

သက်သေခံ ဥပဒေပုဒ်မ ၉၂ တွင် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို ငြင်းဆိုရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် နှုတ်ပယ်ရန်အလို့ငှာ နှုတ်ဖြင့် ပြုလုပ်ထားသော သဘောတူညီချက်ပြောဆိုချက်နှင့် စပ်လျဉ်း၍ တင်ပြသော သက်သေခံကို လက်မခံရကြောင်း ပြဋ္ဌာန်းထားသည်။

သက်သေခံ (ခ) အိမ်ရှင်အိမ်ငှား နှစ်ဦးသဘောတူ ကတိစာချုပ်တွင် စည်းကမ်းချက် ၅ ရပ်ပါရှိသည်။ အဆိုပါ စည်းကမ်းချက်များတွင် အချင်းဖြစ် ဥပစာကို လူနေထိုင်ရန် သက်သက်အတွက်သာ ငှားရမ်းခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ လူနေထိုင်ရန်နှင့် ကားစက်ပြင်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း ဖော်ပြထားခြင်း မရှိပေ။ အချင်းဖြစ် ဥပစာကို လူနေထိုင်ရန် သက်သက်အတွက်သာ ငှားရမ်းသည် သို့မဟုတ် ကားစက်ပြင်လုပ်ငန်းကိုလည်း၊ လုပ်ကိုင်ခွင့်ရှိသည်ဆိုသည့်အချက်မှာ ငှားရမ်းခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်ဖြစ်သည်။ ယင်းစည်းကမ်းချက်ရှိကြောင်း နှုတ်သက်သေခံချက်ကို လက်ခံခွင့်ပြုမည်ဆိုပါက သက်သေခံ (ခ) ပဋိညာဉ်ပါ စည်းကမ်းချက်များကို ဖြည့်စွက်ရာရောက်ပေလိမ့်မည်။ ယင်းကဲ့သို့ ဖြည့်စွက်ခြင်းကို သက်သေခံ ဥပဒေပုဒ်မ ၉၂ က တားမြစ်ထားသည်။ ပုဒ်မ ၉၂ ၏ ခြွင်းချက်များတွင်လည်း ခွင့်ပြုထားခြင်း မရှိပေ။

သို့ဖြစ်၍ တရားရုံးချုပ်က သက်သေခံ (ခ) ပဋိညာဉ်ပါ စည်းကမ်းချက်များကို ဖြည့်စွက်ရာရောက်သည့် နှုတ်သက်သေခံချက် တင်ပြခြင်းကို ခွင့်မပြုဘဲ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ ဒီကရီကို ချမှတ်မပေးခဲ့ခြင်းမှာ မှန်ကန်ကြောင်း တွေ့ရှိရသည်။

အိမ်ငှား ဦးမောင်စောသည် အချင်းဖြစ် ဥပစာကို ကားစက်ပြင်လုပ်ငန်း လုပ်ကိုင်ကြောင်း ငြင်းဆိုခြင်းမရှိပေ။

ကိုကျော်အေး (လိုပြ ၁)၊ ဒေါ်မြခင် (လိုပြ ၂)နှင့် ဒေါ်သန်းရီ (လိုပြ ၅) တို့က အချင်းဖြစ် ဥပစာ၌ ကားစက်ပြင်လုပ်ငန်း လုပ်ကိုင်သဖြင့်

အိမ်အတွင်းဖက် အိမ်တလင်းများ ပျက်စီးကုန်ကြောင်း၊ အဝင်အထွက် တံခါးပေါက်မှ တံခါးရွက်များ ပျက်စီးကြောင်း ထွက်ဆိုကြသည်။

ဦးမောင်စောက ကြမ်းခင်းများ ပျက်စီးသည်ဆိုခြင်းကို ငြင်းဆိုခြင်း မပြု၊ သဘာဝအလျောက် ပျက်စီးခြင်းဖြစ်ကြောင်း၊ ကြွက်ဖောက်၍ ပျက်စီးခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ သို့ရာတွင် ယင်းအချက်ကို သက်သေ ထင်ရှားမပြနိုင်၊ လုပ်ငန်းသဘာဝအရ ဥပစာ၏ အခြေအနေပျက်စီးဆိုးဝါး သွားသည်ဆိုခြင်းမှာ ယုတ္တိတန်သည်။

အိမ်ငှား၏ ပြုလုပ်မှုကြောင့် ဥပစာ၏အခြေအနေ ဆိုးရွားသွားစေသည့် ကိစ္စအတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ အိမ်ငှားအား ဥပစာမှ နှင်ထုတ်သည့် ဒီကရီ ချမှတ်နိုင်သည်။ တရားရုံးချုပ်သည် တိုင်းတရားရုံးက ပုဒ်မ ၁၂ (၁) (ဂ) အရ ချမှတ်သည့် ဒီကရီကို ပယ်ဖျက်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထိုကြောင့် အထူးအယူခံကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပြန်လည် အတည်ပြုလိုက်သည်။

အယူခံတရားလို ရှေ့နေလျှောက်လဲခြင်း မပြုသည့် ပြဿနာဖြင့် အနိုင်ရရှိခြင်းဖြစ်၍ စရိတ်မသတ်မှတ်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

+ ၁၉၉၇ အောက်တိုဘာလ ၂ ရက်

ဦးနယား (ခ) ဦးမောင်မောင်ပါ (၂)

နှင့်

ဦးကိုလေးပါ (၂)*

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ စွဲဆိုမှု အိမ်ရှင် (၄) ဦးက တရားလို ပြုလုပ်၍ အိမ်ငှားများအပေါ် အိမ်နှင်လိုမှု စွဲဆိုခြင်း၊ မူလမှုအတောအတွင်း တရားလို အိမ်ရှင်တစ်ဦး ကွယ်လွန်သွားရာ ၎င်း၏နေရာတွင် တရားဝင် ကိုယ်စားလှယ်ထည့်သွင်းမှု မပြုခဲ့ခြင်း၊ အိမ်ငှားများအပေါ် တရားစွဲဆိုခွင့်သည် ကျန်တရားလို များအတွက်သာ ကျန်ရှိခြင်း ရှိမရှိ၊ သေသူ တရားလိုနှင့် စပ်လျဉ်း၍ အမှုရပ်စဲခြင်းကြောင့် အမှုတစ်မှုလုံးအပေါ်တွင် မည်ကဲ့သို့ အကျိုးသက် ရောက်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမှုမပြီးပြတ်မီ အမှုသည်တစ်ဦး ကွယ်လွန်လျှင် ဆုံးဖြတ်ရန် ပထမပြဿနာမှာ တရားစွဲဆိုခွင့်ကျန်ရှိခြင်း ရှိမရှိဖြစ်သည်။ ယေဘုယျဥပဒေသမှာ ထိုသူကွယ်လွန်စဉ်က ၎င်းအကျိုးငှာ တည်ရှိခဲ့သော တရားစွဲဆိုခွင့် အရပ်ရပ်၊ တောင်းဆိုခွင့် အရပ်ရပ်သည် ၎င်း၏ အခွင့်အရေးကို ဆက်ခံသူအတွက် ကျန်ရှိသည်။ ခြွင်းချက်အနေဖြင့်ကွယ်လွန်သူ၏ ပုဂ္ဂလိက ကိစ္စများနှင့် ဆက်နွယ်သော အခွင့်အရေးများသည် ကျန်ရှိမည် မဟုတ်ပေ။

သို့ဖြစ်ရာ ကွယ်လွန်သူ ဦးသန်းဖေက အိမ်ငှားများအပေါ် အိမ်ရှင်အဖြစ် တရားစွဲဆိုခွင့်သည် ၎င်း၏ အခွင့်အရေးကို ဆက်ခံသူအပေါ် ကျန်ရှိကြောင်း ထင်ရှားသည်။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄၈

\+ ၁၉၉၂ ခုနှစ်၊ တရားမဒုတိယအယူ ခံမှုအမှတ် ၅၀ တွင်ချမှတ်သော (၁၁-၅-၉၃) ရက်စွဲပါ တရားရုံးချုပ်(မန္တလေး)၏ စီရင်ချက်နှင့်ဒီကရီကို အထူး အယူခံဝင်ရောက်မှု

၁၉၉၇
ဦးနယား (ခ)
ဦးမောင်မောင်
ပါ–၂
နှင့်
ဦးကိုလေးပါ–၂

**ထပ်မံဆုံးဖြတ်ချက်**။ ဒုတိယဆုံးဖြတ်ရမည့် ပြဿနာမှာ ထိုတရားစွဲဆိုခွင့်သည် ကျန်တရားလိုများအတွက်သာ ကျန်ရှိခြင်းရှိမရှိဖြစ်သည်။ ယခုအမှုမှာ ဦးကိုလေးတို့ အိမ်ရှင် ၄ ဦးက အိမ်ငှားကို နှင်ထုတ်ပေးရန် တရားစွဲဆိုသည့် အမှုဖြစ်သည်။ အိမ်ရှင်သည် တစ်ဦးထက်ပိုလျှင် အိမ်ရှင်အားလုံးက အိမ်ငှားအား နို့တစ်စာပေးရန်လိုသည်။ ယင်းဥပဒေသကို တရားရုံးများက အစဉ်အစိုက် လိုက်နာခဲ့ကြသည်။ **ဦးလှမြင့်နှင့် ဒေါ်တင်တင်ဝင်းပါ (၈) အမှု** ကိုကြည့်ပါ။ သို့ဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား နှင်လိုမှုတွင် အိမ်ရှင်တစ်ဦးထက်ပိုလျှင် အိမ်ရှင်အားလုံးသည် တရားလိုများအဖြစ်ပါဝင်ရန်လိုအပ်ကြောင်း မြင်သာသည်။

အိမ်ရှင်တစ်ဦးဖြစ်သူ ဦးသန်းဖေ သေဆုံးသွားရာတွင် အမွေစားအမွေခံများ ကျန်ရစ်ခဲ့သည်ဖြစ်၍ ထိုသူတို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဂ) အရ အိမ်ရှင်များ ဖြစ်လာကြသည်။ ထိုသူတို့သည် အိမ်ငှားအားနှင်လိုမှု၌ တရားလိုများအဖြစ် မပါမဖြစ် ပါဝင်ရမည့်သူများဖြစ်သည်။ သို့ဖြစ်ရာ ဦးသန်းဖေသေဆုံးသွားသည့်အခါ တရားစွဲဆိုခွင့်သည် ကျန်တရားလိုများအတွက်သာ ကျန်ရစ်ခဲ့ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃ အရ တရားလိုများအနက် တစ်ဦးသေဆုံးရာတွင် တရားစွဲဆိုခွင့်မှာ ကျန်တရားလိုများအတွက်သာ ကျန်ရှိမည်မဟုတ်လျှင် သတ်မှတ်ထားသည့် အချိန်အတွင်း သေသူတရားလို၏ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားခြင်း မပြုပါက သေသူတရားလိုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲသွားပြီဖြစ်သည်။

ထိုသို့ ရပ်စဲခြင်းကြောင့် အမှုတစ်မှုလုံးအပေါ်တွင် ဖြစ်စေ၊ အခြားအမှုသည်တို့၏ အခွင့်အရေးများအပေါ်တွင်ဖြစ်စေ မည်သို့ အကျိုးသက်ရောက်သည်ဆိုသောအချက်မှာ အမှု၏ သဘောသဘာဝ၊ အမှုဖြစ်ရပ်နှင့် တောင်းဆိုသော သက်သာခွင့်အပေါ်တည်သည်။

သေသူနှင့် စပ်လျဉ်း၍ တစ်ပိုင်းတစ်စရပ်စဲခြင်းကြောင့် တရားမကြီးမှုကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် အမှုတစ်ခုလုံးရှုံးနိမ့်မည်ဖြစ်သည်။ သို့ရာတွင် သေသူတရားလို မပါဝင်ဘဲ အမှုကို ဆုံးခန်းတိုင်ဆက်လက် ဆောင်ရွက်နိုင်လျှင် တစ်ပိုင်းတစ်စရပ်စဲခြင်းသည် အမှုတစ်မှုလုံးကို ထိခိုက်စေမည်မဟုတ်၊ သေသူဦးသန်းဖေသည် ပူးတွဲအိမ်ရှင်တစ်ဦးဖြစ်ရာ ၎င်းမပါဝင်ဘဲ အမှုကို ဆုံးခန်းတိုင်အောင် ဆက်လက်

၁၉၉၇
ဦးနယား (ခ)
ဦးမောင်မောင်
ပါ-၂
နှင့်
ဦးကိုလေးပါ-၂

ဆောင်ရွက်နိုင်မည်မဟုတ်၍ သေသူဦးသန်းဖေနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲခြင်းသည် အမှုတစ်မှုလုံးကို ထိခိုက်စေသည်။

အယူခံတရားလိုများအတွက် - ဦးညွန့်မြိုင် (တရားရုံးချုပ် ရှေ့နေ ကိုယ်စား ဦးတင်မောင် (တရားရုံးချုပ် ရှေ့နေ) က တင်သွင်းသည်။

အယူခံတရားပြိုင်များအတွက်- ဦးခင်မောင်၊ တရားရုံးချုပ်ရှေ့နေ

ပြင်ဦးလွင်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၁၄/၉၁ တွင် ဦးကိုလေး၊ ဒေါ်ရဟိမာ (ခ) ဒေါ်ခင်ညွန့်၊ ဦးသန်းဖေနှင့် ဦးသန်းငွေတို့က ဦးနယားနှင့် ဒေါ်အုန်းကြည်တို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း)၊ ၁၂ (၁) (ဂ) နှင့် ၁၂ (၁)(စ)တို့အရ အိမ်ငှားအား ငှားရမ်းထားသည့် ဥပစာမှ နှင်လိုမှုစွဲဆိုရာ မြို့နယ်တရားရုံးက ပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း) နှင့် ၁၂ (၁) (စ) တို့အရ ဒီကရီချမှတ်ပေးသည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးနယားနှင့် ဒေါ်အုန်းကြည်တို့က မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တို့သို့ အဆင့်ဆင့် အယူခံဝင်ရောက်သော်လည်း မအောင်မြင်ချေ။ ထို့ကြောင့် ဦးနယားနှင့် ဒေါ်အုန်းကြည်တို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၉၃ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၄၅၂ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "အမှတ် (၃) တရားလို ဦးသန်းဖေ ကွယ်လွန်ရာ၌ တရားဝင်ကိုယ်စားလှယ်ကို ထည့်သွင်းခြင်း မရှိ၍ ဦးသန်းဖေနှင့် စပ်လျဉ်းပြီး အမှုရပ်စဲရာတွင် ကျန်တရားလိုများက စွဲဆိုသည့်အမှုတစ်ခုလုံး ရပ်စဲခြင်းရှိမရှိ"

အယူခံတရားလို၏ ရှေ့နေက မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီတွင် ကွယ်လွန်သူ ဦးသန်းဖေ၏ အမည်ကို ဖော်ပြချမှတ်ထားရာ တိုင်းတရားရုံးက ဦးသန်းဖေ ကွယ်လွန်ခဲ့ခြင်းကြောင့် ၎င်းနှင့် စပ်လျဉ်း၍ အမှုရပ်စဲပြီးဖြစ်ကြောင်း တင်ပြချက်ကို လက်ခံသော်လည်း အယူခံမှုကို

၁၉၉၇
ဦးနယား (ခ)
ဦးမောင်မောင်
ပါ-၂
နှင့်
ဦးကိုလေးပါ-၂

ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ကွယ်လွန်သူ ဦးသန်းဖေ၏ အမွေဆက်ခံသူ တရားဝင်ကိုယ်စားလှယ်များမှာ ပူးတွဲအိမ်ရှင်များဖြစ်လာသောကြောင့် အိမ်ရှင် မစုံလင်ဘဲ ဒီကရီချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၁ တွင် တရားစွဲဆိုခွင့် ကျန်ရှိလျှင် တရားလို သို့မဟုတ် တရားပြိုင် သေဆုံးသော်လည်း အမှုရပ်စဲခြင်း မရှိဟု ပြဋ္ဌာန်းထားကြောင်း၊ နည်း (၂) တွင်လည်း တစ်ဦးထက်ပိုသည့် တရားလိုများ သို့မဟုတ် တရားပြိုင်များရှိရာတွင် တစ်ဦးဦး သေဆုံးသော်လည်း တရားစွဲဆိုခွင့်မှာ ကျန်ရစ်သူ တရားလိုများ သို့မဟုတ် တရားပြိုင်များ အပေါ်တွင် ကျန်ရစ်လျှင် တရားရုံးက ထိုအချက်ကို မှတ်တမ်းတင်ပြီး ကျန်ရစ်သူတရားလို သို့မဟုတ် တရားပြိုင်များနှင့် အမှုကို ဆက်လက်ဆောင် ရွက်သွားရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ အိမ်ငှားဦးနယားနှင့် ဒေါ်အုန်းကြည် တို့ စတင် ငှားရမ်းခဲ့သော အိမ်ရှင်မှာ ဒေါ်သိန်းရင်ဖြစ်ကြောင်း၊ ဒေါ်သိန်းရင် ကွယ်လွန်ပြီးနောက် အယူခံတရားလိုများက အချင်းဖြစ် ဥပစာကို အမွေဆက်ခံခြင်းဖြင့် အိမ်ရှင်ဖြစ်လာကြောင်း၊ ဤအမှု၌ ဦးသန်းဖေ ကွယ်လွန်သွားရုံမျှဖြင့် ကျန်အယူခံတရားလိုများသည် အိမ်ရှင်အဖြစ် မရပ်တည်နိုင်တော့ဟူ၍ မကောက်ယူနိုင်ကြောင်း လျှောက်လဲတင်ပြသည်။

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၃၊ ၂ ရပ်ကွက်၊ မန္တလေး လားရှိုးလမ်း ဦးပိုင် အမှတ် ၂၉၊ မြေယာအမှတ် ၄၊ အိမ်အမှတ် ၄ ကို ဟာဂျီအလီခန်းက ၁၉၄၃ ခုနှစ်ကစ၍ ပိုင်ဆိုင်ခဲ့သည်။ ဟာဂျီအလီခန်းနှင့် ဇနီးဖြစ်သူ ဒေါ်သိန်းရင်တို့ ကွယ်လွန်သွားသည့်အခါ သားသမီးများဖြစ်ကြသော ဦးကိုလေး၊ ဒေါ်ရဟီမာ (ခ) ဒေါ်ခင်ညွန့်၊ ဦးသန်းဖေနှင့် ဦးသန်းငွေ တို့က အချင်းဖြစ်အိမ်ကို အမွေဆက်ခံပိုင်ဆိုင်ကြသည်။

ဦးနယားနှင့် ဒေါ်အုန်းကြည်တို့သည် အချင်းဖြစ် အိမ်အောက်ထပ်ရှိ အခန်းတစ်ခန်းကို ဒေါ်သိန်းရင်ထံမှ ငှားရမ်းနေထိုင်ခဲ့ကြသည်။ အိမ်ရှင် ဒေါ်သိန်းရင် ကွယ်လွန်သွားသည့်အခါ ဦးကိုလေးတို့သည် အိမ်ရှင်များ ဖြစ်လာကြသည်။ ဦးနယားနှင့် ဒေါ်အုန်းကြည်တို့ကလည်း ဦးကိုလေးတို့ ၄ ဦးလုံးကို အိမ်ရှင်များအဖြစ် အသိအမှတ်ပြုကြသည်။

အိမ်ရှင်ဦးကိုလေးတို့ လက်ထက်တွင် အိမ်ငှားများဖြစ်ကြသော ဦးနယား တို့က အိမ်ငှားရမ်းခပေးရန် ပျက်ကွက်ခြင်း၊ ငှားရမ်းထားသော ဥပစာကို

၁၉၉၇
ဦးနယား (ခ)
ဦးမောင်မောင်
ပါ-၂
နှင့်
ဦးကိုလေးပါ-၂

ပျက်စီးပြုန်းတီးအောင် ပြုလုပ်ခြင်း၊ တရားလိုနှင့် အိမ်နီးချင်းတို့အား စိတ်ငြိုငြင်အောင် အနှောက်အယှက်ဖြစ်အောင် ပြုလုပ်ခြင်းနှင့် တရားလိုတို့က ငှားရမ်းထားသည့် အခန်းကို ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ပြန်လည်ရယူလိုခြင်းတို့ကို အကြောင်းပြု၍ ဦးကိုလေးတို့က အိမ်ငှားများအား ငှားရမ်းထားသည့် ဥပစာမှ နှင်ထုတ်ပေးစေလိုမှု စွဲဆိုသည်။ မူလရုံး တရားလို တစ်ဦးဖြစ်သူ ဦးသန်းဖေသည် မူလမှုအတောအတွင်း ကွယ်လွန်ခဲ့သော်လည်း ကွယ်လွန်သူဦးသန်းဖေ၏ နေရာတွင် တရားဝင် ကိုယ်စားလှယ်ထည့်သွင်းခဲ့ခြင်း မရှိချေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၁ တွင် တရားလိုဖြစ်စေ တရားပြိုင်ဖြစ်စေ သေဆုံးသည့်အခါ တရားစွဲဆိုခွင့် ကျန်လျှင် အမှုရပ်စဲသွားခြင်း မရှိစေရကြောင်း ပြဋ္ဌာန်းထားသည်၊ နည်း ၃ တွင် တရားလိုများ အနက်တစ်ဦးသေဆုံးသောအခါ တရားစွဲဆိုခွင့်မှာ ကျန်တရားလို သို့မဟုတ် တရားလိုများအတွက်သာ ကျန်ရှိသည် မဟုတ်လျှင် သေသူတရားလို၏ တရားဝင် ကိုယ်စားလှယ်ကို အမှုသည်အဖြစ် ထည့်သွင်းစေ၍ ဆက်လက် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။

အမှုမပြီးပြတ်မီ အမှုသည်တစ်ဦး ကွယ်လွန်လျှင် ဆုံးဖြတ်ရန် ပထမပြဿနာမှာ တရားစွဲဆိုခွင့် ကျန်ရှိခြင်းရှိမရှိ ဖြစ်သည်။ ယေဘုယျ ဥပဒေသမှာ ထိုသူ ကွယ်လွန်စဉ်က အကျိုးငှာ တည်ရှိခဲ့သော တရားစွဲဆိုခွင့် အရပ်ရပ်၊ တောင်းဆိုခွင့် အရပ်ရပ်သည် ၎င်း၏ အခွင့်အရေးကို ဆက်ခံသူအတွက် ကျန်ရှိသည်၊ ခြွင်းချက်အနေဖြင့် ကွယ်လွန်သူ၏ ပုဂ္ဂလိက ကိစ္စများနှင့် ဆက်နွယ်သော အခွင့်အရေးများသည် ကျန်ရှိမည် မဟုတ်ပေ။

သို့ဖြစ်ရာ ကွယ်လွန်သူ ဦးသန်းဖေက အိမ်ငှားများအပေါ် အိမ်ရှင်အဖြစ် တရားစွဲဆိုခွင့်သည် ၎င်း၏ အခွင့်အရေးကို ဆက်ခံသူအပေါ် ကျန်ရှိကြောင်း ထင်ရှားသည်။

ဒုတိယ ဆုံးဖြတ်ရမည့် ပြဿနာမှာ ထိုတရားစွဲဆိုခွင့်သည် ကျန်တရားလို များအတွက်သာ ကျန်ရှိခြင်း ရှိမရှိ ဖြစ်သည်။

ယခုအမှုမှာ ဦးကိုလေးတို့ အိမ်ရှင် ၄ ဦးတို့က အိမ်ငှားကို နှင်ထုတ်ပေးရန် တရားစွဲဆိုသည့်အမှု ဖြစ်သည်။

အိမ်ရှင်သည် တစ်ဦးထက်ပိုလျှင် အိမ်ရှင်အားလုံးက အိမ်ငှားအား နို့တစ်စာပေးရန်လိုသည်၊ ယင်းဥပဒေသကို တရားရုံးများက အစဉ်တစိုက်

၁၉၉၇
ဦးနယား (ခ)
ဦးမောင်မောင်
ပါ-၂
နှင့်
ဦးကိုလေးပါ-၂

လိုက်နာခဲ့ကြသည်။ **ဦးလှမြင့် နှင့် ဒေါ်တင်တင်ဝင်းယါ ၈ အမှု**[(၁)] ကို ကြည့်ပါ။ သို့ဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား နှင်လိုမှုတွင် အိမ်ရှင်တစ်ဦး ထက်ပိုလျှင် အိမ်ရှင်အားလုံးသည် တရားလိုများအဖြစ် ပါဝင်ရန် လိုအပ် ကြောင်း မြင်သာသည်။

အိမ်ရှင်တစ်ဦးဖြစ်သူ ဦးသန်းဖေသေဆုံးသွားရာတွင် အမွေစား အမွေခံ များ ကျန်ရစ်ခဲ့သည်ဖြစ်၍ ထိုသူတို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဂ) အရ အိမ်ရှင်များဖြစ်လာ ကြသည်။ ထိုသူတို့သည် အိမ်ငှားအား နှင်လိုမှု၌ တရားလိုများအဖြစ် မပါမဖြစ် ပါဝင်ရမည့်သူများဖြစ်သည်။

သို့ဖြစ်ရာ ဦးသန်းဖေသေဆုံးသွားသည့်အခါ တရားစွဲဆိုခွင့်သည် ကျန်တရားလိုများအတွက်သာ ကျန်ရစ်ခဲ့ခြင်း မရှိပေ။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃ အရ တရားလိုများအနက် တစ်ဦးသေဆုံးရာတွင် တရားစွဲဆိုခွင့်မှာ ကျန်တရားလိုများအတွက်သာ ကျန်ရှိသည် မဟုတ်လျှင် သတ်မှတ်ထားသည့် အချိန်အတွင်း သေသူတရား လို၏ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားခြင်း မပြုပါက သေသူတရားလိုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲသွားပြီဖြစ်သည်။

ထိုသို့ ရပ်စဲခြင်းကြောင့် အမှုတစ်ခုလုံး အပေါ်တွင်ဖြစ်စေ၊ အခြား အမှုသည်တို့၏ အခွင့်အရေးများ အပေါ်တွင်ဖြစ်စေ မည်သို့ အကျိုး သက်ရောက်သည် ဆိုသောအချက်မှာ အမှု၏ သဘောသဘာဝ၊ အမှုဖြစ်ရပ် နှင့် တောင်းဆိုသော သက်သာခွင့်အပေါ် တည်သည်။

သေသူနှင့်စပ်လျဉ်း၍ တစ်ပိုင်းတစ်စရပ်စဲခြင်းကြောင့် တရားမကြီးမှု ကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် အမှုတစ်ခု လုံး ရှုံးနိမ့်မည်ဖြစ်သည်။ သို့ရာတွင် သေသူတရားလိုမပါဝင်ဘဲ အမှုကို ဆုံးခန်းတိုင် ဆက်လက်ဆောင်ရွက်နိုင်လျှင် တစ်ပိုင်းတစ်စ ရပ်စဲခြင်းသည် အမှုတစ်မှုလုံးကို ထိခိုက်စေမည်မဟုတ် သေသူ ဦးသန်းဖေသည် ပူးတွဲ အိမ်ရှင်တစ်ဦးဖြစ်ရာ ၎င်းမပါဝင်ဘဲ အမှုကို ဆုံးခန်းတိုင်အောင် ဆက်လက်ဆောင်ရွက်နိုင်မည် မဟုတ်၍ သေသူဦးသန်းဖေနှင့် စပ်လျဉ်း သမျှ အမှုရပ်စဲခြင်းသည် အမှုတစ်မှုလုံးကို ထိခိုက်စေသည်။

တရားရုံးချုပ်က ဦးသန်းဖေသည် အငှားချထားသူ မဟုတ်သော်လည်း မိခင်အမွေကို ဆက်ခံသူတစ်ဦးအနေဖြင့် အမှုတွင် တရားလိုအဖြစ်

(၁) ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၄

၁၉၉၇
ဦးနယား (ခ)
ဦးမောင်မောင်
ပါ-၂
နှင့်
ဦးကိုလေးပါ-၂

ပါဝင်ခဲ့ကြောင်း၊ ဦးသန်းဖေသေဆုံးသွားသည့်အခါ တရားဝင် ကိုယ်စားလှယ် ထည့်သွင်းခြင်းမရှိသော်လည်း ကျန်တရားလိုများနှင့် အမှုကို ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်၍ အမှုရပ်စဲမည်မဟုတ်ကြောင်း သုံးသပ်သည်။

ဦးသန်းဖေသည် မိခင်၏ အမွေကို ဆက်ခံသူတစ်ဦးအနေဖြင့် အမှုတွင် တရားလိုအဖြစ်ပါဝင်ခဲ့ခြင်း မဟုတ်ပေ။ မိခင်ကွယ်လွန်ပြီး နောက်ဦးသန်းဖေ အပါအဝင် ဦးကိုလေးတို့အားလုံးကို အိမ်ငှားများက အိမ်ရှင်အဖြစ် အသိ အမှတ်ပြုပြီး အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ပြုလုပ်ခဲ့ကြသည်။ ထို့နောက်တွင်မှ ဦးသန်းဖေတို့က မိမိတို့ကိုယ်တိုင် အိမ်ရှင်အဖြစ် တရားစွဲဆိုခြင်းဖြစ်သည်။ ထို့ကြောင့် တရားရုံးချုပ်၏ သုံးသပ်ချက်သည် မှန်ကန်ခြင်း မရှိပေ။

သို့ဖြစ်၍ကြားနာလျက်ရှိသော ပြဿနာနှင့် စပ်လျဉ်း၍ အမှတ် (၃) တရားလို ဦးသန်းဖေ ကွယ်လွန်ရာ၌ တရားဝင် ကိုယ်စားလှယ်ထည့်သွင်းခြင်း မရှိ၍ ဦးသန်းဖေနှင့် စပ်လျဉ်းပြီး အမှုရပ်စဲရာတွင် ကျန်တရားလိုများက စွဲဆိုသည့်အမှုတစ်မှုလုံး ရပ်စဲကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးအဆင့်ဆင့်တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ မူလရုံးတရားလို ဦးကိုလေးတို့ စွဲဆိုသော အမှုကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၃၀၀/-သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊
ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဦးမာမက်ဆာလိ
နှင့်
ဦးအဒူမန်းပါ ၈*

+ ၁၉၉၇
ဩဂုတ်လ
၇ ရက်

**မြေလက်ရောက်ရလိုမှု၊ အောက်မြန်မာပြည်မြို့ရွာနှင့် ကျေးရွာများ အက်ဥပဒေ ပုဒ်မ ၁၅ (၁)၊ မြေနှင့် စပ်လျဉ်း၍ လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီးမပြီး ပြဿနာပေါ်ပေါက်ပါက တရားရုံးက ဆုံးဖြတ်ရမည့်အချက်၊ လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီးကြောင်း မှတ်တမ်းတင်ရန် လုပ်ထုံးလုပ်နည်း။**

**ဆုံးဖြတ်ချက်** ။ ။ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေ ပုဒ်မ ၁၅ (၁) တွင် တစ်ဦးတစ်ယောက်သောသူသည် မြေတစ်ခုခုနှင့် စပ်လျဉ်းပြီး လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီး မပြီး တရားရုံးတွင် ပြဿနာပေါ်ပေါက်လာပါက ထိုသို့သော အခွင့်အရေးရရှိပြီး ဖြစ်ကြောင်း အမှုမဖြစ်မီ ၅ နှစ်ထက်မနည်းသော ကာလက အခွန်အရာရှိက ကြေညာပြီး မှတ်တမ်းတင်ထားပြီးဖြစ်သည့်အပြင် ပယ်ဖျက်ခြင်းလည်း မရှိသေးပါက တရားရုံးက ယင်းကြေညာချက်နှင့်အညီ အဆုံးအဖြတ်ပေး ရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းကဲ့သို့ လက်ရှိထားပိုင်ခွင့် (landholder's right)ရရှိပြီးဖြစ် ကြောင်း အခွန်အရာရှိက ကြေညာ၍ မှတ်တမ်းတင်ထားရန် လုပ်ထုံးလုပ် နည်းကို အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့တွင် ပြဋ္ဌာန်းထားသည်။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄၁

\+ ၁၉၉၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၃၁ တွင် ချမှတ်သော(၁၀–၇–၉၂) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီတို့ကို အထူးအယူခံဝင်ရောက်မှု

မြေကို လက်ရှိထားသူတစ်ဦးတစ်ယောက်သည် မြေကို လက်ရှိထား ပိုင်ခွင့်ကို ရလိုပါက အထက်ပါ ဥပဒေပုဒ်မ ၁၂ အရ အခွန်အရာရှိထံ လျှောက်ထားရန်လိုသည်၊ အခွန်အရာရှိက လျှောက်ထားမှုကို လက်ခံရရှိသည့် အခါ ပုဒ်မ ၁၃ အရ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းနှင့်အညီ အများပြည်သူ သိရှိရန် ကြေညာရသည်။

ထို့နောက် စုံစမ်းမှုပြုလုပ်၍ လျှောက်ထားသူသည် မြေကိုလက်ရှိ ထားပိုင်ခွင့်ရှိကြောင်း ကျေနပ်ပါက ထိုသို့သော အခွင့်အရေးရရှိပြီးဖြစ် ကြောင်း ကြေညာချက်ကို မှတ်တမ်းတင်ရသည်။ ပုဒ်မ ၁၃ အရ ကြေညာ ပြီး ၅ နှစ်အတွင်း မှားယွင်းမှုရှိကြောင်း သိလျှင် ပုဒ်မ ၁၄ အရ ပယ်ဖျက် နိုင်သည်။ ပယ်ဖျက်ခြင်းမရှိပါက ထိုကြေညာချက်နှင့် မကိုက်ညီသည့် နောက်ထပ် ကြေညာချက်ကို မှတ်တမ်းတင်ခြင်း မပြုနိုင်တော့ပေ။

ပုဒ်မ ၁၅ တွင် ဖော်ပြထားသည့် အမှုမဖြစ်မီ ၅ နှစ်ထက်မနည်း သော ကာလက အခွန်အရာရှိက မှတ်တမ်းတင်ထားသည့် ကြေညာချက် ဆိုသည်မှာ ပုဒ်မ ၁၂ မှ ၁၄ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ထားသည့် ကြေညာချက်ကို ဆိုလိုသည်။

ဦးပိုင်အဋ္ဌုပ္ပတ္တိ မြေပုံတို့တွင် အမည်ပေါက်ခြင်းသည် အောက်မြန်မာ ပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေပုဒ်မ ၁၅ တွင် ပြဋ္ဌာန်းထားသည့် အခွန်အရာရှိက ဥပဒေနှင့်အညီ စုံစမ်းမှုပြုပြီး မှတ်တမ်းတင်ထားသည့် ကြေညာချက် မဟုတ်ပေ။

သို့ဖြစ်၍ အချင်းဖြစ် မြေကို ဦးမာမက်ဆာလီသည် ၁၉၅၄ ခုနှစ် ခန့်ကစ၍ နှစ်ပေါင်း ၄၀ ခန့် ဦးပိုင်အမည်ပေါက်ခဲ့သော်လည်း ယင်းမြေကို ပိုင်ဆိုင်ခွင့်မရှိဟု ဆုံးဖြတ်သည့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် မှားယွင်းခြင်း မရှိဟု ကြားနာလျက်ရှိသည့် ပြဿနာကို ဖြေဆိုလိုက်သည်။

အယူခံတရားလိုအတွက် - ဦးအေးမောင် (တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်များအတွက်- ဦးလှရွှေ (တရားရုံးချုပ်ရှေ့နေ)

ကရင်ပြည်နယ် တရားရုံး ၁၉၉၀ ပြည့်နှစ် တရားမကြီးမှု အမှတ် ၅ တွင် အယူခံတရားလို ဦးမာမက်ဆာလီက အယူခံတရားပြိုင်များဖြစ်ကြသော ဦးအဒ္ဓမန်းပါ ၈ ဦးတို့အပေါ် အချင်းဖြစ် မြေကို လက်ရောက်ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီ ရရှိသည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို

ဦးအဒူမန်းတို့က မကျေနပ်၍ တရားရုံးချုပ် ၁၉၉၂ ခုနှစ် တရားမ ပထမ အယူခံအမှု အမှတ် ၁၃၁ တွင် အယူခံဝင်ရောက်သည့်အခါ တရားရုံးချုပ်က ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးမာမက်ဆာလီ စွဲဆိုသည့် အမှုကို ပလပ်သည်။ ဦးမာမက်ဆာလီက တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၂ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၅၅၆ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါ ပြဿနာကို စိစစ်ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"အချင်းဖြစ်မြေကို လျှောက်ထားသူ (မူလရုံးတရားလို) မာမက်ဆာလီ သည် ၁၉၅၄ ခုနှစ်က စ၍ နှစ်ပေါင်း (၄၀) ခန့် ဦးပိုင်အမည် ပေါက် ပိုင်ဆိုင်လာခဲ့သဖြင့် ယင်းမြေကို လျှောက်ထားသူပိုင်ဆိုင် ခွင့်မရှိကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်မှာ မှန်မမှန်"

အယူခံတရားလို၏ ရှေ့နေက အချင်းဖြစ် မြေနှင့် ပတ်သက်သော ဦးပိုင်ရာဇဝင်အခွန်မြေပုံ၊ အခွန်ပြေစာတို့အရ တရားလို ပိုင်ဆိုင်ကြောင်း အဆိုပြုခြင်းကို လက်မခံနိုင်ဟု တရားရုံးချုပ်မှ ဆုံးဖြတ်ခြင်းသည် အောက်မြန်မာပြည်မြို့ရွာနှင့် ကျေးရွာများ အက်ဥပဒေပုဒ် ၁၅ ကို ဆန့်ကျင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အခွန်ရုံးမှ ပိုင်ရှင်အဖြစ် အမည်သတ်မှတ်ပြီးသော အချိန်ကာလ ၅ နှစ် ကျော်လျှင် တရားရုံးသည် အခွန်အရာရှိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရမည်ဟု ပြဋ္ဌာန်းထားသော ကြောင့် ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက အယူခံတရားလို မာမက်ဆာလီ၏ နိုင်ငံခြားသား ဖခင်ဦးဘာဇာရာမန်က ၁၉၄၂ ခုနှစ်တွင် အရွယ်မရောက် သေးသူ မာမက်ဆာလီ၏ အမည်ဖြင့် အချင်းဖြစ် မြေကွက်ကို ဝယ်ယူ ပေးခြင်းမှာ ၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) အက်ဥပဒေအရ မူလကပင် ပျက်ပြယ်၍ တရားမဝင်ကြောင်း၊ ယင်းဥပဒေသည် မြန်မာနိုင်ငံမြို့နယ်နှင့် ကျေးရွာမြေများ အက်ဥပဒေကို လွှမ်းမိုးကြောင်း လျှောက်လဲတင်ပြသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ရလိုမှုတွင် အချင်းဖြစ် ဥပစာကို တရားလိုက ပိုင်ဆိုင်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်ရှိသည်။

၁၉၉၇
ဦးမာမက်ဆာလီ
နှင့်
ဦးအဒူမန်းပါ–၈

ဦးမာမက်ဆာလီက ကော့ကရိတ်မြို့ အကွက်အမှတ် ၁ (အီး)၊ အထက်လျော်င်သူစု၊ ဦးပိုင်အမှတ် ၃၉၊ မြေချိန် ဧရိယာ (၀.၁၄၀) ကေရှိမြေကွက်သည် ၎င်းပိုင်မြေကွက်ဖြစ်ကြောင်း ထင်ရှားရန် ယင်းမြေကွက်၏ မြေရာဇဝင်မှတ်တမ်း၊ ဦးပိုင် အတ္ထုပ္ပတ္တိကို သက်သေခံ (က) အရ လည်းကောင်း၊ ခြေပုံကို သက်သေခံ (ခ) အရလည်းကောင်း၊ မြေခွန်ပြေစာများကို သက်သေခံ (ဂ)၊ (ဂ–၁)၊ (ဂ–၂) တို့အရ လည်းကောင်း တင်ပြသည်။

အချင်းဖြစ်မြေ၏ အတ္ထုပ္ပတ္တိတွင် အချင်းဖြစ်မြေ၏ မူလပိုင်ရှင်မှာ SPAM ချစ်တီးဖြစ်သည်။ ၎င်းနောက် ယင်းမြေကို အဖိုးငွေကျပ် ၁၀၀ နှင့် ရောင်းချသည့်အတွက် မာမက်ဆာလီအမည်သို့ပြောင်းလဲမှတ်တမ်းတင်ခဲ့သည်။ ယင်းသို့ အမည်ပြောင်းရာ၌ မြေစာရင်းလက်စွဲ ဥပဒေပုဒ်မ ၅၄၆ (က) ၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်း (ကန့်သတ်မှု) အက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကြောင်း ဦးပိုင်အတ္ထုပ္ပတ္တိစာတိုင် ၁၆ တွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။

ဦးမာမက်ဆာလီက အချင်းဖြစ် မြေကွက်ကို ၎င်း၏ ဖခင်က ၎င်း၏ အမည်ဖြင့် ဝယ်ယူပေးခဲ့ကြောင်း ၎င်း၏ ဖခင်မှာ နိုင်ငံခြားသားဖြစ်ပြီး နိုင်ငံခြားသား မှတ်ပုံတင်ကိုင်ဆောင်သူတစ်ဦးဖြစ်ကြောင်း ဝန်ခံသည်။

**ရားမ်ဂျနမ်း (၎င်း၏ တရားဝင်ကိုယ်စားလှယ် ရာမ်ဘာလက်) နှင့် ဦးအောင်မြင့်ပါ ၂ အမှု**(၁) တွင် ၁၉၄၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) အက်ဥပဒေပုဒ်မ ၃ ကို ၁၉၅၂ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၁၉၅၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ပြင်ဆင်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ မပြင်ဆင်မီက နိုင်ငံခြားသားတစ်ဦး အနေနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူခဲ့သော် ထိုကဲ့သို့ ဝယ်ယူသည့် စာချုပ်မှာ ပျက်ပြယ်သည်ဟု ပြဋ္ဌာန်းထားကြောင်း ညွှန်ပြထားသည်။

ထို့ကြောင့်ပင် အချင်းဖြစ် မြေ၏ အတ္ထုပ္ပတ္တိတွင် မာမက်ဆာလီအမည်ပြောင်းခြင်းမှာ ၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်း (ကန့်သတ်မှု) အက်ဥပဒေနှင့် ဆန့်ကျင်ကြောင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

(၁) ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၈၄

အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများအက်ဥပဒေပုဒ်မ ၁၅ (၁) တွင် တစ်ဦးတစ်ယောက်သောသူသည် မြေတစ်ခုခုနှင့် စပ်လျဉ်းပြီး လက်ရှိထားပိုင်ခွင့် (landholder's rights) ရရှိပြီး မပြီး တရားရုံးတွင် ပြဿနာပေါ်ပေါက်လာပါက ထိုသို့သော အခွင့်အရေး ရရှိပြီးဖြစ်ကြောင်း အမှုမဖြစ်မီ ၅ နှစ်ထက် မနည်းသော ကာလက အခွန်အရာရှိက ကြေညာပြီး မှတ်တမ်းတင်ထားပြီးဖြစ်သည့်အပြင် ပယ်ဖျက်ခြင်းလည်း မရှိသေးပါက တရားရုံးက ယင်းကြေညာချက်နှင့်အညီ အဆုံးအဖြစ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းကဲ့သို့လက်ရှိထားပိုင်ခွင့် (landholder's right) ရရှိပြီးဖြစ်ကြောင်း အခွန်အရာရှိက ကြေညာ၍ မှတ်တမ်းတင်ထားရန် လုပ်ထုံးလုပ်နည်းကို အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့တွင် ပြဋ္ဌာန်းထားသည်။

မြေကို လက်ရှိထားသူတစ်ဦးတစ်ယောက်သည် မြေကို လက်ရှိထားပိုင်ခွင့်ကို ရလိုပါက အထက်ပါ ဥပဒေပုဒ်မ ၁၂ အရ အခွန်အရာရှိထံ လျှောက်ထားရန် လိုသည်။ အခွန်အရာရှိက လျှောက်ထားမှုကို လက်ခံရရှိသည့်အခါ ပုဒ်မ ၁၃ အရ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းနှင့်အညီ အများပြည်သူသိရှိရန် ကြေညာရသည်။ ထို့နောက် စုံစမ်းမှု ပြုလုပ်လျှောက်ထားသူသည် မြေကို လက်ရှိထားပိုင်ခွင့်ရှိကြောင်း ကျေနပ်ပါက ထိုသို့သော အခွင့်အရေး ရရှိပြီးဖြစ်ကြောင်း ကြေညာချက်ကို မှတ်တမ်းတင်ရသည်။ ပုဒ်မ ၁၃ အရ ကြေညာပြီး ၅ နှစ်အတွင်း မှားယွင်းမှုရှိကြောင်း သိလျှင် ပုဒ်မ ၁၄ အရ ပယ်ဖျက်နိုင်သည်။ ပယ်ဖျက်ခြင်း မရှိပါက ထိုကြေညာချက်နှင့် မကိုက်ညီသည့် နောက်ထပ်ကြေညာချက်ကို မှတ်တမ်းတင်ခြင်း မပြုနိုင်တော့ပေ။

ပုဒ်မ ၁၅ တွင် ဖော်ပြထားသည့် အမှုမဖြစ်မီ ၅ နှစ်ထက်မနည်းသော ကာလက အခွန်အရာရှိက မှတ်တမ်းတင်ထားသည့် ကြေညာချက်ဆိုသည်မှာ ပုဒ်မ ၁၂ မှ ၁၄ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ထားသည့် ကြေညာချက်ကို ဆိုလိုသည်။

ဦးပိုင်အဋ္ဌုပ္ပတ္တိ မြေပုံတို့တွင် အမည်ပေါက်ခြင်းသည် အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ အက်ဥပဒေပုဒ်မ ၁၅ တွင် ပြဋ္ဌာန်းထားသည့် အခွန်အရာရှိက ဥပဒေနှင့်အညီ စုံစမ်းမှုပြုပြီး မှတ်တမ်းတင်ထားသည့် ကြေညာချက် မဟုတ်ပေ။

၁၉၉၇
ဦးမာမက်ဆာလီ
နှင့်
ဦးအဒ္ဒူမန်းပါ-၈

သို့ဖြစ်၍ အချင်းဖြစ်မြေကို ဦးမာမက်ဆာလီသည် ၁၉၅၄ ခုနှစ်ခန့်ကစ၍ နှစ်ပေါင်း ၄၀ ခန့် ဦးပိုင်အမည်ပေါက်ခဲ့သော်လည်း ယင်းမြေကို ပိုင်ဆိုင်ခွင့် မရှိဟု ဆုံးဖြတ်သည့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် မှားယွင်းခြင်း မရှိဟု ကြားနာလျက်ရှိသည့် ပြဿနာကို ဖြေဆိုလိုက်သည်။

ထို့ကြောင့် အထူးအယူခံတရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀ိ/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

၁၉၉၇ ဇန်နဝါရီလ ၃ ရက်

ဒေါ်မိ
(ကွယ်လွန်သူဦးပျို၏ တရားဝင်ကိုယ်စားလှယ်)
နှင့်
ဦးအောင်သန်း*
(၎င်း၏ ကိုယ်စားလှယ် ဦးတင်ဝင်း)

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၆ –**
**အမှုကြားနာခြင်း အဆုံးသတ်ပြီးနောက် စီရင်ချက် မချမီ တစ်ဘက်ဘက်သော အမှုသည် သေဆုံးခြင်းကြောင့် အမှုရပ်စဲမှု၊ မရှိခြင်း၊ အမိန့် ၄၇၊ နည်း ၂၇ (၁) (ခ) အရ နောက်ထပ် သက်သေခံချက်ရယူတင်ပြစေရန် အမိန့်ချမှတ်လိုက်သည့်အခါ အမှုကြားနာခြင်း အဆုံးသတ်ပြီဟု မဆိုနိုင်တော့ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၆ တွင် အမှုကြားနာခြင်း အဆုံးသတ်ပြီးနောက် စီရင်ချက် မချမီအတွင်း တစ်ဘက်ဘက်သော အမှုသည် သေဆုံးခြင်းကြောင့် အမှုရပ်စဲခြင်းမရှိစေရကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များသည် အမှုကြားနာခြင်းပြီးပြတ်သည့်နေ့နှင့် ဆုံးဖြတ်ချက်ချသည့် ကြားကာလတွင် အမှုသည်တစ်ဦး သေဆုံးခြင်းနှင့် သက်ဆိုင်သည်။ မသေဆုံးမီ "ကြားနာခြင်း" မပြီးပြတ်သေးလျှင် ဤနည်း ဥပဒေပါ မှုနှင့် မသက်ဆိုင်ပေ။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၉၁
\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမအယူခံအမှုအမှတ် ၄၉ တွင် ချမှတ်သော (၆–၁၀–၉၂) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီ အထူးအယူခံဝင်ရောက်မှု

၁၉၉၇
ဒေါ်မိ
နှင့်
ဦးအောင်သန်း

**ထပ်မံဆုံးဖြတ်ချက်။** ။ အမှန်စင်စစ် မူလရုံးက တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁ နည်း ၂၇ (၁) (ခ) အရ နောက်ထပ် သက်သေခံချက်ရယူပြီး ပြန်လည်တင်ပြလာသည့်အခါ အယူခံရုံးက ယင်းသက်သေခံချက်များ အပေါ် သုံးသပ်ဝေဖန်ပြီး အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်၍ ထပ်မံပြီး နှစ်ဘက်လျှောက်လဲချက်ကြားနာရန် မလွဲမသွေလိုအပ်မည် ဖြစ်သည်။

နှစ်ဘက်အမှုသည်များက ပထမအကြိမ်ပေးခဲ့သည့် လျှောက်လဲချက်မှာ အမှုတွဲတွင်ရှိပြီးသော သက်သေခံအထောက်အထားများအပေါ် အခြေခံသည်။ နောက်ထပ် သက်သေခံချက်များ ရရှိလာသည့်အခါတွင်မူ ပထမ ပေးခဲ့သည့် လျှောက်လဲချက်သည် အမှုကို မှန်ကန်ပြည့်စုံစွာ အဆုံးအဖြတ်ပြု ရန် လုံလောက်မည်မဟုတ်တော့ပေ။ နှစ်ဘက်အမှုသည်များ အနေဖြင့် နောက်ထပ်ရရှိသည့် သက်သေခံချက်များကိုပါ ဝေဖန်သုံးသပ်ပြီး ပြည့်စုံ စွာ ထပ်မံလျှောက်လဲတင်ပြရန် လိုပေသည်။

အမှုကြားနာခြင်း အဆုံးသတ်သည်ဆိုသည်မှာ အမှုကြားနာပြီး နောက်စီ ရင်ချက် မချမီအတွင်း မယ်မယ်ရရတစ်စုံတစ်ရာ ဆောင်ရွက်ရန်မရှိခြင်းကို ဆိုလိုသည်။ လျှောက်လဲချက်ကြားနာပြီး နောက်စီရင်ချက်ချမှတ်ရန် သီးသန့် ထားလျှင် အမှုကြားနာခြင်းပြီးဆုံးပြီဖြစ်သည်။

ပထအကြိမ် ကြားနာပြီးနောက် သက်သေခံချက်များ ရယူရန်ရှိနေလျှင် အမှုကြားနာခြင်းအဆုံးမသတ်သေးကြောင်း ထင်ရှားမြင်သာသည်။

ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ နောက်ထပ် သက်သေခံချက်များ ရယူ တင်ပြစေရန် အမိန့်ချမှတ်လိုက်သည့် အခါ အမှုကြားနာခြင်း အဆုံးသတ်ပြီဟု မဆိုနိုင်တော့ပေ။

အမှုကြားနာခြင်းအဆုံးမသတ်မီ အယူခံတရားလို ကွယ်လွန်သွားရာ တွင် စည်းကမ်းသတ်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း မရှိလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၃ (၂) အရကွယ်လွန်သူ အယူခံ တရားလိုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲမည်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးဘသန်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးအေးမောင်၊ တရားရုံးချုပ်ရှေ့နေ

ရှမ်းပြည်နယ် တရားရုံးတရားမကြီးမှုအမှတ် ၂၇/၈၇ တွင် ဦးအောင်သန်း က ၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးတင်ဝင်းမှ တစ်ဆင့် ဦးပျို့အပေါ်

၁၉၉၇
ဒေါ်မိ
နှင့်
ဦးအောင်ပန်း

တောင်ကြီးမြို့နယ် စည်ပင်သာယာရေး နယ်နမိတ်အတွင်းရှိ ဦးပိုင်အမှတ် အကွက်ဖို–၁၊ မြေကွက်အမှတ် ၁၁၇ နှင့် ယင်းမြေကွက်ပေါ်ရှိ သစ်တော့ပင် ၂၀၀ သည် တရားလိုပိုင်ပစ္စည်းဖြစ်ကြောင်း ကြေငြာပြဋ္ဌာန်း၍ ယင်းပစ္စည်းများ လက်ရောက်ပေးအပ်စေရန် တရားစွဲဆိုသည်။ ပြည်နယ်တရားရုံးက ဦးအောင်သန်း စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီချမှတ်သည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဦးပျိုက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ၁၉၉၀ ပြည့်နှစ် တရားမ ပထမ အယူခံမှုအမှတ် ၄၉ အရ အယူခံဝင်သည်။ အယူခံ အတောအတွင်း အယူခံတရားလို ဦးပျိုကွယ်လွန်ရာ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလအတွင်း တရားဝင် ကိုယ်စားလှယ်ထည့်သွင်းပေးရန် လျှောက်ထားခြင်း မရှိခြင်းကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃ (၂) အရ အယူခံမှု ရပ်စဲသွားပြီဖြစ်ကြောင်း အမိန့်ချမှတ်သည်။

ကွယ်လွန်သူ ဦးပျို၏ တရားဝင်ကိုယ်စားလှယ်ဆိုသူ ဒေါ်မိက တရားရုံးချုပ်၏ အမိန့်ကို ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၉၃ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၈၇ တွင် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါ ပြဿနာကို စဉ်းစားနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

> "အယူခံမှုကို ပထမအကြိမ် ကြားနာပြီးနောက် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (က) အရ နောက်ထပ် သက်သေခံချက်ရယူရန် အကြောင်းပေါ်ပေါက်လာ၍ ယင်းသက်သေခံချက်ကို ရယူစဉ်အတွင်း အမှုသည် သေဆုံးခြင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၆ အရ အမှုကို အပြီးသတ် ကြားနာပြီး ဖြစ်ရာရောက်မရောက်"

အယူခံတရားလို၏ ရှေ့နေက အယူခံတရားလို ဦးပျို ၁၆–၁၂–၉၁ နေ့တွင် ကွယ်လွန်စဉ်က တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမ ပထမ အယူခံမှုအမှတ် ၄၉/၉၀ အတွက် နှစ်ဘက်အကျိုးဆောင်များ အပြီးသတ် လျှောက်လဲချက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ တရားရုံးချုပ်မှ ၄–၁၂–၉၀ နေ့တွင် အမိန့်ချမှတ်သည့်အခါ မြေစာရင်းဌာနတာဝန်ရှိသူ တစ်ဦးအား ခေါ်ယူ စစ်ဆေး၍ အမှုတွဲကို ပြန်လည် တင်ပြရန် တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ ညွှန်ကြားခဲ့ကြောင်း၊ ပြည်နယ်တရားရုံးသို့ အမှုတွဲပေးပို့ထားစဉ် အချိန်အတွင်း ဦးပျိုကွယ်လွန်ခြင်းဖြစ်

ကြောင်း၊ ထိုရက်များအားလုံးသည် ကာလစည်းကမ်းသတ် ဥပဒေအရ ထုတ်နှုတ်ရမည့်ရက်များဖြစ်ကြောင်း အမှုမှာ လျှောက်လဲခဲ့ပြီးသော အမှုဖြစ်ပါ၍ အမိန့်ချမှတ်ရန် အဆင့်သာရှိတော့ကြောင်း၊ ထိုအချိန်တွင် အမှုပလပ်ခြင်းသည် အယူခံတရားလိုအတွက်များစွာ နစ်နာဆုံးရှုံးစေခဲ့ကြောင်း လျှောက်လဲတင်ပြသည်။

တရားရုံးချုပ်က ၁၉၉၀ ပြည့်နှစ် တရားမ ပထမအယူခံမှု အမှတ် ၄၉၄ ၃-၁၂-၉၀ နေ့က ကြားနာခဲ့သည်။ သို့ရာတွင် နောက်ထပ် သက်သေခံချက်များလိုအပ်သဖြင့် အပြီးသတ်အမိန့်မချမှတ်နိုင်ခဲ့ပေ။ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ နောက်ထပ် သက်သေခံချက်များ ရယူတင်ပြစေရန် ပြည်နယ်တရားရုံးသို့ ညွှန်ကြားခဲ့သည်။ ထိုအတောအတွင်း ၁၆-၁၂-၉၁ နေ့တွင် အယူခံတရားလို ဦးပျို ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ကွယ်လွန်သူ အယူခံတရားလို ဦးပျို၏ဇနီး ဒေါ်နမိ (ခ) ဒေါ်မိက ကွယ်လွန်သူ ဦးပျို၏ နေရာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် ၁၄-၈-၉၂ နေ့တွင်မှ လျှောက်ထားခဲ့သည်။

တရားရုံးချုပ်က တရားရုံးချုပ်၏ အမိန့်အရ မူလရုံးမှ နောက်ထပ် သက်သေခံချက် ရယူပြီး တင်ပြလာသဖြင့် အယူခံကို အပြီးသတ်ကြားနာရန် ထပ်မံပေါ်ပေါက်လာကြောင်း၊ ထို့ကြောင့် အယူခံကိုအပြီး သတ်ကြားနာပြီးဆုံးမှ သေဆုံးခြင်းဖြစ်သည်ဆိုသော အချက်မှာ လက်ခံရန် မဖြစ်နိုင်ကြောင်း သုံးသပ်ပြီး နောက်တစ်ဦးတည်းသော အယူခံတရားလို ဦးပျို သေဆုံးသွားရာတွင် သတ်မှတ်သည့် ကာလစည်းကမ်းသတ်အတွင်း တရားဝင်ကိုယ်စားလှယ် လျှောက်ထားခြင်း မရှိ၍ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၂၂၊ နည်း ၃ (၂) အရ အယူခံမှု ရပ်စဲသွားပြီး ဖြစ်ကြောင်း အမိန့်ချမှတ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၆ တွင် အမှုကြားနာခြင်း အဆုံးသတ်ပြီးနောက် စီရင်ချက်မချမီအတွင်း တစ်ဘက်သက်သော အမှုသည် သေဆုံးခြင်းကြောင့် အမှုရပ်စဲခြင်းမရှိစေရကြောင်းပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များသည် အမှုကြားနာခြင်းပြီးပြတ်သည့်နေ့နှင့်ဆုံးဖြတ်ချက်ချသည့်ကြားကာလတွင် အမှုသည်တစ်ဦးသေဆုံးခြင်းနှင့် သက်ဆိုင်သည်၊ မသေဆုံးမီ "ကြားနာခြင်း" မပြီးပြတ်သေးလျှင် ဤနည်းဥပဒေပါ မှုနှင့် မသက်ဆိုင်ပေ။

၁၉၉၇
ဒေါ်မိ
နှင့်
ဦးအောင်သန်း

ယခုအမှုတွင် ၃-၁၂-၉၁ နေ့က နှစ်ဘက်လျှောက်လဲချက်ကြားနာပြီးနောက် ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်ခဲ့သည်။ အဆိုပါ ကြားဖြတ်အမိန့်မှာ တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရနောက်ထပ် သက်သေခံချက်ရယူပြီး ပြန်လည် တင်ပြရန် မူလရုံးအား ညွှန်ကြားခြင်းဖြစ်သည်။

အထူးခုံရုံးက အထူးအယူခံဝင်ခွင့်ပြုရာ၌ အောက်ပါအတိုင်း သုံးသပ်ထားသည်-

"တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရနောက်ထပ် သက်သေခံချက်ရယူခြင်းသည် အယူခံရုံးက စီရင်ချက်ချမှတ်ရန်အလို့ငှာ ရယူခြင်းဖြစ်သည်။ ယင်းသို့ နောက်ထပ် သက်သေခံချက်ကို နည်း ၂၇ (၁) (ခ) အရ ရယူခြင်းသည် အမှုသည်တစ်ဦးတစ်ယောက်မှ လျှောက်ထားချက်အရ မဟုတ်ဘဲ တရားရုံးက လိုအပ်သည်ဟု ထင်မြင်သဖြင့် ရယူခြင်းဖြစ်သည်။ သို့ဖြစ်၍ ယင်းကဲ့သို့ နောက်ထပ်ရယူလိုသော သက်သေခံချက်သည် တရားရုံးက စီရင်ချက်ချမှတ်ရန်အလို့ငှာဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သဖြင့် နောက်ထပ် သက်သေခံချက်အတွက် နှစ်ဘက်အမှုသည်များအား အခွင့်အရေးပေးသည့်အနေဖြင့် ကြားနာမှု ပြုလုပ်ရန် လိုအပ်ကောင်း လိုအပ်မည်ဖြစ်သော်လည်း ယင်းကြားနာသည့်နေ့တွင် အမှုသည်များ မလာရောက် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ အမှုသည် ကွယ်လွန်ခြင်းကြောင့်သော်လည်းကောင်း တရားရုံးက စီရင်ချက် ချမှတ်ခြင်း မပြုနိုင်ရန် အဟန့်အတား တစ်စုံတစ်ရာရှိမည် မဟုတ်ပေ။"

အမှန်စင်စစ် မူလရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ နောက်ထပ် သက်သေခံချက်ရယူပြီး ပြန်လည် တင်ပြလာသည့်အခါ အယူခံရုံးက ယင်းသက်သေခံချက်များအပေါ် သုံးသပ်ဝေဘန်ပြီး အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်၍ ထပ်မံပြီး နှစ်ဘက်လျှောက်လဲချက်ကြားနာရန် မလွှဲမသွေလိုအပ်မည်ဖြစ်သည်။

နှစ်ဘက်အမှုသည်များက ပထမအကြိမ်ပေးခဲ့သည့် လျှောက်လဲချက်မှာ အမှုတွဲတွင်ရှိပြီးသော သက်သေခံအထောက်အထားများအပေါ် အခြေခံသည်။ နောက်ထပ် သက်သေခံချက်များ ရရှိလာသည့်အခါတွင်မူ ပထမပေးခဲ့သည့် လျှောက်လဲချက်သည် အမှုကို မှန်ကန်ပြည့်စုံစွာ အဆုံးအဖြတ်ပြုရန် လုံလောက်မည် မဟုတ်တော့ပေ။ နှစ်ဘက်အမှုသည်များအနေဖြင့် နောက်ထပ်ရရှိသည့် သက်သေခံချက်များကိုပါ ဝေဘန်

၁၉၉၇
ဒေါ်မိ
နှင့်
ဦးအောင်သန်း

သုံးသပ်ပြီး ပြည့်စုံစွာ ထပ်မံလျှောက်လဲတင်ပြရန် လိုပေသည်။

အမှုကြားနာခြင်း အဆုံးသတ်သည်ဆိုသည်မှာ အမှုကြားနာပြီး နောက် စီရင်ချက်မချမီအတွင်း မယ်မယ်ရရ တစ်စုံတစ်ရာဆောင်ရွက်ရန် မရှိခြင်းကို ဆိုလိုသည်။ လျှောက်လဲချက်ကြားနာပြီးနောက် စီရင်ချက်ချမှတ်ရန် သီးသန့်ထားလျှင် အမှုကြားနာခြင်းပြီးဆုံးပြီဖြစ်သည်။

ပထမအကြိမ်ကြားနာပြီးနောက် သက်သေခံချက်များ ရယူရန်ရှိနေလျှင် အမှုကြားနာခြင်း အဆုံးမသတ်သေးကြောင်း ထင်ရှားမြင်သာသည်။

ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) (ခ) အရ နောက်ထပ်သက်သေခံချက်များ ရယူတင်ပြစေရန် အမိန့်ချမှတ်လိုက်သည့်အခါ အမှုကြားနာခြင်း အဆုံးသတ်ပြီဟု မဆိုနိုင်တော့ပေ။

အမှုကြားနာခြင်း အဆုံးမသတ်မီ အယူခံတရားလို ကွယ်လွန်သွားရာတွင် စည်းကမ်းသတ်ကာလအတွင်း တရားဝင် ကိုယ်စားလှယ်ထည့်သွင်းခြင်း မရှိလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃ (၂) အရ ကွယ်လွန်သူ အယူခံတရားလိုနှင့် စပ်လျဉ်းသမျှ အမှုရပ်စဲမည်ဖြစ်သည်။

တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ဤအထူးအယူခံကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၃၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊
ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဦးမောင်ဖြူပါ ၂
နှင့်
ဒေါ်အေးရင်*

+ ၁၉၉၇
စက်တင်ဘာလ
၁၈ ရက်

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ စွဲဆိုမှု။ အိမ်ရှင်က အိမ်ငှားများ ငှားရမ်းနေထိုင်သည့် နေအိမ်နှင့် မြေကို မှတ်ပုံမတင်သည့် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချသည်။ ထို့နောက် အိမ်ရှင်က အိမ်ငှားများအား ငှားရမ်းထားသည့် ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုသည်၊ အိမ်ငှားများသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရနိုင် မရနိုင်။

**ဆုံးဖြတ်ချက်** ။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃–က တွင် "လွှဲပြောင်းပေးသူ သို့မဟုတ် ၎င်းမှတဆင့် အကျိုးခံစားခွင့်ရှိသူသည် လွှဲပြောင်းရယူသူ သို့မဟုတ် ၎င်းမှတဆင့် အကျိုးခံစားခွင့်ရှိသူအပေါ် ပဋိညာဉ်၌ အတိအလင်းဖော်ပြထားသည့် အခွင့်အရေးမှတစ်ပါး ပစ္စည်းနှင့် စပ်လျဉ်းသော အခွင့်အရေးတစ်ရပ်ရပ်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်း မပြုရ" ဟု တားမြစ်ထားသည်။

ပုဒ်မ ၅၃–က အရ လွှဲပြောင်းသူအား အရေးယူဆောင်ရွက်ခြင်းမှ ပိတ်ပင်ထားချက်သည် ပဋိညာဉ်၌ အတိအလင်း ဖော်ပြထားသည့် အခွင့်အရေးမှအပ လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် စပ်လျဉ်းသော အခွင့်အရေး တစ်ရပ်ရပ် (any right is respect of the property) နှင့် ဆိုင်သည်၊

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄၄

\+ ၁၉၉၃ ခုနှစ်၊ တရားမဒုတိယအယူခံအမှုအမှတ် ၆၄ တွင်ချမှတ်သော ၂၅–၄–၉၄ ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

၁၉၉၇
ဦးမောင်ဖြူ
နှင့်
ဒေါ်အေးရင်

"any" ဟူသော စကားလုံးကို သတိချပ်ရန်ဖြစ်သည်၊ အရောင်းအဝယ် ပဋိညာဉ်အရ သတ်မှတ်ထားခြင်း မရှိလျှင် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် စပ်လျဉ်းသော မည်သည့်အခွင့်အရေးကိုမျှ အရေးယူဆောင်ရွက်ခြင်း မပြု နိုင်သည့်သဘော ဖြစ်သည်။ ထို့ကြောင့် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃–က ရှိ "any right in respect of the property" ဟူသော စကားရပ်ပါ "any right" ဆိုသော စကားရပ်တွင် အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ခွင့်လည်း အကျုံးဝင်သည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ရာတွင် ငှားရမ်းသည့် ဥပစာကို ဝယ်ယူထားသူ အိမ်ငှားသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃–က ၏ အကာအကွယ်ကို ရထိုက်ကြောင်း ထင်ရှားသည်။

အယူခံတရားလိုအတွက် – ဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဒေါ်ဘေဘီအေး၊ တရားရုံးချုပ် ရှေ့နေ၊ မလခ

ကျောက်ဖြူမြို့နယ်တရားရုံး ၁၉၉၁ ခုနှစ် တရားမကြီးမှု အမှတ် ၂၆ တွင် အယူခံတရားပြိုင် ဒေါ်အေးရင်က အယူခံတရားလိုများဖြစ်ကြသည့် ဦးမောင်ဖြူနှင့် ဒေါ်မြင့်မြင့်စိန်တို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှား ရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ၁၂ (၁) (ဂ) တို့အရ စွဲဆိုရာ အနိုင်ဒီကရီရရှိသည်။ မြို့နယ်တရားရုံး၏ စီရင် ချက်နှင့် ဒီကရီကို ဦးမောင်ဖြူတို့က မကျေနပ်သဖြင့် ရခိုင်ပြည်နယ် တရားရုံးသို့ အယူခံဝင်ရောက်သည့်အခါ ပြည်နယ်တရားရုံးက မြို့နယ်တရား ရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်သည်။ ဒေါ်အေးရင်က ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် တရားရုံးချုပ် သို့ အယူခံဝင်ရောက်ရာ တရားရုံးချုပ်က ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုသည်။ ဦးမောင်ဖြူတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၀ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာ များကို စိစစ်ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

(၁) သက်သေခံ (၁) စာချုပ်သည် အိမ်မြေအရောင်းအဝယ်ကတိ စာချုပ်ဖြစ်သလား၊ သို့မဟုတ် ချေးငွေအတွက် ဟန်ဆောင် စာချုပ်ဖြစ်သလား။

(၂) သက်သေခံအမှတ် (၁) စာချုပ်သည် အိမ်မြေအရောင်းအဝယ် စာချုပ်ဖြစ်ခဲ့သော် ဦးမောင်ဖြူတို့သည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ၅၃–က၏ အကာအကွယ်ကို ရထိုက်ခွင့် ရှိ မရှိ။

အယူခံတရားလိုတို့၏ ရှေ့နေက ဒေါ်အေးရင် ကိုယ်တိုင် ရုံးရှေ့ အစစ်ခံချက်၌ တရားပြိုင်များထံမှ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလအထိ ငှားရမ်းခရရှိခဲ့ပြီး အိမ်မြေအရောင်းအဝယ်အတွက် စရန်ငွေကျပ် ၅၀၀၀၀ိ/– ရရှိပြီးနောက်တွင် ဆိုင်ခန်းငှားခ မရရှိတော့ဟု ထွက်ဆိုခဲ့ကြောင်း၊ အိမ်အရောင်းအဝယ်စာချုပ်ကို ၎င်း၏ သမီးဖြစ်သူ ဒေါ်ခင်ရီမှ လက်မှတ်ရေးထိုးခဲ့သည်မှာ မှန်သည်ဟု ရုံးရှေ့တွင် ဝန်ခံထွက်ဆိုခဲ့ကြောင်း၊ ထိုစာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းနှင့် ငွေချေးယူသည့် စာချုပ်ဖြစ်ကြောင်းကို မည်သည့် အထောက်အထားမျှ တင်ပြနိုင်ခြင်းမရှိကြောင်း၊ စာချုပ်စာတမ်း တစ်ခုတွင် အတိအလင်း အရောင်းအဝယ်ပြုလုပ်ကြောင်း ရေးသားထားပါက ယင်းအချက်ကို ကွဲလွဲ၍ နှုတ်သက်သေခံချက် မတင်ပြနိုင်ကြောင်း၊ ဦးမောင်ဖြူတို့သည် အချင်းဖြစ် အိမ်မြေကို စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့သောကြောင့် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃–က အရ အခွင့်အရေးကို ခံစားထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်၊ ဖြတ်လမ်း၊ အမှတ် ၃ ရှိ ဒေါ်အေးရင်ပိုင် နေအိမ်အောက်ထပ်တွင် ဆိုင်ခန်း ၃ ခန်း ဆောက်လုပ်ထားသည်၊ တောင်ဘက်အစွန်ဆုံးအခန်းကို ဒေါ်အေးရင်က ဦးမောင်ဖြူနှင့် ဒေါ်မြင့်မြင့်စိန်တို့အား တစ်လလျှင် ငှားရမ်းခငွေ ၁၅၀ ကျပ်ဖြင့် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ ငှားရမ်းခဲ့သည်။ ၉–၇–၉၀ နေ့တွင် ဒေါ်အေးရင်နှင့် သမီးဖြစ်သူ ဒေါ်ခင်ရီတို့က ဦးမောင်ဖြူတို့ ငှားရမ်းနေထိုင်သည့် နေအိမ်နှင့် မြေတို့ကို တန်ဘိုး ငွေကျပ် ၁၈၀၀၀၀ိ/– ဖြင့် ဦးမောင်ဖြူ ဒေါ်မြင့်မြင့်စိန်တို့အားရောင်းချသည်။

အဆိုပါ အိမ်ယာမြေအရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်–၁) ချုပ်ဆိုခဲ့သည်ကို ဒေါ်အေးရင်က ငြင်းဆိုခြင်း မပြုပေ။ သို့ရာတွင် ဒေါ်အေးရင်က ဦးမောင်ဖြူတို့ထံမှ ငွေကျပ် ၅ သောင်း ချေးငှားထားရာ ထိုသို့ငွေချေးငှားခြင်းကို အိမ်ရောင်းသည်ဟု ဟန်ပြစာချုပ် ချုပ်ဆိုခြင်း

၁၉၉၇
ဦးမောင်ဖြူ
နှင့်
ဒေါ်အေးရင်

ဖြစ်ကြောင်း ထုချေသည်။

အိမ်ယာမြေအရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်-၁) တွင် အိမ်ယာမြေရောင်းပြီး၍ တစ်နှစ်အတွင်း ဒေါ်အေးရင်မှ မြေယာနှင့် အိမ်များကို ပြန်လည်ရယူလိုပါက ကာလတန်ဘိုးတွင် သုံးသိန်းငါးသောင်း နှင့် ဦးမောင်ဖြူ ဒေါ်မြင့်မြင့်စိန်တို့မှ ပြန်လည်ရောင်းချပေးရန် သဘောတူ ကြောင်း၊ စည်းကမ်းချက်တစ်ရပ်ပါရှိသည်။ ဤအချက်ကို ထောက်ချင့်၍ ဘရားရုံးချုပ်က (သက်သေခံအမှတ်-၁) အရောင်း ပဋိညာဉ်စာချုပ်မှာ အမှန်အရောင်းအဝယ်ပြုလုပ်ရန် ရည်ရွယ်ချက်နှင့် ချုပ်ဆိုခြင်း မဟုတ် ကြောင်း ချေးငွေအတွက် ဟန်ဆောင် အရောင်းအဝယ် စာချုပ်သာ ဖြစ်ကြောင်း ကောက်ယူသုံးသပ်သည်။

အပြီးအပိုင်အရောင်းစာချုပ်တစ်ခုတွင် ဝယ်သူက၊ ရောင်းသူအား ကန့်သတ်ချိန်အတွင်း ပြန်လည်ရောင်းချမည်ဆိုသော စည်းကမ်းချက်ပါ ရှိတာမျှဖြင့် ထိုစာချုပ်သည် အရောင်းစာချုပ် မဟုတ်ဘဲ ငွေချေးစာချုပ် ဖြစ်သည်ဟု တထစ်ချမယူဆနိုင်ပေ။

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ (ဂ) ၏ ခြွင်းချက်အရ လည်း အရောင်းစာချုပ်တွင် ဝယ်သူက ရောင်းသူအား ပြန်ရောင်းမည် ဆိုသော စည်းကမ်းချက်ပါအကြောင်းကြောင့် ထိုစာချုပ်သည် အရောင်း စာချုပ် မဟုတ်ဘဲ ငွေချေးစာချုပ်ဖြစ်သည်ဟု မလွှဲမသွေကောက်ယူရမည်ဟု အဓိပ္ပာယ်မပေါက်ချေ။ **နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် သခင်ဆော်ညွန့်ပါ ၇ အမှု**[၁] ကိုကြည့်ပါ။

အိမ်ယာမြေအရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်-၁) တွင် အောက်ပါ စည်းကမ်းချက်များလည်း ပါရှိသည်။

(၁) စာချုပ်ချုပ်သည့်နေ့တွင် ပထမအကြိမ် ငွေကျပ် ငါးသောင်းပေးချေ ပြီး ကျန်ငွေကို အလီလီ အရစ်ကျပေးဆပ်ရန်။

(၂) ဒေါ်အေးရင်မှ ရောင်းချရန် ပျက်ကွက်ပါက အလီလီယူထားသည့် ငွေများ၏ ၃ ဆကို ဦးမောင်ဖြူတို့အား ပေးလျော်ရန်။

(၃) အိမ်ရောင်းသူ ဒေါ်အေးရင်မှ အိမ်ဝယ်သူဦးမောင်ဖြူတို့အား ယခင် မြေယာနှင့် အိမ်၏ စာချုပ်စာတမ်းများကို အပ်နှံထားရန်။

(၄) ရောင်းကြေးငွေ မကျေသေးမီ ဒေါ်အေးရင်အား မိမိနေအိမ်၌ ဆက်လက် နေထိုင်ခွင့်ပြုရန်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၇၀၁

(၅) အိမ်ယာမြေအတွက် တန်ဘိုးငွေ အကြေရရှိသည့်နေ့တွင် ဒေါ်အေးရင်က မိမိနေအိမ်မှ ဖယ်ရှားပေးရန်။
(၆) တစ်နှစ်အတွင်း ရောင်းသူက အိမ်ယာမြေကို ပြန်လည်ရယူလိုပါက ဝယ်ယူသူတို့က ပြန်လည်ရောင်းချပေးရန်။

ဒေါ်အေးရင်က ဆိုင်ခန်းငှားရမ်းခ တစ်လလျှင် ၁၅ဝိ/-ကို ငွေ ၅ သောင်းရရှိပြီးနောက်ပိုင်း ငှားရမ်းခ မရရှိတော့ဟုဆိုလျှင် မှန်ပါသည်ဟု အစစ်ခံသည်။

ဒေါ်အေးရင်သည် ၎င်း၏ နေအိမ်ဆိုင်ခန်းများတွင် ငှားရမ်းထားသူ အိမ်ငှားများထံမှ မိမိနေအိမ်ရောင်းချပြီးပါက ငှားရမ်းနေထိုင်သော ဆိုင်ခန်းများကို ပြန်လည်အပ်နှံ၍ ထွက်ပေးကြပါမည်ဟူသော ၁၂-၆-၉ဝ နေ့စွဲပါ သဘောတူစာချုပ် (သက်သေခံ-ခ) ကိုလည်း ရယူထားကြောင်း တွေ့ရှိရသည်။

စာချုပ်ပါ အချက်အလက်များနှင့် ဤအထောက်အထားများကို ပေါင်းစပ်သုံးသပ်သည့်အခါ သက်သေခံအမှတ် (၁) စာချုပ်သည် ဟန်ဆောင်စာချုပ်မဟုတ်ဘဲ အရောင်းအဝယ်စာချုပ်အစစ်အမှန်ဖြစ်ကြောင်း ကောက်ယူနိုင်သည်။

ထို့ကြောင့် ကြားနာလျက်ရှိသော အမှတ် (၁) ပြဿနာနှင့် စပ်လျဉ်း၍ သက်သေအမှတ် (၁) စာချုပ်သည် အိမ်မြေအရောင်းအဝယ် စာချုပ်ဖြစ်သည်ဟု ဖြေဆိုလိုက်သည်။

ဒေါ်အေးရင်နှင့် သမီးဖြစ်သူ ဒေါ်ခင်ရီတို့က အငှားချထားသည့် ဥပစာကို အိမ်ငှား ဦးမောင်ဖြူတို့အား သက်သေခံအမှတ် (၁) စာချုပ်ဖြင့် ရောင်းချရာ၌ အဆိုပါ စာချုပ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၄ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၇ တို့အရ မှတ်ပုံမတင်ရသေးသဖြင့် ရောင်းချမှု အထမမြောက်သေးသောကြောင့် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ (ဃ) အရ အငှားချထားမှု ရပ်စဲသွားရန်အကြောင်း မရှိပေ။

ဒေါ်အေးရင်နှင့် ဦးမောင်ဖြူတို့သည် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု မပြတ်စဲသော်လည်း အိမ်ရှင် ဒေါ်အေးရင်က အိမ်ငှား ဦးမောင်ဖြူတို့အား နှင်ထုတ်လိုမှုတွင် ဦးမောင်ဖြူတို့သည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိမရှိ စိစစ်ရန် လိုပေသည်။

ရောင်းချသူ သို့မဟုတ် ရောင်းချသူ၏ အကျိုးကို ဆက်ခံသူသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား အဖိုးစားနားဖြင့်လွှဲပြောင်းပြီးနောက် အရောင်းအဝယ် ပဋိညာဉ်အား တစ်စိတ်တစ်ဒေသ ဆောင်ရွက်သည့်အနေဖြင့် လက်ရှိထားသူအပေါ် ပိုင်ရေး ပိုင်ခွင့်ကို အခြေခံ၍ လက်ရောက်ရလိုကြောင်း စွဲဆိုရာတွင် လက်ရှိရထားသူသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃–က ၏ အကာအကွယ်ကို ရရှိနိုင်သည်။

တစ်ချိန်က ရောင်းချသူ၏ အခွင့်အမိန့်အရ နေထိုင်လာခဲ့သူသည်လည်း ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များကို အကာအကွယ်ယူကာ မိမိအား ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှုတွင် အောင်မြင်စွာ ခုခံနိုင်ကြောင်း **မောင်ချစ်တုံးပါ၂ နှင့် မောင်မြင့်ပါ၂ အမှု**[၁] တွင် ထုံးပြုပြီးဖြစ်သည်။

ထို့ပြင် တစ်နှစ်ထက် ကျော်လွန်၍ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား ငှားရမ်းသည့် ကတိစာချုပ်ကို မှတ်ပုံမတင်သော အမှုတွင် ငှားရမ်းရန် ကတိထားသည့် ကာလအတွင်း အိမ်ရှင်က အိမ်ငှားအားနှင်ထုတ်ပေးစေရန် တရားစွဲဆိုလာလျှင် အိမ်ငှားသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃–က ၏ အကာအကွယ်ကို ရရှိနိုင်သည်ဟု **ဦးသန်းညွန့်နှင့် ဦးသိန်းပါ ၂ အမှု**[၂] တွင် ထုံးဖွဲ့ထားသည်။

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃–က တွင် "လွှဲပြောင်းပေးသူ သို့မဟုတ် ၎င်းမှတစ်ဆင့် အကျိုးခံစားခွင့်ရရှိသူသည် လွှဲပြောင်းရယူသူ သို့မဟုတ် ၎င်းမှ တစ်ဆင့် အကျိုးခံစားခွင့် ရရှိသူအပေါ် ပဋိညာဉ်၌ အတိအလင်း ဖော်ပြထားသည့် အခွင့်အရေးမှတစ်ပါး ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေးတစ်ရပ်ရပ်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်း မပြုရ" ဟု တားမြစ်ထားသည်။

ပုဒ်မ ၅၃–က အရ လွှဲပြောင်းသူအား အရေးယူဆောင်ရွက်ခြင်းမှ ပိတ်ပင်ထားချက်သည် ပဋိညာဉ်၌ အတိအလင်း ဖော်ပြထားသည့် အခွင့်အရေးမှအပ လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေး တစ်ရပ်ရပ် (any right in respect of the property) နှင့် ဆိုင်သည်၊ "any" ဟူသော စကားလုံးကို သတိချပ်ရန်ဖြစ်သည်၊ အရောင်းအဝယ် ပဋိညာဉ်အရသတ်မှတ်ထားခြင်း မရှိလျှင် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်

(၁) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၉
(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများစာ ၁၁၀၁

စပ်လျဉ်းသော မည်သည့်အခွင့်အရေးကိုမျှ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သည့် သဘောဖြစ်သည်၊ ထို့ကြောင့်ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃-က ရှိ "any right in respect of the property" ဟူသော စကားရပ်ပါ "any right" ဆိုသော စကားရပ်တွင် အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ခွင့်လည်း အကျုံးဝင်သည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ရာတွင် ငှားရမ်းသည့် ဥပစာကို ဝယ်ယူထားသူ အိမ်ငှားသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်ကြောင်း ထင်ရှားသည်။

ဦးမောင်ဖြူတို့သည် သက်သေခံအမှတ် (၁) အိမ်ယာမြေအရောင်းအဝယ် စာချုပ်ကို ချုပ်ဆိုပြီးနောက် ပဋိညာဉ်ကို တစ်ပိုင်းတစ်စ ဆောင်ရွက်သည့် အနေဖြင့် လက်ရှိဖြစ်နေသည့် ပစ္စည်းကို ဆက်လက်၍ လက်ရှိထားခဲ့သည်။ အိမ်ငှားအနေဖြင့် အိမ်ရှင်သို့ ပေးရန်ရှိသည့် အိမ်လခများကို မပေးတော့ခြင်း မှာ အရောင်းအဝယ် ပဋိညာဉ်အား ဆက်လက်ဆောင်ရွက်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ဦးမောင်ဖြူတို့သည် ပဋိညာဉ်အရ ဆောင်ရွက်ရန် ရှိသည့် တာဝန်ကို ဆောင်ရွက်ရန် အသင့်ရှိကြောင်းလည်း ပေါ်ပေါက်သည်။

ဦးမောင်ဖြူတို့၏ ဆောင်ရွက်မှုမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃-က တွင် အကျုံးဝင်ရန်လိုအပ်သည့်အင်္ဂါရပ်များနှင့် ပြည့်စုံပြီးဖြစ်သည်။ ထို့ကြောင့် ပုဒ်မ ၅၃-က ပါ အကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်သည်။

ကြားနာလျက်ရှိသော အမှတ် (၂) ပြဿနာနှင့် စပ်လျဉ်း၍ ဦးမောင်ဖြူ တို့သည် ပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိသည်ဟု ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုကာ အယူခံတရားပြိုင် ဒေါ်အေးရင် ခွဲဆိုသည့်အမှုကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်**

+၁၉၉၇
စက်တင်ဘာလ
၁၈ ရက်

ဒေါ်မြသန်းတင်
(ကိုယ်စားလှယ်၊ ဒေါက်တာတင်အုံး)
နှင့်
ဒေါ်ကြူကြူ*
(ကွယ်လွန်သူဒေါ်မြစိန်၏ တရားဝင်ကိုယ်စားလှယ်)
၎င်း၏ ကိုယ်စားလှယ် ဦးကျော်ဇင်

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းနှင့် ၁၂ (၁) (ဂ) တို့အရ အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်လိုမှု၊ မြို့ပြဒေသ၌ တည်ရှိသော အငှားချထား သည့် ဥပစာမှ အိမ်ငှားအား နှင်လိုမှုနှင့် မြို့ပြဒေသမဟုတ်သည့် ကျေးရွာ၌ တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်လိုမှုတို့၏ အမှုဖြစ်အကြောင်းအရာ မြို့ပြဒေသအတွင်းရှိ ဥပစာ တစ်ခုခုမှ အိမ်ငှားအားနှင်ထုတ်ပေးစေလိုမှုနှင့် သက်ဆိုင်သည့် ကာလစည်းကမ်းသတ် ဥပဒေ။**

**ဆုံးဖြတ်ချက်** ။ ။ မြို့ပြဒေသ၌ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေနှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေတို့နှင့် သက်ဆိုင်သည်။ မြို့ပြဒေသမဟုတ်သည့် ကျေးရွာတွင် တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေသက်သက်နှင့်သာ သက်ဆိုင်သည်။ သို့ဖြစ်ရာ

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄၂

\+ ၁၉၉၃ ခုနှစ်၊ တရားမဒုတိယအယူခံအမှုအမှတ် ၁၀ တွင်ချမှတ်သော(၂၀–၁၀–၉၃) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

ယင်းအမှုအမျိုးအစားနှစ်မျိုးတို့၏ အမှုဖြစ် အကြောင်းအရာမှာ ကွဲပြားခြားနားသည်။

မြို့ပြဒေသ၌ တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်လိုမှု၌ အမှုဖြစ်အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တရားပြိုင်သည် တရားလို၏ အိမ်ငှားဖြစ်ခြင်း

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း

(၃) တရားပြိုင်သည် အငှားချထားသည့် ဥပစာမှ ဖယ်ရှားမပေးခြင်း

(၄) ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ) ပါ ကိစ္စတစ်ရပ်ရပ် သို့မဟုတ် ကိစ္စရပ်များပေါ်ပေါက်ခြင်း

မြို့ပြဒေသ မဟုတ်သည့် ကျေးရွာတွင် တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှု၌ အမှုဖြစ် အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တရားပြိုင်သည် တရားလို၏ အိမ်ငှားဖြစ်ခြင်း

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း

(၃) တရားပြိုင်သည် အငှားချထားသည့် ဥပစာမှ ဖယ်ရှားမပေးခြင်း။

အထက်ဖော်ပြပါနှင်လိုမှုနှစ်မျိုးအနက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင်သည့် အငှားချထားသော ဥပစာမှ အိမ်ငှားအား နှင်လိုမှုတွင် ပေါ်ပေါက်သော အမှုဖြစ် အကြောင်းခြင်းရာမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေသက်သက်နှင့် သက်ဆိုင်သည့် အငှားချထားသော ဥပစာမှ အိမ်ငှားအား နှင်လိုမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာထက် ပိုမိုကျယ်ဝန်းကြောင်း ပေါ်ပေါက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၉ နှင့် သက်ဆိုင်သည်ဆိုခြင်းမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ မှန်ကန်သည်။ အကယ်၍ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) သို့မဟုတ်

၁၉၉၇
ဒေါ်မြသန်းတင်
နှင့်
ဒေါ်ကြူကြူ

၁၂ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိခဲ့လျှင် အိမ်ရှင်သည် အိမ်ငှားအား ငှားရမ်းခြင်းကို ရပ်စဲပြီးနောက် ၁၂ နှစ်အတွင်း တရားစွဲဆိုခွင့် ရှိသည်။ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) အရ အိမ်ရှင်က အိမ် ငှားအား နှင်ထုတ်ခွင့်ကို ကန့်သတ် လိုက်ရာ ပုဒ်မ ၁၂ (၁) (က) မှ (စ) တွင် ဖော်ပြထားသော ကိစ္စ တစ်ရပ်ရပ် အတွက်မှတစ်ပါး အိမ်ငှားအား ဖယ်ရှားခွင့် မရှိသည်မှာ ပြဋ္ဌာန်းချက်အရ ထင်ရှားသော အချက်ဖြစ်သည်။ မြို့ပြဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုရာ၌ အိမ်ရှင်မှ ငှားရမ်းခြင်း ရပ်စဲလိုက်ရုံမျှဖြင့် မလုံလောက်ပေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ) တွင် ဖော်ပြထားသည့်ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ရန်လိုသေးသည်။

ယင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပြီးနောက် မည်သည့်ကာလအတွင်း ယင်းကိစ္စအတွက် [၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) သို့မဟုတ် ၁၂ (၁) (ဂ) ပါကိစ္စ] အိမ်ငှားအား တရားစွဲဆိုနှင်ထုတ်ရမည်ကို ကာလစည်းကမ်းသတ် ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ယေဘုယျပြဋ္ဌာန်းချက် ဖြစ်သည့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်ကြောင်း ယုံမှားသံသယ်မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ မြို့ပြဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ နှင့်လည်း သက်ဆိုင်သည်ဟု ကောက်ယူရာ၌ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၃၉ တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ချုပ်စစ်ခြင်း မဟုတ်ပေ။ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) ပါ ပြဋ္ဌာန်းချက်များက အိမ်ငှားအား နှင်ထုတ်ခွင့် ကန့်သတ်လိုက်ရာ၌ ယင်း ကန့်သတ်ချက်များအတွက် စည်းကမ်းသတ်ကာလကို သတ်မှတ်ရခြင်း ကြောင့်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးမင်းလွင်၊ တရားရုံးချုပ်ရှေ့နေ

၁၉၉၇
ဒေါ်မြသန်းတင်
နှင့်
ဒေါ်ကြူကြူ

ရန်ကုန်တိုင်း မြို့နယ်တရားရုံး (တရားမ) ၁၉၉၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၉ တွင် အယူခံတရားလို ဒေါ်မြသန်းတင်က မူလမှု အတော အတွင်း ကွယ်လွန်သူဒေါ်မြစိန်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယအပိုင်း) နှင့် ၁၂ (၁) (ဂ) တို့အရ အငှားချထားသည့် ဥပစာမှ နှင်လိုမှု စွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်မြစိန်ကွယ်လွန်သွားသဖြင့် ဒေါ်ကြူကြူအား ကွယ်လွန်သူ ဒေါ်မြစိန်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းသည်။ မြို့နယ်တရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း သုံးသပ်၍ ဒေါ်မြသန်းတင်စွဲဆိုသော အမှုကို ပလပ်သည်။ ဒေါ်မြသန်းတင်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်ရောက်ရာတွင်လည်း မအောင်မြင်ခဲ့ပေ။ တရားရုံး ချုပ်သို့ ထပ်မံအယူခံဝင်ရောက်ရာတွင်လည်း ဆက်လက် အရေးနိမ့်သည်။ ဒေါ်မြသန်းတင်က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ် တရားမ အထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၀၉ တွင် လျှောက်ထားသော အခါ တရားရုံးချုပ်က အောက်ပါပြဿနာကို စိစစ်ကြားနာရန်အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

> "အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုအတွက် စည်းကမ်းသတ်ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၉ တွင် သီးခြားပြဋ္ဌာန်းထားပြီးဖြစ်၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ၁၂ (၁) (ဂ) တို့အရ စွဲဆိုသော အမှုမှာ အမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်ကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်မှာ မှန်မမှန်"

အယူခံတရားလို၏ရှေ့နေက ကာလစည်းကမ်းသတ်အက်ဥပဒေ နောက်ဆက်တွဲ ဇယား ၁ အပိုဒ် ၁၃၉ တွင် အိမ်ရှင်က အိမ်ငှားထံမှ ပြန်လည်လက်ရောက်ရယူရန် တရားစွဲဆိုသည့်အခါ ငှားရမ်းခြင်း ရပ်စဲပြတ်တောက်သည့်အချိန်မှစ၍ ၁၂ နှစ်အတွင်း စွဲဆိုရန် ပြဋ္ဌာန်းထားကြောင်း၊ အပိုဒ် ၁၂၀ တွင် အခြားသီးခြား ပြဋ္ဌာန်းချက်မရှိပါမှ ဤအပိုဒ်ကို ကျင့်သုံးရန်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေတွင် ယင်းဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ)

တွင် ဖော်ပြထားသော ကိစ္စများမှတစ်ပါး အိမ်ငှားအားနှင်ထုတ်သည့် ဒီကရီ မချမှတ်ရဟု တားမြစ်ထားကြောင်း၊ ပုဒ်မ ၁၂ (၁) (က) မှ (စ) ပါ ကိစ္စများသည် အိမ်ငှားအား နှင်ခွင့်ရစေသည့် အကြောင်းများ မဟုတ်ကြောင်း၊ အိမ်ငှားအားနှင်ခွင့်ရရှိစေသည်မှာ ငှားရမ်းခြင်းကို ရပ်စဲသည့် နို့တစ်စာဖြစ်ကြောင်း၊ ငှားရမ်းသူထံမှ အငှားချထားသူက မိမိ၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြန်ရလိုလျှင် ငှားရမ်းခြင်း ရပ်စဲသည့် အခါမှစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရန်ဖြစ်သည်ဟု ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အမှတ်စဉ် ၁၃၉ တွင် ပြဋ္ဌာန်းထားပါလျက် အမှတ်စဉ် ၁၂၀ အရ ၆ နှစ်အတွင်း တရားစွဲဆိုရမည်ဟု တရားရုံးချုပ်က သုံးသပ်ထားခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေသည် ဝေးလံသည့် ဒေသများမှအပ မြန်မာတပြည်လုံးတွင် အကျိုးသက်ရောက်ကြောင်း ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ (ဇ) အရ ငှားရမ်းခြင်း ရပ်စဲကြောင်း အကြောင်းကြားစာပေးပို့ပြီးနောက် အိမ်ငှားအား ဖယ်ရှားပေးစေရန် တရားစွဲဆိုခွင့်ရှိကြောင်း၊ ထို့ကြောင့် ကာလစည်းကမ်းသတ် ဥပဒေပထမဇယား အမှတ်စဉ် ၁၃၉ တွင်ငှားယူသူထံမှ အငှားချထားသူက မိမိ၏ မရွှေ့မပြောင်းနိုင်သည့် အငှားပစ္စည်းကို ပြန်ရလိုမှုတွင် ငှားယူခြင်း ရပ်စဲသည့်အခါကစ၍ ၁၂ နှစ် တရားစွဲဆိုရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပြဋ္ဌာန်းပြီးသည့်အခါတွင် အိမ်ရှင်သည် အိမ်ငှားအား မိမိငှားရမ်းထားသည့် ဥပစာမှ နှင်ထုတ်လိုသည့်အခါ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ (ဇ) နှင့် ၁၁၆ တို့အရ အကြောင်းကြားစာ ပေးပို့၍ ငှားရမ်းခြင်း ရပ်စဲစေရုံမျှနှင့် မလုံလောက်တော့ကြောင်း မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ)အထိ အကြောင်းကိစ္စများ ပေါ်ပေါက်မှသာ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ခွင့်ရှိကြောင်း၊ ထို့ကြောင့် ယင်းဥပဒေပုဒ်မ ၁၂ (၁)(က)(ဒုတိယပိုင်း) နှင့် ၁၂ (၁) (ဂ) တို့အရ စွဲဆိုမှုများတွင် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ အရ တရားစွဲဆိုပိုင်ခွင့်ရရှိသည့်အခါကစ၍ ၆ နှစ် အတွင်း စွဲဆိုရန် လိုအပ်ခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်မှာ ထင်ရှားကြောင်း လျှောက်လဲ တင်ပြသည်။

၁၉၉၇
ဒေါ်မြသန်းတင်
နှင့်
ဒေါ်ကြူကြူ

မြို့ပြဒေသ၌ တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေနှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေတို့နှင့် သက်ဆိုင်သည်။ မြို့ပြဒေသမဟုတ်သည့် ကျေးရွာတွင် တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေသက်သက်နှင့်သာ သက်ဆိုင်သည်။ သို့ဖြစ်ရာ ယင်းအမှုအမျိုးအစားနှစ်မျိုးတို့၏ အမှုဖြစ်အကြောင်းအရာမှာ ကွဲပြားခြားနားသည်။

မြို့ပြဒေသ၌တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်လိုမှု၌ အမှုဖြစ် အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တရားပြိုင်သည် တရားလို၏ အိမ်ငှားဖြစ်ခြင်း

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း

(၃) တရားပြိုင်သည် အငှားချထားသည့် ဥပစာမှ ဖယ်ရှားမပေးခြင်း

(၄) ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ) ပါ ကိစ္စတစ်ရပ်ရပ် သို့မဟုတ် ကိစ္စရပ်များ ပေါ်ပေါက်ခြင်း။

မြို့ပြဒေသမဟုတ်သည့် ကျေးရွာတွင် တည်ရှိသော အငှားချထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှု၌ အမှုဖြစ် အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တရားပြိုင်သည် တရားလို၏ အိမ်ငှားဖြစ်ခြင်း

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း

(၃) တရားပြိုင်သည် အငှားချထားသည့် ဥပစာမှ ဖယ်ရှား မပေးခြင်း။

အထက်ဖော်ပြပါနှင်လိုမှု နှစ်မျိုးအနက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင်သည့် အငှားချထားသော ဥပစာမှ အိမ်ငှားအား နှင်လိုမှုတွင် ပေါ်ပေါက်သော အမှုဖြစ်အကြောင်းခြင်းရာမှာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေသက်သက်နှင့် သက်ဆိုင်သည့် အငှားချထားသော ဥပစာမှ အိမ်ငှားအား နှင်လိုမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာထက် ပိုမိုကျယ်ဝန်းကြောင်း ပေါ်ပေါက်သည်။

တရားမမှုတစ်မှုကို အချင်းဖြစ် အကြောင်းအရာပေါ်ပေါက်မှ တရားစွဲဆိုနိုင်သည်။ အချင်းဖြစ်အကြောင်းအရာဆိုသည်မှာ တရားလို အနေဖြင့်

အမှုတွင် အနိုင်ရရှိနိုင်ရန်အလို့ငှာ သက်သေထူဖို့လိုအပ်သည့် အရေးကြီးသော အကြောင်းခြင်းရာစုဖြစ်သည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၉ တွင် အိမ်ရှင်က အိမ်ငှားထံမှ ငှားရမ်းထားသော ဥပစာကို ပြန်လည်ရယူလိုပါက ငှားရမ်းခြင်းကို ရပ်စဲလိုက်သည့်အချိန်မှ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။

အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၉ နှင့် သက်ဆိုင်သည်ဆိုခြင်းမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ မှန်ကန်သည်။ အကယ်၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) သို့မဟုတ် ၁၂ (၁) (ဂ) ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိခဲ့လျှင် အိမ်ရှင်သည် အိမ်ငှားအား ငှားရမ်းခြင်းကို ရပ်စဲပြီးနောက် ၁၂ နှစ်အတွင်း တရားစွဲဆိုခွင့်ရှိသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) အရ အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်ခွင့်ကို ကန့်သတ်လိုက်ရာ ပုဒ်မ ၁၂ (၁) (က) မှ (စ) တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်အတွက်မှတစ်ပါး အိမ်ငှားအား ဖယ်ရှားခွင့် မရှိသည်မှာ ပြဋ္ဌာန်းချက်အရ ထင်ရှားသော အချက်ဖြစ်သည်။

မြို့ပြဆိုင်ရာ ဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုရာ၌ အိမ်ရှင်မှ ငှားရမ်းခြင်းကို ရပ်စဲလိုက်ရုံမျှဖြင့် မလုံလောက်ပေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ) တွင် ဖော်ပြထားသည့် ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ရန်လိုသေးသည်။

ယင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပြီးနောက် မည်သည့် ကာလအတွင်း ယင်းကိစ္စအတွက် (၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) သို့မဟုတ် ၁၂ (၁) (ဂ) ပါကိစ္စ) အိမ်ငှားအား တရားစွဲဆိုနှင်ထုတ်ရမည်ကို ကာလစည်းကမ်းသတ် ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ယေဘုယျပြဋ္ဌာန်းချက် ဖြစ်သည့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်ကြောင်း ယုံမှားသံသယမရှိပေ။

မြို့ပြဆိုင်ရာ ဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်

ပေးစေလိုမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၉ နှင့် သက်ဆိုင်သည်ဆိုပါက ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ၁၂ (၁) (ဂ) ပါ ကိစ္စတစ်ရပ်ရပ်အတွက် တရားစွဲဆိုရန် စည်းကမ်းသတ်ကာလ သတ်မှတ်မထားရာ ရောက်ပေလိမ့်မည်။ ထိုသို့ဆိုလျှင် နှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သော ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ၁၂ (၁) (ခ) ပါ ကိစ္စတစ်ရပ်ရပ်အတွက် ငှားရမ်းခြင်းကို ရပ်စဲသည့် နို့တစ်စာပေးပို့ပြီးနောက် အိမ်ငှားအား နှင်ထုတ်ရန် တရားစွဲဆိုလျှင် လက်ခံခွင့်ပြုရမည့် အခြေအနေမျိုးရောက်ရှိနိုင်သည်။

ဤကဲ့သို့ အကန့်အသတ်မရှိ တရားစွဲဆိုခြင်းမျိုး မပြုနိုင်စေရန် စည်းကမ်းသတ်ကာလ အပိုင်းအခြား ပြဋ္ဌာန်းမထားသည့် တရားမကြီးမှုမျိုးအတွက် ကာလစည်းကမ်းသတ် ပထမဇယားအမှတ်စဉ် ၁၂၀ ကို ပြဋ္ဌာန်းထားရခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေအရ စွဲဆိုသည့် အမှုများတွင်လည်း ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ (တ) အရ အိမ်ငှားတာဝန်ကို ဖောက်ဖျက်သည့် ကိစ္စမျိုးရှိနိုင်ကြောင်း၊ ယင်းအမှုမျိုးတွင် အဆိုပါ ဖောက်ဖျက်မှုအတွက် စည်းကမ်းသတ်ကာလ သတ်မှတ်ထားခြင်း မရှိဘဲ ငှားရမ်းခြင်းကို ဖြတ်တောက်ရပ်စဲပြီး ကာလစည်းကမ်းသတ် ဥပဒေနောက်ဆက်တွဲ ဇယား ၁ အမှတ်စဉ် ၁၃၉ နှင့်အညီ ငှားရမ်းခြင်း ဖြတ်တောက်ရပ်စဲသည့်နေ့မှစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုနိုင်ကြောင်း၊ အိမ်ငှားတာဝန်ဖောက်ဖျက်မှုအတွက် အမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်သည်ဟု ထုံးဖွဲ့ထားသည့် စီရင်ထုံးမရှိကြောင်း လျှောက်လဲတင်ပြသည်။

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့် သက်ဆိုင်သည့် အငှားချထားသော ဥပစာမှ အိမ်ငှားအားနှင်လိုမှုတွင် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၁၁ နှင့်အညီ ငှားရမ်းခြင်းကိုရပ်စဲပြီးနောက် အိမ်ရှင်ကအိမ်ငှားအပေါ် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ပြီဖြစ်သည်။ ယင်းအမှုမျိုးတွင် အိမ်ငှားတာဝန် ဖောက်ဖျက်မှုသည် အမှုဖြစ်အကြောင်းအရာမဟုတ်ပေ။ ထိုအမှုသည် ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၁၃၉ တွင် အလုံးစုံ အကျုံးဝင်သည်ဖြစ်၍ အမှတ်စဉ် ၁၂၀ နှင့် မသက်ဆိုင်တော့ခြင်းဖြစ်သည်။

မြို့ပြဒေသအတွင်းရှိ ဥပစာတစ်ခုခုမှ အိမ်ငှားအား နှင်ထုတ်ပေးစေရန် စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား

အမှတ်စဉ် ၁၂၀ နှင့်လည်း သက်ဆိုင်သည်ဟု ကောက်ယူရာ၌ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၉ တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ် ကာလကို ချုပ်စစ်ခြင်း မဟုတ်ပေ။ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) ပါ ပြဋ္ဌာန်းချက်များက အိမ်ငှားအား နှင်ထုတ်ခွင့်ကို ကန့်သတ်လိုက်ရာ၌ ယင်းကန့်သတ်ချက်များအတွက် စည်းကမ်းသတ်ကာလကို သတ်မှတ်ရခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာနှင့် စပ်လျဉ်း၍ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုအတွက် စည်းကမ်းသတ်ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၉ တွင် သီးခြားပြဋ္ဌာန်းပြီးဖြစ်သော်လည်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ၁၂ (၁) (ဂ) တို့ အရ စွဲဆိုသော အမှုမှာ အမှတ်စဉ် ၁၂၀ နှင့်လည်း သက်ဆိုင်ကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ခြင်းမှာ မှားယွင်းမှု မရှိကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံ မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/– သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဒေါ်မြမြ
နှင့်
ဦးမောင်မောင်ရွှေ*

+ ၁၉၉၇
မတ်လ
၁၃ ရက်

**"သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားလိုပိုင် အိမ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု–"**
**လက်ရှိထားပိုင်ခွင့် (Possessory title) ကို တရားရုံးများက အသိအမှတ် ပြုခြင်း၊ မြေလက်ရှိဖြစ်သူသည် သီးခြားသက်သာခွင့် အက်ဥပဒေအရ လက်ရောက်ရလိုမှု စွဲဆိုနိုင်ခြင်း၊ ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုလည်း စွဲဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မြန်မာနိုင်ငံရှိ တရားရုံးများသည် လက်ရှိထားပိုင်ခွင့် (Possessory title) ကို တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြောင်း ၁၉၂၂ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည့် **မစောနှင့် မောင်ရွှေဂန်အမှု**၌ ဖော်ပြခဲ့ပြီး ယင်းမူကို အစဉ်တစိုက် လိုက်နာခဲ့ကြသည်။ **အဒမ်မီးယားရားနှင့်အီဆွတ်အမှု မောင်မြသန်းပါ၂ နှင့် ဦးထွန်းတင်အမှု ဒေါ်တင်ကြည်ပါ၆ နှင့် ဦးစိုးဝင်းအမှု** တို့ကို ကြည့်ပါ။

ပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာမရှိဘဲ ပစ္စည်းလက်ရှိ ဖြစ်သူသည် ထိုပစ္စည်းတွင် ဆိုင်ရေးဆိုင်ခွင့် (interest) ရှိ၍ ထိုဆိုင်ရေးဆိုင်ခွင့်ကို အမွေဆက်ခံရရှိသည်။ ထိုဆိုင်ရေးဆိုင်ခွင့်မှာ ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သောသူတို့အပေါ် ခိုင်မာသည်။ မစောနှင့် မောင်ရွှေဂန်အမှုကို ရည်ညွှန်းသည်။

---

*. ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှု အမှတ် ၁၀၉

\+ ၁၉၉၂ ခုနှစ်၊တရားမဒုတိယအယူခံမှု အမှတ်၁၇၉တွင်ချမှတ်သော(၁၁–၈–၉၃) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

ပိုင်ရှင်အသွင်ဖြင့် မြေလက်ရှိဖြစ်ပြီး ပိုင်ရှင်၏ သာမန်အခွင့်အရေးကို သုံးစွဲနေထိုင်သူတစ်ဦးသည် ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သော သူတို့နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် အခိုင်အမာရှိသည်။ ပိုင်ရှင်မဟုတ်သော အခြားသူက ထိုသို့ လက်ရှိထားခြင်းကို အနှောက်အယှက်ပြုလာလျှင် လက်ရှိထား သူသည် သီးခြားသက်သာခွင့် အက်ဥပဒေအရ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးကို ရထိုက်ခွင့်ရှိသူတစ်ဦးသည် ၎င်း၏ အခွင့်အရေးကို ငြင်းဆိုသူအပေါ် တရားစွဲဆိုနိုင်ကြောင်း၊ တရားရုံးသည် ထိုသို့ ရထိုက်ခွင့်ရှိကြောင်း မိမိသဘောအတိုင်း မြွက်ဟကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပစ္စည်းကို လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုသည် ပစ္စည်းနှင့် ပတ်သက်ရာ အခွင့်အရေး (right in relation to the property) ဖြစ်၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ နှင့် အကျုံးဝင်သည်။

သို့ဖြစ်ရာ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုနိုင်သည်ဟု ကြားနာလျှက်ရှိသည့် ပြဿနာ၏ တစ်စိတ်တစ်ပိုင်းကို ဖြေဆိုလိုက်သည်။

အယူခံတရားလိုအတွက် – ဦးကြည်ဝင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးထွန်းကြည်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း မြို့နယ်တရားရုံး (တရားမ) ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၈၂ တွင် အယူခံတရားလို ဒေါ်မြမြက အယူခံတရားပြိုင် ဦးမောင်မောင်ရွှေအပေါ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန် ရပ်ကွက်၊ ချမ်းသာလမ်း၊ အိမ်အမှတ် ၂၀ သည် တရားလိုပိုင်အိမ်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု စွဲဆိုသည်။ မြို့နယ်တရားရုံးက ဒေါ်မြမြစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ဦးမောင်မောင်ရွှေက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ်သို့ ဆက်လက်

အယူခံသည်။ တရားရုံးချုပ်က တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး ဒေါ်မြမြစွဲဆိုသော အမှုကို ပလပ်သည်။ ဒေါ်မြမြက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးပါရန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ လျှောက်ထားရာ တရားရုံးချုပ်အထူးခုံရုံးက အောက်ပါ ပြဿနာကို စိစစ်ကြားနာရန် အထူး အယူခံဝင်ခွင့်ပြုခဲ့သည်–

"တရားရုံးချုပ်က အချင်းဖြစ်နေအိမ် အဆောက်အအုံကို လျှောက်ထားသူ၏ ဖခင် ဦးထွန်းတင်မှ ဝယ်ယူခဲ့ကြောင်း အထောက်အထား မရှိဟူ၍ လည်းကောင်း၊ ဥပဒေအရ မြွက်ဟကြေညာပေးစေလိုမှုကို မြွက်ဟပေးနိုင်ခြင်း မရှိဟူ၍လည်းကောင်း သုံးသပ်ပြီး မူလမြို့နယ်တရားရုံးနှင့် တိုင်းအယူခံတရားရုံးတို့က ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိမရှိ"

အယူခံတရားလို၏ ရှေ့နေက မူလအမှုစစ်ရုံးနှင့် ပထမအယူခံရုံးတို့က အချင်းဖြစ် ပစ္စည်းသည် ဦးထွန်းတင် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ပစ္စည်းဖြစ်သည့်အတွက် ဒေါ်မြမြသည် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ပြီး ဖြစ်ကြောင်း ဒုတိယအယူခံရုံးသည် အောက်ရုံးနှစ်ရုံး၏ သုံးသပ်ချက် ဆုံးဖြတ်ချက်များကို ထည့်သွင်းသုံးသပ်မှု မပြုခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ၏ အမည်ငှားစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်လေ့ရှိသည့် ဓလေ့၊ သီးခြားသက်သာခွင့် အက်ဥပဒေနှင့် သက်သေခံအက်ဥပဒေ၏ မူသဘောတို့ကို အဟောသိကံပြုလုပ်ရာရောက်ကြောင်း၊ အယူခံတရားလို ဒေါ်မြမြသည် လက်ရှိ လက်ဝယ်ရထားသူဖြစ်၍ မြွက်ဟကြေငြာချက်ကို စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိဖြစ်သော ပစ္စည်းပေါ်၌ ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဖော်ချက် ဒီကရီချမှတ်နိုင်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေကအချင်းဖြစ်အိမ်ကို အယူခံတရားလိုဒေါ်မြမြ ပိုင်ဆိုင်ကြောင်းမဆိုထားနှင့် ၎င်း၏ဖခင်ပင်ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း အထောက်အထား သက်သေခံတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိ၍ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာပေးစေလိုမှု မစွဲဆိုနိုင်ကြောင်း လျှောက်လဲတင်ပြသည်။

ဒေါ်မြမြက အချင်းဖြစ်အိမ်ကို ၁၉၇၂ ခုနှစ်ခန့်မှစ၍ ဖခင်ဖြစ်သူ ဦးထွန်းတင် လက်ရှိ ပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးထွန်းတင် ကွယ်လွန်သည့်အခါ တစ်ဦးတည်းသော သမီးဖြစ်သူ တရားလိုက အမွေဆက်ခံပိုင်ဆိုင်ကြောင်း

၁၉၉၇
ဒေါ်မြမြ
နှင့်
ဦးမောင်မောင်ရွှေ

အဆိုပြု၍ အချင်းဖြစ်အိမ်သည် တရားလိုပိုင်အိမ်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

ဦးမောင်မောင်ရွှေက အချင်းဖြစ် အိမ်ကို ဦးထွန်းတင် မပိုင်၊ တရားပြိုင်တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း ထုချေသည်။

အချင်းဖြစ် အိမ်၏ မူလ ပိုင်ရှင်မှာ ဦးအေး၊ ဒေါ်စိန်ခင်ဖြစ်သည်။ ဦးအေး၊ ဒေါ်စိန်ခင်တို့က အချင်းဖြစ်အိမ်ကို သက်သေခံအမှတ် (၁) အိမ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးမောင်မောင်ရွှေသို့ ရောင်းချခဲ့သည်။ ဒေါ်မြမြက အဆိုပါ စာချုပ်မှာ ဟန်ဆောင်စာချုပ်သာဖြစ်ပြီး အမှန်တကယ် ဝယ်ယူသူမှာ ဦးထွန်းတင်သာဖြစ်ကြောင်း သက်သေထင်ရှားတင်ပြသည်။

သက်သေခံ အမှတ် (၁) စာချုပ်မှာ အိမ်အရောင်းအဝယ် ကတိစာချုပ်သာ ဖြစ်သည်။ ယင်းစာချုပ်အရ ဝယ်ယူသူအစစ်မှာ ဦးထွန်းတင်ဖြစ်စေ၊ ဦးမောင်မောင်ရွှေဖြစ်စေ၊ အရောင်းစာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ဦးထွန်းတင်သော်လည်းကောင်း၊ ဦးမောင်မောင်ရွှေသော်လည်းကောင်း အချင်းဖြစ်အိမ်၏ ပိုင်ရှင်ဖြစ်မလာနိုင်ပေ။

သို့ရာတွင် ဦးထွန်းတင်သည် အချင်းဖြစ် အိမ်ကို လက်ရှိဖြစ်ခဲ့သည်မှာ အငြင်းမပွားသည့် အချက်ဖြစ်သည်။

မြန်မာနိုင်ငံရှိ တရားရုံးများသည် လက်ရှိထားပိုင်ခွင့် (possessory title) ကို တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြောင်း၊ ၁၉၂၂ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည့် **မစောနှင့် မောင်ရွှေဂန်အမှု**(၁) ၌ ဖော်ပြခဲ့ပြီး ယင်းမူကို အစဉ်တစိုက်လိုက်နာခဲ့ကြသည်။ **အဒမ်မီးယားရားနှင့် အီဆွတ်အမှု**(၂)၊ **မောင်မြသန်းပါ၂ နှင့် ဦးထွန်းတင်အမှု**(၃) **ဒေါ်တင်ကြည်ပါ၆ နှင့် ဦးစိုးဝင်းအမှု**(၄) တို့ကို ကြည့်ပါ။

ပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာမရှိဘဲ ပစ္စည်းလက်ရှိဖြစ်သူသည် ထိုပစ္စည်းတွင် ဆိုင်ရေးဆိုင်ခွင့် (interest) ရှိ၍ ထိုဆိုင်ရေးဆိုင်ခွင့်ကို အမွေဆက်ခံခွင့် ရှိသည်။ ထိုဆိုင်ရေး ဆိုင်ခွင့်မှာ ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သောသူတို့အပေါ် ခိုင်မာသည်။ **မစောနှင့် မောင်ရွှေဂန်အမှု**(၅) ကို ရည်ညွှန်းသည်။

(၁) အောက်မြန်မာနိုင်ငံစီရင်ထုံးအတွဲ ၁၁ စာ ၄၁၅
(၂) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၄၁၁
(၃) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၇၀၈
(၄) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၂၈
(၅) အောက်မြန်မာနိုင်ငံတရားစီရင်ထုံးအတွဲ ၁၁ စာ ၄၁၅ (၄၁၆)

ပိုင်ရှင်အသွင်ဖြင့် မြေလက်ရှိဖြစ်ပြီး ပိုင်ရှင်၏ သာမန်အခွင့်အရေးကို သုံးစွဲနေထိုင်သူတစ်ဦးသည် ပိုင်ရှင်အစစ်မှတပါး ခပ်သိမ်းကုန်သောသူတို့ နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် အခိုင်အမာရှိသည်။ ပိုင်ရှင်မဟုတ်သော အခြားသူက ထိုသို့ လက်ရှိထားခြင်းကို အနှောက်အယှက်ပြုလာလျှင် လက်ရှိထားသူသည် သီးခြားသက်သာခွင့် အက်ဥပဒေအရ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်သည်။

**ဒေါ်ငနီလွယ်ပါ၈ နှင့် ဒေါ်ပွဲလျှန်ပါ၃ အမှု**[၁] တွင် ၁၂ နှစ်ကျော်ဆန့်ကျင်လက်ရှိထားသည် ဆိုရုံမျှဖြင့် လက်ရှိထားသူတွင် ပိုင်ရေးပိုင်ခွင့် မရှိကြောင်း၊ ပိုင်ရေးပိုင်ခွင့် မရှိသူက စွဲဆိုသောအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၌ အကျုံးမဝင်ကြောင်း ထုံးဖွဲ့ထားသည်။

ယင်းအမှုတွင် ပိုင်ရှင်ရှိနေသည်ဖြစ်၍ လက်ရှိထားသူအနေဖြင့် ပိုင်ရေးပိုင်ခွင့်မရနိုင်ကြောင်း ထုံးဖွဲ့ထားခြင်းဖြစ်သည်။ ယခုအမှုနှင့် ဖြစ်ရပ်ခြင်းမတူချေ။ ယခုအမှုတွင် ဦးမောင်မောင်ရွှေသည် အချင်းဖြစ် အိမ်ပိုင်ဆိုင်ခြင်းမရှိပေ။ သက်သေခံအမှတ် (၁) အရောင်းအဝယ် ကတိစာချုပ်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ တို့အရ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အဖြစ် ချုပ်ဆိုရခြင်းမရှိသေးသဖြင့် ဦးမောင်မောင်ရွှေသည် ပိုင်ရှင်မဖြစ်သေးသောကြောင့် ဦးထွန်းတင်ထက်သာသည့် အခွင့်အရေးရရှိသည်ဟု မဆိုနိုင်ပေ။

ဤအခြေအနေတွင် အချင်းဖြစ်အိမ်ကို လက်ရှိဖြစ်သူ ဦးထွန်းတင်အနေဖြင့် လက်ရှိထားပိုင်ခွင့် (possessory title) ရရှိမည်ဖြစ်သည်။ ဒေါ်မြမြသည် ဦးထွန်းတင်၏ လက်ရှိထားပိုင်ခွင့်ဆိုင်ရေး ဆိုင်ခွင့်ကို အမွေဆက်ခံရရှိသည်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးကို ရထိုက်ခွင့်ရှိသူတစ်ဦးသည် မိမိ၏ အခွင့်အရေးကို ငြင်းဆိုသူအပေါ် တရားစွဲဆိုနိုင်ကြောင်း၊ တရားရုံးသည် ထိုသို့ရထိုက်ခွင့်ရှိကြောင်း မိမိသဘောအတိုင်း မြွက်ဟကြေငြာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပစ္စည်းကို လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေငြာပေးစေလိုမှုသည် ပစ္စည်းနှင့် ပတ်သက်ရာ အခွင့်အရေး (right in relation to the property) ဖြစ်၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ နှင့် အကျုံးဝင်သည်။

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၉၂

သို့ဖြစ်ရာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေငြာပေးစေလိုမှု စွဲဆိုနိုင်သည်ဟု ကြားနာလျှောက်ရှိသည့် ပြဿနာ၏ တစ်စိတ်တစ်ပိုင်းကို ဖြေဆိုလိုက်သည်။

သို့ရာတွင် အယူခံတရားလို ဒေါ်မြမြတောင်းခံသည့် သက်သာခွင့်မှာ ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေငြာပေးရန် သက်သာခွင့် မဟုတ်၊ အချင်းဖြစ်အိမ်သည် တရားလို ဒေါ်မြမြပိုင်အိမ်ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးရန် တရားစွဲဆိုခြင်းဖြစ်သည်။

တရားလိုပိုင် အိမ်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလိုလျှင် တရားလိုက အချင်းဖြစ် အိမ်ကိုပိုင်ကြောင်းကို သက်သေထင်ရှားပြသရပေမည်။ တရားလို ပိုင်ကြောင်းကို သက်သေထင်ရှား မပြနိုင်၍ အယူခံတရားလို စွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

**ဒေါ်ကြည်နှင့် ဒေါ်ပုပါ-၇ အမှု**(၁) မှာ အဖွားဖြစ်သူပိုင်ဆိုင်ခဲ့သည့် မြေကွက်ကို အမွေဆက်ခံခွင့်ရှိသူ အမွေဆိုင်က ၎င်းလက်ရှိဖြစ်သော ပစ္စည်းအား ခွဲဝေပေးရန် တောင်းဆိုခြင်း မပြုစေကာမူ ထိုပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဖော်ချက် ဒီကရီချပေးနိုင်သည်ဟု ထုံးဖွဲ့ထားခြင်း ဖြစ်သည်။ ယခုအမှုမှာ အချင်းဖြစ်ပစ္စည်းကို အယူခံတရားလို ဒေါ်မြမြ ၏ ဖခင် ဦးထွန်းတင် မပိုင်သဖြင့် အထက်ပါ စီရင်ထုံးနှင့် ဖြစ်ရပ်ခြင်း မတူပေ။

ထို့ကြောင့် တရားရုံးချုပ်က မူလမြို့နယ် တရားရုံးနှင့် တိုင်းအယူခံ တရားရုံးတို့က ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု ယခုကြားနာသည့် ပြဿနာကို ဖြေဆိုလိုက်သည်။

ဤအထူးအယူခံကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/-သတ်မှတ်သည်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၁၇၉

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

ဦးမြဝေပါ (၂)
နှင့်
ဒေါ်တင်မြင့်မော်*

+ ၁၉၉၇
စက်တင်ဘာလ
၄ ရက်

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅၊ အယူခံဝင်ခွင့် မရှိသော ပဏာမငြင်းချက် အပေါ် ဆုံးဖြတ်ချက်ကို ပြင်ဆင်မှု မတင်သွင်းလင့်ကစား အပြီးသတ် ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု တင်သွင်းရာတွင် တင်ပြခွင့်ရှိခြင်း**

**ဆုံးဖြတ်ချက်** ။ ။ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ပဏာမငြင်းချက်ကို မူလရုံးက ဦးစွာ ကြားနာ၍ ၂၇-၉-၉၃ နေ့ကပင် တရားလိုဘက်သို့ အသာပေးဖြေဆို၍ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုခြင်း မမှန်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ယင်းဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ တရားပြိုင်များက အထက်ရုံးသို့တက်၍ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်း မရှိသဖြင့် အဆိုပါ ဆုံးဖြတ်ချက်မှာ ယနေ့တိုင် အတည်ဖြစ်လျက်ရှိကြောင်း အငြင်းမထွက်ချေ။ သို့သော် ယခုပြင်ဆင်မှုတွင်အဆိုပါ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှန်ကန်မှု မရှိကြောင်း ပြင်ဆင်မှု အကြောင်းပြချက် တစ်ရပ်အဖြစ် တင်ပြထားသဖြင့် ယင်းအချက်ကို လက်ခံစိစစ်ဆုံးဖြတ်ပိုင်ခွင့် ရှိမရှိ ဦးစွာ စိစစ်ဖို့လိုမည် ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် တရားရုံးချုပ်သည် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးရုံးက ဆုံးဖြတ်ခဲ့၍ မိမိတရားရုံးသို့ အယူခံဝင်ခွင့် မရှိသောအမှုတစ်မှု၏ အမှုတွဲကို တောင်းယူ၍ လက်အောက်ခံတရားရုံးသည်-

(က) ယင်းတရားရုံးအား ဥပဒေက အပ်နှင်းခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို

---

* ၁၉၉၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၃

\+ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၂ တွင် ချမှတ်သော ၂၄-၁၂-၉၆ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး (တရားမ) ၏ စီရင်ချက်နှင့် ဒီကရီကို လျှောက်ထားမှု

ကျင့်သုံးခဲ့ကြောင်း သို့မဟုတ်

(ခ) ထိုသို့ အပ်နှင်းထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုခဲ့ကြောင်း သို့မဟုတ်

(ဂ) မိမိ၏ စီရင်ပိုင်ခွင့်ကို ဥပဒေနှင့် ဆန့်ကျင်လျက်ဖြစ်စေ၊ အရေးကြီးသော ကျင့်ထုံးနည်းလမ်းကျနခြင်း မရှိဘဲဖြစ်စေ ပြုလုပ်ခဲ့ကြောင်း

တွေ့ရှိပါက တရားရုံးချုပ်အနေဖြင့် ထိုအမှုတွင် မိမိသင့်သည် ထင်မြင်ရာ အမိန့်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ဆိုလျှင် တရားရုံးချုပ်သည် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးက စီရင်ဆုံးဖြတ်ခဲ့သော အယူခံဝင်ခွင့်မရှိသည့် မည်သည့်အမှုတွဲကိုမဆို တောင်းယူ၍ အထက်ပါ အချက် (၃) ချက်အရ စိစစ်ပြင်ဆင်ခွင့်ရှိကြောင်း ထင်ရှားသည်။ "အမှုတွဲ" ဟု သုံးနှုန်းထားသော စကားရပ်အရ အပြီးသတ် စီရင်ဆုံးဖြတ်ချက်ကိုသာမက အမှုတွဲတစ်ခုလုံးရှိ အမိန့်၊ စီရင်ဆုံးဖြတ်ချက်မှန်သမျှကို စိစစ်ပြင်ဆင်ခွင့်ရှိသဖြင့် မူလမှုတွင် ကနဦးချမှတ်ခဲ့သော ၂၇-၉-၉၃ နေ့စွဲပါ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သည့် ငြင်းချက်အမှတ် (၁) အပေါ် ဆုံးဖြတ်ချက်ကို ဤပြင်ဆင်မှု၌ စိစစ်ခွင့်ရှိမည်ဖြစ်သည်။

လျှောက်ထားသူများအတွက် - ဦးမြတ်လှဦး၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဦးကျော်ငြိမ်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး (တရားမ) ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ် ၄၆၂ တွင် ဒေါ်တင်မြင့်မော်က ဦးမြဝေနှင့် ဒေါ်ခင်ယုဇနတို့ အပေါ်တွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ လက်ရှိဖြစ်သော ခြံမြေအတွင်း အမွေကျူးကျော်ဝင်ရောက်နေထိုင်သူအား နှင်ထုတ်၍ လက်ရောက် ရလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက တရားလို စွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးခဲ့ရာ တရားပြိုင် ဦးမြဝေနှင့် ဒေါ်ခင်ယုဇနတို့က မကျေနပ်၍ ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာအရ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ် (၆)၊ အမှတ် ၁၃/က (ယခင်အမှတ်-၁၇/၁၄၂) ဟုခေါ်တွင်သော ၆၃ပေx၄၅ ပေရှိ မြေကွက်ကို တရားလိုက ၂၄-၅-၈၄ နေ့မှစ၍ စဉ်ဆက်မပြတ် နေထိုင်စောင့်ရှောက်လက်ရှိထားခဲ့ကြောင်း၊ တရားလိုသည် အဆိုပါ မြေကွက်အား ၁၁-၁၁- ၉၁ နေ့တွင် ခြံစည်းရိုးကာရံနေစဉ်

တရားပြိုင်နှင့် ရဲများရောက်လာပြီး တားမြစ်၍ ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ထို့နောက် တရားပြိုင်များသည် တရားလို၏ ခြံစည်းရိုးများအား ဖျက်ဆီး၍ ခြံဝင်းအတွင်းသို့ အဓမ္မဝင်ရောက် ကျူးကျော်ပြီး တဲဆောက်၍ နေထိုင်ခဲ့ကြောင်း၊ ဖယ်ရှားပေးရန် ပြောသော်လည်း ဖယ်မပေးသည့်အပြင် တရားလိုအား ကြိမ်းမောင်းခြိမ်းခြောက်သဖြင့် အမှုစွဲဆိုရကြောင်း အဆိုပြု တင်ပြသည်။

တရားပြိုင်များက ချေလွှာတင်၍ ခုခံရာတွင် အခြားအချက်များအပြင်၊ တရားလို စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီး ဖြစ်ကြောင်း၊ အဓိကထား၍ တင်ပြထုချေခဲ့သည်။

မူလတိုင်း တရားရုံးက အဆိုအချေများအပေါ် အခြေပြု၍ ငြင်းချက် (၅) ရပ် ထုတ်နုတ်ပေးပြီးနောက် ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ငြင်းချက်အမှတ် (၁) ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်၍ ဦးစွာ ကြားနာကာ တရားလိုဘက်သို့ အသာပေးဖြေဆို ဆုံးဖြတ်ခဲ့သည်။ ထို့နောက်မူလတိုင်း တရားရုံးက ကျန်ငြင်းချက်များကို ဆက်လက်စစ်ဆေး ဖြေဆိုကာ တရားပြိုင်များသည် အချင်းဖြစ် မြေအတွင်းသို့ အဓမ္မ ကျူးကျော် ဝင်ရောက်နေထိုင်သူများဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ကာ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူများက အကြောင်းပြချက်အဖြစ် တင်ပြရာတွင် မူလရုံးက အမှုကို ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိဟုဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ အချင်းဖြစ်မြေကို တရားလိုလက်ရှိဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ ယခုအမှုနှင့် စပ်လျဉ်း၍ တစ်ဖက်နှင့် တစ်ဖက်ပြစ်မှုကြောင်းအရ အပြန်အလှန်တရားစွဲဆိုခဲ့ကြ ရာ ယင်းအမှုများနှင့် စပ်လျဉ်းသော တရားရုံးချုပ်၏ စီရင်ချက်၌ လျှောက်ထားသူများက လျှောက်ထားခံရသူ၏ ခြံစည်းရိုးအား ဖျက်ဆီး ကြောင်း မပေါ်ပေါက်ပါဘဲလျက် မူလရုံးက "တရားလိုနှင့် တရားပြိုင် တို့ ခြံစည်းရိုးကာရန် အပြိုင်အဆိုင်ကြိုးစားရာမှ တရားလို၏ ခြံစည်းရိုးကို ဖျက်ဆီးခံရပြီး တရားပြိုင်ဝင်ရောက်နေထိုင်ကြောင်း တွေ့ရပေသည်" ဟု ကောက်ယူသုံးသပ်ခြင်းမှာ မှားယွင်းကြောင်း အဓိကတင်ပြသည်။

လျှောက်ထားသူများ၏ ရှေ့နေက လျှောက်လဲရာတွင်လည်း ဆိုခဲ့သော အကြောင်းပြချက်များကိုပင် အခြေခံ၍ ဥပဒေအရလည်းကောင်း၊ အကြောင်း ခြင်းရာအရလည်းကောင်း မှားယွင်း ချွတ်ချော်လျက်ရှိသည့် မူလရုံး၏

စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလို စွဲဆိုသော အမှုကို စရိတ်နှင့်တကွ ပလပ်ပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ငြင်းချက်ကို ပဏာမ ငြင်းချက်အဖြစ် ဦးစွာ ကြားနာကာ ၂၇-၉-၉၃ နေ့ကပင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိဟု မူလရုံးက ဆုံးဖြတ်ပြီးဖြစ်၍ အဆိုပါအမိန့်ကို မူလရုံး တရားပြိုင်များက ပြန်လည် သုံးသပ်မှုပြင်ဆင်မှု၊ တင်သွင်းခြင်း မရှိသဖြင့် အတည်ဖြစ်နေကြောင်း၊ တရားလိုသည် ပထမမြို့နယ်တရားရုံးတွင် စတင်အမှုစွဲဆိုစဉ်ကပင် ကာလ စည်းကမ်းသတ်ကို တစ်ဆက်တည်း ရရှိပြီးဖြစ်၍ ကာစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း၊ ၂၇-၉-၉၃ နေ့က ချမှတ်ခဲ့သည့် ကာလ စည်းကမ်းသတ်နှင့် သက်ဆိုင်သော အမိန့်ကို နှစ်နှင့်ချီ၍ ကျော်လွန်နေပြီးမှ တင်ပြနေခြင်းဖြစ်၍ လက်မခံထိုက်ကြောင်း၊ အမှုတွင် ပေါ်ပေါက်ချက်များ အရ တရားပြိုင်များသည် တရားလို၏ လက်ရှိဖြစ်သော အချင်းဖြစ် မြေ အတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ကြောင်း ထင်ရှားသဖြင့် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီမှာ တစ်စုံတစ်ရာ မှားယွင်းချွတ်ချော်မှု မရှိသဖြင့် ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်ပေးသင့်ကြောင်း လျှောက်လဲ တင်ပြသည်။

အမှုတွင် အဓိက အငြင်းပွားလျက်ရှိသည့် ပြဿနာမှာ မူလရုံးတရားလို (လျှောက်ထားခံရသူ) စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိနှင့် တရားပြိုင် (လျှောက်ထားသူ) များ၏ မတရား ကျူးကျော်ဝင်ရောက်မှုကြောင့် တရားလို လက်ရှိဖြစ်ခဲ့သည်ဆိုသော အချင်းဖြစ် မြေကို မတရားလက်လွှတ်ခဲ့ရခြင်း ရှိမရှိဖြစ်သည်။ ကာလ စည်းကမ်းသတ်နှင့် သက်ဆိုင်သော ပဏာမငြင်းချက်ကို မူလရုံးက ဦးစွာ ကြားနာ၍ ၂၇-၉-၉၃ နေ့ကပင် တရားလိုဘက်သို့ အသာပေး ဖြေဆို၍ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဆိုခြင်း မမှန်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ် သည်။ ယင်းဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ တရားပြိုင်များက အထက်ရုံးသို့ တက်၍ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်း မရှိသဖြင့် အဆိုပါ ဆုံးဖြတ်ချက်မှာ ယနေ့တိုင် အတည်ဖြစ်လျက်ရှိကြောင်း အငြင်းမထွက်ချေ။ သို့သော် ယခု ပြင်ဆင်မှုတွင် အဆိုပါ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်၊ ဥပဒေအရ မှန်ကန်မှု မရှိကြောင်း ပြင်ဆင်မှု အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြထားသဖြင့် ယင်းအချက်ကို လက်ခံစိစစ်ဆုံးဖြတ် ပိုင်ခွင့် ရှိ မရှိ ဦးစွာ စိစစ်ဖို့လိုမည်ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် တရားရုံးချုပ်သည် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးရုံးက ဆုံးဖြတ်ခဲ့၍ မိမိတရားရုံးသို့ အယူခံဝင်ခွင့်မရှိသော အမှုတစ်မှု၏ အမှုတွဲကို ဆောင်းယူ၍ လက်အောက်ခံ တရားရုံး သည်–

(က) ယင်းတရားရုံးအား ဥပဒေက အပ်နှင်းခြင်း မရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးခဲ့ကြောင်း သို့မဟုတ်

(ခ) ထိုသို့ အပ်နှင်းထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုခဲ့ကြောင်း သို့မဟုတ်

(ဂ) မိမိ၏ စီရင်ပိုင်ခွင့်ကို ဥပဒေနှင့် ဆန့်ကျင်လျက်ဖြစ်စေ၊ အရေးကြီးသော ကျင့်ထုံးနည်းလမ်းကျနခြင်း မရှိဘဲဖြစ်စေ ပြုလုပ်ခဲ့ကြောင်း

တွေ့ရှိပါက တရားရုံးချုပ်အနေဖြင့် ထိုအမှုတွင် မိမိသင့်သည်ထင်မြင်ရာ အမိန့်ကို ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရဆိုလျှင် တရားရုံးချုပ်သည် မိမိလက်အောက်ခံ တရားရုံးတစ်ရုံးက စီရင်ဆုံးဖြတ်ခဲ့သော အယူခံဝင်ခွင့်မရှိသည့် မည်သည့် အမှုတွဲကိုမဆို ဆောင်းယူ၍ အထက်ပါ အချက် (၃) ချက်အရ စိစစ်ပြင်ဆင်ခွင့်ရှိကြောင်း ထင်ရှားသည်။ "အမှုတွဲ" ဟု သုံးနှုန်းထားသော စကားရပ်အရ အပြီးသတ်စီရင်ဆုံးဖြတ်ချက်ကိုသာမက အမှုတွဲတစ်ခုလုံးရှိ အမိန့်၊ စီရင်ဆုံးဖြတ်ချက်မှန်သမျှကို စိစစ်ပြင်ဆင်ခွင့်ရှိသဖြင့်၊ မူလမှုတွင် ကနဦးချမှတ်ခဲ့သော ၂၇–၉–၉၃ နေ့စွဲပါ ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သည့် ငြင်းချက်အမှတ် (၁) အပေါ် ဆုံးဖြတ်ချက်ကို ဤပြင်ဆင်မှု၌ စိစစ်ခွင့်ရှိမည်ဖြစ်သည်။

ဤပြင်ဆင်မှု အခြေပြုသည့် မူလမှုအဆိုလွှာအရ ယင်းအဆိုလွှာကို ရန်ကုန်တိုင်း တရားရုံးတွင် မတင်သွင်းမီ မြို့နယ်တရားရုံး (တရားမ) ရန်ကုန်မြို့၌ ဦးစွာ တင်သွင်းခဲ့ရာ အမှုတန်ဖိုး လျော့နည်းသတ်မှတ်ထားသည်ဟူသော အကြောင်းဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်း ၁၀ အရ အဆိုလွှာကို ပြန်ပေးခဲ့သည့်အတွက် အမှုတန်ဖိုး ပြင်ဆင်သတ်မှတ်၍ ရန်ကုန်တိုင်း တရားရုံးသို့ တင်သွင်းခဲ့ရကြောင်း ပေါ်ပေါက်သည်။ ယင်းအဆိုလွှာအရတရားစွဲဆိုရန်အကြောင်းပေါ်ပေါက်သည့်နေ့မှာ၁၁–၁၁–၉၁ ဖြစ်ပြီး မူလမြို့နယ်တရားရုံးတွင် အဆိုလွှာ တင်သွင်းခဲ့သောနေ့မှာ ၆–၅–၉၂ ဖြစ်၍ (၆) လ မပြည့်မီ (၄) ရက်အလိုတွင် အမှုစတင်စွဲဆိုခဲ့ခြင်းဖြစ်သောကြောင့် ထိုအချိန်က ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း

မရှိသေးချေ။ သို့သော် မြို့နယ်တရားရုံးက အဆိုလွှာပြန်ပေးသောနေ့မှာ ၁၆–၁၁–၉၂ ဖြစ်၍ ထိုရုံးတွင် ကြာမြင့်ခဲ့သည့် ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄ (၁) အရ နုတ်ပယ်လိုက်ပါက တိုင်းတရားရုံး၌ အဆိုလွှာတင်သွင်းခွင့် ရနိုင်သည့် နောက်ဆုံးရက်မှာ ယခင် (၄) ရက် အလိုကို ထည့်တွက်လျှင် ၂၀–၁၁–၉၂ နေ့၌ ကျရောက်သည်။ တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၆၂/၉၂ အမှု နေ့စဉ် မှတ်တမ်းနှင့် ထိုအမှုတွင် တင်သွင်းထားသော အဆိုလွှာအရ တိုင်းတရားရုံးတွင် အဆိုလွှာတင်သွင်းသည့်နေ့မှာ ၂၃–၁၁–၉၂ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မူလရုံးတရားလိုက တိုင်းတရားရုံးတွင် အဆိုလွှာတင်သွင်းချိန်၌ သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ်ထက် (၃) ရက် ကျော်လွန်နေပြီးဖြစ်ကြောင်း ပေါ်ပေါက်သည်။ လျှောက်ထားသူတို့ကလည်း ထိုအချက်ကိုပင် အဓိက ထား၍ ဤပြင်ဆင်မှု၌ တင်ပြထားသည်။ ယင်းတင်ပြချက်မမှန်ပါဟူ၍လည်း လျှောက်ထားခံရသူဘက်က တင်ပြနိုင်ခြင်းမရှိချေ။ ဤအခြေအနေတွင် မူလရုံးက ကာလစည်းကမ်းသတ်နှင့် သက်ဆိုင်သော ငြင်းချက်အမှတ် (၁) ကို တရားလိုဘက်သို့ အသာပေးဖြေဆို၍ အမှုကို ဆက်လက်စစ်ဆေးပြီး တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချပေးခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး (တရားမ) ၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလို စွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/–သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

ဒေါ်မြသိန်း ပါ ၃
နှင့်
ဒေါ်တင်တင်မာပါ ၅*

+၁၉၉၇
ဩဂုတ်လ
၂၆ ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၇ အရ လျှောက်ထားရာတွင် တရားရုံးက စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ချမှတ်သည့် အမိန့်ကို အယူခံဝင်ခွင့်ရှိမရှိ။**

**ဆုံးဖြတ်ချက်** ။ ။ တရားနိုင်က အချင်းဖြစ် ပစ္စည်းကို လက်ရောက် ရယူရာ၌ တရားရှုံး သို့မဟုတ် ပစ္စည်းလက်ရှိဖြစ်သူတစ်စုံတစ်ဦးက ခုခံတားဆီးနှောင့်ယှက်ကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၇ အရ လျှောက်ထားရာတွင် တရားရုံးက စုံစမ်း စစ်ဆေးမည် ဖြစ်ကြောင်း ချမှတ်သည့် အမိန့်ကို အယူခံဝင်ခွင့်မရှိပေ။ **ဒေါ်ဆင့်နှင့် မောင်မြရှိန်းပါ–၂** အမှုကို ရည်ညွှန်းသည်။ ပြင်ဆင်မှုဝင်ရောက်ရမည့်အစား အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းသည်။

| | |
|---|---|
| အယူခံတရားလိုများအတွက် – | ဦးလှမောင် (ခ) ဦးလှမင်းသိမ်း၊ တရားရုံးချုပ် ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် – | ဦးခင်မောင်တင့်၊ တရားရုံးချုပ် ရှေ့နေကိုယ်စား၊ ဦးဇော်ဝင်းရှိန်၊ တရားရုံးချုပ် ရှေ့နေက ရေးသား လျှောက်လဲချက်တင်သည်။ |

မန္တလေးတိုင်းတရားရုံး၊ တရားမ အထွေထွေအယူခံမှုအမှတ် ၃၂/၉၆ တွင် ဒေါ်တင်တင်မာပါ–၆ ဦးတို့က ဒေါ်မြသိန်းတို့အပေါ် တရားမကျင့်ထုံး

* ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၃
၁၉၉၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃၂ တွင် ချမှတ်သော ၂၇–၁–၉၇ ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၇
ဒေါ်မြသိန်း၊ပါ-၃
နှင့်
ဒေါ်တင်တင်မာ
ပါ-၅

ဥပဒေအမိန့် ၂၁ နည်း ၉၇ အရ အရေးယူပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ရက်ပေါင်း ၃၀ အတွင်း လျှောက်ထား တိုင်တန်း၍ ကာလစည်းကမ်းသတ်အတွင်း ကျရောက်ကြောင်း၊ ခုခံသူများသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဟုတ်မဟုတ် စုံစမ်း စစ်ဆေးမှုပြုမှသာ ပေါ်ပေါက်မည်ဖြစ်၍ ဆက်လက် စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်မြသိန်းတို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အထွေထွေအယူခံမှု လျှောက်ထားခြင်းဖြစ်သည်။

အယူခံမှုအတောအတွင်း အယူခံတရားပြိုင်အမှတ် (၆) ဦးဘရီ ကွယ်လွန်သွား၍ တရားဝင်ကိုယ်စားလှယ်များအဖြစ် အယူခံတရားပြိုင် အမှတ် (၁)မှ (၅) တို့ကို ထည့်သွင်းခဲ့သည်။

အယူခံ တရားလိုများ၏ ရှေ့နေက တရားမ အထွေထွေမှုအမှတ် ၃၂/၉၆ သီးခြားဖွင့်လှစ်လျှောက်ထားသော ဒေါ်တင်တင်မာ ပါ-၆ ဦး၏ ၂၁-၅-၉၆ ရက်နေ့စွဲပါ အမိန့် ၂၁ နည်း ၉၇ အရ လျှောက်လွှာတရားဝင် မိတ္တူမှန်အရလည်းကောင်း၊ ယင်းလျှောက်လွှာအပိုဒ် (၅) အရလည်းကောင်း ရက်ပေါင်း (၄၃) ရက်ကြာပြီး ၂၁-၅-၉၆ ရက်နေ့တွင်မှ တင်သွင်းသဖြင့် ကာလစည်းကမ်းသတ်ရက်ပေါင်း (၃၀) ကျော်လွန်ပါကြောင်း၊ ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအပိုဒ် ၁၆၇ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ကွဲလွဲစွာ ဆုံးဖြတ်ထားကြောင်း ထင်ရှားပေါ်ပေါက်နေကြောင်း၊ ထို့ပြင် အမှုတွင် ပေါ်ပေါက်ချက်များအရ ဆက်လက်စုံစမ်းစစ်ဆေးရန် မူလတိုင်း တရားရုံးမှ ချမှတ်ခဲ့ခြင်းသည် များစွာ မှားယွင်းလျက်ရှိကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက ကာလစည်းကမ်းသတ်လည်း ကျော်လွန်ခြင်း မရှိကြောင်း၊ ဇာရီမှုအမှတ် ၉/၉၅ တွင် ၈-၄-၉၆ ရက်နေ့က သီးခြား အထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်အမိန့်ချမှတ်ခဲ့ကြောင်း၊ထိုအမိန့်ကို ၁၀-၄-၉၆ နေ့တွင် မိတ္တူကူးယူခဲ့ရာ ၂၃-၄-၉၆ နေ့တွင် ရရှိခဲ့ကြောင်း၊ ၂၁-၅-၉၆ နေ့တွင် တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ မိတ္တူကူးသည့် ရက်များကို နုတ်ပါက ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိပါကြောင်း၊ လျှောက်ထားခံရသူများသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများဖြစ်ကြပါသောကြောင့် ဒီကရီကို အတည်ပြု ဆောင်ရွက်ရန် ဒီကရီတွင် အကျုံးဝင် သက်ဆိုင်ကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

၁၉၉၇ ဒေါ်မြသိန်းပါ နှင့် ဒေါ်တင်တင်မာ ပါ ၂

မူလရုံးအမှုတွဲကိုစိစစ်ကြည့်ရှုရာ မူလတိုင်းတရားရုံးက ၂၇–၁–၉၇ နေ့တွင် အောက်ပါအမိန့်ကို ချမှတ်သည်–

"အမိန့် ၂၁ နည်း ၃၅ အရ ဤရုံးက ထုတ်ဆင့်ပေးသော အပ်ဝရမ်းကို ၁၅–၆–၉၅ နေ့က သွားရောက်အတည်ပြုရာ အမှုမှ လျှောက်ထားခံရသူများက ခုခံကြပြီး ဖယ်ရှားထွက်ခွာရန် ငြင်းဆန်ကြသဖြင့် တရားနိုင်များ၏ ရှေ့နေက အမိန့် ၂၁ နည်း ၉၇ (၁) (၂) တို့အရ အရေးယူပေးရန် ဤရုံးတော်သို့ ၁၉–၆–၉၅ နေ့စွဲဖြင့် လျှောက်ထားတိုင်တန်းခဲ့သဖြင့် ခုခံသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားတိုင်တန်းသဖြင့် ကာလစည်းကမ်းသတ်အတွင်း ကျရောက်သည်။ ခုခံသူများသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဟုတ်မဟုတ်မှာ စုံစမ်းစစ်ဆေးမှု ပြုမှသာ ပေါ်ပေါက်မည်ဖြစ်၍ ဆက်လက်စုံစမ်း စစ်ဆေးသွားမည်။"

အယူခံတရားလိုများက အထက်ပါ တိုင်းတရားရုံးအမိန့်ကို အထွေထွေ အယူခံမှုဝင် ရောက်ထားသည်။

တရားနိုင်က အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရယူရာ၌ တရားရှုံးသို့မဟုတ် ပစ္စည်းလက်ရှိဖြစ်သူ တစ်စုံတစ်ဦးက ခုခံတားဆီး နှောင့်ယှက်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၇ အရ လျှောက်ထားရာတွင် တရားရုံးက စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ချမှတ်သည့် အမိန့်ကို အယူခံဝင်ခွင့် မရှိပေ။ **ဒေါ်ဆင့် နှင့် မောင်မြရှိန်းပါ–၂**[၁] အမှုကို ရည်ညွှန်းသည်။ ပြင်ဆင်မှု ဝင်ရောက်ရမည့်အစား အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းသည်။

ထို့ပြင် လက်ရောက်အပ်ပေးရန် ဒီကရီကို အတည်ပြုတိုင်း ဆန့်ကျင်မှု သို့မဟုတ် တားဆီးမှုနှင့် တွေ့ကြုံရလျှင် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၇ အရ ရက် ၃၀ အတွင်း တိုင်တန်းရပေမည်။

ဤအမှုတွင်လည်း အယူခံတရားပြိုင်သည် ကာလစည်းကမ်းသတ်ရက် ၃၀ အတွင်း လျှောက်ထားတိုင်တန်းကြောင်း တွေ့ရသည်။ အယူခံတရားလိုဘက်မှ တင်ပြသည့်အတိုင်း ရက်ပေါင်း (၄၃) ရက်အကြာမှ လျှောက်ထားတိုင်တန်းသည်ဆိုသည်မှာ မှန်ကန်ခြင်း မရှိပေ။

---

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်) စာ–၂၅၂

၁၉၉၇
ဒေါ်မြသိန်းပါ-၃
နှင့်
ဒေါ်တင်တင်မာ
ပါ-၅

ထို့ပြင် တရားရုံးမှ ဇာရီမှုတွင် ဆက်လက်စုံစမ်းမှုပြုလုပ်ခြင်းအားဖြင့် အယူခံတရားလိုဘက်မှ တင်ပြလိုသည့်အချက်များနှင့် စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံတင်ပြခွင့်ရှိပေလိမ့်မည်။

အထက်ပါ အခြေအနေတွင် မူလတိုင်းတရားရုံးက လျှောက်ထားတိုင်တန်းသူသည် ကာလစည်းကမ်းသတ်အတွင်းကျရောက်ကြောင်း၊ ခုခံသူများသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ ဟုတ်မဟုတ် ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ချမှတ်သည့်အမိန့်သည် မှားယွင်းမှုမရှိပေ။

ထို့ကြောင့် မူလတိုင်းတရားရုံး၏ အမိန့်ကို အတည်ပြု၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၀ဝိ/- သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

ဦးမှတ်ပါ (၂)
နှင့်
ဦးပိတာပါ (၂)*

+ ၁၉၉၇
မတ်လ
၃၁ ရက်

**မမှန်သက်သေခံ ဖန်တီးမှု၊ ဖွင့်လှစ်ဆောင်ရွက်ရမည့်အမှုအမျိုးအစား။**

**ဆုံးဖြတ်ချက်** ။ ။ ဤစီရင်ချက်ကို အဆုံး မသတ်မီ မှတ်ချက်ပြုလိုသည့် အချက်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၁၉၃ အရ မမှန်သက်သေခံ ဖန်တီးမှုဖြင့် အရေးယူပေးရန် လျှောက်ထားသည့် ကိစ္စကို မူလတရားမကြီးမှုတွင် မှားယွင်းဆောင်ရွက်ခဲ့သည့် အချက်ဖြစ်သည်။ ယင်းလျှောက်ထားမှုသည် မူလရုံးတရားမကြီးမှု အမှတ် ၃၄/၉၃ တွင် တရားပြိုင်များက အမျိုးမျိုးအဖုံဖုံတင်ပြနေသည်ဆိုသော အချက်အပေါ် အခြေခံသည် မှန်သော်လည်း မမှန်သက်သေခံ ဖန်တီးမှုဖြင့် အရေးယူဆောင်ရွက်ရန် ကိစ္စမှာ သီးခြားဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ တရားမထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်မှသာ နည်းလမ်းမှန်ကန်မည်ဖြစ်သည်။

လျှောက်ထားသူအတွက် – ဦးမြင့်ဟာ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် – ဦးသန်းဌေးလွင်၊ တရားရုံးချုပ်ရှေ့နေ

ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) ၁၉၉၃ ခုနှစ် တရားမကြီးမှု အမှတ် ၃၄ တွင် ဦးမှတ်နှင့် ဒေါ်မြမြတို့က ဦးပိတာနှင့် ဒေါ်မြင့်မြင့်သိန်းတို့အပေါ် အချင်းဖြစ် မြေ ၂ ဧ ကျော်ခန့်ကို တရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ၍ လက်ရောက် ရလိုမှုနှင့် ထာဝရတားမြစ် မိန့်ထုတ်ပေးစေလိုမှု စွဲဆိုသည်။ အမှုကို စစ်ဆေးနေစဉ် တရားပြိုင်များက မိမိတို့အပေါ် စွဲဆို

* ၁၉၉၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၈၇

\+ ၁၉၉၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၄ တွင် ချမှတ်သော ၂၄–၅–၉၆ ရက်စွဲပါ ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) အမိန့်ကို မကျေနပ်၍ လျှောက်ထားမှု

၁၉၉၇
ဦးမှတ်ပါ-၂
နှင့်
ဦးပီတာပါ-၂

ထားချက်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့် မညီဘဲ အမျိုးမျိုး တင်ပြနေသည်ဆို သော အကြောင်းပြချက်ဖြင့် ၎င်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက် အပေါ်မူလရုံးက နှစ်ဖက်ကြားနာပြီးနောက် တရားပြိုင်များက အမှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့် မညီဘဲ အမျိုးမျိုး တင်ပြနေခြင်းသည် မမှန်သက်သေခံ ခြင်းဖြစ်သည်ဟု မဆိုနိုင်ကြောင်း ကောက်ယူဆုံးဖြတ်၍ တရားလိုဘက် လျှောက်ထားချက်ကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် မူလရုံးတရားလို ဦးမှတ်နှင့် ဒေါ်မြမြတို့ မကျေနပ်၍ ဤတရား မပြင်ဆင်မှု ကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူများက အကြောင်းပြချက်အဖြစ် တင်ပြရာတွင် တရားရုံး အဆင့်ဆင့်၏ အမိန့်များကို သိလျက်နှင့် ဆန့်ကျင်ပြီး လျှောက်ထားခံရသူ များက ခြိကာရုံမှုများရှိခဲ့ပြီး မှုခင်းများဖြစ်ပွား၍ ချေလွှာတင်ရာတွင် တရားရုံး၏ ဆောင်ရွက်ချက် မှားကြောင်းဖြင့် ဗီဆန်ခဲ့သည့်အပြင် ရုံးရှေ့ထွက်ဆိုရာ၌ ဥပဒေနှင့် မညီဘဲ အမျိုးမျိုး တင်ပြထွက်ဆိုခဲ့ကြောင်း၊ မြေတိုင်းသူအား ပြစ်မှုဆိုင်ရာအမှု၌ ရှေ့နေငှားပေးခဲ့သည်ဟု မြေတိုင်းသူ ကိုယ်တိုင်က ထွက်ဆိုထားပါလျက် လျှောက်ထားခံရသူများက ရှေ့နေငှားပေး ခြင်း မရှိဟု ထွက်ဆိုခဲ့ကြောင်း၊ သို့ဖြစ်ပါလျက် လျှောက်ထား ခံရသူများ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးမယူခြင်းသည် ဥပဒေ အရ မှားယွင်းကြောင်းအဓိကတင်ပြသည်။ လျှောက်ထားသူများ၏ ရှေ့နေက လျှောက်လဲရာတွင်လည်း ဆိုခဲ့သော အကြောင်းပြချက်များကိုပင် အခြေခံ၍ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် မူလရုံးအမိန့်ကို ပယ်ဖျက်ပြီး လျှောက်ထား ခံရသူများအပေါ် ဥပဒေနှင့်အညီ အရေးယူစေသည့်အမိန့်တစ်ရပ် ချမှတ် ပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူများ၏ ရှေ့နေက လျှောက်ထားခံရသူများအနေဖြင့် မိမိတို့အပေါ် စွဲဆိုထားသော အမှုကို အမျိုးမျိုး တင်ပြထုချေခွင့်ရှိကြောင်း၊ ထိုအခွင့်အရေးအရ အမျိုးမျိုးအဖုံဖုံ ထုချေတင်ပြခြင်းသည် မမှန်သက်သေခံ မှု၊ မမှန်သက်သေခံ ဖန်တီးမှု ကျူးလွန်ရာမရောက်ကြောင်း၊ သို့ဖြစ်သည့် အားလျော်စွာ မူလရုံးက မိမိဆင်ခြင်တုံ တရားကို သုံးစွဲ၍ လျှောက်ထားခံရသူ များအပေါ် မမှန်သက်သေခံ ဖန်တီးမှုဖြင့် အရေးယူရန် အကြောင်းမရှိဟု ကောက်ယူသုံးသပ်၍ လျှောက်ထားသူများ၏ လျှောက်ထားချက်ကို ပလပ်ခဲ့ ခြင်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ဝင်ရောက် စွက်ဖက်

၁၉၉၇
ဦးမှတ်ပါ-၂
နှင့်
ဦးပီတာပါ-၂

သင့်သည့် ကိစ္စမဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် မူလရုံးတရားလို (ယခုလျှောက်ထားသူ) များက တရားပြိုင် (ယခုလျှောက်ထားခံရသူ) များအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရေးအတွက် အဓိက တင်ပြနေသည့်အချက်မှာ တရားပြိုင်များအနေဖြင့် မိမိတို့အပေါ်စွဲဆိုထားသော အမှုတွင် ဥပဒေနှင့် မညီဘဲ အမျိုးမျိုး တင်ပြနေသည်ဆိုသော အချက်ဖြစ်သည်။ ဥပဒေနှင့် မညီဘဲ အမျိုးမျိုး တင်ပြခြင်းသည် မမှန်သက်သေခံမှု၊ မမှန်သက်သေခံ ဖန်တီးမှု မဟုတ်ပေ။ တရားပြိုင်တစ်ဦးသည် မိမိအပေါ်စွဲဆိုထားချက်ကို အမျိုးမျိုး အဖုံဖုံ တင်ပြခုခံချေပခွင့်ရှိသည်ဖြစ်ရာ ဥပဒေနှင့်ညီသည် မညီသည်၊ မမှန်သက်သေခံဖန်တီးရာရောက်သည် မရောက်သည်ဆိုသော အချက်မှာ သက်ဆိုင်ရာ အမှုကို လက်ခံစစ်ဆေးသော တရားရုံးက အဆုံးအဖြတ်ပြုရမည့် ကိစ္စဖြစ်သည်။ ယခုကိစ္စတွင် မူလတိုင်းတရားရုံးက တရားပြိုင်များ၏ ခုခံတင်ပြနေသည့်အချက်များအပေါ် မိမိဆင်ခြင်တုံတရားကို သုံးစွဲစိစစ်ပြီး မမှန်သက်သေခံဖန်တီးရာ မရောက်ဟု ထင်မြင်ယူဆ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် လျှောက်ထားချက်ကို ပလပ်ခဲ့ခြင်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ဝင်ရောက်စွက်ဖက်သင့်သော ကိစ္စမဟုတ်ပေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသည့် အချက်မှာ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံ ဖန်တီးမှုဖြင့် အရေးယူပေးရန် လျှောက်ထားသည့် ကိစ္စကို မူလတရားမကြီးမှုတွင် မှားယွင်းဆောင်ရွက်ခဲ့သည့် အချက်ဖြစ်သည်။ ယင်းလျှောက်ထားမှုသည် မူလရုံးတရားမကြီးမှု အမှတ် ၃၄/၉၃ တွင် တရားပြိုင်များက အမျိုးမျိုး အဖုံဖုံ တင်ပြနေသည်ဆိုသော အချက်အပေါ် အခြေခံသည် မှန်သော်လည်း မမှန်သက်သေခံဖန်တီးမှုဖြင့် အရေးယူဆောင်ရွက်ရန်ကိစ္စမှာ သီးခြား ဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်မှသာ နည်းလမ်းမှန်ကန်မည်ဖြစ်သည်။

အထက်ပါ အကြောင်းအချက်များကြောင့် မူလတိုင်းတရားရုံး၏ ၂၄-၅-၉၆ ရက်စွဲပါ အမိန့်အပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

အမှုအခြေအနေအရ တရားစရိတ်ခွင့်မပြု။

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

+ ၁၉၉၇ မတ်လ ၃၁ ရက်

ဒေါ်ရင်ရင်
နှင့်
ဦးလှသောင်းပါ (၄)*

**ယာယီတားဝရမ်း ဖောက်ဖျက်မှု၊ ဖွင့်လှစ်ဆောင်ရွက်ရမည့် အမှုအမျိုးအစား။**

**ဆုံးဖြတ်ချက်** ။ ။ ယာယီတားဝရမ်း ဖောက်ဖျက်မှုဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၂ (၃) နှင့် (၄) တို့အရ အရေးယူရန် ကိစ္စမှာ ဒီကရီအတည်ပြုဆောင်ရွက်မှုတွင် အကျုံးမဝင်သဖြင့် ဇာရီမှုတွင် ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်မှသာ နည်းလမ်း မှန်ကန်မည်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးလှဟန်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင် (၁) မှ
(၃) အတွက် – ဦးတင်ထွန်း၊ တရားရုံးရှေ့နေ
အယူခံတရားပြိုင်(၄)အတွက် – ကိုယ်တိုင် (မလာ)

ရန်ကုန်တိုင်း တရားရုံး (တောင်ပိုင်းခရိုင်) ၁၉၉၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄ တွင် ဒေါ်ရင်ရင်က ဦးလှသောင်းပါ–(၄) ဦးတို့အပေါ် အနိုင်ရရှိထားသော မော်တော်ကား (၃) စီးလက်ရောက်ရလိုမှု ဒီကရီကို အတည်ပြု ဆောင်ရွက်ပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ဒီကရီပါ မောင်တော်ကား (၃) စီးကို လက်ရောက်ပေးအပ်ရေးအတွက် ဝရမ်းထုတ်ဆင့်ခဲ့သော်လည်း အဆိုပါ မော်တော်ကား (၃) စီးမှာ တရားရှုံး ဦးလှသောင်းတို့ လက်ဝယ်တွင် မရှိတော့သဖြင့် ဝရမ်းအတည်မပြု

* ၁၉၉၆ ခုနှစ်၊ တရားမအထွေထွေအယူခံအမှတ် ၁၁၂
\+ ၁၉၉၅ ခုနှစ်၊ တရားမ ဇာရီမှုအမှတ် ၄ တွင် ချမှတ်သော ၉–၉–၉၆ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး (တောင်ပိုင်းခရိုင်) အမိန့်ကို မကျေနပ်၍ အယူခံမှု၊

နိုင်ခဲ့ပေ။ သို့ဖြစ်၍ မူလရုံးက မော်တော်ကား (၃) စီး လက်ရောက်ပေး အပ်စေရန်အစား ငွေကျပ် ၁၃၀၀၀၀/- ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ သည်။ တရားရှုံးတို့က ပထမအရစ် ငွေကျပ် ၂၀၀၀၀/-ကို ပေးအပ်ခဲ့ သဖြင့် ၂၆-၁၂-၉၅ နေ့တွင် တရားနိုင် ဒေါ်ရင်ရင်က ရုံးရှေ့၌ လက်ခံယူခဲ့သည်။ ကျန်အရစ်ကျငွေများ ပေးအပ်ရန် ပျက်ကွက်နေသည့် အတွက် ဆက်လက်ဆောင်ရွက်နေဆဲတွင် မူလမှု အတောအတွင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၁ အရ ထုတ်ဆင့်ထားသော ယာယီတားဝရမ်းအမိန့်ကို ဦးလှသောင်းတို့က ဖောက်ဖျက်ပြီး လွှဲပြောင်း ရောင်းချခဲ့သည်ဟူသော အကြောင်းဖြင့် အဆိုပါ ဥပဒေအမိန့် ၃၉၊ နည်း ၂ (၃) အရ အရေးယူပေးရန် တရားနိုင် ဒေါ်ရင်ရင်က လျှောက်ထားသည်။ မူလတိုင်း တရားရုံးက တရားရှုံးများအပေါ် မူလ မော်တော်ကား (၃) စီး အစား ငွေကျပ် ၁၃၀၀၀၀/- ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ပြီး ယင်း အမိန့် အရ ပေးအပ်သည့် ပထမအရစ်ငွေကျပ် ၂၀၀၀၀/-ကို ဒေါ်ရင် ရင်က လက်ခံရယူပြီး ဖြစ်သည့်အတွက် တရားရှုံးများအပေါ် ယာယီ တားဝရမ်း ဖောက်ဖျက်မှုဖြင့် အရေးယူရန် မလိုတော့ဟု ကောက်ယူ ဆုံးဖြတ်၍ တရားနိုင်၏ လျှောက်ထားချက်ကို ပလပ်ကြောင်း အမိန့်ချမှတ် ခဲ့သည်။ ယင်းအမိန့်အပေါ် တရားနိုင် ဒေါ်ရင်ရင်က မကျေနပ်၍ ဤ တရားမ အထွေထွေ အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။ ၁၉၉၇ ဒေါ်ရင်ရင် နှင့် ဦးလှသောင်းပါ-၄

အယူခံတရားလိုက အကြောင်းပြချက်အဖြစ် တင်ပြရာတွင် မူလမှု အတောအတွင်း အချင်းဖြစ် မော်တော်ကား (၃) စီးကို လွှဲပြောင်းခြင်း မပြုရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၁ အရ ယာယီ တားဝရမ်း ထုတ်ဆင့်ထားရာ ထိုယာယီတားဝရမ်း အမိန့်ကို ဖောက်ဖျက်၍ တရားရှုံးများက အချင်းဖြစ် မော်တော်ကား (၃) စီးကို လွှဲပြောင်းရောင်းချ ခဲ့သည့်အတွက် ဝရမ်း အတည်မပြုနိုင်ကြောင်း ပေါ်ပေါက်ပါလျက် တရားရှုံးများအပေါ် အရေးယူရန် မလိုအပ်တော့ဟု ကောက်ယူဆုံးဖြတ် ၍ လျှောက်ထားချက်ကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် မညီသည့်အပြင် တရားမှုတမှု ကင်းမဲ့လျက်ရှိကြောင်း အဓိကတင်ပြသည်။ အယူခံတရားလို ၏ ရှေ့နေက လျှောက်လဲရာတွင်လည်း ဆိုခဲ့သော အကြောင်းပြချက် ကိုပင် အခြေခံ၍ ဥပဒေနှင့်မညီ၊ တရားမှုတမှုမရှိသည့် မူလရုံးအမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင်များအပေါ် ယာယီတားဝရမ်း ဖောက်ဖျက်မှု ဖြင့် အရေးယူစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးသင့်ကြောင်း တင်ပြ

၁၉၉၇ ဒေါ်ရင်ရင် နှင့် ဦးလှသောင်းပါ–၄

လျှောက်ထားသည်။

အယူခံတရားပြိုင် (၁) (၂) (၃) တို့၏ ရှေ့နေက အယူခံ တရားလို တို့သည် မူလ မော်တော်ကား (၃) စီး မရရှိခဲ့သော်လည်း ထိုကား (၃) စီး တန်ဖိုး ကျပ် ၁၀၁၀၀၀/– ထက်ပိုမိုသော ငွေကျပ် ၁၃၀၀၀၀/– ရခွင့် ရှိပြီး ဖြစ်၍ တရားမမျှတဟု မဆိုနိုင်ကြောင်း၊ယင်းသို့ရခွင့်ရှိသည်နှင့်အညီမူလ ရုံးက အယူခံတရားပြိုင်များအပေါ် ယာယီတားဝရမ်းဖောက်ဖျက်မှုဖြင့် အရေး ယူရန် မလိုအပ်တော့ဟုကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိသဖြင့် အယူခံမှုကိုစရိတ်နှင့်တကွ ပလပ်ပေးသင့်ကြောင်းလျှောက်လဲတင်ပြသည်။

အမှုတွင် ပေါ်ပေါက်ချက်များအရ မူလရုံးက အမှုအတောအတွင်း အချင်းဖြစ် ဘတ်စ်ကား (၃) စီးကို လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၁ နှင့် ၂ တို့အရ ယာယီတားဝရမ်း ထုတ်ဆင့်ထားကြောင်း အငြင်းပွားခြင်း မရှိပေ။ သို့သော် မူလရုံးတရားပြိုင် (ယခုအယူခံတရားပြိုင်) များက အဆိုပါ ယာယီတားဝရမ်းအမိန့်ကို ဖောက်ဖျက်၍ လွှဲပြောင်းရောင်းချခဲ့မှု ကြောင့် ဒီကရီနှင့်အညီ ဘတ်စ်ကား (၃) စီးကို ပေးအပ်နိုင်ခြင်း မရှိသဖြင့် မူလရုံးက တန်ဖိုးငွေကျပ် ၁၀၀၀၀၀/–နှင့် နစ်နာကြေး ကျပ် ၃၀၀၀၀/– ပေးစေရန် ပြောင်းလဲအမိန့်ချမှတ်ထားကြောင်းလည်း အငြင်းမထွက်ချေ။ ယာယီတားဝရမ်း ဖောက်ဖျက်ခြင်းနှင့် ထိုသို့ ဖောက်ဖျက် မှုကြောင့် တန်ဖိုးငွေနှင့် နစ်နာကြေး ပေးအပ်ရန် အစားထိုး အမိန့်ချမှတ် ခဲ့ခြင်းတို့သည် သီးခြားစီဖြစ်သည်။

ယာယီတားဝရမ်း ဖောက်ဖျက်မှုအတွက် အရေးယူဆောင်ရွက်ရမည့်နည်း လမ်းများကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၂ (၃) နှင့် (၄) တို့တွင် ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် အယူခံတရားပြိုင်များအပေါ် မူလဘတ်စ်ကား (၃) စီးအစား တန်ဖိုးငွေကျပ် ၁၀၀၀၀၀/– နှင့် နစ်နာ ကြေး ကျပ် ၃၀၀၀၀/– ပေးစေရန် အစားထိုးအမိန့်ချမှတ်ချက်အရ ၎င်းတို့ ပေးသွင်းသည့် ပထမအရစ် ငွေကျပ် ၂၀၀၀၀/–ကို အယူခံ တရားလိုက လက်ခံရယူထားပြီးဖြစ်သည်ဆိုလင့်ကစား ကျန်ငွေများကို အပြေအကျေပေးအပ်ခြင်း မရှိဘဲ ပျက်ကွက်နေသည့်အတွက် အရေးယူ ပေးရန် လျှောက်ထားခြင်းဖြစ်ရာ ထိုသို့ ငွေအစားထိုးပေးအပ်ရန် အမိန့်ချမှတ် ထားပြီးဖြစ်ရုံမျှဖြင့် ယာယီတားဝရမ်း ဖောက်ဖျက်မှုအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိမည် မဟုတ်ချေ။ ထိုသို့ ကင်းလွတ်ခွင့်ရှိကြောင်းလည်း

ပြဋ္ဌာန်းထားခြင်း မရှိပေ။ ဤအခြေအနေတွင် အယူခံ တရားပြိုင်များအပေါ် ယာယီတားဝရမ်း ဖောက်ဖျက်မှုဖြင့် အရေးယူရန် မလိုတော့ဟု မူလရုံးက ကောက်ယူဆုံးဖြတ်၍ အယူခံတရားလို၏ လျှောက်ထားချက်ကို ပလပ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသည့်အချက်မှာ ယာယီတားဝရမ်းဖောက်ဖျက်မှုဖြင့် အရေးယူပေးရန် လျှောက်လွှာကို ဓာရီမှုတွင် မှားယွင်းဆောင်ရွက်ထားသည့် ကိစ္စဖြစ်သည်။ ယာယီတားဝရမ်းဖောက်ဖျက်မှုဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၂ (၃) နှင့် (၄) တို့အရ အရေးယူရန် ကိစ္စမှာ ဒီကရီအတည်ပြုဆောင်ရွက်မှုတွင် အကျုံးမဝင်သဖြင့် ဓာရီမှုတွင် ဆောင်ရွက်ခြင်း မပြုနိုင်ပေ။ တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်မှသာ နည်းလမ်း မှန်ကန်မည် ဖြစ်သည်။

ထို့ကြောင့် ဤအထွေထွေ အယူခံမှုကို ခွင့်ပြု၍ မူလရုံး၏ ၉-၉-၉၆ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်ပြီး အယူခံ တရားပြိုင်များအပေါ် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၂ (၃) နှင့် (၄) တို့အရ တရားမအထွေထွေမှု ဖွင့်လှစ်၍ ဆက်လက်အရေးယူဆောင်ရွက်သွားရန် ရန်ကုန်တိုင်းတရားရုံး (တောင်ပိုင်းခရိုင်) အား ညွှန်ကြားလိုက်သည်။

အမှုအခြေအနေအရ တရားစရိတ်ခွင့်မပြု။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

+ ၁၉၉၇
မတ်လ
၁၃ ရက်

ဒေါ်လှတင်ပါ-၂
(ကွယ်လွန်သူ ဒေါ်ဖွားစိန် (ခ) ဒေါ်တင်ရီ၏
တရားဝင်ကိုယ်စားလှယ်)
နှင့်
ဦးအောင်မြင့်ပါ-၃*

**ကိတ္တိမ သားသမီး မွေးစားခြင်း၊ နောက်ခင်ပွန်းဖြင့် ပေါင်းသင်းနေစဉ် ယခင် ခင်ပွန်းဟောင်းနှင့် ပူးတွဲ၍ ကိတ္တိမသမီးမွေးစားခြင်း၊ ကိုယ့်ကျင့် တရားပျက်ပြားသည့် အပြုအမူဟု ဆိုနိုင်မဆိုနိုင် မွေးစားခြင်း၊ ပျက်ပြယ်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ဦးကျော် (ခ) ဦးဖိုးကျော်နှင့် ဒေါ်လှတင်တို့ ပေါင်းသင်းနေထိုင်စဉ်တွင် ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ နှစ်ဦးပူးတွဲ၍ မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှ ဒေါ်လှတင် သည် တရားဝင်ခင်ပွန်းရှိနေပါလျက် ဦးအောင်စိန်အား ခင်ပွန်းနေရာထားပြီး မွေးစားမိဘပြုလုပ်ခြင်းဖြစ်သောကြောင့် အများပြည်သူအမြင်တွင် ကိုယ်ကျင့် တရားပျက်ပြားသည့် အပြုအမူဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မွေးစားခြင်းသည် ပဋိညာဉ်ပြုလုပ်ခြင်းဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၃ တွင် ကတိညီညွတ်ချက် သို့မဟုတ် သဘောတူညီချက်၏ ရည်ရွယ်ချက်သည် အောက်ပါအချက် တစ်ရပ်ရပ် မရှိမှသာလျှင် တရားဥပဒေနှင့်ညီကြောင်း

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၀၃

\+ ၁၉၉၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅ တွင် ချမှတ်သော (၂၃-၆-၉၃) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

ပြဋ္ဌာန်းထားသည်–

၁၉၉၇
ဒေါ်လှတင်ပါ–၂
နှင့်
ဦးအောင်မြင့်ပါ–၃

(၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်

(၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက်

(၃) လိမ်လည်လှည့်ဖြားရာရောက်သည့်အချက်

(၄) သူတပါး၏ ကိုယ် (သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်

(၅) ကျင့်ဝတ်တရားပျက်ပြားသည့် (သို့မဟုတ်) အများပြည်သူဆိုင်ရာဝါဒ Public Policy နှင့် ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့်အချက် တရားဥပဒေနှင့် မညီသော ကတိညီညွတ်ချက် သို့မဟုတ် ရည်ရွယ်ချက်ပါရှိသည့် သဘောတူညီချက်ဟူသရွေ့သည် ပျက်ပြယ်၍ ပဋိညာဉ်မမြောက်ပေ။

သို့ဖြစ်၍ ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ လင်မယား ကွာရှင်းပြီးနောက် ၁၉၆၀ ခုနှစ်တွင် မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီး အဖြစ်မွေးစားသည့် စာချုပ်ပြုလုပ်ခြင်းမှာ ဥပဒေနှင့် မညီသဖြင့် ပျက်ပြယ်ကြောင်း ယခုကြားနာလျက်ရှိသည့် ပြဿနာကို ဖြေကြားလိုက်သည်။

အယူခံတရားလိုများအတွက် – ဦးလှမင်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက်– ဦးလှမျိုး၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၉၁ ခုနှစ် တရားမကြီးမှု အမှတ် ၂၅၂ တွင် အယူခံတရားပြိုင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်နှင့် ဒေါ်စောရီတို့က အယူခံ တရားလို ဒေါ်လှတင်နှင့် ဒေါ်ဖွားစိန် (ခ) ဒေါ်တင်ရီတို့အပေါ် ကိတ္တိမသမီးအဖြစ် မွေးစားခြင်း မှတ်ပုံတင်စာချုပ်အမှတ် ၉၅၈/၆၁ ကို ပျက်ပြယ်ကြောင်း အတိအလင်း ထင်ရှားစေလိုမှု စွဲဆိုသည်။ အယူခံတရားပြိုင် ဦးအောင်မြင့်တို့က တရားလိုပြ သက်သေ ၄ ဦးစစ်ပြီးသည့်အချိန်၌ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၂ နည်း ၆ အရ ဝန်ခံချက်ဒီကရီချမှတ်ပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ဦးအောင်မြင့်တို့ လျှောက်ထားသည့်အတိုင်း ဝန်ခံ ဒီကရီချမှတ်ပေးသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်လှတင်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်သော်လည်း အောင်မြင်ခြင်းမရှိ၍ တရားစီရင်ရေး

၁၉၉၇ ဒေါ်လှတင်ပါ–၂ နှင့် ဦးအောင်မြင့်ပါ–၃

ဥပဒေပုဒ်မ ၆ အရ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၉၃ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၃၉ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာကို စိစစ်ကြားနာရန် အယူခံဝင်ခွင့်ပြုလိုက်သည်–

"မဖွားစိန် အသက် ၂ နှစ်သမီးအရွယ် ၁၉၄၆ ခုနှစ်က အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သော်လည်း တရားဝင်စာချုပ်စာတမ်း မရှိသဖြင့် ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ လင်မယားကွာရှင်းပြီးနောက် ၁၉၆၁ ခုနှစ်တွင်မှ ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ကိတ္တိမမွေးစားစာချုပ် ပြုလုပ်ခြင်းမှာ ပျက်ပြယ်မှု ရှိမရှိ"

အထူးအယူခံမှု အတောအတွင်း အမှတ် (၂) အယူခံတရားလို ဒေါ်ဖွားစိန်(ခ) ဒေါ်တင်ရီ ကွယ်လွန်သွားရာ ဦးလှဝင်းအား ကွယ်လွန်သူ ဒေါ်ဖွားစိန်(ခ) ဒေါ်တင်ရီ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။

အယူခံတရားလိုတို့၏ ရှေ့နေက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မွေးစားခြင်းသည် ပဋိညာဉ်ပြုခြင်းပင်ဖြစ်ကြောင်း၊ မွေးစားစာချုပ်ချုပ်ဆိုရာတွင် မလျော်သြဇာသုံးခြင်း၊ လိမ်လည်ခြင်း စသည့်အချက်များကို ထင်ရှားအောင် မပြနိုင်လျှင် တရားဥပဒေနှင့်ညီညွတ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက ကိတ္တိမ မွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အသိအမှတ်ပြုပြီးသည့် မွေးစားမှုနှင့် ပတ်သက်သော အကြောင်းအရာများကို ဖြည့်စွက်ရန်အတွက် သော်လည်းကောင်း လျှော့ပေါ့ပစ်ရန်အတွက်သော်လည်းကောင်း ပြဋ္ဌာန်းထားခြင်း မဟုတ်ကြောင်း လူတစ်ယောက်ကို မွေးစားရာ၌ မွေးစားမိဘ၏ ရည်ရွယ်ချက် အစစ်အမှန်ကို သိရှိနိုင်ရန် ရှုပ်ထွေးသည့် ပြဿနာကို ပြေလည်စေရန်အတွက် ယင်းဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဒေါ်လှတင်သည် တရားဝင် ခင်ပွန်းရှိပါလျက် ကွာရှင်းပြတ်စဲပြီးသော ခင်ပွန်းဟောင်းနှင့် ပူးတွဲ၍ သားသမီး မွေးစားခြင်းသည်လျှပ်ပေါ်လော်မာမှု ဖြစ်ကြောင်း၊ ထိုသို့သော အပြုအမူမျိုးကို မြန်မာ့ လူ့ဘောင်က အားပေး ခွင့်လွှတ်မည် မဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

ဦးကျော် (ခ) ဦးဖိုးကျော်နှင့် ဒေါ်အေးကြည်တို့မှ ဦးအောင်မြင့် ဦးလှမြင့်နှင့် ဒေါ်စောရီတို့ကို မွေးဖွားသည်။ ဒေါ်အေးကြည် ကွယ်လွန်သည့်အခါ ဦးကျော် (ခ) ဦးဖိုးကျော်သည် ဒေါ်လှတင်နှင့် ၁၉၅၀ ပြည့်နှစ်၌

နောက်အိမ်ထောင်ပြုသည်။ ဒေါ်လှတင်မှာလည်း အိမ်ထောင်ကြီးဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်မတိုင်မီ ဦးကျော် (ခ) ဦးဖိုးကျော်နှင့် အိမ်ထောင်မပြုမီက ပင် ယခင်အိမ်ထောင် ဦးအောင်စိန်နှင့် လင်မယား ကွာရှင်းပြတ်စဲပြီး ဖြစ်သည်။ ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့သည် ၂၉–၅–၆၁ နေ့ရက်တွင် မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မွေးစားခဲ့သည်။

ဦးအောင်မြင့်တို့က မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားစာချုပ်ချုပ်ဆိုသည့်အချိန်က ဒေါ်လှတင်၏ တရားဝင် ခင်ပွန်းသည် ဦးအောင်စိန် မဟုတ်ဘဲ ဦးကျော် (ခ) ဦးဖိုးကျော်သာလျှင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ ချုပ်ဆိုသည့် မှတ်ပုံတင် မွေးစား စာချုပ်သည် ပျက်ပြယ်သည့် စာချုပ်ဖြစ်ကြောင်း အဆိုပြုသည်။

ဒေါ်လှတင်တို့က ဦးကျော်နှင့် ဒေါ်လှတင်တို့သည် ၁၉၅၀ ပြည့်နှစ်တွင် အိမ်ထောင်ပြုခဲ့ခြင်း၊ ထိုအချိန် မတိုင်မီက ယခင်အိမ်ထောင်ဦးအောင်စိန် နှင့် ဒေါ်လှတင်တို့ ကွာရှင်းပြတ်စဲပြီးဖြစ်ခြင်း၊ ၂၉–၅–၆၁ နေ့တွင် ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ နှစ်ဦးက မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မှတ်ပုံတင် မွေးစားစာချုပ်ချုပ်ဆို မွေးစားခြင်းတို့ကို ငြင်းဆိုခြင်း မပြုပေ။

ဦးအောင်မြင့်က အဆိုလွှာအပိုဒ် ၃ တွင် အောက်ပါအတိုင်း အဆိုပြုသည်–

၃။ တရားလိုများ၏ မိခင်ကွယ်လွန်ပြီးနောက် တရားလိုများ၏ ဘခင် ဦးကျော် (ခ) ဦးဖိုးကျော်သည် အမှတ် (၁) တရားပြိုင် ဒေါ်လှတင် နှင့် ၁၉၅၀ ပြည့်နှစ်၌ အိမ်ထောင်ပြုခဲ့ပါသည်။

တရားလိုများ၏ မိထွေး ဒေါ်လှတင်တွင် ယခင်အိမ်ထောင် ဦးအောင်စိန်ဆိုသူရှိခဲ့ပြီး ဒေါ်လှတင်က တရားလိုများ၏ ဖခင် ဦးကျော် (ခ) ဦးဖိုးကျော်နှင့် အိမ်ထောင်ပြုသည့် ၁၉၅၀ ပြည့်နှစ် မတိုင်မီကတည်းက ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ လင်မယား အဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ဒေါ်လှတင်တို့၏ ချေလွှာအပိုဒ် ၃ တွင် အောက်ပါအတိုင်း ဝန်ခံထားသည်–

၃။ အဆိုလွှာ အပိုဒ် ၃ မှာ မှန်ကန်ပါသည်။ မငြင်းကွယ်ပါ။ ချေလွှာ အပိုဒ် ၁၄ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

၁၉၉၇
ဒေါ်လှတင်ပါ-၂
နှင့်
ဦးအောင်မြင့်ပါ-၃

၁၄။ အဆိုလွှာအပိုဒ် ၁၄ အား ငြင်းဆိုသည်။

အမှတ် ၂ တရားပြိုင်၏ မွေးစားဖခင်မှာ ဦးအောင်စိန်ဖြစ်ပါသည်။ တရားလိုနှင့် တရားပြိုင်များမှ ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့မှာ ၁၉၅၀ ပြည့်နှစ်တွင် တရားဝင် ကွာရှင်းခဲ့ကြောင်း မငြင်းဆိုကြပါ။ သို့ရာတွင် လင်မယားနှစ်ဦးကွာရှင်းပြီးနောက် ပစ္စည်းခန်း မခွဲဝေသေးကြရသဖြင့် ၂၉-၅-၆၁ ရက်စွဲပါ အမှတ် ၂ တရားပြိုင်အား ကိတ္တိမမွေးစားခြင်း စာချုပ်အမှတ် ၉၅၈/၆၁ ကို ချုပ်ဆိုပြီး ၂၉-၅-၆၁ နေ့၌ပင် ဦးအောင်စိန် (မွေးစားဖခင်) က စွန့်လွှတ်စာချုပ်အမှတ် ၆၂၃/၆၁ ကို ဆက်လက် ပြုလုပ်လျက် အမွေပုံပစ္စည်းခန်း ခွဲခြမ်းခဲ့ရခြင်းဖြစ်ကြောင်း ပေါ်လွင် ထင်ရှားနေပါသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၂ နည်း ၆ တွင် အဆိုအချေများတွင် ဝန်ခံထားချက်အရ စီရင်ချက် သို့မဟုတ် ဒီကရီချမှတ်ပေးရန် အမှုသည် တစ်ဦးက လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ရည်ရွယ်ချက်မှာ စီရင်ချက်ကို ဆောလျှင်စွာ ရရှိနိုင်စေရန်ဖြစ်သည်။ ယုတ်စွအဆုံး တစ်ဖက် အမှုသည်၏ ဝန်ခံချက် အတိုင်းအတာအရ ရထိုက်သော သက်သာခွင့်ကို ရရှိစေရန်ဖြစ်သည်။

ဒေါ်လှတင်တို့၏ ဝန်ခံချက်အရ ဒေါ်လှတင်သည် ဦးကျော် (ခ) ဦးဖိုးကျော်နှင့် ပေါင်းသင်းနေထိုင်စဉ်အတွင်း လင်မယားကွာရှင်းပြတ်စဲပြီးခဲ့သူ ယခင်ခင်ပွန်းဟောင်း ဦးအောင်စိန်နှင့်ပူးတွဲ၍ မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်။

ဦးကျော် (ခ) ဦးဖိုးကျော်နှင့် ဒေါ်လှတင်တို့ ပေါင်းသင်းနေထိုင်စဉ်တွင် ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ နှစ်ဦးပူးတွဲ၍ မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှာ ဒေါ်လှတင်သည် တရားဝင်ခင်ပွန်းရှိနေပါလျက် ဦးအောင်စိန်အား ခင်ပွန်းနေရာထားပြီး မွေးစားမိဘပြုလုပ်ခြင်းဖြစ်သောကြောင့် အများပြည်သူအမြင်တွင် ကိုယ်ကျင့်တရား ပျက်ပြားသည့် အပြုအမူဖြစ်ပေသည်။

ကိတ္တိမဆိုသည်မှာ အမွေခံသားသမီးအဖြစ် အထင်အရှား မွေးစားခြင်းကို ဆိုလိုသည်။

လင်နှင့်မယားတို့သည် သားရင်းသမီးရင်းများ ရှိစေကာမူ သားသမီး မွေးစားခွင့် ရှိပေသည်။ သို့ရာတွင် လင်သည်လည်းကောင်း၊ မယားသည်

လည်းကောင်း၊ ခင်ပွန်းသည်၏ သဘောတူညီချက်မရရှိဘဲ မိမိဆန္ဒတစ်ခုတည်းဖြင့် သားသမီးမွေးစားနိုင်ပေ။ **အောင်မနိုင်နှင့် မအအုံအမှု**[၁]၊ **မောင်ဖိုးကံနှင့် ဒေါ်အပ်အမှု**[၂] တို့ကို ကြည့်ပါ။ **မအုန်းကြည်နှင့် မသောင်းမေအမှု**[၃] တွင် ဆွေမတော်စပ်သည့် သူနှစ်ဦး သို့မဟုတ် လင်မယား မဟုတ်သူနှစ်ဦးပေါင်းစပ်၍ သားသမီး မွေးစားနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

၁၉၉၇ ဒေါ်လှတင်ပါ–၂ နှင့် ဦးအောင်မြင့်ပါ–၃

မြန်မာလေ့ထုံးတမ်း ဥပဒေအရ မွေးစားခြင်းသည် ပဋိညာဉ်ပြုလုပ်ခြင်း ဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ တွင် ကတိညီညွတ်ချက် သို့မဟုတ် သဘောတူညီချက်၏ ရည်ရွယ်ချက်သည် အောက်ပါအချက် တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့်ညီကြောင်း ပြဋ္ဌာန်းထားသည်–

(၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်

(၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက် ,

(၃) လိမ်လည်လှည့်ဖြားရာ ရောက်သည့်အချက်

(၄) သူတပါး၏ ကိုယ် (သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်

(၅) ကျင့်ဝတ်တရားပျက်ပြားသည့် (သို့မဟုတ်) အများပြည်သူဆိုင်ရာ ဝါဒ Public Policy နှင့် ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့်အချက်

တရားဥပဒေနှင့် မညီသော ကတိညီညွတ်ချက် သို့မဟုတ် ရည်ရွယ်ချက် ပါရှိသည့် သဘောတူညီချက်ဟူသရွေ့သည် ပျက်ပြယ်၍ ပဋိညာဉ် မမြောက်ပေ။

သို့ဖြစ်၍ ဦးအောင်စိန်နှင့် ဒေါ်လှတင်တို့ လင်မယားကွာရှင်းပြီးနောက် ၁၉၆၁ ခုနှစ်တွင် မဖွားစိန် (ခ) မတင်ရီအား ကိတ္တိမသမီးအဖြစ် မွေးစားသည့် စာချုပ်ပြုလုပ်ခြင်းမှာ ဥပဒေနှင့် မညီသဖြင့် ပျက်ပြယ်ကြောင်း ယခုကြားနာလျှက်ရှိသည့် ပြဿနာကို ဖြေကြားလိုက်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/–သတ်မှတ်သည်။

---

(၁) ၉ အယ်ဘီအာ ၁၆၃

(၂) ၁ ရန်ကုန် ၁၀၂ (၁၀၆)

(၃) အေအိုင်အာ ၁၉၂၉ ရန်ကုန် ၁၇၃

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

+၁၉၉၇ ဩဂုတ်လ ၇ ရက်

ဦးဝင်း

နှင့်

ဦးဖြူ ပါ၂*

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ် ၁၂ (၁) (ဂ) အရ ငှားရမ်းထားသည့် ဥပစာမှ အိမ်ငှားအား နှင်ထုတ်လိုမှု။ အဆောက်အအုံ ဆောက်လုပ်ရာ၌ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် ရယူခဲ့ခြင်း မရှိသဖြင့် စည်ပင်သာယာ ဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခံရခြင်းသည် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့် ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရသည်ဟု မှတ်ယူခြင်းပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်** ။ ။ ဦးဖြူတို့သည် မြူနီစပယ် ဥပဒေပုဒ်မ ၂၀၂ အရ ပြစ်မှုထင်ရှားစီရင်ခံရခြင်းသည် ငှားရမ်းထားသည့် ဥပစာ၌ အဆောက်အအုံ ဆောက်လုပ်ခြင်းကြောင့် မဟုတ်ပေ။ အဆောက်အအုံ ဆောက်လုပ်ရာ၌ မြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ခွင့်ပြုချက်ကို ရယူခဲ့ခြင်း မရှိခြင်းကြောင့်သာဖြစ်သည်။

ထို့ကြောင့် ငှားရမ်းထားသည့် ဥပစာ၌ နေထိုင်ရန် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ဥပစာကို ပြစ်မှုကျူးလွန်ရန်အတွက် အသုံးပြုသည်ဟု မဆိုနိုင်ပေ။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၃၉

\+ ၁၉၉၁ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၄၃ တွင် ချမှတ်သော (၁၅-၁၁-၉၃) ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့် ဒီကရီကို အထူး အယူခံဝင်ရောက်မှု

အဆောက်အအုံ ဆောက်လုပ်ရာ၌ စည်ပင်သာယာရေး အဖွဲ့၏ ခွင့်ပြု ချက်ရယူခဲ့ခြင်းမရှိသဖြင့် စည်ပင်သာယာ ဥပဒေအရ ပြစ်မှုထင်ရှားစီရင် ခံရခြင်းသည် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်ဟု မှတ်ယူခြင်း မပြုနိုင်ပေ။ ၁၉၉၇ ဦးဝင်း နှင့် ဦးဖြူပါ-၂

အယူခံတရားလိုအတွက် - ဦးအေးမောင်၊ တရားရုံးချုပ် ရှေ့နေ
အယူခံတရားပြိုင်များအတွက် - ဦးမြင့်လွင်၊ တရားရုံးချုပ်ရှေ့နေ

မြင်းခြံမြို့နယ် တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၁၄ တွင် အယူခံတရားလို ဦးဝင်းက အယူခံတရားပြိုင်များဖြစ်ကြသော ဦးဖြူနှင့် ဒေါ်ရီတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) နှင့် ၁၂ (၁) (ဂ) တို့ အရ ငှားရမ်းထားသည့် မြေပေါ်မှ ဖယ်ရှားနှင်ထုတ်ပေးစေလိုမှု စွဲဆိုရာ အမှုပလပ်ခြင်း ခံရသည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးဝင်းက မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံး ၁၉၉၂ ခုနှစ် တရားမ အယူခံမှုအမှတ် ၄၅ (မြင်းခြံခရိုင်) တွင် အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်းမရှိပေ။ ဦးဝင်းက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဆက်လက် အယူခံတင်သွင်းသည့်အခါတွင်လည်း အယူခံလွှာကို အကျဉ်း နည်းဖြင့် ပလပ်ခြင်း ခံရသည်။ ဦးဝင်းက တရားရုံးချုပ်၏ ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ် (အထူး) ၅ တွင် လျှောက်ထားသောအခါ တရားရုံးအထူးခုံရုံးက အောက်ပါ ပြဿနာများ ကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

(၁) လျှောက်ထားခံရသူများသည် အငှားချထားသည့် မြေပေါ်တွင် မြေရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ အဆောက်အအုံ အခိုင်အမာ ဆောက်လုပ်ခဲ့ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ တွင် ပြဋ္ဌာန်းထားသည့် ငှားရမ်းသူ၏ တာဝန်များကို ဖောက်ဖျက်ရာ ရောက်မရောက်။

(၂) စည်ပင်သာယာရေး အဖွဲ့၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ အဆောက်အအုံ ဆောက်လုပ်သည့်အတွက် စည်ပင်သာယာ ဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခံရခြင်းအားဖြင့် လျှောက်ထားခံ

၁၉၉၇
ဦးဝင်း
နှင့်
ဦးဖြူပါ–၂

ရသူများသည် အချင်းဖြစ် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သုံး စွဲခဲ့သည်ဟု ကောက်ယူနိုင်ခြင်း ရှိမရှိ။

အယူခံတရားလို၏ ရှေ့နေက အယူခံတရားပြိုင်တို့သည် လူနေထိုင်ရန် အတွက် အဆောက်အအုံဆောက်လုပ်ရန် မြေကို ငှားရမ်းပြီးနောက် မူလ အိမ်ရှိပါလျက် ၅ ပင် ၃ ပင်၊ အလျား ၃၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၉ ပေရှိ ထရံကာ သွပ်မိုးသံမံတလင်းခင်း ဂိုဒေါင်အဆောက်အအုံကို မြေရှင်က ကန့်ကွက်နေသည့်ကြားမှ အခမ္ဗဆောက်လုပ်ခြင်းမှာ မြေငှား၏ တာဝန်ကို ချိုးဖောက်သည်မှာ ထင်ရှားကြောင်းနှင့် မြေငှားက ငှားရမ်း သည့် မြေပေါ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ ဆောက်လုပ်ခဲ့ခြင်းမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) တွင် ပြဋ္ဌာန်းထားသည့် ဥပစာကို ဥပဒေနှင့် ဆန့်ကျင်အသုံးပြုရာ ရောက်မရောက် ဆုံးဖြတ်ပေးရန် လိုအပ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံ တရားပြိုင်တို့၏ ရှေ့နေက မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဂဠုန်စိမ်ချက်အရ ပြင်ဆင်ဆောက်ရန် ညွှန်ကြားသဖြင့် ပြင်ဆင်ခြင်းဖြစ်ကြောင်း ထိုသို့ ပြင်ဆင်ရာတွင် မူလနေရာ မူလအဆောက် အအုံ၏ အကျယ်အဝန်းအတိုင်း ပြင်ဆင်ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ စည်ပင်သာယာရေး ရုံးသို့ ပြင်ဆင်ခွင့် လျှောက်ထားရာ အချိန်မီပြင်ဆင် ခွင့်ချမပေး၍ ဂဠုန်စိမ်ချက်အရ အရေးယူ မခံရစေရန် ပြင်ဆင်ဆောက်လုပ် ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈ (တ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာ မရောက်ကြောင်း၊ မြူနီစပယ် ဥပဒေအရ ဒဏ်ငွေတပ်ရိုက်အပြစ်ပေးခံရရုံဖြင့် ဥပစာကို ဥပဒေနှင့်မညီသော ကိစ္စအတွက် အသုံးပြုသည်ဟု အဓိပ္ပာယ်ကောက်ယူမည် ဆိုပါက ဥပဒေက ပြဋ္ဌာန်းသည်ထက် ပိုမိုအဓိပ္ပာယ်ကောက်ယူရာ ရောက်မည်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မြင်းခြံမြို့ အကွက်အမှတ် ၂၀/က ဦးပိုင်အမှတ် ၂/၇၆–၇၇ ရေိယာ ၀.၁၂၉ ကျယ်ဝန်းသည့် ဘိုးဘပိုင် ဝိုင်းမြေအနက်မှ အရှေ့ ဒေါ်စတီ အငှားနေသော မြေ၊ အနောက်လမ်း/တောင်လမ်း၊ မြောက်ကို မူဆာအငှားနေ သော မြေနယ်လေးရပ်အတွင်းရှိ ဝိုင်းမြေကို ဦးဖြူနှင့် ဒေါ်ရီတို့က မြေရှင် ဒေါ်ထယ်ထံမှ တစ်လလျှင် ၆၀ ကျပ်နှုန်းဖြင့် လစဉ် ငှားစနစ်အရ ငှားရမ်း၍နေအိမ်ဆောက်လုပ်နေထိုင်ခဲ့သည်။

၁၉၈၀–၈၁ ခုနှစ်ခန့်တွင် မြေရှင် ဒေါ်ထယ် ကွယ်လွန်သွားသည့်အခါ ဦးဖြူတို့က မြေငှားခများကို ၁၉၈၈ ခုနှစ်ထိ ဦးဝင်းထံ ပေးသွင်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဂ) အရ ဦးဝင်းသည် ထိုအချိန်မှစ၍ ဦးဖြူတို့၏ မြေရှင် ဖြစ်လာသည်။

၁၉၉၇ ဦးဝင်း နှင့် ဦးဖြူပါ–၂

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ (တ) တွင် ငှားယူသူသည် အငှားချထားသူ၏ သဘောတူညီချက်အရမဟုတ်ဘဲ ပစ္စည်းတွင် တည်မြဲသော အဆောက်အအုံ မဆောက်လုပ်ရဟု ပြဋ္ဌာန်းထားသည်။

ဦးဖြူတို့သည် မြေရှင် ဦးဝင်း၏ သဘောတူခွင့်ပြုချက်ကို ရယူခြင်း မပြုဘဲ ၅ ပင် ၃ ပင်၊ အလျား ၃၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၉ ပေ ရှိ သွပ်မိုး ထရံကာ သံမံတလင်းခင်း အဆောက်အအုံကို ၅ လက်မပတ်လည် တိုင်များဖြင့် အခိုင်အမာ ဆောက်လုပ်ခဲ့သည်။

ဦးဖြူတို့က မြို့သန့်ရှင်းသာယာရေး "ဂျွန်" စီမံချက်အရ မူလ အဆောက်အအုံကို ပြင်ဆင်ခြင်းဖြစ်ကြောင်း ချေပသည်။ သို့ရာတွင် ထင်ရှားအောင် သက်သေမပြနိုင်ပေ။

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စာရေးကြီး သိန်းအောင်သည် စည်ပင်သာယာနယ်နမိတ်အတွင်းရှိ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ အခွန်အခများ စည်းကြပ်ခြင်း၊ ကျူးကျော်မှု အငြင်းပွားမှု ပြဿနာများကို စစ်ဆေးပေးရခြင်းစသည့် တာဝန်များကို ထမ်းဆောင်ရသည်။

ဦးသိန်းအောင် (လိုပြ–၃) က အောက်ပါအတိုင်း ထွက်ဆိုသည်–

"၂၃–၅–၈၈ နေ့က ဒေါ်ရီက အဆောက်အအုံပြင်ဆင်ခွင့်ပြုရန် စည်ပင်သာယာအဖွဲ့သို့တင်ပြလျှောက်ထားခဲ့ပါသည်။ ၎င်းနေ့မှာပင် ဒေါ်ရီနေအိမ်သို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပါသည်။ ဒေါ်ရီ လျှောက်ထားစဉ်က အဆောက်အအုံပြင်ဆင်ရန်ဖြစ်သော်လည်း သွားရောက် ကြည့်ရှုရာတွင် အဆောက်အအုံတစ်ခုလုံးကို ဖျက်၍ ဆောက်လုပ်ကြောင်း တွေ့ရှိရပါသည်။ ကျွန်တော်သွားရောက် စစ်ဆေးစဉ်က ခွင့်ပြုမိန့်ပေးသင့်မပေးသင့်အတွက် သွားရောက်ခဲ့ခြင်းဖြစ်၍ ၎င်းတို့သည် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရရှိ ဆောက်လုပ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ဒေါ်ရီ ပြင်ဆင်ဆောက်လုပ်သည့် နေအိမ်မှာ ၅ x ၃ ပင် ကျယ်ဝန်းပြီး

၁၉၉၇
ဦးဝင်း
နှင့်
ဦးဖြူပါ-၂

အလျား ၃၄ ပေ၊ အနံ ၂၄ ပေ နှင့် အမြင့် ၉ ပေရှိပါသည်။ ၅ ပတ်လည် တိုင်များဖြင့်• ဆောက်လုပ်ထားပြီး သွပ်မိုးထားပါသည်။"

**မောင်ခင်မောင်နှင့် ဒေါ်လှရင်ပါ၂ အမှု**[၁] တွင် ငှားရမ်းသူက အငှားချထားသူ၏ သဘောတူညီချက် မရှိဘဲ အခိုင်အမာ အဆောက်အအုံကို ဆောက်လုပ်ပါက အငှားချထားမှု တာဝန် ချိုးဖောက်ရာ ရောက်သဖြင့် အငှားချထားသူသည် ငှားရမ်းသူအား ဖယ်ရှားခွင့်ရကြောင်း ထုံးဖွဲ့ထားသည်။

ဦးဖြူတို့သည် အဆောက်အအုံ ဆောက်လုပ်နေထိုင်ရန် ရည်ရွယ်ချက်ဖြင့် မြေရှင်ထံမှ မြေငှား၍ နေထိုင်သည်ဆိုစေကာမူ မြေရှင် သဘောမတူဘဲ ငှားရမ်းထားသည့် မြေတွင် တည်မြဲသော အဆောက်အအုံဆောက်လုပ်ခွင့် မရှိပေ။ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ (တ) တွင် ထိုကဲ့သို့ ဆောက်လုပ်ခွင့်မရှိကြောင်း တားမြစ်ထားသည်။

မူလ အဆောက်အအုံကို မြေရှင်သဘောတူညီချက်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သော်လည်း မူလအဆောက်အအုံကို ပြင်ဆင်ခြင်း မဟုတ်ဘဲ တည်မြဲသော အဆောက်အအုံကို အသစ်ဆောက်လုပ်မည်ဆိုပါက မြေရှင်သဘောတူညီချက် ရရှိရန်လိုသည်။ မြေရှင်သဘောမတူဘဲ တည်မြဲသော အဆောက်အအုံသစ် ဆောက်လုပ်လျှင် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ (တ) တွင် ပြဋ္ဌာန်းထားသည့် ငှားယူသူ၏ တာဝန်ဖောက်ဖျက်ရာ ရောက်သည်။

ဦးဖြူတို့သည် အငှားချထားသူ၏ သဘောတူညီချက် မရဘဲ အငှားချထားသည့် မြေတွင် တည်မြဲသော အဆောက်အအုံအသစ် ဆောက်လုပ်ကြောင်း ပေါ်လွင် ထင်ရှားသည်။

သို့ဖြစ်ပါ၍ ကြားနာလျက်ရှိသည့် အမှတ် (၁) ပြဿနာနှင့် စပ်လျဉ်း၍ အယူခံတရားပြိုင်တို့သည် အငှားချထားသည့် မြေပေါ်တွင် မြေရှင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆောက်အအုံ အခိုင်အမာ ဆောက်လုပ်ခဲ့ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈ တွင် ပြဋ္ဌာန်းထားသည့် ငှားရမ်းသူ၏ တာဝန်များကို ဖောက်ဖျက်ရာ ရောက်ကြောင်း ဖြေဆိုလိုက်သည်။

---

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၄၈၁

၁၉၉၇
ဦးဝင်း
နှင့်
ဦးဖြူပါ-၂

ဦးဖြူသည် အချင်းဖြစ်မြေပေါ်တွင် အဆောက်အအုံ အခိုင်အမာ ဆောက်လုပ်ရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ကိုလည်း ရယူခဲ့ခြင်း မရှိသဖြင့် မြူနီစပယ် ဥပဒေပုဒ်မ ၂၀၂ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်။

**ဦးထွန်းတင်ပါ ၂ နှင့် ဦးစမူပါ ၂ အမှု**[၁] တွင် ဦးထွန်းတင်နှင့် မခင်ထွေးမောင်နှမနှစ်ယောက်တို့သည် အခင်းဖြစ် ဥပစာကို ငှားရမ်းပြီး နေထိုင်လာခဲ့ရာ မောင်ဖြစ်သူသည် ၎င်းဥပစာပေါ်တွင် သက်တမ်းကုန်ဆုံးသော လိုင်စင်ကို အသစ်မလဲလှယ်ဘဲ ဆက်လက်၍ ဂျုံစက်တည်သဖြင့် ၁၉၅၂ ခုနှစ် မြူနီစပယ် ဥပဒေပုဒ်မ ၂၁၅ အရ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသည့်အပြင် အခင်းဖြစ်မြေပေါ်တွင် မြူနီစပယ် ကော်မတီ၏ အခွင့်အမိန့် မရရှိဘဲ အဆောက်အအုံအသစ် ထပ်မံဆောက်လုပ်ခြင်းကြောင့် ၁၉၄၆ ခုနှစ် အဆောက်အအုံများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ရေး) အက်ဥပဒေပုဒ်မ ၄/၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည်။

ထိုအမှုတွင် အိမ်ငှားသည် ငှားရမ်းသည့် ဥပစာ၌ ပြစ်မှုကျူးလွန်ပြီး ထိုဥပစာကို ထိုပြစ်မှုကျူးလွန်ရန်အတွက် အသုံးပြုသဖြင့် ပြစ်မှုထင်ရှားစီရင် ခြင်း ခံရလျှင် ၎င်းသည် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

အဆိုပါအမှုတွင် ဦးထွန်းတင်သည် အချင်းဖြစ် ဥပစာ၌ လိုင်စင်လဲလှယ် ခြင်း မပြုဘဲ ဂျုံစက်လည်သဖြင့် ယင်းသို့ ပြစ်မှုကျူးလွန်ရာတွင် ဥပစာကို အသုံးပြု၍ ကျူးလွန်သည်ဟု ယူဆရမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သော်လည်း မြူနီစပယ် ကော်မတီထံမှ အခွင့်အမိန့်မရဘဲ အိမ်ပြင်ဆင်သည့် အတွက် ပြစ်မှုထင်ရှားစီရင်ခံရခြင်းနှင့် စပ်လျဉ်း၍ သုံးသပ်ခဲ့ခြင်း မရှိပေ။

ယခု အမှုတွင် မြေငှား ဦးဖြူတို့သည် အချင်းဖြစ် မြေပေါ်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ အဆောက်အအုံ ဆောက်လုပ်၍ ပြစ်မှု ထင်ရှားစီရင်ခံရခြင်းသည် ဥပစာကို ထိုပြစ်မှုကျူးလွန် ရန်အတွက် အသုံးပြုသည်ဟု ကောက်ယူရန် သင့်မသင့် စဉ်းစားသုံးသပ် ရန် လိုသည်။

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၅၅၀

၁၉၉၇
ဦးဝင်း
နှင့်
ဦးဖြူပါ–၂

ဦးဖြူတို့သည် မြူနီစပယ် ဥပဒေပုဒ်မ ၂၀၂ အရ ပြစ်မှု ထင်ရှားစီရင်ခံရခြင်းသည် ငှားရမ်းထားသည့် ဥပစာ၌ အဆောက်အအုံ ဆောက်လုပ်ခြင်းကြောင့် မဟုတ်ပေ။ အဆောက်အအုံ ဆောက်လုပ်ရာ၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ကို ရယူခဲ့ခြင်း မရှိခြင်းကြောင့်သာ ဖြစ်သည်။

ထို့ကြောင့် ငှားရမ်းထားသည့် ဥပစာ၌ နေထိုင်ရန် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ဥပစာကို ပြစ်မှုကျူးလွန်ရန်အတွက် အသုံးပြုသည်ဟု မဆိုနိုင်ပေ။

အဆောက်အအုံဆောက်လုပ်ရာ၌ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် ရယူခဲ့ခြင်း မရှိသဖြင့် စည်ပင်သာယာဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခံရခြင်းသည် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသည်ဟု မှတ်ယူခြင်း မပြုနိုင်ပေ။

ထို့ကြောင့် ကြားနာလျှက်ရှိသော အမှတ် (၂) ပြဿနာနှင့် စပ်လျဉ်း၍ စည်ပင်သာယာရေး အဖွဲ့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အဆောက်အအုံဆောက်လုပ်သည့်အတွက် စည်ပင်သာယာဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခံရခြင်းကြောင့် အချင်းဖြစ် ဥပစာကို တရားဥပဒေနှင့် ဆန့်ကျင်သုံးစွဲခဲ့သည်ဟု ကောက်ယူနိုင်ခြင်း မရှိကြောင်း ဖြေကြားလိုက်သည်။

ဤအထူးအယူခံကို ခွင့်ပြု၍ တရားရုံးအဆင့်ဆင့်၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ အယူခံတရားလိုအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)(ဒုတိယပိုင်း) အရ အနိုင် ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ချမှတ်လိုက်သည်။

ရှေ့နေခကျပ် ၃၀ဝိ/– သတ်မှတ်သည်။

တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်**

+ ၁၉၉၇ အောက်တိုဘာလ ၂ ရက်

ဒေါ်သစ်သစ်

နှင့်

ဒေါ်ရီရီမြင့် (ခ) မချိုပါ ၅*

(ကွယ်လွန်သူဦးမောင်မောင်လေး၏ တရားဝင်ကိုယ်စားလှယ်များ)

**အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု**
**မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့က နေရာချထားပေးခြင်း၊ အမွေဆိုင်မြေအဖြစ်မှ ပြောင်းလဲသွားခြင်း ရှိမရှိ**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၉ (၁၀) တွင် စုံစမ်းရေး ကော်မတီသည် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အတိုင်း မီးလောင်ခြင်းခံရသော အဆိုပါ ပစ္စည်းနှင့် ပစ္စည်းတည်ရာမြေကို ပိုင်ရှင်အား ပြန်ပေးရန် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်မှာ မီးလောင်ခြင်း ခံရသော ပစ္စည်းတည်ရာ မြေကို ပိုင်ရှင်အား ပြန်ပေးခြင်းသာဖြစ်သည်။ မီးလောင်မြေပြန်လည် နေရာချထားရေးအဖွဲ့မှ နေရာချထားခြင်းကြောင့် ထိုသူသည် ထိုနေရာချ ထားသည့်မြေ၏ ပိုင်ရှင်ဖြစ်လာသည်ဟု ပြဋ္ဌာန်းထားခြင်း မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ ၉ (၂) တွင် သက်ဆိုင်ရာ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေး အဖွဲ့သည် ထိုမီးလောင်သည့်အချိန်မှစ၍ ထိုမီးစတင်လောင်ခြင်းခံရသည့်ပစ္စည်း တည်

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၄၇

\+ ၁၉၉၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈ တွင် ချမှတ်သော ၆-၅-၉၄ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူး အယူခံဝင်ရောက်မှု

ရှိရာ မြေနှင့် ထိုမြေရှိပစ္စည်းအားလုံးကို အစိုးရက ပိုင်ဆိုင်ရမည်ဟု ကြေညာရမည်၊ ထိုသို့ ကြေညာသည့်အချိန်မှစ၍ ထိုမြေနှင့်လည်းကောင်း၊ ထိုပစ္စည်းများနှင့်လည်းကောင်း စပ်လျဉ်း၍ မူလပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အားလုံး ရပ်စဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်မှာ မီးစတင်လောင်ခြင်း ခံရသည့် ပစ္စည်းတည်ရှိရာ မြေနှင့် သက်ဆိုင်သည်။ ယခုအမှုတွင် အချင်းဖြစ် မြေမှစတင်၍ မီးလောင်ကျွမ်းကြောင်း ပေါ်ပေါက်ခြင်း မရှိ၍ အဆိုပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်သစ်သစ်သည် မီးမလောင်မီက အချင်းဖြစ်မြေတွင် အမွေဆိုင်တစ်ဦးအဖြစ် နေထိုင်သည်ဖြစ်ရာ မီးလောင်ပြီးနောက် မီးလောင်မြေနေရာချထားရေးအဖွဲ့က ပြန်လည်နေရာချထားပေးခြင်းကြောင့် ပိုင်ရှင်အဖြစ် ပြောင်းလဲသွားခြင်း မရှိပေ။

အယူခံတရားလိုအတွက် – ဦးမျိုးတင့်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက်– ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်း တရားရုံး ၁၉၉၀ ပြည့်နှစ် တရားမကြီးမှု အမှတ် ၂၀ တွင် အထူးအယူခံမှုအတောအတွင်း ကွယ်လွန်သူ အမှတ် (၁) အယူခံတရားပြိုင် ဦးမောင်မောင်လေးက အယူခံတရားလို ဒေါ်သစ်သစ်နှင့် အမှတ် (၅) အယူခံ တရားပြိုင် ဒေါ်ကျင်တို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက ဦးမောင်မောင်လေးသည် မိဘများ ကျန်ရစ်သော အမွေပုံ ပစ္စည်းတွင် ၃ ပုံ ၁ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်သစ်သစ်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိပေ။ ထို့ကြောင့် ဒေါ်သစ်သစ်က တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၉၄ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှုအမှတ် ၁၉၃ တွင် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"မီးလောင်မြေ ပြန်လည် နေရာချထားရေးအဖွဲ့၏ စီစစ် ထောက်ခံ

ချက်နှင့်အညီ မန္တလေး အရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီ (အလုပ် အမှုဆောင်အဖွဲ့) က ဒေါ်သစ်သစ်၏ အမည်ဖြင့် ချထားပေးခဲ့သည့် အချင်းဖြစ် မြေကို အမွေဆိုင်မြေအဖြစ် အမွေ ခွဲဝေခြင်း ပြုနိုင်သလား"

စုံညီခုံရုံးက ဤအထူးအယူခံမှုကို ကြားနာသောအခါ အောက်ပါ ပြဿနာကိုလည်း တပါတည်းလျှောက်ထားရန် နှစ်ဖက်ရှေ့နေများအား ညွှန်ကြားခဲ့သည်-

"မူလရုံး တရားလို စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိ"

အယူခံတရားလို၏ ရှေ့နေက အယူခံတရားလို ဒေါ်သစ်သစ်သည် အချင်းဖြစ်မြေပေါ်တွင် ကိုယ်ပိုင်ဆောက်လုပ်ပြီး အိမ်ငှားများ ချထားကာ အိမ်လခများကို ဒေါ်သစ်သစ်တစ်ဦးတည်း ရယူခံစားခဲ့ကြောင်း၊ မြေခွန် စည်ပင်သာယာခွန်အစရှိသည့် အခွန်အခများကိုလည်း ဒေါ်သစ်သစ်တစ်ဦး တည်းက ထမ်းဆောင်ခဲ့ကြောင်း၊ ဒေါ်သစ်သစ်သည် နှစ်ပေါင်း ၆၀ ကျော် အဆက်မပြတ်ပိုင်ရှင်တစ်ဦးအဖြစ် စီမံခန့်ခွဲခဲ့ကြောင်း၊ ထို့ကြောင့် မီးလောင်မြေ ပြန်လည်နေရာချထားရေးအဖွဲ့က ပိုင်ရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုပြီး ဒေါ်သစ်သစ်အမည်ဖြင့် မြေနေရာပြန်လည်ချထားပေးခဲ့ ကြောင်း၊ သို့ဖြစ်၍ အချင်းဖြစ် မြေကို အမွေဆိုင်မြေအဖြစ် ခွဲဝေခြင်းမှာ မှားယွင်းကြောင်း၊ အကယ်၍ အမွေဆိုင်မြေဖြစ်သည်ဟု ဆိုစေကာမူ အချင်းဖြစ် မြေတွင် ဒေါ်သစ်သစ်သည် နှစ်ပေါင်း ၄၀ ကျော် ကြာအောင် နေထိုင်ပြီး၊ မြေပေါ်၌ နှစ်ထပ်တိုက်အိမ်တစ်လုံးဆောက်လုပ်ကာ အိမ်ငှားခ များကို တစ်ဦးတည်း ခံစားလာသဖြင့် အခြားအမွေဆိုင်များကို ဆန့်ကျင် လက်ရှိနေထိုင်ခြင်းဖြစ်ကြောင်း၊ ဦးမောင်မောင်လေး' စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက အချင်းဖြစ် မြေမှာ ဦးလုံးနှင့် ဒေါ်ဖောင်တို့၏ မြေဖြစ်ပြီး ဒေါ်ဖောင်၏ အမည်ပေါက်ကြောင်း၊ ဒေါ်သစ်သစ်က ဒေါ်ဖောင်ထံမှ ဝယ်ယူခဲ့သည်ဆိုသော်လည်း မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ယူခြင်း မဟုတ်သည့်အတွက် အတည်မဖြစ်ကြောင်း၊ ဦးလုံးနှင့် ဒေါ်ဖောင်တို့ ကွယ်လွန်သည့်အခါ အမွေဆိုင်မြေအဖြစ် ကျန်ရစ်ခဲ့ကြောင်း၊ မီးလောင်မြေနေရာချထားရေးအဖွဲ့က စီမံခန့်ခွဲရေး နည်းလမ်းအရ နေရာချထားပေးခြင်းဖြစ်၍ အမွေဆိုင် ပြဿနာကို

တရားရုံးက ဆုံးဖြတ်ခွင့်ကို ပိတ်ပင်ခြင်း မရှိကြောင်း လျှောက်လဲတင်ပြသည်။

ဦးလုံးနှင့် ဒေါ်ဖောင်တို့မှ ဦးစိန်ဥနှင့် ဒေါ်တင်အိတို့ကို မွေးဖွားသည်။ မူလရုံးတရားလို ဦးမောင်မောင်လေးနှင့် အမှတ် (၁) တရားပြိုင် ဒေါ်သစ်သစ်တို့သည် ဦးစိန်ဥ၏ သားသမီးများဖြစ်ကြသည်။ အမှတ် (၅) တရားပြိုင် ဒေါ်ကျင်မှာ ဒေါ်တင်အိ၏သား ဦးဘအေး၏ ဇနီးဖြစ်သည်။

ဦးမောင်မောင်လေးက မိဘများ ကွယ်လွန်ချိန်တွင် မန္တလေးမြို့ ချမ်းအေးသာဇံအလယ်ရပ်၊ အကွက်အမှတ် ၅၉၂၊ ဦးပိုင်အမှတ် ၁၇ မြေကွက်သည် အမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ကြောင်း အဆိုပြု၍ အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။

ဒေါ်သစ်သစ်က အချင်းဖြစ်မြေသည် အမွေဆိုင်မြေ မဟုတ်ကြောင်း ၎င်းက အဖွားဖြစ်သူ ဒေါ်ဖောင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေဖြစ်ကြောင်း၊ မန္တလေးမြို့ မီးလောင်ပြီးနောက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များက စုံစမ်းစစ်ဆေးပြီး ပိုင်ရှင်အစစ်အမှန်ဖြစ်သူ ၎င်းအား အချင်းဖြစ် မြေကို လက်ရောက် ပေးအပ်ခဲ့ကြောင်း၊ တရားလို စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီ ဖြစ်ကြောင်း ချေပသည်။

မန္တလေးမြို့၊ ချမ်းအေးသာဇံအလယ်ရပ်၊ အကွက်အမှတ် ၅၉၂၊ ဦးပိုင် အမှတ် ၁၇ မြေကွက်ကို မူလက ဒေါ်ဖောင်ပိုင်ဆိုင်ကြောင်း အငြင်းမပွားပေ။ ဒေါ်သစ်သစ်သည် အချင်းဖြစ် မြေကို အဖွားဖြစ်သူ ဒေါ်ဖောင်ထံမှ တန်ဖိုးငွေ ၂၀၀/-ကျပ်ဖြင့် ဝယ်ယူရာ၌ မှတ်ပုံတင်စာချုပ် မပြုလုပ်ဘဲ အရပ်စာချုပ်ဖြင့် ဝယ်ယူခြင်းဖြစ်သည့်အတွက် ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၄ အရ ပိုင်ဆိုင်မှုရနိုင်မည် မဟုတ်ချေ။ အချင်းဖြစ် မြေသည် အဖွား ဒေါ်ဖောင်ပိုင် မြေအဖြစ် ဆက်လက် တည်ရှိနေမည် ဖြစ်သည်။

၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ မီးလောင်ရာ၌ အချင်းဖြစ် မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့ မီးလောင်ခံရသည်။ မီးလောင်မြေပြန်လည် နေရာချထားရေးအဖွဲ့၏ စိစစ်ထောက်ခံချက်အရ မန္တလေးအရှေ့မြောက် မြို့နယ် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က အချင်းဖြစ် မြေကို ဒေါ်သစ်သစ်သို့ ပြန်လည်နေရာချထားပေးခဲ့သည်။

မန္တလေးအရှေ့မြောက်မြို့နယ်၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ အကြောင်းကြားစာ (သက်သေခံ အမှတ် ၇) တွင်

အောက်ပါ အတိုင်း ဖော်ပြပါရှိသည်–

“မန္တလေး အရှေ့မြောက်မြို့နယ် ခြံရိပ်သာလမ်း၊ အလယ်ရပ်ကွက် အကွက်အမှတ် ၅၉၂၊ ဦးပိုင်အမှတ် ၁၇၊ မူလ အမည်ပေါက် (မဖောင် (မြေး) စိန်ရင်) မြေနေရာအား မီးလောင်မြေပြန်လည် ချထားရေးအဖွဲ့၏ စိစစ် ထောက်ခံချက်နှင့်အညီ မန္တလေး အရှေ့ မြောက် မြို့နယ် ပြည်သူ့ကောင်စီ (အလုပ်အမှုဆောင်ဖွဲ့) ၏ ၁၉–၅–၈၄ နေ့တွင် ပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃/၉၆–၈၄) ဆုံးဖြတ်ချက် အပိုဒ် (၁) အရ ရည်ညွှန်းစာဖြင့် တိုင်းပြည်သူ့ကောင်စီ၏ အတည်ပြုချက် ရယူပြီး ဖြစ်ပါ၍ ပူးတွဲပါ ပိုင်ဆိုင်ခွင့်ရှိသူထံသို့ မြေနေရာများ ပြန်လည် ချထားကြောင်း အသိပေး အကြောင်းကြားပါသည်”

၁၉၉၇ ဒေါ်သစ်သစ် နှင့် ဒေါ်ရီရီမြင့် (ခ) မချိုပါ–၅

အဆိုပါ အကြောင်းကြားစာနှင့် ပူးတွဲထားသည့် ပူးတွဲပုံစံတွင် မီးလောင်မြေနေရာပြန်လည် ချထားခြင်း ခံရသူ ဒေါ်သစ်သစ်က အချင်းဖြစ်မြေသည် ၎င်းအမှန်တကယ် ရပိုင်ခွင့်ရှိသည့် ဘိုးဘပိုင်မြေဖြစ်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးကြောင်း တွေ့ရှိရသည်။

အထက်ပါ အကြောင်းကြားစာအရဆိုလျှင် မန္တလေးအရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီက ဒေါ်သစ်သစ်အား အချင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့်ရှိသူအနေဖြင့် မြေနေရာပြန်လည်ချထားပေးခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

၁၉၆၃ ခုနှစ် မီးသတ် တပ်ဖွဲ့ ဥပဒေပုဒ်မ ၉ (၁၀) တွင် စုံစမ်းရေးကော်မတီသည် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မီးလောင်ခြင်းခံရသော အဆိုပါ ပစ္စည်းနှင့် ပစ္စည်းတည်ရှာ မြေကို ပိုင်ရှင်အား ပြန်ပေးရန် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်မှာ မီးလောင်ခြင်း ခံရသော ပစ္စည်းတည်ရာ မြေကို ပိုင်ရှင်အား ပြန်ပေးခြင်းသာဖြစ်သည်။ မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့မှ နေရာချထားခြင်းကြောင့် ထိုသူသည် ထိုနေရာချထားသည့် မြေ၏ ပိုင်ရှင်ဖြစ်လာသည်ဟု ပြဋ္ဌာန်းထားခြင်း မဟုတ်ပေ။

၁၉၆၃ ခုနှစ် မီးသတ်တပ်ဖွဲ့ ဥပဒေပုဒ်မ ၉ (၂) တွင် သက်ဆိုင်ရာမီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့သည် ထိုမီးလောင်သည့်အချိန်မှစ၍ ထိုမီးစတင်လောင်ခြင်း ခံရသည့် ပစ္စည်းတည်ရှိရာ မြေနှင့် ထိုမြေရှိ ပစ္စည်းအားလုံးကို အစိုးရက ပိုင်ဆိုင်ရမည်ဟု ကြေညာရမည်၊ ထိုသို့

၁၉၉၇
ဒေါ်သစ်သစ်
နှင့်
ဒေါ်ရီရီမြင့်
(ခ)
မချိုပါ-၅

ကြေညာသည့်အချိန်မှစ၍ ထိုမြေနှင့်လည်းကောင်း၊ ထိုပစ္စည်းများနှင့်လည်းကောင်း စပ်လျဉ်း၍ မူလပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အားလုံးရပ်စဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်မှာ မီးစတင်လောင်ခြင်း ခံရသည့် ပစ္စည်း တည်ရှိရာမြေနှင့် သက်ဆိုင်သည်။ ယခုအမှုတွင် အချင်းဖြစ်မြေမှ စတင်၍ မီးလောင်ကျွမ်းကြောင်း ပေါ်ပေါက်ခြင်း မရှိ၍ အဆိုပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်မည် မဟုတ်ပေ။

**ဒေါ်သောင်းပါ၃ နှင့် ဒေါ်လှကြည်အမှု**[၁] တွင် မီးလောင်မြေနေရာချထားရေးအဖွဲ့၏ ဆောင်ရွက်ချက်သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က လုပ်ပိုင်ခွင့် ဘောင်အတွင်း ဆောင်ရွက်ခြင်းဖြစ်၍ ပိုင်ဆိုင်ခွင့် မရနိုင်ဟု မှတ်ယူနိုင်မည် မဟုတ်ကြောင်း ထုံးဖွဲ့ထားသည်။

အဆိုပါအမှုမှာ လယ်ဝေးမြို့နယ် မီးလောင်ရာတွင် မြို့နယ်နေရာချထားရေးအဖွဲ့က အကွက်ပြန်ရိုက်ပြီး အချင်းဖြစ်နေရာကို ဒေါ်သောင်းတို့အား ပြန်လည်ချထားပေးခြင်းဖြစ်သည်။ ယခုအမှုမှာ အကွက်ရိုက်၍ မြေနေရာချထားပေးခြင်း မဟုတ်သဖြင့် **ဒေါ်သောင်းပါ၃ အမှု**နှင့် ဖြစ်ရပ်ခြင်း မတူချေ။

**ဒေါ်သစ်သစ်သည် မီးမလောင်မီက အချင်းဖြစ် မြေတွင် အမွေဆိုင်တစ်ဦးအဖြစ် နေထိုင်သည်ဖြစ်ရာ မီးလောင်ပြီးနောက် မီးလောင်မြေနေရာချထားရေးအဖွဲ့က ပြန်လည်နေရာ ချထားပေးခြင်းကြောင့် ပိုင်ရှင်အဖြစ်ပြောင်းလဲသွားခြင်း မရှိပေ။**

ထို့ကြောင့် ကြားနာလျက်ရှိသည့် ပြဿနာနှင့် စပ်လျဉ်း၍ မီးလောင်မြေနေရာချထားရေးအဖွဲ့၏ **စိစစ်ထောက်ခံချက်နှင့်အညီ မန္တလေးအရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဒေါ်သစ်သစ်၏** အမည်ဖြင့် ချထားပေးခဲ့သည့် အချင်းဖြစ်မြေကို အမွေဆိုင်မြေအဖြစ် အမွေခွဲဝေခြင်း ပြုနိုင်သည်ဟု ဖြေဆိုလိုက်သည်။

သို့ရာတွင် ဒေါ်သစ်သစ်သည် အချင်းဖြစ် မြေတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ခန့်ကစ၍ နှစ်ထပ်တိုက်အိမ်တစ်လုံး ဆောက်လုပ်ပြီးနောက်အိမ်ငှားချထားကာ ငှားရမ်းခများကို ၎င်းတစ်ဦးတည်း ခံစားခဲ့ကြောင်းအငြင်းမပွားချေ။

---

(၁) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၄၇

ပူးတွဲပိုင်သူတစ်ဦးသည် မြေကို နှစ် ၃၀ ကျော် ၄၀ နီးပါးတစ်ဦးတည်း လက်ရှိထားခဲ့ပြီး ထိုကာလအတွင်း ထိုပစ္စည်းမှ ဖြစ်ထွန်းသောအကျိုးအမြတ်ကို တစ်ဦးတည်း ခံစား၍ မြေခွန်ကိုလည်း ပေးဆောင်ခဲ့လျှင် ထိုသို့ အချိန်ကြာကြာ လက်ရှိထားခြင်းအရ ၎င်းသည် တစ်ဦးတည်းသောပိုင်ရှင်အဖြစ် လက်ရှိထားကြောင်း၊ ထို့အပြင် အခြား ပူးတွဲပိုင်ဆိုင်သူအားဆန့်ကျင်ကြောင်း မှတ်ယူရန်ဖြစ်သည်ဟု **မောင်လှဖေနှင့် မနီတာအမှု**[၁] တွင် ထုံးဖွဲ့ထားသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက အချင်းဖြစ်မြေပေါ်ရှိ အိမ်ကိုငှားရမ်း၍ ငှားရမ်းခ ရယူခဲ့ခြင်းမှာ မြေနှင့် မပတ်သက်ကြောင်း၊ မြေသည် ဘိုးဘပိုင်မြေ ဖြစ်၍ မြေခွန်မြေခ ပေးရခြင်းလည်း မရှိကြောင်း တရားစွဲဆိုသည်မှာ မြေကိုသာ ဖြစ်ကြောင်း၊ ဥပဒေအရ မြေပိုင်ဆိုင်မှုနှင့် မြေပေါ်ရှိ ပစ္စည်းပိုင်ဆိုင်မှုတို့ကို ခွဲခြားနိုင်ကြောင်း လျှောက်လဲတင်ပြသည်။

အမွေဆိုင်တစ်ဦးသည် မခွဲဝေရသေးသည့် အမွေပုံပစ္စည်းပေါ်တွင်လက်ရှိနေထိုင်ခြင်းမှာ အခြားအမွေဆိုင်များ၏ ပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်၍နေထိုင်သည်ဟု မဆိုနိုင်သည်မှာ မှန်သည်။ သို့ရာတွင် အမွေဆိုင်ပစ္စည်းကို ၎င်း၏ အကျိုးအတွက် ပြုပြင်ပြောင်းလဲမှု ပြုလုပ်၍ လက်ရှိထားလျှင်မူ အခြားအမွေဆိုင်များကို ဆန့်ကျင်လက်ရှိထားရာရောက်သည်။

ဒေါ်သစ်သစ်သည် အမွေဆိုင်မြေတွင် ၎င်းတစ်ဦးတည်းပိုင်သည့်နှစ်ထပ်တိုက်ခံ အိမ်ဆောက်လုပ်ခဲ့ခြင်းသည်ပင်လျှင် အမွေဆိုင်မြေကိုအခြားအမွေဆိုင်များအား ဆန့်ကျင်လက်ရှိထားခြင်းဖြစ်ကြောင်း ပေါ်လွင်နေသည်။

ထို့သို့ ဒေါ်သစ်သစ်က အချင်းဖြစ် မြေတွင် နှစ်ထပ်တိုက်ခံ အိမ်ဆောက်လုပ်ပြီး အိမ်ငှားထားကာ အိမ်လခများကို နှစ်ပေါင်း ၄၀ ကျော်ကြာအောင် ၎င်းတစ်ဦးတည်း ခံစားခဲ့ခြင်းသည် အခြား အမွေဆိုင်များအား ဆန့်ကျင် လက်ရှိထားကြောင်း ကောက်ယူရန်မှတစ်ပါး အခြားမဖြစ်နိုင်ပေ။

အချင်းဖြစ်မြေတွင် ဒေါ်သစ်သစ်ဆန့်ကျင်လက်ရှိနေသည့် အချိန်မှစ၍ရေတွက်လျှင် ဦးမောင်မောင်လေး စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်သည်။

---

(၂) အေအိုင်အာ ၁၉၄၀ ရန်ကုန်စာ ၁၄၁

၁၉၉၇
ဒေါ်သစ်သစ်
နှင့်
ဒေါ်ရီရီမြင့်
(ခ)
မချိုပါ-၅

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်နှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကာ မူလရုံးတရားလို ဦးမောင်မောင်လေး စွဲဆိုသည့်အမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/- သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးတင်အုံး ရှေ့တွင်

ဦးသိန်း
နှင့်
ဒေါ်ခင်သန်းထွေးပါ ၁၅*

+၁၉၉၇
မတ်လ
၃၁ ရက်

**ဒီကရီကိုဇာရီပြုလုပ်ရာတွင် အိမ်နှင့် မြေကို လေလံတင်ရောင်းချခြင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၀ အရ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၉၀ အရ လျှောက်ထားခွင့်ရှိသူ၊ ထိုပုဒ်မအရ လျှောက်ထားရာတွင် မည်သည့်အချက်အပေါ် အခြေခံရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ . ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၈၉ သည် ဒီကရီအတည်ပြုရေးအတွက် ပစ္စည်းရောင်းချခြင်းကို အတည်မပြုမီ တရားရုံးအား ဒီကရီကျငွေနှင့် လေလံဆွဲဝယ်သူကို လျော်ကြေးပေးခြင်းဖြင့် ရောင်းချမှုကို ပယ်ဖျက်ခွင့်ရရန် နောက်ဆုံး အခွင့်အရေးပေးသည့်အနေဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

**အအောင်အာပီစီ ၂၉** အမှုကိုကြည့်ပါ။

ယခုအမှုတွင် အယူခံတရားလို ဦးသိန်းသည် တရားရုံးက လေးလံတင်ရောင်းချရန် ကြော်ငြာခဲ့သည့် ပစ္စည်းကို ဝယ်ယူထားပြီး သူ့အနေဖြင့်သာ ဖော်ပြလျှောက်ထားခြင်းဖြစ်၍ ဦးသိန်း၏ လျှောက်ထားချက်မှာ ယင်းပြဋ္ဌာန်းချက်တွင် အကျုံးမဝင်ချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၀အရ ဒီကရီ အတည်ပြုရာ၌ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချထားလျှင် တရားနိုင်ကဖြစ်စေ၊ ရောင်းရငွေများတွင် အချိုးကျ ဝေစုရပိုင်ခွင့် ရှိသူ

---

* ၁၉၉၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၀၇

\+ ၁၉၉၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၆၃ တွင် ချမှတ်သော (၈-၈-၉၆) ရက်စွဲပါ ရန်ကုန်တိုင်း (တရားမ) တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၇
ဦးသိန်း
နှင့်
ဒေါ်ခင်သန်းထွေး
ပါ-၁၅

တစ်ဦးဦးကဖြစ်စေ ရောင်းချခြင်းကြောင့် အကျိုးသက်ဆိုင်ခွင့်ကို ထိခိုက်နစ်နာသူကဖြစ်စေ ရောင်းချရန် ကြော်ငြာရာတွင်လည်းကောင်း၊ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အရေးကြီးသည့် ချွတ်ယွင်းချက်ကြောင့် ဖြစ်စေ၊ လိမ်လည်ခြင်းကြောင့်ဖြစ်စေ ရောင်းချမှုကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၀ အရ လျှောက်ထားခွင့်ရှိသူများတွင် ရောင်းချခြင်းကြောင့် အကျိုးသက်ဆိုင်ခွင့် ထိခိုက်နစ်နာရသူ အကျုံးဝင်လျက်ရှိရာ ယင်းသို့ နစ်နာသူများနှင့် တရားရုံးထံမှ အမှုအတောအတွင်း ဝယ်ယူသူလည်း ပါဝင်သည်။ **အေအိုင်အာ ၁၉၂၇ မဒရပ် ၇၈၃** အမှုကို ရည်ညွှန်းသည်။ အယူခံတရားလို ဦးသိန်းသည် အချင်းဖြစ် ပစ္စည်းကို တရားရုံးတို့ထံမှ အမှုအတောအတွင်း ဝယ်ယူထားသူဖြစ်၍ ယင်းပြဋ္ဌာန်းချက်အရ လျှောက်ထားခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ သို့ရာတွင် လျှောက်လွှာသည် အရောင်းကြော်ငြာရာတွင်ဖြစ်စေ၊ ရောင်းချရန် ဆောင်ရွက်ရာတွင်ဖြစ်စေ ချွတ်ယွင်းခြင်း သို့မဟုတ် လိမ်လည်ခြင်းအပေါ် အခြေခံရမည်။ **အေအိုင်အာ ၁၉၂၆ ကာလကတ္တား ၈၂၉** အမှုကို ရည်ညွှန်းသည်။ ထို့အပြင် လျှောက်လွှာသည် အကြီးအကျယ် ထိခိုက်နစ်နာရကြောင်းလည်း ပေါ်လွင်ထင်ရှားစေရမည်။ **အေအိုင်အာ ၁၉၄၅ ပီစီ ၁၇၈** အမှုကို ရည်ညွှန်းသည်။

အယူခံတရားလို ဦးသိန်း၏ လျှောက်လွှာတွင် ၎င်းသည် အချင်းဖြစ် မြေနှင့် အိမ်ကို တရားရုံးမှ လေလံကြော်ငြာ မထုတ်မီကတည်းက နှစ်ဦးသဘောတူ အိမ်ခန်းအရောင်းအဝယ် ကတိစာချုပ်အရ လက်ရောက် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်သော အိမ်ခန်းဖြစ်ကြောင်းသာ ဖော်ပြထားသဖြင့် အယူခံတရားလို ဦးသိန်း၏ လျှောက်လွှာအပေါ် လက်ခံစဉ်းစားရန် အကြောင်းမရှိချေ။

| | |
|---|---|
| အယူခံတရားလိုအတွက် – | ဒေါ်ခင်ကြည်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် – | (၁) အတွက် ဦးကျား၊ တရားရုံးချုပ်ရှေ့နေ (၂) မှ (၈) အတွက် ကိုယ်စားလှယ်စာရသူ ဒုအရာခံဗိုလ်အောင်သစ်စံ၊ (၁၂) ကိုယ်တိုင်နှင့် |

(၉) ၏ ကိုယ်စားရေးသား လျှောက်လဲချက်တင်သည်။ (၁၀) (၁၁) (၁၃) (၁၄) (၁၅) တို့မလာ။

၁၉၉၇
ဦးသိန်း
နှင့်
ဒေါ်ခင်သန်းထွေး
ပါ–၁၅

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၁/၈၅ တွင် တရားလို ဒေါ်ခင်သန်းထွေးက တရားပြိုင် ဒေါ်ခင်အေးသန်းပါ ၁၅ ဦး အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးရန် စွဲဆိုမှုတွင် ရရှိသော အပြီးသတ် ဒီကရီကို အတည်ပြုဆောင်ရွက်ပေးရန် တရားမဇာရီမှု အမှတ် ၆၃/၉၅ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဇာရီမှုတွင် တိုင်းတရားရုံးက အချင်းဖြစ် အိမ်နှင့် မြေ ကို လေလံတင် ရောင်းချရန် ၆–၁၂–၉၅ နေ့က အမိန့်ချမှတ်ပြီးနောက် ၁–၂–၉၆ ရက်နေ့တွင် လေလံကြော်ငြာထုတ်ခဲ့သည်။ အယူခံတရားလို ဦးသိန်း (မူလမှုမှ အမှုသည်မဟုတ်သူ)က သတင်းစာပါ အချင်းဖြစ် ပစ္စည်းကို ရောင်းချမည့် ကြော်ငြာအရ ၁၅–၂–၉၆ နေ့တွင် လေလံတင် ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၉၀ အရ လျှောက်ထားချက်အား ပယ်သဖြင့် ဤအယူခံမှုကို တင်သွင်းသည်။

တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၈၉၊ ၉၀ တို့အရ လေလံတင်ရောင်းချခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ကိစ္စတွင် အချင်းဖြစ် ပစ္စည်းကို လေလံတင်ရောင်းချပြီးမှသာ လျှောက်ထားခွင့်ရှိကြောင်း၊ ယခု အချင်းဖြစ် ပစ္စည်းကို လေလံတင် ရောင်းချရန် စီစဉ်ဆဲအဆင့်သာရှိပြီး ရောင်းချခြင်း မပြုရသေးကြောင်း၊ ယင်းသို့ လျှောက်ထားသူသည် ကာလစည်းကမ်းသတ် ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၆၆ အရ ရောင်းချသည့် နေ့မှ ရက် (၃၀) အတွင်း လျှောက်ထားရန် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ရောင်းချပြီးနောက် ရောင်းချခြင်းကို အတည်မပြုမီ လျှောက်ထားရမည်ဖြစ်ကြောင်းဖြင့် ဦးသိန်း၏ လျှောက်လွှာကို ပယ်ခဲ့ခြင်းဖြစ်သည်။

အယူခံ တရားလို၏ ရှေ့နေက တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၀ အရ အယူခံတရားလိုမှ ငှားဝယ်ယူပိုင်ဆိုင်ခဲ့သော အခန်းကို လေလံတင်ရောင်းချရန် သတင်းစာကြော်ငြာ၏ ပစ္စည်းစာရင်းတွင် တွေ့လျှင် တွေ့ချင်း နစ်နာသူ တစ်ဦးအဖြစ် အချိန်မီ လျှောက်ထားခြင်းကို တရားမ အထွေထွေမှု ဖွင့်လှစ်စုံစမ်းမှု ပြုလုပ်ပေးရန်သာ ရှိကြောင်း၊ ယင်း

၁၉၉၇
ဦးသိန်း
နှင့်
ဒေါ်ခင်သန်းထွေး
ပါ-၁၅

ပြဋ္ဌာန်းချက်တွင် လေလံတင်ရောင်းချပြီးမှသာ ပယ်ဖျက်ရန် လျှောက်ထားနိုင်ခွင့်ရှိသည်ဟု ဖော်ပြ မထားကြောင်း၊ အမိန့် ၂၁ နည်း ၈၉ နှင့် နည်း ၉၀ကို ရောထွေး သုံးသပ်ထားကြောင်း၊ အယူခံ တရားလိုသည် တရားရုံးက လေလံကြော်ငြာမထုတ်မီ ၁၀-၇-၉၅ နေ့က အိမ်ခန်း အရောင်းအဝယ် ကတိစာချုပ်အရ ဝယ်ယူလက်ရောက် ရရှိပိုင်ဆိုင်ခဲ့ကြောင်း၊ တရားနိုင်/တရားရှုံး မဟုတ်သော အယူခံတရားလို၏ လျှောက်လွှာကို တရားရုံးမှ တရားမကျင့်ထုံး အမိန့် ၂၁ နည်း ၉၇ အရ စုံစမ်းမှုပြုလုပ်နိုင်သည့် အာဏာရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ၁ ၏ ရှေ့နေမှ တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၁၂၁/၈၅ တွင် ၁၄-၇-၉၀ နေ့တွင် ပဏာမ ဒီကရီ ချမှတ်ပြီး ၂၉-၆-၉၅ နေ့တွင် အပြီးသတ် ဒီကရီ ချမှတ်ခဲ့ကြောင်း၊ ၁-၇-၉၅ ရက်စွဲပါ စာချုပ်အရ ဝယ်ယူခွင့် မရှိသည်ကို ဝယ်ယူခဲ့ခြင်းဖြစ်၍ ဇာရီတွင် ကန့်ကွက်ခွင့် မရှိကြောင်း၊ တရားမ ကျင့်ထုံး အမိန့် ၂၁ နည်း ၉၀ မှာ ဒီကရီအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခဲ့ရာ၌ အရေးကြီးသော နည်းလမ်း မကျမှု သို့မဟုတ် လိမ်လည်မှု ရှိမှသာ လျှောက်ထားခွင့်ရှိကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၂ အရ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ တိုက်ရိုက်ပြဿနာ ပေါ်ပေါက်လျက်ရှိသော တရားမကြီးမှု မပြီးပြတ်မီ တရားရုံးက ပြဋ္ဌာန်းသည့် စည်းကမ်းနှင့်အညီမှတစ်ပါး ထိုပစ္စည်းအပေါ် တစ်ဖက် အမှုသည်ကို ထိခိုက်အောင် မည်သည့်အမှုသည်ကမျှ လွှဲပြောင်းခြင်း၊ အခြားနည်းစီမံခြင်း မရှိစေရဟု တားမြစ်ထားကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ၂ မှ ၈ အထိနှင့် ၉ နှင့် ၁၂ တို့က ရေးသား လျှောက်လဲချက်များ တင်သွင်းခဲ့ကြသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၈၉ သည် ဒီကရီအတည်ပြုရေးအတွက် ပစ္စည်းရောင်းချခြင်းကို အတည်မပြုမီ တရားရှုံးအား ဒီကရီကျငွေနှင့် လေလံဆွဲဝယ်သူကို လျော်ကြေးပေးခြင်းဖြင့် ရောင်းချမှုကို ပယ်ဖျက်ခွင့်ရရန် နောက်ဆုံးအခွင့်အရေးပေးသည့်အနေဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ **အေအိုင်အာပီစီ ၂၉** အမှုကိုကြည့်ပါ။

ယခုအမှုတွင် အယူခံတရားလို ဦးသိန်းသည် တရားရုံးက လေလံတင်ရောင်းချရန် ကြော်ငြာခဲ့သည့် ပစ္စည်းကို ဝယ်ယူထားပြီး သူ့အနေဖြင့်သာ

၁၉၉၇
ဦးသိန်း
နှင့်
ဒေါ်ခင်သန်းထွေး
ပါ–၁၅

ဖော်ပြလျှောက်ထားခြင်းဖြစ်၍ ဦးသိန်း၏ လျှောက်ထားချက်မှာ ယင်းပြဋ္ဌာန်းချက်တွင် အကျုံးမဝင်ချေ။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၀ အရ ဒီကရီအတည်ပြုရာ၌ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချထားလျှင် တရားနိုင်ကဖြစ်စေ၊ ရောင်းရငွေများတွင် အချိုးကျ ဝေစုပိုင်ခွင့်ရှိသူတစ်ဦးဦးကဖြစ်စေ၊ ရောင်းချခြင်းကြောင့် အကျိုးသက်ဆိုင်ခွင့်ကို ထိခိုက်နစ်နာသူကဖြစ်စေ ရောင်းချရန် ကြော်ငြာရာတွင်လည်းကောင်း၊ ဆောင်ရွက်ရာတွင်လည်းကောင်း အရေးကြီးသည့် ချွတ်ယွင်းချက်ကြောင့်ဖြစ်စေ၊လိမ်လည်ခြင်းကြောင့်ဖြစ်စေ ရောင်းချမှုကို ပယ်ဖျက်ပေးရန် တရားရုံးသို့လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၀ အရ လျှောက်ထားခွင့်ရှိသူများတွင် ရောင်းချခြင်းကြောင့် အကျိုးသက်ဆိုင်ခွင့် ထိခိုက်နစ်နာရသူများ အကျုံးဝင်လျက်ရှိရာ ယင်းသို့နစ်နာသူများနှင့် တရားရုံးထံမှ အမှုအတော အတွင်း ဝယ်ယူသူလည်းပါဝင်သည်။ **အေအိုင်အာ ၁၉၂၇ မဒရပ် ၇၈၃** အမှုကို ရည်ညွှန်းသည်။ အယူခံတရားလို ဦးသိန်းသည် အချင်းဖြစ် ပစ္စည်းကို တရားရုံးတို့ထံမှ အမှု အတောအတွင်း ဝယ်ယူထားသူဖြစ်၍ ယင်း ပြဋ္ဌာန်းချက်အရ လျှောက်ထားခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်း တွေ့ရသည်။

သို့ရာတွင် လျှောက်လွှာ၌ အရောင်းကြော်ငြာရာတွင်ဖြစ်စေ၊ ရောင်းချရန် ဆောင်ရွက်ရာတွင်ဖြစ်စေ ချွတ်ယွင်းခြင်း သို့မဟုတ် လိမ်လည်ခြင်းအပေါ် အခြေခံရမည်။ **အေအိုင်အာ ၁၉၂၆ ကာလကတ္တား ၈၂၉** အမှုကို ရည်ညွှန်းသည်။ ထို့အပြင် လျှောက်လွှာသည် အကြီးအကျယ် ထိခိုက်နစ်နာရကြောင်းလည်း ပေါ်လွင်ထင်ရှားစေရမည်။ **အေအိုင်အာ ၁၉၄၅ ပီစီ ၁၇၈** အမှုကို ရည်ညွှန်းသည်။

အယူခံတရားလို ဦးသိန်း၏ လျှောက်လွှာတွင် ၎င်းသည် အချင်းဖြစ် မြေနှင့် အိမ်ကို တရားရုံးမှ လေလံကြော်ငြာမထုတ်မီကတည်းက နှစ်ဦးသဘောတူ အိမ်ခန်းအရောင်းအဝယ် ကတိစာချုပ်အရ လက်ရောက် ဝယ်ယူ၍ လက်ရှိ ပိုင်ဆိုင်သော အိမ်ခန်းဖြစ်ကြောင်းသာ ဖော်ပြထားသဖြင့် အယူခံ တရားလို ဦးသိန်း၏ လျှောက်လွှာအပေါ် လက်ခံစဉ်းစားရန် အကြောင်း မရှိချေ။

အယူခံတရားပြိုင်၏ ရှေ့နေက တရားမမှုများ မပြီးပြတ်မီ အချင်းဖြစ် ပစ္စည်းကို တရားရုံးက အယူခံတရားလိုထံ လွှဲပြောင်းခြင်းဖြစ်၍ ယင်းသို့ လွှဲပြောင်းခြင်းကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၂ တွင် တားမြစ်ထား

၁၉၉၇
ဦးသိန်း
နှင့်
ဒေါ်ခင်သန်းထွေး
ပါ-၁၅

ကြောင်းလည်း လျှောက်လဲတင်ပြသည်။

ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ် ၅၂ အရ တားမြစ်ချက်တွင် အကျုံးဝင်ရန် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ သီးခြားတိုက်ရိုက်အငြင်းပွားလျက်ရှိသော ပစ္စည်းကို အမှုသည်တစ်ဦးဦးက လွှဲပြောင်းခြင်း၊ ထိုသို့ လွှဲပြောင်းခြင်းကြောင့် တရားရုံး၏ ဒီကရီအရ ရရှိမည့် အမှုသည်၏ အခွင့်အရေးကို ထိခိုက်စေခြင်းစသည့် အင်္ဂါရပ်များနှင့် ညီညွတ်ရန်လိုသည်။

ယခုအမှုတွင် အယူခံတရားလို ဦးသိန်းသည် တရားလို ဒေါ်ခင်သန်းထွေးနှင့် တရားပြိုင် ဒေါ်ခင်အေးသန်းပါ-၁၅ ဦးတို့အကြား ဖြစ်ပွားသည့် အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု မပြီးပြတ်မီ တရားရုံး (၂) ဦးထံမှ အချင်းဖြစ် ပစ္စည်းကို ဝယ်ယူလက်ရှိထားခြင်းဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်နှင့်လည်း ငြိစွန်းနေသည်ကို တွေ့ရသည်။

ထို့ပြင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ အရ ဒီကရီအတည်ပြုခြင်း၊ ဒီကရီအရပေးဆပ်ခြင်း၊ ဒီကရီကို ကြေအေး ပြေငြိမ်းခြင်းနှင့် စပ်လျဉ်း၍ ဒီကရီချမှတ်ခဲ့သည့် အမှုမှ အမှုသည်များ၊ ၎င်းတို့၏ အခွင့်အရေး ဆက်ခံသူများအကြားတွင် ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဒီကရီအတည်ပြုသည့် တရားရုံးက အဆုံးအဖြတ်ပေးရမည်ဖြစ်ပြီး သီးခြားတရားတစ်ထုံးစွဲဆို အဆုံးအဖြတ်ခံယူခြင်း မပြုရချေ။ **မောင်ဖိုးအုန်းနှင့် ရာဂမ္မချစ်တီး** အမှု(၁) ကိုကြည့်ပါ။

သို့ဖြစ်ရာ အယူခံတရားလို ဦးသိန်းသည် မူလအမှုမှ အမှုသည်လည်း မဟုတ်၊ အမှုသည်များ၏ အခွင့်အရေး ဆက်ခံသူလည်း မဟုတ်သဖြင့် ၎င်း၏ လျှောက်ထားချက်နှင့် ပတ်သက်၍ တရားမဇာရီမှုတွင် အဆုံးအဖြတ်ပေးခွင့်မရှိချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားလို ဦးသိန်း၏ လျှောက်ထားချက်ကို ပယ်ခဲ့သည့် တိုင်းတရားရုံး၏ အမိန့်သည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၁၀၀/-သတ်မှတ်သည်။

---

(၁) ဘီအယ်လ်အာ အတွဲ ၉၊ စာ ၄၀။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

ဒေါ်သိန်းပါ ၆
နှင့်
ဒေါ်သိန်းဆင်*
(အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခင်ဝင်း)

+ ၁၉၉၇
ဇူလိုင်လ
၃ ရက်

**အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားသော ဥပစာမှ နှင်လိုမှု– မိဘများက ၎င်းတို့ မပိုင်သည့် မြေတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိဘများ ကွယ်လွန်သည့်အခါ သားသမီးများက ထိုသူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ **ဦးသိန်းအောင် နှင့် ဒေါ်ဝင်းအမှု ဦးစံသောင်းနှင့် ဒေါ်အေးအမှု** တို့တွင် ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိကြောင်း ထုံးဖွဲ့ထားသည်။

ပစ္စည်းကို အမွေဆက်ခံခွင့် ရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကို အမွေဆက်ခံခွင့်မရလျှင်မူ ယင်းအခွင့်အရေးကို မရနိုင်။

မိဘများက ၎င်းတို့ မပိုင်သည့် မြေတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူအား မိဘများ ကွယ်လွန်သည့်အခါ သားသမီးများက ထိုသူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားနိုင်မည်မဟုတ်ပေ။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၂၉

\+ ၁၉၉၁ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၃၅၅ တွင် ချမှတ်သော (၁၄–၇–၉၃) ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

၁၉၉၇
ဒေါ်သိန်းပါ-၆
နှင့်
ဒေါ်သိန်းဆင်

အယူခံတရားလိုအတွက် - ဦးခင်မောင်ရင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဒေါ်နန်းမြင့်မြင့်ထွေး၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၂၇၁ တွင် အယူခံတရားပြိုင် ဒေါ်သိန်းဆင်က ၎င်း၏ အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်ခင်ခင်ဝင်းမှ တစ်ဆင့် အယူခံတရားလို ဒေါ်သိန်းပါ ၇ ဦး တို့အပေါ် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့် ပြုထားသော ဥပစာမှ နှင်လိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက ဒေါ်သိန်းဆင်စွဲဆိုသည့်အမှုကို ပလပ်ခဲ့သည့် အတွက် ဒေါ်သိန်းဆင်က တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ အယူခံဝင် ရောက်ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က တိုင်းတရားရုံး၏ စီရင် ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဒေါ်သိန်းဆင်စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီချမှတ်ပေးသည်။ ဒေါ်သိန်းတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၃ ခုနှစ် တရားမအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၄၄၅ တွင် လျှောက်ထားသောအခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"မိခင်ကွယ်လွန်သဖြင့် ငယ်စဉ်ကပင် ဦးကြီးဖြစ်သူနှင့် အနှစ် ၅၀ ကျော် အတူနေလာသူအား ဦးကြီးဖြစ်သူ၏ သမီးက ၎င်း၏ သမီးကို ကိုယ်စားလှယ်လွှဲပြီး ခွင့်ပြုချက်ဖြင့် နေသူအဖြစ် နှင်လိုမှု စွဲဆိုရာတွင် တရားလိုပြ သက်သေများသည် ခွင့်ပြုချက်ဖြင့် ထားကြောင်း တိုက်ရိုက်သိမြင်သည့် သက်သေများ မဟုတ်ဟု မူလအမှုစစ် တရားရုံးက သုံးသပ်ပြီး ဒီကရီချမှတ်ခြင်း မပြုရာဝယ် အယူခံတရားရုံးချုပ်က ဦးကြီးဖြစ်သူ၏ ခွင့်ပြုချက်အရ နေထိုင်သူဖြစ် ကြောင်း တရားလိုဘက်က သက်သေခံချက် တင်ပြနိုင်သည်ဟု ယေဘုယျသုံးသပ်ပြီး တရားလိုအား အနိုင်ဒီကရီချမှတ်ပေးခြင်းမှာ မှုတမှန်ကန်ခြင်း ရှိမရှိ"

အယူခံတရားလိုတို့၏ ရှေ့နေကအချင်းဖြစ် မြေကွက်တွင် အယူခံတရာ လိုများသည် အနှောင့်အယှက်ကင်းမဲ့စွာ နှစ်ပေါင်း ၅၀ ကျော် အစဉ်တစ်စိုက် နေထိုင်ခဲ့ကြသူများဖြစ်ကြောင်း အချင်းဖြစ် မြေကွက်နှင့် စပ်လျဉ်း၍ အယူခံ တရားပြိုင် ဒေါ်သိန်းဆင်သည် အမွေဆက်ခံရရှိကြောင်း ထင်ရှားစွာ ပြသနိုင်ခြင်းမရှိဘဲ ပထမအယူခံရုံးက အယူခံတရားပြိုင် အမွေရ ပိုင်ဆိုင်

၁၉၉၇
ဒေါ်သိန်းပါ-၆
နှင့်
ဒေါ်သိန်းဆင်

ကြောင်း သုံးသပ်ခြင်း ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အယူခံတရားလိုတို့သည် အချင်းဖြစ်မြေတွင် ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူများဖြစ်၍ နှစ်ပေါင်း ၅၀ ခန့် နေထိုင်ခဲ့စေကာမူ ဆန့်ကျင်ဘက် ပိုင်ဆိုင်မှုကို ရရှိနိုင်သူများ မဟုတ်ကြောင်း၊ ဒေါ်သိန်းတို့ နှစ်ပေါင်းများစွာ နေထိုင်လာခြင်းကပင်လျှင် ဦးဟန်၏ ခွင့်ပြုချက်ဖြင့် နေထိုင်သည့် သဘောကို ပေါ်လွင်စေကြောင်း၊ ဒေါ်သိန်းဆင်သည် ဖခင်ဦးဟန်၏ အမွေကို ဆက်ခံသူဖြစ်ကြောင်း အမှုတွင် ထင်ရှားပေါ်လွင်နေရာ ပစ္စည်းကို အမွေဆက်ခံသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိသည်ဟု စီရင်ထုံးများတွင် ထုံးပြုထားကြောင်း၊ ထို့ကြောင့် တရားရုံးချုပ်၏ ဒီကရီသည် မှန်ကန်ကြောင်း လျှောက်လဲတင်ပြသည်။

တရားလို ဒေါ်သိန်းဆင်၏ မိဘများမှာ ဦးဟန်နှင့် ဒေါ်ချစ်တို့ ဖြစ်ကြသည်။ အမှတ် (၁) တရားပြိုင် ဒေါ်သိန်း၏ မိခင်မှာ ဒေါ်သက် ဖြစ်သည်။ ဦးဟန်နှင့် ဒေါ်သက်တို့သည် မောင်နှမအရင်းများ ဖြစ်ကြသည်။

ဒေါ်သိန်းဆင်က လွန်ခဲ့သော နှစ်ပေါင်း ၅၃ နှစ်ခန့်က တရားလို၏ မိဘများဖြစ်ကြသော ဦးဟန်နှင့် ဒေါ်ချစ်တို့က အမှတ် (၁) တရားပြိုင် ဒေါ်သိန်းနှင့် ပထမ ခင်ပွန်း ဦးဘိုးငွေတို့ အိမ်ထောင်ကျသောအခါ နေထိုင်ရန် အိမ်မရှိသဖြင့် အချင်းဖြစ်မြေတွင် အိမ်တစ်လုံးဆောက်လုပ်ပြီး အခမဲ့ နေထိုင်ခွင့်ပြုခဲ့ကြောင်း အဆိုပြုသည်။

ဒေါ်သိန်းတို့က ဒေါ်သိန်း၏ မိခင် ဒေါ်သက်၏ ရွှေထည်ပစ္စည်းများကို ရောင်းချပြီး ဦးကြီးဖြစ်သူ ဦးဟန်မှ အချင်းဖြစ်မြေကို ဝယ်ယူကာ အိမ်ဆောက်လုပ် နေထိုင်စေခဲ့ခြင်း ဖြစ်ကြောင်း တရားပြိုင်တို့သည် မိမိတို့၏ ပိုင်ရေး ပိုင်ခွင့်အရ နေထိုင်ခြင်းဖြစ်၍ တရားလို၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း မဟုတ်ကြောင်း ချေပသည်။

အချင်းဖြစ် မြေမှာ မန္တလေးတိုင်း အမရပူရမြို့၊ အိုးတော်တိုက်နယ် တမာကုန်းရပ်ကွက်၊ ကွင်းအမှတ် ၅၉၇၊ မြေကွက်အမှတ် ၂၆၆ ရွာမြေ ဖြစ်သည်။ ယင်းမြေကို ဒေါ်သိန်းဆင်၏ မိဘများဖြစ်သော ဦးဟန်နှင့် ဒေါ်ချစ်တို့ တရားဝင်ပိုင်ဆိုင်ကြောင်း အထောက်အထား မရှိချေ။

၁၉၉၇
ဒေါ်သိန်းပါ-၆
နှင့်
ဒေါ်သိန်းဆင်

**ဦးသိန်းအောင်နှင့် ဒေါ်ဝင်းအမှု**[၁] ၊ **ဦးစံသောင်းနှင့် ဒေါ်အေးအမှု**[၂] တို့တွင် ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိကြောင်း ထုံးဖွဲ့ထားသည်။

ပစ္စည်းကို အမွေဆက်ခံခွင့်ရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကို အမွေဆက်ခံခွင့် မရလျှင်မူ ယင်းအခွင့်အရေးကို မရနိုင်။

မိဘများက ၎င်းတို့ မပိုင်သည့် မြေတွင် အခမဲ့ နေထိုင်ခွင့်ပြုခဲ့သူအား မိဘများ ကွယ်လွန်သည့်အခါ သားသမီးများက ထိုသူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားနိုင်မည် မဟုတ်ပေ။

အချင်းဖြစ် မြေတွင် ဒေါ်သိန်းတို့အား ဒေါ်သိန်းဆင်၏ မိဘများဖြစ်ကြသော ဦးဟန်နှင့် ဒေါ်ချစ်တို့က ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့သည်ဟု ဆိုဦးတော့၊ ယင်းမြေကို ဦးဟန်နှင့် ဒေါ်ချစ်တို့ ပိုင်ဆိုင်ခြင်း မရှိသဖြင့် မိဘများ ကွယ်လွန်သည့်အခါ ဒေါ်သိန်းဆင်သည် အချင်းဖြစ် မြေကို အမွေဆက်ခံရရှိခြင်းမရှိသောကြောင့် ဦးဟန်က ယင်းမြေတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသော ဒေါ်သိန်းတို့အား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိမည် မဟုတ်ပေ။

**ဒေါ်သိန်းမေနှင့် မိုဟာမက်အီစွတ်ပါ ၂ အမှု**[၃] တွင် လိုင်စင်ကို အမွေဆက်ခံခွင့်မရှိကြောင်း ထုံးဖွဲ့ထားသည်။ ထို့ကြောင့် ဒေါ်သိန်းဆင်သည် မိဘများ၏ ခွင့်ပြုချက်သက်သက်ကို အမွေမဆက်ခံနိုင်ပေ။

အချင်းဖြစ် မြေကို ဒေါ်သိန်းဆင်က အမွေဆက်ခံရရှိခြင်း မရှိဘဲနှင့် တရားရုံးချုပ်က ဒေါ်သိန်းဆင်သည် ကွယ်လွန်သူဦးဟန်မှ အခွင့်အမိန့်နှင့်ထားခြင်းကို ဆက်ခံသူအဖြစ် ဒေါ်သိန်းတို့အား အချင်းဖြစ် မြေပေါ်မှ ဖယ်ရှားနိုင်ခွင့်ရှိသည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်။

ထို့ကြောင့် မူလတရားရုံးက ဒေါ်သိန်းဆင်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခြင်း မပြုရာဝယ် တရားရုံးချုပ်က တရားလိုအား အနိုင်ဒီကရီချမှတ်ပေး

---

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံးများ စာ ၃၃၁

(၂) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၁၀၀

(၃) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၃၃၇

ခြင်းမှာ မှုတမှန်ကန်မှု မရှိကြောင်း ကြားနာလျက်ရှိသော ပြဿနာကိုဖြေဆို လိုက်သည်။ ၁၉၉၇ ဒေါ်သိန်းပါ-၆ နှင့် ဒေါ်သိန်းဆင်

ဤအထူး အယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည် အတည်ပြုလိုက်သည်။

ရှေ့နေခကျပ် ၃၀၀/-သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင် တို့ရှေ့တွင်

+ ၁၉၉၇
ဒီဇင်ဘာလ
၁၆ ရက်

ဒေါ်အမ
(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်ဦး)
နှင့်
ဒေါ်ခင်လှစိန်*
(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးမျိုးဝင်းအောင်)

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခြင်း အချိန်သည် အဓိက ဟုတ်မဟုတ် ပြဿနာပေါ်ပေါက်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ တွင် ဖော်ပြထားသော စာဖြင့် ရေးသားသည့် ပဋိညာဉ်နှင့် စပ်လျဉ်း၍ အချိန်သည် အဓိက ဟုတ်မဟုတ်ဟူသော ပြဿနာကို စာချုပ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်အကြောင်းချက်များအရ ဆုံးဖြတ်ရသည်။ ကာယကံရှင်တို့၏ ရည်ရွယ်ချက်ကို သက်သေထူရန် နှုတ်သက်သေခံချက်သည် သက်သေခံမဝင်ပေ။ **မဖွားရှင်နှင့် အက် (စ်) အမ်၊ အေ၊ ရာမင် ချစ်တီးအမှု** ကိုကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ၃၁-၈-၈၇ နေ့တွင် နောက်ဆုံးထားပြီး မပျက်မကွက် အကြေပေးချေရမည်ဆိုသည့် စကားရပ်သည် ယင်းတို့သတ်မှတ်သည့် အချိန်အတွင်း အရောင်းအဝယ်ကိစ္စကို အပြီးဆောင်ရွက်ရန် ကာယကံရှင်တို့က ကြံရွယ်ကြကြောင်း ကာယကံရှင်တို့သည် အချိန်ကာလသတ်မှတ်ချက်

* ၁၉၉၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၃

\+ ၁၉၉၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၈၆ တွင် ချမှတ်သော ၁၁-၁၁-၉၄ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူး အယူခံဝင်ရောက်မှု

ကို လိုက်နာကြရန် ရည်ရွယ်ကြောင်း အထင်အရှား ညွှန်ပြနေသည်။ အချိန်ကာလသတ်မှတ်ခြင်းမှာ လုပ်ရိုးလုပ်စဉ် သဘောမဟုတ်ဘဲ အဓိက ထား၍ သတ်မှတ်ခြင်းဖြစ်ကြောင်း စကားအသုံးအနှုန်းအရ ပေါ်လွင် ထင်ရှားနေသည်။



အယူခံတရားလိုအတွက် – ဦးခင်မောင် (တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် – ဦးဇမာ (တရားရုံးချုပ်ရှေ့နေ)

မန္တလေးတိုင်း တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှုအမှတ် ၆၈၆ တွင် အယူခံတရားလို ဒေါ်အမက အယူခံတရားပြိုင် ဒေါ်ခင်လှစိန် အပေါ် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ ဘိုးဘပိုင်မြေကို ရောင်းချရန် သဘောတူထားသော ကတိစာချုပ်အတိုင်းမှတ်ပုံတင် အရောင်း စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်ခင်လှစိန်က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် အယူခံဝင်သည့်အခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဒေါ်အမစွဲဆိုသည့် အမှုကို ပလပ်သည်။ ဒေါ်အမက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာများကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

၁။ အချင်းဖြစ်အမှုတွင် ဒေါ်အမနှင့် ဒေါ်ခင်လှစိန်တို့ နှစ်ဦး သဘောတူချုပ်ဆိုခဲ့ကြသည့် ၁၀–၆–၈၇ ရက်စွဲပါ အရောင်းအဝယ် ပြုလုပ်ရန် ကတိပေးစာချုပ်သည် အချိန်ကို အဓိကထား၍ ချုပ်ဆိုထားသော စာချုပ်ဟုတ်မဟုတ်။

၂။ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အခြေအနေများအရ အခြားနည်း သက်သာခွင့်ပေးရန် အကြောင်းရှိမရှိ။

အယူခံတရားလို၏ ရှေ့နေက တရားရုံးချုပ်သည် အရောင်းအဝယ် ပဋိညာဉ်တွင် အရောင်းအဝယ်ကို မည်သည့်အချိန်ကာလအတွင်း ပြီးစီးအောင် ပြုလုပ်မည်ဟု သတ်မှတ်ချက်ရှိစေကာမူ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေး စေလိုမှုတွင် သာမန်အားဖြင့် ယင်းသတ်မှတ်ချက်သည် အဓိကမဟုတ်ပေ၊ ကာယကံရှင်များ၏ ရည်ရွယ်ချက်သာ အဓိကဖြစ်သည်ဟု သုံးသပ်ပြီး

၁၉၉၇
ဒေါ်အမ
နှင့်
ဒေါ်ခင်လှစိန်

အယူခံတရားလိုက ၃၁-၈-၈၇ ရက်နေ့တွင် ကျန်ငွေပေးရန် ပျက်ကွက်ခြင်းကို အဓိကထားဆုံးဖြတ်ခြင်းမှာ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက် ကွဲလွဲကြောင်း၊ သက်သေခံ (က) စာချုပ်တွင် "နောက်ဆုံးနေ့" "မပျက်မကွက်" စသည့် စကားရပ်များကို ဖော်ပြထားသည် မှန်သော်လည်း ပျက်ကွက်ပါက အရောင်းအဝယ်ပျက်ကြောင်း စရန်ငွေ ဆုံးရှုံးကြောင်း ဖော်ပြထားခြင်း မရှိ၍ တရားရုံးချုပ်သည် ပဋိညာဉ် စည်းကမ်းချက်တွင် မပါရှိသည်ကို ဖြည့်စွက် ထည့်သွင်း၍ ဆုံးဖြတ်သည်မှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ၁၀-၆-၈၇ နေ့စွဲပါ အရောင်းအဝယ်ပြုလုပ်ရန် စရန်ပေး ကတိစာချုပ်အပိုဒ် ၅ တွင် ပါရှိသော ၁၉၈၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး မပျက်မကွက်ပေးချေရန် သဘောတူကြပါသည်ဟု စာသားအရ နှစ်ဘက်အမှုသည်တို့သည် စာချုပ်ပါအတိုင်း ပြုလုပ်ဆောင်ရွက်ရန် ကိစ္စတွင် အချိန်ကာလကို အတိအလင်းထည့်သွင်းသတ်မှတ်ထားကြောင်းမှာ အငြင်းမထွက်ကြောင်း၊ အချိန်ကာလသတ်မှတ်မှုဖြစ်သော ၃၁-၈-၈၇ နေ့မှာ သာမန်လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ကာယကံရှင်များ၏ အဓိကထားသည့် သတ်မှတ်ချက်ဖြစ်ကြောင်း၊ ထိုနေ့တွင် ကျန်ငွေကို ပေးချေရန် ပျက်ကွက်ပါက စရန်ငွေ ဆုံးရှုံးမည်ဆိုသည့် အချက်ကို ထည့်သွင်း မထားသည့်အတွက် ကတိစာချုပ်သည် ဆောင်ရွက်ရန် အချိန်ကို အဓိကထားခြင်း မဟုတ်ဟုယူဆပါက စာချုပ်အပိုဒ် ၅ ပါ "နောက်ဆုံးထား၍ မပျက်မကွက်ပေးချေရန်" ဆိုသည့်စကားရပ်မှာ အဟောသိကံဖြစ်မည်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မန္တလေးအရှေ့မြောက်မြို့နယ်၊ ချမ်းအေးသာဇံအနောက်ရပ်၊ အကွက်အမှတ် ၅၉၀၊ ဦးပိုင်အမှတ် ၅ (က)၊ ၂၈ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းအကြားရှိ ဘိုးဘပိုင်မြေကို ဒေါ်ခင်လှစိန်ပိုင်သည်။ ယင်းမြေပေါ်တွင် ဒေါ်အမက ၁၉၄၁ ခုနှစ်မှစ၍ မြေငှားအဖြစ် နေထိုင်ခဲ့သည်။ ၁၀-၆-၈၇ နေ့တွင် အဆိုပါ မြေကို ဒေါ်ခင်လှစိန်က ငွေကျပ် ၆၀၀၀၀၀/- နှင့် ရောင်းချရန် ကမ်းလှမ်းသည်ကို ဒေါ်အမက ဝယ်ယူရန် သဘောတူပြီး၊ ထိုနေ့တွင် စရန်ငွေကျပ် ၂၀၀၀၀၀/-ကို ဝယ်ယူသူ ဒေါ်အမက ရောင်းသူ ဒေါ်ခင်လှစိန်အား ပေးချေကာ စရန်ပေး ကတိစာချုပ် ချုပ်ဆိုခဲ့သည်။ အဆိုပါ စရန်ပေးကတိစာချုပ်တွင် ကျပ်ငွေကျပ် ၄၀၀၀၀၀/- ကို ၃၁-၈-၈၇ နေ့တွင် ဝယ်သူက ရောင်းသူအား ပေးချေရန်နှင့်

ကျန်ငွေအားလုံးကို ပေးချေသည့် နေ့တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် သဘောတူညီခဲ့ကြသည်။

တရားလို ဒေါ်အမက တရားပြိုင်သည် အချင်းဖြစ် မြေကို မှတ်ပုံတင် စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် မြေတိုင်းခြင်း၊ ဦးပိုင်ခွဲခြားခြင်းများ ပြုလုပ်ခဲ့သော်လည်း၊ ထို လုပ်ငန်းများကို စာချုပ်အရ သတ်မှတ်ထားသည့် ၃၁-၈-၈၇ နေ့ အမှီ ပြီးစီးခဲ့ခြင်း မရှိကြောင်း၊ ပြီးစီးသည့် အချိန်တွင်လည်း အကြောင်း အမျိုးမျိုးပြ၍ ကျပ်ငွေကျပ် ၄၀၀၀၀၀/- ကို လက်ခံရန် ငြင်းဆန်ခဲ့ကြောင်း ၁-၁၁-၈၉ နေ့တွင် တရားလိုက ငွေကျပ် ၄၀၀၀၀၀/ ကို သွားရောက်ပေးချေသော်လည်း တရားပြိုင်က လက်မခံဘဲ အရောင်း အဝယ် ပြုလုပ်ရန် ဆန္ဒမရှိတော့ဟု ပြောကြားခဲ့ကြောင်း အဆိုပြုသည်။

တရားပြိုင် ဒေါ်ခင်လှစိန်က တရားလိုသည် ပေးရန်ကျန်ငွေ ကျပ် ၄၀၀၀၀၀/- ကို စရန်ပေး ကတိစာချုပ်ပါအတိုင်း ၃၁-၈-၈၇ နေ့ နောက်ဆုံးထားပြီး ပေးချေရန် တာဝန်ကို ချိုးဖောက်ခဲ့သဖြင့် မှတ်ပုံတင် အရောင်းစာချုပ်မပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း၊ တရားလိုသည် စရန်ပေး စာချုပ်ပြုလုပ်ခဲ့သော ၁၀-၆-၈၇ နေ့မှတရားပြိုင်ထံ စာရေးအကြောင်း ကြားသည့် ၂၁-၁၂-၈၈ နေ့အထိ ကျန်ငွေကျပ် ၄၀၀၀၀၀/-ကို လာရောက် ပေးချေခြင်း အလျဉ်းမရှိကြောင်း တရားလိုသည် ပဋိညာဉ်ကို ချိုးဖောက်ခဲ့သူဖြစ်၍ ပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးစေသည့် ဒိကရီမရထိုက်ကြောင်း ချေပသည်။

တရားလိုနှင့် တရားပြိုင်တို့သည် အချင်းဖြစ် မြေကို အရောင်းအဝယ် ပြုလုပ်ရန် စရန်ပေး ကတိစာချုပ်ပြုလုပ်ခဲ့ကြပြီး ဝယ်သူက ရောင်းသူအား စရန်ငွေ ကျပ် ၂၀၀၀၀၀/- ပေးပြီးနောက် ကျန်ငွေကျပ် ၄၀၀၀၀၀/- ကို ကတိစာချုပ်တွင် သတ်မှတ်ထားသည့် ၃၁-၈-၈၇ နေ့တွင် ပေးချေရန် ပျက်ကွက်ခဲ့သည်မှာ နှစ်ဘက်အငြင်းမပွားသည့်အချက်များဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

> "ပဋိညာဉ်တွင် ကိစ္စတစ်ရပ်နှင့် ပတ်သက်၍ သတ်မှတ်သည့် အချိန်တွင် ဆောင်ရွက်ရန် ကတိပြုထားပြီး ဆောင်ရွက်ရန် ပျက်ကွက်ရာတွင် အချိန်သည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်ကြောင်း ပဋိညာဉ်ပြုကြသူ နှစ်ဘက်လုံးမှ ရည်ရွယ်ပြီးဖြစ်ပါက ပဋိညာဉ် အတိုင်း မဆောင်ရွက်ရသည်များအတွက် ကတိရသူ၏ ဆန္ဒအတိုင်း ပျက်ပြယ်စေလိုက ပျက်ပြယ်ခွင့်ရှိသည်။"

၁၉၉၇
ဒေါ်အမ
နှင့်
ဒေါ်ခင်လှစိန်

ပင်ညာဉ်အက်ဥပဒေပုဒ်မ ၅၅ တွင် ဖော်ပြထားသော စာဖြင့် ရေးသားသည့် ပင်ညာဉ်နှင့် စပ်လျဉ်း၍ အချိန်သည် အဓိကဟုတ် မဟုတ် ဟူသော ပြဿနာကို စာချုပ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင် အကြောင်းချက်များအရ ဆုံးဖြတ်ရသည်။ ကာယကံရှင်တို့၏ ရည်ရွယ်ချက်ကို သက်သေထူရန် နှုတ်သက်သေခံချက်သည် သက်သေခံမဝင်ပေ။ **မဖွားရှင်နှင့် အက်(စ်) အမ်၊ အေ၊ ရာမင် ချစ်တီးအမှု**[၁] ကို ကြည့်ပါ။

၁၀-၆-၈၇ ရက်စွဲပါ စရန်ပေး ကတိစာချုပ် (သက်သေခံ က) တွင် အောက်ပါ စည်းကမ်းချက်ပါရှိသည်-

> ကျန်ငွေကျပ် ၄၀၀၀၀၀/- (ကျပ်လေးသိန်းတိတိ) ကို ၁၉၈၇ ခုနှစ် ဩဂုတ်လ (၃၁) ရက်နေ့ **နောက်ဆုံးထားပြီး** ဝယ်ယူရန် သဘောတူညီသူ ဒေါ်အမက ရောင်းချရန် သဘောတူညီသူ ဒေါ်ခင်လှစိန်အား **မပျက်မကွက် အပြေပေးချေရန်** သဘောတူကြပါသည်။ ကျန်ငွေအားလုံးကို ပေးချေသည့်နေ့တွင် ဘိုးဘပိုင်မြေ အရောင်းအဝယ် စာချုပ်ချုပ်ဆိုကြပြီး၊ ရေစစ္စတြီပြုလုပ်ကြရန် ဖြစ်ပါသည်။

အထက်ပါ စည်းကမ်းချက်အရဆိုလျှင် ဝယ်သူက ပေးရန် ကျန်ငွေကျပ် ၄၀၀၀၀၀/- ကို ၃၁-၈-၈၇ နေ့တွင် နောက်ဆုံးထားပြီး မပျက်မကွက် အကြေပေးချေရမည်ဖြစ်သည်။

၃၁-၈-၈၇ နေ့တွင် နောက်ဆုံးထားပြီး မပျက်မကွက် အကြေပေးချေရမည်ဆိုသည့် စကားရပ်သည် ယင်းသို့ သတ်မှတ်သည့် အချိန်အတွင်း အရောင်းအဝယ်ကိစ္စကို အပြီး ဆောင်ရွက်ရန် ကာယကံရှင်တို့က ကြံရွယ်ကြကြောင်း၊ ကာယကံရှင်တို့သည် အချိန်ကာလ သတ်မှတ်ချက်ကို လိုက်နာကြရန် ရည်ရွယ်ကြောင်း အထင်အရှား ညွှန်ပြနေသည်၊ အချိန်ကာလ သတ်မှတ်ခြင်းမှာ လုပ်ရိုးလုပ်စဉ် သဘောမဟုတ်ဘဲ အဓိကထား၍ သတ်မှတ်ခြင်းဖြစ်ကြောင်း စကား အသုံးအနှုန်းအရ ပေါ်လွင် ထင်ရှားနေသည်။

အယူခံ တရားလို၏ ရှေ့နေက သက်သေခံ (က) အရောင်းအဝယ် ကတိစာချုပ် အပိုဒ် (၅) ၏ နောက်ဆုံးစာကြောင်း၌ "ကျန်ငွေ အားလုံး ပေးချေသည့်နေ့တွင် ဘိုးဘပိုင်မြေ အရောင်းအဝယ်စာချုပ် ချုပ်ဆို

---

(၁) အောက်မြန်မာပြည် စီရင်ထုံး အတွဲ ၂၊ စာ ၉၉

ကြပြီး ရေစစ္စတြီ ပြုလုပ်ကြရန်ဖြစ်သည်" ဆိုသည့် သဘောတူညီချက် ပါရှိသဖြင့် ငွေအားလုံး အပြေအကြေရမည့်နေ့ကို ပြောင်းလဲ သတ်မှတ်လိုက်ရာရောက်၍ ၃၁–၈–၈၇ နေ့သည် အရောင်းအဝယ်ကိစ္စ အပြီးဆောင်ရွက်ရမည့်နေ့ မဟုတ်ကြောင်း တင်ပြသည်။

အဆိုပါ စာကြောင်းသည် စာပိုဒ် ၅ ပါ ရှေ့က စာကြောင်းနှင့် တစ်ဆက်တည်း ရေးသားထားခြင်းဖြစ်သည်။ ယင်းစာကြောင်း တစ်ကြောင်းတည်းကို ကွက်၍ အဓိပ္ပာယ်ကောက်ရန် မဟုတ်ပေ၊ ရှေ့စာကြောင်းတွင် ကျန်ငွေကျပ် ၄ သိန်းကို ၃၁–၈–၈၇ နေ့ နောက်ဆုံးထားပြီး မပျက်မကွက် အပြေပေးချေရမည်ဟု ပါရှိသည်။ ရှေ့စာကြောင်းနှင့်ဆက်၍ ဖတ်ရှုပါက ကျန်ငွေအားလုံး ပေးချေသည့်နေ့သည် ၃၁–၈–၈၇ နေ့ဖြစ်ကြောင်း ထင်ရှားမြင်သာသည်။ ကျန်ငွေအားလုံး ပေးချေရန် နောက်ထပ် သီးခြားနေ့ရက် သတ်မှတ်ထားခြင်း မဟုတ်ပေ။

သီးခြားသက်သာခွင့် ဥပဒေအရ သက်သာခွင့်မှာ မူလက အီကွိတီတရားရုံးများက ပေးထားသော သက်သာခွင့်မျိုးဖြစ်သည်။ အီကွိတီတရားဥပဒေအရ မြေအရောင်းအဝယ် ပဋိညာဉ်တွင် အရောင်းအဝယ်ကို မည်သည့်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဟူသော သတ်မှတ်ထားလင့်ကစား သင့်တင့်လျှောက်ပတ်သော အချိန်ကာလအတွင်း အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ရန် ကာယကံရှင်များက အမှန်တကယ်ရည်ရွယ်ရင်း ရှိမရှိ စိစစ်ကြည့်ရှုရသည်။

ရောင်းသူ ဒေါ်ခင်လှစိန်သည် သတ်မှတ်သည့် ၃၁–၈–၈၇ နေ့ မတိုင်မီ ၂၇–၈–၈၇ နေ့တွင် ဦးပိုင်ခွဲရန် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားခဲ့ကြောင်း တွေ့ရသည်။ ဒေါ်ခင်လှစိန် အနေဖြင့် သတ်မှတ်သည့် ရက်အတွင်း ဆောင်ရွက်ရန် ရှိသည်များကို ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ဒေါ်ခင်လှစိန်ဘက်မှ သတ်မှတ်ရက်အတွင်း အရောင်းအဝယ်ကိစ္စ ပြီးစီးအောင် ဆောင်ရွက်ရန် ရည်ရွယ်ရင်း ရှိကြောင်း မြင်သာသည်။

ဝယ်သူ ဒေါ်အမက ရောင်းသူဒေါ်ခင်လှစိန်ထံ အရောင်းအဝယ် ကိစ္စ ဆောင်ရွက်ရန် အသင့်ရှိကြောင်း အကြောင်းကြားသည့် ၂၁–၁၂–၈၈ နေ့စွဲပါ သက်သေခံ (ခ) စာတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်–

"မန္တလေးမြို့ ၂၈ လမ်း၊ သံဖြူတန်း ဒေါ်ခင်လှစိန် ပိုင်ဆိုင်သော အခန်း ၂ ခန်း အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ၁၉၈၇ ခုနှစ်

၁၉၉၇
ဒေါ်အမ
နှင့်
ဒေါ်ခင်လှစိန်

ဇွန်လ ၁၀ ရက်နေ့တွင် ချုပ်ဆိုသော စာချုပ်အရ ဝယ်သူ ဒေါ်အမက ပေးရန်ကျန်ရှိသော ငွေကျပ် ၄ သိန်းကို **ချိန်းဆိုသော ရက် ၃၁-၈-၈၇ နေ့ကပင် အဆင်သင့် အပြီးအပိုင်ပေးချေရန် ဆန္ဒ**ရှိခဲ့သော်လည်း ရောင်းသူ ဒေါ်ခင်လှစိန်က လာရောက်လက်ခံခြင်း မရှိခဲ့သေးပါ။ ယင်းကိစ္စမှာ လိပ်ခဲတင်းတင်းပင်ရှိနေသေးသည် ဖြစ်ရာ အရောင်းအဝယ်ပြီးပြတ်လိုသော ဆန္ဒအရ ကျွန်ုပ်ဘက်မှ **သတ်မှတ်သော အချိန်စေ့သည့်နေ့မှ** ယနေ့တိုင် အဆင်သင့်ရှိနေပါသည်"

ဒေါ်အမ၏ စာအရဆိုလျှင် ဒေါ်အမသည်လည်း သတ်မှတ်သည့်အချိန်ကာလအတွင်း အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ရန် အမှန်တကယ် ရည်ရွယ်ရင်းရှိခဲ့ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်၍ အချင်းဖြစ်အမှုတွင် ဒေါ်အမနှင့် ဒေါ်ခင်လှစိန်တို့ နှစ်ဦးချုပ်ဆိုခဲ့ကြသည့် ၁၀-၆-၈၇ နေ့စွဲပါ အရောင်းအဝယ်ပြုလုပ်ရန် ကတိပေးစာချုပ်သည် အချိန်ကို အဓိကထား၍ ချုပ်ဆိုသော စာချုပ်ဖြစ်သည်ဟု ကြားနာလျက်ရှိသည့် အမှတ် (၁) ပြဿနာကို ဖြေဆိုလိုက်သည်။

တရားလို ဒေါ်အမ၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်ဦးက ၃၁-၈-၈၇ နေ့ မတိုင်မီ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်မချုပ်ဆိုဖြစ်ကြောင်း၊ စာချုပ် မချုပ်ဆိုရသည့် အကြောင်းရင်းမှာ ဝယ်ယူသည့်မြေကို ဦးပိုင် မခွဲရသေးသည့်အတွက် ဖြစ်ကြောင်း အကြောင်းပြထွက်ဆိုသော်လည်း ၃၁-၈-၈၇ နေ့တွင် ၎င်းတို့ဘက်က ငွေပေးရန် မဆောင်ရွက်ခဲ့ရပါဟု ဝန်ခံထွက်ဆိုသည်။

စရန်ပေး ကတိစာချုပ်တွင် ဝယ်သူမှ ကျန်ငွေမပေးမီ ရောင်းသူက ဦးပိုင်ခွဲရန် ကြိုတင်ဆောင်ရွက်ထားရမည်ဟူသော စည်းကမ်းချက် မပါရှိချေ။ သို့ဖြစ်ရာ ဦးပိုင်မခွဲရသေးသည့်အတွက် သတ်မှတ်ရက်တွင် ငွေမပေးခြင်းဖြစ်ပါသည်ဆိုသည့် တရားလို၏ အကြောင်းပြချက်ကို လက်ခံနိုင်ဖွယ်ရာမရှိပေ။

ဒေါ်တင်တင်ဦးကပင် ၅-၉-၈၇ နေ့တွင် ငွေစက္ကူများ တရားမဝင်ကြေညာကြောင်း၊ ငွေစက္ကူကြေညာပြီးမှ ၁၅ ရက်ခန့်လောက်တွင် ငွေချေရန်အတွက် ၃/၄/လခန့် ရွှေ့ပေးရန် တရားပြိုင်အား သွားရောက်ပြောဆိုကြောင်း ထွက်ဆိုပြန်သည်။

ငွေစက္ကူများ တရားမဝင်ကြောင်း ကြေညာသည့်နေ့ရက်မှာ ကျန်ငွေ

၁၉၉၇
ဒေါ်အမ
နှင့်
ဒေါ်ခင်လှစိန်

ပေးဆပ်ရန် သတ်မှတ်ထားသည့်ရက်ဖြစ်သော ၃၁–၈–၈၇ နေ့နောက်ပိုင်း ဖြစ်ရာ ဤအချက်ကိုလည်း လက်ခံရန်အကြောင်း မရှိပေ။

ဝယ်သူ ဒေါ်အမသည် သတ်မှတ်သည့် ၃၁–၈–၈၇ နေ့ထက် ၂ နှစ် ကျော်ကြာသည့် ၁–၁၁–၈၉ နေ့တွင်မှ ကျန်ငွေပေးရန် ဆောင်ရွက်ခဲ့သည်။ သတ်မှတ်သည့်ကာလထက် ၂ နှစ်ကျော်ကြာပြီးမှ ကျန်ငွေပေးရန် ကမ်းလှမ်းခြင်းမှာ သင့်တင့်လျောက်ပတ်သည့် ကာလတွင်း ဆောင်ရွက်ခြင်းဟု မဆိုနိုင်၊ ပဋိညာဉ်ကို ဆောင်ရွက်ရန် အချိန်ကာလ အတိအကျသတ်မှတ်ထားသည့် ၃၁–၈–၈၇ နေ့တွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သူမှာ ဝယ်သူတရားလိုဖြစ်သည်။ ထို့ကြောင့် တရားလိုသည် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် သက်သာခွင့်ကို ရနိုင်မည် မဟုတ်ပေ။

အရောင်းအဝယ်ပျက်သဖြင့် ပေးသွင်းထားသော ငွေကို ပြန်လည် ပေးအပ်ရေးနှင့် စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေတွင် ပြဋ္ဌာန်းချက်များ မရှိချေ။ ထိုပြဿနာကို ဆုံးဖြတ်ရာ၌ ပေးသွင်းထားသည့် ငွေသည် ရောင်းကြေးငွေအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ပေးသွင်းခဲ့ခြင်းဖြစ်လျှင် ရောင်းသူသော်လည်းကောင်း၊ ဝယ်သူသော်လည်းကောင်း ပဋိညာဉ် အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုငွေကို ပေးသွင်းထားသူအား ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။ သို့သော် ထိုပေးသွင်းငွေမှာ အာမခံသဘော အဖြစ် ပေးသွင်းထားခြင်းဖြစ်လျှင် ဝယ်သူပျက်ကွက်ပါက ထိုငွေကို ပြန်လည် ရရှိနိုင်မည်မဟုတ်ပေ။

ယခုအမှုတွင် ဝယ်သူဘက်မှ ပျက်ကွက်ခြင်းဖြစ်သည့်အပြင် တရားစွဲဆိုရာ၌ စရန်ငွေပြန်ပေးရန် တောင်းဆိုထားခြင်း မရှိသဖြင့် ဤကိစ္စအတွက် စဉ်းစားရန် အကြောင်းမပေါ်ပေါက်ချေ။

သို့ဖြစ်၍ အမှုတွင် ပေါ်ပေါက်လျက်ရှိသော အခြေအနေများအရ အခြားနည်းသက်သာခွင့်ပေးရန် အကြောင်း မရှိကြောင်း ကြားနာလျက် ရှိသည့်အမှတ် (၂) ပြဿနာကို ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ် လိုက်သည်။

ရှေ့နေခကျပ် ၃၀၀/– သတ်မှတ်သည်။

## တရားမဒုတိယအယူခံမှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးတင်အုံး ရှေ့တွင်

ဦးအောင်ခင်ပါ (၅)
နှင့်
ဦးဝေလွင် (ခ) ဦးမောင်ကို*

+ ၁၉၉၇
နှစ်လ
၁၃ ရက်

**တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ အယူခံမှုများတွင် အမှုသည်တို့သည် နောက်ထပ်သက်သေတင်ပြရန် အခွင့်အရေးမရှိခြင်း၊ တရားရုံးက လိုအပ်သည်ဟု ထင်မြင်ပါက နောက်ထပ်သက်သေအစစ်ခံချက် သို့မဟုတ် လိုအပ်သည့်စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့်အခွင့်အရေး ရှိခြင်း၊ အယူခံမှုကို မကြားနာမီ အမှုသည်တစ်ဦး၏ လျှောက်ထားချက်အရ ဤလုပ်ပိုင်ခွင့်ကို ကျင့်သုံးမှုမပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ အရ အယူခံမှုများတွင် အယူခံတရားလိုနှင့်အယူခံတရားပြိုင်တို့သည် နောက်ထပ်သက်သေတင်ပြရန် မည်သို့မျှ အခွင့်အရေးမရှိပေ။ အယူခံမှုကို ကြားနာသည့်ရုံးမှ လိုအပ်သည်ဟု ထင်မြင်ပါက နောက်ထပ်သက်သေအစစ်ခံချက် သို့မဟုတ် လိုအပ်သည့်စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့်အခွင့်အရေးသာ ရှိသည်။

အယူခံရုံးက အမှုတွဲရှိ သက်သေခံချက်များကို စိစစ်ပြီးနောက် သက်သေခံချက်မှာ အရှိအတိုင်းဆိုလျှင် ပင်ကိုအားဖြင့် ချို့ယွင်းနေသည်ဟု ကောက်ယူဆုံးဖြတ်မှသာလျှင် သို့မဟုတ် အမှုတွဲကိုကြည့်ရှုရုံမျှဖြင့် ယိုယွင်းချက် သို့မဟုတ် ဟာကွက်ရှိကြောင်း ပေါ်လွင်မှသာလျှင် နောက်ထပ်သက်သေခံချက် ယူနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် အယူခံရုံးသည် အမှုတွဲရှိ သက်သေခံချက်များကို စိစစ်ပြီးနောက် လက်ရှိသက်သေခံချက်အရ

---

* ၁၉၉၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်–၁၁၁

\+ ၁၉၉၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၅ တွင် ချမှတ်သော (၁၈–၁၀–၉၆) ရက်စွဲပါ မန္တလေးတိုင်းတရားရုံး (မြင်းခြံခရိုင်) ၏ အမိန့်အပေါ် လက်ခံသင့် မသင့် ကြားနာမှု

စိရင်ချက်မချမှတ်နိုင်ဟု သဘောရရှိမှသာလျှင် နောက်ထပ်သက်သေခံချက် ယူနိုင်သည်။

၁၉၉၇
ဦးအောင်ဒင်ပါ (၅) နှင့် ဦးဝေလွင် (၈) ဦးမောင်ကို

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အရေးကြီးဆုံးအချက်မှာ အယူခံမှုကို မကြားနာမီ အမှုသည်တစ်ဦး၏ လျှောက်ထားချက်အရ ဤလုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုနိုင်ပေ။ အယူခံရုံးသည် အယူခံမှုကို အမှုသွား အမှုလာအရ ကြားနာခြင်းမပြုမီ ဤလုပ်ပိုင်ခွင့်ကို မကျင့်သုံးနိုင်၊ **ဒေါ်လှရင်** နှင့် **ဦးမောင်စိန်အမှု** ကို ကြည့်ပါ။

အယူခံတရားလိုများအတွက် – ဦးအေးကြူ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ကိုယ်တိုင်

ကျောက်ပန်းတောင်းမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၂/၉၅ တွင် အယူခံ တရားပြိုင် ဦးဝေလွင်ကိုက တရားလိုပြုလုပ်၍ အယူခံတရားလို ဦးအောင်ဒင်ပါ–၅ဦးတို့အပေါ် အခွင့်အမိန့်အရ အခမဲ့နေသူအား နှင်လိုမှု စွဲဆိုရာ၌ အနိုင်ဒီကရီရရှိသည်။ ယင်းဒီကရီအပေါ် အယူခံတရားလို ဦးအောင်ဒင်ပါ–၅ဦးတို့က မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး (မြင်းခြံခရိုင်) တရားမ အယူခံမှု အမှတ် ၁၅/၉၆ တွင် အယူခံ ဝင်ရောက်သော်လည်း အောင်မြင်မှု မရသဖြင့် ဤတရားမ ဒုတိယ အယူခံမှုကို တင်သွင်းသည်။

ဤအယူခံမှုကို မကြားနာမီတွင် အယူခံ တရားလိုများ၏ ရှေ့နေက တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၄၁ နည်း ၂၇ နှင့် ၃၃ တို့အရ မြေခွန်ပြေစာများကို သက်သေခံအဖြစ် လက်ခံနိုင်ရန် မူလရုံးသို့ အမှုတွဲပြန်လည်ပေးပို့ပြီးလျှင် သက်သေခံချက် ရယူပေးပါရန် လျှောက်ထားသည်။

အယူခံတရားပြိုင်က အယူခံတရားလိုတို့၏ လျှောက်ထားချက်ကို ကန့်ကွက်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်း ၂၇ အရ အယူခံမှုများတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် နောက်ထပ်သက်သေ တင်ပြရန် မည်သို့မျှ အခွင့်အရေးမရှိပေ။ အယူခံမှုကို ကြားနာသည့်ရုံးမှ လိုအပ်သည်ဟု ထင်မြင်ပါက နောက်ထပ်သက်သေအစစ်ခံချက် သို့မဟုတ် လိုအပ်သည့်စာရွက်စာတမ်းများကို တင်သွင်းရန် ခွင့်ပြုနိုင်သည့် အခွင့်အရေးသာရှိသည်။

၁၉၉၇
ဦးအောင်ဒင်ပါ (၅) နှင့် ဦးဝေလွင် (ခ) ဦးမောင်ကို

အယူခံရုံးက အမှုတွဲရှိ သက်သေခံချက်များကို စိစစ်ပြီးနောက် သက်သေခံချက်မှာ အရှိအတိုင်းဆိုလျှင် ပင်ကိုအားဖြင့် ချို့ယွင်းနေသည်ဟု ကောက်ယူဆုံးဖြတ်မှသာလျှင် သို့မဟုတ် အမှုတွဲကိုကြည့်ရှုမှုဖြင့် ယိုယွင်းချက် သို့မဟုတ် ဟာကွက်ရှိကြောင်း ပေါ်လွင်မှသာလျှင် နောက်ထပ်သက်သေခံချက် ယူနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် အယူခံရုံးသည် အမှုတွဲရှိသက်သေခံချက်များကို စိစစ်ပြီးနောက် လက်ရှိသက်သေခံချက်အရ စီရင်ချက်မချမှတ်နိုင်ဟု သဘောရရှိမှသာလျှင် နောက်ထပ်သက်သေခံချက် ယူနိုင်သည်။

အရေးကြီးဆုံးအချက်မှာ အယူခံမှုကို မကြားနာမီ အမှုသည်တစ်ဦး၏ လျှောက်ထားချက်အရ ဤလုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုနိုင်ပေ။ အယူခံရုံးသည် အယူခံမှုကို အမှုသွားအမှုလာအရ ကြားနာခြင်း မပြုမီ ဤလုပ်ပိုင်ခွင့်ကို မကျင့်သုံးနိုင်။ **ဒေါ်လှရင် နှင့် ဦးမောင်စိန် အမှု**(၁) ကို ကြည့်ပါ။

ယခုအမှုတွင် အယူခံမှုကို မကြားနာရသေးပေ။ သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်း ၂၇ အရ နောက်ထပ်သက်သေခံချက် တင်ပြခွင့်ပြုရန် အမိန့်ချမှတ်နိုင်မည်မဟုတ်ပေ။ အယူခံတရားလိုတို့အနေဖြင့် အယူခံမှုကို ကြားနာသည့်အခါတွင် နောက်ထပ်သက်သေခံချက် တင်ပြခွင့်ပြုရန် လျှောက်ထားခွင့် ရှိပေသည်။

သို့ဖြစ်၍ အယူခံတရားလိုတို့၏ လျှောက်လွှာကို စရိတ်နှင့်တကွ ပယ်သည်။

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၃၉။

## တရားမကြီးမှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်မြင် ရှေ့တွင်

**SHANGRI-LA YANGON CO.LTD.**
ဆေးသိပ္ပံဦးစီးဌာန (၎င်း၏ကိုယ်စားလှယ်ဦးနှင်းဦး)
နယူးကိုးဒင်း၊ ရန်ကုန်လီမိတက်
(ကိုယ်စား ကုမ္ပဏီဒါရိုက်တာဦးသန်းထွန်း)
နှင့်

၁၉၉၇
နိုဝင်ဘာလ
၅ ရက်

၁။ MASTER OF MV. AKADEMIK E. PATON
၂။ WOO CHANG CHARTERING & AGENCY CO. LTD
၃။ ဦးမြတ်မူ၊ မြန်မာ့မရင်းကုမ္ပဏီ
၄။ WLS (WASAGA LINES SHIPPING ODESSA UKRAINE)
၅။ ဌာနေကိုယ်စားလှယ်၊ NATSTEEL TRADE INTERNATIONAL PTE. LTD.

---

၁။ WOO CHANG CHARTERING & AGENCY CO. LTD.
၂။ MASTER OF MV: AKADEMIK E.PATON
၃။ ဦးမြတ်မူ၊ မြန်မာ့မရင်းကုမ္ပဏီ
၄။ WLS (WASAGA LINES SHIPPING ODESSA UKRAINE)
၅။ ဌာနေကိုယ်စားလှယ်၊ NATSTEEL TRADE INERNATIONAL PTE. LTD

---

MR. M. POCHTER ရေယာဉ်မှူး MV. AKADEMIK E.PATON
တရားစီရင်ရေးဥပဒေပုဒ်မ ၄(ဈ) – ပင်လယ်ရေကြောင်းအမှု စီရင်ပိုင်ခွင့်–သင်္ဘော ကုန်တင်တန်ဆာ လက်မှတ် စည်းကမ်း နည်းလမ်း လုပ်ထုံးလုပ်နည်းကျနမှုမရှိခြင်း၊ ရေယာဉ်မှူးနှင့်သင်္ဘောပိုင်ရှင်တို့၏ LIEN ကျင့်သုံးပိုင်ခွင့် ရှိခြင်းတို့မှာ ပင်လယ်ရေကြောင်းအမှု စီရင်ပိုင်ခွင့်နှင့် မသက်ဆိုင်ခြင်း။

---

* တရားရုံးချုပ် ၁၉၉၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၊ ၂ နှင့် ၃

၁၉၉၇
နယူးကိုးဒင်း၊
ရန်ကုန်လီမိတက်
နှင့်
ကိုယ်စားလှယ်
၅ ဦး

**ဆုံးဖြတ်ချက်** ။ ။ ပြည်ပမှပင်လယ်ရေကြောင်းဖြင့် သယ်ဆောင်လာသော ကုန်စည်များကို သင်္ဘောပေါ်မှ ချပေးရန် ငြင်းဆန်မှုသည် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်မှုဆိုင်ရာ အငြင်းပွားမှုဖြစ်၍ ထိုပစ္စည်းများ ရရှိရေးနှင့် ထိုက်သင့်သည့် နစ်နာကြေးကို ရရှိရန် တရားစွဲဆိုတောင်းခံမှုမှာ ပင်လယ်ရေကြောင်းမှုတွင် အကျုံးဝင်သည်ဟု ဆိုရမည်ဖြစ်သည်။ သင်္ဘောကုန်တင်တန်ဆာလက်မှတ်စည်းကမ်းနည်းလမ်း လုပ်ထုံးလုပ်နည်းကျနမှုမရှိခြင်း၊ ရေယာဉ်မှူးနှင့်သင်္ဘောပိုင်ရှင်တို့၏ လက်ဝယ်ထားပိုင်ခွင့် (LIEN) အရ ကုန်စည်များ ထိန်းချုပ်ထားပိုင်ခွင့်ရှိခြင်းတို့မှာ အမှုစစ်ဆေးမှသာ ထင်ရှားပေါ်ပေါက်လာမည့်ကိစ္စရပ်များဖြစ်သည့်အပြင် တရားလိုများ စွဲဆိုတောင်းခံသောသက်သာခွင့်ကို ပေးသင့်မသင့် စဉ်းစားရာ၌ ချင့်ချိန်ရမည့်အချက်များသာဖြစ်၍ စီရင်ပိုင်ခွင့်နှင့်မသက်ဆိုင်ပေ။

| | |
|---|---|
| တရားလိုအတွက် | - **ဦးထွန်းလင်း၊ တရားရုံးချုပ်ရှေ့နေ** |
| | **ဦးထွန်းလင်း၊ တရားရုံးချုပ်ရှေ့နေ** |
| | ဦးအုန်းမောင်၊ တရားရုံးချုပ်ရှေ့နေ |
| တရားပြိုင် (၁) (၄) အတွက် | - ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ |
| | **ကျန်တရားပြိုင်များအတွက် ကိုယ်တိုင်** |
| (၂) (၄) အတွက် | - ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ |
| | **ကျန်တရားပြိုင်များအတွက် ကိုယ်တိုင်** |
| | - ဦးမြသိန်း၊ တရားရုံးချုပ်ရှေ့နေ |

**ပဏာမငြင်းချက်အပေါ် ချမှတ်သည့်ကြားဖြတ်အမိန့်**

ဤရုံးတရားမကြီးမှုအမှတ် ၁/၉၇ တွင် SHANGRI-LA YANGON CO. LTD က MASTER OF AKADEMIK E. PATON ပါ (၅) ဦးတို့အပေါ် သံချောင်းလုံးထုတ်ရေ ၅၄၄ ရယူလိုမှုနှင့်နစ်နာကြေးအမေရိကန်ဒေါ်လာ ၂၂၅၀၀၀ ပေးစေလိုမှု စွဲဆိုသည်။ ထို့အတူ ဤရုံးတရားမကြီးမှုအမှတ် ၂/၉၇ တွင် ဆေးသိပ္ပံဦးစီးဌာနမှ ၎င်း၏ကိုယ်စားလှယ်ဦးနှင်းဦးမှတစ်ဆင့် WOO CHANG CHARTERING & AGENCY CO. LTD.

၁၉၉၇
နယူးကိုးဒင်း၊
ရန်ကုန်လီမိတက်
နှင့်
ကိုယ်စားလှယ်
၅ ဦး

ပါ (၅) ဦးတို့အပေါ် သံချောင်းလုံးထုတ်ရေ ၄၇၉ ရယူလိုမှုနှင့် နစ်နာကြေးအမေရိကန်ဒေါ်လာ ၂၂၅၀၀၀ ပေးစေလိုမှု စွဲဆိုသည်။ အလားတူပင် ဤရုံးတရားမကြီးမှုအမှတ် ၃/၉၇ တွင် နယူးကိုးဒင်း ရန်ကုန်လီမိတက် ကိုယ်စား ယင်းကုမ္ပဏီဒါရိုက်တာ ဦးသန်းထွန်းက MR. M. POCHTER ရေယာဉ်မှူး MV. AKADEMIKE.PATONအပေါ်ဘိလပ်မြေမက်ထရစ်တန် ၅၀၀၀ (အိတ်ရေ ၁၀၀၀၀၀) လက်ရောက်ပေးအပ်စေလိုမှုနှင့်နစ်နာကြေး အမေရိကန်ဒေါ်လာ ၂၃၁၂၅ သို့မဟုတ် မြန်မာငွေကျပ် ၃၇၀၀၀၀၀/- ရလိုမှု စွဲဆိုသည်။ အမှု (၃) မှုစလုံးတွင် အဓိကသက်သာခွင့် တောင်းဆိုခြင်း ခံရသူသင်္ဘောပိုင်ရှင်နှင့်ရေယာဉ်မှူးတို့က ချေလွှာတင်၍ ခုခံခဲ့ကြသဖြင့် အဆိုအချေများအပေါ် အခြေပြု၍ ငြင်းချက်အသီးသီးထုတ်ပေးခဲ့ပြီးနောက် ဤရုံးစီရင်ပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိမရှိနှင့် သက်ဆိုင်သော ငြင်းချက်အမှတ် (၁)ကို ပဏာမငြင်းချက်အဖြစ် ဦးစွာကြားနာရန် သတ်မှတ်ခဲ့သည်။ ယခုအခါ အဆိုပါပဏာမငြင်းချက်အသီးသီးကို နှစ်ဖက်ကြားနာခဲ့ပြီးဖြစ်၍ အမိန့်ချမှတ်ရန်ဖြစ်သည်။

အမှု (၃) မှုစလုံးတွင် ကြားနာခဲ့သည့်ပဏာမငြင်းချက် (ငြင်းချက်အမှတ် မှာ တစ်သဘောတည်းဖြစ်ပြီး အဆုံးအဖြတ် ပြုရမည့် ဥပဒေပြဿနာမှာ တူညီသဖြင့် တစ်ပေါင်းတည်း အမိန့်ချမှတ်သွားမည်ဖြစ်သည်။

တရားလိုများ၏ရှေ့နေအသီးသီးက တရားလိုများ စွဲဆိုတောင်းခံထားသည့်ပစ္စည်းအသီးသီးမှာ MV. AKADEMIK E. PATON သင်္ဘောဖြင့် ပင်လယ်ရေကြောင်းမှ မြန်မာနိုင်ငံ၊ ရန်ကုန်ဆိပ်ကမ်းသို့ သယ်ယူလာသည်မှာ အငြင်းမပွားကြောင်း၊ ယင်းသို့ သယ်ယူလာသည့် ပစ္စည်းများကို သင်္ဘောမှ ချပေးရန် ငြင်းဆန်သဖြင့် တရားစွဲဆိုတောင်းခံမှုသည် ပင်လယ်ရေကြောင်းအမှုတွင် အကျုံးဝင်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ) အရ တရား ရုံးချုပ်တွင် စီရင်ပိုင်ခွင့်ရှိကြောင်း၊ သို့ဖြစ်၍ အမှု (၃) မှုစလုံးမှ ပဏာမ ငြင်းချက်အသီးသီးကို တရားလိုများဘက်သို့ အသာပေးဖြေဆို၍ အမှုများကို ဆက်လက် စစ်ဆေးစေသည့် အမိန့် ချမှတ်ပေးသင့်ကြောင်း အဓိကတင်ပြသည်။

တရားပြိုင် MASTER OF AKADEMIK E. PATON နှင့် WLS (WASAGA LINES SHIPPING ODESSA UKRAINE) တို့၏ ရှေ့နေက အဆိုအချေများတွင် ပေါ်ပေါက်ချက်အရ သင်္ဘောပေါ်မှပစ္စည်းများ ချပေးရန် ငြင်းဆန်ရသည့်အကြောင်းမှာ သင်္ဘောကုန်တင်တန်ဆာလက်မှတ်

၁၉၉၇
နယူးဂိုးဒင်း၊ ရန်ကုန်လီမိတက် နှင့် ကိုယ်စားလှယ် ၅ ဦး

(BILL OF LOADING) များကို စည်းကမ်းနည်းလမ်း လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်မှုမရှိခြင်း၊ တန်ဆာခများအပြည့်အဝ ပေးချေမှု မပြုခြင်းတို့ကြောင့် ရေယာဉ်မှူးနှင့်သင်္ဘောပိုင်ရှင်တို့၏လက်ဝယ်ထားပိုင် ခွင့် (LIEN) အရ ကုန်စည်များကို သင်္ဘောပေါ်မှ ချမပေးဘဲ ထိန်းချုပ် ထားရခြင်းသာ ဖြစ်ကြောင်း၊ တရားလိုများဘက်မှ တင်ပြထားသော သင်္ဘောကုန်တင်တန်ဆာလက်မှတ်များ၏ကျောဘက်ပါ စည်းကမ်းချက် များအရ သင်္ဘောကုန်တင်တန်ဆာလက်မှတ်နှင့် စပ်လျဉ်းသော အငြင်းပွား မှုကို သက်ဆိုင်ရာသင်္ဘောတွင်အလံလွှင့်ထူနိုင်ငံ၏တရားဥပဒေအရသာ အဆုံးအဖြတ်ခံယူရန် သတ်မှတ်ထားသည့်အပြင် သင်္ဘောဖြင့်သယ်ယူလာ သည့်ကုန်စည်များအပေါ် ရေယာဉ်မှူးနှင့်သင်္ဘောပိုင်ရှင်တို့၏ လက်ဝယ်ထား ပိုင်ခွင့် (LIEN) ကိုလည်း အတိအလင်း ဖော်ပြထားပြီးဖြစ်၍ ပင်လယ် ရေကြောင်းအမှုစီရင်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းမရှိသည်မှာ ထင်ရှား ကြောင်း၊ သို့ဖြစ်၍အမှု (၃) မှုစလုံးမှ ပဏာမငြင်းချက်အသီးသီးကို တရားပြိုင်များဘက်သို့ အသာပေးဖြေဆို ဆုံးဖြတ်ပေးသင့်ကြောင်း တင်ပြ လျှောက်ထားသည်။

အမှုအသီးသီးတွင် အငြင်းမပွားထင်ရှားသည့်အချက်မှာ တရားလို အသီးသီးက စွဲဆိုတောင်းခံထားသော သံချောင်းလုံးတုတ်များနှင့် ဘိလပ် မြေအိတ်များကို ပြည်ပပင်လယ်ရေကြောင်းမှ MV: AKADEMIK E. PATONသင်္ဘောဖြင့် တင်ဆောင်လာရာ ကုန်စည် များ ချပေးရမည့်ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီး သင်္ဘောစင်းလုံးငှားသူ၏ကိုယ်စားလှယ် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန) ၏ ကုန်ထုတ် ယူခွင့် အမိန့်ရပြီး ဖြစ်ပါလျက် အဆိုပါသင်္ဘောရေယာဉ်မှူးက ကုန်စည် များကို ချပေးရန် ငြင်းဆန်နေသည်ဆိုခြင်းပင်ဖြစ်သည်။ ပြည်ပမှ ပင်လယ် ရေကြောင်းဖြင့် သယ်ဆောင်လာသော ကုန်စည်များကို သင်္ဘောပေါ်မှ ချပေးရန် ငြင်းဆန်မှုသည် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်မှုဆိုင်ရာ အငြင်းပွားမှုဖြစ်၍ ထိုပစ္စည်းများရရှိရေးနှင့်ထိုက်သင့်သည့်နစ်နာကြေးကို ရရှိရန် တရားစွဲဆိုတောင်းခံမှုမှာ ပင်လယ်ရေကြောင်းမှုတွင် အကျုံးဝင်သည် ဟု ဆိုရမည်ဖြစ်သည်။ သင်္ဘောကုန်တင်တန်ဆာလက်မှတ်စည်းကမ်း နည်းလမ်းလုပ်ထုံးလုပ်နည်းကျနမှုမရှိခြင်း၊ ရေယာဉ်မှူးနှင့်သင်္ဘောပိုင်ရှင် တို့၏လက်ဝယ်ထားပိုင်ခွင့် (LIEN) အရ ကုန်စည်များ ထိန်းချုပ်ထား ပိုင်ခွင့်ရှိခြင်းတို့မှာ အမှုစစ်ဆေးမှသာ ထင်ရှားပေါ်ပေါက်လာမည့်ကိစ္စရပ်များ

၁၉၉၇
နယူးကိုးဒင်း၊
ရန်ကုန်လီမိတက်
နှင့်
ကိုယ်စားလှယ်
၅ ဦး

ဖြစ်သည့်အပြင် တရားလိုများ စွဲဆိုတောင်းခံသော သက်သာခွင့်ကို ပေး သင့်မသင့် စဉ်းစားရာ၌ ချင့်ချိန်ရမည့်အချက်များသာ ဖြစ်၍ စီရင်ပိုင်ခွင့် နှင့် မသက်ဆိုင်ပေ။

ထို့ကြောင့် အမှု (၃) မှုစလုံး၌ ပဏာမငြင်းချက် (ငြင်းချက်အမှတ်-၁) တွင် အသီးသီးကို "ယခုအမှုသည် ဤရုံးတော်၏စီရင်ပိုင်ခွင့်အာဏာ အတွင်း ကျရောက်ခြင်းမရှိဆိုသည်မှာ မမှန်"ဟု ဖြေကြားသည်။

ဤအမိန့်အတွက် စရိတ်ကို နောက်ဆုံးအမှုရှုံးသူက ကျခံစေ။

ရှေ့နေခကျပ် ၂၀၀/- သတ်မှတ်သည်။

# ၁၉၉၇ ခုနှစ် ပြစ်မှု အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ညွှန်းချက် | ၅ | သက်သေခံ ဥပဒေ | သက်သေခံ အက်ဥပဒေ |
| က | ၁၆ | ကင်းလွတ်ရနိုင်သော | ကင်းလွတ်ခွင့် ရနိုင်သော |
| က | – | သတင်းချက် ရေးဖွင့်ပြီး | သတင်းပေးချက် ရေးဖွင့်ပြီး |
| ခ | ၁၇ | ပြဋ္ဌာန်းထားပါသည်။ | ပြဋ္ဌာန်းထားသည်။ |
| ခ | – | စွဲချက်တင်မီ လွှတ်သည့်အမိန့် | စွဲချက် မတင်မီ လွှတ်သည့်အမိန့် |
| ခ | ၁၂ | စကားရပ်များတွင် | စကားရပ်များ၌ |
| ဃ | ၇ | အဖြစ်အပျက် သီးခြား | အဖြစ်အပျက်က သီးခြား |
| င | ၃ | ဆိုင်ရာ၌ | ဆိုရာ၌ |
| င | ၂၀ | တပြိုင်တည်း | တစ်ပြိုင်တည်း |
| င | ၂၄ | တပြိုင်တည်း | တစ်ပြိုင်တည်း |
| င | ၂၈ | တစ်ခုပြီးမှတစ်ခု | တစ်ပြိုင်တည်း |
| စ | ၂ | တပြိုင်တည်း | တစ်ပြိုင်တည်း |
| စ | ၂၂ | စွဲချက်တင်မီ | စွဲချက် မတင်မီ |
| ဆ | ၁၇ | ၂၆ Cr. L Jour | ၂၆ Cr. L J |
| ဈ | ၁၀ | ၉၄၇ ခုနှစ် | ၁၉၄၇ ခုနှစ် |
| ည | ၁၉ | ပုဒ်မ ၂ (က) | ပုဒ်မ ၂ (ဏ) |
| ၃၃ | ၁၂ | ထုတ်ထားသော | ထုပ်ထားသော |
| ၃၇ | ၁၁ | ကင်းလွတ် ရနိုင်သော | ကင်းလွတ်ခွင့် ရနိုင်သော |
| ၃၈ | ၁၈ | ၁၁၅ (ခ) ၉၅ | ၁၁၅ (ခ)/၉၅ |
| ၃၉ | ၂၉ | သုံးသပ်ကြောင်း | သုံးသပ်သင့်ကြောင်း |
| ၄၁ | ၂၂ | ရိပ်မိသေးဘဲ | မရိပ်မိသေးဘဲ |
| ၄၃ | ၁၄ | စီရင်ခံသူ | စီရင်ခံရသူ |
| ၄၄ | ၁ | တပြိုင်တည်း | တစ်ပြိုင်တည်း |
| ၄၄ | ၈ | တပြိုင်တည်း | တစ်ပြိုင်တည်း |
| ၄၄ | ၁၂ | တပြိုင်တည်း | တစ်ပြိုင်တည်း |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၄ | ၂၃ | လုံခြုံရေးတစ်ခု | လုံခြုံရေးတပ်စု |
| ၄၅ | ၂၃ | တစ်ခ | တပ်စု |
| ၄၇ | ၂၇ | ဆင်ချင်တုံ | ဆင်ခြင်တုံ |
| ၄၈ | ၉ | တပြိုင်တည်း | တစ်ပြိုင့်တည်း |
| ၄၉ | ၂၃ | ထပ်ရိုက်သော | တပ်ရိုက်သော |
| ၅၁ | ၂၄ | ပုဒ်မ ၁၄ (ဃ) ဖြစ် | ပုဒ်မ ၁၄ (ဃ) ဖြင့် |
| ၅၄ | ၅ | ပုဒ်မ ၂ (က) | ပုဒ်မ ၂ (ဏ) |
| ၅၄ | ၁၄ | ပုဒ်မ ၉ (ခ) | ပုဒ်မ ၆ (ခ) |
| ၅၈ | – | ယခင် ချမှတ်ခဲ့သည် | ယခင် ချမှတ်ခဲ့သည့် |
| ၈၅ | ၁၀ | ဆက်ခုတ်ခြင်းကြောင်း | ဆက်ခုတ်ခြင်းကြောင့် |
| ၈၈ | ၂၁ | ဆေးစား | ဆေးစာ |
| ၈၉ | ၇ | ဦးလှကျော် ဆကခ်တ် | ဦးလှကျော်ကို ဆက်ခုတ် |
| ၈၉ | ၂၇ | ဆင်းခုတ် | ဆက်ခုတ် |
| ၉၀ | – | တစ်ဆက်စပ်တည်း | တစ်ဆက်တစ်စပ်တည်း |
| ၉၄ | ၄–၁၆ | မှိုင်းရှူး | မှိုင်းရှူး |
| ၉၅ | ၁၃ | လွှမ်းမိုး | လွှမ်းမိုး |
| ၉၆ | ၆–၁၃–၁၅ | မိုင်းရှူး | မှိုင်းရှူး |
| | – | | |
| | – | | |

# ၁၉၉၇ ခုနှစ် တရားမမှု အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| စီရင်ထုံး | | | |
| ပြုသော | ၄ | MASTER OF | MASTER OF |
| | | MYAKADEMIK | MV AKADEMIK |
| ॥ | ၅ | E. PMON. | E. PATON. |
| ॥ | ၉ | MVAKADEMIK | MV AKADEMIK |
| | | E. PATON | E. PATON. |
| (ခ) | ၂ | ၁၂ (၁) (က) ဒုတိယပိုင်း | ၁၂ (၁) (က) (ဒုတိယပိုင်း) |
| (ဃ) | ၂၃ | ကာလစည်းကမ်း အက်ဥပဒေ | ကာလစည်းကမ်းသတ်အက်ဥပဒေ |
| (င) | ၁ | ဦးကျော်ဇော် ပါ-၂ | ဦးကျော်ဇော ပါ-၂ |
| (ဈ) | ၂ | အမိန့် ၄၇ | အမိန့် ၄၁ |
| (ဠ) | ၆ | အဒေအိုင်အာ ပီစီ ၂၉ | အဒေအိုင်အာ ၁၉၄၃ ပီစီ ၂၉ |
| (ဍ) | ၆ | တရားရုံးထံမှ | တရားရုံးထံမှ |
| (ဍ) | ၂ | ကြော်ငြာ မဟုတ်မီ | ကြော်ငြာ မထုတ်မီ |
| (တ) | ၆ | ပိုရနိုင် | ကို ရနိုင် |
| (ထ) | ၄ | ကျော်လွန်ခဲ့သော | ကျော်လွန်ခဲ့သော် |
| (ဒ) | ၂ | ပေးဆပ်စေလို | ပေးအပ်စေလို |
| (ဓ) | ၃ | မောင်ငွေဂန် | မောင်ရွှေဂန် |
| (န) | ၄ | မောင်ရွှေဂန်မှု | မောင်ရွှေဂန်အမှု |
| (ဖ) | ၁၄ | ဒေါ်ကြူကြူသင်း | ဒေါ်ကြူကြူလင်း |
| (ဘ) | ၃ | လျှောက်ထားလိုသည် | လျှောက်ထားရန် လိုသည် |
| (မ) | ၂ | ပုဒ်မ ၁၂ (၁) (ခ) | ပုဒ်မ ၁၂ (၁) (စ) |
| (ယ) | ၃ | နေထိုင်လျက်ရှိခြင်း | နေထိုင်လျက် ရှိခြင်းကြောင့် |
| (ယ) | ၂ | စီရင်ခံရခြင်းသည် | စီရင်ရခြင်းမှာ |
| (ရ) | ၁ | ၁၉၆၁ ခုနှစ် | ၁၉၆၃ ခုနှစ် |
| (ရ) | ၄ | တည်ရှိရမြေ | တည်ရှိရာမြေ |
| ၆ | ၅ | နေထိုင်လျက်ရှိခြင်း | နေထိုင်လျက် ရှိခြင်းကြောင့် |
| ၁၂ | ၁ | ဦးကျော်ဇော် | ဦးကျော်ဇော |
| ၁၄ | ၄ | ဦးကျော်ဇော် | ဦးကျော်ဇော |
| ၁၉ | ၁ | ဦးအဒုဆိုလ် ပါ-၃ နှင့် ဦးအဒု | ဦးအဒူဆိုလ်း ပါ-၃ နှင့် ဦးအဒူ |
| ၂၃ | ၇ | ဖွဲ့ဆိုသည့် | စွဲဆိုသည့် |
| ၂၆ | ၁ | ဒေါ်အောင်စောနတို့အပေါ် | ဒေါ်အောင်စောနတို့က |
| ၃၁ | ၄ | ယူဆလျှက်၊ မပိုင်မှန်းသိလျှက် | ယူဆလျက်၊ မပိုင်မှန်းသိလျက် |
| ၃၂ | ၅ | ထပ်မံ ရယူရာတွင် | ထပ်မံ ရယူရာမှ |
| ၃၄ | ၇ | မှားယွင်း ယူဆလျှက် | မှားယွင်း ယူဆလျက် |
| ၄၅ | ၅ | (၁) (ဂ) ဒုတိယပိုင်း | (၁) (ဂ) (ဒုတိယပိုင်း) |
| ၄၅ | ၁၂ | ၁၂ (၁) (ဂ) ဒုတိယပိုင်း | ၁၂ (၁) (က) (ဒုတိယပိုင်း) |
| ၄၈ | ၄ | ၁၂ (၁) (က) ဒုတိယပိုင်း | ၁၂ (၁) (က) (ဒုတိယပိုင်း) |
| ၅၉ | ၁၇ | အက်ဥပဒေပုဒ် ၁၅ | အက်ဥပဒေပုဒ်မ ၁၅ |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆၃ | ၃ | အမိန့် ၄၇ | အမိန့် ၄၁ |
| ၆၄ | ၁၁ | ဝေဘန် | ဝေဖန် |
| ၆၆ | ၂၅ | တဘတ်သတ် | တစ်ဖက်သတ် |
| ၆၇ | ၆ | ဝေဘန် | ဝေဖန် |
| ၇၂ | ၃ | ကာလတန်ဘိုးတွင် | ကာလတန်ဖိုးကျပ် |
| ၇၆ | ၂ | (၁) (က) ဒုတိယပိုင်း | (၁) (က) (ဒုတိယပိုင်း) |
| ၇၈ | ၅ | ချုံပစ်ခြင်း | ချုံ့ပစ်ခြင်း |
| ၈၀ | ၁၉ | စွဲဆိုသော အမှုမှာ | စွဲဆိုသော အမှုသည် |
| ၈၄ | ၃ | ချုံပစ်ခြင်း | ချုံ့ပစ်ခြင်း |
| ၈၇ | ၂၁၊ ၂၇ | မြွက်ဟ ကြေငြာ | မြွက်ဟ ကြေညာ |
| ၈၈ | ၂ | ကြေငြာ | ကြေညာ |
| ၈၉ | ၂၅၊ ၂၆ | မြွက်ဟ ကြေငြာ | မြွက်ဟ ကြေညာ |
| ၉၄ | ၃ | သုံးသပ်မှု ပြင်ဆင်မှု၊ | သုံးသပ်မှု၊ ပြင်ဆင်မှု |
| ၉၄ | ၁၃ | ဆုံးဖြတ်ချက် | ဆုံးဖြတ်ချက်သည် |
| ၉၇ | ၁ | တရားမအထူး အယူခံမှု | တရားမအထွေထွေ အယူခံမှု |
| ၁၀၀ | ၂ | တိုင်တန်းသူသည် | တိုင်တန်းမှုသည် |
| ၁၀၈ | ၃ | မွေးစားခြင်းမှ | မွေးစားခြင်းမှာ |
| ၁၁၀ | ၄ | သော်လည်းကောင်း | သော်လည်းကောင်း၊ |
| ၁၁၀ | ၆ | သိရှိနိုင်ရန် ရှုပ်ထွေးသည့် | သိရှိနိုင်ရန်နှင့် ရှုပ်ထွေးသည့် |
| ၁၁၀ | ၉ | လျုပ်ပေါ် လော်မာမှု | လျှပ်ပေါ် လော်မာမှု |
| ၁၁၂ | ၄ | ဆောလျှင်စွာ | ဆောလျင်စွာ |
| ၁၁၄ | ၂ | စီရင်ခံရခြင်းသည် | စီရင်ခံရခြင်းမှာ |
| ၁၁၆ | ၃ | ပြင်ဆင်ခြင်းဖြစ်ကြောင်း | ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ |
| ၁၂၀ | ၂ | ရခြင်းသည် | ရခြင်းမှာ |
| ၁၂၀ | ၂ | ကြားနာလျှက် | ကြားနာလျက် |
| ၁၂၃ | ၂ | တပါတည်း | တစ်ပါတည်း |
| ၁၂၉ | ၆ | အေအိုင်အာ ပီစီ ၂၉ | အေအိုင်အာ ၁၉၄၃ ပီစီ ၂၉ |
| ၁၃၀ | ၁ | တစ်ဦးဦးကဖြစ်စေ | တစ်ဦးဦးကဖြစ်စေ၊ |
| ၁၃၀ | ၃ | ရာတွင်လည်းကောင်း | ရာတွင်လည်းကောင်း၊ |
| ၁၃၂ | ၅ | အေအိုင်အာ ပီစီ ၂၉ | အေအိုင်အာ ၁၉၄၃ ပီစီ ၂၉ |
| ၁၃၆ | ၃ | နေထိုင်ခဲ့ကြသူများဖြစ်ကြောင်း | နေထိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ |
| ၁၄၁ | ၁ | အရောင်းအဝယ် | "အရောင်းအဝယ် |
| ၁၄၁ | ၅ | အဓိက ဖြစ်သည်ဟု | အဓိကဖြစ်သည်"ဟု |
| ၁၄၃ | ၆ | ငြင်းဆန်ခဲ့ကြောင်း | ငြင်းဆန်ခဲ့ကြောင်း၊ |
| ၁၄၃ | ၇ | အလျဉ်းမရှိကြောင်း | အလျဉ်းမရှိကြောင်း၊ |
| ၁၄၄ | ၁၃–၂၈ | ဘိုးဘာပိုင်မြေ | ဘိုးဘွားပိုင်မြေ |
| ၁၄၆ | ၅ | လိပ်ခဲတင်းတင်း | လိပ်ခဲတည်းလည်း |
| ၁၄၈ | ၁ | နည်း ၂၇ | နည်း ၂၇ – |
| ၁၅၃ | ၂ | အမှတ်မှာ | အမှတ်–၁) မှာ |
| ၁၅၄ | ၁ | (BILL OF LOADING) | (BILL OF LADING) |